


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- ဒကာလည်းပျောက် ရွာလည်းပျောက်တဲ့. . . . . ... ကျော်လင်း(မြစ်ခြေ) ၅
- ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီ. . . . . ... မင်းထက်ကျော် ၆
- ဆွမ်းဦးပုညရှင်စေတီတော် ... ချစ်မင်းသူ ၁၉
- ဇန္ဒုလစေတီတော်သို့ ... မင်းနေထွန်း(တန့်ဆည်) ၆၉
- ရခိုင်ပြည်နယ် ဝွမြို့နယ်အတွင်းရှိ. . . . . ... မင်းတိုင်ပင်(မြေရောင်မြေ) ၈၂
- မဟာပြည်လုံးချမ်းသာစေတီတော် ... ခင်မောင်အေး(မန္တလေး) ၁၃၆


## ဘာသာရေးသုတ/ရသဆောင်းပါး


- မြတောင်သူဌေးမင်းဦးစီ ... မဟာစရိယဦးဌေးလှိုင် ၁၀
- အသေမြတ်ချင်သေနည်းသင် ... မေတ္တာရှင်(ရွှေပြည်သာ) ၂၀
- ဘုန်းတော်ကြီးဦးသီလ ... သာစည်အောင်တင် ၃၃
- ကြည်လင်သောစိတ် ... မောင်မိုးဦး ၄၄
- နေ့မှာမျက်လုံးတော်ပွင့်ပြီး ညမှာပိတ်သွားတဲ့. . . . . ... သတိုးမြို့ ၇၇
- သီလအကြောင်း သိကောင်းစရာ ... မင်းဇေမြင့်(မုဒုံ) ၈၈
- ကျိုက်ထီးဆောင်းဆရာတော်ဘုရားနှင့်. . . . . ... မြမဥ္စူဝေ(ကျုံမငေး) ၉၅
- တစ်ချက်ခုတ်သုံးလေးချက်ပြတ်စေသော် ... မောင်ယဉ်လှိုင်း(တသံတ) ၁၀၀
- ရွှေတောင်ချမ်းသာကြီး ဆရာတော်နှင့်. . . . . ... ဦးကျော်(ပြည်) ၁၀၂


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- မြတ်စွာဘုရားပေးသော သက်တော်မြဲဂါထာ ... သိမ်သူ ၁၇
- မမေ့သင့်သော ဗုဒ္ဓဖြစ်စဉ်ဘုရားရှိခိုး ... နန္ဒအောင်(စစ်ကိုင်း) ၄၅
- ဝိဇ္ဇာဘာဂီတွင် အဓိဋ္ဌာန်ဝင် ... ဦးအောင်မြိုင် ၄၄
- မဟာကပ္ပိနသစ္စာသုံးဂါထာ ... ကိုရွှေမြသန်း(သမိုင်း) ၄၆
- ပဌာန်းစေတီ အဓိဋ္ဌာန်ကျင့်စဉ် ... သက်နှင်းဆွေ(ပုပ္ပါး) ၅၉
- အတိုက်အခိုက် အပြိုင်အဆိုင် ... မိုးဟိန်းကျော်(လပွတ္တာ) ၁၀၇
- အကြံအစည်နဲ့သွားမယ် ပြောမယ်ဆိုရင်. . . . . ... ဆရာမင်းသုခြ ၁၁၈
- မကောင်းသောအိပ်မက် ပပျောက်စေသော. . . . . ... ပေါ်လွင်ဦး(ရေး) ၁၉၆


## တိုင်းရင်းဆေး


- မီးဖိုချောင်းအတွင်းက. . . . . ... သျှင်ထွေး(သန်လျှင်) ၂၀၅
- ခါးနာနေသူများအတွက်. . . . . ... မောင်ဝေအေး ၂၁၀
- အဆစ်နာနှင့် လေငန်းရောဂါအတွက် ... မိုးဟိန်းကျော်(လပွတ္တာ) ၂၄၀
- အသည်းကြီးရောဂါပျောက်တင်းချမ်းသာစေနိုင်သော ... အေးရွှေ(ဇီးကုန်း) ၂၆၀
- ဒန္တသုခပင် ... ကျော်တင့်ရွှေ ၂၈၂


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဖုဒ္ဓဝင်ရသ


| | | | |
|---|---|---|---|
| - ကာဠီအမျိုးသမီး | ... | ပဥ္စသီ | ၃၃ |
| - ပိတုယာတက အဖာတသတ် | ... | အောင်ဟိဏ်း(ကျိုက်ထော်) | ၃၆ |
| - မင်းဘေး မီးဘေး ကင်းလွတ်ချမ်းသာခဲ့ရသော. . | ... | ကိုမောင်သန်းဝင်း | ၆၄ |
| - သတ္တမအကြိမ်အောင်ပွဲ | ... | ဇွဲလုလင်(မအူပင်) | ၉၂ |


## အထွေထွေသုတ၊ ရသဆောင်းပါး

BURMESE CLASSIC .com



| | | | |
|---|---|---|---|
| - မင်းကွန်းဆရာတော်ကြီး၏. . . . . | ... | ဓမ္မလုလင် | ၉၀ |
| - စံချိန်ကိုက်အောင်စားနည်း | ... | ရွှေဥဒေါင်း | ၁၂၆ |
| - ဘိုးဘွားရိပ်သာမလိုသော. . . . . | ... | ဗေဒသုတေသီဆရာမျိုး | ၁၃၀ |
| - ဆိုနီယာမဟုတ်သည့် မြန်ပြည်ဖွား. . . . . | ... | ဦးဇေယျာကို | ၁၄၀ |
| - ကံကောင်းစေမည့် အကြံပြုစာမျက်နှာ | ... | ဓေတ္တရာဆရာကျော် | ၁၅၆ |
| - စာအုပ်စင် | ... | သုတအံ့ | ၁၈၁ |
| - ညောင်ကန်သာသနာနှင့်. . . . . | ... | ခင်ခင်လှ(အင်းစိန်) | ၁၈၃ |
| - ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ | ... | ကိုအေးမြင့်(ရှေး/သု) | ၁၉၉ |
| - မှိုအကြောင်းသိကောင်းစရာ | ... | ပန်းမြိုင်လယ်စိန်ဝင်း | ၂၂၄ |
| - ထူးဆန်းထွေလာ၍ကမ္ဘာ | ... | မောင်လင်းအောင် | ၂၄၅ |


## ဂန္ထဝင်ရဆန်းကြယ်ဝတ္ထုများ


| | | | |
|---|---|---|---|
| - အကြွေစော၍ နှမြောမိသော်လည်း | ... | စိုးပြုံးအောင် | ၇၈ |
| - အရေခွံ | ... | တွင်းကြီးသားတင်ဝင်းဦး | ၁၀၆ |
| - ဝက်ထိုးသမား | ... | ဖိုးကျော့ | ၁၂၂ |
| - အမှောင်ည | ... | ဘသက်ဆွေ | ၁၄၆ |
| - သိုက်ဆက်လူဝင်စား | ... | ကိုသက်ရှည် | ၁၅၀ |
| - ချစ်မိပြီဆိုမှဖြင့်. . . . . | ... | သုခ | ၁၆၀ |
| - အရိပ်မထွက်တဲ့မိန်းကလေး | ... | ရီရီငွေ | ၁၇၆ |
| - သရဏဂုံအစွမ်းနဲ့ အောင်ပန်းပြန်လာပြီ | ... | ကောင်းသော် | ၁၉၀ |
| - မြစ်ကမ်းနဘေးမှ တိုက်ပုတစ်လုံး | ... | မြသိန်း | ၂၀၆ |
| - ခရီးသွားဝိညာဉ် | ... | ကျော်မင်းညွှန့်(လှည်းကူး) | ၂၂၀ |
| - မှော်ဝင်နေတဲ့ကဝေချပ် | ... | တင်မောင်မောင်(ပေါက်တုန်း) | ၂၃၄ |
| - ဝဋ်ကြွေးတုံ့တင် | ... | မြတ်လင်းသူ(ပခုက္ကူ) | ၂၄၉ |
| - ကြိုးမဲ့စွန် | ... | ဇလွန်ကျော်ဦး | ၂၆၃ |
| - အမှတ်ရဒေးစွန်ပါ | ... | အောင်ငြိမ်းလှိုင်(ဥက္ကလာ) | ၂၇၁ |
| - အစွမ်းထက်သော ဆင်မာန်စွယ် | ... | တင့်ထူး(ဇေယျဝတီ) | ၂၇၇ |
| - အလောင်းအစားနှင့်ကျား | ... | မောင်မြထွေး(ပင်လယ်) | ၂၈၆ |
| - အမှတ်တစ်ညတာ | ... | သိဏ်းသန်းအောင်(မြင်းခြံ) | ၂၉၁ |
| - မောင်ယာမိုးနှင့်ဂမ္ဘီရမှော် | ... | ပန်းတနော်နောင်လတ် | ၂၉၈ |









www.burmeseclassic.com

www.burmeseclassic.com

# ပဉ္စဂူထံ အပ်ဝ နဿမိ


**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)

**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်

**တွန်ပျှတာစာစီ**
စန်းစန်းထွေး၊ A7 Group

**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး

**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကျူ၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- အိမ်ထောင်ဖက် အကောင်းအဆိုးတွက်ကိန်း ... မင်းကြည်ဖြူ ၁၄၄
- ချက်ခြင်းအကျိုးပေးမြန်သော ဓာတ်ရိုက်နည်း ... ကျော်သန်းစံ ၁၅၄
- ဝဏ္ဏရကျီးပေါင်းနဝင်းပုတီးအဆောင်ကောင်း ... ဘုန်းပြည့်လျှံဝေ ၁၇၁
- စမတစ်ထောင် ဆရာတော်နှင့်..... ... ဂမ္ဘီရဆရာလှမျိုး ၂၁၂
- ဇော်ဂျီ စီးကွက် စီးပွားတက် ... မင်းထက်ကျော်(B.Sc) ၂၆၉
- သဘောတက်ဖို့ ခက်နေလျှင် ... သုတေသီဆရာငြိမ်း ၂၈၄
- အစွမ်းထက်တဲ့ ထန်းလျက်ယတြာ ... အင်္ဂဝိဇ္ဇာဆရာအောင် ၂၇၉


## အသုံးချပညာရပ်များ


- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၁၉
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၆၂
- ၂၀၁၃၊ အောက်တိုဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား... တက္ကသိုလ်စိုးမိုးနိုင် [illegible]
- ၂၀၁၃၊ အောက်တိုဘာလ၊ တောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို [illegible]
- ၂၀၁၃၊ အောက်တိုဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကူ၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းခေါင်
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... [illegible]


www.burmeseclassic.com


www.burmeseclassic.com



ကျိုက်ထီးဆောင်းသာသနာ့နယ်မြေရှိ ဂဝံရုပ်ပွားတော်
မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com




မြစ်ခြေ ထနောင်းကုန်းရပ်
သီလရှင်ကျောင်းဟောင်းအတွင်းရှိရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com



# ဒကာလည်း ပျောက်၊ ရွာလည်း ပျောက်တဲ့ လင်းပင်ဘုရားကြီး

BURMESE CLASSIC .com

■ ကျော်လင်း (မြစ်ခြေ)

"ရွှေအမြုတေ" မဂ္ဂဇင်းစာအုပ် နှစ်အုပ်ထဲတွင် ရတနာနတ်မယ်အကြောင်းကို ဖတ်လိုက်ရပါသည်။ ရတနာနတ်မယ်မှာ လင်းပင်မင်းသားကြီး၏ သမီးတော်မှ မွေးဖွားသော မြေးတော်ဟု သိရသည်။ ထိုသို့ သိရသည့်အတွက် စာရေးသူတို့မြို့ကလေးနီးမှ လင်းပင်ရွာကြီးနှင့် လင်းပင်ဘုရားကြီးအကြောင်းကို တွေးမိပြီး စိတ်မကောင်းဖြစ်မိပါသည်။


လင်းပင်ရွာမှာ စာရေးသူတို့မြို့မှ ပခုက္ကူသို့ သွားသည့် ကားလမ်းဟောင်း၏ ညာဘက်ဘေး ၂မိုင်အကျော်တွင် ရှိသည်။ လင်းပင်၏ အရှေ့ဘက်တွင် ထန်းတောင်ခြေတစ်ရွာရှိပြီး အနောက်ဘက်တွင် တန်းဇင်(ယခု သဇင်)၊ မုံ့တုန်း၊ ပန်းချီစု စသည့်ရွာများ ရှိသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ လင်းပင်မှာ စည်ကားသည့်ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ မည်မျှလောက် စည်ကားသနည်းဆိုသော် လင်းပင်ဈေးမှာ ယခု သဇင်ရပ်ရှိ ဈေးကျောင်းနေရာထိ ရှိခဲ့ကြောင်း၊ ထို့ကြောင့် လင်းပင်နှင့် မြစ်ခြေမှာ တစ်ဆက်တည်းနီးပါးမျှ ရှိခဲ့ကြောင်း တစ်ဆင့်စကား တစ်ဆင့်နား ကြားဖူးပါသည်။ မြစ်ခြေမှာ ထိုစဉ်က လင်းပင်မင်းသားနှင့် ဖအေတူ မအေကွဲ မောင်နှမတော်စပ်သည့် ထိပ်ခေါင်တင်အိုမင်းသမီး စားရသည့်နယ်ဖြစ်သည်။ ထိပ်ခေါင်တင်အိုမှာ အိမ်ရှေ့စံ ကနောင်မင်းနှင့် မိဖုရားခင်ဖြူတို့မှ ဖွားမြင်သော သမီးတော်ဖြစ်သည်။

ယခုအခါ လင်းပင်ရွာဟောင်းမှာ ပခုက္ကူမြစ်ခြေကားလမ်းအသစ်မှ တောင်ဘက် ၁မိုင်ကျော်အကွာခန့်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါသည်။ လမ်းမမှ တန်းတောချောက်၊ အင်းပိုင်းရွာများသို့ သွားသည့် ကျောက်လမ်းမအတိုင်းသွားပါက အလွယ်တကူ ရောက်ရှိနိုင်သော်လည်း လင်းပင်ရွာမှာ မရှိတော့ပါ။ လင်းပင်နှင့် ကပ်လျက် မြောက်ဘက်တွင် ဖက်ပင်ဆိုသည့် ရွာတစ်ရွာရှိခဲ့ပါသည်။ လွန်ခဲ့သည့် နှစ် ၂၀ကျော်လောက်က ညကြီးအချိန်မတော်တွင် မထင်မှတ်သည့် ချောင်းရေများ အကြီးအကျယ် ကျဆင်းလာသည့်အတွက် ရွာပျက်သွားခဲ့ပါသည်။ အဆိုပါ ဖက်ပင်ရွာ ပျက်သွားသည့်အတွက် ၎င်းရွာအား တန်းစဉ့်ရွာမြောက်ဘက်သို့ ပြောင်းရွှေ့ထားရပါသည်။ လင်းပင်မှာ ထိုဖက်ပင်ရွာ မပျက်မီကပင် ပျက်သုဉ်းပြီးဖြစ်နေပါသည်။

ကုန်းဘောင်ဆက် ဒုတိယနောက်ဆုံးဖြစ်သည့် ပထမ ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းတွင် မိဖုရားကြီးငယ် ၅၀ ကျော်ရှိသည့်အနက် ကိုယ်လုပ်တော် ခင်ဖော့မှ သက္ကရာဇ် ၁၂၂၀ ခုတွင် သားတော်တစ်ပါးဖွားမြင်ခဲ့ရာ နောင်တွင် လင်းပင်ကို စားရသော လင်းပင်မင်းသား ဖြစ်လာပါသည်။


လင်းပင်မင်းသား၏ အဆက်အနွယ်များအနေဖြင့် စာရေးသူ သိသမျှ ကြားဖူးသမျှ ထင်ရှားသူတို့မှာ လင်းပင်မင်းသားကြီး၏ မြေးတော် ရတနာနတ်မယ်နှင့် ဝိတာလင်းပင် စသူတို့ပင်။ ၎င်းအပြင် လင်းပင်မင်းသား၏ မိထွေးတော် ခင်ကျော့၏ မြစ်တော် စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်) တို့ ရှိကြသည်ကို သိရှိရပါသည်။ စာရေးသူ မသိသော အခြားသူများလည်း ရှိနိုင်ပါသည်။

လင်းပင်မင်းသားကြီး အပိုင်စားရသည့် ထိုလင်းပင်ရွာကြီးမှာ ယခုအခါ ရွာနေမှုသာ ရှိပါတော့သည်။ သခီရ သဘောအရ ရွာပင် ပျက်သွားသော်လည်း ထိုရွာပျက်နေရာတွင် ဘုရားစေတီတစ်ဆူနှင့် စေတီပျက်အောက်ခံ အင်တောပင် မဖွက်ရသေးသော စေတီအဆင့် မကျန်တော့သည့် အုတ်ခုံပျက်တစ်ဆူတို့ ရှိနေပါသည်။ ထိုအုတ်ခုံမှာ မူလက စေတီဖြစ်သော်လည်း ပြိုပျက်သွား၍သော် လည်းကောင်း။ သို့မဟုတ် အစကတည်းကပင် အပြီးသတ်မသွားနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ယခု လင်းပင်ရွာပျက်တွင် ကုလားကျောင်းခံ တင့်တယ်သပ္ပာယ်သော စေတီတစ်ဆူရှိနေပါသည်။ စေတီတော်ကို ဖူးမြော်ရသည်မှာ ကြည်နူးဖွယ်ရာ ကောင်းရမည့်အစား ကြေကွဲစရာကဲ့သို့ ခံစားရပါသည်။ သံဝေဂလည်း ရမိပါသည်။

စေတီတော်မှာ ဉာဏ်တော် ပေ ၅၀-၆၀ခန့်မျှ ရှိပါမည်။ မုခ်ပေါက် သုံးပေါက်ပါရှိသည့် ကုလားကျောင်းခံ



www.burmeseclassic.com



စေတီတော်ဖြစ်ပြီး လိုဏ်အတွင်းဝယ် ပလ္လင်သာ ရှိပါတော့သည်။ ရုပ်ပွားတော် မရှိတော့ပါ။ လင်းပင်ဘုရားမှာ လည်းကောင်း၊ ယခင်က ရှိခဲ့သည့် လင်းပင် ဘုန်းကြီးကျောင်းဟောင်းမှ လည်းကောင်း၊ ဖြစ်နိုင်ခြေရှိသည့် ရုပ်ပွားတော်တစ်ဆူကို မြစ်ခြေ ထနောင်းကုန်းရပ်ရှိ မြစ်ခြေ၏ မူလသီလရှင်ကျောင်းဟောင်းသို့ ပင့်၍ ကိန်းဝပ်စံပယ်တော်မူစေသည်ဟုလည်း သိရပါသည်။ ရုပ်ပွားတော်၏ ပုံစံတော်တို့မှာ ညောင်ဦး ရွှေစည်းခုံဘုရား ကြေးကူတိုက်များအတွင်းရှိ ရုပ်ပွားတော်များ၏ ပုံစံတော်နှင့် တူလှသည်ဟု ပြောရပါမည်။ ထိုရုပ်ပွားတော်နှင့် အလွန်ဆင်တူသည့် ဘုရားတစ်ဆူ မြစ်ခြေ လေးဆောင်မြောက်ကျောင်း ရပ်တော်မူ တန်ဆောင်းရှိ ရုပ်ပွားတော်ပုံစံနှင့် တူလှပါသည်။

လင်းပင်ဘုရားကြီးမှာ အောက်ပိုင်းတွင် လေးထောင့်ကျသည့် ကုလားကျောင်းဖြစ်ပြီး ကုလားကျောင်းအပေါ်တွင် ပစ္စယာ သုံးဆင့်နှင့် အရပ်လေးမျက်နှာတို့တွင် အဆင့်လိုက် မုခ်တံကဲ နှစ်ဆင့်စီဖြင့် တန်ဆာဆင်ထားပါသည်။ ပစ္စယာ၏ ထောင့်များတွင် ပထမနှင့် ဒုတိယ ပစ္စယာတို့၌ ပန်းစိုက်အိုးတို့ ရှိကြပြီး၊ အထက် တတိယ ပစ္စယာ၏ ထောင့်များတွင်မူ စေတီရန်ငယ် လေးဆူတို့ တည်ရှိကြပါသည်။ တတိယ ပစ္စယာ၏ အထက်တွင် ရှစ်မြှောင်၊ ကြေးဝိုင်း၊ ခေါင်းလောင်းမှောက်၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာလန်၊ ကြာမှောက်၊ ငှက်ပျောဖူး စသဖြင့် စေတီတော်တို့၏ တည်ဆောက်ပုံအတိုင်း အချိုးကျနစွာ တည်ထားပါသည်။ ဒေသရှိ အခြားဘုရားများနှင့် မတူသည့်အချက်မှာ ခေါင်းလောင်းမှောက်အောက် ကြေးဝိုင်းမှာ သာမန်ရိုးရိုးအဝိုင်း မဟုတ်မူဘဲ၊ လုပသည့် ကြာလှန် သုံးထပ်ဖြင့် ခံထားပါသည်။ ဤကဲ့သို့ ကြာလန်များဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်တွင် ထင်ထင်ရှားရှားရှိလှသည့် ဘုရားမှာ သဃ်န်းကျွန်းရှိ ကျိုက္ကဆံဘုရားပင်ဖြစ်သည်။ သို့ရာတွင် အသွင်သဏ္ဌာန်အားဖြင့် ဆင်တူကြသော်လည်း လင်းပင်ဘုရားမှာ ကျိုက္ကဆံဘုရားလောက် ထုထည် မကြီးမားသည့်အတွက် လင်းပင်ဘုရားကြီး၏ ကြာလန်ကြေးဝိုင်းတို့မှာ သေးငယ်ပြီး ကျိုက္ကဆံဘုရားမှာလောက် မထင်ရှားလှပါ။ စေတီတစ်ဆူလုံးကို ခြုံ၍ ကြည့်ပါက တင့်တယ်သပ္ပာယ်လှပါသည်။

ထိုဘုရားကြီးကို လင်းပင် မင်းသားကြီးကပင် တည်ခဲ့လေသလော။ သို့တည်းမဟုတ်၊ လင်းပင်မင်းသားမတိုင်မီကပင် အခြား ဘုရားဒါယကာတစ်ဦးဦးကပင် တည်ထားခဲ့လေသလော ဆိုသည်ကို မည်သူမှ မပြောနိုင်ကြပါ။ လင်းပင်မင်းသားကြီး (သို့မဟုတ်) လင်းပင်မင်းသားကြီး၏ အနွယ်တော်တစ်ဦးဦး (သို့မဟုတ်) အခြား တစ်ဦးဦးကပင် တည်ထားခဲ့သည် ဖြစ်စေကာမူ၊ ယခုအခါ ဘုရားကြီးမှာ ဒကာလည်း ပျောက်နေသလို၊ သီတင်းသုံးရာရွာမှာလည်း ပျောက်နေပြီဖြစ်သဖြင့် ညှိုးငယ်စွာ သီတင်းသုံးနေရပါသည်။ စာရေးသူ သွားရောက်ဖူးမြော် လေ့လာစဉ်က ထုံးသက်န်းပင် ဖြူဖြူဖွေးဖွေးမရှိလှပါ။ ကြေကွဲဝမ်းနည်းစရာပါပင်။

* * *

ကျော်လင်း(မြစ်ခြေ)

ကျမ်းကိုး

- မောင်သန်းဆွေ(ထားဝယ်)၏ သင်းကွဲငှက်လင်းပင်။

www.burmeseclassic.com

မဟာသုတဘောဂဘွဲ့ခံ

# မြစ်တောင်သုဓမ္မမင်း ဦးစိ

ဓမ္မာစရိယ ဦးဒွေးလှိုင်




www.burmeseclassic.com

www.burmeseclassic.com



မြတောင်မြို့ ဖောင်တော်ဦးစေတီတော်၏ ရင်ပြင်၌ ကျောက်စာနှစ်ချပ် စိုက်ထူလျက်ရှိ၏။ အရှေ့ဘက် ကျောက်စာမှာ ဘုရားဒါယကာကြီး သူဌေးမင်း ဦးစီ၏ ကုသိုလ်တော် ကျောက်စာဖြစ်ပါသည်။ ထိုကျောက်စာ၌···

"မြတောင်မြို့ရပ်ဌာနတွင် ပဥ္စင်္ဂအင်္ဂါကျင့်ဝသီဘာဂကို၊ ခါနိစ္စမရှေ့ စာရိတ္တအလေ့ဖြင့်၊ တစ်နေ့မပြတ်၊ သူတော်မြတ်တို့၊ ကွပ်ညှပ်ဆုံးမ၊ ဩဝါဒသင်းကြ။ ချိုရန့် မဥ္ဇူကို၊ ခံယူကျင့်သုံး၍ နေလေ့ရှိပါသော ဘုရားဒကာ ဦးစီ၊ ဘုရားအမ ဒေါ်ချို၊ သား မောင်ကံ၊ သမီး မငွေတို့သည် သံသရာဘေးဒုက္ခမှ လွတ်မြောက်ကြရန် ရည်သန်သော သဒ္ဓါတရားဖြင့် မြေစိုက်စေတီတော် တစ်ဆူ၊ ရုပ်တော်မှု သုံးဆူ၊ တင်ပလ္လင်ခွေနှစ်ဆူ၊ ရဟန်းတော် ၁၀ပါး၊ သာမဏေ ၅ပါး၊ တံတားကြီးနှစ်စင်း၊ သိမ်ပြာသာဒ်တစ်ဆောင်၊ ဇရပ်ကြီးသုံးဆောင်၊ ကျောင်းကြီး လေးဆောင်၊ မှန်စီရွှေချ တံခွန်တိုင်နှစ်ခု၊ ရေတွင်းတစ်တွင်း၊ ဘုရားရွှေသင်္ကန်းကပ်ရန် ရွှေဆိုင်း ၃၃၇၇ ဆိုင်း၊ ကထိန်အတွက် ဒွိစုံတိုက်သင်္ကန်း ၃၃၃ စုံ၊ တိစီဝိုက်သင်္ကန်း ၁၅၆စုံ၊ ကထိန်မှတစ်ပါး သံဃိကသင်္ကန်းပေါင်း ၁၇၀၊ ဓမ္မက္ခန္ဓာ ရွှေစာပေအင်္ဂါပေါင်း ၁၄၁၆ အင်္ဂါ၊ ကတ္တီပါသင်္ကန်းတစ်ထည်၊ သက္ကလပ်သင်္ကန်း ၇ထည်၊ ကြေးစည်ကြီးနှစ်လုံး၊ ရွှေပိန်းချ သားရိုးကမဝါ ၇ဆူ၊ ခေါင်းလောင်းကြီးတစ်လုံး၊ သံသပိတ် ၇လုံး။

အားလုံး ကုန်ကျငွေပေါင်း ၂၇၃၇၃ ကျပ်တို့ကို နန်းအမတနိဗ္ဗာန်ကို ရည်သန် ပြဋ္ဌာန်း၍ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရပါသည်။

ထိုစဉ်က ဆန်တစ်တင်းလျှင် ငွေတစ်မတ်မျှ မကျသောကြောင့် ထိုစဉ်က ကုန်ကျသော ငွေနှစ်သောင်းကျော်ကို ယခုခေတ်ငွေနှင့် နှိုင်းယှဉ်ကြည့်သင့်သည်။

ဦးစီ အဘယ်ကဲ့သို့ ကြွယ်ဝချမ်းသာလာကြောင်း ဤ၌ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ထုတ်ပြပါဦးမည်။

♦♦♦

ဦးစီသည် မိုင်းတိုင်မြို့အနီး၌ရှိသော ဥသျှစ်ကုန်းကျေးရွာဇာတိဖြစ်သည်။ အရွယ်မတိုင်မီ မိဘနှစ်ပါး ကွယ်လွန်သဖြင့် မိုင်းတိုင်ခရိုင်အုပ်မင်း၏ထံတွင် လယ်သူရင်းငှားအဖြစ် လုပ်ကိုင်ရရှာသည်။ တစ်နှစ်လျှင် စပါးအတင်း သုံးထောင်ထွက်သောလယ်ကို လုပ်ကိုင်ခဲ့ရလေရာ အသက် ၂၇နှစ်တိုင်အောင် လယ်တောမှ မထွက်ခဲ့ရရှာပေ။

အသက် ၂၇နှစ်အရွယ်တွင် မိုင်းတိုင်သူ မချိုနှင့် အကြောင်းပါသဖြင့် ခရိုင်အုပ်မင်းက စပါးတင်း သုံးရာထွက်သောလယ်ကို ခွဲဝေပေးလေသည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစားလုပ်ကိုင်ခြင်းကြောင့် စပါးသုံးရာထွက်သောလယ်သည် မောင်စီ၏ လက်ထက်တွင် စပါး ၇၀၀ ထွက်ခဲ့လေသည်။

တစ်ရက်သော နံနက်ခင်းတွင် မောင်စီသည် လယ်ထွန်ဖြုတ်၍ ထမင်းစားအံ့ဟု ကြံဆဲတွင် ဘုန်းတော်ကြီးတစ်ပါး တကောင်းလမ်းမကြီးအတိုင်း ကြွလာနေသည်ကို မြင်တွေ့ရလေ၏။ ဘုန်းတော်ကြီးသည် လမ်းမကြီးအတိုင်း ကြွလာရာ လယ်ကန်သင်း၌ ထိုင်နေသော မောင်စီကို မြင်သောအခါ မောင်စီရှိရာ လယ်ထဲသို့ ကြွလာ၍ သောက်ရေအလှူခံလေ၏။ အချိန်မှာ အတော်နေမြင့်လေပြီ။

မောင်စီသည် ဘုန်းတော်ကြီးအား သောက်ရေကပ်လှူပြီးနောက် ဦးချ၍···

"အဘယ်အရပ်မှ အဘယ်အရပ်သို့ ကြွလာပါသလဲ"

ဟု လျှောက်ထားရာ ဘုန်းတော်ကြီးက တကောင်းမှ မိုင်းတိုင်မြို့သို့ ဘုရားဖူးကြွလာခြင်းဖြစ်ကြောင်း မိန့်တော်မူ၏။

"ဆွမ်းကိစ္စ ပြီးပါပြီလား အရှင်ဘုရား"

ဟု မောင်စီက လျှောက်ရာ ဘုန်းတော်ကြီးက···

"အချိန်ရှိပါ့သေးတယ်"

BURMESE CLASSIC .com

ဟုသာ မိန့်တော်မူ၏။ မောင်စီသည် မွန်းတည့်လုပြီဖြစ်သောနေကို မော်ကြည့်ရင်း ဆွမ်း မဘုဉ်းပေးရသေးကြောင်း သိသည်နှင့် မိမိစားရန် ပြင်ဆင်နေသော ထမင်းကို ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်းလိုက်လေ၏။

ဘုန်းတော်ကြီးကလည်း မငြင်းမဆန် လက်ခံကာ ဣန္ဒြေတည်ငြိမ်စွာ ဘုဉ်းပေးနေစဉ် မောင်စီမှာ အနားကထိုင်၍ ကြည့်ရင်း ကြည့်ရင်း ဝမ်းသာပီတိဖြစ်လျက် မိမိဆာလောင်မောပန်းနေသည်ကိုပင် မေ့သွားတော့၏။

ညနေအချိန်သို့ ရောက်လျှင် ဇနီး မချို လယ်တောသို့ လာရာ မောင်စီသည် မချိုလာနေသည်ကို မြင်လျှင် မြင်ချင်း ထွန်ကို ရပ်ပြီး မချိုဆီ သွားတည့်၍···

"ဟေ့···မချိုရေ မင်း သာဓုသာ ခေါ်ပေတော့"

"ဘာလဲ ကိုစီရဲ့ အကျိုးအကြောင်းလည်း ပြောပါဦး"

မောင်စီက သူ့ဇနီးအား အကျိုးအကြောင်း အကျဉ်းချုံးပြောပြလေလျှင် မချိုလည်း သူ့ကဲ့သို့ပင် ထူးထူးခြားခြား ဝမ်းမြောက်ခြင်းပီတိသောမနသသများဖြစ်ကာ သာဓုခေါ်လေ



www.burmeseclassic.com

www.burmeseclassic.com

၏။

"အေးပါဟာ၊ ငါတို့လည်း ကိုယ်နဲ့ တန်သလောက်တော့ အလှူတွေ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီနေ့ ကိုယ်စားမယ့် ထမင်းလှူရတာလောက် တစ်ခါမှ ဝမ်းမမြောက်ခဲ့ဖူးဘူးကွာ။ မင်းလည်း ချက်ပြုတ်ရတဲ့ ကုသိုလ် အာရုံပြုပေါ့ကွာ"

ဟု ဝမ်းသာအားရ ပြောဆိုနေကြလေ၏။

မောင်စီမှာ တစ်နေကုန် ထိုကုသိုလ်အာရုံဖြင့် တစိမ့်စိမ့် နှစ်သိမ့်ရင်း ထွန်ယက်လေရာ ခါတိုင်းကဲ့သို့ လယ်ကန်သင်းတင်ခြင်း၊ ကတွတ်ပေါက်ပိတ်ခြင်း။ အထူးသဖြင့် လယ်ကွက်အလယ်၌ နေ့စဉ် ထွန်နားရင်း တူးဖြိုနေကျ ကိုးလိုးကန့်လန့်ဖြစ်နေသော တောင်ပို့ တောင်ပူစာ ကမူကြီးကိုပင် မတူးဖြိုမိတော့ချေ။

"တော့်မယ်… ဟိုတောင်ပူစာကြီးကလည်း မနေ့က အတိုင်းပဲ ရှိပါသေးကလား"

မချိုက လယ်ကွင်းအလယ်ရှိ တောင်ပို့ကြီးကို ကြည့်၍ ပြောလိုက်၏။

"ဟုတ်တယ် ရှင်မရေ။ ကနေ့ ဘာမှ တိုးပြီး မဖြိုမိတော့ဘူး။ ဝမ်းသာနေတာနဲ့ နက်ဖြန်၊ သန်ဘက် နှစ်ရက်လောက်ဆိုရင် ပြီးသွားမှာပါဟာ"

ဟု ပြောပြောဆိုဆို ဇနီးမောင်နှံ အိမ်သို့ ပြန်ခဲ့ကြလေ၏။

(ဓမ္မပဒအဋ္ဌကထာ၊ ဥတ္တရာ ဥပါသိကာဝတ္ထုတွင် ဥတ္တရာ၏ ဖခင် မောင်ပုဏ္ဏသည် နိရောဓ သမာပတ်မှ ထတော်မူသော အရှင်သာရိပုတြာအား ဆွမ်းလှူရသော ကောင်းမှုကြောင့် ထွန်ယက်သော လယ်ကွက်အတွင်းမှ လယ်ထွန်စာ(ထွန်ချေးတုံး) မြေစိုင် မြေခဲများအားလုံး ရွှေဖြစ်သည်ဟု လာရှိ၏။ ဒိဋ္ဌဓမ္မဝေဒနီယ လက်ငင်းအကျိုးပေးသောကံဟု ကျမ်းဂန်၌ ဆိုသည်။)

ယခင် မောင်ပုဏ္ဏနှင့် ယခု မောင်စီ၏ ဖြစ်ရပ်မှာ အလွန်တူနေ၏။ သို့သော် မောင်စီ၏ လယ်ထွန်စာများ ရွှေဖြစ်လာသည်တော့ကား မဟုတ်ချေ။

❖❖❖

နောက်တစ်နေ့ မောင်စီ လယ်ထွန်သွားသောအခါ နွားများလည်း အမောပြေ နားနေစေရန် ထွန်နားခိုက် လယ်ကွက်အလယ်ရှိ တောင်ပို့ကြီးကို တစ်စတစ်စ နေ့စဉ်ပင် တူးဖြိုလျက် လယ်ကွက်ကို ချဲ့ထွင်ခဲ့လေရာ တောင်ပို့ကမူကြီးမှာ ပြေသလောက်ရှိသွား၏။ ထိုနေ့တွင် ဖြိုရင်း ဖြိုရင်းနဲ့ လူပါ ကျွံကျသွားရာ ရတနာသိုက်ကြီး ဖြစ်နေလေတော့၏။

မြေကို ယက်၍ သေသေချာချာကြည့်သောအခါ ရွှေငွေကျောက်သံ ပတ္တမြားများ အပြည့်အနက်ဖြစ်နေသည်ကို တွေ့ရလေ၏။ သို့သော် မောင်စီမှာ ရိုးသားသူပီပီ ရတနာသိုက်ကြီးကို လက်ရာမပျက် ဖုံးဖိပြီးနောက် အိမ်သို့ ပြန်လာကာ ဇနီး မချိုနှင့် တိုင်ပင်၏။ မချိုလည်း မိမိခင်ပွန်း၏ အလိုဆန္ဒအတိုင်း လိုက်လျောကာ မူလ လယ်ပိုင်ရှင် ခရိုင်အုပ်မင်းထံ အကြောင်းကြားလေ၏။ လက်တွေ့တွင် ထိုစိတ်မျိုး ထားနိုင်ခဲ့စွာ့။

ခရိုင်အုပ်မင်းလည်း ရင်းနှီးရာ လူများအား ဆင့်ခေါ်၍ ရတနာသိုက်ကြီးကို တူးဖော်ကြရာ လှည်းခုနစ်စီးပြည့်မျှ တိုက်ယူရလေ၏။

ထိုသတင်းမှာ ရတ်တရက် ပြန့်သွားရာ မိုင်းတိုင်နယ်သူနယ်သားများမှာ ဆင်းရဲသား မောင်စီထံမှ ခရိုင်အုပ်မင်းက ရတနာများ သိမ်းယူခြင်းမှာ လွန်စွာ မတရားကြောင်း ပြောဆိုကြရာ နောက်ဆုံး မြတောင်မင်းထံ တိုင်ကြားကြသည်အထိ ရောက်လေ၏။

မြတောင်မင်းလည်း သမာသမတ် စဉ်းစားလေရာ မူလလယ်မြေခွဲဝေပေးစဉ်က ပြန့်ပြန့်ပြူးပြူးရှိသော လယ်ကွက်မဟုတ်၊ လယ်ကွက်အလယ်၌ တောင်ပူစာ တောင်ပို့ကြီးနှင့် ကိုးလိုးကန့်လန့်အကွက်ကို ပေးခြင်းဖြစ်ရာ မူလ စေတနာသည်ပင် အားနည်းနေကြောင်း စဉ်းစားမိလေ၏။ မည်သို့ဖြစ်စေ၊ လက်ရှိအခြေအနေအရ မောင်စီသာလျှင် ရတနာအားလုံး ပိုင်ဆိုင်ထိုက်ကြောင်း ဆုံးဖြတ်ကာ ခရိုင်အုပ်မင်းအား မောင်စီထံ ပြန်ပေးရန် ဆုံးဖြတ်ပေးလိုက်သည်။

မောင်စီတို့ ဇနီးမောင်နှံသည် ဒါနတန်ခိုးကြောင့် နေ့ချင်းညချင်း သူဌေးဖြစ်လာကာ ပထမဆုံး မိုင်းတိုင်မြို့တွင် အုတ်လှေကားနှစ်စင်းတပ်သော ရွှေကျောင်းကြီးကို စတင်ဆောက်လှူကြ၏။ (ယခု ထိုကျောင်းကြီး ထိုခေတ်သူပုန်ကြောင့် မီးလောင်လေပြီ။)

မိုင်းတိုင် ၁၂ပြင်သည် ထိုခေတ် ပြည်တွင်းရေး မငြိမ်းအေးသဖြင့် ဦးစီသည် မိုင်းတိုင်မြို့မှ မြတောင်မြို့သို့ ပြောင်းရွှေ့နေခဲ့၏။ မြတောင်သို့ ရောက်လျှင်လည်း အလှူကြီးပေးကာ ကမ္ဗည်းထိုး ကြေညာခဲ့၏။ ရှေးနှားက ပြခဲ့သော ကောင်းမှုစာရင်းများမှာ ၁၂၄၀ ပြည့်နှစ်၊ မြတောင်သို့ ရောက်စက ပြုလုပ်သော ဒါနစာရင်းမျှသာတည်း။

ဦးစီသည် ၁၂၄၃ ခုနှစ်တွင် ရွှေငွေကျောက်သံ ပတ္တမြား အချို့နှင့်အတူ သမီး မငွေကို သီပေါမင်းထံ သွားရောက်

www.burmeseclassic.com



ဆက်သ၏။ သီပေါမင်းက ပစ္စည်းများကိုသာ လက်ခံ၍ မဟာသုတသောဂဘွဲ့ဖြင့် သူဌေးအရာ ခန့်ထား၏။ သမီး ကညာ မငွေကိုမူ ရွှေထီးတစ်လက် ချီးမြှောက်ကာ အဝေး ရောက် အပျိုတော်အဖြစ် အသိအမှတ်ပြုလေသည်။ ထိုခေတ် မြန်မာ့ဓလေ့ပင်။

တစ်ရံရောအခါ မြတောင်သူဌေး ဦးစီအိမ်သို့ ဓားပြ များ ဝင်ရောက်စီးနင်းကြ၏။ သို့သော် ဦးစီမှာ ကြိုတင် သတင်းရထား၍ ဓားပြများ မလာမီကပင် မိမိကိုးကွယ်သော သုံးထပ်ကျောင်းဆရာတော်ထံ သွားရောက် ခိုလှုံနင့်၏။ ဆန်အိုးကြီးတစ်လုံးထဲ ဝင်၍ ပုန်းအောင်းနေ၏။

ဓားပြများမှာ ဦးစီအား အိမ်မှာ မတွေ့သဖြင့် ကျောင်း သို့ လိုက်လာကြရာ ဆရာ ဦးဉာဏအား ဦးစီကို ထုတ်ပေး ရန် တောင်းဆိုကြသည်။ ဆရာတော်က…

"မင်းတို့ သဘောရှိသလိုသာ တစ်ကျောင်းလုံး ရှာ ကြပါ"

ဟုသာ ခွင့်ပြု၍ တစ်ကျောင်းလုံး လိုက်လံရှာဖွေရာ မတွေ့ရသဖြင့် ဆရာတော်ကို မချေမင် ကြိမ်းမောင်း မြည် တွန်ကြ၏။ စိတ်လိုက်မာန်ပါ ကြိမ်းမောင်းပြောဆို၍ ပြန်ကြ မည်ရှိသောအခါ ဓားပြများက…

"တပည့်တော်များ ဝိဇ္ဇာကုဋ်ကို ပြန်ပါဦးမယ်"

ဟု နှုတ်ဆက်ကြရာ ဆရာတော်မှာ မေတ္တာပို့ရင်း ပြီးလျက်သာ နေတော်မူခဲ့ရလေသည်။

ထိုသို့သော စေတနာကြောင့် ဖြစ်ပေါ်လာသော ပစ္စည်း များ ရန်သူမျိုးငါးပါးကြောင့် ဆုံးပါးပျက်စီးမှု မရှိနိုင်သည်ကို လည်း သင်ခန်းစာယူဖွယ်ဖြစ်၏။

ဤသို့ မမြင်ရသော အတိတ်ကံကို ထား၍ ပစ္စုပ္ပန် အမြင်အားဖြင့်ပင် ခရိုင်အုပ်မင်းနှင့် ဦးစီတို့၏ သဘောထား ခံယူချက်နှင့် လုပ်ဆောင်ချက်များသည် မတူကြ။ အကြောင်း (ကံ)မတူ၍ အကျိုးပေးလည်း ခြားနားသွားတော့၏။

ခရိုင်အုပ်မင်းသည် မောင်စီအား မလွှဲမကင်းသော တာဝန်ကျေရုံ အလယ်ကောင်တွင် တောင်ပို့ကမူရှိသော အညံ့ဆုံးလယ်ကို ပေး၏။ မိမိနှင့် မဆိုင်တော့သော ရတနာ အားလုံး သိမ်းယူပြန်သည်။

မောင်စီကား ရတနာများကို မိမိနှင့် မဆိုင်သလို၊ ရက်ရောစွာ ပေးနိုင်သည့်အပြင် မိမိပိုင်ဆိုင်သောအခါတွင် လည်း စည်းစိမ်မခံ၊ သာသနာအတွက် ပဓာနထား၍ သုံး စွဲ၏။ သာသနာဟူသည် သတ္တဝါအများ ချမ်းသာအောင် ထွန်းဆောင် လမ်းပြသော အရာမဟုတ်လော။ ထို့ပြင် လောလောဆယ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော တိုင်း ပြည်မိဘအား မိမိပစ္စည်းကို ခွဲဝေ ဆက်သ၏။

သူဌေးဟူသည် တိုင်းပြည်တစ်ပြည်၏ ရတနာ (ဝါ) တိုင်းပြည်အင်္ဂါရပ်တစ်ခုပင် ဖြစ်သည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့၏ ကိုယ်စား စာသင်ကျောင်း၊ ဆေးရုံ စသည့် ပြည်သူ့ကောင်းကျိုးပြု လုပ်ငန်းများကို တစ်ထောင့် တစ်နေရာမှ ကူညီထမ်းဆောင်ရသည်မှာ တာဝန်သိသော သူဌေးတို့၏ ဓမ္မတာပင်။ လူသာမန်တို့ပင်လျှင် "ရာဇဗလိ" ခေါ် အခါအားလျော်စွာ အခွန်ပဏ္ဏာ ဆက်သပူဇော်မှု (ဝါ) ပံ့ပိုးမှု ပေးကြရလေသည်။ မင်းသူဌေးကုန်သည် ပြည်သူ အချင်းချင်း ရိုင်းပင်းစေ့စပ် သင့်မြတ်သောအခါ သတ္တဝါတို့ ချမ်းသာကြ၏။ တိုင်းပြည် သာယာဝပြော၏။

လယ်ကူလီ ဆင်းရဲသား မောင်စီမှ နေ့ချင်းညချင်း သူဌေး ဦးစီဖြစ်ရခြင်း၌ မြတ်သော အလှူခံ ပုဂ္ဂိုလ်နှင့် ကြုံကြိုက်၍ လိုအပ်ခိုက်၊ လိုအပ်သည်ကို ပကာသန အတ္တ စိတ်အမြော်မပါ၊ စေတနာသန့်သန့်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလှူရခြင်းသည် အထူးခြားဆုံးဖြစ်၏။ ထိုသို့သော လှူဒါန်းခွင့် မရပါလျှင်လည်း ထိုရတနာသိုက်ကြီး ပေါ်ကောင်း မှ ပေါ်လေဦးမည်။

မောင်စီ လှူရသော ဆွမ်းတစ်ထပ်သည် ဆင်းရဲသား လယ်သမားထမင်းဖြစ်ရာ မြိန်မြတ်ကောင်းမွန်လှသည်ကား


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ တန်ဖိုးကြီးမားခြင်းလည်း မရှိ။ သို့သော် ထိုဆွမ်းတစ်နပ်အတွက် ဖြစ်ပေါ်ခဲ့ရသော စေတနာအင်အားကား တန်ဖိုးဖြတ်၍ မရပါချေ။

### ကုဋေတစ်ထောင်အလှူနှင့် ဆွမ်းနှစ်ထပ်အလှူ

ဒုဋ္ဌဂါမဏီမင်းကြီးသည် လူမှန်းသိတတ်ခါစ အရွယ်မှစ၍ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးက···

“သံဃာတော်အား အဦးမလှူဘဲ မစားရ၊ စားလျှင် စားသမျှအစာ အဆိပ်ဖြစ်ပါစေ”

ဟု ထမင်းကို သစ္စာဆိုစေ၍ စားခဲ့သူဖြစ်၏။

ဒုဋ္ဌဂါမဏီမင်းကြီး နတ်ရွာစံခါနီး ကုသိုလ်တော်စာရင်း (ပုညဝမှနစာတမ်း)ကို ဖတ်လျှောက်ကြရာ စုစုပေါင်း ကုဋေတစ်ထောင်ကျော်၏။ တန်ဖိုးမဖြတ်နိုင်သော ရတနာများ မပါ။ အသပြာငွေတောချည်းသက်သက်ဖြစ်သည်။ ကောင်းမှုကုသိုလ်တော် စာရင်းများကို နာကြားရသောအခါ ကုဋေတစ်ထောင်ကျော် ကုသိုလ်တော်ကြီးများမှာ ကြီးကျယ်ခမ်းနားအကုန်အကျများသော်လည်း မင်းကြီးစိတ်ထဲ၌ အားရလှသည် မရှိ။

ညီတော် တိဿ(သဒ္ဓါတိဿ)နှင့် စစ်ဖြစ်၍ စစ်ပြေးရစဉ်က တောထဲ၌ နှစ်ရက်တိုင်တိုင် ပွဲတော် မတည်ရသဖြင့် ဒုတိယနေ့တွင် ပါလာသောအစာကို စားမည်ရှိသောအခါ မှိုမကျ။ သံဃာတော်အား ဆွမ်းဦး မလှူရသေးသောကြောင့် ဖြစ်၏။ သို့နှင့် အတူပါလာသူ တိဿအမတ်က မင်းကြီးဆန္ဒအရ တောကြီးထဲ၌ “အလှူခံကြွတော်မူပါ”ဟု သုံးကြိမ်တိုင် ကြွေးကြော်ရ၏။ ဗောဓိမာတုမဟာတိဿ မထေရ်ကြီးသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် အလှူခံ ပင့်လျှောက်သံကြား၍ လာရောက်အလှူခံရာ အကုန်လုံးလှူလိုက်၏။

ထိုမှတစ်ပါး သီဟိုဠ်ကျွန်း၌ ၁၂နှစ်ကျော်မျှ စဏ္ဍာလတိဿ သူပုန်ကြီး ထသည့်အပြင် မိုးလေဝသမမှန်၍ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်လေရာ ရဟန်းရှင်လူအများ သစ်ဥသစ်ဖုသစ်ရွက်များကိုသာ စား၍ များစွာသေကြေခဲ့ကြရဖူး၏။ ရဟန္တာနှစ်သောင်းပင် တစ်ပြိုင်နက် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့ကြရသည်။

ထိုစဉ်က ဒုဋ္ဌဂါမဏီမင်းကြီးသည် တန်ဖိုးမဖြတ်နိုင်သော နန်းစဉ် နားတောင်းကို ရသမျှနှင့် ရောင်းချ၍ ဆပ်ဆန်အနည်းငယ်ကို ဝယ်ယူရရှိကာ သံဃာတော် ငါးပါးအား ဆွမ်းလှူခဲ့ဖူး၏။

မင်းကြီး နတ်ရွာစံသောအခါ ကုသိုလ်တော်စာရင်းများ ဖတ်ကြားလျှောက်တင်ကြရာ ကြီးကျယ်ခမ်းနား အကုန်အကျများသော အခြားကုဋေတစ်ထောင်ကျော် ကုသိုလ်တော်ကြီးများထက် အထက်ပါ စစ်ပြေးရင်း လှူရသောအညံ့စား ဆွမ်းနှစ်ထပ်ကား မေ့၍မရ၊ ဝမ်းအမြောက်ဆုံးဖြစ်ရ၏။ ထို့ကြောင့်လည်း ကြီးကျယ်ခမ်းနား အကုန်အကျများသလောက် ထိုဒါနများမှာ အင်အားမပါ။ အသာနောက်ဆုတ်နေရ၏။ သူတော်ကောင်းများအတွက် အမှန်တကယ်လိုအပ်ချိန်၌ တကယ့်ကို ပြတ်သားသောစိတ်ဖြင့် လှူရသောဆွမ်းနှစ်လုတ်ကပင် ရှေ့တန်းထွက်လာကာ ဒုဋ္ဌဂါမဏီမင်းကြီးအား ဦးစွာ တုသိတာနတ်ပြည်သို့ တင်ပို့ပေးခဲ့လေသည်။ (“သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ”စာအုပ်၌ အပြည့်အစုံရေးခဲ့ပြီး။)

လူအများကား ရက်ရောစွာ အလှူဒါနပြုနေသူများအား “ရှိလို့ လှူနေကြတာပဲ”ဟု ဆိုကာ လှူတာကိုပင် အပြည့်အဝ မုဒိတာ(ဝမ်းမြောက်မှု) မဖြစ်တတ်။ အမှုမယူတတ်။ ရံခါ ခိုးမွမ်းခြေကျောက်သံကလေး ပါသေး၏။ အချို့လည်း သူများနည်းတူ လှူလိုသဖြင့် ရှိမှ လှူရသည်ထင်ကာ လှူမှာက နောက်မှ၊ ရှိဖို့ကို အလျင်ကြိုးစားရှာဖွေကြ၏။ ရလေ လိုလေ အိုတစ္ဆေဖြစ်ကာ လောဘမသတ်နိုင်ကြသဖြင့် လှူရတဲ့ဆီသို့ မရောက်၊ ရှာဖွေရင်း အသက်ပျောက်ကြ၏။

သူဌေးအလှူထက် ဆင်းရဲသားအလှူက ရံခါ ပို၍ပင် အင်အားပါကြောင်း အလားတူ ဖြစ်ရပ်တစ်ခုကို ပြဆိုပါဦးအံ့။

♦♦♦

### နောင်ချိုမြို့ ညံ့တောရွာ ဦးဖုန်း၏ ဒါန

နောင်ချိုမြို့အနီး ညံ့တောရွာ၌ ဦးဖုန်းဆိုသူ ရှိ၏။ ဦးစိကဲ့သို့ ဆင်းရဲသား လယ်သမားတစ်ဦးပင် ဖြစ်သည်။

ဦးဖုန်းသည် တစ်နေ့တွင် လယ်ထွန်သွား၍ နေမွန်းတည့်ခါနီးတွင် ထမင်းစားရန် ထွန်ဖြုတ်လိုက်၏။ လယ်ကန်သင်းရှိ သစ်ပင်တစ်ပင်အောက်တွင် ထမင်းစားရန် ပြင်ဆင်ခိုက် ဘုန်းတော်ကြီးတစ်ပါးကြွလာသည်။ အကျိုးအကြောင်းလျှောက်ထားရာ ဆွမ်းမဘုဉ်းပေးရသေးကြောင်း သိသည်နှင့် နေမွန်းမတည့်မီ ပါလာသော ထမင်းထုပ်ကို ကပ်လိုက်၏။ ထိုနေ့က ပါလာသော ထမင်းထုပ်မှာ မျှင်ငါးပိဖုတ်မျှသာ ဖြစ်၏။

ဦးဖုန်းသည် ဘုန်းတော်ကြီး မြိန်ရေရှက်ရေ ဘုဉ်းပေးနေသည်ကို ဝမ်းသာအားရ အနားက ကြည်ညိုနေ၏။ ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရေဘူးထဲမှ ရေတစ်ခွက်ကပ်လိုက်သည်။ ဘုန်းတော် ည်း နှုတ်ဆက်ပြီး ပြန်ကြသွားသည်။

ထူးခြားသည်မှာ ထိုအချိန်မှစ၍ ဦးဖုန်းတွင် စီးပွားဥစ္စာ တစ်နေ့တခြား သိသိသာသာ တိုးပွားလာ၏။

များမကြာမီ တစ်နေ့တွင် ထိုဘုန်းတော်ကြီး အိမ်သို့ ကာ တစ်ည ကျိန်းစက်၏။ တရားစကားများများ ယော။ စိတ်ကို နိုင်အောင် ထိန်းသိမ်းရန်ကိုသာ ဆုံးမ ဘုန်းတော်ကြီးမှာ ညအခါ ငုတ်တုတ် တရားထိုင် သာ နေတော်မူသည်ကို ရေနံဆီ မီးရောင်ဖြင့် ဖူးတွေ့ ဦးဖုန်းနှင့် အိမ်သားများလည်း အနားက ကြည်ညိုကာ သော ဝေယျာဝစ္စများကိုသာ ဆောင်ကြရလေသည်။

ထူးခြားသည်မှာ ညဲ့တောရွာမှ တရားဘာဝနာ ဘာသာ ဝိသနာပါသူ မိတ်ဆွေများသည် ညစဉ်လိုပင် ဦးဖုန်း သို့ လာရောက်လည်ပတ်လေ့ရှိကြ၏။ လက်ဖက်ရည် သောက်ရင်း တိုင်းရေးပြည်ရေး ဘာသာရေး ဆွေးနွေး ဆိုကြမြဲဖြစ်ရာ ဘုန်းတော်ကြီး ကြွလာသောနေ့တွင် ယောက်တလေမျှ ပေါ်မလာချေ။

နောက်တစ်ရက် နံနက်တွင် ဦးဖုန်းသည် သမီးငယ် လက်က ဆွဲလျက် ဘုန်းတော်ကြီးအား ရွာပေါက်အထွက် အောင် လိုက်လံပို့ကြ၏။

"ကဲ - နေခဲ့ကြတော့"

ဟု အမိန့်ရှိ၍ ဘုန်းတော်ကြီးအား သားအဖ ကန်း၍ ချနေကြသည်။ ဝတ်ချပြီး၍ ကြည့်လိုက်သောအခါ တော်ကြီးမှာ ထန်းနှစ်ရပ်ခန့်အမြင့် ကောင်းကင်မှ ကြွ ရာ တစ်ခေါ်လောက်အကွာသို့ပင် ရောက်နေပြီကို ဖူး ကြရ၏။ နေထွက်ပြုချိန်ဖြစ်၍ ဘုန်းတော်ကြီး ဆောင်း သော ထီးမှာ နေရောင်ကြောင့် ပြောင်ပြောင်လက်လက် နေ၏။ ထိုအခါ အနီးရှိ သမီးငယ်က...

"ဖေဖေ...ဟိုမှာ...ဟိုမှာ ဘုန်းကြီးထီးကြီးက လို့"

ဟု လက်ခုပ်လက်ဝါးတီး၍ အားရပါးရ ပြောဆို အော် လေသည်။

ထူးခြားသည်ကား ဘုန်းတော်ကြီးအား အိမ်မှ ထွက်၍ လျှောက်ဖြတ်ကာ ပို့ဆောင်ရာတွင်လည်း ရွာသူရွာသား တစ်ဦးတစ်ယောက်မျှ လမ်းမှာ မတွေ့ရ။ နောင်အခါ န်းက ပြန်ပြောမှသာ အားလုံး အံ့အားသင့်နေကြလေ သည်။

ဦးဖုန်းလည်း စီးပွားဥစ္စာများ တစ်နေ့တခြား တိုးတက် လာကာ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်သော အထိမ်းအမှတ် အရ သူ့တစ်သက်တွင် ရဟန်းငါးပါး ဒကာအဖြစ် ခံယူ လှူဒါန်းသွား၏။ ထိုတွင် ပဥ္စမမြောက် ရဟန်းမှာ မုံရွာခရိုင်၊ အလုံမြို့ ကောရဇ္ဇရွာဇာတိ "ဦးအာစရ" ဖြစ်သည်။ ဤစာ ရေးသူနှင့် စစ်ပြီးခေတ် မန္တလေး မစိုးရိမ်ကျောင်းတိုက်ကြီး၌ စာအတူသင်ဘက်ဖြစ်၏။ ယခု ဦးအာစရ ၆၀ ကျော်ပြီ ဖြစ်၍ ထိုအဖြစ်အပျက်မှာ အနှစ် ၄၀ကျော်ကာလက ဖြစ် ပေသည်။

ဦးဖုန်း၏ သားငယ်များကိုပင် စာရေးသူ တွေ့မြင်ဖူး ၏။ ထိုအကြောင်း ဦးအာစရမှတစ်ဆင့် မှတ်သားရပါသည်။ ထူးဆန်းသည့်အချက်တစ်ခုလည်း ရှိပါသေးသည်။ အဆိုပါ ဦးဖုန်း ကွယ်လွန်သည့်အချိန်မှစ၍ စီးပွားဥစ္စာများ တစ်နေ့ တခြား ဆုံးပါးပျက်စီးကုန်သည်ဟု ဆိုလေသည်။

သူဌေး ဦးစီနှင့် ညဲ့တော ဦးဖုန်းတို့အကြောင်းကို ဖတ်ကြ၊ သိကြရသောအခါ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော အရိယာ သူတော်ကောင်းများအား လှူရ၍ ကြီးပွားချမ်းသာ ရသည်ဟုသာ ယူဆ၍ ထိုသို့သော ပုဂ္ဂိုလ်ထူးများ ယခုအခါ ရှိပါရဲ့လားဟုလည်း မေးကောင်း မေးချင်ကြလိမ့်မည်။

အဖြေကား အချိန်မရွေး ရှိပါ၏။

ဤ၌ တောင်တန်း သာသနာပြု ဆရာတော် အသျှင် ဦးဥတ္တမသာရအကြောင်း အနည်းငယ် ဖော်ပြလိုပါသည်။ ထိုအရှင်မြတ်ကား ယခုအခါ ခန္တီတောင်ကြီး၌ သီတင်းသုံး ကာ သက်တော် ၇၅နှစ် ရှိပြီဖြစ်၏။ ဆရာတော်ဘုရားကြီး သည် မြေပြန့်သို့ မဆင်းသည်မှာ ၁၀နှစ်ခန့် ကြာပြီးနောက်၊ ပြီးခဲ့သော ဆောင်းအကုန် နွေအကူး မန္တလေးတိုင်း၊ စစ်ကိုင်း တိုင်း၊ ရောဝတီမြစ်ရိုးတစ်လျှောက် မြစ်ဝကျွန်းပေါ်မြို့များနှင့် ရေး၊ မြိတ်၊ ထားဝယ်မြို့များသို့ မေတ္တာဓမ္မဒေသနာခရီး လှည့်လည်ကြွတော်မူခဲ့၏။ ရန်ကုန်မြို့တွင် ၁၉၈၅ ခု ဖေဖော် ဝါရီလအတွင်း တစ်ပတ်ခန့် တန့်နားကာ မင်္ဂလာဗျူဟာ ဓမ္မာရုံ၊ ရေကျော် ဓမ္မာနုရက္ခိတ ဓမ္မာရုံ၌ တရားဟောတော် မူခဲ့သည်။

"ဘုန်းကြီး...ယခုတစ်ခေါက် မန္တလေးတိုင်း၊ စစ်ကိုင်း တိုင်းက စပြီး ခရီးထွက်လာရာ ရောက်လေရာ မြို့တိုင်းမှာ သာသနာအတွက် အားတက်စရာတွေ အများကြီး ကိုယ်တွေ့ မြင်ခဲ့ရတယ်။ ဘုရားတန်ဆောင်း၊ ကျောင်း၊ ကန် အဆောက် အအုံတွေဟာ ရှေးက သေးသေးကလေးတွေ အကြီးကြီး ဖြစ်အောင်၊ မနိုင်ခဲ့တာတွေ နိုင်ခဲ့အောင် ဖိတ်ဖိတ်တောက် ပြုပြင်လှူဒါန်းထားလိုက်ကြတာ အလွန်အားရသစရာကောင်း

www.burmeseclassic.com

တယ်"

ဟု အစချီကာ အမျိုး၊ ဘာသာ၊ သာသနာနှင့် စပ်၍ အလွန်အားကျဖွယ်ကောင်းသော ဩဝါဒ စကားများကို ကိုယ်တွေ့ သာဓကများ ပြကာ ဟောကြားတော်မူခဲ့၏။ တရားပွဲအပြီး ဆင်းလာကြသော လူအုပ်ကြီးထဲမှ အသံတစ်သံက ...

"ဆရာတော်ကြီး တရားကို နာရတာ အားရှိသွားတာပဲဗျာ"

ဟူ၏။ အားတက်ဖွယ် တရားစကားအမြွက်မှာ...

"ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သာသနာရှိနေလို့ အခြားနိုင်ငံတွေနဲ့ စာရင် အများကြီး ချမ်းသာခွင့် ရနေကြပါတယ်။ မြန်မာနိုင်ငံမှာ ရှေးကလည်း စျာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ၊ ရဟန္တာအရှင်မြတ်တွေ အဆက်မပြတ်ရှိခဲ့တယ်။ ယခုလည်း ရှိနေတယ်။ ဘုန်းကြီးတို့ ကိုယ်တွေ့ပဲ။ ဘယ်တုန်းကမှ အဆက်မပြတ်ဘူး။ နောင်လည်း ရှိနေဦးမှာပဲ။ ဘုန်းကြီးရဲရဲပြောရဲတယ်"

ဟု အမိန့်ရှိကာ ယခုအခါ ရွှေဘိုနယ်နှင့် တောတောင်တို့၌ ရှိနေကြသော တန်ခိုးအဘိညာဉ်ရ ပုဂ္ဂိုလ်များ၏ အကြောင်းကို ဆက်လက် မိန့်ကြားတော်မူ၏။

"ဘယ်သူမျက်နှာမှ မလိုက်ဘဲ ပြောရမယ်ဆိုရင် ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး စာအုပ်ကြီးဟာ အင်မတန် ဖတ်သင့်တယ်။ ဒီခေတ်မှာ ပေါ်သင့်လို့ ပေါ်လာတဲ့ စာအုပ်ကြီးပဲ"

ဟုလည်း တရားပွဲ၌ အမိန့်ရှိသွား၏။

မြင်းခြံမြို့ သာသနာ့ ဇောတိကာရုံ စာသင်တိုက် ရွှေရတုစာစောင်တွင်လည်း ဆရာတော်ကြီးက ရဟန္တာနှင့် ပုဂ္ဂိုလ်ထူး စာအုပ်ကြီး ထွက်လာတာ ဝမ်းသာစရာကောင်းကြောင်း၊ ဒါပေမယ့် ဘုန်းကြီးတို့ သိမှတ်ထားတာနဲ့စာရင် အများကြီး လိုနေသေးကြောင်း၊ ကျန်နေသေးကြောင်း ရေးသားသည်ကိုလည်း ဖတ်ရှုရသည်။

ကိုယ်ဂုဏ် ကိုယ်ဖော်၍ ကြော်ငြာနေခြင်း မဟုတ်ပါ။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးများ အဆက်မပြတ် ရှိနေကြောင်း ပြဆိုလိုရင်း ဖြစ်ပါ၏။ ထိုမှတစ်ပါး အမြင်ရှိသော အရိယာသူတော်ကောင်းတို့မည်သည်မှာလည်း ဒုဋ္ဌဂါမဏိမင်းကြီးမို့ မျက်နှာလိုက်ပြီး တောထဲ ကြွရောက် အလှူခံခြင်း မဟုတ်။ ချီးမြှောက်ရမည့် သတ္တဝါကို တမင်တကာလာ ရှာဖွေကြည့်ရှု ဆင်ခြင်တော်မူကြမှုဖြစ်ပါသည်။ ထိုအရှင်မြတ်များ မြင်သာသည့်နေရာသို့ သင်ကာသာ ထွက်၍လာပါလေ။

ယခုအခါ ယောဂါဝစရလူများသည် ပုဂ္ဂိုလ်ထူးများ အလှုအယက် သူ့ထက်ငါ ကြိတ်ကြိတ်တိုး ကိုးကွယ်လို ၏။ ပုဂ္ဂိုလ်ထူးကို ရှာနေကြ၏။ မိမိကိုယ်ကို ယခင်က ထူးခြားအောင် မလေ့ကျင့်၊ မထူထောင်နိုင်ဘဲ ပုဂ္ဂိုလ်ထူး သာ ရှာနေသူများအတွက် မတောက်တစ်ခေါက် ထူးသော ဝိဇ္ဇာပုဂ္ဂိုလ်ထူးများနှင့် တိုးတတ်ပေသည်။

"သက်ရှိ ဘုရား"ဟု ဆိုရလောက်သော ကျေးဇူးရှင် ဝေဘူဆရာတော်၊ မဟာစည်ဆရာတော် စသော အရှင်မြတ် ကြီးများ နှစ်ပေါင်း ၃၀ကျော် ၄၀မက၊ ကာလအတန်ကြာ ပွင့်ပေါ်ခဲ့ကြ၏။ အသင် ဘာများ ရလိုက်ပါသနည်း။ ယခု ရန်ကုန်မှာ ဘုရားပွင့်နေသော်လည်း ကားထောင် ကားဆွဲလို ကောင်းနေသူများ၊ ဒတ်ဆန်း၊ ဟီးနိုး တစ်မျိုးပြီး တစ်မျိုး တိုးချဲ့ရန် ဇောကပ်နေကြမည်သာ ဖြစ်၏။ ရောင်းဝယ် ကောင်းနေသူများ တစ်ဆိုင်ပြီး တစ်ဆိုင် တိုးချဲ့လုပ်ကိုင်နေ ကြမည်သာ ဖြစ်၏။ ရာထူးဂုဏ်သိန် အရှိန်တက်နေသူများ ဖြစ်ပါလျှင်လည်း အပေါ်က လူကို ခြေထောက်ဆွဲ၊ အောက်က လူကို ခေါင်းပေါ်နင်းကာ ပရိမိုးရှင်းနှင့် အချိန်ကုန်နေ မည်သာ ဖြစ်ပေလိမ့်မည်။

ဘုရားတွေသာ တစ်ဆူပြီး တစ်ဆူ ပွင့်ပေါ်ကာ ပရိနိဗ္ဗာန် စံ၍...စံ၍သာ သွားကြကုန်၏။ ကာလနဂါးတို့ကား အိပ်ကောင်းတုန်း။

သံချေးအထပ်ထပ် ကပ်နေသော သံတိုသံစတို့သည် မည်မျှ ဆွဲအားကောင်းသော သံလိုက်တုံးကြီးများအနီး၌ ရောက်နေရစေကာမူ မည်သည့်အခါမျှ ပူးကပ်ခွင့်ရမည် မဟုတ်ချေ။ ကိုယ်ဟုတ်လျှင် ဟုတ်တာကို တွေ့ရတတ်ပါ၏။ ကိုယ် မဟုတ်လျှင် ဟုတ်တာကို တွေ့ရသော်လည်း ဟုတ်လာလိမ့်မည် မဟုတ်။

* * *

ဓမ္မာစရိယဦးဌေးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ သားတော် အဇာတသတ်မင်းသားထံသို့ ဒေဝဒတ်ရောက်ရှိလာခဲ့သည်။ ဒေဝဒတ်သည် လောကီစျာန် သိဒ္ဓိတန်ခိုးဖြင့် အဇာတသတ် မင်းသားကို ကြောက်မက်ဖွယ်ရာ မြွေနဂါး၊ ဘီလူးသဘက် စသည့် မိစ္ဆာကောင်တို့ကို ဖန်ဆင်းပြသခဲ့လေသည်။ အဇာတသတ်လည်း ဒေဝဒတ်အား အလွန်ပင် အထင်ကြီးကာ ဆရာသဖွယ် ကိုးကွယ်လေတော့၏။ ဒေဝဒတ်က အဇာတသတ်၏ အားနည်းချက်ကို ဖမ်းကာ သိမ်းသွင်းပြီးနောက် ထိုသို့ဆိုလေ၏။




# သိခ်သူ

## မြတ်စွာဘုရားပေးသော သက်တော်မြဲ ဂါထာတော်



www.burmeseclassic.com

www.burmeseclassic.com

"အသင်မင်းသား… အသင်သည် သင်၏ ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးထံမှ ထီးမွေနန်းလျာအား ရအောင် တောင်းလေလော့။ သင် ရာဇဂြိုဟ်ပြည့်ရှင်ဖြစ်သောအခါ သင်၏ ဖခမည်းတော်အား နှောင်သွင်း အကျဉ်းချ၍ နတ်ရွာစံခြင်းဖြင့် ဂေါတမမြတ်စွာဘုရားနှင့် နောက်လိုက်နောက်ပါ သံဃာတော်တို့အား ပစ္စည်းလေးပါး ဒါယကာလုပ်နိုင်တော့မည်မဟုတ်ပေ။ ထိုအခါ၌ ငါသည် ယောက်ဖတော် ဘုရားရှင်ကို လုပ်ကြံ၍ သူ၏ သံဃာတော်များကို သိမ်းသွင်းလိုက်နိုင်ပေမည်။ ထိုအချိန်တွင် ရာဇဂြိုဟ်၌ ငါသည် ရဟန်းတို့၏ ဆရာဖြစ်လာမည်ဖြစ်သကဲ့သို့ သင်သည်လည်း ဒါယကာမင်းကြီးဖြစ်လာပေမည် မဟုတ်လော"

အဇာတသတ်သည် ဒေဝဒတ်၏ စကားအတိုင်း ခမည်းတော်ထံသို့ သွားရောက်ကာ ထီးနန်းလွှဲပေးဖို့ အရေးဆိုလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း အသည်းနှလုံးကဲ့သို့ ချစ်မြတ်နိုးသော သားဖြစ်သူ၏ အလိုဆန္ဒအတိုင်း ထီးနန်းကို ရသည်နှင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား မင်းမိန့်ဖြင့် ဖမ်းဆီး၍ နှောင်သွင်း အကျဉ်းချထားလိုက်လေသည်။ ထို့ပြင် မင်းကြီးအား အစာရေစာမပေးဘဲ ထားခဲ့သည်။ နှစ်ရက်သုံးရက်ခန့် ကြာသော်လည်း ဗိမ္ဗိသာရမင်းကြီးမှာ အသက်မသေ၊ အကျဉ်းတိုက်အတွင်း၌ တရားဓမ္မများကို အားထုတ်ကာ သေမည့်ရက်ကို စောင့်ဆိုင်းနေလေ၏။

ဒေဝဒတ်က "မင်းကြီး နတ်ရွာစံပြီလော" ဟု မေးသောအခါ အဇာတသတ်က နတ်ရွာမစံသေးကြောင်းပြောခဲ့သည်။

"သင်၏ ဖခမည်းတော်သည် သင်၏ မယ်တော်က တိတ်တဆိတ် ခိုးဝှက်ကျွေးသော အစာရေစာတို့ကို စားသုံးရသဖြင့်သာ အသက်ဆက်နေခြင်းဖြစ်၏။ အကျဉ်းတိုက်အတွင်းသို့ သင်၏ မယ်တော်အား ယနေ့မှစ၍ ဝင်ခွင့်မပေးနှင့်တော့။ ထိုမျှသာမက၊ သင်၏ ဖခမည်းတော် မြန်မြန်ကံကုန်စေရန် ခြေဖဝါးကို ဓားဖြင့် ခွဲ၍ ဆားပက်ကာ မီးကင်လေ"

ဟု အကြံပေးသဖြင့် ထိုအတိုင်းပင် အဇာတသတ်က ပြုလုပ်ခဲ့ရာ ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံလေ၏။ ဒေဝဒတ်က အဇာတသတ်အား…

"သင်၏ ခမည်းတော် ကံတော်ကုန်ပြီလော"

ဟု မေးသောအခါ အဇာတသတ်က…

"ကုန်ပါပြီ"

ဟု ပြောကြားခဲ့သည်။ ထိုအခါ ဒေဝဒတ်က…

"သို့ဆိုလျှင် သင့်တာဝန်ကျေလေပြီ။ ငါ၏ တာဝန်သာ ကျန်တော့သည်။ ဂေါတမ ဘုရားရှင်အား ယခုပင် ငါ လုပ်ကြံပေတော့အံ့"

ဟု ဆိုကာ ရာဇဂြိုဟ်ပြည်ကို ဝိုင်းရံလျက်ရှိသော ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဝေပုလ္လတောင်၊ ဣသိဂိလိတောင်၊ ဂိဇ္ဈကုဋ်တောင် စသည့် တောင်ငါးလုံးတို့အနက်မှ သူသေတို့ကို ပစ်ချ သင်္ဂြိုဟ်လေ့ရှိသော ဂိဇ္ဈကုဋ်တောင်ပေါ်တွင် ဂေါတမ ဘုရားရှင် စင်္ကြံလျှောက်နေခိုက် တောင်ထိပ်ပေါ်တွင် မေးတင်လျက်ရှိသော ကျောက်လုံးကြီးကို ကျောက်မောင်းဆင်ကာ သစ်သားမောင်းတံဖြင့် ကော်ချလိုက်လေတော့သည်။ ကျောက်မောင်းကြီးမှာ တဒီးဒီးဖြင့် အော်မြည်ကာ ကြောက်စရာကောင်းလှသောအရှိန်ဖြင့် ဘုရားရှင်ရှိရာသို့ လိမ့်ကျလာခဲ့သည်။

သို့သော် သုမေဓာရှင်ရသေ့ဘဝမှ စ၍ ဘုရားဆုပန်ခဲ့ပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆယ်ပါးသော ပါရမီတော်တို့ကို ဘဝပေါင်းများစွာ ဖြည့်ဆည်းခဲ့သည့် ပြုပြုသမျှ ကုသိုလ်တို့ကို ရေစက်ချ အမျှပေးတော် ဘုရားဖြစ်ရန် ရည်သန်ခဲ့သည်ကို ဝသုန္ဓြေမြေကို အစိုးရသော နတ်မင်းကြီးက သိလေ၏။ ထို့ကြောင့် ဘုရားရှင်အား အပရာဇိတ ရွှေပလ္လင်တော်ထက်မှ ထွက်ပြေးရလေအောင် နတ်စစ်သည် အကွေ့ပဏီတပ်ကြီး ချီ၍ မာရ်နတ်မင်း လာရောက် နှောင့်ယှက်စဉ်က ဝသုန္ဓြေနတ်မင်းက တစ်ကြိမ်ဝင်ရောက်၍ ဟန့်တားခဲ့လေပြီ။ ယခုလည်း ဒေဝဒတ်၏ အကြံအစည် မအောင်ရလေအောင် မြေလွှာကို ခွဲဖျက်၍ ကျောက်စိုင် ကျောက်စွန်းကြီးထွက်ကာ ဒေဝဒတ် တွန်းချ၍ လိမ့်ကျလာသော ကျောက်လုံးကြီးကို ဆီး၍ ခံခဲ့လေ၏။ ထို့ကြောင့်ပင် ဘုရားရှင်အား ကျောက်လုံးကြီးက ကြိတ်ချေမိလောက်အောင် တည့်တည့်ကျမလာတော့ဘဲ လမ်းလွှဲသွားသည်။ အတိတ်ဘဝ ဝဋ်ကြွေးကြောင့် ကျောက်စလေးတစ်စသာ ဘုရားရှင်၏ ခြေမတော်ကို လာရောက်ထိမှန်ပြီး သွေးခြေဥခဲ့ရလေ၏။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မမူသော်လည်း အကုသိုလ်အကျိုးပေး ခံစားရသူမှာ ဒေဝဒတ်ဖြစ်သည်။ ပဥ္စာနန္တရိယကံကြီး ထိုက်လေပြီဖြစ်သော ဒေဝဒတ်သည် ရရှိပြီးဖြစ်သော လောကီစျာန် သိဒ္ဓိတန်ခိုးများ ဦးစွာကွယ်ပျောက်ခဲ့လေ၏။ ထို့ပြင် ယခုဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးပေးဖြစ်သော မြေမျိုခြင်းကို ခံရပေဦးတော့မည်။ ထိုမျှသာမက၊ မဟာအဝီစိငရဲ၌ ကပ်ကမ္ဘာလုံး ခံရမည်လည်း ဖြစ်၏။ ထိုအတူပင် ဆရာပေါင်းများ၏ ဖခင်ကို သတ်မိသည့် ပဥ္စာနန္တရိယကံထိုက်



www.burmeseclassic.com

www.burmeseclassic.com

သူ အဇာတသတ်မှာလည်း မဟာအဝီစိငရဲ၌ ဒေဝဒတ်နည်းတူ ခံရပေဦးတော့မည်။

ဤသို့ ရှေ့ပြေး သာဓကများကို တင်ပြနေရခြင်းမှာ ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အကြောင်းချင်းရာတို့ကို တင်ပြလိုခြင်း မဟုတ်ပေ။ စာရေးသူ တင်ပြလိုသည်က ဘုရားရှင် ရင့်ကျူးတော်မူသော သက်တော်မြဲ ဂါထာတော် အတွက် အဆက်အစပ်ဖြစ်စိမ့်သောငှာ စကားပလ္လင်ခံခြင်းသာ ဖြစ်ပါ၏။

ထိုသို့ ဒေဝဒတ်က မြတ်စွာဘုရား၏ အသက်ဇီဝိန်ကို ဂိဇ္ဈကုဋ်တောင်တွင် လုပ်ကြံသတ်ဖြတ်သည့် သတင်းကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်ကြသော ရဟန်းတော်များ ကြားသိရသောအခါ မြတ်စွာဘုရားရှင် အတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကြသည်။ ဒေဝဒတ်သည် သံဃာကို ဂိုဏ်းခွဲ၍ ဘုရားရှင်နှင့် စင်ပြိုင် သံဃာ အဖွဲ့အစည်းကို ထူထောင်လိုသူဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်အား တစ်ကြိမ်တည်းနှင့် လုပ်ကြံမှု မအောင်မြင်သည်ကို လက်လျှော့ အရှုံးပေးမည့်သူမဟုတ်။ ဘုရားရှင် ပရိနိဗ္ဗာန်မစံမချင်း အကြိမ်ကြိမ်လုပ်ကြံပေလိမ့်မည်။ ထို့ကြောင့် ဘုရားရှင်သွားလေရာရာ အရိပ်သဖွယ် လိုက်၍ စောင့်ရှောက်ကြမှ သင့်မည်ဟု တွေးထင်ကြကာ ဘုရားရှင် သွားလေရာနောက်သို့ တကောက်ကောက်လိုက်ကြလေ၏။

ဘုရားရှင်က ရဟန်းများ၏ သွားလာလှုပ်ရှားမှုများ ထူးဆန်းလှသဖြင့် ညီတော် အာနန္ဒာကို မေးမြန်းလေရာ ညီတော် အာနန္ဒာက ဘုရားရှင်၏ သက်တော်လုံခြုံမှုအတွက် ရဟန်းများက စောင့်ရှောက်နေကြကြောင်း ပြန်လည်လျှောက်ထားလိုက်လေ၏။ ထိုအခါ ဘုရားရှင်က ညီတော် အာနန္ဒာနှင့် ရဟန်းများကို ဤသို့ မိန့်တော်မူလေသည်။

"ချစ်သားတို့… မြတ်စွာဘုရား၏ အသက်ဇီဝတော်တို့ကို သာမန်လူ မဆိုထားနှင့်၊ လောကသုံးပါး၊ ဘုံသုံးပါး၌ ရှိကြကုန်သော တန်ခိုးကြီးသည့် နတ်မင်းများ၊ ဘီလူးများတို့သည်ပင် မဖျက်ဆီးနိုင်ကြပေ။ ဘုရားရှင်တို့၏ ပရိနိဗ္ဗာန်ဟူသည်ကား သုံးပါးရှိပေ၏။

(၁) ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိခဲ့စဉ်ကတည်းက ကုန်ခန်းသေဆုံးခဲ့သော ကိလေသာ ပရိနိဗ္ဗာန်သည် တစ်ပါး။

(၂) လူ နတ် ဗြဟ္မာ သတ္တဝါနှင့် မိုးကြိုးလက်နက်၊ သောင်မီးလက်နက်၊ ဘီလူးသဘက် စသည့် အခြားသော ဥပယောဂတို့ဖြင့် မြတ်စွာဘုရားတို့သည် ပရိနိဗ္ဗာန် မပြုမူ၍ ဘုရားရှင်တို့ကိုယ်တော်တိုင် အာယုသင်္ခါလွှတ်တော်မူသော ခန္ဓပရိနိဗ္ဗာန်သည် တစ်ပါး။

(၃) ဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုပြီးသောအခါ ကြွင်းကျန်ရစ်သော အသမ္ဘိန္နဓာတ်တော်များဖြစ်သည့် စွယ်တော် ၄ဆူ၊ ညှပ်ရိုးတော် ၂ဆူ၊ နဖူးသင်းကျစ်တော် ၁ဆူ၊ ပေါင်း ၇ဆူနှင့် အသွေးတော်၊ အရိုးတော်၊ အရွတ်တော် စသည့် ရှစ်စရွတ်မျှရှိသော ဓာတ်တော်မွေတော်တို့သည် ငါဘုရားရှင် ထားတော်မူခဲ့သော သာသနာ ၂၅၀၀နှစ်နှင့် သိကြားသာသနာ ၂၅၀၀နှစ်၊ စုစုပေါင်း သာသနာ ၅၀၀၀ ကုန်ဆုံးသောအခါ အကွဲကွဲအပြားပြား ဒေသအသီးသီးသို့ ရောက်နေကြသော လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နဂါးပြည်တို့မှ ဓာတ်တော်များမှာ ငါဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်တည်ရှိရာ နေရာသို့ ရောက်လာစုဝေးကြလိမ့်မည်။ ဤသို့ ဖြစ်ခြင်းကို ဓာတုပရိနိဗ္ဗာန်မည်၏။

ချစ်သားတို့… မြတ်စွာဘုရားရှင်တို့၏ အသက်ဇီဝကိုသာမက၊ မြတ်စွာဘုရားရှင်အတွက် လှူဒါန်းရည်ရွယ်၍ သိမ်းဆည်းထားအပ်သော ပစ္စည်းလေးပါး၊ ဘုရားရှင်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးနှင့် ရှစ်ဆယ်သော လက္ခဏာငယ်၊ ရောင်ခြည်တော်ခြောက်သွယ် စသည်တို့ကိုလည်း တစ်ဦးတစ်ယောက်သောသူသည် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုနိုင်ကြပေ"

ဟု မြွက်ဟ မိန့်ကြားတော်မူလေသည်။ ထိုသို့ မြွက်ကြားတော်မူပြီးနောက်…

* အဋ္ဌာန မေတံ၊ ဘိက္ခဝေ၊ အနဝကာသော၊ ယံပရူပက မေန၊ ဘိက္ခဝေ၊ တထာကတံ၊ ဇီဝိတာ ဝေါရောပေယျ။
* အနုပက္ကမေန၊ ဘိက္ခဝေ၊ တထာဂတာ၊ ပရိနိဗ္ဗာယန္တိ။
* ဧတေန၊ သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတု၊ သဗ္ဗဒါ။
* ဧတေန၊ သစ္စဝဇ္ဇေန၊ သောတ္ထိတေ၊ ဟောတု၊ သဗ္ဗဒါ။

အထက်ပါ ဂါထာတော်ကို ဟောကြားမိန့်မြွက်ခဲ့ပြန်ပါသည်။ ထို့ကြောင့် အဆိုပါ မြတ်စွာဘုရား၏ သက်တော်မြဲ ဂါထာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ်ကြခြင်းဖြင့် ကျွန်ုပ်တို့သည် သဘာဝ ဘေးအန္တရာယ်ဆိုး၊ ဥပဒ္ဒွေဒကကံ၊ ကပ်ရောဂါအမျိုးမျိုး စသည့် အသက်ဘေး ကျရောက်နိုင်သော ကိစ္စမှန်သမျှတွင် မကောင်းသူ ပယ်သည့်အထဲ၌ မပါဝင်ဘဲ၊ ကောင်းသူကို ကယ်သည့်အထဲ၌ ပါဝင်သောသူများ ဖြစ်ပါစေဟု စိတ်ရင်းစေတနာကောင်းဖြင့် ရေးသားတင်ပြ မျှဝေပေးလိုက်ရပါသည်။ အသက်ရှည်၍ အနာမဲ့ကြပါစေသော်။

* * *

သိဒ်သူ

www.burmeseclassic.com



**သေမှာ ကြောက်၍ ငိုသော ဆရာတော်ကြီး**

အခုလက်တွေ့ ဖြစ်ရပ်တွေကို ပြောပြရတာကတော့ သေခြင်းတရားဆိုတာ ငါတို့မိသားစုတင် ကြုံနေရတာ မဟုတ်ဘူး။ လူသားအားလုံး ကြုံနေရတာပါလားလို့ သိပြီး သောက ဖြေနိုင်သလောက် ပြေစေချင်လို့ပါပဲ။ ဒီနေရာမှာ သေခြင်းတရားကို အမှုမဲ့ အမှတ်မဲ့ နေမိတဲ့အတွက် သေမှာ ကြောက်ပြီး ငိုကြွေးခဲ့ရတဲ့ ငယ်ဖြူ ဆရာတော်ကြီးတစ်ပါးအကြောင်းကို တင်ပြပါဦးမယ်။

မြို့နယ် စာသင်တိုက်ကြီးတစ်ခုက ဆရာတော်ကြီး တစ်ပါးပါပဲ။ သက်တော် ၆၇နှစ်၊ ဝါတော် ၄၇ဝါ ရပါပြီ။ ရောဂါက ရင့်နေကော့ နယ်ဆေးရုံမှာ မနိုင်တော့တာနဲ့ မန္တလေးဆေးရုံကြီးမှာ လာတင်ရပါတယ်။ ဦးပဉ္စင်းတို့ကိုယ်တိုင် တတ်နိုင်သလောက် သွားပြုစုရပါတယ်။ ...

လွန်နေပြီ၊ မရတော့ဘူးလို့ ဆရာဝန်ကြီးက ဦး...


လူနာစောင့်တွေကို တိုးတိုးတိတ်တိတ် သတိပေး...

ဒါပေမယ့် ပါးနပ်တဲ့ ဆရာတော်ကြီးက ရိပ်...

တယ်။ သေနည်း ကြိုတင်ပြင်ဆင်ထားသူဆိုရင်တော့...

လှုပ်မှာ မဟုတ်ပါဘူး။ အနားက လူနာစောင့်တွေ...

ဒကာမတွေကို ဘေးဖယ်ခိုင်းပြီး သေမင်းကို ရင်ဆိုင်...




အသေမြတ်ချင်
သေနည်းသင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးခမျာ သေခြင်းတရားကို အဝေး
ပေါ့ပေါ့တန်တန် နေခဲ့မိလေတော့
ရားကို သိပ်ကြောက်နေရှာတယ်။
လောက်ထိ ကြောက်နေ
မနက်ဖြန် ပျံတော်မူ
ဆိုရင် ဒီနေ့လိုနေ့မှာ
ယောက်လို ရှိုက်ကြီး
ပါတယ်။ ငိုကြွေးပေ
သေဘေးကမလွတ်
က်ရက်မှာ ပျံလွန်
ပဲ။ ကြောက်လန့်
အတိမ္မာလို
ောက်ရင်
သိက်ကို



www.burmeseclassic.com

www.burmeseclassic.com

ဒီဒေါသနဲ့သာ သေရရင် ငရဲကျရမှာပါ။ ဒါကြောင့် သေခါနီးမှာ ကြောက်ရွံ့ထိတ်လန့်တဲ့ စိတ်မဖြစ်ဖို့ သေနည်းသင်တန်းတက်ထားရပါမယ်။ အသေပြင်ထားရပါမယ်။ အသေမြတ်ဖို့အတွက် သေနည်းပြင်ထားချင်တဲ့သူဟာ ပထမဆုံးအနေနဲ့ မရဏာနုဿတိ ဘာဝနာပွားများထားရပါမယ်။ သေခြင်းတရားကို အဖန်ဖန် အမှတ်ရခြင်းကို မရဏာနုဿတိ ဘာဝနာပွားများထားရပါမယ်။ သေခြင်းတရားကို အဖန်ဖန်အမှတ်ရခြင်းကို မရဏာနုဿတိ ဘာဝနာလို့ ခေါ်ပါတယ်။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်" ဆိုတဲ့ စကားလေးက မရဏာ နုဿတိ ဘာဝနာ ကောင်းကျိုး ဘယ်လောက်ထိများတယ်ဆိုတာ တိုင်းတာပြခြင်းပါပဲ။

အဲဒီစကားရဲ့ လိုရင်းအဓိပ္ပာယ်ကတော့ ကျောင်းကို ဆယ်ခေါက်သွားပြီး ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း ကုသိုလ်ထက် မသာတစ်ခေါက်လိုက်ပို့ရင်း ပွားများလိုက်တဲ့ ဘာဝနာကုသိုလ်က ပိုပြီးတော့ သာတယ်လို့ ပြောတာပါပဲ။ မရဏာနုဿတိဘာဝနာပွားများသူများဟာ ကောင်းကျိုးလေးမျိုးကို ရရှိပါမယ်။ ပထမဆုံး ကောင်းကျိုးကတော့ မရဏာနုဿတိဘာဝနာပွားများထားသူဟာ သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မတုန်လှုပ်၊ မကြောက်လန့်တော့ပါဘူး။

သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားပါတယ်။ အဲဒါဟာ မရဏာနုဿတိဘာဝနာပွားများခြင်းရဲ့ ပထမဆုံး ကောင်းကျိုးပါ။ ဒုတိယကောင်းကျိုးကတော့ ကုသိုလ်ကောင်းမှုပြုခွင့် ကြုံလာပြီဆိုရင် အချိန်မဆွဲတော့ပါဘူး။ ချက်ချင်းပြုဖြစ်ပါတယ်။ တတိယ ကောင်းကျိုးကတော့ မကောင်းမှု အကုသိုလ်မှန်သမျှကို မကြံဖြစ်၊ မပြောဖြစ်၊ မလုပ်ဖြစ်တော့ပါဘူး။

မကောင်းမှု အကုသိုလ်တွေ ကြံရင်း၊ ပြောရင်း၊ လုပ်ရင်းနဲ့ သေသွားရင် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး အကုသိုလ်ကြောက်တဲ့ သြတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားကြီးဟာ မရဏာနုဿတိ ဘာဝနာကြောင့် ထင်ထင်ရှားရှားရောက်လာခြင်းဖြစ်ပါတယ်။ မရဏာနုဿတိ ဘာဝနာပွားများခြင်းရဲ့ စတုတ္ထကောင်းကျိုးကတော့ နတ်ရွာသုဂတိကို အလွယ်တကူရောက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မရဏာနုဿတိဘာဝနာရဲ့ ကောင်းကျိုးနဲ့ ပတ်သက်ပြီး သာဓကတစ်ခု အကျဉ်းချုပ်ပြီး ထုတ်ပြပါမယ်။ ပဉ္စကနိပါတ်၊ ဥရဂဇာတ်ပဲ ဖြစ်ပါတယ်။ တစ်နေ့တော့ သာဝတ္ထိပြည်က သူကြွယ်တစ်ယောက်ဟာ သားလေးသေတာကို အကြောင်းပြုပြီး သောကပရိဒေဝမီး တောက်လောင်နေရှာပါတယ်။ အဲဒီအခါမှာ ဘုရားရှင်ကြွလာတော်မူ[...] တရားပြတော်မူပါတယ်။

"အထခေါ် အပရိမာဏောသု စက္ကဝါဠေသု တီသုဘ[...] သု အမရဏာ ဓမ္မောနာမ နတ္ထိ၊ တဗ္ဘာသေနေဝဗ္ဗာသမ္ဘ[...] ကေသခ်ီရောပိ သဿတောနာမ နတ္ထိ"

အထခေါ် - စင်စစ်သော်ကား၊ အပရိမာဏောသု [...] အတိုင်းအရှည် မရှိကုန်သော၊ စက္ကဝါဠေသု - စကြာဝဠာ[...] ၌၊ တီသုဘဝေသု - ဘဝသုံးပါးတို့၌၊ အမရဏာဓမ္မောနာမ[...] မသေသော တရားမည်သည်ကား၊ နတ္ထိ - မရှိ။

အတိုင်းအရှည်မရှိတဲ့ စကြာဝဠာကြီးထဲမှာ ကာမဘ[...] ရူပဘုံ၊ အရူပဘုံ ဆိုတဲ့ ဘုံသုံးပါး၊ ဘဝသုံးပါးလုံးမှာ မသေ[...] တရားဆိုတာ မရှိပါဘူးတဲ့။

တဗ္ဘာဝေနေဝ - ထိုမြင်ရသော၊ သူ့သဘောဖြင့်[...] လျှင်၊ ဗာတုံ - အမြဲတည်စေခြင်းငှာ၊ သမတ္ထော - စွမ်းနိုင်[...] သော၊ ကေသခ်ီရောပိ - တစ်ပါးသော သင်္ခါရတရားမျှလည်[...] သဿတောနာမ - ခိုင်မြဲသောသဘောမည်သည်၊ နတ္ထိ[...] တစိုးတစိ မရှိချေ။

> “
>
> သူ့သဘောနဲ့သူ မပျက်မစီး အမြဲတည်နေတဲ့ သင်္ခါရ တရားဆိုတာ ဘာလဲ။ တစ်ခုမှ မပါဘူးတဲ့။ သဗ္ဗေသတ္တာ မရဏာဓမ္မာ - သတ္တဝါမှန်သမျှ သေရတဲ့ သဘောရှိတယ်။ သဗ္ဗေသင်္ခါရာ ဘိဇ္ဇနဓမ္မာ - သင်္ခါရတရားအားလုံး ပျက်စီးရတဲ့ သဘောရှိတယ်။ ဒီသေဆုံး ပျက်စီးရတာကလည်း မိမိ တစ်ဦးတည်း ကြုံရတာ မဟုတ်ဘူး။ သတ္တဝါမှန်သမျှ ကြုံနေရတာပဲဆို[...] ဗုဒ္ဓက ဆက်ဟောကြားထားပါတယ်။ အဲဒီသဘောလေးကို[...] ငုံမိအောင် မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး[...] လင်္ကာလေး သီထားပါတယ်


www.burmeseclassic.com

www.burmeseclassic.com

သူ့သဘောနဲ့သူ မပျက်မစီး အမြဲတည်နေတဲ့ သင်္ခါရတရားဆိုတာ ဘာလဲ။ တစ်ခုမှ မပါဘူးတဲ့။ သဗ္ဗေသတ္တာ မရဏဓမ္မာ - သတ္တဝါမှန်သမျှ သေရတဲ့ သဘောရှိတယ်။ သဗ္ဗေသင်္ခါရာ ဘိဇ္ဇနဓမ္မာ - သင်္ခါရတရားအားလုံး ပျက်စီးရတဲ့ သဘောရှိတယ်။ ဒီသေဆုံး ပျက်စီးရတာကလည်း မိမိတစ်ဦးတည်း ကြုံရတာ မဟုတ်ဘူး။ သတ္တဝါမှန်သမျှ ကြုံနေရတာပဲ ဆိုတာ ဗုဒ္ဓက ဆက်ဟောကြားထားပါတယ်။ အဲဒီသဘောလေးကို ငုံမိအောင် မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီးက လင်္ကာလေး သီထားပါတယ်။

ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်
ကွယ်ချုပ်ဝင်သည့် ဤသင်္ခါရ၊ သဘာဝကား
ဗြာနနယ်ခြီး တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ
တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌
သင်းသီးသန့်ခြား တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ
မဟုတ်ပါဘူး၊ ဖြပ္ပဘာလူနတ် ထုတ်ချင်းခတ်အောင်
ဥပါဒ်စလျှင် ဋီသို့ ဝင်၍၊ ဘင်္ဂက္ခဏ မရဏဖြင့်
ရှုရှုလှုပ်လှုပ် တစ်ချုပ် ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး
ဖြစ်တိုင်း ညှိုးသည်၊
အရိုး အနိစ္စပါတကား။
အရိုး ဒုက္ခပါတကား။
အရိုး အနတ္တပါတကား။ ။

သူကြွယ်ရဲ့ သောကပရိဒေဝ အနည်းငယ် ပြေသွားပြီဆိုတာနဲ့ ရှေးက ပညာရှိတွေဟာ မိမိသားသေသော်လည်း သေခြင်းသဘောတရားရှိတဲ့ တရားဟာ သေတာပဲ။ ပျက်စီးခြင်းသဘောတရားရှိတဲ့ တရားဟာ ပျက်စီးတာပဲလို့ ဆင်ခြင်ပြီး စိုးရိမ်သောက မဖြစ်ကြဘူးလို့ အစချီပြီး ဥရဂဇာတ်ကို ဟောကြားတော်မူပါတယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးမိုးအုပ်ချုပ်နေတဲ့ အချိန်၊ မြို့တံခါးအနီးမှာ ပုဏ္ဏားမိသားစု ခြောက်ယောက်ရှိကြတယ်။ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးရယ်၊ သားရယ်၊ ချွေးမရယ်၊ သမီးရယ်၊ ကျွန်မလေးရယ်ပေါ့။ ကျွန်မလေးကိုလည်း သမီးတစ်ယောက်လို သဘောထားတော့ မိသားစုလိုပဲ ဖြစ်နေတာပေါ့။ မိသားစုအားလုံးကို ပုဏ္ဏားကြီးက မရဏာနုဿတိဘာဝနာကို ပွားများနိုင်းထားတယ်။

သူကိုယ်တိုင်လည်း အမြဲပွားများတယ်။ ပရိသတ်များလည်း ပွားများတတ်အောင် သင်ပေးခဲ့ပါမယ်။ အားလုံးလိုက်ဆိုပါ။

**မရဏံမေဓုဝံ၊ ဇီဝိတံမေ၊ အဓုဝံ။**

မေ- ငါ့အား၊ မရဏံ- သေရခြင်းသဘောသည်၊ ဓုဝံ- အမြဲရှိ၏။ မေ- ငါ့အား၊ ဇီဝိတံ- အသက်ရှင်၍ နေရခြင်းသဘောသည်၊ အဓုဝံ- အမြဲမရှိ။

မြန်မာလို လိုက်ဆိုပါဦး။

ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။

ငါ့အား နေရခြင်းသဘောသည် အမြဲမရှိ။

အဲဒါလေးကို သတိရတဲ့အခါတိုင်း စိတ်ထဲကနေ ရွတ်ဆိုပွားများနေပါ။ ပုဏ္ဏားကြီးတို့ မိသားစုလည်း အဲဒီလို ပွားများလာကြတာ နှစ်အတော်ကြာသွားကြပြီပေါ့။ တစ်နေ့တော့ သားအဖနှစ်ယောက် လယ်ထဲက အမှိုက်စတွေစုပြီး မီးရှို့ကြတယ်။ ထွက်လာတဲ့ မီးခိုးတွေက တောင်ပို့ပေါက်ထဲ လေသင့်တော့ ဝင်ကုန်တယ်။ တောင်ပို့ထဲမှာနေတဲ့ မြွေဟောက်က ဒေါသဖြစ်သွားတယ်။

ငါ့ကို မီးခိုးမွှန်အောင်လုပ်တဲ့လူ သေပေတော့ဆိုပြီး တောင်ပို့ထဲက ထွက်လာပြီး ပုဏ္ဏားကြီးရဲ့ သား ခြေထောက်ကို ပေါက်လိုက်တယ်။ အဆိပ်ပြင်းတဲ့အတွက်ကြောင့် တုံးခနဲလဲပြီး ချက်ချင်းသေသွားတယ်။ သားသေတာကို မြင်လိုက်တာနဲ့ ပုဏ္ဏားကြီးက သေခြင်းသဘောတရားရှိတဲ့ အရာဟာ သေရတာပဲ။ ပျက်စီးခြင်းသဘောတရားရှိတဲ့ အရာဟာ ပျက်စီးရတာပဲ။

ငါ့အား သေခြင်းသဘောသည် အမြဲရှိ၏။ ငါ့အား အသက်ရှင်၍ နေရခြင်းသဘောသည် အမြဲမရှိလို့ ပွားများရင်း သားအလောင်းကို မီးသင်္ဂြိုဟ်ရအောင် ထင်းတွေ ရှာပြီး ချက်ချင်းပြင်ဆင်တယ်။ တစ်ချက် မျက်နှာမညှိုးဘူး။ မရဏာနုဿတိ ဘာဝနာရဲ့ စွမ်းရည်ပေါ့။ ပြင်ဆင်ပြီးတာနဲ့ အိမ်ဘက်သွားမယ့် လူကြုံတစ်ယောက်ကို မှာလိုက်တယ်။

ပုဏ္ဏေးမကြီးနဲ့ မိသားစုများအားလုံး ပန်းနံ့သား လက်စွဲပြီး လယ်ထဲကို လိုက်လာကြပါ။ ထမင်းကိုလည်း တစ်ယောက်စာသာ ထုပ်ခဲ့ပါဆိုတဲ့ အမှာစကားကို ကြားရတော့ ပြောလာသူကို တစ်ချက်ပဲ ပြန်မေးလိုက်တယ်။ အခု မှာလိုက်သူဟာ ပုဏ္ဏားကြီးလား၊ သားကြီးလားတဲ့။ လူကြုံက ပုဏ္ဏားကြီးက မှာလိုက်တာပါလို့ ဖြေလိုက်တာနဲ့ ပုဏ္ဏေးမကြီးက သိသွားပြီ။ ယနေ့ ငါ့သားတော့ ဆုံးရှာပြီလို့။

**သေတာ မငိုသော မိသားစု**

မိသားစုအားလုံးကို သားသေကြောင်း အသိပေး ပြောကြားပြီး မီးသင်္ဂြိုဟ်ဖို့ ထွက်လာခဲ့ကြတယ်။ ထမင်းကလည်း တစ်ယောက်စာသာ ထုပ်လို့ပေါ့။ လယ်ထဲ ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com

အလောင်းဘေးမှာ ဝိုင်းထိုင်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ မရဏာနုဿတိ ဘာဝနာကို ပွားများကြတယ်။ ရုပ်ပျက် ဆင်းပျက် အော်ဟစ်ငိုဖို့နေနေသာသာ မျက်ရည်တောင် မလည်ကြပါဘူးတဲ့။ ဘာဝနာပွားပြီးတာနဲ့ သားအလောင်းကို မီးသင်္ဂြိုဟ်ကြတယ်။

သူတို့ရဲ့ မရဏာနုဿတိ ဘာဝနာ တန်ခိုးကြောင့် သိကြားမင်းတောင် မနေနိုင်ဘဲ တာဝတိံသာက ဆင်းလာပြီး ခရီးသွားယောင်ဆောင်ကာ ပုဏ္ဏားကြီးကို မေးတယ်။

"အသင်ပုဏ္ဏားကြီးတို့ မိသားစု ဘာလုပ်နေကြတာပါလဲ"

"လူသေအလောင်းကို မီးသင်္ဂြိုဟ်နေတာပါ"

"ကျွန်ုပ်ကတော့ လူသေ မီးရှို့တယ်လို့ မထင်ဘူး။ သားကောင်တစ်ကောင်ကို မီးရှို့တယ်လို့ပဲ ထင်တယ်"

"မဟုတ်ပါဘူး ခရီးသွားကြီး၊ လူသေကောင်ကို မီးရှို့တာပါ"

"လူသေဆိုရင်လည်း အဲဒီသေတဲ့လူဟာ သင်တို့ရဲ့ ရန်သူဖြစ်မယ် ထင်ပါတယ်"

"ရန်သူမဟုတ်ပါဘူး။ ကျွန်ုပ်ရဲ့ သားကြီးပါ"

"သားဆိုရင်လည်း မုန်းစရာကောင်းတဲ့သား ဖြစ်မယ် ထင်ပါတယ်"

"မဟုတ်ပါဘူး။ လိမ္မာပြီး အလွန်ချစ်စရာကောင်းတဲ့ သားတစ်ယောက်ပါ"

"ဒါဆိုရင် ဖခင်ဖြစ်တဲ့ သင်ဟာ ဘာဖြစ်လို့ မငိုတာလဲ"

"မိတ်ဆွေ . . . မြွေဟာ အရေဟောင်းကို စွန့်ပြီး လိုရာသွားသကဲ့သို့ ကျွန်ုပ်သားသည်လည်း ဘဝဟောင်းကို စွန့်၍ ဘဝသစ်သို့ သွားခဲ့လေပြီ၊ ဤရုပ်ကလာပ်သည် ဘာမျှ အသုံးမကျတော့ပေ။ သေလွန်သွားသူအတွက် ငိုကြွေးလို့ ကျွန်ုပ်အတွက် ဘာအကျိုးရှိမှာလဲ။ ကျွန်ုပ်တို့က ငိုကြွေးနေသော်လည်း ဘဝတစ်ပါးရောက်သွားသူက ဘာမှမသိတော့ပေ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ် မိတ်ဆွေ"

"အင်း . . . တော်ပါပေတယ်၊ တော်ပါပေတယ်"

ဟု ပြောကာ ပုဏ္ဏေးမကြီးဘက် လှည့်မေးပြန်ပါတယ်။

"အစ်မကြီးနဲ့ အခုသေသွားသူဟာ ဘာတော်ပါသလဲ"

"ကျွန်မဝမ်းမှာ ဆယ်လလွယ်ပြီး မွေးခဲ့ရတဲ့ သားအရင်းပါ"

"သားအရင်းသေတာတောင် မျက်ရည်တစ်စက်မကျ



တာ ဘယ်လိုကြောင့်ပါလဲ"

"ခရီးသွားကြီး . . . ကျွန်မသားဟာ ကျွန်မက မခေါ်ဘဲနဲ့ ဒီဘဝထဲကို ရောက်လာတာပါ။ အခုလည်း ကျွန်မက မနှင်ဘဲ သူ့ဟာသူ ဘဝတစ်ပါးကို ပြန်သွားခဲ့ပါပြီ။ အဲဒီလို မခေါ်ဘဲနဲ့ လာ၊ မနှင်ဘဲနှင့် ပြန်သူတစ်ယောက်အတွက် ကျွန်မ ငိုနေလို့ ဘာမှအကျိုးမရှိပါဘူး"

လို့ ဖြေလိုက်တော့ သိကြားမင်းလည်း တအံ့တသြဖြစ်ပြီး သေသူရဲ့ နှမကို မေးမြန်းပါတယ်။

"တူမနဲ့ သေသူ ဘာတော်ပါသလဲ"

"မောင်နှမတော်ပါတယ်"

"ဒါဆိုရင် ကိုယ့်အစ်ကိုတစ်ယောက်သေတာ ဘာဖြစ်လို့ မငိုရတာလဲ"

"ဦးကြီး . . . သေသူအတွက် ငိုကြွေးပြီး မစားနိုင် မသောက်နိုင်ဖြစ်ရင် ပိန်လှီပြီး ရောဂါရတာပဲ ရှိမှာပေါ့။ သေ သူအတွက်ရော၊ ငိုသူအတွက်ပါ ဘာမှအကျိုးမရှိပါဘူး ကျွန်မနဲ့ စပ်ဆိုင်သမျှ ဆွေမျိုးသားချင်းတွေက ကျွန်မ ငို ကြွေးတာ ကြည့်ပြီး စိတ်ဆင်းရဲတာပဲ ရှိမှာပါ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

သိကြားမင်းကတော့ အံ့သြပြီးရင်း အံ့သြရင်းပေါ့ တစ်ခါ သေသူရဲ့ မယားဖြစ်သူဘက် လှည့်ပြီး . . .

"ဒီဘက်က တူမနဲ့ရော၊ သေသူနဲ့ရော ဘာတော် သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကို လုပ်ကိုင်ကျွေးမွေးနေတဲ့ ခင်ပွန်းဖြစ်ပါတယ်"

"ကိုယ့်ခင်ပွန်း လင်သားတစ်ယောက်သေတာတောင် ဘာကြောင့် မငိုကြွေးတာလဲ"

"ကောင်းကင်က လမင်းကို ယူပေးဖို့ ပြောပြီး ငိုကြွေးတဲ့ ကလေးရယ်၊ သေသူကို အာရုံပြုပြီး ငိုကြွေးတဲ့သူရယ်ဟာ အတူတူပါပဲ။ ဘာမှ အကျိုးမရှိပါဘူး။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

"ဒီဘက်က တူမကရော သေသူနဲ့ ဘာတော်ပါသလဲ"

"ကျွန်မရဲ့ သခင်ပါ"

"သခင်တစ်ယောက်သေတာကို ဘာကြောင့် မငိုကြွေးရတာလဲ။ အသင့်အပေါ်မှာ နှိပ်စက်ကလူပြုခဲ့တဲ့သူ ဖြစ်နေသို့များလား"

"အမှုလုပ်တွေအပေါ် မေတ္တာ၊ ကရုဏာနဲ့ စောင့်ရှောက်တဲ့ သခင်တစ်ယောက်ဖြစ်ပါတယ်။ မငိုကြွေးရတာကတော့ အစိတ်စိတ်အမွှာမွှာကွဲသွားတဲ့ အိုးဟာ ဘယ်လိုမှ အကောင်းပြန်မဖြစ်တော့သလို၊ သေသူအတွက် ငိုကြွေးနေသို့လည်း အသက်ပြန်ရှင်နိုင်တော့တာ မဟုတ်ပါဘူး။ ဒါကြောင့် အပိုအလုပ်ဖြစ်တဲ့ ငိုကြွေးခြင်းအလုပ်ကို မလုပ်တာဖြစ်ပါတယ်"

အဲဒီအခါမှာ သိကြားမင်းဟာ သာစုသုံးကြိမ်ခေါ်ပြီး သင်တို့ ရထားတဲ့ တရားကို နားထောင်ချင်လို့ လာခဲ့ခြင်းဖြစ်ပါတယ်။ ငါဟာ နတ်တို့ရဲ့ အရှင် သိကြားမင်းပါ။ သင်တို့သားဟာလည်း နတ်ပြည်ကို ရောက်နေခဲ့ပါပြီ၊ သင်တို့လည်း ယနေ့က စပြီး ဝမ်းရေးအတွက် ဘာမှမပူကြပါနဲ့တော့။ သင်တို့မိသားစုအတွက် တစ်သက်စာ ရတနာများကို ပေးခဲ့ပါမယ်။ အကျိုးကြီးလှတဲ့ မရဏာနုဿတိ ဘာဝနာကို ဆက်လက်ပွားများပြီး ဒါနလည်း ပြုကြပါ။ သီလလည်း ဆောက်တည်ကြပါလို့ မှာကြားပြီး နတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။

သေနည်းသင်တန်းအတွက် ဒုတိယအချက်ကတော့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ တရားဆိုးသုံးမျိုး နည်းသွားအောင်၊ ကုန်သွားအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျန်တဲ့ ကိလေသာတွေကတော့ ဒီသုံးပါးထဲ ထိုက်သလို ဝင်သွားကြတာပါ။ ဒါကြောင့် ဒီသုံးပါးကိုသာ အဓိကထား ပြောရခြင်းဖြစ်ပါတယ်။ ကိလေသာခေါင်းချုပ်ကတော့ ဒိဋ္ဌိ ကိလေသာပါ။ သူ့ကိုတော့ ဝိပဿနာပညာနဲ့ သတ်ရပါတယ်။

ဒိဋ္ဌိပြုတ်ဖို့ကတော့ သီးသန့်အချိန်ပေးတော့မှ ဖြစ်မှာပါ။ အခု တရားက ဝိပဿနာကို ထိထိရောက်ရောက် မရှုတတ်သူတွေ၊ အရိယာ မဖြစ်သေးသူတွေအတွက် ဦးစားပေးပြောနေတာပါ။ ဝိပဿနာ မပွားတတ်သေးခင်၊ အရိယာမဖြစ်သေးခင် သေဘေးနဲ့ ကြုံလာခဲ့ရင် သစ်မရခင် ဝါးဖောင်ကွပ်တဲ့အနေနဲ့ ပြောပေးခြင်းပါ။ ဒီတော့ ဒီ ကိလေသာ သုံးမျိုးရဲ့ ဆိုးကျိုးတွေကို ကြည့်လိုက်ရင် လောဘဆိုတာ သက်ရှိသက်မဲ့ တစ်ခုခုကို စွဲလမ်းတပ်မက်ခြင်းပါ။ အဲဒီ လောဘစိတ်နဲ့ သေရင် ပြိတ္တာဘုံရောက်ပါတယ်။ ဒီလောဘဓာတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ဒုဗ္ဘိက္ခန္တရ - အငတ်ဘေးကြီး ဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ မီးလောင်ပြီး ပျက်စီးရပါတယ်။

ဒေါသဆိုတာ စိတ်ဆိုးတာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ အာဃာတ ထားတာတွေပါ။ အဲဒီ ဒေါသစိတ်နဲ့သေရင် ငရဲထိ ကျပါတယ်။ ဒီ ဒေါသဓာတ် လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် သတ္ထန္တရကပ်- လက်နက်ဘေးကြီး ဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ ရေလွှမ်းပြီး ပျက်စီးရပါတယ်။

မောဟဆိုတာ တွေဝေတာ၊ အမှန်ကို မသိတာ။ အဲဒီ မောဟနဲ့ သေရင် တိရစ္ဆာန်ဘုံရောက်ပါတယ်။ ဒီ မောဟဓာတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ရောဂန္တရကပ်- ရောဂါဘေးကြီး ဆိုက်ပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ လေတွေ ကျပြီး ပျက်စီးရပါတယ်။

လိုချင်တပ်မက်တဲ့ လောဘဓာတ်ကို ဒါနနဲ့ သတ်ပါ။ အမျက်ထွက်တဲ့ ဒေါသကို သီလနဲ့ သတ်ပါ။ တွေဝေတဲ့ မောဟကို ဘာဝနာနဲ့ သတ်ပါ။ တစ်ချက်ခုတ် သုံးချက်ပြတ် ဆိုတဲ့အတိုင်း ဘာဝနာတစ်ခုခု လက်ကိုင်ထားပြီး ပွားနေမယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟ သုံးမျိုးလုံး မဖြစ်နိုင်တော့ပါဘူး။ လောဘ၊ ဒေါသဖြစ်ရင် သိလွယ်လို့ ရန်သူကို တိုက်ရိုက်ရင်ဆိုင်ရတာနဲ့ တူပါတယ်။ ယှဉ်တိုက်တဲ့အခါ နိုင်တဲ့အခါလည်း နိုင်မယ်၊ ရှုံးတဲ့အခါလည်း ရှုံးမယ်ပေါ့။

ရှေ့လ ဆက်လက်ဖော်ပြပါမည်။

* * *

ဓမ္မဒါနရှင်(ရွှေပြည်သာ)




www.burmeseclassic.com

www.burmeseclassic.com


# ရွှေဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီ
# ထီးတော်တင်ပွဲအလှူ

■ မင်းထက်ကျော် (B.Sc) ■





www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော တစ်ပတ်ခန့်က ကျွန်ုပ် စာရေးသူနှင့် မိတ်ဆွေ ဆရာနှစ်ဦးတို့သည် ပဲခူးမြို့သို့ သွားရောက်ကြပါသည်။ ရန်ကုန်နှင့် ပဲခူး နီးရက်နှင့် မရောက်တာ ဖြလခန့် ရှိပေပြီ။ ဦးစွာပထမ ဘုရားကြီးတောင်ဘက်မုခ်တွင် ဆင်း၍ ရွှေမောဓောစေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ကြပါသည်။ ဘုရားဖူးပြီးသောအခါ အနောက်ဘက်မုခ်ရှိ အောင်ဇမ္ဗူစာအုပ်ဆိုင်သို့ သွားကြသည်။ ပထမ တင်ထားသော






စာအုပ်သိမ်း၍ ဖြအုပ်မြောက် ထုတ်ဝေသည့် "ဂြိုဟ်ရှစ်ခွင်နှင့် ယတြာများ"စာအုပ် အုပ်(၂၀)တင်ခဲ့သည်။ ထိုအောင်ဇမ္ဗူစာအုပ်ဆိုင်တွင် ဘာသာရေး၊ ဗေဒင်ပညာ၊ နိုင်ငံရေး စာအုပ်မျိုးစုံ ဝယ်ယူရရှိနိုင်သည်။ သို့သော် ဂျာနယ်မျိုးစုံတော့ ဝယ်မရပေ။ မည်သို့ပင်ဆိုစေကာမူ၊ ပဲခူးသူ ပဲခူးသားများ အနေဖြင့် ဘုရားဈေးမှ ဗုဒ္ဓဘာသာဆိုင်ကို အားပေးသင့်ပါသည်။


ကျွန်ုပ်တို့သည် ရွှေမောဓောဘုရားမှ ဘာဝနာ ပရိယတ္တိစာသင်တိုက်သို့ လမ်းလျှောက်သွားကြသည်။ ကျောင်းရောက်



www.burmeseclassic.com

www.burmeseclassic.com





သောအခါ ပါလာသော လှူဖွယ်ပစ္စည်းများကို ကပ်လှူကြသည်။ ထို့နောက် ဆရာတော်အား ကန်တော့ပြီး ရေမိုးချိုး၊ ထမင်းစား၍ ခေတ္တအနားယူကြသည်။

နေ့လယ် တစ်နာရီကျော်တွင် ဘာဝနာကျောင်းတိုက် အနီးရှိ အသောကာရာမကျောင်းတိုက်သို့ သွားကြသည်။ ဓေယျာသီရိ အသောကကျောင်းတိုက်သည် တရားရိပ်သာ ဖွင့်လှစ်ထားပြီး ဘုန်းတော်ကြီးသင် မူလွန်ကျောင်း၊ အာယု ပါလ ဆေးဒါနတို့ ဖွင့်လှစ်ထားသည်။


ကျွန်ုပ်တို့ ရောက်သောအခါ ဆရာတော် အပြင်မှ ပြန်ကြွလာချိန်ဖြစ်သည်။ သက်တော် ၈၃နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းသည်။ တောင်ဝှေးမကိုင်၊ မျက်မှန် မတပ်၊ ခါးမကိုင်းသေးပေ။

ဆရာတော်အား ကန်တော့ပြီး မဂ္ဂဇင်း၊ ဂျာနယ်တို့ လှူဒါန်းပါသည်။ လွန်ခဲ့သောနှစ်က နေလာဂျာနယ်၊ လပြည့်ဝန်း မဂ္ဂဇင်းတို့တွင် ဆရာတော် ဘဒ္ဒန္တသီရိန္ဒ၏ သာသနာပြုနှင့် ပရဟိတအကြောင်း ရေးသားခဲ့ဖူးသည်။ ဆရာတော်သည် ရောက်တိုင်း ရောက်တိုင်း စာရေးသူတို့အား ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးပါသည်။ ဆရာတော်ကြီးတပည့် ဦးပဋ္ဌင်းလေးမှာလည်း လိုအပ်တာ ကူညီဆောင်ရွက်ပေးပါသည်။

ဆရာတော်မှ...

"ကဆုန်လပြည့်နေ့မှာ ရန်အောင်မြင်စေတီ ထီးတော်တင်ပွဲအခမ်းအနားပြုလုပ်တယ်။ အဲဒီပွဲကျ ရောက်လာရင် ကောင်းမယ်"

ဟု မိန့်ဆိုပါသည်။ စာရေးသူတို့မှ ...










www.burmeseclassic.com

www.burmeseclassic.com







"ဓာတ်ပုံရိုက်ထားတာ ရှိရင် ဆောင်းပါးရေးပေးလို့ ရပါတယ် အရှင်ဘုရား"

ဟု လျှောက်လျှင် ဦးပဉ္ဇင်းလေးမှ ကွန်ပျူတာဖြင့် ဓာတ်ပုံကူးပြီး ကဒ်ထဲ ထည့်ပေးလိုက်သည်။ ဗွီဒီယိုမှတ်တမ်း ခွေတစ်ခွေလည်း ကူးပေးပါသည်။

ဆရာတော်မှ ရန်အောင်မြင် ဘုရားသမိုင်းအကြောင်း ရှင်းပြသည်။

"ဒီ ရန်အောင်မြင်စေတီက ရှေးဟောင်း သမိုင်းဝင် စေတီတစ်ဆူပါ။ ခရစ်နှစ် ၇၅၄၊ မြန်မာသက္ကရာဇ် ၂၁၆ခုနှစ်မှာ နန်းတက်သော အဿကုမာရ စစ်မြေအောင်မြင်၍ တည်ထားကိုးကွယ်တဲ့ စေတီတစ်ဆူပါ။ သမိုင်းမှာ "အောင်တော်မူ"လို့လည်း ခေါ်တယ်။ နန်းစံ ၇နှစ်မှာ ကြေးကုလားတွေကို စစ်တိုက်ပြီး အောင်မြင်လို့ ကိုယ်တိုင်တည်ခဲ့တာ။ ဆရာတော်လက်ထက်မှာ ပြုပြင်တာ နှစ်ကြိမ်ရှိပြီ"

ဟု မိန့်ဆိုပါသည်။


ဧယျာသီရိ အသောကကျောင်းတိုက်ဝင်းအတွင်းတွင် နဂါးရုံစေတီ၊ နဂါးမောက်စေတီ၊ ရပ်တော်မူ၊ ထိုင်တော်မူ၊ ဆုတောင်းပြည့်၊ ရေတွင်းညီနောင်၊ ဓမ္မာရုံ၊ တရားရိပ်သာ၊



www.burmeseclassic.com


www.burmeseclassic.com











သိမ်၊ ကျောင်း၊ ဇရပ်တို့ကို ပြည့်စုံစွာ တည်ဆောက်ထား တာ တွေ့မြင်ရပါသည်။ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ၊ ရဟန္တာ ပုံတော်များအပြင် နဂါးမယ်တော်ပုံလည်း တွေ့ရှိရပါသည်။ ရေမထွက်သောအချိန်က နဂါးမယ်တော်ပုံ ဆောင်ရွက်ပြီး ပွဲလှူလိုက်မှ ရေများ ဝေါခနဲ ထွက်လာကြောင်း သိရှိရပါ သည်။


အသောက ဆရာတော် ဘဒ္ဒန္တသိရိန္ဒ ဦးဆောင်မှုဖြင့် သာသနာ့မိခင်ကြီး ဒေါ်ခင်မေကြည် အမှူးပြု၍ သမီး ဒေါက်တာ စမ်းမာလာ၊ မြေး မောင်သန့်ဇင်မောင်တို့မှ ရန်အောင်မြင်စေတီကြီးကို ဂေပေမြှင့်ပြီး သံကူကွန်ကရစ် ဖြင့် ထပ်မံ ငုံတည်ထားပါသည်။ ၁၃၅၅ ခုနှစ်တွင် ပထမ အကြိမ် ပြုပြင်သည်။ အသောက ဆရာတော် ဦးဆောင်မှုဖြင့် နှစ်ဖက်မိဘများကို ဦးထိပ်ထား၍ ရဟန်းဒကာ ဦးနီတိုး+ ရဟန်းအစ်မ ဒေါ်တင်ရီ မိသားစု(ရန်ကုန်)မှ အမြင့်လုံးပတ် မွမ်းမံပြုပြင်သည်။ ၁၃၅၈ ခုနှစ်၊ တန်ခူးလကွယ်နေ့(အင်္ဂါ) တွင် ထီးတော် အနေကဇာတင်လှူပွဲ ပြီးစီးအောင်မြင်သည်။ ယခု ဒုတိယအကြိမ်ကိုလည်း အသောက ဆရာတော် ဘဒ္ဒန္တသိရိန္ဒ(သာသနဓဇ သိရိပဝရ ဓမ္မာစရိယ-အဂ္ဂမဟာ

www.burmeseclassic.com

ကမ္ဗောဇနာစရိယ) မဟာနာယက ဆရာတော် ဦးစီး ဦးဆောင်ပြု၍ မူလစေတီကို ငုံတည်ထားတော်မူပါသည်။ ထူးခြားမှုမှာ အရန်စေတီ ၂၈ ဆူနှင့် နှစ်ကျိပ်ရှစ်ဆူကန်သော ဗုဒ္ဓမြတ်စွာဘုရားများ တည်ထားကိုးကွယ်ထားခြင်း ဖြစ်ပါသည်။ ရန်အောင်မြင်စေတီမှာ ရွှေတိဂုံစေတီပုံနှင့် တူပြီး အရန်စေတီမှာ ရွှေစည်းခုံစေတီပုံစံဖြစ်သည်။ ရုပ်ပွားတော်တစ်ဆူချင်းစီအား အလှူရှင်အသီးသီးမှ လှူဒါန်းထားပြီး ကမ္ပည်းမော်ကွန်းထိုးထားပါသည်။


ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြောင့် အလှူရှင်များ တန်းစီနေကြသည်။ တစ်ခေါက်နှင့် တစ်ခေါက်ပို၍တိုးတက်တာ တွေ့မြင်နေရပါသည်။ စာရေးသူတို့လည်း ငွန်လမိုးနှင့် မိနေ၍ ထီးမိုးပြီး ဓာတ်ပုံရိုက်ကြရသည်။ ဘေးပတ်ပတ်လည်တွင် အလုပ်သမားများ တွေ့ရသည်။ စေတီရင်ပြင် ပြုလုပ်နေပုံရသည်။ ရန်အောင်မြင်စေတီမှ ရှေ့သို့ဆက်လျှောက်သွားပါက ဓမ္မာရုံကြီးနှင့် နှစ်ထပ် စာသင်ကျောင်းဆောင်ကို တွေ့ရသည်။ ထိုဓမ္မာရုံမှာ ကျောင်းသူ၊ ကျောင်းသားများ ဘုရားဝတ်တက်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ သင်ပေးနေသော အဆောင်ဖြစ်သည်။ ကျောင်းတက်ချိန်ဖြစ်၍ စာသင်၊ စာကျက်သံများ ကြားနေရသည်။

မုဒ်ဝမှ အပြင်ထွက်သောအခါ ကျိုက်ကလွန်ပွန်းစေတီသို့ ရောက်သည်။ ဆရာ ဦးလုစံမှ ကျိုက်ကလွန်ပွန်းစေတီပုံများကို ဓာတ်ပုံရိုက်သည်။ စာရေးသူနှင့် ကျော်ဇောဟိန်း (နံ့သာ)တို့သည် နံရံရှိ ဘုရားသမိုင်းပုံစာများကို ဖတ်မှတ်ဓာတ်ပုံရိုက်ကြသည်။ မွန်မိဖုရားတစ်ပါး တည်ခဲ့သော စေတီဖြစ်ပြီး ယခုအခါ မူလပုံစံ ပြန်မတည်နိုင်သေးပေ။ ပြိုပျက်နေသော ကုန်းကြီးပေါ်တွင် စေတီငယ်တစ်ဆူတည်ထား၏။ မုခ်ဦး၊ တန်ဆောင်း၊ ရင်ပြင်၊ ရုပ်ပွားတော် စသည့် သာသနိကအဆောက်အအုံများကို အသောက ဆရာတော်ဘုရားကြီးမှ



ပြုပြင်မွမ်းမံပေးခဲ့ပါသည်။

အသောက ဆရာတော် ဘဒ္ဒန္တသိရိန္ဒသည် တရားရှုမှတ်နည်းစာအုပ်၊ ကလေးသူငယ်များ အကုသိုလ် မပြုနိုင်ရန် အပါယဒုက္ခ၊ သံဝေဂ ဝတ္ထုကျမ်း၊ ငရဲခန်းစာအုပ်များကို ရေးသားပြုစု၍ ဓမ္မဒါနပြုခဲ့ပါသည်။ ၁၃၅၆ ခုနှစ်မှ စ၍ ၁၃၇၅ ခုနှစ်အထိ ယဉ်ကျေးမှုသင်တန်းပေးခြင်း၊ ဆင်းရဲနွမ်းပါး ကလေးများအား ရှင်သာမဏေ၊ သီလရှင်ဝတ်ပေးခြင်းတို့ကို ဆောင်ရွက်တော်မူပါသည်။ သီရိဝေပုလ္လခန်းမတွင် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဟောပြောပို့ချပေးသည်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး အာယုပါလဆေးခန်းမှ ကုသပေးသည်။







www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာကျောင်း၊ ဆေးခန်း၊ ဘိုးဘွားရိပ်သာ၊ ပရဟိတ ဂေဟာတို့တွင် လူမျိုး၊ ဘာသာမရွေးဟု ရေးထားသော်လည်း စာတွေနှင့် လက်တွေ့ ကိုက်ညီဖို့ လိုပါသည်။ လူမျိုး၊ ဘာသာမရွေး လက်ခံသော ဘိုးဘွားရိပ်သာမှာ ထားမလုံမှ "လုမ္ဗနီ ဘိုးဘွားရိပ်သာ"တစ်ခုသာ ရှိသည်ဟု သိရှိရပါသည်။ ပိုင်ရှင်မှာ ဟိန္ဒူလူမျိုးတစ်ဦးဖြစ်သည်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး မေတ္တာဖြင့် ဆောင်ရွက်နိုင်သော ဆေးကုသရေးအဖွဲ့များ ပေါ်ပေါက်ဖို့ လိုပါသည်။

အသောကရာမ ဆရာတော်ကြီး၏ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းတွင် လူမျိုးခြား ကလေးများ တွေ့ရသည်။ ဆရာတော်သည် ရန်ကုန်ဘက်ရှိ မရမ်းကုန်း အောင်ဓမ္မရိပ်သာ၊ ပဲခူး၊ မင်းရွာ၊ ခရမ်း-သုံးခွ စသည့် နယ်မြေများရှိ သာသနာ့ရိပ်သာ လေးဌာနကို အုပ်ချုပ်ဦးစီး ဆောင်ရွက်နေရပါသည်။ မုပ္ပလင်တောရကျောင်း၊ မင်းရွာ ကမ္မဋ္ဌာန်းကျောင်းတိုက်တို့ကို ဆောက်လုပ်လှူဒါန်းပါသည်။

ဝေါမြို့နယ်တွင် လမ်းဖောက်ပေးခြင်း၊ ပဲခူးတွင် တံတားဆောက်ပေးခြင်း၊ ခဏ္ဍာသိမ်တော် ပြုပြင်မွမ်းမံခြင်း၊ ဘုရားရုပ်ပွားတော်နှင့် ဂန္ဓကုဋိကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ နွေရာသီတွင် သောက်ရေ၊ သုံးရေ လှူဒါန်းခြင်း ပြုခဲ့ပါသည်။

သာသနာပြု လုပ်ငန်းများ မနားမနေဆောင်ရွက်တော်မူပြီး ဝိပဿနာကမ္မဋ္ဌာန်းတရား ပြသပေးနေသောကြောင့် ၁၃၆၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

ပဲခူးမြို့သို့ ရောက်ရှိပါက ဟသံာကုန်းဘက်၊ ဗိုလ်ကုန်း (၁၈)ရပ်ကွက်၊ ဘောလုံးကွင်းအနီးရှိ ဇေယျာသီရိကျောင်းတိုက်သို့ ဝင်ရောက်ပြီး သမိုင်းဝင် ဆုတောင်းပြည့် ရန်အောင်မြင်စေတီတော်ကို ဖူးမြော်ကြပါဟု တိုက်တွန်း နှိုးဆော်အပ်ပါသည်။

* * *

မင်းဆက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်အကျိုးပြုဝတ္ထု

သို့မဟုတ်

# ကာဠီအမျိုးသမီး



ရာဇဂြိုဟ်မြို့တွင် ကိုယ်ဝန်အရင့်အမာနှင့် ကာဠီအမည်ရှိ သူဌေးသမီးသည် ရာဇဂြိုဟ်တစ်မြို့လုံး ဝါဆိုလပြည့်နေ့၌

အာသဠှီနက္ခတ် ပွဲသဘင် ဆင်ယင်နေသည်ကို ကြည့်မြင်လိုသောကြောင့် ပြာသာဒ်အထက်ထပ်ကိုတက်ပြီး လေသာတံခါးဝမှ လေညင်းခံကာ ရပ်နေ၏။

ထိုအချိန်တွင် "သာတာဂိရိ"၊ "ဟေမဝတ"မည်သော နတ်စစ်သူကြီးနှစ်ပါးကလည်း နောက်ပါအခြွေအရံ ငါးရာစီနှင့် ထိုပြာသာဒ်၏ အထက်ကောင်းကင်ယံတွင် နှစ်ဦးသားဆုံတွေ့မိကြပေသည်။ ထို နတ်စစ်သူကြီးနှစ်ပါးလုံးမှာ ကဿပဘုရားရှင်လက်ထက်က ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်မှ ရဟန်းပြုကြသော စာတတ်ပေတတ် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းများ ဖြစ်ခဲ့ကြ၏။

ဝိနည်းဆုံးဖြတ်ရာတွင် အလွန်ကျွမ်းကျင်ကြလေသည်။ တစ်နေ့တွင် မိမိ၏ တပည့်တစ်ဦး မတရားမှုတွင် တပည့်အလိုကို လိုက်ပြီး မှားယွင်းစွာ အမှုကို ဆုံးဖြတ်ခဲ့မိသော အကုသိုလ်ကံတို့ကြောင့် ပျံလွန်တော်မူသည့်အခါ နတ်ဘီလူးစစ်သူကြီးများ ဖြစ်နေကြရတော့သည်။ တစ်ပါးက ဟိမဝန္တာတောင်၌ နေပြီး၊ တစ်ပါးက မဇ္ဈိမဒေသတောင်ပိုင်း "သာတ" မည်သောတောင်တွင် နေလေသည်။

သူတို့နှစ်ပါးသည် ဟိမဝန္တာ နတ်သဘင်အစည်းအဝေး၌ တွေ့ဆုံကြခိုက် အတိတ်က ဘဝအကြောင်းကိုလည်း သိမြင်ကြပြီး၊ မိမိတို့နေရာ၌ အထူးအဆန်းတွေ့လျှင် ပြောကြစတမ်းဟု ကတိထားကြ၏။

ဂေါတမမြတ်စွာဘုရားပွင့်တော်မူပြီး ဝါဆိုလပြည့်နေ့၌ မိဂဒါဝုန်တောတွင် ဓမ္မစကြာတရား ဟောကြားတော်မူသည်။ တရားဦးဟောတော်မူသည့် နေ့ထူးနေ့မြတ်ဖြစ်၍ စကြဝဠာတစ်ခွင်လုံး ထူးခြားပြီး သာယာကြည်နူးဖွယ်ရာများနှင့် ပြည့်စုံလေသောကြောင့် ဟိမဝန္တာတွင် နေသော ဟေမဝတနတ်စစ်သူကြီးသည် ဟိမဝန္တာ၏ ထူးခြားအံ့ဖွယ် သာယာလှပပုံကို သူငယ်ချင်း သာတာဂိရိကို ပြောကြားရန် နောက်ပါ အခြွေအရံ ငါးရာနှင့်တကွ ထွက်လာခဲ့ခြင်းဖြစ်၏။

သာတာဂိရိ နတ်စစ်သူကြီးကလည်း ဓမ္မစကြာတရားတော်ကို ကိုယ်တိုင်နာကြားရ၍ ဟေမဝတနတ်မင်းကို ပြောကြားရန် တပည့်ငါးရာနှင့်အတူ ထွက်လာခဲ့ခြင်းဖြစ်လေသည်။ အခုတော့ သူတို့နှစ်ပါးသည် ကာဠီအမျိုးသမီး၏ ပြာသာဒ် ထက်ကောင်းကင်ယံတွင် ဆုံတွေ့မိကြတော့၏။

သာတာဂိရိနတ်မင်းက ဟေမဝတနတ်မင်းကို လောကမှာ ဘုရားပွင့်နေပြီဖြစ်ကြောင်း ပြောပြကာ ဘုရားဖူးလိုက်ခဲ့ဖို့ ခေါ်လေသည်။ ဟေမဝတနတ်မင်းက ချက်ချင်း မလိုက်သေးဘဲ ဘုရားစစ်၊ ဘုရားမှန်ဟုတ်၊မဟုတ် စုံစမ်းမေးမြန်း၍ သာတာဂိရိက ဘုရားရှင်၏ ကျေးဇူးဂုဏ်တော်များကို အကျယ်တဝင့် ပြောပြလေတော့သည်။

(၁) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဤကဲ့သို့ ဖြစ်ပွားသည် ကုဋေ ... 

(၁) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ ဖြပ်မှာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူလိုသောကြောင့် အရဟံ အရဟ မည်တော်မူ၏။

(၂) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ သိစရာမှန်သမျှကို အကြွင်းအကျန်မရှိ၊ ဆရာမလို၊ ကိုယ်တော်တိုင် သိမြင်တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ ဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(၄) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ကောင်းသော စကားကို ဆိုတော်မူတတ်သောကြောင့် သုဂတော-သုဂတ မည်တော်မူ၏။

(၅) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူသော လောကသုံးပါးကို ကောင်းစွာ သိမြင်တော်မူသောကြောင့် လောကဝိဒူ မည်တော်မူ၏။

(၆) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ အလုံးစုံသော သတ္တဝါတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွား လမ်းပြဆရာတစ်ဆူဖြစ်တော်မူသောကြောင့် သတ္တာဒေဝ မနုဿာနံ-သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

(၈) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့် ဗုဒ္ဓေါ - ဗုဒ္ဓ မည်တော်မူ၏။

(၉) သောဘဂဝါ - ထိုမြတ်စွာဘုရားသည်၊ ဣတိပိ-ဤသို့ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏။

ကာဠီအမျိုးသမီးသည် ထိုနတ်စစ်သူကြီးနှစ်ပါးတို့ မေးမြန်းဖြေဆို ပြောကြားနေကြသည့် ဘုရားဂုဏ်တော်များကို အစအဆုံး နားထောင်နေရင်းကပင် "သြော်…ဘုရားဆိုသည်မှာ ဤမျှလောက် ထူးခြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပါပေသည်တကား" ဟု နှစ်သက်အားရနေမိ၏။ ပြီးနောက် တစ်ဆင့်ကြားရသည့် ဘုရားဂုဏ်တော်များကို စိတ်ထဲက အာရုံပြုရင်း ကြက်သီးတဖြန်းဖြန်းထလာကာ လက္ခဏာရေးသုံးပါး ဆင်ခြင်လျက် ထိုနေရာ၌ပင် ကာဠီအမျိုးသမီးသည် သောတာပန်တည်လေတော့၏။

ထိုနတ်စစ်သူကြီးနှစ်ပါးတို့လည်း အခြွေအရံငါးရာနှင့် မြတ်စွာဘုရားပွင့်တော်မူရာသို့ ဘုရားဖူးသွားရောက်ကြလေတော့သတည်း။

* * *

မခွသီ

www.burmeseclassic.com





# မမေ့သင့်သော ဗုဒ္ဓဖြစ်စဉ် ဘုရားရှိခိုး

နန္ဒအောင်(စစ်ကိုင်း)

မိမိတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဒါန၊ သီလ၊ ဘာဝနာဟု ဆိုအပ်သော ကုသိုလ်တရားတို့တွင် မမေ့မလျော့သော သတိဖြင့် အစဉ်ကြိုးစား၍ ဖြည့်ကျင့်ဆောက်တည်လျက် မြတ်ဗုဒ္ဓ၏ အဓိက တရားဓမ္မအနှစ်ချုပ် (တစ်နည်းအားဖြင့်) ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သော လောဘငြိမ်းရေး၊ ဒေါသငြိမ်းရေး၊ မောဟငြိမ်းရေး၊ ထိုမှတစ်ဆင့် အသခ် တဓာတ်ဟု ဆိုအပ်သော နိဗ္ဗာန်သို့ မျက်မှောက်ပြုရေးသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ ရည်မှန်းချက်ပင် ဖြစ်ပေသည်။

အလှူရေစက် လက်နဲ့ မကွာဆိုပေမယ့် ကြီးကျယ်ခမ်းနားစွာလှူမှ ကုသိုလ်ရတာ မဟုတ်ပေ။ မိမိတို့ တတ်စွမ်းသမျှ လှူဒါန်းရင်လည်း ကုသိုလ်ရတာပါပဲ။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေ၍ ကံ-ကံ၏ အကျိုးကို ယုံကြည်ဖို့ပဲ လိုအပ်လှပေသည်။ မိမိတို့ နေထိုင်ရာ အိမ်မှာ ဘုရားကျောင်းဆောင် သန့်ရှင်းခြင်း၊ ဆွမ်းကပ်ခြင်း၊ ရေတော်ကပ်ခြင်း အစရှိသည်တို့ကို နေ့စဉ်ပြုလုပ်နေတာလည်း ကုသိုလ်ရနေတာပဲ မဟုတ်ပါလား။

စာရေးသူ ငယ်စဉ်က အဘွားတွေ၊ အဒေါ်တွေနဲ့ နေခဲ့စဉ်မှာ နံနက် အရုဏ်တက်မှာ ဘုရားဝတ်ပြုရပါသည်။ ပရိတ်ကြီး ၁၁သုတ်အပါအဝင် ဗုဒ္ဓဘဝဖြစ်စဉ် ဘုရားရှိခိုးကိုလည်း မိသားစုအားလုံး ရွတ်ဖတ်၍ တရားထိုင်ရပါသည်။

ယခုအခါ ထို "ဗုဒ္ဓဖြစ်စဉ် ဘုရားရှိခိုး" ကို လူတိုင်းနီးနီး မေ့ပျောက်နေကြပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဖြစ်စဉ် ဘုရားရှိခိုးကို ရွတ်ပွား၍ သံဝေဂရစေခြင်းသည် တစ်ကြောင်း၊ နောင်လာနောက်သား လူငယ်မောင်မယ်များ သိစေခြင်းဟု စေတနာတို့ကြောင့် ရေးသားတင်ပြရခြင်းဖြစ်ပေသည်။

အစကြိုးကြာ ဆယ့်ခြောက်ခါနှင့်၊
ဟသ်ာကိုးဖြစ်၊ ခြောက်ဖြစ်ကာ ခို၊
ကျီးညိုသုံးခါ၊ သံသာကူးဟိတ် ကရဝိတ်ငါး၊
လေးပါးကိန္နရီ၊ စာမရီ ဆယ့်ငါး၊
မျောက်ကား တစ်ဆယ်၊
ဆင်ဝယ် ဆယ့်တစ်၊ နွားဖြစ် ဆယ့်လေး၊
ကေ သိန္ဓဝ၊ ကျွဲအဋ္ဌတည်၊
ဥဒေါင်းနှစ်ခါ၊ သာလိကာ သဋ္ဌ၊
ဒွါဒသကြက်၊ ဝက်မှာ ဆယ့်သုံး၊
သံသရာမှာ လည်ခဲ့ပုံသည်၊ နတ်လူကောင်းဖို့ ဖြစ်သည်ကို · · ·။

ဤသို့ စာရေးသူ ငယ်စဉ်က အဘိုးအဘွား မောင်နှမများနှင့် နေ့စဉ် ရွတ်ဖတ်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဘုရားမဖြစ်မီ သံသရာမှာ ဖြည့်ကျင့်ခဲ့ရတာ။ တရားရစရာ၊ သံဝေဂရစရာကောင်းလှပေသည်။ စာရေးသူတို့ ဘဝတွေဟာ ဘယ်ဆီဘယ်ဝယ် ရောက်မှန်းမသိ၊ စမ်းတဝါးဝါးနှင့် လျှောက်လှမ်းရမည့် သံသရာခရီးမှာ သံဝေဂ တရားများပွားများပြီး ဗုဒ္ဓဖြစ်စဉ် ဘုရားရှိခိုးကို မမေ့မလျော့ နှလုံးသွင်း၍ ကုသိုလ်ကောင်းမှုများနှင့် ဘဝကို ဖြတ်သန်းကြမယ်ဆိုရင် လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးရမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

* * *

နန္ဒအောင်(စစ်ကိုင်း)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဇာတသတ်မင်းကြီးသည် ဥဒယဘဒ္ဒ၏ လက်ချက်ဖြင့် စူးရှနာကျင်လျက် သေအံ့မူးမူးအချိန်တွင် သူ့ဖခင် ဗိမ္ဗိသာရမင်းကြီးအား မြင်လာမိသည်။ ပြီးတော့ ဖခင် ဗိမ္ဗိသာရမင်းအား ဂေါတမဗုဒ္ဓရှင်တော် ဟောကြားဖူးသော သဗ္ဗေသတ္တာ ကမ္မသကာ - သတ္တဝါအပေါင်းတို့သည် မိမိပြုမိခြင်း၏ အကြောင်းတရားအတိုင်းသာလျှင် ဖြစ်တည်၏ ဆိုသောတရားအား အစက အမှတ်မဲ့၊ ယခုမှ ဥဒယဘဒ္ဒ၏ လက်ချက်ဖြင့် သေရတော့မည့်အခါကျမှ ဖခင် ဗိမ္ဗိသာရမင်းကြီး၏ မျက်နှာသည် သူ့အား စိုးမိုး၍ ပိုမြင်ယောင်နေစေခဲ့သည်။

◆◆◆

ဖခင် ဗိမ္ဗိသာရမင်းသည် သူ့အား ချစ်၏။ အလိုလိုက်၏။ မည်မျှချစ်သနည်းဆိုလျှင် အဇာတသတ်ဖြစ်မည့်သူ့အား မိခင် ဝေဒေဟီ မိဖုရားဝမ်း၌ သန္ဓေတည်သည်နှင့် လျှပ်စစ်ဖျိုးဖျပ်၊ အိပ်မက်ချောက်ချား၊ အတိတ်နိမိတ်များ မကောင်းသဖြင့် ပုရောဟိတ် ပညာရှိတို့အား အခါယူတွက်ချက် ဟောမြွက်စေသည်တွင် အခါကာလ ဇာတာပြုဟိတ်၊ အဇာတမမွေးဖွားမီ သတ္တု၊ ရန်သူဟူ၍ ဟောကိန်းညီ နိမိတ်ဖတ်ကြသည်။

ဟောကိန်း နိမိတ်စကားအား ဝေဒဟီ မိဖုရားကြီးကြားသည်နှင့် ထိတ်ခနဲ စိတ်ထဲ ဆူပွက်ကာ ထိုပဋိသန္ဓေကို ခြေမွ ဖျက်ချမည်ဆိုလေတော့ ငါ့အား သတ်လိုက သတ်ပါစေ၊ မမြင်ရသေးပေမယ့် ချစ်ခဲ့ရတဲ့ သားတော်လေးကို မွေးပေးပါ။ အဇာတသတ်မို့ အခါမလပ် ချစ်မှာပါဟူ၍ အခါခါတောင်းဆိုခဲ့သဖြင့် သူ လူဖြစ်ခဲ့ရသည်။ ကြည့်၊ လူဖြစ်ခါရှိသေး ဒုက္ခကို စ,မီးမွှေးသလို လက်မှာ ခူနာပေါက်သဖြင့် နာကျင်စွာ တဆာဆာငိုခဲ့ရသည်။ သည်တုန်းကလည်း သားဖြစ်သူရဲ့ ဝေဒနာအတွက် ဗိမ္ဗိသာရမင်းကြီးရင်မှာ မချိခဲ့။ သို့မှ သူ့ခူနာကို ခံတွင်းမှာ ငုံ၊ ဖခင် ဗိမ္ဗိသာရမင်း ချစ်ပုံများဖြင့် အနာပေါက်လို့ ပြည်ယိုတာတောင် ထွေးမထုတ်ဘဲ မျိုချသတဲ့လေ။ မိခင် ဝေဒေဟီ ပြန်ပြောပြတာကြောင့် သူ့အမှားရဲ့ နောင်တ။ ပြန်ပြင်လို့ မရတော့။

တကယ်တော့ သူ အစောကြီးကတည်းက သိရမှာ။ ကြည့်လေ၊ သူ ထီးနန်းလိုချင်သည်ဟု တောင်းဆိုတော့ သားတော် ငယ်ပါသေးတယ်။ နန်းမှုရေးရာ သိမှု၊ တိုင်းပြည်ရေးရာ သိမှု၊ အိမ်နီးချင်း မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံပေါင်းသင်းရေးရာ သိမှု၊ တိမ်တောင်သဖွယ် မင်းရေးကြွယ်ခြင်း သိမှု စသဖြင့် သိမှု・・・သိမှုတွေ လိုသေးတယ်။ မပြည့်စုံသေးဘူး။ ယခုလည်း အိမ်ရှေ့ပဲလေ၊ အချိန်ကျတော့ ဘုရင်ဖြစ်ရမှာပေါ့ဟု တစ်ခွန်းတစ်ပါဒမျှ မဟ၊ သားတော်မောင် အဇာတသတ် ဖြစ်ချင်မှု ရှင်ဘုရင်ကို ချက်ချင်းပင်ဖြစ်စေဟု အမိန့်ချ၊ မာဂဓတိုင်းကြီးအရှင် ရာဇဂြိုဟ်ဘုရင်ဖြစ်စေဆိုပြီး ချက်ချင်းလွှဲအပ်ပေးခဲ့သည်။

သည်တုန်းကလည်း သူ့ဖခင် ဗိမ္ဗိသာရမင်းသည် သူ့အပေါ် အဘယ်မျှ ချစ်သည်ကို တွေးဆမိသင့်ပါလျက် သူ့ဆရာ ဒေဝဒတ္တ၏ အခါပေး မက်လုံးတို့က သူ့စိတ်ကို သိမ်းကျုံးဆုပ်ယူ လွှမ်းခြုံထားနိုင်ခဲ့သည်ဖြစ်၍ အဖမသိ၊ အမိမသိ။ သူသိနေသည်က ဒေဝဒတ္တသည် ဂေါတမဗုဒ္ဓအား သတ်၍၊ ထိုဗုဒ္ဓနေရာကို သူ့ဆရာ ဒေဝဒတ္တက ယူမည်။ သူသည်လည်း ဖခင် ဗိမ္ဗိသာရကို သတ်၍ ရာဇဂြိုဟ်ဘုရင်လုပ်ရမည်ဟူ၍သာ သိထားခဲ့သူမဟုတ်လား။

ပြီးတော့ သူ့ဆရာ ဒေဝဒတ္တသည် လောကီ သမထစျာန်ကို အောင်မြင်၍ သူ့အား အထင်ကြီး စိတ်ညွတ်စေရန် သဣဗ္ဘာန်အမျိုးမျိုးလုပ်ပြ၍ တန်ခိုးရှင်ဟု အထင်ကြီးအောင် ပြုစားနိုင်ခဲ့သည်။ သို့အတွက်လည်း အထင်ကြီးစိတ်ဖြင့် အားကိုးသည်။ ထို့အပြင် ဖခင် ဗိမ္ဗိသာရမင်းကြီး ကိုးကွယ်အားထားသော ဂေါတမဗုဒ္ဓသည် အေးဆေးတည်ငြိမ်စွာပဲနေသည်ဟုလောက်သာ အကြမ်းဖျင်း သူနားလည်ထားခဲ့သည်။

တကယ်တော့ ဂေါတမဗုဒ္ဓသည် သဘောတရားနှင့် ဒဿန၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် သစ္စာမည်၏ဟူ၍။ အတ္တ၊ မာန၊ ဒိဋ္ဌိတို့ကို ပယ်ပြုတ်စေ၍ သံသရာဒုက္ခမှ လွတ်ကင်းရေးကို ဟောညွှန်သည်။ အထင်ကြီးစေသော တန်ခိုးဣဒ္ဓိပါတ်ပြ၍ မစည်းရုံး။ သူ့တပည့် သာဝကများသည်ပင် ဈာန်သမာပတ်နှင့် စွမ်းရည်ပြ၍ မစည်းရုံးရဟု ပညတ်ထားခဲ့သည်ကို သူ မသိခဲ့။ သို့ကြောင့် ဂေါတမဗုဒ္ဓနှင့် တပည့် ရဟန္တာမထေရ်မြတ်များအား သူ့ဆရာ ဒေဝဒတ္တလောက် အထင်မကြီးခဲ့ခြင်းဖြစ်သည်။

ကြည့်လေ။ ဗိမ္ဗိသာရမင်းကြီးက သူ ထီးနန်းလိုချင်သည်ဆို၍ လွယ်ကူစွာ အလိုလိုက်၍ပေးခဲ့သည်မို့ သူသည် မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည့်ရှင်ဖြစ်လာသည်ကို・・・

"ငါ့တပည့်・・ဗိမ္ဗိသာရမင်းကြီးကို သတ်မပစ်ဘူးလား"

"ဆရာရှင်・・တပည့်လိုချင်တာကို အေးအေးဆေးဆေးပေးသည်။ ယခု ရာဇဂြိုဟ်ပြည့်ရှင် ဖြစ်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့တပည့်…မင်းအသက်ဟာ ယခုမှ ဆယ့်ခြောက်နှစ်မျှသာ။ မင်းအရွယ်အစားနှင့် မာဂဓတိုင်းကြီးအရှင် လွယ်လွယ်လေး ဖြစ်လာတာ။ မင်းကို လေးစားပါ့မလား။ ဗိမ္ဗိသာရမင်းဆိုတာ မာဂဓတိုင်းတွင်သာမက၊ အင်္ဂတိုင်း၊ ကာသိတိုင်းတို့ကိုပါ ဩဇာဖြန့်ကျက် အုပ်ချုပ်နိုင်သူ အစိုးရမင်းတစ်ပါးဖြစ်တယ်။ အဲဒီလို ဘုန်း၊ လက်ရုံး၊ မဟာမိတ်ဆက်ဆံရေးတွက် ဝဇ္ဇီတိုင်းဘုရင်က သူ့မျိုးနွယ် လစ္ဆဝီမင်းသမီး ဆေလ္လနကို ဆက်သတယ်။ မဒ္ဒတိုင်းဘုရင်သာဂလမင်းကလည်း သမီးတော် ခေမာမင်းသမီးကို ဆက်သတယ်။ ကောသလတိုင်း ပသေနဒီကောသလမင်းကလည်း သူ့နှမတော် ဝေဒေဟီမင်းသမီးအပြင်၊ အဘယမာတာမင်းသမီး၊ ဥဒုမ္ဗရိက မင်းသမီးတို့ကိုပါ ဆက်သပြီး အားလုံးရွှေလမ်းငွေလမ်းဖောက်ခဲ့ကြရတာ။ ငါ့တပည့်ဟာ ဗိမ္ဗိသာရမဟုတ်ဘူး။ အားလုံးကို ထိတ်လန့်သွားစေပြီး ငါ့တပည့်ကို ကြောက်ရွံ့စိတ်နဲ့ ဩဇာအာဏာဖြန့်ကျက်နိုင်ဖို့ ဗိမ္ဗိသာရမင်းကြီးကို သတ်ပစ်ရမယ်။ သည်လို အရှိန်ဩဇာကြီးသူကို သတ်နိုင်မှ အဇာတသတ်ဖြစ်မှာပေါ့"

သည်တုန်းက ဆရာ ရှင်ဒေဝဒတ္တ ပြောပြသော စကားများကို နားထောင်ရင်း သူ့အတွက် ကြက်သီးများပင် ဖျန်းခနဲ ထသွားခဲ့သည်။ ဟုတ်သည်လေ။ ပသေနဒီကောသလမင်း ဆက်သခဲ့သည့် ဝေဒေဟီမင်းသမီးနှင့် ဗိမ္ဗိသာရမင်းတို့မှ မွေးခဲ့သော အဇာတသတ်သည် သူပင် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ၊ မာဂဓတိုင်းကို အစိုးရသော ရာဇဂြိုဟ်ပြည့်ရှင်မင်း ဆိုသော အနေအထားရောက်ပြီးမှ ပြန်လက်လွှတ်ရမည့် အခြေအနေတော့ဖြင့် အရောက်မခံနိုင်။ ယခုအချိန်မျိုးတွင် ဖခင် ဗိမ္ဗိသာရ၏ အမိန့်ဩဇာအား သူသည် မည်သို့မျှ ယုဉ်နိုင်မည်မဟုတ်။ ပြီးတော့ သူသည် ဖခင် ဗိမ္ဗိသာရအနေဖြင့် မင်းဖြစ်ခွင့်ပေးမှုနှင့်သာ ဖြစ်လာရသူ စတုတ္ထမြောက်သား။ သူ့ထက်အကြီး အဘယမင်းသား၊ ဥဒယဘဒ္ဒမင်းသား၊ ဝိမလကောဏ္ဍညမင်းသားတို့ ရှိသေးရာ ဝိမလကောဏ္ဍညကတော့ ဖခင်ကိုးကွယ်သော ဂေါတမဗုဒ္ဓအား ကြည်ညိုကိုးကွယ် ချဉ်းကပ်ရင်း အစကတည်းက ရဟန်းပြုသွားခဲ့၍ ကိစ္စမရှိ။ အကြီးနှစ်ယောက်သည် သူ့အား ကျေနပ်မည်မဟုတ်။ နောက် သူ့အောက်က သီလဝမင်းသားလေးကရော။ သူက အစ်ကိုများကို ဖြတ်ကျော်ပြီး မင်းအဖြစ် နေရာရယူလေတော့ သီလဝမင်းသားသည် ငယ်သေးသော်ငြား အစွယ်မရှိဟု ပြော၍မရ။ သူတို့တစ်တွေ မကျေနပ်၍ လှုပ်ရှားခဲ့သော် ဖခင် ဗိမ္ဗိသာရမင်းသည် နန်းတွင်း ပဋိပက္ခမဖြစ်စေရေးအတွက် ပြန်၍ အာဏာသိမ်းယူခဲ့လျှင် စသည်…စသည်တို့အား ရှုတ်ခြည်းတွေးဆ ပူပင်မှုတို့ ဖြစ်ခဲ့၏။ ရာဇဂြိုဟ်ဘုရင်ဟု စာရင်းဝင်ပြီးမှ ပြန်လက်မလွှတ်ချင်တော့။ သို့အတွက်…

"ဗိမ္ဗိသာရမင်းအား ထောင်သွင်း အကျဉ်းထားစေ"

အဇာတသတ်၏ အမိန့်စေပာန် မိုးချုန်းသံလို အကျည်းတန် ဂယက်ထ။ ရာဇဂြိုဟ်နန်းတွင်းအလုပျက်စေခဲ့သည်။ ဟင်ခနဲ…ဟာခနဲ တိုးတိုးတိတ်တိတ် အာမေဋိတ်သံများနှင့် အံ့အားသင့် မျက်လုံးများ။ သို့သော်လည်း မင်းအစေအပါးမတော်ပါ ဘုရားဟု မည်သူမျှ မဟာရဲ။ စေရာ ဆောင်ရွက်၊ မင်းအမျက်မှ လွတ်အောင်နေခြင်းဖြင့် အခွင့်အရေးရမည် မဟုတ်လား။

ဖခင် ဗိမ္ဗိသာရမင်းအား အကြင်နာသနားမဲ့ ထောင်ထဲ ထည့်လိုက်ပြီဆိုသည့် သတင်းစကား ရာဇဂြိုဟ်တစ်လွှား ပျံ့နှံ့သွားသည်နှင့် ပြည်သူအများ ထိတ်လန့်တကြားဖြစ်ခဲ့သည်။ နောင်တော် အဘယမင်းသားနှင့် ဥဒယဘဒ္ဒမင်းသားတို့သည် မိစ္ဆာဝိညာဉ်ကပ်နေသော အဇာတသတ်ရန်ကို ကြောက်ရွံ့၍ သာသနာ့အရိပ် ခိုလှုံပြီး ရဟန်းပြုလိုက်ကြသည်ဟု အဇာတသတ် သိလိုက်ရသဖြင့် ရာဇမာန်မီးဝင်းတောက်ခဲ့ငြား။ ရဟန်းသံဃာအား မထိပါးရဲခဲ့၊ သို့မှ ညီတော် သီလဝမင်းသားအား ဖမ်းဆီးစေပြန်တော့လည်း ထွက်ပြေးလွတ်မြောက်၍ သာသနာ့အရိပ်ဝင် အဝါရောင် ဆင်ခဲ့ပြန်သည်မို့ သူ့အတွက် ရန်စွယ်ရန်ငုတ်တို့ ကင်းခဲ့ပြီ။ အဇာတသတ်မင်းဘုန်း မိုးသို့ ချုန်းနိုင်ခဲ့ပြီဟု ကျေနပ်ခဲ့၏။

"ရန်သူဆိုတာ ရှင်သန်ခြင်းဟာ မီးပဲ ငါ့တပည့်ရဲ့ တစ်တိုင်းပြည်လုံးက ဗိမ္ဗိသာရမင်းကို ကရုဏာဖြစ်နေကြသည်ကို ငါ့တပည့် သိပါရဲ့လား"

ဆရာ ရှင်ဒေဝဒတ္တ၏ မိန့်ဟာခွန်းဆိုစကားကြားသည်နှင့် အဇာတသတ် သဘောပေါက်လိုက်သည်။ ဟုတ်သည်ပဲလေ။ ဆရာ ရှင်ဒေဝဒတ္တကိုယ်တိုင် ဂေါတမဗုဒ္ဓအား နှစ်ကြိမ်တိုင် သေကြောင်းကြံစည်ခဲ့သည်မှာ မအောင်မြင်သေး၍ ဗုဒ္ဓနေရာ မရသေး။ သူသည်လည်း ဗိမ္ဗိသာရမင်း မသေသေးလျှင် ရာဇဂြိုဟ်ပြည့်ရှင်ဟု လွတ်ကင်းစွာ ဖြစ်လာနိုင်စရာမရှိဟု နားလည်လိုက်ခြင်းနှင့်အတူ ဖခင် ဗိမ္ဗိသာရမင်းအား အကျဉ်းစခန်း၌ အစာဖြတ် ရေငတ်ထားစေဟု အမိန့်ထုတ်ပြန်၏။

မိခင် ဝေဒေဟီက ကြေကြေကွဲကွဲနှင့် သားဆိုးကို အချစ်ပို၊ အလိုလိုက်ခဲ့လို့ သားမိုက် ရက်စက်မှုဒဏ်ခံရသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု စကားဆိုပြား။ သူ နားမဝင်ခဲ့။ သူသိသည်က ဗိမ္ဗိသာရ မရှိ သူ့ဘဝ ဘုန်းကံတောက်မည်ဟုသာ နားလည်ထားသူ ဖြစ်၏။ ပြီးတော့ အစာရေ ဖြတ်ထားသော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဂေါတမဗုဒ္ဓအဆုံးအမတရားတွေကို နှုတ်ဖျား မှာ ရွတ်ပြီး ရင်ထဲသို့ မျိုချနေသည်။ နောက်···

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တ ဘာဝပရိယာပန္နာ။

သဗ္ဗေဣတ္ထိယာ၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေဒေဝ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ။

အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ၊ ပရိဟရန္တု။

ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓ၊ သမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု ကမ္မဿကာ။ ။

ဖခင် ဗိမ္ဗိသာရသည် အစာရေဆာဖြတ်ထားသော်ငြား အကျဉ်းထောင်ထဲတွင် လမ်းလျှောက်ရင်း ဂေါတမဗုဒ္ဓ၏ အဆုံးအမတရားတို့ကို စွဲမှတ်ရွတ်ဆိုနေနိုင်ဆဲ။ ပြီးတော့ ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်တွင်ရှိ ဂိဇ္ဈကုတ်တောင်တန်းပေါ်မှ လင်းတငှက်နှင့် တူသော ကျောက်တုံးအောက် လိုဏ်ဂူတွင် သီတင်းသုံးနေသည့် ဂေါတမဗုဒ္ဓသည် သင်္ကန်းဝတ်ဝင်စား ပြီး အညောင်းပြေ လိုဏ်အတွင်းမှ ထွက်၍ စင်္ကြံလျှောက်သည်ကိုလည်း တမ်းမောစွာ လှမ်းမျှော်ဖူးလေ့ရှိသည်။ သို့ အတွက် ဗုဒ္ဓဂုဏ ဘာဝနာပီတိကို ဗိမ္ဗိသာရမင်း ရရှိ၍ အစာမစားရသော်ငြား ထိုပီတိဖြင့် ဖြည့်ဆည်းနိုင်ခဲ့သည်တို့ ကို ဗိမ္ဗိသာရမင်းကြီးပဲ သိ၏။ အဇာတသတ် မသိခဲ့။ သို့ သော် သူ့ဆရာ ရှင်ဒေဝဒတ္တက မကျေနပ်။ ဂေါတမဗုဒ္ဓအား တမ်းမောစွာ လှမ်းမျှော်ကြည့်ခြင်းကိုပင် မနှစ်မြို့။ သို့အတွက် ဗိမ္ဗိသာရ၏ ခြေဖဝါးကို ဓားခွဲ၍ ထားစေဟု ရက်စက်မှု ကမ်းကုန်၊ အဇာတသတ် အမိန့်ထုတ်ပုံက မြေပထဝီပင် တုန်ဟီးသွားသည့်နှယ် ထင်ရ၏။

နောက် ရာဇဂြိုဟ်မြို့ကြီးကို ဝန်းရံထားသည့် ဝေဘာရ တောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုတ်တောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင် စသည့် တောင်ကြီးငါးလုံးသည် ရာဇဂြိုဟ် မြို့ထဲသို့ အထိတ်တလန့် ငုံ့ကြည့်ကြ၏။ ရာဇဂြိုဟ်မြို့ မြောက်ဘက်ရှိ တပေါဒါမြစ်သည် လည်းကောင်း၊ ဂိဇ္ဈကုတ် တောင်မှ စတင်စီးဆင်းသော သပ္ပိနီမြစ်သည် လည်းကောင်း၊ ရုတ်တရက် ဂယက်တို့ ထ၍ ဖြစ်ပေါ်ခဲ့၏။ တောင်ခြေရှိ မဒ္ဒကုစ္ဆိ မိဂဒါယ - ဘေးမဲ့ တောထဲမှ တိရစ္ဆာန်များသည် လည်း စားကျက်များထဲမှ အလန့်တကြား ပြေးထွက်ကုန် ကြ၏။

ဗိမ္ဗိသာရမင်းကြီးထံမှ သွေးစိမ်းရှင်ရှင်တို့သည် အကျဉ်းစခန်းအတွင်း စွတ်စိုပေကျံစေခဲ့သည်။ စာနာမှုမဲ့ သော ပါးကွက်သားသည် အဇာတသတ်ထံမှ ဆုလာဘ် အသပြာလေးတစ်ဆုပ်အတွက် လူသားချင်းစိတ် ကင်းမဲ့ ရက်စက်ရဲဘိတော့။

ဗိမ္ဗိသာရမင်း ကွယ်လွန်သွားပြီဆိုသောသတင်း နန်း အတွင်းအပြင် လွင့်ခနဲ ပြေးထွက်သွားသည်နှင့် ပဉ္စာနန္တရိယ ကံကြီးသည် အဇာတသတ်ထံ အပြေးလာ၍ နဖူးတွင် တံဆိပ်ခတ်နှိပ်လိုက်၏။ ဤသည်ကို အဇာတသတ် မသိ လိုက်။ သူ သိလိုက်သည်မှာ သူ့ဆရာအရှင် ဒေဝဒတ္တ ကျေနပ်ပြီဟူ၍သာ။ ထိုသို့ ဆရာရှင် ကျေနပ်စွာ ချီးမွမ်း စကားဆိုမည်ကို မျှော်လင့်နေဆဲမှာ မိခင် ဝေဒေဟီ မိဖုရား ကြီး ရင်ကွဲနာကျ၍ ကွယ်လွန်ကြောင်းသတင်းသည် သူ့ထံ အပြေးရောက်လာပြီး တိုးတိုက်၏။

♦♦♦

ကာသိတိုင်းအား ပသေနဒီ ကောသလမင်းမှ ပြန်လည် သိမ်းယူလိုက်၏။ ဟုတ်သည်ပဲ။ ကောသလမင်းသည် နှမ တော် ဝေဒေဟီအား ဗိမ္ဗိသာရမင်းနှင့် လက်ဆက်ပေးစား လိုက်ရင်း မင်္ဂလာလက်ဖွဲ့အဖြစ် ထိုကာသိတိုင်းကို ပေးခဲ့

www.burmeseclassic.com

သည်။ ဗိမ္ဗိသာရမင်း၏ ဘာသာရေး လေးစားမှု၊ တိုင်းသားပြည်သူများအပေါ် မေတ္တာအကြင်နာနှင့် အုပ်ချုပ်မှုတို့အပေါ် ယုံကြည်စိတ်ချ၍ သူ၏ ကာသိတိုင်းနှင့် ပြည်သူများကို ပသေနဒီ ကောသလမင်းက ယောက်ဖတော် ဗိမ္ဗိသာရအား ပေးအပ် အုပ်ချုပ်စေခြင်းဖြစ်၏။

ယခု သူ့တူတော်မောင် အဇာတသတ်သည် ဖခင်အရင်းခေါက်ခေါက်ကိုပင် ဖမ်းဆီး အကျဉ်းချ၊ အစာငတ်ရေငတ်ထားရုံမက၊ ခြေဖဝါးပင် ဓားဖြင့်ခွဲ၍ သေစေခဲ့သည်။ မိခင် ဝေဒေဟီမင်းသမီးသည်လည်း ထိုသို့ ဆို့နင့်ကြေကွဲဖွယ်ရာ အကြောင်းတို့ကြောင့် သေရသည်။ သည်မျှ အမိမုန်းမသိ၊ အဖမုန်းမသိ၊ ယုတ်မာရက်စက်ရဲသော တူတော်မောင် အဇာတသတ်၏ အုပ်ချုပ်မှုအောက်တွင် သူ၏ ကာသိတိုင်း ပြည်သူပြည်သားများသည် မည်မျှအကြင်နာမဲ့စွာ ရက်စက်မှုတို့ဖြင့် အုပ်ချုပ်ခံရမည်လဲ စသဖြင့် ပသေနဒီ ကောသလမင်းကြီး တွက်ဆ၍ ကာသိတိုင်းကို ပြန်လည်သိမ်းယူလိုက်ခြင်းဖြစ်သည်။

"အမြန်ဆုံး စစ်ပြင်၊ ကာသိတိုင်းကို ရအောင် ပြန်တိုက်မယ်"

ပြင်းပြစွာသော ဒေါသ၊ ထောင်လွှားမောက်လှုံနေသော မာနတို့ဖြင့် အဇာတသတ်၏ အမိန့်သံသည် ခြင်္သေ့တစ်ကောင် လည်ဆံမွေးများ ထောင်၍ ဟိန်းဟောက်လိုက်သလို၊ ရာဇဂြိုဟ်နန်းရင်ပြင်တွင် ဟိန်းညံစေခဲ့သည်။ တကယ်ပင် အဇာတသတ် ဒေါသထွက်မည်ဆိုလည်း ထွက်စရာ။ ဦးရီးတော် ကောသလမင်းသည် သူ့အား ငယ်ရွယ်သူ မင်းပျို မင်းလွင်ဟု အထင်သေးလွန်းသည်။ စွမ်းရည်ဆိုသည့် အကြောင်းပေါ်ခိုက် ပြရမည်မဟုတ်လော။

ကိုယ်တိုင်ဦးစီး ချီတက်လာသော အဇာတသတ်သည် ငယ်ရွယ်သူဆိုပေမယ့် ထွားကြိုင်းသည့် သူ့အရပ်အမောင်း၊ ပြည့်ဖြိုးသည့် သူ့ခွန်အား၊ ထောင်လွှား တက်ကြွနေသော သူ့ရဲမက်တို့က ထည်ဝါနေသည်။ ကာသိတိုင်း စစ်သည်များက ချက်ချင်းချည်း အဇာတသတ်မှ တုံ့ပြန်မည် မထင်ခဲ့သလို၊ ပသေနဒီ ကောသလမင်းသည်လည်း တူတော်မောင် အဇာတသတ်သည် သူ့ဦးရီးတော်အား တုံ့ပြန်မည်မဟုတ်ဟုသာ တွက်ဆထားခဲ့သည်မဟုတ်ပါလား။

"ဖအေတောင် သတ်ရဲတဲ့ သား၊ လူသားစိတ်နဲ့ ရှင်သန်တာ မဟုတ်။ ဖုတ်၊ ပြိတ္တာ၊ ဘီလူးသွေးရူး၊ မိစ္ဆာဝင်ပူးနေသူ အဇာတသတ် တွေ့သမျှ သတ်တော့မှာ"

အမိုက်ထူးသည့် သွေးရူး အဇာတသတ်ဟူသော အတွေးသည် ကာသိတိုင်း စစ်သည်များ၊ ပြည်သူများ၏ စိတ်တို့တွင် ကမ္ဘည်းတွင်ခြင်းနှင့်အတူ တုံ့ပြန် ရင်ဆိုင်ရေး သွေးလေးနေကြခြင်းနှင့်အတူ အဇာတသတ်နှင့် စစ်သည်များက လေကြမ်းမုန်တိုင်း ခပ်ရိုင်းရိုင်းတို့ ဝေ့ဝိုက်တိုးတိုက်ကြခြင်းနှင့်အတူ ကာသိတိုင်းကို အဇာတသတ် ပြန်လည်သိမ်းဆည်းနိုင်ခဲ့၏။

ကာသိတိုင်းကို အဇာတသတ် အတင်းအဓမ္မ ပြန်လည်၍ တိုက်ခိုက်သိမ်းယူသွားသည်ဆိုသော သတင်းစကားကို ကောသလမင်း ကြားသိခြင်းနှင့်အတူ တူတော်မောင်၏ သွေးရဲမှု၊ စွမ်းရည်ထက်မြက်မှုတို့ကို သဘောတွေ့ဟန် ပြုံးလိုက်သည်။ ရာဇမာန်ဝင်စ၊ အတ္တမာနကပ်စွဲ မိုက်ရူးရဲဆန်တော့ဟူလည်း တွေး၏။ စစ်မာယာနှင့် နည်းဗျူဟာသဘောနားလည်သွားဖို့အတွက် ပညာပေးရဦးမည်ဖြစ်သဖြင့် ကာသိတိုင်းကို ပြန်လည်တိုက်ခိုက်ရယူရေး ပသေနဒီကောသလမင်း နည်းပညာမာယာ ဇယားချလျက် သေချာညွှန်ကြား၍ စစ်ထွက်စေခဲ့သည်။

အဇာတသတ်သည် နိုင်ဖူးသော ပထမစစ်ပွဲ၊ သွေးရဲနေသူပီပီ သတ်ရဲရင် ကြောက်မည်၊ တိုက်ရဲရင် အောင်မည်ဆိုသော မိုက်ရူးရဲသွေးနှင့် ကာသိတိုင်းကို ပြန်လည် မဆုံးရှုံးရေးအတွက် ဦးဆောင်တိုက်ခိုက်ရာမှ ကောသလမင်း၏ စစ်မာယာနှင့် နည်းဗျူဟာကွန်ယက်တွင်း တိုက်ရင်းနှင့် အကျအရှုံးများစွာဖြင့် ရင်ဆိုင်ရပြီး အဇာတသတ်အား ဝိုင်းဝန်းဖမ်းဆီးသွားနိုင်ခဲ့သည်။

"အဇာတသတ်ကို ဖမ်းမိသွားပြီ"

"ရာဇမာန်ခေါင်းကျိုး၊ အဆိုးတွေ ဇာတ်သိမ်းတော့မယ်"

"အဖသတ်သား၊ မှတ်သားအောင် အပြစ်ပေးရမယ်"

ကာသိတိုင်း ပြည်သူတွေရဲ့ ဆန္ဒ၊ တစ်ယောက်မှ တစ်ရာ ဆိုကြ၊ ပြောကြ၊ သမိုင်းဆိုးနှင့် မလှလေတော့၊ ရာဇဂြိုဟ်မင်းဟု ဖြစ်နေပေမယ့် အဆင်းမှိန်စေခဲ့သည်ပဲ လေ။ သို့သော် ပသေနဒီကောသလမင်းက တူတော်မောင် အဇာတသတ်ကို ကြည့်ရင်း မြင်မိလာသည်။ နှမတော် ဝေဒေဟီအတွက် စိတ်မကောင်းမိ။ အဇာတသတ်က အနှောင်အတဲများနှင့်။ ဦးရီးတော် ချမှတ်လာမည့်အမိန့်ကို နားထောင်ရမှာပင် နားမထောင်ရဲ။

"စစ်ဆိုသည် အေးချမ်းသည်ဟူ၍ မရှိ။ နိုင်သူသည်လည်း အတုံ့အလှည့်အတွက် စိုးရိမ်နေရ၏။ ရှုံးသူသည်လည်း ခံပြင်းစိတ်တို့ဖြင့် တုံ့ပြန်ရေးအား မွေးပြီဖြစ်၏။

www.burmeseclassic.com

စစ်တိုက်၍ ဖြေရှင်းသောနည်းတို့သည် စစ်မှန်သော ငြိမ်းချမ်းမှုမျိုး မဟုတ်"

ဂေါတမဗုဒ္ဓ၏ စစ်ရှုံးခြင်း၊ နိုင်ခြင်းအကြောင်းတရားနှင့် ပတ်သက်၍ ပသေနဒီကောသလမင်းကြီးအား မိန့်ကြားမူသည်များကို ကြားယောင်နေမိရင်း တူတော်မောင် အဇာတသတ်ကို ကရုဏာသက်စွာ ကြည့်လိုက်မိသည်။ ပြီးတော့ အကယ်၍ တူတော်မောင် လူဆိုးကို သတ်လိုက်ပါမူ အဖသတ်သည့် သားဆိုးသားမိုက် အမိုက်ဇာတ်သိမ်းတာကောင်းသည်ဟုဆိုသူက ဆိုကြမည်။ နောက် နမတော်ဝေဒေဟီ၏ သား၊ ငယ်ရွယ်သူမို့ အမိုက်စိတ်ဝင်နောက်ပြား တူအရင်းခေါက်ခေါက်ပါလားဟု မစဉ်းစား၊ သွေးသားချင်းပင် ရက်စက်၊ သည်လို သွေးမျက်ရဲသည်မို့ ပသေနဒီမျိုး၏ ဗီဇသွေး အဇာတသတ်ကို မွေးခဲ့၍၊ ဖခင် ဗိမ္ဗိသာရကိုတောင် သတ်ရဲသည်ပေါ့လေဟု ဆိုသူကလည်း ဆိုကြဦးမည်ဟူသော အတွေးတို့သည် ပသေနဒီကောသလမင်းကြီးအား စဉ်းစားစရာတွေ ဖြစ်ခဲ့ရင်းမှ ဟင်းခနဲ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးတော့ . . .

"တူတော်မောင် အဇာတသတ် . . . စစ်ဆိုတာ အေးချမ်းသောအရာ မဟုတ်။ နိုင်ရင်လည်း ရှုံးတယ်၊ ရှုံးရင်လည်း ရှုံးတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ စစ်နဲ့ ဖြေရှင်းလို့ မရဘူးလို့ တို့များအရှင် ဂေါတမဗုဒ္ဓက ဆိုမိန့်တယ်။ တူတော်မောင်ဟာ ရာဇမာန်ဝင်စ၊ ဇာတိသွေးကြွနေလေတော့ တူတော်မောင်ရဲ့ အဖသတ်သမိုင်းကြွေးအတွက် ကာသိတိုင်းကို ပြန်သိမ်းခဲ့တာ။ ဒါပေမယ့် တူတော်မောင်ဟာ သွေးရဲသူပဲ။ မာယာမသိ၊ ဗျူဟာမကျေ၊ သတ်ရဲရင် ကြောက်မယ်၊ တိုက်ရဲရင် နိုင်မယ်ဆိုတဲ့ အယူအဆနဲ့ တိုက်ခဲ့တာပဲ။ အခု တူတော်မောင်ကို အနိုင်ရလို့ ဦးရီးတော် အနိုင်မယူပါဘူး။ ကာသိတိုင်းကို ပြန်ယူပါ။ သုစရိုက်မင်းတစ်ပါးဖြစ်ရေး ကြိုးစားပါ"

ပသေနဒီကောသလမင်းကြီးသည် သူ ကြားနာဖူးသော ဗုဒ္ဓအဆုံးအမစကားတို့ဖြင့် တူတော်မောင် အဇာတသတ်ကို ဆုံးမ ပြောပြသည်။ အဇာတသတ်သည် ဦးရီးတော်၏ ခွင့်လွှတ်ခြင်းကြီးမှုကို အံ့ဩတကြီးလည်း ဖြစ်၏။ အကယ်၍ ထိုသို့ စစ်ပွဲမျိုး၌ သူသာ နိုင်လျှင် ဦးရီးတော် ကောသလအား သူ၏ မောက်လျှံနေသော ရာဇမာန်ဖြင့် သူသတ်ပစ်မိမည် အမှန်။ ထိုသို့ဆိုလျှင် အဖသတ်၊ အမိလည်း သေစေ၊ ဦးရီးတော်လည်း သတ်၊ အဇာတသတ်၏ သမိုင်းကြွေးသည် ပိုမိုထူထပ်ညစ်ညမ်းတော့မည် အမှန်။ ယခုမူ ဦးရီးတော် ကောသလသည် ခွင့်လွှတ်၍ ကာသိတိုင်းအား ပြန်ပေးသည့်အပြင်၊ သူ့သမီးတော်နှင့်ပါ လက်ဆတ်ပေးလိုက်သော ငြိမ်းချမ်းရေးနည်းဗျူဟာအပြင် ရွှေလမ်းငွေလမ်းပါ ဖောက်ခဲ့သည်မဟုတ်ပါလား။ အဇာတသတ် မလေးစားဘဲ နေ၍မရ၊ မရိုသေဘဲ နေ၍ မရတော့သည့်အဖြစ်။

◆◆◆

ဒေဝဒတ္တသည် ဂိဇ္ဈကုတ်တောင်တန်းကြီးပေါ်မှ ဂေါတမဗုဒ္ဓအား လုပ်ကြံရန် ချောင်းမြောင်းနေ၏။ ထိုတောင်စွယ်တွင်ရှိ လိုဏ်ဂူအတွင်းမှ သမာပတ်ဝင်စားပြီး စင်္ကြံလျှောက်ထွက်လာသော ဂေါတမဗုဒ္ဓ၏ တည့်တည့်သို့ ကျောက်တုံးကြီးကို တွန်းချလိုက်သည်။ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ရှင်ဂေါတမဗုဒ္ဓသည် သိသော်လည်း ပေးဆပ်ရမည့်အကြောင်းရှိ၍ အမှတ်မဲ့နေ၏။ ကျောက်တုံးကြီးက ဂေါတမဗုဒ္ဓ၏ အရှေ့တည့်တည့်သို့ အရှိန်ပြင်းစွာကျ၍ ခြေမတော်ကို အနည်းငယ် ထိခိုက်၍ သွေးခြေဥစေ၏။

သဗ္ဗေသတ္တာ၊ ကမ္မသကာ - သတ္တဝါတိုင်း၏ အကျိုးတိုင်းသည် အကြောင်းမှ လာ၏။ ကမ္မာဝစတိုင်း၌ ပြုသူသည် အသစ်၊ ဖြစ်သူသည် အဟောင်းတို့မည်၏။ သို့သော် . . .

"အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု
သုခီအတ္တာနံ၊ ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု၊ ဒေဝဒတ္တ"

ဂေါတမဗုဒ္ဓသည် လုပ်ကြံသူအား မမြင်သော်ငြား သိနေခြင်းနှင့်အတူ ဒေဝဒတ္တအား မေတ္တာကရုဏာပွားများလိုက်သည်။ ဒေဝဒတ္တသည် သေချာလွန်းစွာ ကြံစည်ခဲ့သော်ငြား မသေချာခြင်းအတွက် တုန်လှုပ်သွားခဲ့သည်။ သူသည် ကြံစည်တိုင်း မအောင်မြင်ခဲ့၊ သူ့တပည့် အဇာတသတ်ကိုပင် မည်သို့ပြောရမှန်း မသိတော့။ ပူလောင်လွန်းသော ရင်ထဲမှ အပူလုံးကြီးတစ်ခုကို သူသည် အားရပါးရမှုတ်ထုတ်လိုက်၏။ ထိုစဉ် ဂိဇ္ဈကုတ်တောင်တန်းကြီးသည် တုန်ခါ၍ အော်ဟစ်သလို မြည်ဟီး၏။

"လောဟိတုပ္ပါဒက၊ ဒေဝဒတ္တ၊ ပဥ္စာနန္တရိယ၊ ကုစားမရ"

တောင်တန်းကြီး မြည်ဟီးသွားစဉ် နားထဲ၌ ကြားလိုက်မိခြင်းအသံသည် နတ်ဘုံမှ ကြွေးကြော်လိုက်ခြင်းလား။ ဗြဟ္မာဘုံမှ ကြွေးကြော်လိုက်ခြင်းလား၊ ငရဲဘုံမှ ကြွေးကြော်အချက်ပေး မှတ်တမ်းယူလိုက်ခြင်းလားဟူ၍ ဒေဝဒတ္တ အလန့်တကြားဖြစ်၏။ တုန်လှုပ်ချောက်ချား၏။ အကြောက်လွန်စိတ်တို့သည် သတိစိတ်ကို ထုရိုက်ချေမှုန်းလိုက်သလို၊



www.burmeseclassic.com

www.burmeseclassic.com

ယာယီ သက်မဲ့ရုပ်ဖြစ်၍ မလှုပ်မယှက် တောင့်တောင့်ကြီး ရယ်လျက်။ အတော်ကြာမှ အကြောက်လွန် လွင့်ထွက်သွားသောစိတ်သည် ပြန်ကပ်မိသလို၊ ခပ်ပြင်းပြင်း သက်မကို ပစ်ချလိုက်ရင်း…

"လောဟိတုပ္ပါဒ-တဲ့။ ဗုဒ္ဓအား သွေးစိမ်းတည်အောင် ပြုခြင်းအတွက် ပဉ္စာနန္တရိယကံကြီးထိုက် လူမိုက် ဒေဝဒတ္တ၊ ကုစားမရ ဆိုပါလား"

ဒေဝဒတ္တသည် ဂိဇ္ဈကုတ်တောင်တန်းကြီး တုန်ခါ မြည်ဟီးအော်ဟစ်ခြင်းမှ ကြားလိုက်ရသောအသံအား အထပ်ထပ်အခါခါ ရွတ်သီရင်း ခန္ဓာကိုယ်ကြီးတစ်ခုလုံး အပူပြင်းတို့ တောက်လောင်သလို၊ ဇောချွေးတို့ ယိုစီးထွက်ကျ၍ တစ်ကိုယ်လုံး စွတ်စိုကုန်၏။

ရာဇဂြိုဟ် မြို့သူမြို့သားများသည်လည်း ဂိဇ္ဈကုတ်တောင်တန်းကြီးမှ တုန်ခါမြည်ဟည်းသံကြောင့် အထိတ်တလန့်ဖြစ်ကုန်၏။ နန်းတွင်းမှ အဇာတသတ်သည်လည်း တုန်ယင်လှုိက်မောသွား၏။ သည်လိုအချိန်၌ သူ့ဆရာရှင် ဒေဝဒတ္တသည် အနားမှာ မရှိ။ ဘယ်များရောက်နေပါလိမ့်ဟု စိတ်ထဲမှ တမ်းတမိ၏။ ထိုအချိန်၌ ဒေဝဒတ္တသည် အကြောက်လွန်စိတ်တို့ ပျံ့နှံ့လျက် သူ့အား သတိမရ။ ဂိဇ္ဈကုတ်တောင်ကြီးပေါ်မှ ခြေလှမ်း လှမ်း၍ထွက်ခွာချင်သော်လည်း ခြေလှမ်းတို့က လှမ်းလျှောက်မရ၊ ဖြစ်လိုမှု၊ ဖြစ်ချင်မှုတို့ဖြင့် သူသည် ရက်စက်ရဲခဲ့သော်ငြား၊ မဖြစ်လာခြင်း၏ ဆန္ဒဒုက္ခတို့သည် သောက ပရိဒေဝမီးဖြစ်၍ သူ့အား လောင်ကျွမ်းခဲ့ချေပြီပင်။

♦♦♦

အဇာတသတ်သည် ဆရာရှင် ဒေဝဒတ္တအား မျှော်၏။ ယခုမူ ပျောက်ချင်းမလှ ပျောက်နေခဲ့သည်။ ယခင်ကဆို မကြာခဏ သူ့ထံရောက်၏။ အခြေအနေအကျိုးအကြောင်း အခါပေး ညွှန်ကြား၏။ ပြီးတော့ သူ့မိဖုရားသည် သားတော်လေး မွေး၏။ နောက် ဂိဇ္ဈကုတ်တောင်တန်းကြီးကလည်း တုန်ခါမြည်ဟည်း၏။ ဤအကျိုးအကြောင်းတွေအားလုံး အဇာတသတ် သိချင်နေခဲ့သည်။ ဆရာရှင် ဒေဝဒတ္တ မလာလေတော့ ဘာမျှမသိရ။ တကယ်တော့ ဂိဇ္ဈကုတ်တောင်တွင် ဂေါတမဗုဒ္ဓအား လုပ်ကြံ၍ မအောင်မြင်ခြင်းမှ ကြောက်လန့် တုန်လှုပ်စိတ်ဖြစ်ကာ ရာဇဂြိုဟ်နှင့် ဝေးရာကို ထွက်ခွာသွားပြီး အကြောက်ဖြေဆေးရှာနေသည်ကို သူ မသိခဲ့။

ရာဇဂြိုဟ်မြို့မှ ရဟန်းတို့သည် အဇာတသတ်၏ ရန်ကို စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြရသည်။ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာ။ အဇာတသတ်သည် သူ့ဆရာ ဒေဝဒတ္တနှင့် ဆန့်ကျင်ဘက် ဂေါတမဗုဒ္ဓ၏ တပည့် ရဟန်းများအပေါ် ဆက်ဆံမှု ရိုင်းစိုင်းသည်။ ငယ်ရွယ်သူလည်း ဖြစ်တော့ ရာဇမာန်လည်း ထောင်လွှားလွန်းသည်။ ဖြစ်လိုမှု၊ ရလိုမှုနှင့် ပတ်သက်၍ ရာဇဂုဏ်ဖြင့် အနိုင်ကျင့်၏။ ထို့အပြင် ဝေသာလီပြည်ကြီးအား တိုက်ခိုက်ဖျက်ဆီးရေးအတွက် စီစဉ်ပြန်သဖြင့် ဂေါတမဗုဒ္ဓသည် တရားမဲ့ဖြင့် မင်းကြမ်းမင်းရိုင်း အဇာတသတ်အား အစဦးကတည်းက ရဟန်းပြုခြင်း၏ အကျိုး သာမညဖလအား ဟောကြား၍ ရဟန်းနှင့် လူ အတူတွဲ၍ မဆက်ဆံသင့်ပုံ၊ ရဟန်းများအား မချုပ်ချယ်သင့်ပုံတို့အား ဟောကြားခဲ့၏။ ရဟန်းမည်သည် လူတို့၏ ယစ်မူး ခံစားခွင့်တို့အား ရှောင်ကြဉ်၏။ တဏှာ၊ လောဘ ပယ်သတ်၏။ ရောင့်ရဲခြင်း သီလဖြင့် နေထိုင်ကျင့်ကြံ၏။ သို့အတွက် မြင့်မြတ်သူတို့ ဖြစ်၏ဟူ၍ ရှင်းလင်းဟောညွှန်ခဲ့သည်။ သို့သော် အဇာတသတ်သည် ဖခင် ကိုးကွယ်ခဲ့၍ ဂေါတမဗုဒ္ဓရှင်အား ရန်မရှာသော်လည်း ရဟန်း သံဃာများအပေါ်၌ မလိုက်နာ။ ယခုမူ ဝေသာလီပြည်ကြီးအား တိုက်ခိုက်ဖျက်ဆီးရေး အစီအစဉ်လုပ်နေချေပြီဖြစ်သဖြင့် သည်လိုမင်းအား ဒကာလည်း မပြုလိုတော့သဖြင့် သဗ္ဗေသတ္တာ ကမ္မသကာ ဟူ၍ ဥပေက္ခာပြု၍ သာဝတ္ထိပြည်သို့ ကြွချီ ထွက်ခွာသွားခဲ့သည်။

အဇာတသတ်သည် ဂေါတမဗုဒ္ဓရှင် ရာဇဂြိုဟ်မှ ထွက်သွားပြီဆိုခြင်းကို သူ အရေးမလုပ်။ သူ အရေးလုပ်၍ မျှော်နေမိသူက သူ့ဆရာ ဒေဝဒတ္တဖြစ်သည်။ အဇာတသတ်သည် မင်းဆိုးနောင်တ အချိန်မကျခြင်းနှင့်အတူ ရာဇမာန်တို့ ထောင်လွှားဆဲ။ အကြင်နာမဲ့ ရက်စက်ဆဲ။ ထိုသို့မှ သူ့ဆရာ ဒေဝဒတ္တသည် ဂိဇ္ဈကုတ်တောင်တွင် ဂေါတမဗုဒ္ဓရှင်အား လုပ်ကြံသတ်ဖြတ်မှု မအောင်မြင်ခြင်းမှ ထိတ်လန့်ကြောက်ရွံ့စိတ်တို့ဖြစ်၍ ဂေါတမဗုဒ္ဓအား နောင်တနှင့် တောင်းပန်ရန် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ လိုက်သွားစဉ်ပင် ကျောင်းတော်အနီး၌ မြေမျို၍ ငရဲကျခဲ့သည်ဆိုသော သတင်းဆိုးက အဇာတသတ်ကို တုန်လှုပ်ချောက်ချားသွားစေ၏။

ဆရာရှင် ဒေဝဒတ္တပင် သည်လိုဖြစ်ပြီ။ သို့ဆိုလျှင် ငါသည် ဆရာရှင် ခိုင်းသမျှ လုပ်ခဲ့၏။ ငါရော ဘာဖြစ်ဦးမလဲ။ မဟာပထဝီမြေကြီးသည် ဆရာရှင် ဒေဝဒတ္တ၏ ပြုမူမိုက်မှားမှုတို့အား သည်းမခံနိုင်လွန်းသဖြင့် ကွဲအက်၍ မျိုချပစ်ခဲ့ချေပြီဟု အဇာတသတ် တွေးဆသည်။ သို့အခါ သူ့ဖခင် ဗိမ္ဗိသာရမင်းအား ဂေါတမဗုဒ္ဓရှင် ဟောညွှန်ဖူးသော သဗ္ဗေသတ္တာ ကမ္မသကာ - အားလုံးသော သတ္တဝါအပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com

သည် မိမိပြုခဲ့ခြင်းအကြောင်းတရားအတိုင်း အကျိုးသည် တည်၏။ မိမိပြုခဲ့ခြင်းအကျိုးတရားအတိုင်း အကြောင်းသည် လည်း ဖြစ်တည်၏ဟူသော အခဆုံးမတရားကို ပြန်အမှတ်ရမိ သည်။

"ရှင်တော် ဂေါတမ ဗုဒ္ဓ…"

အဇာတသတ် ဤသို့ ကြောက်ရွံ့ ထိတ်လန့်စိတ်ဖြင့် တမ်းတမ်းတတရွတ်ဆို၏။ သို့သော် ရာဇဂြိုဟ်တွင် ဂေါတမ ဗုဒ္ဓရှင်သည် မရှိတော့၊ သို့အတွက် ရဟန်း သံဃာများအပေါ် ယခင်ဆက်ဆံမှုတို့အား ဖျက်သိမ်း၍ ရိုသေလေးစားမှုတို့ဖြင့် ဆက်ဆံ၏။ ဝေဘာရတောင်ပေါ်တွင်ရှိ ပိပ္ပလိလိုဏ်ဂူတွင် တတိယ သာဝက အရှင်ကဿပမထေရ်မြတ်ကြီး ရှိသည် ကို သတိရ၍ သွားရောက်ဖူးမြော်သည်။ ရဟန်း သံဃာတို့ အား အလုပ်အကျွေးပြုလိုကြောင်း လျှောက်ထား၏။

အရှင် ကဿပမထေရ်မြတ်ကြီးသည် အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ…အစရှိသော ဘုရားရှင် ဂေါတမဗုဒ္ဓ၏ ဂုဏ်တော် ကိုးပါးနှင့် သွာက္ခာတော၊ သန္ဒိဋ္ဌိကော၊ အကာလိကော အစ ရှိသည့် ဂေါတမဗုဒ္ဓရှင် ဟောညွှန်ခဲ့သည့် တရားဂုဏ်တော် ခြောက်ပါး၊ သာဝကသံဃော၊ သုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နော အစရှိသည့် သံဃာ့ဂုဏ်တော်ကိုးပါးတို့အား ဟောကြား ရှင်းလင်းပြ၏။

အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ဟောညွှန်မှု တို့အား နာကြားပြီး အဇာတသတ်သည် မထေရ်မြတ်ကြီးကို အားကိုးစိတ်တို့ဖြင့် ကြည့်၏။ သူ့အကြည့်သည် ကြည်ညို ခြင်း၊ လေးစားခြင်း၊ ရိုသေခြင်းတို့ ညွှတ်နူးနေ၏။ ထိုသို့မှ နောက်ပိုင်းတွင် ရှင်မဟာကဿပ မထေရ်မြတ်ကြီးနှင့် အဇာတသတ်တို့သည် ဆရာအရင်း၊ တပည့်အရင်းဖြစ်ခဲ့ သည်။

ထိုသို့မှ ဂေါတမဗုဒ္ဓဘုရားရှင်၏ တပည့် ရဟန်းသံဃာ တို့သည် မြင့်မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ခြင်း၊ သီလသိက္ခာပြည့်စုံခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းတို့အား သိရှိ တွေ့မြင်နေရခြင်းမှ သူ့သားတော်လေးအား စိတ်ထားမြင့်မြတ် ၍ ယဉ်ကျေးသူဟု အဓိပ္ပာယ်သက်ရောက်သော အမည် ကို ရွေးချယ်၍ "ဥဒယဘဒ္ဒ"ဟု အမည်ပေး ကင်ပွန်းတပ်ခဲ့ သည်။

မည်သို့ပင်ဖြစ်စေ၊ အဇာတသတ် နောင်တရ၍မဆုံး။ ရှင်တော် ဂေါတမဗုဒ္ဓ ရာဇဂြိုဟ်မြို့တွင် ကြာရှည်စွာ သီတင်း သုံးနေပါလျက် သူ ကိုးကွယ်ခွင့် မရလိုက်ချေ။ ယခုမှ တတိယ သာဝက ရှင်မဟာကဿပ မထေရ်မြတ်ကြီးနှင့် တကွ၊ ကျန် မထေရ်မြတ်များကိုသာ ကိုးကွယ်လုပ်ကျွေးခွင့် ရခဲ့သည်ဖြစ်၍၊ သူသည် ဘုရားနှင့် မထိုက်တန်ဟု သူ့ကိုယ် သူ အပြစ်တင်၏။

ထိုသို့မှ မလ္လတိုင်းအတွင်းရှိ ကုသိနာရုံမြို့နှင့် ပါဝါမြို့ ကြားရှိ မလ္လမင်းအုပ်ချုပ်သော အင်ကြင်းတောတွင် ဂေါတမ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်ပြုသည်နှင့် ရရှိခဲ့သော ဓာတ်တော်များ အား ရာဇဂြိုဟ်ထဲတွင် ဓာတ်တော်တိုက် ပြုလုပ်၍ ဘုရား ကိုယ်စား ကိုးကွယ်၏။ ထို့အပြင် ရှင်မဟာကဿပမထေရ် မြတ်ကြီး အမှူးပြု၍ ရာဇဂြိုဟ်မြို့၏ ဝေဘာရတောင်ခြေရှိ သတ္တပဏ္ဏိ ကျောက်လိုဏ်ဂူတွင် ရဟန္တာငါးရာဖြင့် အဇာ တသတ်မင်းက ကမ္မကထပြု၍ ပထမဆုံး သင်္ဂါယနာတင် ဖြစ်ခဲ့သည်။ ထိုသို့ အဇာတသတ်သည် ဗုဒ္ဓဘာသာဖြစ်၍ ယခင် ရိုင်းစိုင်းသောစိတ်တို့ သိမ်မွေ့ယဉ်ကျေးလာပြီး သာသနာရေး၊ ဘာသာရေးတို့ကို ဂရုစိုက်နေခဲ့ရာမှ မြင့်မြတ် ၍ ယဉ်ကျေးစေလိုသဖြင့် နာမည်ပေးခဲ့သော ဥဒယဘဒ္ဒသည် အဇာတသတ်အား တိုက်ခိုက်၍ နန်းလု သိမ်းခဲ့ချေသည် မဟုတ်လော။

♦♦♦

"သဗ္ဗေသတ္တာ ကမ္မသကာ"

အဇာတသတ်မင်းကြီးသည် ရှင်တော် ဂေါတမဗုဒ္ဓ၏ အကြောင်းသည် အကျိုးဖြစ်၍၊ အကျိုးသည် အကြောင်းဖြစ် ၏ဟူသော မေ့သစ္စာကို တမ်းတမ်းတတရွတ်ဆိုသည်။ နောက် ဖခင် ဗိမ္ဗိသာရမင်းကြီးသည်လည်း သူ့လက်ချက်ကြောင့် သေအံ့မူးမူးအချိန်၊ သူ့ကဲ့သို့ပင် စူးရှ နာကျင်စွာ ခံစားရပေ မည်ဟု နားလည်စိတ်ဖြစ်မိခြင်းမှ သူ့မျက်လုံးအစုံသည် မှေးမှိတ်သွား၏။ သူ့ခန္ဓာကိုယ်သည် မလှုပ်မယှက်။ သူ့ ဝိညာဉ်သည် မဟာအဝီစိငရဲရာ ငရဲပြည်သို့ အရှိန်ပြင်းစွာ လွင့်စဉ်ကျသွားရင်း ပိတုဃာတက- ဖခင်အရင်းအား သတ် သောသူ ဟူသော အသံတို့အား ဆူညံစွာ ကြားနေလျက်ရှိ တော့သတည်း။ ။

* * *

အောင်ဟိဏ်း(ကျိုက်ဆော်)



www.burmeseclassic.com

www.burmeseclassic.com


# ဝိဇ္ဇာဘာဂီတွင် အဓိဋ္ဌာန်ဝင်

ဆရာကြီး ဦးအောင်မြိုင်
(လက္ခဏာဗေဒင်ပညာ သုတေသီ)



ကျွန်ုပ်၏ ဆရာသမားတစ်ပါးက လမ်းညွှန်သဖြင့် ထိုနေရာထူးသို့ ရောက်ရှိခဲ့ဖူးခြင်း ဖြစ်ပါသည်။ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးအတိုင်း ကျိုက်ထိုနှင့် ဘီးလင်းကြား၊ ဘီလင်းမြို့ ဦးဆိုင်းဘုတ်သို့ မရောက်မီ ဓာတ်တိုင် နှစ်တိုင်ခန့်အလို ကားလမ်း၏ ညာဘက်ခြင်း(အနောက်ဘက်ခြမ်း)လမ်းဘေးတွင် ခန့်ညားထည်ဝါသော မုခ်ဦးကြီးကို တွေ့ရသည်။

ဝိဇ္ဇာဘာဂီယ ရှေးဟောင်းစေတီတော်မြတ်
၂၀၀၈ ခုနှစ်၊ မြိုင်ကြီးငူ ဆရာတော်အား အမှူးပြု၍
အများဒကာများ ကောင်းမှု (၁၃၇၀)။






www.burmeseclassic.com

www.burmeseclassic.com

ထိုမုခ်ဦးအတွင်း အသစ်ခင်းထားသော ကွန်ကရစ်လမ်းရှိသည်။ ထိုလမ်းအတိုင်း မော်တော်ကား မောင်းဝင်သွားရသည်။ ဘီးလင်းမြို့နယ်၊ အနိုင်းပွန်ရွာနှင့် မရမ်းကုန်းရွာကြားမှာ တစ်ဆူလုံး အဖြူရောင်ကြွေပြားကပ်လှူထားသော စေတီတော်ကြီးကို ဖူးတွေ့ရသည်။ ဘုရားပရဝုဏ်ကျယ်ဝန်းပြီး ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ စသည်တို့လည်းရှိသည်။ လူနေ အိမ်ခြေများနှင့် အနည်းငယ် အလှမ်းဝေးပြီး သစ်ပင်ကြီးများ အုပ်ဆိုင်းနေကာ တိတ်ဆိတ်ငြိမ်သက် အေးချမ်းသောနေရာဖြစ်သည်။

ဤစေတီတော်အား ရှေးဟောင်း စေတီတော်တစ်ဆူကို ပြန်လည်ပြုပြင်ပြီး ဘွဲ့မည်သစ် ကပ်လှူထားသော ဝိဇ္ဇာဘာဂီယဘွဲ့မည်ရ စေတီတော်ပင်ဖြစ်ပေသည်။ ကျွန်ုပ်၏ လေ့လာမှုမှတ်တမ်းအရဆိုလျှင် မြိုင်ကြီးငူ ဆရာတော်မှ ပြန်လည်ပြုပြင်သော စေတီတော်အားလုံးနီးပါးမှာ တန်ခိုးကြီး ရှေးဟောင်းစေတီတော်များသာ ဖြစ်လေ့ရှိပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်၊ သွားတော်ဓာတ် စသည်တို့ ဌာပနာထားသော စေတီတော်မျိုးဖြစ်လေ့ရှိသည်။

ယခု ဝိဇ္ဇာဘာဂီယ ရှေးဟောင်း စေတီတော်မြတ်၏ သမိုင်းကြောင်းကို ပြောပြနိုင်သော ပုဂ္ဂိုလ်မျိုးနှင့် ကျွန်ုပ်မတွေ့ရှိခဲ့ရပါ။ ကျွန်ုပ်ရောက်ရှိစဉ်က ဘီးလင်းမြို့နယ်၊ တောင်ကလေးကျေးရွာဇာတိ ကရင်တိုင်းရင်းသား ဦးငင်းကြီးတစ်ပါးတည်းသာ ထိုပရဝုဏ်ကို စောင့်ရှောက်ထိန်းသိမ်းသူအဖြစ် တွေ့ရှိခဲ့ရပါသည်။ (ထိုစေတီတော်၏ သမိုင်းကြောင်းကို သိရှိသူများက ဖော်ထုတ်ရေးသားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ဤစေတီတော်၏ အနောက်ဘက် ပင်လယ်ကမ်းခြေတွင် ဇက္ကလိရွာ ရှေးဟောင်း မြသိန်းတန်စေတီတော်ရှိကြောင်း သိရသည်။ ထိုမြသိန်းတန်စေတီတော်မှာ မြတ်စွာဘုရား၏ သွားတော်ဓာတ် ဌာပနာထားသော စေတီတော် ၃၃ဆူအနက် တစ်ဆူဖြစ်ပါသည်။

ဝိဇ္ဇာဘာဂီယ ဆိုသော ဘွဲ့အမည်မှာ ဝိဇ္ဇာရှိသော နေရာဟု ဆိုလိုကြောင်း၊ ရှေးကတည်းက ဤနေရာတွင် ဝိဇ္ဇာလမ်းလိုက်စားသူတို့၏ အဓိဋ္ဌာန်အကျင့်စခန်းဖြစ်ခဲ့ကြောင်း ကျွန်ုပ်၏ ဆရာသမားက ပြောပြခဲ့ပါသည်။

ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ဖို့၊ အတတ်ပညာ၊ အသိပညာဆိုင်ရာများတွင် ထူးချွန်၊ ကျွမ်းကျင်၊ အောင်မြင်၊ ထွင်းဖောက်သိမြင်၊ တီထွင်နိုင်စွမ်းများ ရှိဖို့ ဤဝိဇ္ဇာဘာဂီယ စေတီတော်မှာ အဓိဋ္ဌာန်ဝင်နိုင်ကြောင်း ကျွန်ုပ်၏ ဆရာသမားက လမ်းညွှန်ပြခဲ့သည်။

အဓိဋ္ဌာန်ဝင်ပုံမှာ (၁၀၈)လုံး မွှေးနံ့သား ပုတီးဖြင့် မိမိမွေးနေ့မှ စတင်၍ မနက်ပိုင်း ၆နာရီမှ ၁၀နာရီအတွင်း ဖြစ်စေ၊ မွန်းလွဲ ၂နာရီမှ ၆နာရီအတွင်း ဖြစ်စေ၊ တစ်နေ့ တစ်ကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ "ဝိဇ္ဇာစရဏသမ္ပန္နော"ဟူ၍ ပုတီးတစ်လုံးစီ ချပြီး၊ တစ်ကြိမ်မှာ ပုတီး ၃ပတ်၊ ၆ပတ်၊ ၉ပတ် စသည်ဖြင့် မိမိတတ်နိုင်သမျှ အဓိဋ္ဌာန်ပြုပြီး စိပ်ရန်ဖြစ်သည်။ အဓိဋ္ဌာန်မှာ နေ့စဉ် ၇ရက်ဆက်တိုက် ဝင်နိုင်သလို၊ တစ်ပတ်မှာ တစ်ရက် (သို့မဟုတ်) တစ်လမှာ တစ်ရက် စသဖြင့် အဓိဋ္ဌာန်ဝင်လို့ရသည်။

ဥပမာ - တနင်္ဂနွေဖွား အဓိဋ္ဌာန်ဝင်မည်ဆိုလျှင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ၇ရက်ဆက်တိုက် ဝင်လို့ရသည်။ (သို့မဟုတ်) ပထမတစ်ပတ်မှာ တနင်္ဂနွေနေ့၊ ဒုတိယတစ်ပတ်မှာ တနင်္လာနေ့၊ တတိယတစ်ပတ်မှာ အင်္ဂါနေ့၊ စတုတ္ထတစ်ပတ်မှာ ဗုဒ္ဓဟူးနေ့၊ ပဉ္စမတစ်ပတ်မှာ ကြာသပတေးနေ့၊ ဆဋ္ဌမတစ်ပတ်မှာ သောကြာနေ့၊ သတ္တမတစ်ပတ်မှာ စနေနေ့ စသဖြင့် ခုနစ်ပတ်တွင် ခုနစ်ကြိမ် အဓိဋ္ဌာန်အပြီးဝင်လို့ရသည်။

အလားတူ၊ တစ်လမှာ တစ်ကြိမ်သာ အဓိဋ္ဌာန်ဝင်နိုင်သူများဆိုလျှင်လည်း ပထမတစ်လမှာ တနင်္ဂနွေ၊ ဒုတိယတစ်လမှာ တနင်္လာဟူ၍ အဓိဋ္ဌာန်လာဝင်နိုင်သည်။ ကျွန်ုပ်က ရန်ကုန်မြို့တွင် နေထိုင်သူဖြစ်ပြီး ကိုယ့်အလုပ်နှင့်ကိုယ်အားရက်နည်းပါးသူလည်းဖြစ်၍ တစ်လမှာ တစ်ရက်၊ ထိုတစ်ရက်မှာ တစ်ကြိမ်သာ အဓိဋ္ဌာန်ပုတီးစိပ်ဖြစ်ပါသည်။

ကျွန်ုပ်မှာ လက္ခဏာ၊ ဗေဒင်၊ ယတြာအစီအရင်ပညာရပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ရာ ပညာရပ်ဆိုင်ရာ လေ့လာတီထွင်မှု စွမ်းရည်များ သိသိသာသာ ထူးထူးခြားခြား ပိုမိုတိုးတက်လာသည်ဟု ခံစားရပါသည်။ စာဖတ်သူများကိုယ်တိုင် ဆောင်ရွက်ကြည့်စေချင်ပါသည်။

* * *

ဆရာကြီးဦးအောင်မြိုင်
(လက္ခဏာဗေဒင်ပညာ သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့သည် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းဟု ဆိုအပ်သော ပကတိ ခရီးသွားလာရာ၌ ဘေးအန္တရာယ်ကင်းခြင်းကို လည်းကောင်း၊ ဘဝခရီးသွားလာရာ၌ လာဘ၊ ယသ၊ သုခ၊ ပသံသာ ဟူသော ကောင်းသော လောကဓံတို့နှင့် တွေ့ဆုံကြုံကြိုက်ရခြင်းကို လည်းကောင်း၊ သံသရာခရီးသွားလာရာ၌လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးပါးသို့ မကျနိုင်ခြင်းကို လည်းကောင်း ကေန်မုချ တောင်းဆုပန်ကြရကုန်၏။

# တောင်းဆုပန်လိုရာ မဟာတပ္ပိနသုတ္တာ သုံးဂါထာ

ကိုရွှေမြသန်း

(သမိုင်း)






www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ပါ၍ တောင်းဆုပန်လိုရာကို ပြည့်ဝစေနိုင်သော မဟာကပ္ပိနမင်းကြီး သစ္စာပြု ရွတ်ဆိုခဲ့သည့် ဘုရား၊ တရား၊ သံဃာ သစ္စာသုံးဂါထာကို ရေးသားဖော်ပြလိုက်ပါ၏။

◆◆◆

ကုက္ကုဋဝတီပြည့်ရှင် မဟာကပ္ပိနမင်းကြီးသည် မြင်းသည်ကျော် လေးဦးတို့ကို စေလွှတ်၍ နေပြည်တော် တံခါးဝန်းကျင်၌ ရတနာသုံးပါးသတင်းကို နေ့စဉ်စုံစမ်းစေခဲ့ ၏။ သို့သော် သတင်းကောင်းကို မရဘဲ ဖြစ်နေခဲ့သည်။

တစ်နေ့သ၌ မင်းကြီးသည် အမတ်တစ်ထောင်ခြံရံ လျက် မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့သည်။ ထိုအခါ မင်းကြီးသည် နေပြည်တော်မှ ယူဇနာ ၁၂၀ ဝေးကွာသော သာဝတ္ထိပြည်မှ လာကြသည့် ကုန်သည် ငါးရာကို တွေ့၏။ သတင်းစကားကို မေးမြန်းရာ သာဝတ္ထိပြည်တွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းနေကြောင်း သတင်းကောင်းကို ကြားလိုက်ရသည်။ ထိုသတင်းကောင်းအတွက် မင်းကြီးသည် ရတနာတစ်ပါးကို အသပြာ တစ်သိန်းစီဖြင့် ဆုတော်ငွေ အသပြာသုံးသိန်းကို ကုန်သည် ငါးရာအား ပေးသနားတော်မူလိုက်သည်။

မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် အချင်းချင်း တိုင်ပင်ကြပြီး ရောက်ရာနေရာမှပင် မြတ်စွာဘုရားထံ ဆက်လက်သွားရောက်၍ ရဟန်းပြုကြရန် ဆုံးဖြတ်ကြသည်။ သိန္ဓောမြင်းကိုယ်စီ စီး၍ သာဝတ္ထိပြည်သို့ ထွက်လာခဲ့ကြရာ လမ်းတွင် တစ်ဂါဝုတ်နက်၍ နှစ်ဂါဝုတ်ကျယ်သော အပရစ္ဆာ မြစ်ကြီး ရှေ့မှ ကာဆီးနေသည်ကို တွေ့ကြရသည်။

ထိုအခါ မင်းကြီးသည် တစ်ဖက်ကမ်းသို့ ကူးသွားနိုင်ရန် လှေမရှိ ဖောင်မရှိဖြစ်ပြီး အခက်တွေ့နေသဖြင့် "ငါသည် ရတနာသုံးပါးကို ရည်စူး၍ တောထွက်လာသူ စင်စစ်ဖြစ်သေ၏။ ငါ့အဖို့ ရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေသတည်း"ဟု ဘုရားဂုဏ်ကို အာရုံပြု၍ ဖော်ပြလတ္တံ့ပါ ဂါထာကို နှုတ်မှ ရွတ်ဆိုကာ အခြံအရံ အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်နှင့် အတူ အပရစ္ဆာမြစ်ကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်၌ ပြေးသွားကြရသကဲ့သို့ ခွာဖျားတို့ကိုပင် ရေကြည်တစ်ပေါက် မစွတ်စိုပေ။

ထို အပရစ္ဆာမြစ်ကို ကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ ယူဇနာတစ်ဝက်နက်ပြီး ယူဇနာတစ်ဝက်ခန့် ကျယ်သော နီလဝါဟိနီမြစ်ကြီး ကာဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးလည်း မြစ်ကို ကူးရန် လှေမရှိ၊ ဖောင်မရှိ ဖြစ်နေသဖြင့် တရားဂုဏ်တော်ကို အာရုံပြု၍ ဖော်ပြပါ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံတို့နှင့်အတူ မြစ်ကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်မှာကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားတို့ကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုပေ။

ဆက်လက်၍ မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ရှေ့ခရီးကို ဆက်ရာ၌လည်း တစ်ယူဇနာနက်ပြီး တစ်ယူဇနာ ကျယ်သော စန္ဒဘာဂါမြစ်ကြီး ကာဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးလည်း သံဃာ့ဂုဏ်ကို အောက်မေ့ကာ ဖော်ပြပါ ဂါထာကို နှုတ်မှ ရွတ်ဆိုလျက် အခြံအရံတို့နှင့်တကွ မြစ်ကို ဖြတ်ကူးရာ မြင်းတို့သည် မြေပေါ်၌ကဲ့သို့ပင် ပြေးသွားကြရသည်။ ခွာဖျားကိုပင် ရေကြည်တစ်စက်မျှ မစွတ်စို။

ထို့နောက် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင် တို့သည် မြတ်စွာဘုရားထံမှောက် ရောက်ရှိကြပြီး တရားနာ ကြရသဖြင့် အားလုံး သောတာပတ္တိဖိုလ်၌ တည်ကြကာ ရဟန်းဖြစ်လေ၏။ ပေါ် ဘိက္ခုရဟန်းဖြစ်ပြီးနောက် ယင်းရဟန်းတော်အားလုံးသည် ပဋိသမ္ဘိဒါပတ္တရဟန္တာချည်း ဖြစ်တော်မူကြလေသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် မြတ်စွာဘုရားထံ သွားရောက်ကြကြောင်း ကုန်သည်ငါးရာ၏ ပြောပြချက်အရ သိရှိရသော အနောဇာဒေဝီနှင့် အမတ်ကတော် တစ်ထောင်တို့သည်လည်း မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့နည်းတူ မြတ်စွာဘုရားထံ လိုက်သွားကြရာ မြစ်သုံးမြစ်ကို ဖော်ပြပါ ဂါထာ သုံးဂါထာကို ရွတ်၍ ကူးနိုင်ကြ၏။ မြတ်စွာဘုရားထံ ရောက်သောအခါ တရားတော်ကို နာကြားရပြီး အားလုံး သောတာပန်ဖြစ်ကြကာ ဥပ္ပလဝဏ်ထေရီမ၏ ဆောင်ရွက်ပေးမှုကြောင့် အားလုံး ဘိက္ခုနီမ ဖြစ်ကြလေကုန်၏။

ဤသည်တို့ကား မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသော သစ္စာသုံးဂါထာတို့၏ အကျိုးဆက်တို့ပေတည်း။

◆◆◆

### မဟာကပ္ပိနသစ္စာ သုံးဂါထာ

**(၁) ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ၊ ဗိဒူ။ ဧတေန သစ္စ ဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

ဗုဒ္ဓေါ - ဗုဒ္ဓမည်ရ လောကထွတ်ထား မြတ်စွာဘုရား သည်၊ ဟဝေ - စင်စစ်၊ ဘဝသောတံ - ဘဝသုံးသွယ် ရေပြင်ကျယ်ကို၊ တိဏ္ဏော - နိဗ္ဗုထုတ်ချောက် ကူးမြောက် တော်မူပြီးလေပြီ။ လောကန္တဂူ - လောက၏ အဆုံးသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော်မူလေပြီ။ ဝိဒူ - ခပ်သိမ်းသော တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ တေန သစ္စ ဝဇ္ဇေန- ဝစီမဂ်လာ ဤသစ္စာစကားကြောင့်၊ မေ - အကျွန်ုပ်၏ ဂမနံ - မြတ်စွာဘုရားထံမှောက် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု - ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

(ပထမ အပရဇ္ဈာမြစ်ကြီးကို ဖြတ်ကူးစဉ် ရွတ်ဆိုသော ဂါထာဖြစ်ပါသည်။)

**(၂) ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။ ဧတေန သစ္စ ဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

မဂ္ဂေါ - အရိယ မဂ်လေးပါးသည်၊ ယဒိ - စင်စစ်၊ သန္တိဂမော - နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ မောက္ခောစ - အရိယာမဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားမြတ်သည်လည်း၊ အစ္စန္တိကံ သုခံ - ချမ်းသာစင်စစ် ကေန်ဖြစ်၏။ တေန သစ္စ ဝဇ္ဇေန - ဝစီမဂ်လာ ဤသစ္စာစကားကြောင့်၊ မေ - အကျွန်ုပ်၏၊ ဂမနံ - မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်၊ သမိဇ္ဈတု - ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

(ဒုတိယ နီလပါဟိနီမြစ်ကို ဖြတ်ကူးစဉ် ရွတ်ဆိုသော ဂါထာဖြစ်ပါသည်။)

**(၃) သံဃော စ တိဏ္ဏကန္တာရော၊ ပုညခေတ္တော အနုတ္တရော။ ဧတေန သစ္စ ဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။**

သံဃော - အရိယာ သံဃာတော်မြတ်သည်၊ စ- စင်စစ်၊ တိဏ္ဏ ကန္တာရော - သံသရာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အနုတ္တရော - အတုမရှိ လွန်မြတ်သော၊ ပုညခေတ္တော - ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏။ တေန သစ္စ ဝဇ္ဇေန- ဝစီမဂ်လာ ဤသစ္စာစကားကြောင့်၊ မေ - အကျွန်ုပ်၏ ဂမနံ - မြတ်စွာဘုရားထံမှောက် သွားရောက်ခြင်းသည် သမိဇ္ဈတု - ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

(တတိယ စန္ဒဘာဂါမြစ်ကို ဖြတ်ကူးစဉ် ရွတ်ဆိုသော ဂါထာဖြစ်ပါသည်။)

ခရီးသွားရာတွင် (သို့မဟုတ်) စစ်ထွက်ရာတွင် (မြင်းဘက်ရှိသော ကိစ္စရပ်များအတွက် ဆောင်ရွက်ရာတွင်၊ သွားရောက်ရာတွင်) ဖော်ပြပါ မြစ်ကူးဂါထာ သုံးဂါထာကို ရွတ်ဆိုသွားလျှင် အဆီးအတားအန္တရာယ် မုချကင်းမည်ဖြစ်ပါသည်။ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ ယုံကြည်စွာ သဒ္ဓါတရားထက်သန်စွာဖြင့် ရွတ်ဆိုရန်ဖြစ်ပါသည်။

ထို့အပြင် မိမိတို့၏ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းဟုဆိုအပ်သော ပကတိ ခရီးကို သွားလာရာ၌ ဘေးအန္တရာယ်ကင်းစေခြင်းကို လည်းကောင်း၊ ဘဝခရီးသွားလာရာ၌ လာဘ ယသ၊ သုခ၊ ပသံသာ ဟူသော ကောင်းသော လောကဓံတို့နှင့် ကြုံကြိုက်စေရခြင်းကို လည်းကောင်း၊ သံသရာခရီးသွားလာရာ၌လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ်လေးပါးသို့ မကျနိုင်စေခြင်းကို လည်းကောင်း တောင်းဆု ပန်ချွေပြီး လောကုတ္တရာဝတ်တစ်ခုအနေဖြင့် သစ္စာအဓိဋ္ဌာန်ပြု ရွတ်ဆိုပူဇော်ပါက ပန်ဆုတို့ ပြည့်ဝနိုင်စေကြောင်း ဓမ္မစကား ရေးသားတင်ပြလိုက်ပါ၏။

* * *

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း

- ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာထွန်းမြင့်)။

## သေခြင်းတရားသဘော

တိုင်းပြည်၏သခင် မင်းရှင်ဘုရင်သည် ဆင်မြင်းရထား ခြေသည်အားဖြင့် အင်္ဂါလေးပါးရှိသော် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသည့် စစ်တပ်ကို အောင်နိုင်သော်လည်း သေမင်းကိုမူ အောင်ခြင်းငှာ မစွမ်းပေ။ ။

(ဇာတကပါဠိ ပထမ-၃၅၄)



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဦးပုညရှင်ရုပ်ပွားတော်
စစ်ကိုင်းတောင်ရိုး။

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတောင်ရိုးရှိ ရှေးဟောင်းသမိုင်းဝင်

# ဆွမ်းဦးပုညရှင်စေတီတော်

ချစ်မင်းသူ






www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆရာ ကိုထွန်းအောင်၏ ခေါ်ဆောင်မှုဖြင့် အင်းဝ တံတားဦးရှိ မြေငူရွာသို့ ရောက်ခဲ့ပြီးနောက် အပြန်လမ်းတွင် ကိုထွန်းအောင်၏ ညီငယ် ရဟန်း ဦးဥတ္တရ၏ စီစဉ်ပေးမှုဖြင့် စစ်ကိုင်းရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ခွင့် ရရှိခဲ့ပါသည်။ စစ်ကိုင်းချောင်ကား တရားရှာမှီးသူများအတွက် အေးငြိမ်းရာ အမှန်ဖြစ်သည်ကို ဘုရား ပုထိုး စေတီကျောင်းကန်များကို ကြည့်ရှု မြင်ရုံမျှဖြင့် သိရှိနိုင်ပါသည်။ စစ်ကိုင်းတောင်ရိုးပေါ်မှ လှမ်းမြင်ရသည့် မြစ်ကြီးဧရာဝတီ၏ အလှကလည်း အပျိုစင်မလေးတစ်ယောက်နှယ် အိပ်နေသည်နှင့်ပင် တူတော့သည်။

ဦးဥတ္တရကိုယ်တိုင် စီစဉ်မှုဖြင့် စစ်ကိုင်းတောင်ရိုးပေါ် ရောက်သည်နှင့် ဆွမ်းဦးပုညရှင် စေတီတော်ကို ဦးစွာသွားရောက်ဖူးမြော်ကြရပါသည်။ စာရေးသူတို့ကား စစ်ကိုင်းတောင်ရိုးပေါ်ကို ယခုမှ ရောက်ရှိဖူးခြင်းဖြစ်၍ ဘုရားဖူးရခြင်းအပေါ် ဝမ်းသာကြည်နူးကြရပါသည်။ ဆွမ်းဦးပုညရှင်စေတီတော်ကို လှည့်ပတ်ဖူးမြော်ပြီးနောက် မိမိတို့ကဲ့သို့ မရောက်ဘူးသူများအတွက်လည်း မဂ္ဂဇင်းစာအုပ်တွင် ဖတ်ရှု ဖူးမြော်နိုင်ကြစေရန် ရည်သန်၍ စာတစ်ပုဒ်ရေးရန် ဘုရားဖူးစဉ်ကပင် သန္နိဋ္ဌာန်





ချမှတ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဆွမ်းဦးပုညရှင်စေတီတော် သမိုင်းစာအုပ်တစ်အုပ်ဝယ်ယူကာ ဖတ်ရှုလေ့လာရပါတော့သည်။

◆◆◆


ပုညရှင်တောင်သည် ကဿပဘုရားရှင် သာသနာတော်နောက်ဆွယ်ခေတ်ကပင်လျှင် "ဓမ္မိကတောင်"အမည်နှင့် တရားရှာမှီးသူတို့ ပျော်မွေ့ရာ၊ ခိုအောင်းရာ၊ တရားအားထုတ်ရာ တကယ့်သာသနာ့ရိပ်သာ သာသနာ့နယ်မြေဖြစ်ခဲ့ကြောင်း ကောင်းစွာ ထင်ရှားပေသည်။ ထို့နောက် ဂေါတမဘုရားရှင် သာသနာတော်အတွင်း၌လည်း ရဟန္တာ အရှင်နာဂဒတ္တမထေရ်မှ အစပြု၍ ရသေ့ ရဟန်း သူတော်စင်အပေါင်းတို့ ခိုအောင်းရာ သာသနာ့ရိပ်မြုံကြီးသဖွယ် ဖြစ်လာပြန်သည်။

ဂေါတမဘုရားရှင်သည် ပုညရှင်တောင်တစ်ဝိုက်၌ သာသနာတော် စည်ပင်ပြန့်ပွားမည်ကို မဟာကရုဏာပွား၍ ရွှေဉာဏ်တော် ရှုမြင်ပြီးလျှင် လယ်ကိုင်းကျောင်းတော်ရာနှင့် မန်းစက်တော်ကို အကြောင်းပြု၍ ဝါတော် ၂၀ကျော်အခါကပင် ညီဘွား အာနန္ဒာကို ပဏ္ဍာသမဏာပြု၍ သုနာပရန္တတိုင်း၊ စစ်ကိုင်းအရပ်သို့ ကြွရောက်တော်မူပါသည်။ ထိုအခါ စစ်ကိုင်းတောင်ကြီးနှင့်တကွ၊ ပုညရှင်တောင်တွင် ပုညရှင်စေတီတော် ဖြစ်ပေါ်လတ္တံ့ဟု ဗျာဒိတ်ထားတော်မူပါသည်။



www.burmeseclassic.com


www.burmeseclassic.com




ထိုစစ်ကိုင်းအရပ်၌ ရှိင်းပျတွေဝေ ရှိကြကုန်သော ကိုးကျိပ် ကိုးယောက်သော ဘီလူးအပေါင်းရှိသည်။ ဇေတဘီလူး အမှူးရှိသော ထိုဘီလူးအပေါင်းတို့သည် မြတ်စွာဘုရားကြွ လာသောအခါတွင် သားပြွမ်းဆွမ်းဖြင့် လုပ်ကျွေး၍ တရား တော် နာယူကြရာ အားလုံး သောတာပန်တည်ကြလေသည်။


မြတ်စွာဘုရားရှင်သည် ထိုဘီလူးတို့ သောတာပန်တည် ရာအရပ်မှ ရောဝတီမြစ်နားသို့ ကြွရောက်တော်မူ၍ ရေသပ္ပာယ်တော်မူပါသည်။ ထိုဆိပ်သည်လည်း "ချိုးတော် ဆိပ်"အမည်တွင်လေသည်။ မြတ်စွာဘုရားရှင်သည် ရေသပ္ပာယ်တော်မူပြီးနောက် ရေသနုတ်တော်ကို ဇေတ ဘီလူးအား ပေးအပ်၍ "နောင်သောအခါ ငါ၏ ရေသနုတ် တော်ကို ဌာပနာသွင်းထား၍ ဘုရားစေတီတည်ကာ ကိုးကွယ် ရစ်ကြ"ဟု အပ်တော်မူလေသည်။ ဇေတဘီလူး အမှူးရှိသော ကိုးကျိပ်ကိုးယောက်သော ဘီလူးတို့ တည်သောစေတီကို "ဝတ်တော်ရုံဘုရား"ဟု သမုတ်လေသည်။ ဇေတဘီလူး ဝန်ခံ၍ တည်သောကြောင့် နောက်ပိုင်း "ဇေတဝန်ဘုရား"ဟု ခေါ်ဝေါ်ကြကုန်သည်။ ထိုဘုရားအနီးအပါး တည်ထားသော ကျောင်းကိုလည်း "ဇေတဝန်ကျောင်း"ဟု ခေါ်၍၊ အရှေ့ မြောက်တွင် ပေါ်ကွံပြည် အနော်ရထာမင်းစောဆရာ ရဟန္တာ အရှင်အရဟံ သမုတ်သည့် သိမ်ကိုလည်း "ဇေတဝန်သိမ်" ဟု ခေါ်လေသည်။

ဘုရားရှင် ရေသပ္ပာယ်တော်မူ၍ မြစ်ဆိပ်တောင်ထိပ် ၌ ရပ်တော်မူသော တောင်သည်လည်း "ဖဝါးတောင်"တွင် သည်။ ထိုမှသည် တောင်အရပ်သို့ ကြည့်တော်မူရာတွင် စောင်ချမ်းပင်ကြီးအပါး စီးသွားသော ချောင်းဖြစ်၍ ဇရမ်း ချောင်းတွင်သည်။ ထိုချောင်းနားတွင် စစ်ပင်ကြီးတစ်ပင်ရှိ ပြီး ထိုစစ်ပင်၌ ဗျိုင်းဖြူအများ နားကြသောကြောင့် စစ်ပင် ကိုင်းသည်ကို အစွဲပြု၍ စစ်ကိုင်းတွင်လိမ့်မည်ဟူ၍လည်း အမိန့်ရှိတော်မူပါသည်။ ထို့ပြင် နောင်သောအခါ၌ ဤသုနာပ ရန္တတိုင်း(စစ်ကိုင်း)၌ သာသနာတော် စည်ပင်ပြန့်ပွားမည်ကို





www.burmeseclassic.com




အနာဂတံသဉာဏ်တော်ဖြင့် မြင်တော်မူ၍ ညီတော် အရှင်အာနန္ဒအား ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။ ထို့နောက် အနောက်ဘက် ဖေါတောင်သို့ ကြွတော်မူ၍...

"အာနန္ဒာ...ဤဖေါတောင်ကား ရှေးသောအခါ ငါဘုရားအလောင်းတော် ယုန်မင်းအစစ်ဖြစ်တော်မူသည့်ကာလ ကျင်လည်ဖူးသောအရပ်ဖြစ်သည်။ နောင်သောအခါ ဤတောင်ထိပ်၌ ငါ၏ မျက်ကွင်းတော်ဓာတ်ကို ဌာပနာသွင်း၍ စေတီကြီးစွာတည်ကာ လူနတ်တို့ ကိုးကွယ်ရာဖြစ်လိမ့်မည်"

ဟူ၍ ပုညရှင်စေတီတော်နှင့် ပုညရှင်စေတီတည်မည့် ဖေါတောင်ကို ဗျာဒိတ်ထားတော်မူပါသည်။ ထိုပုညရှင်စေတီတည်ရှိရာတောင်ကို ဖေါတောင်၊ ဖားဦးတောင်၊ ဖဝါးဦးတောင် စသည်ဖြင့် ခေါ်ဆိုကြသည်။ ဖဝါးဦးတောင်မှာ ဘုရားရှင် ဖဝါးတော်ဦးချရာဖြစ်၍ ခေါ်ဆိုကြောင်း သိရပေသည်။ ဤသို့လျှင် ဝိဇယာပူရပင်းယမြို့တည် တစ်စီးရှင် သီဟသူမင်းကြီးနှင့် ထိုမင်း၏ ပြည်ရွာ ယိုယွင်းပျက်ပြားစေလိုသော၊ သမုဒ္ဒရာခြားသော တစ်ပါးနိုင်ငံမှ ကျည်းပုဏ္ဏား၊ ကျည်းကုလားတို့က မွေတော် ၇ဆူကို ရှစ်မြှောင့် ကွမ်းခွက်တွင် အိမ်နှင့် စည်၍ ရွှေမယ်ဥ ၇ချက်၊ သတ်ဟူသော အက္ခရာနှင့် ကောင်းမွန်စွာ ပြုလုပ်ပြီးလျှင် တစ်စီးရှင်မင်းထံသို့ ပို့ဆက်လာသည်။


တစ်စီးရှင် သီဟသူလည်း ထိုကွမ်းခွက်တွင် ကွမ်းလက်ဖက်ပြင်၍ မဆင်မခြင် စားတော်ခေါ်မီသည်။ ထိုအခါ






www.burmeseclassic.com

www.burmeseclassic.com



စားတော်ခေါ်သည့်နေ့မှာပင် ယားယံသော ရောဂါဖြစ်ပေါ်လာသည်။ ထိုအခါတွင်လည်း မဆင်ခြင်မိသေးဘဲ ထပ်ခါတလဲလဲ သုံးဆောင်ပြန်ရာ ယားယံသောဝေဒနာ တိုး၍ဖြစ်ပေါ်လာလေမှ ကွမ်းခွက်တော်၌ မသင်္ကာစိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ပန်းတိမ် ငစိန်သင်ကို ခေါ်တော်မူပြီးလျှင် ရတနာ




ကွမ်းခွက်တော်(သီရိမဟာသောကစေတီသမိုင်းအလို ရတနာပန်းတောင်း)ကို အပ်၍ ဖျက်စေရာတွင် မွေတော် ၅ဆူသာ ရသည်။ ကျန် ၂ဆူမှာ တူတွင် တစ်ဆူ၊ ပေတွင် တစ်ဆူ ကိန်းဝပ်တော်မူလေသည်။ (သီရိမဟာသောကစေတီသမိုင်း၌မူကား ပန်းတိမ် ငစိန်သင်သည် ရွှေမယ်ဥတို့ကို နုတ်သော် မွေတော် ၇ဆူကို ရလေသည်။ သို့ရာတွင် မွေတော်မှန်းမသိ၍ တစ်ဆူကို ပေထက်တင်၍ တူနှင့် ထုသော် တူတွင် ဝင်၍နေသည်။ တစ်ဆူကို ပေထက်တင်၍ တူနှင့် ထုသော် ပေတွင် ဝင်၍နေသည်ဟု ဆိုသည်။)

ပန်းတိမ် ငစိန်သင်လည်း မွေတော် ၅ဆူ၊ ရွှေမယ်ဥ ၇ဥ၊ သတ်ပုံသော သချ်ာကို ဆောင်၍ တစ်စီးရှင် သီဟသူအား ဆက်လေသည်။ တစ်စီးရှင်လည်း ရွှေကွမ်းခွက်၌ ရွှေမယ်ဥ ၇ချောင်းလည်း ပါသည်၊ သတ်ပုံသော အက္ခရာလည်း ပါသည်၊ ၇ဆူဖြစ်သင့်သည်၊ နှစ်ဆူကို ပျောက်ရသလောဟု ပန်းတိမ် ငစိန်သင်ကို ဖမ်းစေရာတွင် ပန်းတိမ် ငစိန်သင်သည် တူနှင့် ပေကို ထမ်း၍ သန်လျက်ခုံကျွန်းအရောက်ပြေးလေသည်။ ပန်းတိမ် ငစိန်သင် ကမ်းနားရောက်ချိန်တွင် သန်းခေါင်တိုင်ပြီးဖြစ်၍ လုံခြုံမှုအတွက် အတော်ပင်စိတ်ချရလေပြီ။ သို့နှင့် မြစ်ညာမှ လှေငယ်တစ်စင်း လော်ခတ်လာသည်ကို မြင်ရ၍ "စစ်ကိုင်းဘက်သို့ ကူးလျှင် လိုက်ပါမည်"ဟု ဆိုလေရာ လှေပေါ်မှ လူကလည်း ငစိန်သင်အား "တက်ခဲ့တော့"ဆို၍ လှေနှင့် တင်ပြီး စစ်ကိုင်းဘက်သို့ ပို့ပေးလေသည်။ (သီရိမဟာသောကစေတီသမိုင်းတွင် ဇေယျဝတီ



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းကို စောင့်ရှောက်သော နတ်က လူတို့အသွင် ဖန်ဆင်း၍ လေပုနှင့်တကွ ကြိုနေနှင့်သည်ဟု ဆို၏။)

ထိုစဉ်က စစ်ကိုင်းမြို့ကို တစ်စီးရှင် သီဟသူ၏ သားတော် ဘသခ်ယာစောယွမ်း 'စိုးစံတော်မူလျက် ရှိသည်။ အမတ် ပုညာသည် ပထမက ပင်းယတစ်စီးရှင် သီဟသူ၏ အမတ်အဖြစ် ခံစားနေရာမှ သီဟသူက သားတော် အသခ်ယာစောယွမ်းအား စစ်ကိုင်းမြို့ကို ပေးသောအခါ သားတော်အကျိုး သယ်ပိုးဆောင်ရွက်စေခြင်းဌာ ဉာဏ်အား၊ လုံ့လအားနှင့် ပြည့်စုံ၍ ယုံကြည်စိတ်ချရသော ပုညာအမတ်ကြီးကိုပါ အသခ်ယာစောယွမ်းလက်သို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ န်းတိမ် ငစိန်သင်သည် ပင်းယမြို့တွင် နေထိုင်စဉ်က သိပေါင်းကျွမ်းပေါင်း အခွေခင်ပွန်းပေါင်းတစ်ယောက် ဖြစ်ခဲ့ဖူးသော အမတ်ပုညာအိမ်သို့ လာ၍ တည်းခိုလေသည်။ အမတ်ပုညာအိမ်တွင် ငစိန်သင် တည်းခိုနေစဉ် တစ်ညသော အခါ မွေတော် ဓာတ်တော်နှစ်ဆူသည် တူနှင့် ပေမှ ထွက်၍ သားလုံးခန့်မျှ တဝင်းဝင်း တလက်လက်နှင့် ကွန့်မြူးစံပယ် ျက်ရှိသည်ကို ပုညာအမတ် မြင်ရ၍ ကြည့်ရှု ဖူးမြော်သော အခါ ဓာတ်တော်မွေတော်မှန်း သိ၍ အလွန်ပီတိသောမနသ ဖြစ်ကာ ရှိခိုးပူဇော်လိုက်လေသည်။

မိုးသောက်သောအခါတွင် ပုညာအမတ်က ငစိန်သင် ကို ခေါ်ပြီးလျှင် "မောင်တွင် ပါသော မွေတော်နှစ်ဆူကို ကိုးကွယ်ပါမည်"ဟူ၍ များစွာသော ဆုလာဘ်တို့နှင့် ဆို၏။ ထိုအခါ ငစိန်သင်ကလည်း "ကျွန်တော့်တွင် မွေတော် မပါ ။ တူနှင့် ပေသာ ပါ,ပါသည်။ မွေတော်နှစ်ဆူအမှုကြောင့် ပင်းယမင်းက ခြိမ်းခြောက်၍ ပြေးခဲ့ရပါသည်"ဟု ဆို၏။ ပုညာအမတ်လည်း ထိုစကားကို မယုံ၍ ငစိန်သင်အပေါ် ကြည်မသာရှိလေလျှင် ငစိန်သင်က "ကျွန်တော့်တွင် မွေတော်နှစ်ဆူ မပါပါ။ အကယ်၍ ပါအံ့၊ ကျွန်တော် ခွင့်ပြုသည်၊ ကိုးကွယ်ပါတော့၊ အပ်ပါသည်"ဟု ဆိုသည်။ အမတ် ပုညာလည်း ညရောက်သောအခါ အိမ်ဦးတွင် ညောင်စောင်း ခင်း၍ ပြတာန်(ဗိတာန်)ကြက်ပြီးသော် ဆီမီးတန်ဆောင် ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ကာ ဤရတနာပန်းတောင်း ၌ ကိန်းဝပ်တော်မူပါဟု လျှောက်ထား တောင်ပန်းလေသည်။

ဤသို့ အမတ်ပုညာ အဓိဋ္ဌာန်ပြု၍ တောင်းပန်လျက် ရှိစဉ် ရဟန်းကြီးနှစ်ပါး တောင်ဝှေးကိုင်၍ ဝင်လာသည်။ အမတ်ပုညာလည်း အတန်ငယ် ငိုက်မျဉ်းသကဲ့သို့ ရှိစဉ် "အမတ်ပုညာ··· ငါတို့လာသည်ကို မသိသလော"ဟု မိန့် တော်မူသည်ကို ကြား၍ ကြည့်သော် မွေတော်နှစ်ဆူသည် တူနှင့် ပေမှ ထွက်၍ ကောင်းကင်တွင် စကြံသွားလျက် စံပယ်တော်မူလေသည်။ အမတ် ပုညာလည်း ရတနာပန်း တောင်းကို ခေါင်းထက် ရွက်၍ ရတနာပန်းတောင်းသို့ ဆင်း သက်တော်မူပါဟု တောင်းပန်၏။ မွေတော်မြတ်နှစ်ဆူလည်း ရတနာပန်းတောင်းသို့ သက်၍ ကိန်းဝပ်တော်မူလျှင် ပုညာ အမတ်လည်း ပတ္တမြားကြုတ်နှင့် ကောင်းစွာ ထည့်၍ အိမ်ဦး တွင် ထားပြီး ကိုးကွယ်တော်မူလေသည်။ ကာလအတန် ကြာသော် "မိမိချည်းသာ ကိုးကွယ်သည်ထက် လူနတ်ဗြဟ္မာ တို့ ကိုးကွယ်ရာ ဖြစ်ပါစေ"ဟူ၍ အကြံဖြစ်ပေါ်လာသည်။

ထို့ကြောင့် မွေတော်မြတ်နှစ်ဆူကို ပတ္တမြားကြုတ် နှင့်တကွ ရွှေလင်ပန်းထက်တင်၍ သင်ပုတ်ပြင်ပြီးလျှင် ဆီမီးတန်ဆောင်း ပန်းပေါက်ပေါက်တို့ဖြင့် ထက်ဝန်းကျင်သို့ ပူဇော် သက္ကာယပြု၍···

"ရှင်တော်ဘုရား··· လူနတ်ဗြဟ္မာ ရဟန်းသံဃာတို့ ပူဇော်သက္ကာယပြုအံ့သောအရပ်တွင် သင်ပုတ်တင်အံ့။ ရွှေ လင်ပန်းနှင့်တကွ တည်မိစေသော်"

ဟု သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် ခြေမြန် ကုလားတစ် ယောက်ကို ခေါ်၍ ရွှေလင်ပန်း ခေါင်းထက်တင် ရွက်စေပြီး လျှင်···


"အမောင်···တောင်ဖီလာ လေးကွန်းဆီမီးတောင်က တက်၍ တောင်ထိပ်တစ်ပြင်တွင် တင်ချင်စိတ်ရှိသည့်အရပ် ၌ ဤရွှေလင်ပန်းနှင့် သင်ပုတ်ကို မသွန်ဘဲ ထားခဲ့တော့"

ဟု အမှာပါး၍ ပို့စေသည်။

ခြေမြန် ကုလားလည်း အမတ်ပုညာ မှာကြားသည့် အတိုင်း တောင်ဖီလေးကွန်း ဆီမီးတောင်က တက်၍ တောင်ရိုးတောင်စဉ်တစ်လျှောက် လျှောက်၍သွားသော် မည်သည့်ဌာနတွင်မှ မတင်ချင်။ ယခု ပုညရှင်စေတီတော် မြတ် တည်ရှိရာ ငဖားတောင်ထိပ်သို့ ရောက်မှ သီရိမ္မာ သောကစေတီတော်ပေါင်း တစ်ဆူနှင့် ပတ္တူသယ်ရာဇာ တည်ထားသော စေတီတစ်ဆူအကြားတွင် ရွှေလင်ပန်းကို



www.burmeseclassic.com



တင်ထားပြီး ပြန်လာခဲ့လေသည်။

ထိုအခြင်းအရာကို ပုညာအမတ်က မထင်မရှားမြင်လေသည်။ ထို့နောက်မှ ခြေမြန် ကုလားဆိုရာသို့ ပုညာအမတ် သွား၍ကြည့်သော် သင်ပုတ်တော်နှင့်တကွ မွေတော်မြတ်နှစ်ဆူ ကိန်းဝပ်ရာ ပတ္တမြားကြုတ်ကို ဥဗျိုင်းများ ရံ၍၊ ဥဗျိုင်းများကို စာများ ရံပြီး၊ စာငှက်များကို ကျီးပေါင်းရံနေသည်ကို တွေ့ရလေသည်။

ထိုအံ့ဖွယ်သရဲကို အမတ်ပုညာ မြင်၍ နိမိတ်ဖတ်သည်ကား ဥဗျိုင်းရံသည့်အလိုမှာ မွေရှင်တော်ကို စေတီတည်၍ ဗျာပနာတော်အရပ် ထက်ဝန်းကျင်မှ လူနတ်တို့သည် အပေါင်းအစည်းပြုလုပ် အုပ်ချုပ်ပြီး ဖြူစင်သော သဒ္ဓါစိတ်ဖြင့် ကောင်းမှုအလှူများမည့် အကြောင်းတည်း။ ဥဗျိုင်းကို စာရံသည့်အလိုကား ငါ၏ ကောင်းမှုကို လူသူတကာတို့ ထက်ဝန်းကျင်ရံ၍ စေတီပုထိုးတည်လတ်မည့် အကြောင်းတည်း။ စာငှက်ကို ကျီးရံသည့်အကြောင်းကား ငါ၏ ကောင်းမှုနှင့်တကွ စေတီပုထိုးများကို အရိုင်းတို့ ဖျက်ဆီးမည့် အကြောင်းတည်း။ ကျောက်ငှေးရပ်ရှိသည့် အလိုကား ဤတောင်သည် ငှေးတောင်ဟု တွင်မည့် အကြောင်းတည်း။ ရေကန်ရှိသည့်အလိုကား သူတော်တကာတို့ သူတော်ကောင်းတရား မွေ့လျော်ရာ ဖြစ်လတ္တံ့သော အကြောင်းတည်း။ ဤသို့ နိမိတ်ဖတ်ပြီးသော် သီရိဓမ္မာသောက စေတီတော်နှင့် ပတ္တူးသယ်ရာဇာ ကောင်းမှုစေတီဟောင်း နှစ်ဆူကိုငုံပြီးလျှင် စေတီတည်လေသည်။ နတ်တို့ ကူညီစောင့်ရှောက်၍ တည်ရသောကြောင့် နေ့ချင်းပြီးသည် ဟူ၏။

ထိုသို့ အမတ် ပုညာနှင့် ပန်းတိမ် ငစိန်သင်တို့သည် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်းမင်းကို မပန်ကြားဘဲ နတ်တို့အကူအညီဖြင့် အဆောတလျင် ပုညစေတီကို နေ့ချင်းပြီး တည်ထားမိ၍ အသင်္ခယာစောယွမ်းမင်းက "ငါ့ကို မတင်မထား၊ စေတီတည်ရသလား"ဟု မင်းတို့၏ မာန်ဖြင့် မျက်တော်မူကာ ပုညာအမတ်နှင့် ပန်းတိမ် ငစိန်သင်တို့အား မြို့တော်၏ အရှေ့မြောက်ယွန်း(ရွှေကြာအင်း)တွင် ရေစိမ်၍ သတ်လေသည်။ ထိုအခါ ဓာတ်တော် မွေတော်မြတ်နှစ်ဆူ၏ တန်ခိုးဖြင့် ပုညာအမတ်နှင့် ငစိန်သင်တို့မှာ သေးမသေရန်မခံ၊ ချမ်းသာစွာ ရှိနေကြသည်ကို အသင်္ခယာစောယွမ်းမင်း မြင်တွေ့ရသောအခါ ဖြစ်ပေါ်လျက်ရှိသော ဒေါသခိုးဒေါသငွေ့တို့သည် တစ်ခဏချင်း ကင်းစင်လွင့်ပျောက်ကာ သဒ္ဓါမေတ္တာ စိတ်ကောင်း စိတ်မြတ်တို့ ဝင်ရောက်လာပြီး ပုညာအမတ်နှင့် ပန်းတိမ် ငစိန်သင်တို့အား ရာဇဝတ်တော်ဘေးမှ ကင်းလွတ်ခွင့် ပေးတော်မူလေသည်။

ထို့နောက် အသင်္ခယာစောယွင်းမင်းသည် ပုညာအမတ်နှင့် ပန်းတိမ် ငစိန်သင်တို့အား ညှိနှိုင်းတိုင်ပင်ပြီးလျှင် ခမည်းတော် တစ်စီးရှင် သီဟသူထံ လျှောက်ထားကာ သာသနာတော် ၁၈၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၆၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပုညရှင် စေတီတော်ကို အုတ်ရိုးအင်္ဂတေပြီးအောင် လုပ်ပြီး ဆူလုံးပြည့်ရွှေထည့်၍ ရွှေထီးအထွဋ်တင်လှူတော်မူသည်။ ပုညာအမတ်ကြီး စတင်တည်ခဲ့သော စေတီတော်ဖြစ်၍ "ပုညစေတီ"ဟု ပထမက ခေါ်ခဲ့ကြသော်လည်း နောင်တွင် "ပုညရင်" ဟူ၍ လည်းကောင်း၊ "ပုညရှင်" ဟူ၍ လည်းကောင်း ပြောင်းလဲခေါ်ဝေါ်လာကြသည်။ တောင်စောင့်နတ်တို့ ဆွမ်းဦးကပ်ရာဖြစ်၍ လည်းကောင်း၊ ဝါစဉ် ဘုရားပွဲတော် ပထမဆုံး ဆွမ်းတော်ဦးကပ်ရာဖြစ်၍ လည်းကောင်း "ဆွမ်းဦးပုညရှင်"ဟု ယနေ့တိုင် ခေါ်ဝေါ်ခဲ့ကြပါသတည်း။

(စစ်ကိုင်းတောင်ရိုးသို့ စီစဉ်လိုက်ပါ ပို့ဆောင်ပေးသော မန္တလေးမှ ဦးပန္နင်း ဦးဥတ္တရအား ကျေးဇူးအထူးတင်ရှိပါသည်)

* * *

ချစ်မင်း



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းတော်ကြီး ဦးသီလ

သာစည် အောင်တင်



* ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့်၊ ပစ္စည်းအပျက်ခံ။
* အင်္ဂါခြေလက်နှင့် အသက်အန္တရာယ် တစ်ခုခု တွေ့လျှင် အသက်အသေမခံနှင့်၊ အင်္ဂါခြေလက် အပျက်ခံ။
* အသက်နှင့် သီလ တစ်ခုခုအန္တရာယ်တွေ့လျှင် သီလအထိမခံနှင့်၊ အသက်အပျက်ခံ။

*(ဘုန်းတော်ကြီး ဦးသီလ)*

♦♦♦

## ဘုန်းတော်ကြီး ဦးသီလ
## (၁၁၉၄ - ၁၂၆၉ ခုနှစ်)

ဘုန်းတော်ကြီးအလောင်းအလျာကို ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း ၈ရက်၊ သောကြာနေ့နံနက် ၈နာရီတွင် အဖ ဦးထွန်းအောင်၊ အမိ ဒေါ်ချိုတို့က ပဲခူးမြို့ မြောက်ဘက် ၂မိုင်လောက်ဝေးတဲ့ အထက်ကိုင်းဂနိုင်းရွာကြီး၌ ဖွားမြင်တော်မူခဲ့ပါတယ်။ အမည်က "မောင်ရွှေသာ"ဖြစ်ပါတယ်။

မွေးချင်းတွေကတော့ ဒေါ်သူဇာ၊ ဒေါ်အို၊ ဒေါ်လုအောင်၊ ဦးတိုးကျော်ရယ်လို့ အစဉ်အတိုင်းဖြစ်ပါတယ်။ ဘုန်းတော်ကြီးကတော့ သားအကြီးဆုံးဖြစ်ပါတယ်။

မောင်ရွှေသာ ၁၀နှစ်သားအရွယ်မှာ ပဲခူးအနောက်မြောက် ကျိုက်ဒေးယျံဘုရားရဲ့ အနီး၊ ကော့ပြင်းရွာ ဘုန်းကြီးဦးမှူးဆီမှာ ကျောင်းနေပြီး ၁၂နှစ်သားမှာတော့ ရှင်ပြုပါလေတယ်။ ဘွဲ့တော်ကတော့ "ရှင်သီလသာရ"ဖြစ်ပါတယ်။

၁၂၁၃ ခုနှစ်၊ တပို့တွဲလမှာတော့ ကျိုက်ဒေးယျံဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကုန်းရှိ သိမ်မှာ ပီလခက်ရွာ ဘုန်းကြီးကို ဥပဇ္ဈာယ်ပြုလို့ ရဟန်းအဖြစ်ကို ရောက်တော်မူခဲ့ပါတယ်။

နှစ်ဝါအရမှာတော့ ဘုန်းကြီး ဦးပုံ(ဦးစန္ဒာလင်္ကာရ)ဆီမယ် ငါးဝါရတဲ့တိုင်အောင် ပရိယတ္တိသင်ယူခဲ့ပါတယ်။ ၁၂၁၈ ခုနှစ်၊ ငါးဝါအရမှာ ရန်ကုန်မြို့ ပုဇွန်တောင်၊ တောင်လုံးပြန် ရွှေကြက်ယက် ဘုန်းကြီး ဦးမေဓာဝီဆီမှာ စာပေသင်ကြားပါလေတယ်။ အဲဒီမယ် တစ်ဝါဆိုပြီးနောက် ပဲခူးကို ပြန်ပြီး တစ်ရွာတည်းသားဖြစ်တဲ့ ,ကလျာဏီတောရဘုန်းကြီး ဦးဝဏ္ဏဆီမှာ တစ်ဝါနေလို့ စာသင်ပါတယ်။

**စစ်ကိုင်းတောင်နဲ့ မန္တလေး**

၁၂၂၀ ပြည့်နှစ်၊ ခုနစ်ဝါအရမှာတော့ အဖော်ရဟန်း နှစ်ပါးနဲ့အတူ စစ်ကိုင်းတောင် ဦးအရိယဝံသ ရေငုံတိုက်မှာ တစ်ခါ စာသင်ပြန်ပါတယ်။ အဲဒီနောက် မန္တလေးအရှေ့ပြင် စလင်းတိုက်မယ် တစ်ဝါနေလို့ စာသင်ပြန်ပါတယ်။ ဒီလိုနဲ့ ရှစ်ဝါကျော် ကိုးဝါရတဲ့အထိ စာပေ ပရိယတ်တွေကို သင်ယူခဲ့ပြီးတဲ့နောက် တောရဆောက်တည်တော့တာပါ။

ဒီလိုနဲ့ ရောက်လေရာရာ တောတောင်တွေမှာ ပြောင်းရွှေ့ သီတင်းသုံးပြီးတော့မှ စာသင်တိုက်ကြီးတွေကိုလည်း တစ်ဖက်က တည်ထောင်ဖို့ရာအတွက် ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်တော်မူပါလေတယ်။ မိမိကိုယ်တော်တိုင်ကတော့ဖြင့် ရာသက်ပန် အရညဝါသီ တောပျော်ယောဂီကြီးအဖြစ်နဲ့ပဲ သီတင်းသုံးတော်မူခဲ့ပါလေတယ်။

၁၂၂၂ ခုနှစ်မှ ၁၂၆၉ ခုနှစ်တိုင်အောင် ၄၇နှစ်ကာလပတ်လုံး တောကိုကင်း သာသနာသန့်ရှင်းအောင် တောမှာပဲ နေလို့ ပြုပြင်တော်မူပါလေတယ်။

**အဆိုအမိန့်များ**

ဘုန်းတော်ကြီးရဲ့ အဆိုအမိန့်တွေဟာဖြင့် နူးညံ့တယ်၊ ပြေပြစ်တယ်၊ တည်ကြည်တယ်၊ နှလုံးအတွင်း စူးဝင်တယ်။ ဂိုဏ်း သံဃာတို့ရဲ့ မျက်မှောက်၊ မျက်ကွယ် ဝိပြား သေဝပ်တယ်။ နေ့လွှဲ ဆေးဝါး၊ ကွမ်းဝါး၊ ဆေးသောက်၊ လုညီးစီး၊ ငွေစု၊ ဆေးကု၊ ဗေဒင်ဟော စတဲ့ လူတွေနဲ့ ရောနှောတာမျိုး အထူးကင်းရှင်းပါလေတယ်။ အဲသလို အပြုအမူတွေကို လုပ်တဲ့သူတွေဟာဖြင့် စာမတတ်လို့ လုပ်ကြတာလို့ ဆိုပါလေတယ်။

အဲသလိုမျိုးသူတွေရဲ့ စိတ်ထဲမှာက ပညာရဲရင့် ပွဲလယ်တင့်ဆိုတဲ့ စကားကို ရှေ့တန်းတင်လို့ ရပ်ထဲရွာထဲမယ် မကြာခဏဆိုသလို တွေ့ရတတ်ပါသတဲ့။ တရားဟောနိုင်၊ ကျယ်ကျယ်ပြောလို့ သွက်သွက်ဆိုနိုင်ရင် အားရလို့နေတတ်ကြပါလေသတဲ့။

အောက်ပြည်တစ်ခွင်လုံးမယ် အဲဒီတုန်းက စာသင်တိုက်တွေဟာ တောကိုကင်းမှာသာ အများအပြားရှိကြတာပါ။ စည်ကားကြီးပွားကြသော်လည်းပဲ ဆွမ်းခံချိန်လောက်မှသာ ရပ်ထဲရွာထဲမယ် မြင်ရလေတာကြောင့် ထိုထိုထင်ရှားကျော်ကြားတာမျိုးတော့ အင်မတန်နည်းပါးပါလေတယ်။

တကယ်ကတော့ တောကိုကင်း သံဃာတော်တွေဟာ ကိုယ်နဲ့ အသက် မငဲ့ကွက်တဲ့စိတ်နဲ့ ဝိနည်းတော်ကို အင်မတန် အလေးပြုကြပါလေတယ်။ ကိုယ် နှုတ် နှလုံး သိမ်မွေ့ ကြတယ်။ ကြွရောက်လေရာ အရပ်တိုင်းမယ် သပိတ်တစ်လုံး၊ သင်္ကန်းသုံးစုံနဲ့ပဲ ရောက်ရှိကြပါလေတယ်။

တောကိုကင်း သံဃာတွေဟာ ဓုရနှစ်ပါးသာ အားထားရာပြုကြလို့ ဗာဟီရကိစ္စတွေက လွတ်ကင်းအောင် နေကြပါလေတယ်။ ဂိုဏ်းသံဃာချင်းဖြစ်တဲ့အတွက် သိဟောင်းကျွမ်းဟောင်း မဟုတ်ကြသော်လည်းပဲ အင်မတန်မှ ကျိုးနွံကြပါလေတယ်။ ပစ္စည်းလာဘ်လာဘ စတဲ့ ဗာဟီရကိစ္စ စကားမေးမြန်းပြောဆိုတာမျိုးမှာ မဝံ့မရဲရှိကြပါလေတယ်။ ရှက်ကြောက်တာမျိုး ရှိကြပါလေတယ်။ ဝိနည်းဆိုင်ရာ စကား၊ တရားတော်ဆိုင်ရာ စကားကိုသာပဲ အဆိုအမိန့်များကြလေတာမျိုးပါ။

◆◆◆

ဘုန်းတော်ကြီး ဦးသီလဟာဖြင့် "ကုလဒုသန"စတဲ့ အုတ်ရောရော၊ ကျောက်ရောရောကာလမှာ ဘုရားရှင်သာသနာတော်ကို ဖော်ထုတ်လို့ တောထဲ၌ ၄၇နှစ်တိုင် ကာလပတ်လုံး ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘဲ ကုဋေကိုးထောင်ကျော်ဖြစ်တဲ့ သိက္ခာပုဒ်တို့နဲ့ သန့်သန့်ရှင်းရှင်း ထွန်းလင်းအောင် ပြုတော်မူပါတယ်။ နောင်အရှည် အစဉ်အဆက် တည်တံ့အောင်လည်း အရပ်ရပ်မှာ ဝိနည်းစာပြန်ပွဲတွေ၊ ပရိယတ္တိစာသင်တိုက်ကြီးတွေကို စဉ်ဆက်မပြတ်ရလေအောင် စီမံတော်မူခဲ့ပါလေတယ်။

ဒီလိုနဲ့ပဲ သာသနာတော်မှာ ပရိယတ်-ပဋိပတ်အကျိုးများစေခဲ့လေတဲ့ ဘုန်းတော်ကြီး ဦးသီလဟာ ၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ရက်၊ တနင်္လာနေ့နံနက် ၇နာရီမှာ သက်တော် ၇၅နှစ်အရမယ် ဇလွန်မြို့ သုသာန်ကျောင်းမှာ သတိသမ္ပဇဉ်အပြည့်နဲ့ ပျံလွန်တော်မူခဲ့ပါလေတယ်။

* * *

သာစည်အောင်ငြိမ်း




www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းစေတီ အဓိဋ္ဌာန်ကျင့်စဉ်

သက်နှင်းဆွေ
(ပုပ္ပါး)





www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော်သည် ယခုအရွယ်အထိ မိတ်ဆွေအပေါင်းအသင်းတွေကို အလွန်ခင်တွယ်နေတတ်သေးသူသာ ဖြစ်သည်။ ကျောင်းဆရာဘဝတုန်းကလည်း ကျွန်တော့်မှာ မိတ်ဆွေအပေါင်းအသင်းတွေ များစွာရှိနေခဲ့သည်။ ရှမ်းပြည်နယ်တောင်တန်းကြီးတွေပေါ်တွင် ကျောင်းသားဘဝတုန်းက သူငယ်ချင်းတချို့နှင့်ပါ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကြတာတွေလည်း ရှိသည်။ ထိုစဉ်က ကျွန်တော့်အိမ်သည် မိတ်ဆွေသူငယ်ချင်းတွေနှင့် ဝေဝေစည်စည် ရှိနေခဲ့သည်။ လကုန်ရက်၊ လခထုတ်သည့်နေ့တွင် ကျွန်တော်တို့အုပ်စုက မြို့မှာ အင်အားကောင်းစွာ ဆုံဆည်းဖြစ်ခဲ့ကြတာ ယခုပင် မှတ်မိနေပါသေးသည်။

ထိုသို့ သူငယ်ချင်း ကျောင်းဆရာ၊ ဆရာမတွေ တရန်းရန်းနှင့် ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ရှင်သန်နေတာကိုပင် အလိုလိုနေရင်း မလိုလားစွာဖြင့် ကြည့်မရသူတွေလည်း ရှိခဲ့သည်။

ကျွန်တော်က တည်တည်ငြိမ်ငြိမ်နှင့် (တာဝန်ကိစ္စတို့မှအပ) ဘာသိဘာသာ နေတတ်တာကြောင့်လည်း ဖြစ်နိုင်သည်။ ကဗျာဆရာလိုလို၊ စာရေးဆရာလိုလို၊ ကျောင်းဆရာလိုလိုကောင်တွေဟု ကျွန်တော်တို့ကွယ်ရာတွင် ပြောဆိုတတ်ကာ မြို့နယ်ပညာရေးမှူးရုံးမှ အုပ်စုက အလိုလိုနေရင်း မျက်မုန်းကျိုးတာကို ခံနေရဖူးလေသည်။

ထိုအထဲတွင် (ထိုစဉ်က ကျွန်တော် တာဝန်ကျသည့်မြို့နယ်မှ) ရုံးတွင် တာဝန်ကျသည့် လူတစ်ယောက်ကမူ မလို မုန်းစိတ်ဖြင့် သိသာစွာ ဆက်ဆံတာကို ကျွန်တော်ရော ကျွန်တော့်မိတ်ဆွေတွေပါ ခံခဲ့ရလေသည်။ သူ့အမည်က ကိုအောင်ကြည်ဟု ခေါ်သည်။

"သစ်စ်ကတ်ထ်။ ဤကြောင်၊ အောင်ကြည်က ကိုယ်တို့အဖွဲ့ကို ကြည့်လို့ မရဘူးတဲ့ဟေ့"

ဟု ကျွန်တော့်သူငယ်ချင်း ကျောင်းဆရာတစ်ယောက်က ရယ်ကာမောကာ ပြောနေခဲ့ဖူးသည်။ အမှန်တော့ ကိုအောင်ကြည်ကလည်း ကျောင်းဆရာတစ်ယောက်ပဲ ဖြစ်သည်။ တာဝန်ကျ ကျောင်းမှာ စာမသင်ဘဲ မြို့နယ်ရုံးမှာ အတွဲဖြင့်နေကာ ရုံးစာရေးကြီးစိတ် ပေါက်နေသည့် စာလုံးဝ မသင်ဘူးသော ဆရာတစ်ယောက်ပင် ဖြစ်သည်။

ကျွန်တော်၏ ကျောင်းဆရာဘဝတွင် ပထမဦးဆုံး တာဝန်ကျခဲ့သည့် ကျောင်းက သွားရလာရတာ ခရီးဝေးသည်။ ရွာက အတော်ခေါင်သည်။ ရွာမှာ နေပြီး စာသင်ဖို့ကလည်း အခက်အခဲမျိုးစုံ ရှိနေသည်။ သို့အတွက် ကျွန်တော့်မှာ မကြာခဏ ကျောင်းပျက်နေရတတ်သည်။ ထိုအခါမျိုးတွင် (ကျောင်းပျက်ရက်ထက် ပိုကာ) လစာအဖြတ်ခံရသည်မှာ မကြာခဏ။ အထူးသဖြင့် ထိုသို့ လစာအဖြတ်ခံရအောင် ချောက်တွန်းသူများမှာ ပညာရေးမှူးရုံးမှ ကိုအောင်ကြည်နှင့် အပေါင်းအပါတွေသာ ဖြစ်ကြောင်း ကျွန်တော်တို့ ကောင်းစွာသိခဲ့သည်။

ကိုအောင်ကြည်က အရပ်ပုကွကွ၊ အသားမည်းမည်း (ထိုစဉ်က) ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းမွေးစစ၊ ရှူတည်တည် မျက်နှာပေးနှင့် ဖြစ်၏။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်တို့အုပ်စုကလည်း သူ့ကို ကြည့်မရဘဲ ဖြစ်နေခဲ့ကြသည်။

"သစ်စ်ကတ်ထ်။ ဤကြောင်၊ အောင်ကြည်က ကြောင်နဲ့ မတူဘဲ၊ ကြွက်နဲ့ ပိုတူတာကွ"

ဟု ကျွန်တော်တို့အုပ်စုက လက်ဖက်ရည်ဆိုင်ထိုင်တိုင်းလိုလို ပြောဆိုရယ်မောကာ မခံချင်စိတ်ကို ဖြေဖျောက်နေဖြစ်ခဲ့ကြဖူးသည်။ ကျောင်းဆရာဆိုတာ ပညာရေးမှူးနှင့် မပတ်သက်လို့ မရ။ ကိုအောင်ကြည် အထာကိုင်သည့် ဒဏ်ကို ကျွန်တော်တို့ များစွာခံခဲ့ကြရ၏။

သို့သော် ကိုအောင်ကြည်၏ အဖေနှင့် အမေကမူ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းနေသူဖြစ်ပြီး အလွန်ရိုးသားသူတွေဖြစ်၏။ အဘိုးကြီးနှင့် အဘွားကြီးမှာ ရပ်ကွက်လေးထဲတွင် နံနက်စောစော အကြော်ရောင်းကာ ရိုးရိုးအေးအေး နေကြသူတွေသာ ဖြစ်သည်။ (ထိုစဉ်က ကိုအောင်ကြည်က မိဘတွေနှင့် မနေ။ မြို့လယ်ရှိ ဦးလေးအိမ်တွင် နေကာ ရုံးတက်လေ့ရှိသည်။) ကိုအောင်ကြည်၏ အဖေနှင့် အမေကာ အသက်ခြောက်ဆယ်ဝန်းကျင်တွေ။ ကျွန်တော်တို့ကိုလည်း ခင်မင်ကြလေသည်။


"ဟိုလူပုံစံက ထောင့်မကျိုးသလောက်၊ သူ့အဘိုးကြီးနဲ့ အဘွားကြီးက ရိုးလိုက်တာကွာ"

ကျွန်တော့်အိမ်သို့ လာလည်ကြသည့် သူငယ်ချင်းတွေက ထိုသို့ မှတ်ချက်ပေးခဲ့ကြဖူးသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်သည်။ တစ်နေ့တော့ ကိုအောင်ကြည်က ရုတ်တရက် ကျွန်တော့်အိမ်သို့ ရောက်လာခဲ့လေသည်။ ကျွန်တော့်မှာ အံ့ဩစိတ်ဖြင့် ရှမ်းပြည်နယ်၏ ဓလေ့အတိုင်း ရေနွေးကြမ်း (အခါးရည်)ပွဲချကာ ဧည့်ဝတ်စကား ဆိုရသည်။ သို့သော် ကိုအောင်ကြည်က ခပ်တည်တည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... ကျွန်တော်တို့ဆရာကြီး ပြောင်းခိုင်းတဲ့ ကျောင်းကို အမြန်ပြောင်းပါ။ အဲဒါ လာပြောတာပါ။ ပြီးတော့ ဆရာ့ကို ဟိုတုန်းက ကျောင်းပျက်လို့ တိုင်ခဲ့တာလည်း ကျွန်တော်ပါပဲ"

ဟု အားမနာစွာ ပြောသွားလေသည်။

ထိုအချိန်က ကျွန်တော် တာဝန်ကျသည့်ကျောင်းမှာ အတော် အဆင်ပြေနေသည်။ ကျွန်တော်က ကျောင်းအုပ်ဖြစ်ပြီး လက်ထောက်ဆရာ၊ လက်ထောက် ဆရာမတွေက ကျွန်တော့်သူငယ်ချင်းတွေဖြစ်သည်။ စည်းစည်းလုံးလုံးနှင့် ပျော်ပျော်ပါးပါး ကြိုးစားကြသဖြင့် ကျွန်တော်တို့ကျောင်းလေးက အတော်တိုးတက်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်တာဝန်ကျသည့်ကျောင်းကို ပြောင်းချင်သူ၊ လိုချင်သူတွေ များလာခဲ့သည်။ ထို့အတွက်ပင် (ထိုစဉ်က) ပညာရေးမှူး ဆရာကြီးက ကျွန်တော့်ကို နယ်စွန်နယ်ဖျားသို့ တမင်ပြောင်းရွှေ့စေကာ အခြား ဆရာမတစ်ဦးကို ကျွန်တော့်နေရာတွင် ခန့်ထားခဲ့လေသည်။

ထိုကိစ္စမျိုးကိုပင် ကိုအောင်ကြည်က အားမနာစွာ လာရောက် ဖိအားပေးသွားပြန်သည်။ ထိုမျှ လူမှုရေးအသိ ခေါင်းပါးသူဖြစ်၏။ (နောက်တော့ ထိုကိစ္စတွေ ပြေလည်သွားခဲ့ပါသည်။)

(၂)

တစ်နေ့တွင် ကိုအောင်ကြည်၏ လုပ်ရပ်တစ်ခုကို ကျွန်တော် သဘောကျသွားတာ ရှိခဲ့ဖူးသည်။ ထိုလုပ်ရပ်မှာ ကျွန်တော်တို့မြို့လေးမှ ပဋ္ဌာန်းရွတ်သည့်အဖွဲ့တွင် ကိုအောင်ကြည် ပါဝင်သွားသည့်ကိစ္စပင် ဖြစ်သည်။ ထိုမြို့လေးတွင် ဘာသာရေးကိုင်းရှိုင်းသူ လူကြီးတစ်စုက ပဋ္ဌာန်းရွတ်အသင်းဖွဲ့ကာ (၂၄)နာရီ အသံမစဲ ပဋ္ဌာန်းရွတ်ပွဲတွေ အလျဉ်းသင့်သလို ပြုလုပ်နေခဲ့သည်။ လူပုဂ္ဂိုလ်တွေက ဝတ်ဖြူစင်ကြယ်ဝတ်ကာ ပဋ္ဌာန်းရွတ်ကြခြင်းဖြစ်သည်။

ပဋ္ဌာန်းပွဲတစ်ပွဲတွင် ဝတ်ဖြူစင်ကြယ်နှင့် ပဋ္ဌာန်းရွတ်နေသည့် ကိုအောင်ကြည်ကို တွေ့တော့ ကျွန်တော် သဘောကျသွားခဲ့သည်။

"ကိုအောင်ကြည်လည်း အားတဲ့အခါ ပဋ္ဌာန်းရွတ်တဲ့အဖွဲ့ထဲ လိုက်ပါလာတတ်တယ်ဗျ"

လူတစ်ယောက် ထိုသို့ပြောပြခဲ့ဖူးသည်။ ဘာပဲဖြစ်ဖြစ် လူတစ်ယောက် ဘာသာရေး ကိုင်းရှိုင်းလာတာကို ကျွန်တော် ဝမ်းမြောက်မိပါသည်။ ကိုအောင်ကြည်တစ်ယောက် ပဋ္ဌာန်းရွတ်ပွဲ ဘယ်နခါ ပါဝင်ကုသိုလ်ယူဖြစ်သည်တော့ မသိပါ။ ကျွန်တော်လည်း ဘာသာရေးကျင့်စဉ်တွေ တတ်စွမ်းသမျှ အတိုင်းအတာနှင့် ဖြည့်ကျင့်နေဖြစ်ခဲ့သည်။ နောက်တော့ ကျောင်းဆရာဘဝကိုပါ အပြီးကျောခိုင်းဖြစ်ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ မိသားစု အပြီးပြောင်းကာ စာပေနယ်သို့ တစ်ကျော့ပြန်ဝင်လာဖြစ်ခဲ့သည်။

ကျွန်တော်တို့ ရန်ကုန်ရောက်သည့်နှစ်မှာပဲ ကိုအောင်ကြည်တစ်ယောက် ဂျပန်နိုင်ငံသို့ ပညာရေးဌာနမှ စေလွှတ်၍ တာဝန်ဖြင့် ထွက်သွားကြောင်း ကြားသိလိုက်ရသည်။

ဂျပန်တွင် ၂နှစ်လောက်နေပြီး ပြန်ရောက်လာချိန်တွင် အိမ်ပိုင် ဝိုင်းပိုင်နှင့်၊ စီးပွားရေးလုပ်ငန်းနှင့် တင့်တင့်တယ်တယ်ဖြစ်သွားကြောင်း ကြားသိရပြန်သည်။ တာဝန်ကျသည့် ကျောင်းတစ်ကျောင်းတွင် အမှန်တကယ် စာသင်ပေးသည့် ကျောင်းဆရာအဖြစ် လုပ်နေပြီဟုလည်း သတင်းတွေ ကြားရသည်။ ဟိုစဉ်က လူအများစု၏ အမြင်ကို ခံခဲ့ရသည့် ကိုအောင်ကြည်မှာ အသွင်အပြင်တွေ၊ အနေအထားတွေ ပြောင်းလဲသွားပြီဖြစ်ကြောင်း ဝမ်းသာစရာသတင်းစကားတွေ ကြားလာရပါသည်။

ကျွန်တော့်စိတ်ထဲတွင် ကိုအောင်ကြည်တစ်ယောက် ပဋ္ဌာန်းရွတ်သည့် အကျိုးကျေးဇူးတွေကို ခံစားရတာဟု ကျွန်တော့်ဘာသာ ယုံကြည်နေမိပြန်သည်။ ထိုမြို့လေးကိုလည်း ယခုထိ မပြန်ဖြစ်ခဲ့သေး။ ကိုအောင်ကြည်နှင့်လည်း တစ်ခါမှ ပြန်မတွေ့ဖြစ်တော့။

(၃)

ပြီးခဲ့သည့်နှစ်က နယ်မှ မိတ်ဆွေ ကျောင်းဆရာမ တစ်ယောက် ကျွန်တော့်ထံ ဝင်ပြီး လည်ပတ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာမက ကျွန်တော်ရေးသည့် စာတွေအကြောင်း အဓိက ပြောသွားပါသည်။

"ကျွန်မက စာရေးဆရာရေးတဲ့ ဆောင်းပါးတစ်ပုဒ်ထဲက ပဌာန်းစေတီအဓိဋ္ဌာန်ကို ဝင်နေတာ ဆရာရဲ့။ အမှန်ပြောရရင်တော့ စွဲစွဲမြဲမြဲ မဝင်ဖြစ်ပါဘူး ဆရာရယ်။ လိုအပ်တာလေးရှိမှ ထ,ဝင်နေဖြစ်တာပါ။ ဒါပေမယ့် ထူးတယ် ဆရာရဲ့။ အခုလို ကျွန်မ မြို့ပေါ်ကျောင်း နေရာကောင်းကောင်းမှာ နေရတာ အဲဒီ ပဌာန်းစေတီအဓိဋ္ဌာန်ကြောင့်ပဲ။ ပြောရဦးမယ် ဆရာရေ။ အဲဒီ အဓိဋ္ဌာန်ကို ကျွန်မထက် စွဲစွဲမြဲမြဲဝင်နေတာ ဦးအောင်ကြည်ပဲ"

ထိုစကားကြားတော့ ကျွန်တော် အလွန်အံ့သြသွားရပါသည်။

"ဘယ်လို…ဘယ်လို ဆရာမရဲ့။ ကိုအောင်ကြည်က ကျွန်တော့်အဓိဋ္ဌာန်ကို ဝင်နေတာ ဟုတ်လား။ သြော်… သူတို့ ကိုးကွယ်တဲ့ မန္တလေးဘက်က ဆရာတော်ကြီးက ညွှန်ပြလို့ ဝင်ဖြစ်တာ ထင်တယ်"

ထိုဆရာမက ကျွန်တော့်စကားကို သဘောကျစွာ ရယ်လေသည်။

"မဟုတ်ဘူး ဆရာရေ…၊ ဆရာ ဦးအောင်ကြည်က ဆရာ့ပရိသတ်။ ဆရာ့စာတွေကို အပတ်စဉ်၊ လစဉ် စောင့်ဖတ်နေတတ်တာ ဆရာရဲ့။ အဲဒီ ပဌာန်းစေတီကျင့်စဉ်ကိုလည်း ဆရာ ဦးအောင်ကြည်က ပေးလို့ ကျွန်မ ဝင်ဖြစ်တာ။ အဲဒါ ဆရာ 'သက်နှင်းဆွေ(ပုပ္ပါး)ရေးတဲ့ ကျင့်စဉ်တဲ့။ သိပ်ထူးခြားတာပဲတဲ့။ အဲဒီလိုပြောပြီး ပေးခဲ့တာ"

ကျွန်တော့်မှာ ဘာစကားမျှ ပြန်မပြောနိုင်တော့ပါ။ "ပုဂ္ဂိုလ်ကို မင်မှ တရားကို မင်သည်" ဆိုသော စကားရှိသည်။ ကျွန်တော့်အပေါ် လုံးဝ အမြင်မကြည်လင်ခဲ့ဘူးသောသူတစ်ဦးက ကျွန်တော့်စာတွေကို ဖတ်သည်။ ကျွန်တော်ရေးသား ညွှန်ပြတာတွေကို ကျင့်သုံးနေသည် ဆိုသောအချက်မှာ ကျွန်တော်တို့လို သာမန် ပုထုဇဉ်တွေအတွက် လွယ်လွယ်ကူကူကိစ္စတော့ မဟုတ်တာ သေချာပါသည်။

## (၄)

ယခုနှစ် သင်္ကြန်တွင် ကျွန်တော်ကျင့်သုံးဖြစ်ခဲ့သည့် ကျင့်စဉ်တွေထဲတွင် ပဌာန်းစေတီကျင့်စဉ်လည်း အဓိကပါဝင်သည်။ ယခု ကျင့်သုံးနေသော ပဌာန်းစေတီကျင့်စဉ်မှာ ယခင် တင်ပြခဲ့ဖူးသည့် ကျင့်စဉ်နှင့် မတူပေ။ ယခင် တင်ပြဖူးတာက "လနှင့်နေ မြနှင့်ရွှေ"ကျင့်စဉ်ဖြစ်၏။ ယခု ကျင့်သုံးဖြစ်တာက ပဌာန်းစေတီဖြင့် ဆီမီးပူဇော်ခြင်းသန့်သန့်ဖြစ်၏။

ထိုစေတီပဌာန်းမှာလည်း (အင်းတစ်ဆူသဖွယ် စနစ်တကျ စီမံထားသည့်) ပဌာန်းဇယားကွက်ပေါ်တွင် ဆီမီးပူဇော်ခြင်းဖြစ်သည်။ (ကျွန်တော် စနစ်တကျ စီမံ ရေးဆွဲထားသည့် ပုံတော်ကို စာဖတ်ပရိသတ်အတွက် တင်ပြထားပါသည်။)

(၁) ထိုပဌာန်းစေတီပုံတော်ကို မိတ္တူကူးပါ။ (A4 ဆိုဒ်အရွယ်ဖြစ်အောင် ချဲ့ပြီး ကူးပါ။)

(၂) ထိုစာရွက်ကို ဘုရားကျောင်းဆောင်ရှေ့တွင် ခုံတစ်လုံးဖြင့် တင်ပါ။ သို့မဟုတ် ကျောင်းဆောင်တစ်နေရာတွင် တင်ပါ။ ၎င်းစာရွက်ပေါ်မှာ မှန်တစ်ချပ်တင်ပါ။ (ကျွန်တော်ကိုယ်တိုင်လည်း တစ်ပေပတ်လည် မှန်တစ်ချပ်ဝယ်ကာ တင်ထားပါသည်။)

(၃) ထိုမှန်ပေါ်တွင် တစ်ကွက်စီ အလင်းတိုင် ထွန်းရပါမည်။ ဥပမာ- ဟေတုပစ္စယောအကွက်တွင် ထွန်းပြီးပါက ပဌာန်းဥဒ္ဒေသ(၂၄ပစ္စည်းအကျဉ်းအကျယ်)စာအုပ်လေးမှ (ဟေတုပစ္စယောတိ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော)ဟူသော စာပိုဒ်တစ်ခုလုံးကို ထွန်းထားသည့် ဆီမီးမကုန်မချင်း အထပ်ထပ်ရွတ်ပွား ပူဇော်နေရပါမည်။

ထိုနည်းတူ(အာရမ္မဏပစ္စယော)အကွက်တွင် ဆီမီးဖယောင်းတိုင်ထွန်းပါက (အာရမ္မဏပစ္စယောတိ…) အစရှိသော နံပါတ် (၂)အပိုဒ်ကို အစမှအဆုံး အကြိမ်ကြိမ် (မီးမငြိမ်းမချင်း) ရွတ်ပွားပူဇော်နေရပါမည်။

(၄) ဤသို့ဖြင့် ၂၄ ပစ္စည်းအစဉ်အတိုင်း တစ်ကွက်စီ၊ တစ်ပိုဒ်စီ ပူဇော်သွားရပါမည်။ ဖယောင်းတိုင်မှာ မိမိ ပူဇော် လိုသော အနေအထားကို ရွေးချယ်ပြီး ထွန်းညှိပါ။ (ကျွန်တော်ကတော့ အသေးဆုံး ဖယောင်းတိုင်နှင့်သာ ပူဇော်ပါသည်။) တစ်နေ့တစ်ကွက်၊ နှစ်ကွက် စသည်ဖြင့် မိမိစွမ်းနိုင်သလောက် ဖြည့်ကျင့်နိုင်ပါသည်။ (ကျွန်တော်ကတော့ တစ်နေ့မှ တစ်ကွက်သာလျှင် ပူဇော်နိုင်ပါသည်။) ၂၄ ကွက်ပြည့်က စေတီတစ်ဆူပြီးပြီဟု မှတ်ယူပါ။

(၅) ဤအဓိဋ္ဌာန်မဝင်မီ ရေမိုးသန့်စင်ခြင်း၊ အဝတ်သန့်သန့်ဝတ်ခြင်း၊ ရတနာသုံးပါးအား ပန်း၊ ရေ၊ ဆီမီး၊ သစ်သီးတို့ ပူဇော်ခြင်းပြုကာ ငါးပါးသီလခံယူပြီး



www.burmeseclassic.com

www.burmeseclassic.com

အမိဋ္ဌာန်ဝင်နိုင်ပါသည်။

(၆) အလွန်ညံ့နေသူများ ပဋ္ဌာန်းစေတီ (၂၄)ဆူပြည့်အောင် ပူဇော်စေချင်ပါသည်။ ဘုန်းကံပွင့်ထွန်းကာ ကောင်းကျိုးအကြံအစည်များ အောင်မြင်နိုင်မည်ဟု ယုံကြည်စွာ ဖြည့်ကျင့်နိုင်ပါ၏။ (ကျွန်တော်ကတော့ "အချစ်ဂမ္ဘီရ"အမည်ဖြင့် ရသဝတ္ထုလေးတွေ အောင်အောင်မြင်မြင် ရေးသားသွားချင်သေးသော ဆန္ဒတို့ ပြည့်ဝလိုသည့်အတွက် ဆန္ဒစွဲဖြင့်ပင် ဤပဋ္ဌာန်းဝင်နေခြင်းဖြစ်ကြောင်း ဝန်ခံလိုပါသည်။) ဤ ပဋ္ဌာန်းစေတီ အမိဋ္ဌာန်ကို ကျင့်က မည်သို့ဖြစ်မည်ဆိုသည့် မက်လုံးပေး၍ ရေးသားတာမျိုး မပြုလိုပါ။ အမြင့်မားဆုံး၊ အနက်ရှိုင်းဆုံး ပဋ္ဌာန်းတရားတော်ကြီးကို (ရွတ်ပွားရုံမျှဖြစ်စေ) ကျင့်သုံးနိုင်ရန်မှာ နည်းသည့် ပါရမီမဟုတ်ဟု ကျွန်တော်ယုံကြည်ထားပါသည်။ ထိုသို့သော ယုံကြည်သဒ္ဓါတရားသန့်သန့်ဖြင့်သာ ကျင့်သုံးကြစေလိုပါ၏။

(၇) ဤကျင့်စဉ်ကို စေတီတစ်ဆူဖြစ်စေ၊ ၉ဆူဖြစ်စေ၊ ၂၄ဆူဖြစ်စေ အမိဋ္ဌာန်ဝင်နိုင်ပါသည်။ ကျင့်ကြံပွားများ ပူဇော်ပြီးတိုင်း လောကစောင့်ကြပ်သိကြားနတ်ဗြဟ္မာများ၊ သုံးဆယ့်တစ်ဘုံသားများနှင့် မိဘဆရာသမား၊ ဆွေတော်မျိုးတော်များအား အထူး အမျှပေးဝေပါ။ မေတ္တာပို့ပါ။ မိမိအလိုရှိသောအရာကိုလည်း စူးစူးနစ်နစ် စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် ဆုပန်နိုင်ပါသည်။

(၅)

ကျွန်တော်သည် ထိုအမိဋ္ဌာန်ကို ကျင့်ရင်း တစ်ချိန်က ကိုအောင်ကြည်ကို သတိရမိပြန်၏။ အမှန်မှာ ကျွန်တော်တို့သည် လူသာမန် ပုထုဇဉ်တွေသာ ဖြစ်၏။ ထို့ကြောင့် အသိအမြင် ကျဉ်းမြောင်းတာ၊ သဘောထားသေးသိမ်တာ၊ ငွေကြေးဥစ္စာ ရာထူးဂုဏ်သိမ်အနေအထားတွေကို အကြောင်းပြုပြီး မာန်တက်တာ၊ တစ်ယောက်နှင့်တစ်ယောက် သဘောထားကွဲလွဲတာ စသည်ဖြင့် အားနည်းချက်တွေ တစ်ခုမဟုတ်တစ်ခု ကိုယ်စီ ရှိနေနိုင်ပါသေးသည်။

သို့သော် လူတို့၏ စိတ်သည် လည်းကောင်း၊ လူတို့၏ ဘဝအခြေအနေတို့သည် လည်းကောင်း တစ်သမတ်တည်း ရှင်သန်နေတတ်သည် မဟုတ်၊ အမြဲပြောင်းလဲနေတတ်သည်သာဖြစ်၏။ ထို့အပြင် လူ့ဘဝဆိုတာကိုက အသိပညာနှင့် အတွေ့အကြုံတို့ ပေါင်းစပ်ကာ ပြုပြင်ရှင်သန်မှ တိုးတက်တတ်သည့် သဘာဝရှိသည် မဟုတ်ပါလား။

ကျွန်တော်တို့မိတ်ဆွေကြီး ဆရာလေး ကိုအောင်ကြည်တစ်ယောက်သည်လည်း ထိုသို့ မိမိကိုယ်ကိုယ် ပြုပြင်ပြောင်းလဲကာ ကောင်းသော တိုးတက်မှုတို့ ထူထောင်နေသူဖြစ်ကြောင်း သူ့ဘဝက သက်သေပြနေလေပြီ။ ထို့ထက် ပဋ္ဌာန်းတရားတော်သည် လူတစ်ဦး၏ စိတ်နေစိတ်ထား၊ အသိအမြင်အတွေးအခေါ်နှင့် ခံယူချက်တို့ကို လည်းကောင်း၊ ဘဝအနေအထားတို့ကို လည်းကောင်း များစွာပြောင်းလဲစေနိုင်စွမ်းပါလား၊ များစွာ တည်ကြည်ရင့်ကျက်စေနိုင်စွမ်းပါလား၊ များစွာတိုးတက်စေနိုင်စွမ်းပါလားဟု ပိုမိုယုံကြည်ကာ ပိုမိုကြည်ညိုမိရပြန်၏။ စွဲမြဲစွာ ရွတ်ဖတ်ပူဇော်ခြင်း၊ နှလုံးသွင်း ပွားများခြင်း ပြုသူတို့အတွက် အတိုင်းအဆ မရှိလောက်အောင် ကောင်းကျိုးဖြစ်စေမည့် အမြင့်မား အနက်ရှိုင်းဆုံး တရားတော်ကြီးပင်ဖြစ်ကြောင်း သံသယရှိဖို့ပင် မလိုပါ။ ကိုအောင်ကြည်ဘဝကိုလည်း ပဋ္ဌာန်းတရားတော်ကပင် ပြုပြင်မြှင့်တင်ပေးခဲ့ခြင်းဟု ကျွန်တော်ယုံကြည်နေမိ၏။ ဟိုစဉ်က အကြောင်းတွေသည် ဘဝတစ်ကွေ့မှ ဘဝအတွေ့အကြုံဆုံမှတ်လေးတစ်ခုအဖြစ် ကျန်ရစ်ခဲ့ပေပြီ။ ထိုစဉ်က ကျွန်တော်တို့အဖွဲ့၏ အားနည်းချက်တွေလည်း များစွာရှိနေခဲ့ပေမည်။

ယခုတော့ ကိုအောင်ကြည်နှင့် ကျွန်တော်သည် စာပေလမ်းကြောင်းပေါ်မှ စာရေးသူနှင့် စာဖတ်သူတွေအဖြစ် ပြောင်းလဲသွားခဲ့ပြန်ပြီ။ ထို့ထက်ဆိုရပါမူ ဓမ္မလမ်းကြောင်းပေါ်မှ ဓမ္မမိတ်ဆွေတွေ ဖြစ်နေခဲ့လေပြီ။


နှစ်ပေါင်းများစွာ ဖြတ်သန်းလာပြီးနောက် ကျွန်တော်ကိုယ်တိုင်သည်ပင် ဘဝအသိနှင့် လောကအမြင်တို့ များစွာပြောင်းလဲလာရလေပြီ။ ထိုမျှ မကသေး၊ အသက်ရှင်သမျှကာလပတ်လုံး ဆက်လက်ပြုပြင် ကျင့်သုံးသွားစရာတွေလည်း များစွာရှိနေပါလေဦးမည် ဖြစ်သတည်း။

အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

သက်နှင်းဆွေ (ပုပ္ပါး)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

လောကထွင့်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားရှင် လက်ထက်တော်အခါက ကောသမ္ဗီပြည့်ရှင် ဘုရင်မင်းတရားကြီးသည် "ဝေသာမိတ္တာ"အမည်ရှိပါသော မိဖုရားကြီးကို အဂ္ဂမဟေသီဒေဝီထွင့်အုပ် မိဖုရားခေါင်ချုပ်အရာထားရှိတော်မူပါတယ်။

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သံဃာအပေါင်းခြံရံလျက် ကောသမ္ဗီပြည်ကြီးသို့ ဒေသစာရီခရီးကြွချီတော်မူပါတယ်။ ကောသမ္ဗီဘုရင်မင်းမြတ်နှင့် ဝေသာမိတ္တာမိဖုရား အမှူးရှိကုန်သော များစွာသော တိုင်းသူပြည်သားအပေါင်းတို့သည်လည်း ပန်းနံ့သာ စသည်တို့ကို ကိုင်စွဲလျက် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်လျှုဒါန်းလျက် တရားတော်ကို နာကြားကြပါတယ်။

ဗုဒ္ဓရှင်တော်မြတ်သည်လည်း တရားအစဉ်အားလျော်စွာ အနုအရင့် ထောက်ချင့်လျက် အောက်ဆင့်ဖြစ်သော တရားတော်ကို ဟောကြားတော်မူပါတယ်။ ထိုသောအခါ မင်းမိဖုရားနှင့် တိုင်းသားပြည်သူတို့သည် ရတနာသုံးပါး၌ ယုံကြည်သက်ဝင်သော သရဏဂုံတည် ဥပါသကာ၊ ဥပါသကီတို့ဖြစ်ကုန်ကြပါတော့တယ်။

## နှစ်ပါးဘုရင် စစ်ပြိုင်ယှဉ်

မကြာမတင်သောကာလ၊ ပစ္စန္တရာဇ်မင်းတစ်ပါးသည် ကောသမ္ဗီပြည်ကြီးကို တိုက်ခိုက်ဖျက်ဆီးရန်အလို့ငှာ မြို့ပြင်တစ်နေရာတွင် သစ်ခက် တဲနန်းတည်၍ ပြင်းလှသော အာဏာသံနှင့် တမန်စေလွှတ်ပါတယ်။

"ကောသမ္ဗီမင်း··· သင်၏ တိုင်းပြည်ကို အသာတကြည်ပေးမည်လော၊ သို့တည်းမဟုတ် အရှုံးအနိုင် စစ်ပြိုင်မည်လော"

ပစ္စန္တရာဇ်မင်း၏ ရာဇသံရောက်လာလျှင် ကောသမ္ဗီဘုရင်မင်းမြတ်ကလည်း "အရှုံးအနိုင် စစ်ရေးပြိုင်မည်"ဟု ရာဇသံတစ်ဖန် ပြန်ကြားလိုက်ပါတယ်။

ရာဇသံပြန်ကြားလိုက်ပြီးနောက် စဉ်းစားဆင်ခြင်သည်မှာ···

"စစ်ရေးစစ်ရာသည် စောစောက တင်ကြို၍ အရှုံးအနိုင်ကို အဆုံးတိုင် မသိနိုင်ချေ။ အကယ်၍ ရှုံးပါချေက မဟေသီထွင့်ထား ဝေသာမိတ္တာ မိဖုရားသည် ဝေးခြားနိုင်ငံထွက်ပြေးနိုင်ရန် စိမ်ပိုင်းခြား အလုံးစုံ မှာထားပြီးမှ စစ်ပြင်ဆင်၍ မြို့ပြင်သို့ ထွက်တော်မူချေမည်"

ဟု ဆင်ခြင်လျက် မိဖုရား စံမြန်းရာဆီသို့ ဝင်တော်မူလျက် ညှိုးခြောက်ဗျာပါ မရွှင်သော ရွှေမျက်နှာတော်ဖြင့် မိန့်တော်မူသည်မှာ···

"အို··· အသက်တမျှ မြတ်နိုးလှသည့် နန်းမတောင်ညာ မယ်ဝေသာ၊ ငါ အရှင်မင်းမြတ်သည် စစ်ပြင်၍ စစ်ဆင်ထွက်ရတော့မည်။ စစ်မြေပြင်၌ အကယ်၍ ရှုံးအံ့သော အရိပ်နိမိတ်ထင်ခဲ့ပါအံ့။ အလံနီကြီးကို ထူ၍ ပြလိုက်ပါမည်။ ထိုအလံနီကို မြင်ရလျှင် ငါ၏ အရှင်သခင် ဘုရင်မင်းမြတ်သည် ကံတော်ညှိုးလှ၊ စစ်ပွဲကျ၍၊ ဘဝပျက်ပြုန်း၊ အသက်ဆုံးပေါ့ဟု၊ စိတ်၌ မှတ်သား၍၊ တိုင်းတစ်ပါးသို့ လျင်မြန်စွာ ပြေးပါလေ"

ဟု မှာထားပြောဆိုပြီးနောက် ဆင်၊ မြင်း၊ ရထား ခြေကျင်းတပ်အားဖြင့် လေးရပ်သော စစ်တပ်ကို ခင်းကာ မြို့တွင်းမှ မြို့ပြင်သို့ ထွက်ခွာသွားတော်မူပါတယ်။

ဝေသာမိတ္တာ မိဖုရားကြီးသည်လည်း ကျေးဇူးတော်ရှင် ဘုရင်မင်းမြတ် ထွက်ခွာသွားတော်မူလေလျှင် နန်းတော်အထက်ဆင့်သို့ တက်၍ လေသာနန်းတံခါးကို ဖွင့်ပြီး စစ်မြေပြင်ကို ရှုကြည့်တော်မူလျက်···

"မမဘတ္တာ ဇယော ဟောတု၊ မမဘတ္တာ ဇယော ဟောတု - ငါ့ရှင်သခင် ဘုရင်မင်းမြတ်သည် စစ်ပွဲအောင်မြင်ပါစေသား"

စသည်ဖြင့် ကရားရေလွှတ် တတွတ်တွတ်ရွတ်ဆို၍ တောင်းဆုပြုနေစဉ် ကောသမ္ဗီမင်း၏ စစ်သည် တပ်သားတို့မှာ အထိအခိုက်များပြား၍ ဆုံးရှုံးအံ့သော အရိပ်နိမိတ်ထင်သဖြင့် မှာထားတော်မူခဲ့သည့်အတိုင်း မိဖုရားမြင်တွေ့စေရန် အလံနီကြီးကို ထောင်ပြလိုက်ပါတော့တယ်။

## ရန်သူ့လက်တွင်း သက်ဆင်းခဲ့ရ

ဝေသာမိတ္တာ မိဖုရားကြီးသည် မိမိအရှင်သခင် ဘုရင်မင်းမြတ် စစ်ပွဲကျကြောင်း သိရသည်နှင့် တစ်ပြိုင်နက် နန်းတော်အထက်ဆင့်မှ ဆင်းသက်၍ မြို့ပြင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ရန်သူမင်း စစ်သည်တပ်သားတို့က တွေ့ရှိ၍ ဝေသာမိတ္တာမိဖုရားကြီးဟုပင် သိရှိကြသဖြင့် ဖမ်းဆီးကာ မိမိတို့ဘုရင်ထံ ပို့သွင်းဆက်သကြပါတယ်။

ရန်သူဖြစ်သော ပစ္စန္တရာဇ်မင်းသည် ဝေသာမိတ္တာမိဖုရားကြီး၏ အဆင်းသဏ္ဍာန်ကိုဖြင့် တွေ့ရလျှင် ချစ်ခင်



www.burmeseclassic.com

www.burmeseclassic.com

တပ်မက်သောစိတ်ရှိသည်ဖြစ်၍ မိန့်တော်မူသည်မှာ -

"အို . . . မိဖုရားကြီး၊ သင်၏ အရှင်ဘုရင်မင်းမြတ် နတ်ရွာစံပါသော်ငြားလည်း ပူပန်ကြောင့်ကြဖွယ် မရှိစေရပါ။ သင်၏ အရှင်သခင်ရင်း ကောသမ္ဗီမင်းကဲ့သို့ပင် သင့်အား အဂ္ဂမဟေသီဟု ရွှေစည်တော်ယွန်း ဘိသိက်သွန်းခြင်းကို ပြုပါမည်။ ဘာတစ်ခုမျှ ရွှေစိတ်ညှိုးငယ်တော်မမူပါနှင့်"

ဟု မိန့်ဆိုတော်မူပါတယ်။

ဝေသာမိတ္တာ မိဖုရားကြီးသည် စိတ်ထားမရွှင်၊ ဘဝင်မချမ်းသာ၊ နေထိသော ပန်းကြာကဲ့သို့ ညှိုးနွမ်းရှာသော မျက်နှာဖြင့် . . .

"အရှင်မင်းမြတ် . . . အကျွန်ုပ်၏ စကားကို ရွှေနားဆင်တော်မူပါ။ အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ပေးတတ်သော အရှင်သခင် ဘုရင်မင်းမြတ်၏ လက်နက်ဖြင့် အသက်ဆုံးရပါပြီ။ အကျွန်ုပ်အား အဂ္ဂမဟေသီ၊ ဒေဝီထွဋ်ထား၊ မိဖုရားအရာထား၍ စံထားတော်မူပြီးလျှင် အသက်တမျှ ယုယပိုက်ထွေး၊ ကျွေးမွေးပြုစုတော်မူခဲ့သည့် ကျေးဇူးသခင်၊ ဘုရင်ထွဋ်ထား၊ နတ်ရွာစံ မင်းတရားကြီးကို လွမ်းဆွတ်အောက်မေ့သည်ဖြစ်၍ အကျွန်ုပ်၏ စိတ်နှလုံးသည် သောကတည်းဟူသော မီးကြီးဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်နေပါသည် ဘုရား"

ဟု သနားစဖွယ် အားငယ်စွာ လျှောက်တင်ပါသည်။ ထို့နောက် တစ်ဖန် . . .

"အို . . . အရှင်မင်းမြတ်၊ အကျွန်ုပ်၏ ကျေးဇူးသခင် နတ်ရွာစံ မင်းကြီးမှတစ်ပါး အခြားသော မင်းတရား၏ အဂ္ဂဒေဝီ မဟေသီအရာထား မိဖုရားပင် ဖြစ်ရပါသော်လည်း၊ ထိုဒုက္ခတွေမှ လွတ်မြောက်၍ ချမ်းသာခြင်းရောက်မည် မဟုတ်ပါ။ ထိုသို့ ချမ်းသာခွင့်မရနိုင်သောကြောင့် အရှင်မင်းမြတ်၏ ဘိသိက်ကို တဆိတ်ကလေးမျှ မနှစ်သက်နိုင်ကြောင်းပါ ဘုရား"

ဟု ရှိခိုးသံတော်ဦး တင်ပါတယ်။ ပြီးနောက် တစ်ခါ ထပ်မံ၍ . . .

"အရှင်မင်းမြတ် . . . လင်နှင့် ကွဲ၍ သောကမီးကြီး ညီးညီးပြောင်ပြောင် တောက်လောင်နေသော အကျွန်ုပ်သည် နောက်ထပ် သောကတရားပွားများအောင် အဘယ်မှာ ပြုဝံ့ပါမည်နည်း။ ပမာအားဖြင့် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးထဲသို့ လောင်စာကောက်ရိုးကို မထည့်ဝံ့သကဲ့သို့၊ အကျွန်ုပ်မှာလည်း ချစ်လင် ဘုရင်နှင့် ကွဲကွာခြင်းကြောင့်ဖြစ်သော သောကဒုက္ခမီးပုံကြီးထဲသို့



နောက်ထပ်ဖြစ်သော သောက ဘယ်မှာ ထည့်ဝံ့ပါမည်လဲ ဘုရား"

ဟု လျှောက်ထား သံတော်ဦးတင်ပါတယ်။ တစ်ဆက်တည်းပင် ထပ်မံ၍ သံတော်ဦးတင်ပြန်တာက . . .

"အရှင်မင်းမြတ် . . . အကျွန်ုပ်၏ ကျေးဇူးတော်အရှင် ဘုရင်မင်းမြတ်ကြီးကိုသာ မျက်စိထဲမှာ တရေးရေးမြင်နေပြီး အစဉ်မပြတ် အောက်မေ့ လွမ်းနာကျသော အကျွန်ုပ်သည် တွေးမိတိုင်း ဝမ်းနည်း၍ ဆင်းရဲခြင်း ကြီးလှပါတော့သည်။ သို့ကြောင့် အရှင်မင်းကြီး၏ တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ မိဖုရားဘိသိက်ကို တစ်ဆိတ်စာမျှ အလိုမရှိနိုင်ပါ။ အကျွန်ုပ်အား သနားငဲ့ညှာ ခွင့်လွှတ်တော်မူပါ"

ဟု သနားစဖွယ် မျက်နှာငယ်နှင့် ငိုကြွေးကာ သံတော်ဦး တင်ပါတယ်။

ဝေသာမိတ္တာမိဖုရား၏ သဘောမတူ၊ မကြည်ဖြူနိုင်သော လျှောက်တင်ချက်ကို ကြားလျှင် ရန်သူ ပစ္စန္တရာဇ်မင်းသည် ဒေါသအမျက်ချောင်းချောင်းထွက်၍ . . .

"မင်းချင်းယောက်ျား အာဏာသား မောင်မင်းများတို့ . . . ဤ ဝေသာမိတ္တာ မိဖုရားကို ငါ၏ စကားမလိုက်နာဘဲ အခါခါငြင်းဆန်သော(အာဏာဖီဆန်တဲ့) ပစ်ဒဏ်ကြောင့် ကြီးစွာသော မီးပုံထဲ ပစ်ချလေကုန်"

ဟု တစ်ချက်လွှတ်အမိန့်ကို ပေးလိုက်ပါတယ်။ ဝေသာမိတ္တာ မိဖုရားသည် . . .

"အို . အရှင်မင်းမြတ်၊ ရှေးမင်းကောင်းမင်းမြတ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com

(၁) မြတ်သော ပုဂ္ဂိုလ်ဖြစ်သော ရဟန်းပုဏ္ဏား၊
(၂) မိဘနှစ်ပါး၊
(၃) ကလေးသူငယ် လူမမယ်များ၊
(၄) မကျန်းမာသူ၊
(၅) မိန်းမများ၊

ဤငါးဦးအဖို့၌ သတ်ဖြတ်ညှင်းဆဲခြင်းကို မပြုကြပါ။ အားမဲ့သာ ပေးထားရပါသည်။ သို့အတွက်ကြောင့် အရှင်မင်းမြတ်သည် အရှင်သခင်နှင့် သေကွဲ့ကွဲ၍ ဆင်းရဲခြင်းကြီးစွာ ဖြစ်နေရပါသော အကျွန်ုပ်အား မသတ်ဖြတ်ထိုက်ပါ။ သတ်တော်မမူပါလင့်။ အသက်ဘေးမှ ခွင့်ပေးတော်မူပါ ဘုရား"

ဟု ညွတ်တွား ရိုကျိုး၍ ရှိခိုးသံတော်ဦးတင်ပါတယ်။

ရန်သူ ပစ္စန္တရာဇ်မင်းသည် ဝေသာမိတ္တာ မိဖုရား၏ တောင်းပန်ရေးကို အခွင့်မပေးဘဲ တစ်ချက်လွှတ် အမိန့်ကို အတည်ပြုသဖြင့် လက်မရှံ့ အာဏာသားတို့သည်လည်း ဘုရင့်အမိန့်တော်အတိုင်း ထင်းများကို စုဆောင်း၍ အလျှံပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကို ဖိုကြပါတော့တယ်။

## ဝေသာမိတ္တာမိဖုရား ဘုရားဂုဏ်ပွား အားထားယုံကြည်ပုံ

ဝေသာမိတ္တာ မိဖုရားသည် အရှင်သခင် နတ်ရွာစံ၍ အားကိုးရာမဲ့လျက် သောက ပရိဒေဝတရားပွားများ တောက်လောင်နေရသည့်အထဲမှာ ယခုလို တစ်ဖန် အသက်၏ ရန်ဖြစ်ပေါ်လာပြန်သဖြင့် အားကိုးအားထားရန် ရှာဖွေလိုက်သည်ရှိသော်…

"သြော်… ယခုအခါ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အားထားကိုးကွယ်ရာ မရှိပါတော့တကား။ ရတနာသုံးပါးသည်သာလျှင် ငါ၏ အားထားကိုးကွယ်ရာပါတည်း"

ဟူ၍ အာရုံပြုပြီးလျှင်…

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

ဟု သရဏဂုံကို ထပ်မံ ဆောက်တည်ကာ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ…ဗုဒ္ဓေါ စသည်ဖြင့် လည်းကောင်း၊ အရဟံ… အရဟံ…အရဟံ စသည်ဖြင့် လည်းကောင်း ဘုရားဂုဏ်တော်များကို ပွားများအားထားနေပါတော့တယ်။

## မီးပုံထဲ ပစ်ချ၊ တန်ခိုးပြ

မင်းချင်းယောကျ်ား အာဏာသားတို့သည် သနားညှာတာခြင်း ကင်းမဲ့စွာ ဝေသာမိတ္တာ မိဖုရားကြီး၏ လက်နှစ်ဖက်ကို အတင်းဆွဲကိုင်ကြကုန်လျက် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးသို့ ရှေးရှုယူဆောင်၍ လာကြပါတယ်။ ထိုအခါ ဝေသာမိတ္တာ မိဖုရားကြီးက အောက်မေ့သည်မှာ…

"ယခုအခါ ငါ့မှာ ဤမင်းဘေး၊ မီးဘေးမှ ကင်းဝေးရန် အားထားစရာမရှိပါပေ။ ဘုရားသည်သာ အားထားရာရှိတော့သည်"

ဟု ရှေးကထက် တိုး၍ -

"အရဟံ…အရဟံ… အရဟံ"

စသည်ဖြင့် အားထားပွားများနေစဉ်၌ပင် မီးပုံကြီးအတွင်းသို့ ထည့်သွင်း ပစ်ချခံရပါတယ်။

ထိုသို့ အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးအတွင်းသို့ ထည့်သွင်း ပစ်ချလိုက်သော်ငြားလည်း၊ ဘုရားဂုဏ်တော်ကို ယုံကြည်လေးစား ပွားများအပ်သော တန်ခိုးသတ္တိစွမ်းပကားကြောင့် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးသည် ပဒုမ္မာကြာတိုက်ခန်းကဲ့သို့ အေးချမ်းသာယာလျက် ကိုယ်မှာလည်း မွေးညှင်းတစ်ပင်မျှ မီးမလောင်မကျွမ်းဘဲ ထူးဆန်းအံ့ဩဖွယ်ကို မြင်ရသောအခါ ပစ္စန္တရာဇ်မင်းကြီးနှင့်တကွ ကြည့်နေသူ လူအပေါင်းတို့သည် အလွန်အံ့အားသင့်၍ ထိတ်လန့်ကြောက်ရွံ့ကြသဖြင့် ဝေသာမိတ္တာ မိဖုရားကြီးကို မီးဖိုအတွင်းမှ ထုတ်ဆောင်ရန် မင်းကြီးက မေးမြန်းသည်မှာ -

"အို…မိဖုရားကြီး၊ အံ့ဖွယ်သူရဲရှိပေစွတကား။ သင့်အား အလျှံပြောင်ပြောင် တောက်လောင်နေသော မီးပုံကြီးအတွင်း ထည့်သွင်း ဗစ်ချပါလျက်ကယ်နှင့် မွေးညှင်းတစ်ပင်မျှ မီးမလောင်မကျွမ်းဘဲ အေးချမ်းစွာ နေနိုင်ခြင်းသည် အသင်မိဖုရားကြီး၌ မန္တာန်ဆေးဝါးများ ရှိနေလေသလား။ သို့တည်းမဟုတ်၊ တန်ခိုးကြီးသော နတ်များက သင့်အား ထင်ရှားမ,စလေရော့သလား။ ငါ့အား မိန့်ကြားပါလေ"

ဟု မိန့်တော်မူပါတယ်။

"အို…အရှင်မင်းမြတ်၊ သတ္တဝါအပေါင်းတို့အား ကြောက်ရွံ့ထိတ်လန့်ဖွယ်အသွယ်သွယ်သော မီးဘေး၊ မင်းဘေး စသော ဘေးအတန်တန်၊ ရန်အသွယ်သွယ်တို့နှင့် တွေ့ကြုံသောအခါ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ရာ မရှိချေ။ မိဘမောင်ဖွားဆွေသားမျိုးဆွေ၊ အခြွေအရံ၊ မန္တန်ဆေးဝါး၊ တန်ခိုးကြီးသော နတ်များသည် တကယ့်အရေး၊ တကယ့်ဘေးကို



www.burmeseclassic.com

www.burmeseclassic.com

တားမြစ်စောင့်ရှောက်ခြင်းဟာ မစွမ်းနိုင်ကြပါကုန်။ ရတနာသုံးပါးသည်သာလျှင် စောင့်ရှောက်တားမြစ်နိုင်ကြပါတယ်။ အကျွန်ုပ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို မှီခိုအားထား မှီဝဲဆည်းကပ်ပါသောကြောင့် မီးဓာတ်မလောင်မကျွမ်းဘဲ ချမ်းသာခွင့်ကို ရရှိခဲ့ပါတယ်"

ဟု လျှောက်တင် ပြောကြားပါတယ်။

တရားကပ်သဖြင့် ပါးနပ်သော မိဖုရားကြီးသည် ပစ္စန္တရာဇ်မင်းတရားအား စဉ်းစားဆင်ခြင် ဗုဒ္ဓဘာသာဝင်ဖြစ်လာစေရန်အတွက်···

"အရှင်မင်းကြီး··· အကျွန်ုပ်ကဲ့သို့ ဘေးရန်ကင်းကွာ၊ လောကတွင်လည်း ချမ်းသာ၊ သံသရာတွင်လည်း ချမ်းသာအောင်၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဘုရားကိုးကွယ်ပါ၊ တရားကိုးကွယ်ပါ၊ သံဃာကိုးကွယ်တော်မူပါ"

ဟု နည်းလမ်းအသွယ်သွယ်၊ ဥပမာ ဥပမေယျအဖုံဖုံ၊ ခြင်္ုပြောကြား လျှောက်ထားတိုက်တွန်းပါတော့တယ်။

**ရန်သူဘုရင် ဗုဒ္ဓဘာသာဝင်သို့**

ဝေသာမိတ္တာ မိဖုရားကြီး နှိုးဆော်တိုက်တွန်းအပ်သော တရားစကားကို ကြားရသော ပစ္စန္တရာဇ်မင်းသည် ထိတ်လန့်သံဝေဂဖြစ်၍ ရတနာသုံးပါးသို့ သက်ဝင်ယုံကြည် သရဏဂုံတည်၍ ဥပါသကာဖြစ်ပါတော့တယ်။ ထို့နောက် မိမိပြစ်မှားမိသော အပြစ်များကို ရှိခိုးကန်တော့ပြီးမှ···

"အရှင်မိဖုရားကြီး··· ယနေ့မှစ၍ ကျွန်ုပ်၏ မယ်တော်အရာ၌ တည်၍ တရားသဖြင့် ဆုံးမတော်မူပါ"

ဟု တောင်းပန်ပြီးလျှင် ချမ်းသာစွာဖြင့် ဘုရင့်မယ်တော်အရာ၌ ထားရှိတော်မူပါတော့တယ်။

ဝေသာမိတ္တာ မိဖုရားကြီးသည် မိမိကိုယ်တိုင် ဘုရားဂုဏ်တော်များကို နေ့စဉ်ပွားများလျက် ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုတရားတို့ကို ပွားများအားထုတ်ခြင်း၊ မင်းနှင့်တကွ တိုင်းသူပြည်သား လူအများတို့အားလည်း တရားသဖြင့် ဆုံးမသြဝါဒပေး၍ ချမ်းသာစွာ နေတော်မူပါတော့တယ်။

* * *

ကို့ခမောင်းသန်းစင်း

ကျမ်းကိုး

- မဏိရတနာ ပဏ္ဍိတ၏ "ဝေသာမိဖုရားကြီး"(သာသနာ့အလင်း၊ စာစောင် ၁၂၊ ၁၉၃၀ပြည့်ထုတ်)။

" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

**ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)**

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ကတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်းအစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**


၃၅၊ ၆၅၊ ၃၂၊ ရွှေစည်းသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဝန္ဓုလ စေတီတော်သို့

မင်းနေထွန်း (ကန့်ဘလူ)



လွန်ခဲ့သော ၁၀နှစ်ကျော်ခန့်က ရေဦးမြို့သို့ စာပေဟောပြောပွဲ ခရီးစဉ်အနေဖြင့် ဆရာကြီး အီကြာကွေး ရောက်ခဲ့ဖူးပါတယ်။ ကျွန်တော့်ကို ကဗျာဆရာတစ်ယောက်ဖြစ်လာစေဖို့ တွန်းတင်ပေးခဲ့တဲ့ ကျေးဇူးရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဟောပြောပွဲညမှာပဲ ဆရာကြီးက "ပုတီးကောင်းကောင်းစိပ်လို့ ရမယ့်နေရာရှိရင် သွားချင်တယ်။ လိုက်ပို့ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလာပါသည်။ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများရဲ့ ကောင်းမှုကုသိုလ် စေတီဘုရားတွေ ရှိတဲ့ အောင်မင်္ဂလာ ရပ်ကွက်ထဲက မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းတိုက်ကို လိုက်ပို့ပေးခဲ့ပါတယ်။

အဲဒီလို ဘုရားစေတီတော်ကို လိုက်လံ ဖူးမြော်နေရင်းက…

"ဟိုက်…ရှာလပါး…၊ ဒီလို စေတီတော်ပုံသဏ္ဌာန်မျိုး ဒီမြို့မှာပဲ တွေ့ဖူးတယ်။ မြန်မာနိုင်ငံအနှံ့အပြား၊ မြို့ကြီး မြို့လေးမကျန် ရောက်ခဲ့ဖူးတယ်"

လို့ ရန်အောင်မင်္ဂလာစေတီတော်ခေါ် မဟာဗန္ဓုလ စေတီတော်ကို ဖူးမြော်ရင်း ဆရာ အီကြာကွေး ပြောပါတယ်။ (မှတ်ချက်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်မှာ ရှိတဲ့ မဟာဗန္ဓုလရဲ့ ဇာတိချက်မြှုပ် ပေရင်းရွာ၊ ငါးဆောင်ကျောင်းတိုက်အတွင်းမှာလည်း တစ်ဆူ ရှိပါတယ်။)

ဆရာကြီး အီကြာကွေးရဲ့ စေ့ဆော်တိုက်တွန်းမှုတွေ ကြောင့်ပဲ ရှားပါးထူးခြားတဲ့ ဗန္ဓုလစေတီတော်ကြီးသမိုင်း အကြောင်းကို လက်လှမ်းမီသမျှ လေ့လာတင်ပြဖို့ ဖြစ်လာ ပါတော့တယ်။


•••

ပထမဆုံး မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းတိုက် ရဲ့ ဦးစီးပဓာန နာယက ဆရာတော် အရှင်ဝေပုလ္လစာရထံ မေးမြန်းလျှောက်ထားရပါတယ်။

ငယ်နာမည်က မောင်ရစ်၊ မင်းပေးတဲ့ ဘွဲ့က နေမျိုး သူရရဲခေါင် (ခေါ်) မဟာဗန္ဓုလ စစ်သူကြီးဟာ ရေဦးကို ဘယ်ပုံဘယ်နည်း ရောက်လာပြီး စေတီဘုရားတည်တဲ့ ဆို တဲ့ သမိုင်းကို ပြန်လည်တူးဆွမိပါတယ်။

ရေဦးမြို့ဟာ ရှေး ပုဂံခေတ်ကတည်းက (ထိပေအဲ့ ရှင်) ခေါ် ဒီပဲရင်း(တပရင်း) နယ်မြေရဲ့ ပယ်ကိုးသန်းအဝန်း အဝိုင်းထဲမှာ ပါဝင်တဲ့ ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်တယ်။ ဗန္ဓုလဟာ ပဒုံမင်းလက်ထက်တော်မှာပဲ မြို့ဝန်ရာထူးကို အမှုတော်ထမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ အသက် ၃၁နှစ်သာ ရှိပါသေးတယ်။ ဒီပဲယင်းမြို့ဝန်ဟာ ဒီပဲယင်းရဲ့ အဝန်းအဝိုင်း ထဲက ရေဦးဒေသကိုလည်း မကြာခဏ ရောက်လာနိုင်ပါ တယ်။ ယနေ့ခေတ်အတိုင်းအတာနဲ့ဆိုရင် ဒီပဲယင်းနဲ့ ရေဦး ဟာ ကိုးမိုင်ခန့်သာ ကွာဝေးပါတယ်။

ဦးကျော်ရှင်း(မောင်ကျော်ရှင်း)က သူ့ရဲ့ "ဝိသေသ နယ်မြေ" စာအုပ်မှာ…



"ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် မောင်ရစ်သည် သံတော်ဆင့်ရာထူးမှ "နေမျိုးသူရ ရဲခေါင်" ဟူသောဘွဲ့ဖြင့် ဒီပဲယင်းမြို့ဝန်အဖြစ်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။ ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်သည် ဒီပဲယင်း တွင် ခေတ္တမျှ နေထိုင်၍ ဒီပဲယင်း ပယ်ကိုးသန်း၏ အလယ် ဗဟိုတွင် ကုန်လမ်း၊ ရေလမ်း ဆုံဆည်းရာ ဈေးရွာကြီးဖြစ် သော ရေဦးသို့ စစ်ကဲ၊ နာခံ၊ စာရေးစာချီ အစရှိသော အမှုထမ်း အရာထမ်းတို့ပါ တစ်စုတစ်ဝေးတည်း လာရောက် ရုံးဖွင့်နေထိုင်ကြောင်း သိရသည်"

လို့ ဖော်ပြ မှတ်တမ်းတင်ထားပါတယ်။

အသေချာဆုံး အထောက်အထားကတော့ သက္ကရာဇ် ၁၁၇၅ ခုမှာ မဏိပူရအရေးအခင်း ရှုပ်ထွေးလာပါတယ်။ ဗဒုံမင်းဟာ ဗိုလ်ချုပ်အတွင်းဝန် နေမျိုးမင်းလှ မင်းခေါင် နော်ရထာ ဦးစီးကွပ်ကဲတဲ့ တပ်ပေါင်း ၂၀နှင့်အတူ ဒီပဲယင်း မြို့ဝန် နေမျိုးသူရရဲခေါင်(မဟာဗန္ဓုလ)တို့ကို စေလွှတ်ပြီး နှိမ်နင်းစေခဲ့ပါတယ်။

စစ်သူကြီးတို့အဖွဲ့ဟာ တမူး-ပန်းသာ စစ်ကြောင်းလမ်း က စစ်ချီရတဲ့အတွက် ရေဦးရွာကြီးကို ဖြတ်သန်းကျော်လွှား သွားရမှာ ကေန်ပါပဲ။

ဒုတိယအကြိမ် ၁၁၇၈ ခုနှစ်မှာ အာသံပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com

…အထွေးပေါ်လာပြန်တဲ့အတွက် ချီတက် နှိမ်နင်းတဲ့အခါ …လည်း ရေဦးဒေသကို ဖြတ်ကျော်ရမှာ ဖြစ်ပြီး လူသူ …အား ဖြည့်တင်းရမှာ အမှန်ပါပဲ။

သက္ကရာဇ် ၁၁၈၁ ခုနှစ်မှာ ဘိုးတော်ဘုရား(ဗဒုံမင်း) …ရှာစံသွားပါတယ်။ ဘိုးတော်ဘုရားရဲ့ အရိုက်အရာကို …နန်းရှင် (ခေါ်) စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော်က …က်ခံပါတယ်။ ဘကြီးတော်မင်းရဲ့ အဂ္ဂမဟေသီ တောင် …ဝ် ဒေဝီတစ်ပါးဖြစ်တဲ့ နန်းမတော် ရှင်မင်းနုဟာ ရေဦး …ယ်ထဲက ဖလံခုံရွာအနွယ်တော် ဖြစ်ပါတယ်။ ဖလံခုံရွာ … ရွှေဘိုခရိုင် ရေဦးမြို့နယ်ထဲမှာရှိပြီး ရေဦးမြို့နဲ့ ငါးမိုင် …ာက်ပဲ ဝေးပါတယ်။

ဘကြီးတော်မင်းနဲ့ အဂ္ဂမဟေသီ နန်းမတော် ရှင်မင်းနု …ယ်နု)တို့ဟာ ဒီပဲယင်းမြို့ဝန်ကို နှစ်သက်တော်မူတဲ့ …လျာက် မြို့ဝန် နေမျိုးသူရရဲခေါင်ဘဝမှ စစ်သူကြီး …ာဗန္ဓုလဘွဲ့ပေးပြီး အလုံမြို့ဝန်အဖြစ် ပြောင်းရွှေ့ ချီးမြှင့် …ာက်စားခဲ့ပါတယ်။

မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်မှာ မဏိပူရတို့ တတိယ …ကြိမ် ထောင်ထားခြားနားလာတဲ့အတွက် စစ်ကဲကြီး …ဆူးနဲ့ မဏိပူရကို ချီရပြန်ပါတယ်။

နောက်ဆုံး စတုတ္ထအကြိမ် အာသံအရေးအခင်းပေါ်



ပေါက်လာတော့တယ်။ ရေဦးဒေသကို ဖြတ်ကျော်ပြီးသွားရုံ မက၊ တစ်ထောက် နားခိုခဲ့ကြောင်း ဘဝနတ်ထံ ပျံလွန်တော်မူသွားတဲ့ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အာစရာဘိဝံသက "သာသနာပြုမှတ်တမ်း စိန်ရတုသဘင်" စာအုပ်မှာ ဗန္ဓုလ ဥယျာဉ်တော်နှင့် မဟာဗန္ဓုလ ရေကန်တော်တွေအကြောင်းကို မှတ်တမ်းတင်ထားခဲ့ပါတယ်။

♦♦♦

အခြား အထောက်အထားတစ်ခုကတော့ တောင်တန်းနယ်ခြား သာသနာပြု ဆရာတော် အရှင် ဦးဥတ္တမသာရရဲ့ "အာသံနယ်ခြား တောင်တန်းမှ" စာအုပ်တွင် မဟာဗန္ဓုလ စစ်သူကြီး စစ်ချီလာပုံအကြောင်းနှင့် ဗုဒ္ဓဘာသာတို့ ထုံးစံအတိုင်း ဗုဒ္ဓရုပ်ထုများ၊ ကမ္ဗဝါများ၊ ဗုဒ္ဓစာပေများနှင့် ပရိက္ခရာများကို ယူဆောင်လာခဲ့ကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် "ဂျော်ရဟတ်မြို့"မှာလည်း ထိုအခါက တည်ထားခဲ့သော စေတီတစ်ဆူမှာ "ဗန္ဓုလစေတီ"ဟူသော အမည်ဖြင့် ယခုတိုင် ရှိနေသေးသည်ဟု ဆရာတော်ကြီးက ရေးသားထားပါတယ်။

အထက်ပါ အထောက်အထားတွေကို ဆန်းစစ်ကြည့်ရင် အာသံပြည်ရှိ ဗန္ဓုလစေတီတော်ကြီးနှင့် ရေဦးမြို့ မင်္ဂလာရာမ ကျောင်းတိုက်အတွင်းရှိ ရန်အောင်မြင် စေတီတော်ကြီးတို့မှာ တစ်ချိန်တည်း (သို့မဟုတ်) မရှေးမနှောင်း တည်ထားခဲ့ခြင်းဖြစ်မယ်လို့ ကောက်ချက်စစ်လို့ ရနိုင်ပါတယ်။

မဟာဗန္ဓုလရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေ ရွာကြီးမှာလည်း မဟာဗန္ဓုလစေတီတော်ကြီး(စည်းခုံစေတီတော်) တစ်ဆူနှင့် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့ပေါ်မှာလည်း ဗန္ဓုလစေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့တယ်လို့ သိရှိရပါတယ်။

သမိုင်းသုတေသီ ပညာရှင်တစ်ဦးဖြစ်တဲ့ ဆရာကြီး ဦးသောင်း(ရေဦး)ကလည်း ခနေပြုတိုက်ပွဲတွင် မြန်မာသက္ကရာဇ် ၁၁၈၆ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ရက်နေ့၌ မဟာဗန္ဓုလ ကျဆုံးသွားခဲ့ကြောင်း။ ယင်းသို့ ကျဆုံးချိန်အထိ ၁၀နှစ်ကျော်ပတ်လုံး စစ်ရေးကိစ္စများ လုံးပမ်းနေရသဖြင့် စစ်သူကြီးကိုယ်တိုင် ဇနီး၊ သားများနှင့်အတူ ကုသိုလ်ကောင်းမှု မပြုလုပ်နိုင်ခဲ့ပါ။ စစ်သူကြီး ကွယ်လွန်သွားပြီးနောက် တစ်နှစ်အကြာ ဖွားရာဇာတိ ပေရင်း(ပန်းယင်း)ရွာတွင် စစ်သူကြီး၏ ဇနီး မယ်မင်းဘူးနှင့် သားချစ် မောင်ကျန်းကြီးတို့က စစ်သူကြီးအား ရည်စူး၍ ကုသိုလ်ကောင်းမှုအစုစု ပြုလုပ်ကာ အနုမောဒနာပြုကြကြောင်း ပေရင်းခေါင်းလောင်းစာ ရေးထိုး

www.burmeseclassic.com

ခဲ့ပါသည်ဟု မှတ်ချက်ပြုခဲ့ဖူးပါတယ်။

♦♦♦

ရေဦးမြို့ရှိ ရန်အောင်မြင်စေတီ (ခေါ်) မဟာဗန္ဓုလ စေတီတော်ကြီးဟာ ၁၂၉၈ခုမှာ ထီးတော် မြေခပြီး ဖောင်းရစ်အထိ ပျက်စီးယိုယွင်းသွားတယ်လို့ သိရပါတယ်။ အဲဒါကြောင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စုပေါင်းအလှူငွေထည့်ဝင်ကြပြီး ခေါင်းလောင်းတော်အထက်မှ ထီးတော်အထိ ပထမအကြိမ် ပြုပြင်လှူဒါန်းခဲ့ကြကြောင်းလည်း ထပ်ဆောင်း သိရှိရပြန်ပါတယ်။

၁၃၀၈ ခုနှစ်မှာ လှုပ်ခတ်ခဲ့တဲ့ ငြင်းထန် လျှင်ကြောင့် စေတီတော်အထက်ပိုင်းဟာ ပြိုကျပျက်စီးသွားပြန်တဲ့အတွက်ကြောင့် ဒုတိယအကြိမ် ထပ်မံပြုပြင် လှူဒါန်းခဲ့ကြရပြန်ပါသေးတယ်။ ၁၃၄၂ ခုနှစ်မှာတော့ မင်္ဂလာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အာစရ ဘိဝံသ ကြီးမှူးပြီး စေတီတော်ကြီးကို တတိယအကြိမ် အသစ်တစ်ဖန် မွမ်းမံပြင်ဆင်တော်မူပြန်ပါတယ်။

အဲဒီလို အသစ်တစ်ဖန် မွမ်းမံပြင်ဆင်နိုင်ဖို့ စေတီတော်အုတ်ချပ်များကို သေသပ်စွာ ခွာယူကြရာမှာ တိုက်ခံအထက်တတိယ ပစ္စယံအတွင်း ဌာပနာတိုက်အတွင်းက ဓာတ်တော်ငွေကြုတ်နှင့်တကွ ရွှေသား ဆင်းတုတော်(ဥဏ်တော် ၄ လက်မ)၊ ငွေသား ဆင်းတုတော်(ဥဏ်တော် ၆လက်မ)နဲ့ ဗုဒ္ဓဝင် သတ္တဌာန နှစ်ကျိပ်ရှစ်ဆူ၊ ဌာပနာအစုံတို့ကို တွေ့ရှိခဲ့ရပါတယ်။ ၁၃၄၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက် (တနင်္ဂနွေ)နေ့မှာ ယခု တွေ့မြင် ဖူးမြော်ရတဲ့ မဟာဗန္ဓုလ စေတီတော်ကို အုတ်မြစ်ချ မွမ်းမံ တည်ဆောက်ခဲ့တာပဲ ဖြစ်ပါတယ်။ (ပြုပြင်ပြီးပုံ - ၂)။ ၁၃၄၄ ခု၊ သီတင်းကျွတ်လဆန်း ၄ရက်မှာ ထီးတော်ကို တင်လှူ ပူဇော်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြပါတယ်။

အသစ်ပြုပြင်လိုက်တဲ့ ယခုလက်ရှိ စေတီတော်ကြီးအထက် လိုဏ်ဂူတော်များမှာ (နှစ်ကျိပ်ရှစ်ဆူ) ရုပ်ပွားတော်များနဲ့ တောင်ဘက်မုခ် ခြေရာတော်အထက်မှာ လာဘမုနိ ရုပ်ပွား ရုပ်တော်မှု ၃ဆူ တင်လှူ ပူဇော်ထားပါတယ်။ ထူးခြားမှုတစ်ရပ်ကတော့ မဟာဗန္ဓုလရဲ့ (ဦးထုပ်) မောက္ကလူ (မောက်လူ၊ မောက်ရှူ)စေတီတော်ပုံစံသစ် ဖြစ်နေခြင်းပါပဲ။

စစ်အောင်နိုင်မှုကို အကြောင်းပြုပြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်ကြီးဖြစ်တဲ့အလျောက် "အောင်မြင်မှု"ရလိုသူ လောကီသားအပေါင်းတို့က မဟာဗန္ဓုလအမည်ကို ဂဏန်းသင်္ချာဖွဲ့ပြီး ...

(မ) ကြာသပတေးနံ - ၅
(ဟာ) သောကြာနံ - ၆
(ဗန်) ကြာသပတေးနံ - ၅
(ဓု) စနေနံ - ၇
(လ) ဗုဒ္ဓဟူးနံ - ၄

ဆိုပြီး (၅+၆+၅+၇+၄ = ၂၇) (၂+၇=၉) ကိုးနဝင်းကျတယ်လို့ လက်ခံ ယုံကြည်ထားကြပါတယ်။

ဗန္ဓုလရဲ့ (ဦးထုပ်) မောက္ကလူ၊ မောက်လူ၊ မောက်ရှူကိုလည်း (မောက် = ၅) + (လူ = ၄) = (၅+၄ = ၉) ကိုးနဝင်းလို့ ယူကြပြန်ပါတယ်။ စေတီတော်ကြီးရဲ့ ရှစ်ထောင့်ခံအထက်မှာ ရှိတဲ့ စေတီအရန် ၂၄ဆူ ထည့်သွင်း ပူဇော်ထားတဲ့အတွက်...

ဉ၊ - ဘုရားဟူသည် မောက္ကလူ (၂၄)
ဉ၊ - တရားဟူသည် ဗာလီကွေး (၄၅)
ဉ၊ - သံဃာဟူသည် သံချပ်ဝတ် (၆၇)...

အစရှိတဲ့ ဂါထာတော်ကြီးနဲ့ ဆက်စပ်မှုရှိတယ်ဆိုပြီး "ကံကုသလဖွေနည်းဖော်"တဲ့အနေနဲ့ ဗန္ဓုလစေတီတော်မှာ အဓိဋ္ဌာန်ဝင်သူများ၊ ပုတီးစိပ်သူများ စည်ကားလို့ နေပါတယ်။ စာဖတ်သူများအနေနဲ့ အဓိဋ္ဌာန်ပြု ပုတီးစိပ်ပြီး အောင်မြင်မှု ရရှိလိုတယ်ဆိုရင်တော့ ဖိတ်ခေါ် လမ်းညွှန်လိုက်ရပါကြောင်း ခင်ဗျား။

ပညာရှင်အပေါင်းကို မညောင်းသော ဂါရဝဖြင့်

* * *

မင်းနေထွန်း(ကန့်ဘလူ)

ကိုးကား

- သာသနာပြုမှတ်တမ်း (ဘဒ္ဒန္တ အာစရ ဘိဝံသ)။
- သာသနာ့ရောင်ခြည်မဂ္ဂဇင်း (၂-၉-၅၅)။
- ဦးကျော်ရှင်း (ဝိသေသနယ်မြေ)။
- ဦးသောင်း (လက်ရေးမူများ)။
- စာရေးသူကိုယ်တိုင် ကွင်းဆင်းလေ့လာမှတ်သားမှု။




www.burmeseclassic.com

www.burmeseclassic.com

# ကြည်လင်သော စိတ်

ကုသိုလ်ကောင်းမှုတစ်ခုခုလုပ်ပြီဆိုရင် ကုသိုလ်ရဲ့
...ချင်းတွေဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊
... ပီတိ စတဲ့ ကောင်းတဲ့ စေတသိက်
... ပတ်ပတ်လည် ခြံရံပေးထားတာ
...တော့ တော်ရုံတန်ရုံ အကုသိုလ်
...ကို မတွေးဖြစ်တော့ဘူး။
...ပဲ၊ ကုသိုလ်တစ်
...တဲ့ နေရာမှာ




www.burmeseclassic.com

www.burmeseclassic.com

လည်း အကုသိုလ်ရဲ့ ယုဥ်ဘက် သူငယ်ချင်းတွေဖြစ်တဲ့ အဝိဇ္ဇာ၊ တဏှာ၊ လောဘ၊ ဒေါသ၊ မောဟ စတဲ့ မကောင်းတဲ့ အကုသိုလ်စေတသိက်မျိုးစုံကလည်း ခြံရံပြီး ကူညီတတ်လေ့ရှိပါတယ်။ ဒီတော့ ကုသိုလ်ဘက်ကို လှမ်းပြီး မမြင်တော့ပါဘူး။

ရဝေနွယ် (အင်းမ)

◆◆◆

ဦးဇင်း ရဝေနွယ်(အင်းမ)၏ စကားသည် မည်သည့် ပါဠိစကားမှ မပါသဖြင့် ဖတ်လိုက်သည်နှင့် အဓိပ္ပာယ်ကို အလွယ်တကူ သိသွားပြီး ကုသိုလ်နှင့် အကုသိုလ်ကို ရွေးချယ်နိုင်ရန် အလိုလိုလမ်းညွှန်ပြီးသားဖြစ်သွားခဲ့၏။

**"အမတံ အဒေါဝ သောပေါတီ ယောဓမ္မမနုသာသတိ"**

ထိုပါဠိတော်၏ အနက်မှာ တရားစကားကို ပြောခြင်း၊ ရေးသားခြင်း၊ တရားစာကို ဖြန့်ဝေခြင်းများသည် နိဗ္ဗာန်အလှူကို ပေးလှူခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်ထားသည်။ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်ပြီး ကျွန်တော် အနည်းငယ် သိထားသည်များကို သိသလောက်လေး ပြန်လည်ရေးသားတင်ပြနေခြင်းသည် စေတနာဒါနဖြစ်နေသောကြောင့် ကျွန်တော်ကိုယ်တိုင်လည်း ကြည်နူးမိသည်။

ကျွန်တော်သည် လူမမယ် ကလေးဘဝကတည်းက ဖခင်ကွယ်လွန်သွားသဖြင့် မုဆိုးမ မိခင်ကြီး၏ မေတ္တာနှင့် ဆုံးမစကားများကို အားဆေးအဖြစ် သောက်သုံးရင်း ဘဝကို တည်ဆောက်ခဲ့သည်။ ထိုသို့ ဘဝကို တည်ဆောက်ရာ ကာလတစ်လျှောက်လုံး အမေ့၏ ဆုံးမစကားများက ဘဝကို တည့်မတ်ပေးခဲ့ခြင်းပင် ဖြစ်သည်။ အမေ့စကားများစွာထဲမှ ကျွန်တော် မကြာခဏ သတိရနေသော စကားတစ်ခွန်း ရှိသည်။

"သားရေ…သူတစ်ပါးရဲ့ ချစ်ခြင်းကို မခွဲနဲ့။ သူတစ်ပါး ဒုက္ခရောက်အောင် ကုန်းတိုက်စကား မဆိုနဲ့။ အားလုံးကို အကောင်းမြင်နိုင်အောင် ကြိုးစား။ စိတ်ကို ဖြူစင်အောင်ထား"

ထိုစကားကို ကျွန်တော့်နှလုံးသားပေါ်မှာ မှတ်ကျောက်တင်ထားသောကြောင့် မေ့သွားစရာအကြောင်းမရှိသလို ရင်းနှီးသည့် မိတ်ဆွေသူငယ်ချင်းများကိုလည်း တစ်ဆင့်ပြန်ပြောပြခြင်း ဖြင့် ကုသိုလ်ယူဖြစ်ခဲ့သည်။

ရုပ်မြင်သံကြားမှ ကြော်ငြာအစီအစဥ်တွင် လေဆာသွားတိုက်ဆေးကြော်ငြာတစ်ခုကို တွေ့ရသည်။ မိမိချစ်သူကို

"

မည်သို့ပင်ဖြစ်စေ၊ လူကို လူလိုမြင်သော၊
အကောင်းမြင်စိတ်ရှိသော ကျွန်တော်က
သူ့ကို အားနာပြီး အဆက်အဆံမပျက်ခဲ့ပေ။
သည်းညည်းခံပြီး ပေါင်းသင်းခဲ့သည်။
သို့သော် တခြားအလုပ်သမားတချို့ကတော့
သူ့ကို မလိုအပ်ဘဲ စကားမပြောကြပေ။
သို့သော် လူငယ် အလုပ်သမား လေးယောက်က
'ကိုအောင်သိန်း . . .
ခင်ဗျား သွားမတိုက်ဘူးလား' ဟု
နောက်ပြောင်လေ့ရှိ၏။

မေတ္တာစကားပြောမည်ဆိုလျှင် သေချာသွားအောင် လေဆာ သွားတိုက်ဆေးသုံးပြီးမှ စကားပြောပါဟု အဓိပ္ပာယ်ရသော ပြကွက်လေးဖြစ်သည်။ ခံတွင်းနံ့လေးသင်းပြီး ချစ်သူ၏ တုံ့ ပြန်မှုကို ရမည်ဆိုသော သဘောပင်ဖြစ်၏။ ထိုအခါ ခံတွင်းနံ့ ကောင်းခြင်း၊ ဆိုးခြင်းနှင့် ပတ်သက်ပြီး မိတ်ဆွေတစ်ယောက် နှင့် ပတ်သက်သော အဖြစ်အပျက်လေးတစ်ခုကို သတိရ သွားမိသည်။ (ထိုမိတ်ဆွေက ကွယ်လွန်သွားပြီဖြစ်၏။)

◆◆◆

ကာလတစ်ခုတုန်းက ကျွန်တော်သည် ဝန်ထမ်း တစ်ယောက်ဖြစ်၏။ ထိုစဥ်က ကျွန်တော် တာဝန်ထမ်းဆောင် ရသောနေရာမှာ သိုလှောင်ရုံတစ်ခုတွင် ဖြစ်၏။ ထို့ကြောင့် သိုလှောင်ရုံမှ ပခုံးထမ်း အလုပ်သမားများနှင့် ခင်မင်နေ သည်။ ထိုအလုပ်သမားများထဲမှ အနည်းငယ် ကပ်စေး သော အသက်သုံးဆယ်ဝန်းကျင် ကိုအောင်သိန်း ဆိုသူ အလုပ်အားတိုင်း စကားပြောဖြစ်သည်။ လက်ဖက်ရည်ဆိုင် အတူထိုင်ဖြစ်သည်။ သို့သော် သူနှင့် စကားပြောတိုင်း စိတ် ညစ်ရသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ခံတွင်း ဆိုးသောကြောင့်ဖြစ်၏။

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ၊ လူကို လူလိုမြင်သော၊ အကောင်း စိတ်ရှိသော ကျွန်တော်က သူ့ကို အားနာပြီး အဆက် ဆံမပျက်ခဲ့ပေ။ သည်းညည်းခံပြီး ပေါင်းသင်းခဲ့သည်။ သို့ သော် တခြားအလုပ်သမားတချို့ကတော့ သူ့ကို မလိုအပ် ဘဲ စကားမပြောကြပေ။ သို့သော် လူငယ် အလုပ်သမား ယောက်က "ကိုအောင်သိန်း… ခင်ဗျား သွားမတိုက် သား"ဟု နောက်ပြောင်လေ့ရှိ၏။


သည်လိုနှင့် အလုပ်ပါးသည့် တစ်ရက်တွင် ထိုလူငယ် အလုပ်သမားလေးအား ကိုအောင်သိန်းကို မနောက်ပြောင်ဖို့ ပြောရသည်။ ဘ၀ ဘ၀၏ အကုသိုလ်လုပ်ရပ်ကြောင့် ယခု ခံတွင်းနံ့ဆိုးကြောင်း ပြောပြရသည်။ ထိုအလုပ်သမား မှာ အသက်တစ်ဆယ့်ရှစ်နှစ်လောက်သာ ရှိသေးသဖြင့် သာတရားကိုလည်း စိတ်ဝင်စားပုံ မရပေ။ ကိုအောင်သိန်း နှင့် နှယ်ပြီး အကုသိုလ်အကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ် အောင် ပြောပြလိုက်လေသည်။

♦♦♦

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။ သီလ ခြင်သော မထေရ်နှစ်ပါးသည် တောကျောင်းတစ်ကျောင်း တွင် နေပြီး ဆွမ်းခံအတူ၊ ဆွမ်းစားအတူ၊ တံမြက်လှည်း အတူ၊ ရေခပ်အတူ စသည်ဖြင့် မည်သည့်အလုပ်မဆို အတူတူလုပ်ကိုင်ကြသည်။

တစ်နေ့တွင် မထေရ်နှစ်ပါး သီတင်းသုံးရာသို့ အာဂန္တုမထေရ်တစ်ပါးကြွရောက်လာခဲ့၏။ ထို့ကြောင့် လက်ရှိ ကျောင်းထိုင်မထေရ်နှစ်ပါးကလည်း ဝမ်းမြောက်ဝမ်းသာစွာ နှင့် ကြိုဆိုပြီး နေရာထိုင်ခင်းကောင်းကောင်းပေးကာ နံနက် ဆွမ်းခံကြွချိန်၌ ထိုမထေရ်ကိုပါ ခေါ်ဆောင်လာခဲ့လေသည်။

ရွာသို့ ရောက်သော ဒကာ၊ ဒကာမများက ကြည်ညို သဒ္ဓါပွားစွာဖြင့် ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းသလို၊ အချို များပါ လောင်းလှူကြသဖြင့် အာဂန္တုမထေရ်လည်း ထိုရွာ လေးကို သဘောကျသွားခဲ့၏။ ထို့အတူ ကျောင်းကို ရောက် သည့်အခါတွင်လည်း ကျောင်း၏ အကျယ်အဝန်း အရိပ် အာဝါသ၊ ကျောင်းအဆောက်အအုံ စသည်တို့ ကောင်းမွန် ခြင်းကြောင့် ထိုကျောင်းလေးတွင် အမြဲနေချင်စိတ်ပေါက် သွားခဲ့၏။ သူ့အတွေးကောင်းသလို၊ မထေရ်နှစ်ပါးကလည်း ကြည်ကြည်ဖြူဖြူ လက်ခံမည်သာ ဖြစ်၏။ သို့သော် သူ၏ အတွေးက ဆိုးဝါးလွန်းလှသည်။ လာဘ်လာဘပေါ်များ သော ထိုရွာလေးတွင် နေလျှင် ယခင်က ရှိနေသော မထေရ် ပါးကို တစ်နည်းနည်းဖြင့် မောင်းထုတ်ပစ်မည်ဆိုသော



အတွေးပင် ဖြစ်၏။

ထို့ကြောင့် အာဂန္တုမထေရ်သည် သူ၏ အကြံအစည် ဖြင့် ကျောင်းထိုင် မထေရ်နှစ်ပါး ပူးတွဲ၍ မရှိမည့်အချိန်ကို စောင့်ပြီး မထေရ်တစ်ပါးတည်း ရှိနေစဉ် အနားသို့သွားကာ အောက်ပါအတိုင်းပြောလေသည်။

"အရှင်ဘုရားရဲ့ မိတ်ဆွေက မျက်မှောက်မှာသာ မိတ် ဆွေလို ဆက်ဆံနေတာ၊ မျက်ကွယ်မှာတော့ အရှင်ဘုရားကို ရန်သူလို သဘောထားတာ"

ကျောင်းထိုင် မထေရ်က မယုံပေ။ သို့သော် အသက် ငယ်သေးသည့်အပြင် ပုထုဇဉ်ဖြစ်နေသောကြောင့် အခြေ အနေအရပ်ရပ်၏ အမှားအမှန်ကို မသုံးသပ်နိုင်ခဲ့ပေ။ ထို့ ကြောင့် စိတ်ထဲတွင် ဟုတ်များ ဟုတ်နေမလားဟု ယူဆ ကာ သံသယစိတ်လေး ဝင်သွားခဲ့၏။

ထို့အတူ အာဂန္တုမထေရ်သည် တခြားမထေရ်ကို လည်း တစ်ပါးတည်းရှိနေခိုက် သွေးခွဲစကားအဖြစ် အထက် ကအတိုင်း သွားပြောပြန်၏။ သူ့အတွေးထဲတွင် ရွာနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ ရှိသည့် လာဘ်လာဘအားလုံးကို ပိုင်ဆိုင်ဖို့သာ အချိန်ပြည့်တွေးကာ မထေရ်နှစ်ပါး အချစ်ပြယ်သွားအောင် မကြာခဏ ကုန်းချောစကားဆိုလေသည်။ ထို့ကြောင့် ကြာလာသည့်အခါ မထေရ်နှစ်ပါးလည်း တစ်ပါးနှင့် တစ်ပါး စိတ်ဝမ်းကွဲကာ ဆွမ်းခံအတူ မကြွတော့သလို၊ ဆွမ်းလည်း အတူမစားတော့ပေ။ သည်လိုနှင့် တစ်ညတွင် အလွန်ချစ်ခင်ရင်းနှီးသော မထေရ်နှစ်ပါးသည် အမုန်းကြီး မုန်းကာ စကားများကြ၏။ ထို့နောက် ထိုရွာလေးနှင့် ထိုကျောင်းလေးကို စွန့်ကာ သီးခြားစီ အဝေးသို့ ထွက်ခွာသွားကြလေသည်။

သည်လိုနှင့် နောက်ဆုံးတွင် အာဂန္တုမထေရ်သည် သူတို့နှစ်ပါး၏ လာဘ်လာဘများကို ငါရပြီဆိုသည့် စိတ်ကူးနှင့် သဘောကျ ကျေနပ်နေ၏။ မနက် ရွာထဲသို့ ဆွမ်းခံထွက်သည့်အခါတွင်လည်း မထေရ်နှစ်ပါး ညက ရန်ဖြစ်သဖြင့် သီးခြားစီ ထွက်ခွာသွားကြောင်း၊ သူက တားသော်လည်း မရကြောင်း လိမ်ညာစကားကို ဆိုလေသည်။ ထို့ကြောင့် ရွာသူရွာသားများက အာဂန္တုမထေရ်ကို ကျောင်းထိုင် ဘုန်းကြီးအဖြစ် သီတင်းသုံးစေလေသည်။

အာဂန္တုမထေရ်သည် သူမျှော်လင့်ထားသလိုပင် ထိုရွာကျောင်းလေးမှာ နေပြီး လာဘ်လာဘများစွာကို ရလိုက်၏။ သို့သော် လူဆိုသည်မှာ သေမျိုးဖြစ်သဖြင့် အချိန်တန်သည့်အခါ အာဂန္တုမထေရ်လည်း ပျံလွန်တော်မူခဲ့ရလေသည်။

ကွယ်လွန်ပြီးနောက် သူပြုခဲ့သည့် ကံအားလျော်စွာ အဝီစိ ငရဲသို့ ကျရောက်သွားခဲ့၏။ ထို့အတူ ယခင် ကျောင်းထိုင်နှစ်ပါးမှာလည်း အာဂန္တု ရဟန်း ပျံလွန်တော်မူပြီးသည့်နောက် အဖြစ်မှန်ကို သိကာ မူလကျောင်းမှာပဲ ပြန်ပြီး သီတင်းသုံးတော်မူ၏။ ကာလအတန်ကြာသည့်အခါ အာဂန္တုမထေရ်လည်း ငရဲမှ လွတ်ပြီးနောက် ရာဇဂြိုဟ်ပြည်အနီး၌ ခံတွင်းပုပ်ပြီး အနံ့ဆိုးသည့် ပြိတ္တာဖြစ်ပြန်လေသည်။ ထို့ပြင် သူ၏ ခံတွင်းနံ့သည် အလွန်နံသောကြောင့် ဝန်းကျင်တစ်ခုလုံး မခံနိုင်အောင် ဆိုးဝါးလွန်းလှ၏။

တစ်နေ့တွင် အရှင်နာရဒမထေရ်က ဝိဇ္ဈကုဋ်တောင်ပေါ်က ခံတွင်းနံ့ပုပ်နေသော ပြိတ္တာကြီးကို တွေ့လိုက်ရ၏။ ထိုအခါ အရှင်နာရဒမထေရ်က…

"အသင်ပြိတ္တာ…သင်သည် အဘယ်ကြောင့် ခံတွင်းနံ့ဆိုးနေရတာလဲ"

ဟု မေးကြည့်လိုက်၏။

"အရှင်ဘုရား…တပည့်တော်က ချစ်ခင်နေတဲ့ လူနှစ်ယောက်ကို ကွဲသွားအောင် ကုန်းတိုက်စကားပြောခဲ့လို့ပါ ဘုရား။ ဒါကြောင့် ကုန်းတိုက်စကားဆိုရင်၊ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲရင် အခုလို ခံရတယ်ဆိုတာ အရှင်ဘုရားရဲ့ တပည့် ဒကာ၊ ဒကာမတွေကို ဟောပြောပေးပါ ဘုရား"

ဟု လျှောက်၏။

◆◆◆

ကျွန်တော်ပြောပြသည့် ကုန်းချောစကားနှင့် ပတ်သက်သည့် အကြောင်းအရာတချို့ကို အလုပ်သမား လူငယ်လေး စိတ်ဝင်စားစွာ နားထောင်နေ၏။

"ညီလေး…အစ်ကိုပြောတာ သဘောပေါက်ပါတယ် နော်"

"ဟုတ်ကဲ့ အစ်ကို"

"အေး၊ ဒီတော့ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲရင်၊ ကုန်းတိုက်စကားဆိုရင် အကုသိုလ်ရဲ့ အကျိုးဆက်အပြစ်က ဘယ်လိုခံရတယ်ဆိုတာ မင်းသိပြီပေါ့။ အစ်ကိုပြောချင်တာက သူတစ်ပါးရဲ့ အားနည်းချက်ကို နင်းပြီး မပြောမိစေနဲ့ အကောင်းမြင်နိုင်အောင် ကြိုးစား။ အကောင်းမြင်တယ်ဆိုတာ စေတနာကို အခြေခံတဲ့အတွက် မင်းမှာ စေတနာ ကုသိုလ်လည်း ရနိုင်တာပေါ့"

နောက်ပိုင်းတွင် အလုပ်သမား လူငယ်လေး ကိုအောင်သိန်း၏ ခံတွင်းနံ့နှင့် ပတ်သက်ပြီး နောက်ပြောခြင်း လုံးဝ မပြုလုပ်တော့ပေ။ ကျွန်တော့်လိုပင် အကောင်းမြင်စိတ်လေးနှင့် ဆက်ဆံနိုင်ခြင်းသည် ဘာသာရေးနှင့် ပတ်သက်သော ကျွန်တော်၏ စေတနာအကျိုးဆက်ပင် ဖြစ်၏။

ကျွန်တော့်ဦးလေးအိမ်မှာ ရေးကပ်ထားသော စာတန်း လေးတစ်ခုရှိသည်။ ထိုစာတန်းမှာ -

"သင်… ယနေ့ ဘာရပြီလဲ။ ပညာလား။ ဥစ္စာလား။ ကုသိုလ်လား" တဲ့။

သေချာသည်မှာ ယနေ့ ကျွန်တော် တစ်ခုခုရလိုက်ခြင်းပင် ဖြစ်သည်။

* * *

မောင်နိုး…



www.burmeseclassic.com

www.burmeseclassic.com

# နေ့မှာ မျက်လုံးတော် ပွင့်ပြီး ညမှာ ပိတ်သွားတဲ့ ဆင်းတုတော်

(သတိုးမြ)




နေ့မဝင်မီ ဖူးတွေ့ရစဉ် နေဝင်ပြီးနောက် ဖူးတွေ့ရစဉ်

ဘုရားရှင်ကိုယ်ပွား ဆင်းတုတော်များကို ဦးခိုက်ကြည့်ညိုရန် တည်ထားကြပါသည်။ ဘုရားဆင်းတုတော်များ အံ့သြဖွယ်ကောင်းလောက်အောင် ဖူးတွေ့ရသည့် ဖြစ်ရပ်များ မကြာခဏဆိုသလို ကြားနေ၊ သိနေရပါသည်။

ထိုဖြစ်ရပ်များစွာထဲမှ ထိုင်းနိုင်ငံ၊ မဟာချိုင်မြို့ ဘန်ကောက်၊ ဝပ်နန်းမူရ်း ဘုန်းကြီးကျောင်းအတွင်းမှာ သပ္ပာယ်ကြည်ညိုစရာကောင်းသည့် ရုပ်ပွားတော်မြတ်များ သည်း တစ်ဆူအပါအဝင်ဖြစ်သည်။

ထိုင်းနိုင်ငံ၊ မဟာချိုင်မြို့ဆိုတာ မြန်မာနိုင်ငံမှ သွားရောက် အလုပ်လုပ်နေကြသူ အများစု နေထိုင်ရာအရပ် သည်း ဖြစ်ပါသည်။

အင်တာနက် စာမျက်နှာပေါ်မှာ တက်လာတဲ့ ရုပ်ပွားတော် ဓာတ်ပုံနှင့် သတင်းကို စာဖတ်သူများ ကြည်ညိုနိုင်ရန် ဝေမျှပေးလိုက်ပါသည်။

ဘုန်းတော်ကြီးတစ်ပါး၏ အဆိုအရ ရုပ်ပွားတော်ကို ကိုးကွယ်ပူဇော်ထားသည်မှာ (၇)လခန့် ရှိပြီဖြစ်ကြောင်းနှင့် အခုလို မျက်လုံးတော် ဖွင့်ခြင်း၊ ပိတ်ခြင်း ဖြစ်တာကတော့ သုံးရက်လောက်ပဲ ရှိပါသေးတယ်လို့ မိန့်ပါသည်။

သူများတွေ ပြောတာဆိုတာကို နားနဲ့ ကြားပြီး၊ သတင်းတင်သူက ကိုယ်တိုင်ကိုယ်ကျ သွားရောက် ဖူးမြော် ဖြစ်တယ်လို့ ဆိုပါသည်။

သူရောက်သွားချိန်မှာ လူများ ကြိတ်ကြိတ်တိုးတိုး စည်ကားနေပါသည်။ ညနေပိုင်း အလင်းရောင်ရှိချိန်မှာ ဘုရားဆင်းတုတော်၏ မျက်နှာတော်အား ဓာတ်ပုံမှတ်တမ်းတင်ထားဖြစ်ကြောင်းနှင့် ညပိုင်း မှောင်တဲ့အချိန်ထိ စောင့်ပြီး ထပ်မံ ဓာတ်ပုံရိုက်ဖြစ်တယ်လို့ ဆိုပါသည်။

ပုံမှာ ယှဉ်တွဲပြထားသည့်အတိုင်း မှောင်ရီပျိုးလာတာနဲ့ မျက်လုံးတော်မှာ တဖြည်းဖြည်းမှေးလာပြီး ညသန်းခေါင်အချိန်သို့ ရောက်သောအခါ လုံးဝ ပိတ်သွားတယ်လို့ ဆိုပါသည်။

စာဖတ်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဝေမျှပေးလိုက်ရခြင်း ဖြစ်ပါသည်။

* * *

သတိုးမြ



www.burmeseclassic.com

www.burmeseclassic.com

ဦးမြင့်ဦးနှင့် ကျွန်ုပ်သည် အကျဉ်းဦးစီးဌာနတွင် ထောင်မှူးသင် တန်းအပတ်စဉ် (၆)ကို အတူတူသင်တန်း တက်ခဲ့ကြသော သူငယ်ချင်းများဖြစ်သည်။ သင်တန်းမှ ဆင်းလာပြီး အင်းစိန် ဗဟိုအကျဉ်းထောင်တွင် အတူတူ တာဝန်ကျနေလေသည်။ နေထိုင်ကြသော တိုက်ခန်းချင်းမှာ လည်း မျက်နှာချင်းဆိုင်ဖြစ်သည်။



# အငြွေ့စေရှ် နှငြွှပ်ဝိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဦးနှင့် ဒေါ်ထားထားမြင့်တို့တွင် သားလေး ဖိုးကျော် တစ်ဦးတည်းမွေးထားသလို ကျွန်ုပ်ဇနီးသည် ဒေါ်သင်းသင်းရည်မှာလည်း တစ်ဦးတည်းသော သားလေး ဗိုလ်ဗိုလ်သိမ်းကို မွေးထားကြသည်။

ဦးမြင့်ဦးမိသားစုနှင့် ကျွန်ုပ်တို့မိသားစုတို့သည် နေအိမ်ချင်းနီးနေကြသဖြင့် ထမင်းစားချိန်တွင် ဦးမြင့်ဦးတို့မိသားစုမှ ထမင်းနှင့် ဟင်းများယူဆောင်လာကာ နှစ်အိမ်တစ်အိမ် ပေါင်းစားကြလေ့ရှိသည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ဖြင့် နေထိုင်လာကြသော မိတ်ဆွေရင်းချာများ ဖြစ်သည်။ ကျွန်ုပ်သည် အထက်မှ လုပ်ငန်းပြောင်းရွှေ့အမိန့်စာထွက်လာသောအခါ ကျောက်ဖြူဆောင်သို့ မိသားစုဝင်အားလုံး ပြောင်းရွှေ့သွားကြရသည်။

ထိုမှစ၍ ဦးမြင့်ဦးမိသားစုနှင့် ကျွန်ုပ်တို့မိသားစုမှာ ကွဲကွာသွားခဲ့ကြသည်။ နောက်ပိုင်း ကျွန်ုပ်သည် ထပ်မံပြောင်းရွှေ့နေရသောကြောင့် လူချင်း ပြန်လည်ဆုံဆည်းခြင်း မရှိကြတော့ပေ။

နောက်ဆုံး ကျွန်ုပ်သည် ထောင်ပိုင်ရာထူးသို့ တိုးမြှင့်ခံရပြီး တောင်ငူ (၄)မိုင် ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းတွင် စခန်းတာဝန်ခံအဖြစ် ပြောင်းရွှေ့သွားခဲ့သည်။ ယင်းစခန်းသို့ရောက်ပြီး နှစ်လအကြာမှာ ကျွန်ုပ်၏ ဇနီး ဒေါ်သင်းသင်းရည်သည် ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ ကျွန်ုပ်မှာ ဇနီးသည်အပေါ် လွန်စွာချစ်မြတ်နိုးလွန်းခဲ့သူဖြစ်သောကြောင့် ဝမ်းနည်းကြေကွဲကာ ချုံးပွဲချ ငိုကြွေးနေမိလေသည်။

သို့သော်လည်း လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရင်း မိမိစိတ်ကို တည်ငြိမ်အောင် ကြိုးစားထိန်းသိမ်းကာ နေထိုင်လာရသည်။ တရားဘာဝနာကို ကျင့်ကြံလိုက်စားကာ ကိုယ့်ကိုယ်ကို ဖြေသိမ့်နေရရှာသည်။

နောက်ဆုံး တစ်ယောက်တည်း အထီးကျန်ဘဝရောက်နေစဉ် လုပ်ငန်းခွင်မှာ အလုပ်တာဝန်များ ထမ်းဆောင်နေရသည်ကို မပျော်ရွှင်သောကြောင့် ထောင်ပိုင်ရာထူးမှ နုတ်ထွက်လိုက်သည်။ ယင်းအချိန် ကျွန်ုပ်၏ အသက်မှာ ၅၃နှစ်ခန့်သာ ရှိသေးသည်။

ကျွန်ုပ်လည်း အလုပ်မှ နုတ်ထွက်လာခဲ့ပြီးနောက် တရားဓမ္မများကို လေ့လာလိုက်စားရင်း အေးအေးချမ်းချမ်း နေထိုင်နေသည်။ အားလပ်သည့်အခါ သူငယ်ချင်း မိတ်ဆွေအိမ်များဆီ သွားရောက်လည်ပတ်လေ့ရှိလေသည်။

တစ်နေ့ သတင်းစာထဲတွင် နာရေးကြော်ငြာကို ဖတ်ရှုလိုက်ရာ သူငယ်ချင်း ဦးမြင့်ဦးနှင့် ဒေါ်ထားထားမြင့်တို့၏သားလေး ဖိုးကျော်ကွယ်လွန်သွားသည့်သတင်းကို ဖတ်ရှုမိလေသည်။

ထိုအခါ လူချင်းကွဲကွာသွားခဲ့ကြသော သူငယ်ချင်း၏ သားသတင်းကို ဖတ်ရှုရသဖြင့် လိပ်စာမှတ်ကာ သွားရောက်ခဲ့လေသည်။ ဦးမြင့်ဦးမိသားစုသည် ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက်ဈေးကြီးနားတွင် နေထိုင်ကြောင်း သိရှိရသဖြင့် သွားရောက်တွေ့ဆုံ အားပေးရလေသည်။

ကျွန်ုပ်မှာလည်း တွယ်တာချစ်ခင်ရသော ဇနီးသည် ဆုံးပါးသွားသဖြင့် သောကအပူမီးတောက်လောင် ခံစားခဲ့ရသည့်ဝေဒနာကို သိရှိနားလည်သောကြောင့် ကိုယ်ချင်းစာနာစိတ်ဖြင့် တတ်နိုင်သမျှ ဖြေသိမ့်ပေးနေမိသည်။

"သခါရသဘောကိုတော့ ကျွန်တော်လည်း နားလည်သဘောပေါက်ပါတယ် ဗိုလ်စိုးရာ။ ကျွန်တော့်သားလေးက အချိန်မတိုင်ခင် အရွယ်ကောင်းမှာ ခုလိုသေဆုံးသွားခဲ့ရလို့ အကြွေစောလို့ နှမြောနေမိတာပါဗျာ"

"ဟုတ်ပါတယ် သူငယ်ချင်းရယ်၊ ခင်ဗျားလည်း တရားဘာဝနာတွေ ကျင့်ကြံအားထုတ်နေတဲ့ လူပဲ။ ကိုယ့်ကိုယ်ကို နှလုံးသွင်းပြီး ဖြေပါဗျာ"

ကျွန်ုပ်သည် ဦးမြင့်ဦးအား အပြစ်မဆိုရက်သော်လည်း လောကကြီးမှာ မရဏတရားဆိုသည် လူတိုင်းကြုံတွေ့ရင်ဆိုင်ကြရမည့် သခါရတရားဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ပရိဒေဝသောကမီး လောင်ကျွမ်းနေရာမှ ငြိမ်းအေးစေရန် သိသမျှ၊ တတ်သမျှ၊ မှတ်မိသမျှ တရားစကားများဖြင့် နားချပြောဆိုနေခဲ့သည်။

သို့သော်လည်း ဦးမြင့်ဦးတစ်ယောက် ကိုယ်တိုင်ကြုံတွေ့ ခံစားနေရသော ကာယကံရှင်ဖြစ်နေသဖြင့် မည်သို့မျှ ဖြေမပြေနိုင်အောင် ဝမ်းနည်းပူဆွေးလျက်သာ ရှိနေသည်။

"ဦးမြင့်ဦး...ခင်ဗျားလည်း တရား ဘာဝနာပွားများနေခဲ့သူပဲ။ ကျွန်တော်ပြောပြမယ့် မြတ်စွာဘုရားရဲ့ အဆုံးအမစကားကို လေးလေးနက်နက် နားထောင်လိုက်ရတဲ့အခါ ခင်ဗျားကိုယ်တိုင် ခုလိုကြုံတွေ့နေရတဲ့ ပရိဒေဝသောကမီးငြိမ်းသွားနိုင်မှာပါ"

သို့ကြောင့် ကျွန်ုပ်သည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိနေစဉ်ကာလ မြတ်စွာဘုရား၏ သမီးတော်ရင်းဖြစ်သော ပုဗ္ဗာရုံကျောင်းအစ်မကြီး ဝိသာခါလို သောတာပန်စစ်စစ်ကြီးတစ်ယောက်သော်မှ မြေးကလေး သေဆုံးသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ပရိဒေဝသောကမီး တောက်လောင်ကာ လူးလိမ့်ငိုကြွေးနေခဲ့ရပုံကို ဘုရားဟောကြားတော်မူခဲ့သော တရားရေအေးတိုက်ကျွေးကာ ပြေပြနေလေသည်။

* * *

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်၌ ကာသိတိုင်းတွင် ကိကီမင်းဖြစ်တော်မူခဲ့သည်။

ထိုစဉ်က ကာသိတိုင်းဘုရင် ကိကီမင်းကြီးတွင် သမီးတော်ခုနစ်ပါး ထွန်းကားတော်မူလေသည်။ အဆိုပါ သမီးတော်ခုနစ်ပါးမှာ (၁) သမဏီ၊ (၂) သမဏဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄)ဘိက္ခုဒါသီ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သံဃဒါသီတို့ ဖြစ်လေသည်။

အဆိုပါ သမီးတော်ခုနစ်ပါးသည် သူတော်ကောင်းစိတ်ကို ငယ်စဉ်ကပင် ကိန်းအောင်းထက်သန် တရားနှင့်သာ မွေ့လျော်လိုကြသည်။ အပျိုစင်ဘဝဖြင့် ကောမာရိဗြဟ္မစရိယာသီလ(အပျိုစင်ဘဝဖြင့် ကာမဂုဏ်နှင့် လုံးဝကင်းစင် သန့်ရှင်းသော အကျင့်သီလ)ကို ထိန်းသိမ်းခဲ့ကြသည်။

သမီးတော်ခုနစ်ပါး အရွယ်ရောက်သည့်အချိန်တွင် ရဟန်းပြု၍ တောရဆောက်တည်ရန် တောထွက်ကြမည်ကို မိန်းမသားများချည်းဖြစ်နေသဖြင့် ခမည်းတော် ကိကီမင်းကြီးသည် မသင့်တော်ကြောင်း မေတ္တာဖြင့် တားမြစ်တော်မူသည်။

နန်းတော်အတွင်း၌သာလျှင် သမီးတော်များ စိတ်တိုင်းကျ တရား ဘာဝနာဖြင့် မွေ့လျော်နေထိုင်ကြရန် ခွင့်ပြုတော်မူခဲ့လေသည်။ ဖခမည်းတော် ခွင့်ပြုတော်မူသည့်အတိုင်း သမီးတော်ခုနစ်ပါးသည် ကဿပမြတ်စွာဘုရားလက်ထက် အနှစ် ၂သောင်းကျော် ကျင့်ကြံအားထုတ်တော်မူခဲ့ကြလေသည်။

အဆိုပါ သမီးတော်ခုနစ်ပါးသည် ဖခမည်းတော် အလောင်းတော် ကိကီမင်းကြီးနှင့်အတူ စုတေခဲ့ကြ၍ လူပြည်၊ နတ်ပြည်တို့တွင် လူချမ်းသာ၊ နတ်ချမ်းသာဘဝဖြင့် ပါရမီများ ဖြည့်ကျင့်ဥတော်မူခဲ့ကြသည်။

ဖခမည်းတော် ကိကီမင်းကြီးသည် ဘဒ္ဒကမ္ဘာ၏ စတုတ္ထမြောက် ဂေါတမဗုဒ္ဓအဖြစ် ပွင့်တော်မူသည့်အချိန်တွင် သမီးတော် ခုနစ်ပါးတို့သည်လည်း လူ့ပြည်၌ မြတ်စွာဘုရား၏ အဆုံးအမကို ခံယူ၍ နိဗ္ဗာန်နန်း စံဝင်ရန် ဗုဒ္ဓ၏ သမီးတော်များ ဖြစ်ခဲ့ကြသည်။

ဗုဒ္ဓ၏ သမီးတော်များမှာ (၁)ခေမာထေရီ (၂) ဥပ္ပလဝဏ်ထေရီ (၃)ပဋာစာရီ (၄)ကုဏ္ဍလကေသီ (၅) ကိသာဂေါတမီ၊ (၆) ဓမ္မဒိန္နာ၊ (၇) ကျောင်းအမကြီး ဝိသာခါတို့ ဖြစ်လာကြသည်။

ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါသည် မြတ်စွာဘုရားအလောင်းတော် ကိကီမင်းကြီးဘဝက ပါရမီဖြည့်ခဲ့ကြသော သမီးတော်ခုနစ်ပါးအနက် အငယ်ဆုံး သမီးတော် သံဃဒါသီ ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် အလွန်ချောမောလှပ၊ ယဉ်ကျေးသိမ်မွေ့ ချမ်းသာကြွယ်ဝရုံမက ရင့်ကျက်တော်မူခဲ့သော ပါရမီအဟုန်ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာတော်များကို ကြားနာရုံမျှဖြင့် သောတာပန်ဖြစ်ခဲ့လေသည်။

ဥစ္စာပစ္စည်းပေါ်များကြွယ်ဝ၍ သူကြွယ်သမီး၊ သူကြွယ်ကတော်ဖြစ်သည့်အားလျော်စွာ အလှူဒါနတရားတွင်လည်း စေတနာသဒ္ဓါထက်သန် ရက်ရောလှသဖြင့် ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့ကြောင့် ဝိသာခါနာမည်ရေမှ ပုဗ္ဗာရုံကျောင်းအမကြီးဟူသော ဂုဏ်ထူးဝိသေသထည့်သွင်း ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားအား ကြည်ညိုလေးနက် သဒ္ဓါတရား ထက်သန်ရာတွင် သူတကာနှင့် မတူအောင် ထူးခြားကျိုးနွံ ရှိသေသူဖြစ်သည်။ သောတာပန်အဖြစ် တရားကို သိမြင်လေးနက်၍ မြတ်စွာဘုရား၏ စကားတော်ကို မြေဝယ်မကျ နားထောင် ရိုသေလိုက်နာဆုံး သမီးတပည့်တစ်ပါးလည်း ဖြစ်ပါသည်။

ဤကဲ့သို့ ပါရမီရင့်ကျက်၍ သောတာပန်စစ်စစ် ကေန်ပင်ဖြစ်သော် ကျောင်းအမကြီး ဝိသာခါသည် အလွန်ချစ်ဖွယ်ကောင်းသော မြေးကလေး ကွယ်လွန်သောအခါ မြေးအပေါ် ချစ်လွန်းအားကြီးသော သံယောဇဉ်ဇောဖြင့် ပရိဒေဝသောကမီး တောက်လောင်ကာ အော်ဟစ်ငိုကြွေး ပူဆွေးခြင်း ဖြစ်ပေါ်လာသည်။

မြတ်စွာဘုရား၏ သမီးတော်ရင်း ပါရမီရှင် သောတာပန် ကျောင်းအမကြီး ဝိသာခါသည် မြေးကလေးအပေါ် ချစ်အားလွန်းသည့်စိတ် ပြင်းထန်လွန်းသောကြောင့် ပရိသတ်လူ အလယ်တွင် အော်ဟစ်လူးလိမ့်ပူဆွေး ငိုကြွေးပြီး ပရိဒေဝသောကမီးများ တောက်လောင်နေစဉ် မြတ်စွာဘုရား ကြွရောက်တော်မူလာလေသည်။

မြတ်စွာဘုရားသည် ကျောင်းအမကြီး ဝိသာခါအား ပရိသတ်အလယ်တွင် သတိလက်လွတ်ဖြစ်ပေါ်ကာ အော်



www.burmeseclassic.com

www.burmeseclassic.com

ဟစ်ငိုကြွေး မြည်တမ်းနေသည်ကို မြင်တွေ့လိုက်ရသဖြင့် ချိုသာ အေးငြိမ်းသော အသံကရုဏာတော်ဖြင့် သတိပေးစကား မိန့်ကြားရန် ခေါ်လိုက်လေသည်။

"ချစ်သမီး ဝိသာခါ"

မြတ်စွာဘုရား၏ အသံတော်ကို ကြားလိုက်သည်နှင့် သတိမေ့လျော့လျက် ပုထုဇဉ်တစ်ယောက်ပမာ အော်ဟစ်ငိုကြွေးနေသော ကျောင်းအမကြီး ဝိသာခါသည် မြတ်စွာဘုရားခြေတော်ရင်းတွင် ဒူးတုပ်ရိုကျိုး လက်စုံမိုးလျက် ရှိခိုးပူဇော်ပြီးဖြစ်နေလေသည်။

**ယေသံ နတ္ထိ ပိယံ၊**
**နတ္ထိ တေသံ ဒုက္ခံ၊**
**အသောကာ တေဝိရဇာ၊**
**အနုပါယာသာတိ ဝဒါမိ။**

ယေသံ - အကြင်သူတို့၌၊ ပိယံ - ချစ်ခင်စရာသည်၊ နတ္ထိ - မရှိချေ။ တေ သံ - ထိုသူတို့အား၊ ဒုက္ခံ - ဒုက္ခသည်လည်း၊ နတ္ထိ- မရှိတော့ပေ။ တေ- ချစ်စရာ၊ ခင်စရာ၊ တွယ်တာစရာမရှိသော ထိုသူတို့သည်၊ အသောကာ- စိုးရိမ်ပူဆွေးငိုကြွေး ပင်ပန်းခြင်းလည်း မရှိကြကုန်။ ဝိရဇာ-ဒုက္ခဟူ၍ မြူတစ်မှုန်မျှ မကပ်လိမ်းဘဲ အပူဇာတ်သိမ်းကြရလေကုန်၏။ အနုပါယာသာ - ရှိုက်၍ ရှိုက်၍လည်း မငိုကြွေးကြရကုန်၏။ ဣတိ - ဤသို့၊ ဝဒါမိ- ငါဘုရားဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရား၏ တရားတော်အသံဆုံးသည်နှင့် တစ်ပြိုင်နက်မှာပဲ ကျောင်းအမကြီး ဝိသာခါသည် လက်အုပ်ချီထားသော လက်နှစ်ဖက်ဖြင့် မျက်ရည်စများကို ပွတ်သပ်ပစ်ရင်း ပရိသတ် ဗိုလ်ပုံအလယ်မှာ ရှက်စိတ်ဝင်လာကာ ခေါင်းငုံ့ကြည့်ရှုနေမိသည်။

ကျောင်းအမကြီး ဝိသာခါသည် မြတ်စွာဘုရားအား အလွန်ရိုသေကျိုးနွံစွာ ခြေတော်အစုံကို နဖူးဖြင့် တိုက်၍ ပူဇော်ကန်တော့ လျှောက်ထား တောင်းပန်ခဲ့လေသည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား··တပည့်တော်မ သမီးမိုက် ဝိသာခါသည် မြေးကလေးအပေါ်တွင် တွယ်တာချစ်ခင်မိသော ပရိဒေဝသံယောဇဉ်စိတ်ဖြင့် အဖဘုရား၏ ဆုံးမစကား တရားတော်များကို အခိုက်အတန့်မျှ မေ့လျော့မိသည်။ သည်းခံခွင့်လွှတ်တော်မူပါ ဘုရား"

"သာဓု···သာဓု·· သာဓု"

မြတ်စွာဘုရားသည် ဝိသာခါ၏ လျှောက်ထား တောင်းပန်ခြင်းကို သာဓု သုံးကြိမ်ခေါ်ဆိုတော်မူလိုက်လေသည်။

♦♦♦

ဦးမြင့်ဦးသည် ကျွန်ုပ်ပြောပြခဲ့သော မြတ်စွာဘုရား၏ တရားတော်များကို ခေါင်းတညိတ်ညိတ်ပြုလျက် စဉ်းစားတွေးဝေငေးမောပြီး နားထောင်လျက်ရှိနေလေသည်။

"ကျေးဇူးတင်ပါတယ် သူငယ် ချင်းရယ်။ ကျွန်တော်လည်း သိသင့်သလောက် သိခဲ့ပါတယ်။ ဒါပေမယ့် ရင်နှစ်သည်းချာသားကလေး ဆုံးပါးသွားတော့လည်း သတိလက်လွှတ်ဖြစ်သွားမိတယ်"

"ဟုတ်ပါတယ် ဦးမြင့်ဦး။ ကျွန်တော်တို့၊ ခင်ဗျားတို့ဆိုတာ သောတာပန်ဖြစ်တဲ့ ကျောင်းအမကြီး ဝိသာခါလို မဟုတ်ဘဲ ပုထုဇဉ်တွေ ဖြစ်နေတာကိုး။ သောတာပန်ဖြစ်တဲ့ ကျောင်းအမကြီး ဝိသာခါတောင် အချစ်ဆုံး မြေးလေးအတွက် ပရိဒေဝသောကမီး တောက်လောင်ခဲ့သေးတာပဲ"

"အေးဗျာ၊ ကျွန်တော်တို့မှာ တစ်ဦးတည်းသော သားလေးတစ်ယောက်ပဲ ရှိတာ။ ခုလို အကြွေစောလွန်းတော့ နှမြောတွန့်တိုနေမိတာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ လူဆိုတဲ့ ပုထုဇဉ်သားတွေဟာ မရဏသေမင်းရဲ့ ရုတ်တရက် အချိန်းအချက်ရောက်လာတာနဲ့ သေခြင်းတရားကို မလွန်ဆန်နိုင်ဘဲ ကွဲကွာသွားကြရတာပါပဲ။ ကျောင်းအမကြီး ဝိသာခါလို သောတာပန်တစ်ယောက်တောင် သတိလက်လွှတ် မေ့လျော့သွားပြီး သတိရလာတဲ့အချိန်မှာ ရှက်သွားခဲ့တယ် မဟုတ်လား"

ကျွန်ုပ်၏ ဟောပြောသွန်သင်ပြ ခဲ့သော သောတာပန်ဖြစ်သည့် ကျောင်းအမကြီး ဝိသာခါတစ်ယောက် မြေးကလေးသေဆုံးသွားချိန် ပူဆွေးသောကရောက်ခဲ့ရသည့် တရားဇာတ်လမ်းလေးကို ဖောက်သည်ချ ပြောပြမှ ဦးမြင့်ဦးတို့လင်မယားမှာ သဘောပေါက် နားလည်သွားခဲ့လေတော့သည်။ ။

* * *

စိုးကြည်အောင်

မှီငြမ်း


- သုတ္တန်ပိဋကတ်၊ ဥဒါန်းပါဠိတော် ပါဠိလိဝင် ဝိသာခါသုတ်။


www.burmeseclassic.com

## ရခိုင်ပြည်နယ်၊ ဂွမြို့နယ်အတွင်းရှိ

# ဘုန်းတော်ပြည့် စေတီတော်

■ မင်းတိုင်ပင် (မြရောင်မြေ) ■










www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဆပ်သွားအ ယ်ရှာ ရိယတ္တိ ပါဠိဂူစာသင်တိုက်ကြီး၏ ဦးစီးပဓာ၊ နာယက ဆရာတော် ဦးပညာဒီပနှင့် မိတ်ဆွေ ဦးမောင်မောင်ကြီး (သန်းကြွယ်တိုင်းရင်းဆေး)မှ တ်ဆက်ပေးမှုကြောင့် ကြည်ညို သိကျွမ်းခဲ့ရပါ၏။ ဆရာတော်သည် သက်တော် နှစ်သာ ရှိပြီး၊ ယခုနှစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ရက် နေ့က နိုင်ငံတော်မှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသူဖြစ်ပါ၏။ ပထမ ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒ (နိုင်ငံတော် ဩဝါဒ စရိယ ဆဋ္ဌသံဂီ တိကာရက သောစကာ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)၏ မြေးတော်သူဖြစ်၍၊ ဆရာကောင်း တပည့် ကောင်းပါးဖြစ်နေပြန်ပါ၏။ ထိုစာသင်တိုက်ကြီးသည် ရှေးဆရာ တော်ကြီးများလက်ထက်ပင် ဘူမိနက်သန်မှန်ရာ အာဇာနည် များ မွေးဖွားသန့်စင်ရာ မြေကောင်းမြေသန့်လည်း ဖြစ်ပါ၏။ ထို့အတူ ရခိုင်ပြည်နယ်သည် ဝတီလေးပါး ပါဝင်သည့် အာကာပျံ့ဝဲ မြို့သံတွဲနှင့် အလှမ်းမဝေးသော ဤရိုးမ တောင်စဉ် တောင်တန်းများပေါ်ရှိ စေတီပုထိုးများစွာတို့သည် မြတ်စွာတို့၏ သရီရဓာတ်တော် မွေတော်များ ကိန်းဝပ် ယ်ရာ ဌာန၊ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ကြွရောက် သီတင်း







သုံးခဲ့သည့် တိုင်းဌာနကြီးဖြစ်ပါ၏။


ထို့ကြောင့် ဆရာတော်ဘုရားကြီး ဦးဂန္ဓမာနန္ဒလက်ထက်မတိုင်ခင်ကပင် ယခု ပရိယတ္တိ ပါဠိဂူစာသင်တိုက်၏ အရှေ့စူးစူးအရပ်တွင်ရှိ အုတ်ပုံကြီးကဲ့သို့ ချုံနွယ်ရစ်ပတ် ပြိုကျနေသည်ကို အချိန်အခါသင့်လျှင် ပြန်ပြင်ရန် ဆန္ဒပြု၍ တပည့်ဖြစ်သူ ပညာဒီပအား မှာကြားခဲ့ပါ၏။

"ဒကာကြီးရေ…ကျုပ်ဆရာတော်ကြီးက ဒီ ပြိုကျပျက်စီးနေတဲ့ အုတ်ပုံကြီးကို ပြုပြင်ဖို့ မကြာခဏပြောတယ်။ အခွင့်မရတော့ ပြင်မယ့်သူ၊ လှူမယ့်သူ မရှိသေးဘူးပေါ့။ ဒါနဲ့ ရွာက တချို့ကတော့ အရိုးစေတီလို့ ဆိုကြတယ်။ တချို့ကတော့ စေတီလို့ ယုံကြည်ကြတယ်။ အုတ်ချပ်ကြီးတွေက လက်ကြမ်းကြီးတွေ။ ကျုပ်လည်း ဆရာတော်ကြီး စကားအတိုင်း ပြင်ဆင်မယ်လို့ ဆုံးဖြတ် သန္နိဋ္ဌာန်ချပြီးတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနဲ့ တိုင်ပင်ရပါတယ်"

"မှန်ပါ ဘုရား။ စေတီဟောင်းလို့ အတည်ပြုနိုင်တာ ဘာကြောင့်ပါလဲ ဘုရား"

"ဒီလို။ ဂွမြို့နယ် မြေစာရင်းမှာ ရှာကြည့်တော့မှ အကွက် (၁၀၇၉) ပရိယတ္တိ ပါဠိဂူစာသင်တိုက် သာသနာ့မြေ ဒသမ ၂၉ ဧရိယာလို့ တွေ့ရတယ်။ အဲဒါ ဦးပိုင်


www.burmeseclassic.com



အမှတ် (၁၅၀၉)လို့ အတိအလင်း မြေပုံမှာ ပါတယ်။ စေတီတော်ဖြစ်နေတယ်။ ဒီတော့ဗျာ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ အထက်မက ရှိနေတယ်ဆိုတော့ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ပြုပြင်ခွင့် လျှောက်ထား၊ ကျေးရွာ အုပ်စု သံဃာ့နာယက၊ မြို့နယ် သံဃာ့နာယက ဆရာတော်ကြီးများနဲ့ အုပ်ချုပ်ရေးမှူးများ၊ အကျိုးတော်ဆောင်များတို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး အကြိမ်ကြိမ်အစည်းအဝေးပြုလုပ် ဆုံးဖြတ် ကြပါတယ်"


"ဒီလိုဆိုတော့ ဘယ်တော့ လုပ်ငန်း စတင်ဆောင်ရွက် ပါသလဲ ဘုရား"

"မှန်တာပေါ့ဗျာ။ ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်နေ့က စလို့ ချုံရှင်း၊ အုတ်ကျိုးဖယ်၊ ရပ်ရွာက ဒါန ပါရမီရှင်မျာ



www.burmeseclassic.com

www.burmeseclassic.com





က လုပ်အားဒါနနဲ့ စုပေါင်း ဆောင်ရွက်ကြပါတယ်။ ပင်မ အလှူရှင်တွေက ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် (၁၇)ရပ်ကွက်မှာ နေတဲ့ ဒကာကြီး ဦးစိန်မောင်း + ဒါယိကာမကြီး ဒေါ်လှအေး မိသားစုက စေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်ပြုပြင်နိုင်ရန်အတွက် မ,တည်အလှူတော်ငွေ ၈သိန်းကို ဂေါပကအဖွဲ့ကို လှူဒါန်းပါတယ်"

"အလှူငွေ ဘယ်လောက်အထိရပြီး ပြုပြင်ခဲ့တာလဲ ဘုရား"

"ဆိုရမယ်ဗျ။ ၁၃၇၃ ခုနှစ်၊ ပြာသလပြည့်နေ့က စလို့ ၁၃၇၃ ခုနှစ်၊ တပို့တွဲလကွယ်နေ့အထိ ကျုပ်တို့ဒေသခံ ဟောဒီ ဆပ်သွားအုပ်စု အလယ်ရွာမှစလို့ ရွာပေါင်းများက ဒါယကာ၊ ဒါယိကာမများတို့ ၎ဒ္ဓဒေယ ဝတ္ထုငွေများကို လှူဒါန်းကြတာ သိန်း ၅၀ကျော်ခန့် ရရှိပါတယ်"

"မှန်ပါ့ ဘုရား။ စေတီဟောင်းထဲက ဌာပနာ ပစ္စည်းတွေကို ဘယ်လို မှတ်တမ်းပြုစုပါသလဲ ဘုရား"

"အဲဒါက ဒီစေတီကို ပြုပြင်ခွင့် အပ်နှံသူက ဦးစိန်မောင်း + ဒေါ်လှအေး။ နောက်ပြီး ဟိုတုန်းက ဥက္ကဋ္ဌဖြစ်တဲ့ ဦးခင်မောင်၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ အသိသက်သေများက ဦးဟန်စိန်၊ ဦးအောင်ကွန်း၊ ဦးအောင်ကြည်တို့ ရှိပါတယ်။ ဦးစီး နာယကပြုတဲ့ ဘဘ အောင်မင်းအောင် (နန်ကာသူ လိုဏ်ဂူတောင်)မှ လက်ခံစစ်ဆေးပါတယ်"

"အဲဒီမှာ ပြဝါဒ နာယက ဆရာတော်ကြီးများ ကြွရောက်ပါသလား ဘုရား"

"မှန်တယ်ကွဲ့။ ပင့်လျှောက်ထားလို့ ဂျိုင်းကောက်ကျောင်းကြီး ဆရာတော်၊ ဂျိုင်ကောက်ကျောက်တောင်ကြီး ဆရာတော်၊ ဆပ်သွားအလယ်ရွာက ပရိယတ္တိ ပါရဂူစာသင်တိုက် ဆရာတော်၊ ဧယျာဘုံသာကျောင်း ဆရာတော်တို့ ကြွပါတယ်"

"ဒါဆို ဌာပနာပစ္စည်းက ရှေးဟောင်းသမိုင်းအမွေဆိုတော့ သက်ဆိုင်ရာ လူကြီးများရော ကြွရောက်ပါသလား ဘုရား"


"အဲဒါ ဦးကိုကိုမောင်၊ အုပ်ချုပ်ရေးမှူး၊ ဆပ်သွားငုံ ဆပ်သွားကျေးရွာအုပ်စု၊ ဦးတင်ဌေး(ဆပ်သွား ရဲစခန်းမှူး)၊ ဦးသိန်းတီ၊ ပန္နကုန်၊ ငီးကုန်၊ အုပ်ချုပ်ရေးမှူးတို့ ကိုယ်တိုင် ကြွရောက်ကြပါတယ်။ နောက် နာယက၊ ရပ်မိရပ်ဖ လူကြီးများနဲ့ အားလုံး ဒါယကာ၊ ဒါယိကာမများ သောင်းသောင်းဖျဖျ တက်ရောက်ကြပါတယ်"

"မှန်ပါ။ ဌာပနာပစ္စည်းက ဘယ်နေ့မှာ တွေ့ပါသလဲ ဘုရား"

"အင်း… ၁၃၇၃ ခုနှစ်၊ နတ်တော်လကွယ်နေ့၊



www.burmeseclassic.com



(၂၄-၁၂-၂၀၁၁)ရက်၊ နံနက် ၉နာရီ ၄၅မိနစ်အချိန်မှာ အလယ်ပစ္စယံမှာ တွေ့ရပါတယ်။ အပေါ်ပိတ် တံခါးကြီးက ကျောက်ပြား ဖွင့်လိုက်တော့ အစိဌာန်ကျောက်လုံးချော တစ်လုံး၊ သစ်သားနှေ့သင် တင်ပျဉ်ခွေဘုရား ရုပ်ပွားငယ် တစ်ဆူ၊ ပန်းခိုင်တစ်ခိုင်၊ ကြေးကျောင်းဆောင်ငယ်(အဝ သုံး)ခု၊ ကျောင်းဆောင်းတစ်ခု၊ နဂါးရုံဘုရား ကြေးတစ်ဆူ၊ သစ်သားဘုရားခေါင်းပြတ် တစ်ဆူ၊ ရုပ်ပွားပန်းခိုင်တစ်ဆူ၊





နဂါးရုံဘုရားတစ်ဆူ၊ သစ်သားဘုရားတစ်ဆူ၊ သစ်သားရုပ် (ခေါင်းပြတ်) ကျောက်တင်ပျဉ်ခွေဘုရားတစ်ဆူ၊ တင်ပျဉ် ခွေဘုရားတစ်ဆူ၊ ရှေးခေတ် ရေတကောင်းအသေးတစ်ခု ဓာတ်တော်ပုလင်းအသေး(ခေါင်းပြတ်)တစ်ပုလင်း၊ ငွေပြား ခေါင်း ၄ချောင်း၊ ငွေသားခပ် နှစ်ခပ်(၁၈၄၀)ခုနှစ်တို့ကို တွေ့ရပါတယ်ဗျာ။ ကျန် ဌာပနာတိုက်ကိုတော့ မဖွင့်ကြပါ ဘူး"

"စေတီတော်ကို တစ်လကျော်ကျော်နဲ့ ပြန်ပြုပြင်ပြီး ထီးတင်ခဲ့တယ်ဆိုတော့ ဘွဲ့တော်က ဘယ်လိုတွင်ခဲ့တာလဲ ဘုရား"

"သက်ဆိုင်ရာ နာယကဆရာတော်ကြီးများနဲ့ ဘဘ အောင်မင်းအောင်၏ ဓာတ်ပန္နက်အရ မင်္ဂလာအချိန်မှာ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓအား ရည်ညွှန်းထားပြီး "ဘုန်းတော်ပြည့် စေတီတော်" လို့ပဲ ဘွဲ့တော်မှည့်ခေါ်သမုတ်ခဲ့ပါတယ်"

"ယခုဆို အစဉ်အဆက် ဂေါပကများက ထိန်းသိမ်း စောင့်ရှောက်ခွင့် ရှိနေပါပြီလား ဘုရား"

"ကျုပ်ကိုယ်တိုင် ဦးစီးနာယကက ပြုပြီးတော့ ဂေါပက အဖွဲ့နဲ့ စီမံခွင့်၊ ပြုပြင်ခွင့် တချုပ်စာတမ်းနဲ့တကွ အပ်နှံ လက်ခံပြီးပါပြီ ဒကာကြီး"

"စေတီတော်မြတ်မှာ ထူးခြားမှုတွေရော တွေ့ရပါ သလား ဘုရား"

"ဘုန်းတော်ပြည့် စေတီတော်မြတ်က နှစ်စဉ် တပေါင်း



www.burmeseclassic.com



ပရိယတ္တိပါဠိရူပာသင်တိုက်



ဘုရားပွဲတော်၊ မီးထွန်းပွဲတော်၊ ရိုးရာဝလေ့ ဒါနပြု ပွဲတော်များ စဉ်ဆက်မပြတ် ကျင်းပခဲ့သလို၊ ဘုမ္မိရှနင့် ပတ်သက်တဲ့ ထူးခြားမှုတွေလည်း ရှိပါတယ်။ အဲဒါကတော့ လောကီကိစ္စနဲ့ ဆိုင်တဲ့ သိုက်တို့၊ ဥစ္စာစောင့်တို့ ဆိုတာက မြင်အပ်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ စောင့်ရှောက်ပါတယ်။ ပြောရရင်တော့ အတော်ကျယ်ပြန့်ပါလိမ့်မယ်။ ကျုပ်တို့ ကျောင်းဝင်းအတွင်းနဲ့ သိပ်မဝေးလှပါဘူး။ ခုဆို ဆရာတော်ကြီး ဦးဂန္ဓမာနန္ဒရဲ့ အရိုးစေတီတော်လည်း ရှိပါတယ်"

"ကျောင်းတိုက်တော်ကြီးထဲမှာ စေတီတော် ရုပ်ပွားဆင်းတုတော်များ ရှိပါသလား ဘုရား"

"ကိုးနဝင်းစေတီတော်၊ ကြေးသွန်း မြတ်မုနိ ရုပ်ပွားတော်၊ ရှေးဟောင်း ကျောင်းတော်ကြီး၊ ဂန္ဓကုဋိတိုက်တော်ကြီးတို့က ရှေး နှစ်ပရိစ္ဆေဒက ဖြစ်နေပါတယ်။ တန်ခိုးလည်း ကြီးပါတယ်။ ယခု ဘုန်းတော်ပြည့် စေတီတော်လည်း ဆုတောင်းပြည့် စေတီတော်ဖြစ်ပါတယ်"

"ဆရာတော် . . . ပညာဒါန ပရဟိတသဘောမျိုး ကျောင်းဖွင့်ထားတယ်လို့ သိရပါတယ်"

"မှန်ပါတယ် ဒကာကြီး။ ဒီ ဆပ်သွားတိုက်နယ်နဲ့ အလှမ်းဝေးတဲ့၊ သွားရေးလာရေး ခက်ခဲတဲ့၊ တစ်နည်းပြောရင်တော့ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကို ကျုပ်က ဒီကျောင်းဆောင်မှာ ကျောင်းအိပ်ကျောင်းစားနဲ့ ကလေး အယောက် ၃၀ ကျော်လောက် အခမဲ့ သင်ကြားပေးပါတယ်။ အဲဒါ ပညာဒါန ဆရာမ ဒေါ်ရီရီချို (ဘီအေ)က တာဝန်ယူပြီး ဆရာ၊ ဆရာမ ၆ဦးနဲ့ ဗေယျာဝစ္စမြေ အောင်ပွဲဝင် အထူးဘော်ဒါဆိုပြီး ဖွင့်လှစ်ပေးပါတယ်။ ဒီတော့ သူတို့ရဲ့ နေထိုင်စားသောက်နေရေးကို အလှူရှင်တွေက ရိက္ခာ၊ စာရေးကိရိယာများ ထောက်ပံ့ လှူဒါန်းမှုကို စုစည်းလက်ခံပြီးတော့ ကျုပ်က ပြန်ပြီး လှူဒါန်းပါတယ်။ ကျုပ်ရည်ရွယ်ချက်ကတော့ ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဆုံးအမကို ခံယူတဲ့ ဗုဒ္ဓဘာသာဝင်ကောင်းတွေ ဖြစ်ဖို့နဲ့ အမျိုးဘာသာ သာသနာတော်ကြီး စောင့်ရှောက်ကြည်ညိုတတ်ဖို့ပါပဲ။ ဒါကြောင့် နှစ်စဉ် ယဉ်ကျေးလိမ္မာသင်တန်းလည်း ဖွင့်လှစ်ပေးပါသေးတယ်"

"မှန်ပါတယ် ဘုရား။ ဆရာတော် စာကြည့်တိုက် ဖွင့်လှစ်ပေးမယ်လို့ သိရပါတယ် ဘုရား"

"ကျုပ်က ဟောဒီ မဖွံ့ဖြိုးသေးတဲ့ ဒေသမှာ အသိအမြင်တွေ ကြွယ်ကြဖို့ ဒီနေ့ ကမ္ဘာကြီးက ရွာကြီးတစ်ရွာလို ခရီးမဝေးလှတဲ့ ကျုပ်တို့ကမ္ဘာကြီးကို ဗဟုသုတမျိုးစုံနဲ့ အရောက်လှမ်းနိုင်ဖို့ ပရိယတ္တိ ပါဠိရူ စာကြည့်တိုက်ကို စတင် ထူထောင်နေပါပြီ၊ စာဖတ်မှ စာတတ်မှာ၊ စာတတ်မှ အသိပညာ ဗဟုသုတ တိုးပွားမှာ။ ဒီတော့မှ ကောင်းမှု၊ မကောင်းမှု ခွဲခြားပြီး ကုသိုလ်၊ အကုသိုလ်ကို သေချာယနသိတဲ့ အမျိုးကောင်း သားသမီးတွေဖြစ်မှာ။ အခု တန်ဆောင်မုန်းလမှာ ဟောဒီ ဂန္ဓကုဋိတိုက်တော်ကြီးထဲမှာ စာဖတ်ခန်း၊ စာကြည့်တိုက် ဖွင့်လှစ်မယ်။ စာအုပ်တွေလည်း စုဆောင်းနေပါပြီ။ ဒါ ကျုပ်ရည်ရွယ်ချက်ပါပဲ ဒကာကြီး။ ဒို့ပြင် ကျုပ်တို့လို ကွက်လပ်မဖြည့်နိုင်တဲ့ နေရာတွေကိုလည်း တတပ်တအား ပါဝင်လှူဒါန်းပြီး ဟောဒီ ပရိယတ္တိ ပါဠိရူ စာသင်တိုက်ကြီးနဲ့ ဘုန်းတော်ပြည့် စေတီတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲသလို၊ ဗုဒ္ဓဘာသာ သာသနာတော်ကြီး နေလိုလလို ထွန်းလင်းတောက်ပစေဖို့ ကျုပ်တို့ ရဟန်းတော်တွေရဲ့ အဓိဋ္ဌာန်ပါပဲ ဒကာကြီး။ ပါရမီ ဆုတောင်းပြည့်ရပါလို၏လို့ပဲ ပြောချင်ပါတယ်ဗျာ"

"ဝမ်းသာလှပါတယ် ဘုရား"

ကဲ - စာရှုသူ၊ စာချစ်သူ ပရိသတ် မင်းအပေါင်းတို့ ယခုတင်ပြခဲ့တဲ့ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဆပ်သွားအလယ်ရွာ ပရိယတ္တိ ပါဠိရူ စာသင်တိုက်ကြီးနဲ့ ဘုန်းတော်ပြည့် စေတီတော်မြတ် ခြေတော်ရင်းသို့ ဝပ်ဆင်း ပူဇော် လှူဒါန်းနိုင်ပါစေလို့ ဆန္ဒအလီလီပြုချင်ပါတော့တယ်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

* * *

မင်းအိုင်ပင်(မြစရာင်ရမြ)



www.burmeseclassic.com

www.burmeseclassic.com



# မင်းမေမြင့်
(မုဒုံ)

## သီလအကြောင်း သိကောင်းစရာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်အတွက် ဗုဒ္ဓမြတ်စွာဘုရားက ဆိုဆုံးမတော်မူခဲ့သော တရားများကို သာသနာဟု ခေါ်သည်။ ထိုသာသနာ၏ အနှစ်သာရတစ်ခုကား သီလဖြစ်ပါသည်။ သီလသည် ကောင်းမွန် မြင့်မြတ်သည့်ကိုယ်ဖြင့် ပြုမှု(ကာယကံ)၊ နှုတ်ဖြင့် ပြုမှု(ဝစီကံ)၊ နှုတ်ဖြင့် ပြောဆိုရာ၌ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သီလဆောက်တည်ခြင်းဟု ခေါ်ဆိုသည်။

သီလဟူသည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၏ စင်ကြယ်ခြင်းများပင် ဖြစ်ပါသည်။ ဟိရီ-ဩတ္တပ္ပ တရားနှစ်ပါးရှိမှ သီလကို တည်ဆောက်နိုင်၊ စောင့်ထိန်းနိုင်သောကြောင့် ရှက်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် သီလ၏ အနီးဆုံးသော အကြောင်းများ ဖြစ်၏။

သီလများမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ အစရှိသည်တို့ ဖြစ်ပါသည်။

လူ့ဘဝတွင် အရေးကြီးဆုံးသောအရာမှာ ကိုယ်ကျင့်တရားဖြစ်၏။ ကိုယ်ကျင့်တရား မကောင်းသူသည် နိုင်ငံတော်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။ ပြည်သူတို့၏ ဘေးရန်အန္တရာယ်ဖြစ်၏။

ကမ္ဘာပေါ်တွင် အကောင်းဆုံး ကိုယ်ကျင့်တရားမှာ ငါးပါးသီလဖြစ်၏။ ငါးပါးသီလစောင့်ထိန်းခြင်းသည် မတရားမှုများကို ရှောင်ကြဉ်၍ တရားမျှတမှုကို လုပ်ဆောင်ခြင်းဖြစ်၏။ ကိုယ်အပြုအမူနှင့် နှုတ်အပြောအဆိုတို့ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်းဖြစ်၏။

သီလဂုဏ်သည် အမြတ်ဆုံးဂုဏ်ဖြစ်ပြီး သီလကုသိုလ်သည် အမြတ်ဆုံး ကုသိုလ်ဖြစ်၏။ သီလသည် ကုသိုလ်အားလုံးအတွက် အခြေခံ အုတ်မြစ်ဖြစ်၏။ သီလပေါ် ရပ်တည်၍ ဒါနပြုလျှင်၊ ဘာဝနာပွားလျှင် ပို၍ အကျိုးကြီးမား၏။

သီလသည် အလှအပဆုံး အဆင်တန်ဆာဖြစ်၏။ သီလသည် အမွှေးကြိုင်ဆုံး ပန်းရနံ့ထက် ပို၍သင်းပျံ့၏။ သီလသည် စိတ်ကို ကြည်လင်အေးမြစေ၏။ သီလဖြူစင်သောသူသည် အလိုရှိသမျှ တောင့်တသမျှ အကုန်ပြည့်စုံ၏။ ကိုယ်ကျင့်သီလပြည့်စုံသူသည် သူတော်ကောင်းဖြစ်၏။ သေလွန်သည့်အခါ နတ်ရွာသုဂတိသို့ လားရောက်ရ၏။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဥပုသ်ဆောက်တည်ခြင်းဖြင့် မင်းအဖြစ်ကို ရရှိသည့် ကုသိုလ်ကံအကျိုးပေးပုံ တစ်ခုသော ဇာတ်ဝတ္ထုအကြောင်းကို ကိုးကား၍ ဂင်္ဂမာလဇာတ်တော်ကို ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။

♦♦♦

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုအခါ "သုစိ ပရိဝါရ"အမည်ရှိသော သူဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ သူဌေးနှင့် သူဌေးကတော်တို့သည် တစ်လတွင် ခြောက်ရက် ဥပုသ်သီတင်းဆောက်တည်သည်။ အိမ်ရှိ အလုပ်သမားတို့သည်လည်း သူတို့နှင့်အတူပင် ဥပုသ်စောင့်ကြသည်။ ထိုအခါ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်သည်။ သူဌေးထံ ခစား၍ အသက်မွေးရသည်။ ဥပုသ်နေ့တစ်နေ့၌ အခြားသူများ ဥပုပ်စောင့်သည်ကို နေ့ဝက်ကုန်မှ ဘုရားလောင်း သိရသည်။ သို့ဖြစ်၍ သူဌေးထံ ခွင့်ပန်၍ ကျန်သော နေ့ဝက်အတွက် ဥပုသ်ဆောက်တည်သည်။ နံနက်အချိန်က ဘာမျှ မစားရသေးမီ ဥပုပ်စောင့်သဖြင့် ညအချိန် ဝမ်းတွင်း၌ လေထသည်။ ဥပုသ်ကို မဖျက်ဘဲ စောင့်ပြီး မည်သည့်အာဟာရကိုမျှ မစားသုံးပါ။

အရုဏ်တက်ချိန်၌ ဝေဒနာဖိစီး၍ သတိလစ်သွားသည်။ ထိုအချိန်၌ ဗာရာဏသီမင်းကြီးသည် မြို့ကို လှည့်လည်ကြည့်ရှုခိုက်ဖြစ်၏။ ဘုရားလောင်းသည် မင်းစည်းစိမ်ကို တပ်မက်၍ သေသွားရာ နေ့ဝက်မျှသာ ဥပုသ်၏ အကျိုးဆက်ကြောင့် ဗာရာဏသီမင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်လေသည်။ မွေးဖွားလာသည့်အခါ "ဥဒယ ကုမာရ"အမည်ဖြင့် ဗာရာဏသီ ထီးနန်းကို စိုးစံ မင်းပြုရသော ဘုရင်ကြီးတစ်ပါးအဖြစ်သို့ ထင်ရှားကျော်ကြားလာခဲ့ရသည်။ ထို့ပြင် သီလ၏ ဂုဏ်ကျေးဇူးများကို တခမ်းတနားဖြင့် အောက်ပါအတိုင်း ဖော်ကျူးထားပါသည်။

"စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်းတို့၏ မွှေးရနံ့ထက် သီလမွှေးရနံ့သည် အမွှေးပျံ့ဆုံးဖြစ်သည်။ တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ မွှေးရနံ့သည် အနည်းငယ်မျှသာ ဖြစ်သည်။ သီလရှိသူတို့၏ ကျော်စောသင်းပျံ့သော မွှေးရနံ့သည်ကား နတ်ပြည်တို့၌သည်ပင်လျှင် အလွန်ပျံ့နှံ့ မွှေးကြိုင်လျက် ရှိပါသည်။

သီလကို စောင့်ထိန်းက ကောင်းသော အကျိုးတရားများကို ခံစား စံစားကြရမည်ဖြစ်သည်။ ၎င်းအကျိုးတရားများ


www.burmeseclassic.com

www.burmeseclassic.com

မှာကား…

(၁) စီးပွားဥစ္စာ ရတနာတို့ကို မြောက်မြားစွာ ရခြင်း။
(၂) နာမည်ကောင်းသတင်း ကျော်ကြားခြင်း။
(၃) ပရိသတ်အလယ်သို့ မကြောက်မရွံ့ မျက်နှာမညှိုးမငယ်ရဘဲ ချဉ်းကပ်ရခြင်း။
(၄) တွေဝေ မေ့မောမှု မရှိ၊ သတိကောင်းလျက် သေရခြင်း။
(၅) သေလွန်ပြီးနောက် ကောင်းမြတ်သော လူ့ဘဝ၊ နတ်ဘဝကို ရခြင်း စသော အကျိုးထူးတရားများကို ဖြစ်စေပါသည်။

သီလစောင့်ထိန်းသူသည် သာယာရွှင်လန်းခြင်းကို ဖြစ်စေ၏။ သာယာရွှင်လန်းခြင်း ဖြစ်နေသူမှာ ပီတိဟူသော ဝမ်းမြောက်ခြင်းသည်လည်း ဖြစ်၏။ ဝမ်းမြောက်ခြင်း ဖြစ်နေသူသည် နှစ်သက်ခြင်းကို ဖြစ်စေ၏။ နှစ်သက်ခြင်း ဖြစ်နေသူမှာ ကိုယ်၊ စိတ် ငြိမ်းချမ်းခြင်းကို ဖြစ်စေ၏။ ကိုယ်၊ စိတ် ငြိမ်းချမ်းခြင်း ဖြစ်နေသူမှာ သုခတည်းဟူသော ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို ဖြစ်စေ၏။ ကိုယ်၊ စိတ်ချမ်းသာသူမှာ တည်ကြည်သော သမာဓိကို ဖြစ်စေ၏။ တည်ကြည်ခြင်း ဖြစ်နေသူမှာ ဟုတ်တိုင်းမှန်ရာ သိခြင်းဟူသည့် ယထာဘူတဉာဏ်ကို ဖြစ်စေ၏။ ထိုဉာဏ်သည် သံသရာဝဋ်ဒုက္ခတို့၌ ငြီးငွေ့ခြင်းဖြစ်ပြီး အားကောင်းသော ဝိပဿနာဉာဏ်ကို ဖြစ်စေသည်။ ထိုမှတစ်ဆင့် တပ်မက်နှစ်သက်ခြင်း ကင်းသော မဂ်တရားကို ဖြစ်စေ၏။ ၎င်းမဂ်တရားမှသည် ဝိမုတ္တိ (ခေါ်) အရဟတ္တဖိုလ်တရားဖြစ်၏။ ယင်းဖိုလ်တရားမှသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်ခြင်းဉာဏ်ဖြစ်၏။ ယင်းဉာဏ်ဖြစ်သူမှာ အကြွင်းမရှိသော နိဗ္ဗာန်ချမ်းသာကို ခံစားရရှိနိုင်ပါသည်။

သီလစောင့်ထိန်းခြင်းသည် ပစ္စုပ္ပန်ကောင်းကျိုး၊ တမလွန်ကောင်းကျိုးသာမကဘဲ နိဗ္ဗာန်အထိ ရောက်စေနိုင်သော ကောင်းကျိုးများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် သီလသည် ကုသိုလ်အားလုံးတို့၏ အစပထမဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

သီလသည် ကိုယ်ကျင့်တရားကောင်းရန် အဓိကအကျဆုံးဖြစ်သည်။ သီလသည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများကို ကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည်။ ကိုယ်ကျင့်တရားသီလ မရှိသောသူသည် လူ့သက်တမ်းအနှစ်တစ်ရာပင် နေရပြားသော်လည်း မည်သည့်ကောင်းကျိုးချမ်းသာကိုမျှ အကျိုးမပြုနိုင်ပေ။

မကောင်းမှုကို ကိုယ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း မထိန်းသိမ်း မစောင့်ရှောက်ထားလျှင် မကောင်းသတင်းထွက်ခြင်း၊ တိုးတက်မှုအားလုံးအတွက် ပျက်စီးစေတတ်ပါသည်။ သီလစောင့်သူသည် တစ်နေ့တစ်ရက်ပင် အသက်ရှည်နေရစေကာမူ အဖိုးတန်သောဘဝကို ဖြစ်စေပြီး သီလနှင့် မပြည့်စုံသူများသည် အသက်ပင်ရှည်ပြားသော်လည်း ဘဝတန်ဖိုး မရှိလှပါ။

လူ့လောကတွင် ငါးပါးသီလ၌ ဖော်ပြပါရှိသော ကာမေသုမိစ္ဆာစာရ၊ သုရာမေရယနှင့်၊ အဒိန္နာဒါနာ အစရှိသည်တို့ကို ကျူးလွန်ပါက လူ့ဘဝတက်လမ်းမရှိဘဲ ပျက်စီးယိုယွင်းမှုသာ ရှိပါတော့သည်။

ပြီးနောက် ကိုယ်ကျင့်တရားပျက်ပြားနေသည့် ပုဂ္ဂိုလ်သည် လူ့ပရိသတ်အလယ်တွင် ဝင်မဆံ့ဘဲ မျက်နှာညှိုးငယ်စွာဖြင့် မျက်နှာမပွင့်လန်းနိုင်ပါ။ ရှုံ့တီးရှုံ့တွနှင့် ပရိသတ်အလယ်ကို ဝင်ရတတ်သည်။ သေခါနီးမှာလည်း တွေဝေညည်းညူ အော်ဟစ်ကာ ကယ်ပါ-ယူပါ တစာစာဖြင့် ညည်းညူပြီး သေရတတ်သည်။ ထိုပုဂ္ဂိုလ်၏ သွားရာလမ်း၊ သွားရာဘဝသည် ကောင်းသောလမ်း၊ ကောင်းသော နေရာဘဝသို့ ရောက်ရန် မလွယ်ကူပါ။ မကောင်းသည့်နေရာလမ်းသို့သာ ရောက်ရတတ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ လူ့ဘဝအနှစ်သာရသည် သီလဟူသော ကိုယ်ကျင့်တရားကောင်းမွန်ခြင်းပင် ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

* * *

မင်းမေမြင့်(မုဒ်)


ကျမ်းကိုး-

- သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ရေးသားထားသော ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်။
- ဒေါက်တာ မင်းတင်မွန် ရေးသားထားသော ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာစာအုပ်။



www.burmeseclassic.com

www.burmeseclassic.com



# မင်းကွန်းဆရာတော်ကြီး၏ ဘဝချမ်းသာရေးလမ်းစဉ်

မမွှလုလင်

လူပုဂ္ဂိုလ်များ ဘဝချမ်းသာရေးလမ်းစဉ်အဖြစ် မင်းကွန်းဆရာတော်ကြီးမှ နှုတ်ထွက် မြွက်ကြားခဲ့ပါသည်။

အများသူငါ ကျင့်ကြံလိုက်နာ ပွားများနိုင်စေဖို့ မမွှဒါန အဖြစ် ထပ်ဆင့် ဝေမျှပေးလိုက်ပါသည်။

ကျွန်ုပ်ကိုယ်တိုင် ဆရာတော်ကြီး၏ ဘဝချမ်းသာရေးလမ်းစဉ်များကို အချိန်နှင့်အမျှ နှလုံးသွင်း ဆင်ခြင်ဖြစ်ပါသည်။ စာဖတ်သူများလည်း နှလုံးသွင်း ဆင်ခြင်နေလိုက်ပါ။ အကျိုးထူးတရားများ မုချ တွေ့ရမည်ဟု ပြောချင်ပါသည်။

## ဘဝချမ်းသာရေး လမ်းစဉ်

(၁) နေ့စဉ် ကောင်းမှုကုသိုလ်တရားများ၌ မမေ့မလျော့ စဉ်းစားပါ။
(၂) လူဖြစ်လာလျှင် လူ၏ တန်ဖိုးကို သိအောင် ကြိုးစားပါ။
(၃) မည်သူ တရားပျက်ပျက် သင် မပျက်ပါစေနှဲ့။ သတိထားပါ။
(၄) သင့်ကို အကြောင်းပြုပြီး သူများ စိတ်မဆင်းရဲပါစေနဲ့။
(၅) မိဘကို စားနိုင်တဲ့အခါမှာ ကျွေးပါ။ သေမှ ငိုမနေပါနဲ့။
(၆) သူများအပြစ်ကို မပြောပါနဲ့။ ကိုယ့်အပြစ်ကိုသာ ရှုပါ။
(၇) ဗြဟ္မစိုရ်တရား အမြဲပွား၍ ကိုယ်တွင်း သီလတရားမြဲပါစေ။
(၈) အလိုက်သိပါ၊ အားနာပါ၊ အရှက်အကြောက်ရှိပါ။
(၉) ကြီးသူကို ရိုသေပါ။ ရွယ်တူကို လေးစားပါ။ ငယ်သူကို သနားပါ။
(၁၀) မစူးမစမ်း မဆင်ခြင်ဘဲ မပြောပါနဲ့။ မလုပ်ပါနဲ့။ အမြဲ သတိထားပါ။
(၁၁) နေရာတိုင်းမှာ စိတ်သဘောကြီးကြီးထားပါ။
(၁၂) နိုင်လိုသူကို အရှုံးပေးက စိတ်နှလုံး အေးမြသည်။
(၁၃) စကားပြောသောအခါ မှျမှျတတ ပြောဆိုပါ။
(၁၄) မိမိကိုယ်ကို နေ့စဉ် စစ်ဆေးနိုင်မှ ကြီးပွားနိုင်သည်။
(၁၅) မကောင်းတဲ့ အကုသိုလ် စိတ်ရိုင်း၊ စိတ်မိုက်များကို ဖယ်ရှားပါ။
(၁၆) သူများ ကြီးပွားချမ်းသာတာကို မနာလို မရှုဆိတ် မရှိပါစေနဲ့။
(၁၇) နေရာတိုင်းမှာ ကိုယ်ချင်းစာတရား များများထားပါ။
(၁၈) မိမိကိုယ်ကို ဆုံးမခြင်းက သာလွန်၍ ကောင်းသည်။
(၁၉) မာနကို နှိမ့်ချ၊ လူ၏ တန်ဖိုးကို မြှင့်တင်ပါ။
(၂၀) အရာရာမှာ စေတနာသန့်သန့်နဲ့ စိတ်ကောင်းတစ်ခု ထားပါ။
(၂၁) မှန်မြတ်သော ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် ကြိုးစားပါ။

* * *

မမွှလုလင်



www.burmeseclassic.com

www.burmeseclassic.com

သာဝတ္ထိပြည်မှ လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ “ဟာဠလုလင်”သတို့သားတစ်ဦးသည် စားကျက်၌ လွှတ်ကျောင်းထားမိသော နိုင်းနွားတစ်ကောင်မှာ ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ဖြစ်၍ တောအုပ်အတွင်းသို့ ဝင်ရောက်ရှာဖွေ၏။ ပင်ပန်းဆင်းရဲစွာဖြင့် ဆောင်ရွက်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ နွားမရှိသော် ပို၍ပင် အခက်အခဲကြုံရမည်ဖြစ်၏။ ဤသို့ဖြင့် ပျောက်ဆုံးသွားသော နွားတစ်ကောင်အား လှည့်လည်ရှာဖွေရင်းက နေမွန်းတည့်ချိန်ကျော်ခဲ့ပြီဖြစ်၍ ဝမ်းဗိုက်သည် ဆာလောင်လာပြန်၏။






www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်နှင့် ကြုံနေရချိန်တွင် တောအစပ်ရှိရာ၌ ရဟန်းတော်များ သီတင်းသုံးနေထိုင်သည့် တောကျောင်းတစ်ခုသို့ သွားရောက်ကာ ရဟန်းတော်တို့၏ စားကြွင်းစားကျန်များကို တပည့်ခံ၍ စားသောက်နိုင်ရေး လျှောက်ထားတောင်းပန်ရာ၊ ထိုကျောင်းမှာပင် ဆရာဒကာဖြစ်ဖူးသော ရဟန်းတော်များလည်း ဖူးတွေ့ရသည်ဖြစ်၍ ဆွမ်းကျန်ဟင်းကျန်များကို စွန့်ကြဲကျွေးမွေးကြလေသည်။ ရဟန်းတော်များ ချကျွေးသော စားကြွင်း ဟင်းလျာများသည် လွန်စွာအရသာရှိလှ၏။ ထိုလုလင်၏ ဝမ်းဗိုက်သည်လည်း ယနေ့အဖို့ရာ ဝလင် တင်းတိမ်ခဲ့ပြီဖြစ်၏။

"အင်း… ငါသည် နေ့ရော ညပါ ပင်ပန်းစွာနဲ့ လယ်ယာအလုပ်ကို လုပ်ကိုင်ရသော်ငြားလည်း ဤသို့ ကောင်းမွန်သော ဆွမ်းဟင်းမျိုးများ မစားသောက်ရ။ ဤရဟန်းတော်များကမူ ကံထူးပေစွ။ ငါလည်း တောထွက် ရဟန်းပြုရသော်ဟန်ကျပေလိမ့်မည်"

ဟု ပထမအကြိမ် ရသာတဏှာကို တပ်မက်ကာ ကြံစည် စိတ်ကူးထားသည့်အတိုင်းပင် မိမိအား ရဟန်းပြုပေးပါရန် ပန်ကြား တောင်းခံလိုက်လေ၏။ ရဟန်းတို့လည်း မဆိုင်းမတွပင် ထိုလုလင်ကို ရှင်ရဟန်းအဖြစ် လက်ခံဆောင်ရွက်ပေးခဲ့ကြ၏။

ဤသို့ဖြင့် တောမှီ ရဟန်းတစ်ပါးအဖြစ်သို့ ရောက်ရှိသွားပြီး ပထမရက်မှာပင် တစ်ကျောင်းလုံး၏ ဝတ်ကြီးဝတ်ငယ်များကို ဒိုင်ခံ ပြုလုပ်ပေး၏။ တရားတော်များကိုမူ လိုက်နာကျင့်သုံးခြင်းကား မရှိသေး။ ဟင္သလုလင် ရဟန်းသည် သုံးလေးရက်မျှသာ ရဟန်းဘဝနှင့် စားကောင်းသောက်ဖွယ်တို့အား စားသုံးရသဖြင့် ယခင်ကနှင့် မတူ၊ အနည်းငယ်ပင် ဝဖြိုးလာ၏။ တောကျောင်းနေ ရဟန်းတို့လည်း တောမှီ ရဟန်းတစ်ပါးတိုးပွားလာချေပြီဟု မုတ်ယူ ကျေနပ်နေကြ၏။ ဘုရားသားတော်များပီပီ သလုံးမြင်းခေါင်းကို အမှီသဟဲပြု၍ မြို့ရွာအနှံ့သို့ လှည့်လည် ဆွမ်းခံခြင်းအမှုအား ပြုရစမြဲဖြစ်၏။

ဟင္သလုလင် ရဟန်းသည် ဘာမျှ မလုပ်မကိုင်ရဘဲ မိမိနှင့် စားသုံးနေရမည်ဟု ထင်မြင်ယူဆထားသမျှတို့ လွဲချော်ကာ ဆွမ်းခံထွက်ရှိရခြင်း၊ တရားမှတ်ယူကျင့်သုံးရခြင်းအမှုကို ပြုလုပ်ဆောင်ရွက်ရသော် ဌွဲ၊ ဗီရိယမရှိ၊ ဒဏ်မခံနိုင်၊ မနစ်သက်ဖြစ်လာပြန်၏။ လူထွက်ပြီး မိမိ၏ ရှိရင်းစွဲလယ်ယာအလုပ်ကိုပင် အိမ်သို့ ပြန်ရောက်ကာ လုပ်ကိုင်နေပြန်၏။

ကိစ္စများပြောင် ဤလူဘောင်ဟု ဆိုစကားအတိုင်းပင် မိမိနှင့် ဇနီးမယား စားမှုအတွက် ကြိုးပမ်းလုပ်ကိုင်ရပြန်သဖြင့် ဆင်းရဲပင်ပန်းမှုဒဏ်ကို မခံနိုင်ဖြစ်လာကာ တစ်ဖန် တောကျောင်းသို့ သွားရောက်ပြီး ဒုတိယအကြိမ် ရဟန်းဝတ်ပြန်၏။ ရဟန်းဘဝနှင့် ရက်မကြာမီပင် ငြီးငွေ့လာပြန်သဖြင့် လူထွက်ပြန်၏။ လူ့ရွာလောကသို့ ပြန်ရောက်ပြီး မကြာမီရက်များမှာပင် ပင်ပန်းမှုဒဏ်ကို ငြီးငွေ့လာပြန်သဖြင့် တောကျောင်းသို့ သွားရောက်ကာ တတိယအကြိမ် ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားပြန်၏။ တောကျောင်းရှိ ရဟန်းတို့ကလည်း မငြိုမငြင်ဘဲ ရှေ့နောက် မျှော်တွေးကာ ကျေးဇူးများသူဖြစ်၍ ၎င်းအား ရဟန်းဘဝသို့ သွတ်သွင်းချီးမြှင့်ပေးကြပြန်၏။ ဤသို့သော နည်းလမ်းဖြစ်စဉ်များဖြင့် ရဟန်းဘောင်သို့ ဝင်ရောက်လိုက်၊ ပြီးလျှင် ငြီးငွေ့ကာ လူထွက်သွားလိုက်နှင့် ရက်ကန်းစင်မှ လွန်းဆံပမာ ယောက်ယက်ခတ်နေလေတော့သည်။

◆ ◆ ◆

တောကျောင်းရှိ တရားကျင့်ကြံနေကြသော ရဟန်းတော်တို့သည် ဟင္သလုလင်အား ရဟန်းအဖြစ်သို့ ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြုပေးခဲ့ပြီးမှ လူထွက်သွားပြန်သော ထိုလုလင်အား စိတ်မခိုင်မာသူ၊ စိတ်အလိုသို့ လိုက်ပါသူအဖြစ် တစ်ကျောင်းလုံးက "စိတ္တဟင္သ"မထေရ်ဟု ခေါ်ဝေါ်ခဲ့ကြတော့၏။ မြို့ရွာနှင့် တောကျောင်းသို့ ကူးလူးသွားလာကာ လွန်းထိုးနေခဲ့သော ကာလများမှာပင် ဟင္သလုလင် လယ်သမား၏ ဇနီးမှာ ကိုယ်ဝန်ရှိလာတော့၏။ သူ့အဖို့ရာအတွက် သံယောဇဉ်သည် ပိုမိုတွယ်တာအောင် နှောင်ဖွဲ့ပေတော့မည်ဖြစ်၏။ တစ်နေ့သော ညနေခင်းတွင် လယ်ယာလုပ်ငန်းခွင်မှ ထွန်းတုံး စသည်တို့ကို သိမ်းဆည်း သယ်ဆောင်လာပြီး နေအိမ်သို့ ပြန်အရောက်၌ ပင်ပန်းလွန်းလှပါတကားဟု စဉ်းစားမိခဲ့ပြန်၏။ သူ၏ စိတ်သည် လူ့ဘောင်လောကသို့ စွန့်ခွာ၍ ရဟန်းပြုရန် ဆန္ဒပြင်းပြလာပြန်၏။ သူ့ထံတွင် လျော်ဖွပ် သိမ်းဆည်းထားရှိသော သင်္ကန်းတစ်စုံကလည်း ရှိနေပြန်၏။

ထိုသို့ ဖြစ်တည်နေသော စိတ်ဆန္ဒကို အရင်းပြု၍ မိမိသင်္ကန်းကို ယူဆောင်ကာ အပြီးတိုင် ရဟန်းပြုရန်အလို့ငှာ နေအိမ်ပေါ်သို့ တက်ရောက်ပြီး အိပ်ခန်းအတွင်းသို့ ဝင်ခဲ့၏။ ထိုအိပ်ခန်းထဲတွင် မယားဖြစ်သူသည် ပိုးဆိုးပက်စက် အိပ်မောကျနေ၏။ ကိုယ်လေးလက်ဝန်လည်း ဖြစ်နေပြန်၊ အပေါ်ပိုင်း အင်္ကျီလည်း ဟပြဲ၊ နောက်ပိုင်း ထဘီရင်လျားမှာ ကွင်းလုံးပုံနေ၊ ထိုသို့ ဝတ်လစ်စလစ်ဖြစ်သည့်အနေအထားနှင့် အိပ်မောကျနေလေသည်။ ဟောင်းလောင်းပွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com

နေသော ပါးစပ်မှလည်း အရိအရွဲ သွားရည်တို့က စီးထွက်လျက် နှာခေါင်းမှ တရှုးရှုး လေရှူသွင်းသံနှင့် ပါးစပ်ပေါက်မှ တဖူးဖူးမှုတ်ထုတ်သံတို့ စီညံလျက် ရှိနေပြန်၏။ ထိုမြင်ကွင်းကို ကြည့်မြင်လိုက်ရသော ဟင္သလုလင် လယ်သမားသည် တဒင်္ဂ၌ပင် ဤခန္ဓာကိုယ်တို့သည် မသေမီကပင် အပုပ်ကောင်ကြီးပါတကားဟု စက်ဆုပ်ရွံရှာဖွယ်အဖြစ် သံဝေဂရသွားတော့၏။ ခန္ဓာကိုယ်ဟူသမျှသည် အမြဲမရှိ၊ ဆင်းရဲခြင်းသဘောသာ ရှိ၏ဟု သညာနှင့် ပညာကို ယှဉ်တွဲကာ တွေ့မြင်ခဲ့လေသည်။ သို့ဖြစ်၍ သက်န်းထုပ်ကို ယူငင်ပိုက်ထွေးကာ ဤမိန်းမနှင့် လူ့ဘောင်လောကကို သံယောဇဉ်ဖြတ်ပိုင်းနိုင်မှ တော်ချေမည်၊ သို့မဟုတ်လျှင် ငါ၏ ရဟန်းဝတ်ခြင်းကား တည်တန့်နိုင်မည်မဟုတ်ဟု ကြံတွေးရေရွတ်ပြီးသော နေအိမ်မှ ထွက်ခွာခဲ့ကာ လမ်းတစ်လျှောက်တွင်ကား အနိစ္စ၊ ဒုက္ခဟု ရေရွတ်လျက် တောကျောင်းရှိရာသို့ သွားနေစဉ်မှာပင် သောတာပန်တည်လေ၏။

◆ ◆ ◆

တောကျောင်းရှိရာသို့ ရောက်လေပြီ။

သို့သော် စိတ္တဟင္သအတွက်မူကား တောကျောင်းရဟန်းတော်တို့၏ တုံ့ပြန်လိုက်သော နှုတ်ထွက်စကားကြောင့် ရှေ့မတိုးသာအောင် ဖြစ်လေပြီ။ သူ့ဘက်က ဒီတစ်ကြိမ်ကို နောက်ဆုံး ဝတ်ခွင့်ပြုပါရန် ခွင့်ပန်လျှောက်ထားခဲ့သော်ငြား ငြင်းပယ်ခံလိုက်ရ၏။ ခံရရုံမျှမက…

"စိတ္တဟင္သ… သင်သည် ရဟန်းဝတ်တမ်း ကစားနေတာလား၊ ဒါမှမဟုတ် သင့်ဦးခေါင်းကို သင်ဓုန်းဓားသွေးရန်ကျောက်အဖြစ် ပြုလုပ်နေတာလား။ ငါတို့ ရဟန်းပြုမပေးနိုင်တော့ဘူး"

တောကျောင်း ရဟန်းတော်များဘက်က ဥပေက္ခာပြုသည့်သဘော သက်ဝင်လိုက သက်ဝင်လောက်၏။ မြို့ရွာအရပ်မှ တချို့ ဒကာများကလည်း သူ့အား ကဲ့ရဲ့သဂြိုဟ်မှုပြုသည့် စကားရပ်များကလည်း ရှိနေပြန်၏။

"ဟော့…ဟော့… ဟင္သတစ်ယောက်တော့ကွာ၊ သင်္ကန်းကို ပတ်လိုက်၊ ပြန်ချွတ်လိုက်နဲ့ ပတ်ချွတ်ကြီးဖြစ်နေပြီကွတဲ့"

ထိုသို့ပြောမည်ဆိုလည်း ပြောချင်စရာ၊ ဝေဖန်ချင်စရာဖြစ်ခဲ့သူ ဟင္သလုလင်သည် ယခုအကြိမ် ရဟန်းဝတ်ပေးပါရန် ပြောဆိုလာမှုမှာ သတ္တမအကြိမ်မြောက်ဖြစ်နေခဲ့၍ တောကျောင်း ရဟန်းတော်များဘက်ကလည်း မယုံကြည်နိုင်စရာဖြစ်ခဲ့၏။

"မှန်လှပါ အရှင်ဘုရားတို့၊ တပည့်တော်မှာ ယခုအခါ၌ ယုံကြည်မှုသဒ္ဓါ ခိုင်မြဲခဲ့ပြီးဖြစ်၍ ကိလေသာအနှောင်အဖွဲ့တို့ မရှိတော့ပါ ဘုရား။ အစဉ်သနားသဖြင့် ဤတစ်ကြိမ်သာ နောက်ဆုံးပိတ် ရဟန်းပြုခွင့်ပေးပါ ဘုရား"

ဟု အကြီးအမှူး မထေရ်ကြီးအား တည်ငြိမ်စွာ လျှောက်ထားလိုက်၏။

ရဟန်းတော်တို့သည် အညီအညွတ် တိုင်ပင်နှီးနှောပြီးလျှင် ရဟန်းပြုပေးလိုက်ကြတော့၏။ စိတ္တဟင္သ မထေရ်သည် ယခင်က ရဟန်းဘဝရရှိပြီး သုံးလေးရက်တာမျှ ကြာမြင့်လာလျှင် စိတ်မခိုင် ငြီးငွေ့လေ့ရှိသော်လည်း ယခုမူ လူ့ဘောင်လောကမှာပင် သောတာပန်တည်ခဲ့ပြီးဖြစ်၍ သုံးရက်ပြည့်ပြီးသော နေ့အခါ၌ပင် ရဟန်းကိစ္စပြီးမြောက်ကာ ရဟန္တာမထေရ်တစ်ပါးဖြစ်ခဲ့လေ၏။ ရဟန္တာဖြစ်မှန်း မသိကြသေးသော သီတင်းသုံးဖော် ရဟန်းတချို့ကမူ…

"ဘယ့်နှယ့်လဲ ငါ့ရှင် စိတ္တဟင္သ၊ ဒီတစ်ခါတော့ဖြင့် သင် ရဟန်းပြုခြင်းသည် ကြာမြင့်စွတကား"

ဟု ကဲ့ရဲ့သလိုလို၊ ချီးမြောက်သလိုလို စကားဆိုပြော လာကြသော် စိတ္တဟင္သ မထေရ်ကမူ တည်ငြိမ်အေးချမ်းစွာဖြင့်…

"အရှင်ဘုရားတို့…တပည့်တော်မှာ ယခုအခါ အနှောင်ရှိရာလမ်းသို့ ဆိုက်ရောက်ခဲ့ပါပြီ ဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်လေတော့၏။ ထိုစကားတော်ကို ရဟန်းအပေါင်းတို့ ကြားသိသော်လည် သိပ်အယုံအကြည်မရှိကြ။ မြတ်ဗုဒ္ဓဘုရားရှင်ထံ အကျိုးအကြောင်းမေးမြန်းလျှောက်ထားသောအခါကျမှ သံသယတို့မှာ ရှင်းလင်း ကင်းကွာသွားခဲ့ကြတော့၏။ သာဝတ္ထိပြည်ရှိ ဇေတဝန် ရွှေကျောင်းတော်ကြီး၌ သီတင်းသုံး စံပယ်နေသော ဂေါတမ ဗုဒ္ဓဘုရားရှင်သည်…

"ငါ၏ ချစ်သား ရဟန်းတို့… ထိုရဟန်းဆိုတိုင်း မှန်၏။ သူသည် စိတ်တည်တံ့မှု မရှိ။ တရားမသိခင်အချိန်က အိမ်နှင့် ကျောင်း ကူးလူးသွားလာခဲ့ငြား ယခုမူ ကောင်းမှု မကောင်းမှုကို ခွဲခြားပိုင်းဖြတ်ကာ စိစစ်နိုင်သူ ဖြစ်ခဲ့လေပြီ တည်း"

ဟု ဖြေကြားပေးတော်မူပြီးသော် စိတ္တဟင္သ မထေရ်မှာ ရဟန္တာဖြစ်တော်မူခဲ့ကြောင်းကို ဂါထာတော် နှစ်ပုဒ်ဖြင့် ဟောကြားဆုံးမပေးတော်မူခဲ့လေပြီတည်း။

"သာဓု…သာဓု…သာဓုပါ ဘုရား"။

* * *

ခွန်ဆိုင်(မအူ



www.burmeseclassic.com

www.burmeseclassic.com



# ကျိုက်ထီးဆောင်း ဆရာတော်ဘုရားနှင့်

# ဗုဒ္ဓအလိုကျ ငါးသုံးလီ

■ မြမဥ္ဇူဝေ(ကျုံမငေး) ■



www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင် သာသနာပြု ကျေးဇူးတော်အရှင် ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တ "ပညာဒီပ"သည် သာသနာအကျိုးကို မျှော်ကိုး၍ "သဇီဝမာနကောသ ဓာတု" ဆံတော်ရှင် စေတီတော်များကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက် ကျိုက်ထီးဆောင်း ဆံတော်ရှင်ခြေရင်း၌ နှစ်ပေါင်း ၄၀ကျော်ခန့် သီတင်းသုံး နေထိုင်တော်မူနေပါသည်။

ဆံတော်ရှင် ခြေတော်ရင်းသို့ ရောက်ရှိကြသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ သိက္ခမာန်၊ ယောဂီ၊ ဥပါသကာ၊ ဥပါသိကာ တပည့်များအား ဓမ္မပလ္လင်၌ ဇာတ်တော်လာ အကြောင်းအရာမျိုးစုံဖြင့် ဆုံးမ ဩဝါဒ မိန့်ကြားလာခဲ့သည်မှာလည်း နှစ်ပေါင်း ကြာလာခဲ့ပြီဖြစ်ပါသည်။



ထိုကဲ့သို့ ဆိုဆုံးမရာတွင် ငါးသုံးလီဆိုင်ရာ အကြောင်းအရာများကို အခြေခံ၍ ပထမ ငါးတစ်လီ၊ ဒုတိယ ငါးတစ်လီ၊ တတိယ ငါးတစ်လီကို စုစည်း၍ "ဗုဒ္ဓအလိုကျ ငါးသုံးလီ"အမည်ဖြင့် အဆုံးအမပြုခဲ့ပါသည်။ ထို့အပြင် ကျိုက်ထီးဆောင်း ဆရာတော်၏ ဗုဒ္ဓအလိုကျ ငါးသုံးလီ အမည်ဖြင့် သာသနအခြေခံ ဓမ္မစည်းကမ်းများကိုလည်း စုစည်း၍ စာအုပ်ထုတ်ဝေနိုင်ရန်အတွက် ကျိုက်ထီးဆောင်း သာသနာ့အကျိုးဆောင်များ စုစည်း၍ တိုင်ပင်ကြကာ ထုတ်ဝေခဲ့ပါသည်။

ဆရာတော် ရည်ညွှန်းခဲ့သော အဆင့်သုံးဆင့်ပါသော ငါးသုံးလီကို အောက်ပါအတိုင်း မှတ်သားရပါမည်။

### ပထမ ငါးတစ်လီ

လူသားတိုင်း (ဗုဒ္ဓဘာသာဝင်တိုင်း) နေ့စဉ်နေ့တိုင်း နံနက်အိပ်ရာမှ နိုးတိုင်း၊ ညအိပ်ရာဝင်ခါနီးတိုင်း ရတနာမြတ်သုံးပါးနှင့် အနန္တောအနန္တငါးပါးဖြစ်သော ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမားတို့ကို ရိုသေစွာ ဂုဏ်ဖော်၍ အမြတ်ဆုံး အာရုံပြုကာ ရှိခိုးရခြင်း၊ အမှုကို မျှော်ရည်၍ ဝတ်ပျက်ခြင်း မရှိဘဲ အနန္တငါးပါး ဦးထိပ်ထားကာ ဂုဏ်ကျေးဇူးကို ရှိခိုးခြင်း ပြုကြရမှာ ဖြစ်ပါသည်။

### ဒုတိယ ငါးတစ်လီ

ငါးပါးသီလတည်းဟူသော လူ့ကျင့်ဝတ် ပဋိပတ်သိက္ခာများကို မကျိုးမပျက်ရအောင်၊ အပြောက်အကျား မရှိကြရအောင် အနိုင်နင်းဆုံး စောင့်ထိန်းကြရမှာ ဖြစ်ပါသည်။

### တတိယ ငါးတစ်လီ

မစားအပ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက် ဟူသော အသားကြီး ငါးကြီးမျိုးကို စားသောက်ခြင်းမှ ရှောင်ကြဉ်ကြရမှာ ဖြစ်ပါသည်။

ထိုကဲ့သို့ ဆရာတော် ဆုံးမသည့် ဗုဒ္ဓအလိုကျ ငါးသုံးလီကို လိုက်နာပွားများကြမည့် ဓမ္မကုသိုလ်ရှင်များအနေဖြင့်

www.burmeseclassic.com

သုံးလီ"ပါ အကြောင်းအရာများကို သေချာစွာ သိမြင်သင့် သို့ပါ၍ ရှင်းလင်းစွာ သိရှိနိုင်ကြရန် ငါးသုံးလီစည်းကို ည့်ကြပါစို့။

◆◆◆

**ပထမ ငါးတစ်လီ**မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်များ သည် မိမိတို့ ဘဝတစ်လျှောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ မာတာ ၊ အာစရိယဆရာ ဟူသော ဘုရား၊ တရား၊ သံဃာ၊ အဖ၊ ဆရာသမား ဆိုသည့် ငါးဖြာအနန္တကို လက်အုပ် ၍ ကိုးကွယ်အားထား ဦးတင်ရှိခိုးလျက် ငါးပါးသော ကွယ်ရာဟု လက်ခံခဲ့ကြပြီး ဖြစ်ပါသည်။

ထိုငါးပါးကိုလည်း ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတု ဂုဏော နန္တော၊ အာစရိယဂုဏော အနန္တောဟု နှုတ်တက်ကြွကြွ ဆိုကြပြီး ပူဇော်ခဲ့ပြီးဖြစ်၏။ သို့ပါ၍...

**ဗုဒ္ဓဂုဏော အနန္တော**သည် ဝေနေယျ သတ္တဝါခပင်း တွက် ပူဇော်ခြင်းပြုကြရန်အတွက် ပွင့်တွန်းလာခဲ့သော ရှင်အား ဆိုလိုခြင်းဖြစ်၏။


**ဓမ္မဂုဏော အနန္တော**သည် ဗုဒ္ဓဘုရား ဟောကြားအပ် ကိုယ်တွေ့ တရားဒေသနာများကို ရှိခိုးပူဇော်ကြရခြင်း ဖြစ်၏။

**သံဃဂုဏော အနန္တော**သည် ဘုရားရှင်ထံ သား ည့်ခံ၍ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာများကို ပွားများကျင့်ကြံနေကြသော သံဃာဟု ဆိုပြီး၊ ထိုသံဃာကို ရှိခိုးပူဇော်ရခြင်းဖြစ်၏။

**မာတာပိတုဂုဏော အနန္တော**သည် ဘုရားနှင့်အတူ ကျေးဇူးထပ်တူရှိကြသော မွေးဖခင်နှင့် မွေးမိခင်တို့၏ မြင့်မိုရ် တောင်ဦး မကကျူးသော ကျေးဇူးတို့ကို ဦးထိပ်ရွက်ကာ ရှိခိုးပူဇော်ရခြင်း ဖြစ်၏။

**အာစရိယဂုဏော အနန္တော**သည် ဆရာသည်လည်း အနန္တကျေးဇူး မြင့်မိုရ်မက များပြားလှစွာ ရှိပါသော "အာစရိယ"ကျေးဇူးများကို ဆပ်မကုန်နိုင်အောင် ရှိနေပါ၍ အမိအဖနှင့် ထပ်တူရှိခိုး ပူဇော်ရခြင်းဖြစ်၏။

**ဒုတိယ ငါးတစ်လီ**မှာ ဗုဒ္ဓဘာသာဝင် သူတော်စင် များနှင့်အတူ ငါးပါးသော သီလတော်မြတ်သည် အမြဲမပြတ်




ခါးဝတ်ပမာ မြဲနေလေ့ရှိသော ငါးပါးသော သီလပေတည်း။

ဗုဒ္ဓဘုရားရှင်ကလည်း "သီလဝါ"ဟု ဟောကြား တော်မူထားပြီး ဖြစ်ပါသည်။ သူ့အသက်မသတ်ခြင်း၊ သူ့ ဥစ္စာမခိုးခြင်း၊ သူတစ်ပါးသားမယား မပြစ်မှားခြင်း၊ လိမ်လည် ၍ မပြောဆိုခြင်း၊ အရက်သေစာ မသောက်စားခြင်းများသည် ရှောင်အပ်သော ငါးပါးစုပေတည်း။

ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးကလည်း ဗုဒ္ဓဘုရားနည်းတူ ငါးပါးသီလကို စောင့်ထိန်းရန်နှင့် ငါးပါး သီလတော်မြတ်တွင် တစ်ပါးချင်း၌ ပါဝင်နေသော သီလ အင်္ဂါများကို ဟောကြားခဲ့သည်မှာ -

www.burmeseclassic.com



(၁) သူ့အသက်သတ်ခြင်းတွင် အင်္ဂါ ၅ပါးရှိ၏။

(၂) သူ့ဥစ္စာခိုးယူခြင်းတွင် အင်္ဂါ ၅ပါးရှိ၏။

(၃) သူ့အိမ်ယာကျူးလွန်ခြင်းအင်္ဂါ ၄ပါးရှိ၏။

(၄) မုသားစကားဆိုခြင်း၌ အင်္ဂါ ၄ပါးရှိ၏။

(၅) မူးယစ်သောက်စားမှု၌ အင်္ဂါ ၄ပါးရှိ၏။

ဆို၍ တစ်ပါးချင်းတွင် ပါဝင်နေသော အင်္ဂါရပ်များကို ခွဲခြား၍ ဟောကြားခဲ့ပါသည်။

**တတိယ ငါးတစ်လီမှာ** ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးသည် ကျိုက်ထီးဆောင်း သာသနာ့နယ်မြေတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူရာ၌ ရှေးရှေးသောအချိန်က နောင်တော် ဆရာတော်များ၏ ဆောင်ရွက်တော်မူခဲ့သော နည်းလမ်းများကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ပြီး သက်သတ်လွတ် စားသုံးခြင်းဖြင့် သာသနာကို သန့်စင်စွာ သယ်ပိုးခဲ့၏။

ဆရာတော်သည် မိမိထံ ရောက်ရှိလာသော သူတို့အား အထူးသဖြင့် အစားအစာ စားသုံးကြရာ၌ အသားငါးမျိုးကို မစားသုံးရန် မိန့်မှာကြား၏။ ထိုအသားငါးမျိုးမှာ (၁) ဆင်သား၊ (၂) မြင်းသား၊ (၃) ကျွဲသား၊ (၄) နွားသား၊ (၅) ဝက်သားတို့ ဖြစ်ပါသည်။

ဤအသားငါးမျိုးသည် လူသားများနှင့် တစ်မြေတည်းပေါ်တွင် အတူနေသော သတ္တဝါများဖြစ်၍ "ဇာတ်တူသား"ဟု ခေါ်လျှင်ရသော အသားများဖြစ်၍ ရှောင်ခိုင်းခြင်းဖြစ်၏။ ဇာတ်တူသား စားမိ၍ ဟသ်ာကိုးသောင်း ပျက်စီးခဲ့ဖူးသည့် သာဓကကို ယူကြရန် ဆိုဆုံးမ ဟောကြားခဲ့၏။

ကျိုက်ထီးဆောင်း ဆရာတော်ဘုရား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပ၏ ငါးသုံးလီ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသေအချာမှတ်သားလိုက်နာ ပွားများသင့်ပါသည်။ နေ့စဉ် မိမိတို့နလုံးစိတ်ဝမ်း၌ ငါးသုံးလီ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပွားများကြမည်ဆိုပါလျှင်...

**ပထမ ငါးတစ်လီအတွက် ပွားများရန်**

နေ့စဉ်နေ့တိုင်း နံနက်အိပ်ရာမှ နိုးတိုင်း ရတနာမြတ်သုံးပါးနှင့် မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို စိတ်မနေသဒ္ဓါ ထိရောက်စွာဖြင့် အလေးအမြတ် အာရုံပြုကာ ရှိခိုးခြင်း၊ နေ့စဉ် ညအိပ်ရာဝင်တိုင်း ဤအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို ရှိခိုး၍ အိပ်ရခြင်းဟူသော မြတ်သော အလေ့အကျင့်ကို ပြုကြရပါမည်။

**ဒုတိယ ငါးတစ်လီအတွက် ပွားများရန်**

ငါးပါးသီလတည်းဟူသော လူ့ကျင့်ဝတ် ပဋိပတ်သိက္ခာမြတ်ကို မကျိုးမပျက်ရအောင်၊ အပြောက်အကြားမရှိကြရအောင် အနိုင်နင်းဆုံး ကျင့်သုံးလိုက်နာ စောင့်ထိန်းကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com





**တတိယ ငါးတစ်လီအတွက် ပွားများရန်**

မစားအပ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဝက် ဟူသော ဤအသားကြီး ငါးမျိုးကို ရှောင်ရှားကြရပါမည်။

ဆရာတော်ဘုရားကြီးသည် သူ၏ မေတ္တာရိပ်အောက် ခရောက်ရှိ ခိုလှုံလာကြသော သာသနာ့ခွေမျိုးများအား ညစဉ် ဓမ္မပလ္လင်၌ ဆုံးမ ဩဝါဒ ဓမ္မကထာများ ဟောကြားလျက် ရှိရာ ဆိုခဲ့ပြီးသော ငါးသုံးလီ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ငါးသုံးလီ သာသနာ့အခြေခံစည်း ဓမ္မစည်းကမ်းများ၊ ညစဉ် ဓမ္မပလ္လင်၌ ဟောကြားအပ်သော တရားဒေသနာတော်များကို စိတ်ဝင်စားဖွယ်၊ ဓမ္မသံဝေဂ ရယူဖွယ်၊ တရားနှလုံးသွင်းဖွယ် ဓမ္မကထာ၊ ဩဝါဒ ကထာများကို မူရင်း ပါဠိတော် အဋ္ဌကထာများမှ ရှာဖွေတိုက်ဆိုင် စိစစ်ထုတ်နုတ်၍ ဟောကြားနေပါသည်။

သာသနာကို ရိုသေစွာ ကိုးကွယ်ဆည်းကပ်ကြကုန်သော သူတော်စင် ဓမ္မမိတ်ဆွေများလည်း သွားရောက်ကြည်ညို ဦးခိုက်နိုင်ကြပါစေကြောင်း ရေးသားပူဇော် ဖော်ပြအပ်ပါသည်။

* * *

မြမဥ္ဇူစေ၀(ကျုံမငေး)

မှီငြမ်း

- ကျိုက်ထီးဆောင်း ဆရာတော်ဘုရား၏ ဗုဒ္ဓအလိုကျ ငါးသုံးလီ သာသနာ့အခြေခံ ဓမ္မစည်းကမ်း။



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ခုတ် သုံးလေးချက် ပြတ်စေသော်

■ မောင်ယဉ်လှိုင်း (ဟသ်ာတ) ■




ဘာသာတရားမှာ အဓိက လုပ်ဆောင်ချက်က နှစ်ခုပါပဲ။ ကုသိုလ်နဲ့ အကုသိုလ်၊ ကောင်းတာနဲ့ မကောင်းတာ။ မကောင်းတာကို မလုပ်ဘဲ ရှောင်ရှားလို့၊ ကောင်းတာကို လုပ်နိုင်သလောက် လုပ်ကြဖို့ပါပဲ။ ကောင်းမှုကုသိုလ်ပြုကြရာမှာလည်း ဒါမှ၊ ဟိုဟာမှ ဆိုတာကို အစွဲမပြုကြဘဲ လောကီ၊ လောကုတ် နှစ်ဖြာသောအကျိုးကို အားထုတ်နိုင်ကြ ရပါမယ်။ ဘုရားရှင်ကိုယ်တော်တိုင် စရိယာသုံးပါးလုံးကို မရပ်မနား အားထုတ်တယ်။ အချိန်ကာလကြာကြာ စွဲစွဲ... အားထုတ်တယ်။ အကြွင်းကျန်မရှိ အားထုတ်တယ်။ ... သေသေ လေးလေးစားစား အားထုတ်တယ်။ ပျော်ပျော်ပါး... စိတ်ပါလက်ပါ အားထုတ်တယ်။ ဘုရားရှင်ဟာ ကောင်း... ကုသိုလ်မှန်သမျှ စရိယာသုံးပါးလုံးကို ဘာဝနာတရားနဲ့အ... အားလုံးကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီကနေ့ ဗုဒ္ဓနွယ်ဝ... အနေနဲ့ ဘုရားရှင်ရဲ့ အဆုံးအမနဲ့အညီ မကောင်း...



www.burmeseclassic.com


www.burmeseclassic.com

ရှောင်နိုင်သမျှ ရှောင်ရှားဖို့နဲ့ ကောင်းမှုတွေကို လုပ်နိုင်သမျှ လုပ်ကိုင်ကြဖို့ ဖြစ်ပါတယ်။

လူတွေမှာ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ် နှစ်ခုမှာ ကုသိုလ်စိတ်ဖြစ်တဲ့အချိန် အကုသိုလ်စိတ် မဖြစ်နိုင်ပါ။ အကုသိုလ်စိတ်ဖြစ်တဲ့အချိန် ကုသိုလ်စိတ် မဖြစ်နိုင်ဘူး။ တစ်ချိန်တည်း စိတ်နှစ်ခု ပြိုင်ပြီးတော့ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ကုသိုလ်၊ အကုသိုလ် ဒီစိတ်နှစ်ခုမှာ အားသာချက်၊ အားနည်းချက်နဲ့လွန်ဆွဲမှုတော့ ပြုလိမ့်မယ်။ ဒီအခါကျရင် ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုသလို အားသာရာကို ပါသွားတတ်တယ်။ ဒီအခါမျိုးကျရင် ကိုယ့်ရဲ့ သဒ္ဓါစိတ်ဟာ ကောင်းတဲ့ဘက်ကို ယိမ်းယိုင်တော့မယ်ဆိုရင် ဘုရားရှင် ဟောတဲ့ အပမာဒ,တရားနဲ့ သတိထားရမယ်။ အပမာဒ တရားကို ဘုရားရှင်ဟာ ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန်ပြုတဲ့ အထိ တိုက်ရိုက်အားဖြင့် (၄၄)ကြိမ်၊ သွယ်ဝိုက်ခြင်းဖြင့် (၁၇၉၂)ကြိမ်တိုင်တိုင် သတိရှိဖို့ မိန့်မြွက်တော်မူပါတယ်။ သတိရှိခြင်းသည် ရှင်သန်ခြင်းဖြစ်သလို၊ မေ့လျော့ခြင်းက သေနေခြင်းဖြစ်တယ်။ ဘယ်လောက်ပင် ပညာရှိဖြစ်သော်လည်း သတိမမူရင် ဂူကိုပင် မမြင်နိုင်ပါဘူး။ သတိမူရင် မြူကိုပင် သိမြင်နိုင်ကြောင်း ပညာရှိများက ဆိုရိုးထားပါတယ်။ လူတိုင်းအဖို့ အပမာဒ,တရားနဲ့ နေကြဖို့ လိုပါတယ်။

"ကောင်းမှုကုသိုလ်ရေးအလုပ်တွေကို သဒ္ဓါကျလို့ စိတ်ဝင်စားမယ်ဆိုရင် လုပ်စရာတွေ အများကြီးပါပဲ။ တစ်ခါ တစ်ခါဆိုရင် ကုသိုလ်ရေးအလုပ်တွေက တစ်ခါတည်းနဲ့ နှစ်ခုသုံးခု ပြိုင်နေတတ်တယ်။ ဒီအခါကျရင် ဒါကိုလည်း လုပ်ချင်၊ ဟိုဟာကိုလည်း လုပ်ချင်။ လူတစ်ကိုယ်၊ လက်နှစ်ဖက်တည်းနဲ့ လုပ်ချင်တာတွေက များနေတယ်။ တစ်ခါ တစ်ခါ ဩော် . . . ငါ့နယ်၊ နှစ်ကိုယ်သုံးကိုယ်ခွဲလို့ရရင် ကောင်းမယ်။ ကုလားဘုရားမယ်တော်လို လက်ခြောက်ဖက်ရှိရင် ကောင်းမယ်လို့တောင် တွေးမိပါရဲ့၊ ဒါကလည်း






လုပ်ချင်တဲ့ သဒ္ဓါစိတ်နဲ့သာ ပြောရပေမယ့် တကယ်တမ်း ကျတော့ သိပ်တော့ မလွယ်ကူလောက်ဘူး။

"အခုကိစ္စကိုပဲ ကြည့်လေ၊ တန်ဆောင်မုန်းလပြည့် ဆိုတော့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ကောင်းမှုကုသိုလ်တွေ လုပ်စရာ အများကြီးပဲ။ ကထိန်အလှူပွဲတွေ၊ နိဗ္ဗာန်ဈေးပွဲတော်တွေ၊ နောက်ပြီး အသင်းရဲ့ ဆွမ်းလောင်းဆန်လှူတဲ့ကိစ္စတွေ၊ အလုပ်ကိစ္စတွေက ဆုံပြီး ပြိုင်နေတယ်။ ဒါတောင် ဆန်အလှူက သွားလှူမယ့် ကျောင်းတိုက်က မအားတော့ နောက်နေ့ လပြည့်ကျော် (၁)ရက်နေ့ကို ရွှေ့လိုက်ရတယ်။ ဒီလပြည့်နေ့မှာ ဗိုလ်မှူးနိုင်ဝင်း(ငြိမ်း) ခရီးသွားနဲ့ ဟိုတယ် ခရီးရဲ့ ဘုရားထီးတင်နဲ့ ပညာရေးထောက်ပံ့မှုကိစ္စတွေကို သွားကြရမယ်။ ဗိုလ်မှူးရဲ့ ဘုရားက အင်းတကော် ဆပ်အင်း ကျေးရွာမှာဆိုတော့ ပညာရေးထောက်ပံ့မှု ကိစ္စကလည်း အဲဒီမှာပဲလေ။ ဗိုလ်မှူးက ကြာဖူးစေတီ အပြူရောင် သဲ တစ်ပွင့်ရဲ့ ဦးလှအေးတို့အဖွဲ့ကို တစ်ဖွဲ့လုံး ဖိတ်မန္တက ပြုတာ ပဲ။ အင်းတကော် ဆပ်အင်းကျေးရွာ ကိုယ်ထူကိုယ်ထ ကျောင်းဆိုတာကလည်း နှစ်စဉ်ဆိုသလို အပြူရောင် သဲ တစ်ပွင့်အဖွဲ့က ပညာရေးထောက်ပံ့တဲ့ ကိစ္စတွေကို ပြုကြတာပဲလေ။ ဒီတော့ ဘုရားထီးတင်ပွဲကို အကြောင်းပြုပြီး ပညာရေးထောက်ပံ့မှုကိုပါ တွဲပြီးပါအောင် ကျွဲကူးရေးပါ ဆိုသလို တစ်ချက်ခုတ် နှစ်ချက်၊ သုံးချက်ပြတ်အောင် ဆောင်ရွက်ကြရပါတယ်။

"အဖွဲ့က တန်ဆောင်မုန်းလပြည့်နေ့ မနက် ၆နာရီ ကြာဖူးစေတီမှာ လူစုကြရတယ်။ လူစုံအောင် စောင့်ရင်းနဲ့ တကယ်တမ်း ထွက်ဖြစ်တာက နံနက် ၈နာရီခွဲလောက်မှ ထွက်ဖြစ်ကြပါတယ်။ ကားလေးနှစ်စီးနဲ့ ပစ္စည်းတင်၊ လူတင် ကားလတ်တစ်စီး၊ အားလုံး ကားသုံးစီးဆိုပါတော့။ အဖွဲ့ရဲ့ လူဦးရေက အစိတ်-သုံးဆယ်လောက်ရှိလိမ့်မယ်။ ကျန်သူ တချို့ကတော့ ကြာဖူးစေတီမှာ ကျန်ခဲ့ရပြီး စေတီသာ

www.burmeseclassic.com



အကျွေးအမွေးအတွက် ပြင်ဆင်ကြရတယ်။ ကြာဖူးစေတီကနေ မင်္ဂလာဒုံ၊ ထောက်ကြံ့ဘက်က ထွက်ကြရတယ်။ လှည်းကူးကမှ ဖောင်ကြီးသင်တန်းကျောင်းလမ်းအတိုင်း ဝင်တော့ ကျေးရွာဒေသတွေရဲ့ ကထိန်အလှူပွဲတွေက ကားလမ်းတစ်လျှောက် စီတန်းလို့ ပဒေသာပင်တွေနဲ့ ကြည်နူးစရာ တွေ့ရပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုသလို နွားလှည်းတွေ၊ ထော်လာဂျီတွေနဲ့ ပျော်ပျော်ပါးပါး စည်စည်ကားကားပါပဲ။ ဖျော်ဖြေရေး တေးဂီတတွေကလည်း အကမျိုးစုံနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးပါပဲ။ တေးဂီတနဲ့ အကတွေကတော့ ဟိုတုန်းကလို မြန်မာ့အိုးစည်၊ ဒိုးပတ်၊ ဦးရွှေရိုးလို မြန်မာမဆန်တော့ဘူး။ တောအရပ်ဒေသတွေပေမယ့် အရမ်းကို တိုးတက်ကုန်ကြပြီ။ အနောက်တိုင်း တေးဂီတနဲ့ အကတွေကို တွင်တွင်ကြီး သုံးနေကြပြီ။ ဖျော်ဖြေရေးကားတွေပေါ်မှာ ဝှန်းဝှန်းဒိုင်းဒိုင်း တီး၊ ဒိုးဒိုးဒန်ဒန် ကနေကြတာများ တစ်စစီ ပြုတ်ထွက်မတတ်အောင်ပါပဲ။

မကြာမီ ဆပ်အင်းကျေးရွာကို ရောက်ပါတယ်။ ကိုယ်ထူကိုယ်ထ ကျောင်းရှေ့မှာ ခဏရပ်ပြီး လက်ဖြူ နှုတ်ဆက်လို့ ဗိုလ်မှူးရဲ့ ဘုရားထီးတင်ပွဲကို အရင်ဆုံး သွားကြပါတယ်။ ဗိုလ်မှူး နိုင်ဝင်းရဲ့ စေတီက တောင်ကုန်းလေးပေါ်မှာ။ ဗိုလ်မှူးရဲ့ ရာဘာခြံနယ်နိမိတ်အတွင်းမှာပဲ ဆိုပါတော့။ စေတီလေးက သိပ်ပြီး မကြီးဘူး။ ဉာဏ်တော် (၁၁)တောင်လို့ ဆိုတယ်။ ပုံစံက ရှမ်းဘုရားပုံစံဘက်ကို ပါတယ်။ ဉာဏ်တော်ငယ်ပေမယ့် တောင်ကုန်းပေါ်မှာဆိုတော့ ခပ်လှမ်းလှမ်း၊ ခပ်ဝေးဝေးလောက်ကပဲ ဖူးတွေ့နိုင်ပါတယ်။ တောင်ကုန်းနဲ့ ဘုရားစေတီကလည်း အရမ်းကိုပဲ ပန်ရလှပါတယ်။ ဘုရားစေတီဘွဲ့တော်ကလည်း ရည်ရွယ်ချက် ကောင်းပါတယ်။ "အနန္တဂုဏ်ရည် ရွှေစေတီ"တဲ့။ အနမတဂ္ဂ-သံသရာအဆက်ဆက်က အမိအဖ၊ ဘိုးဘွားဆရာသခင် ကျေးဇူးရှင်တွေမှစလို့ အခု ပစ္စုပ္ပန်ဘဝထိ ကျေးဇူးရှင်တွေနဲ့၊ ဘုရားရဲ့ ဂုဏ်ကျေးဇူး၊ တရားရဲ့ ဂုဏ်ကျေးဇူး၊ သံဃာတော်တို့ရဲ့ ဂုဏ်ကျေးဇူး အနန္တတွေကို ရည်စူးပြီး တည်ထားတဲ့ စေတီဖြစ်ပါတယ်။


စေတီမှာ မုခ်ပေါက် (၄)ခု ပါတယ်။ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီး ဘုရားလေးဆူကို ထည့်သွင်းပူဇော်ထားပါတယ်။ ဒီဒေသအနီးဝန်းကျင်မှာ ဘုရားကျောင်းကန်၊ စေတီပုထိုးတွေ မရှိဘူး။ အခု ဗိုလ်မှူး တည်လိုက်တဲ့ စေတီက ဒီနေရာမှာ ရှားရှားပါးပါးပါပဲ။ ဘုရားတည်ရတဲ့ ရည်ရွယ်ချက်ထဲမှာ အဲဒီအချက်လည်း ပါတယ်။ ဒီဘုရားတည်နိုင်ဖို့ကို ဗိုလ်မှူးအနေနဲ့ အတော်လေး အရှိန်ယူရပါတယ်။ ငွေရေးကြေးရေးထက် သီလဆောက်တည်၊ သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ယူခြင်းကို ညတိုင်းလိုလို ကြာဖူးစေတီမှာ ပုတီးစိပ်၊ တရားထိုင် လုပ်ရပါတယ်။ စိတ်ကြိုက် အဓိဋ္ဌာန်ဝင်ပြီးမှ ဘုရားတည်ခြင်းကိစ္စကို ပြုပါတယ်။ ဒီအရင်ကတည်းကလည်း အဓိဋ္ဌာန်ဝင်တိုင်း ဘုရားတည်ဖို့ အတိတ်နိမိတ်တို့၊ အိပ်မက်တို့ကို မကြာမကြာ ရလေ့ရှိတယ်။ ဒါကြောင့်လည်း ဒီဘုရားကို တည်ဖြစ်တာပဲ ဖြစ်ပါတယ်။

ဘုရားတည်ပြီးလို့ ထမြောက် အောင်မြင်သွားတော့ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ဒီအရပ်ဒေသအနေနဲ့ ရှားရှားပါးပါးဖြစ်နေလို့လည်း အရမ်းကို အားရ ကျေနပ်မိပါတယ်။ ဒီစေတီကို အကြောင်းပြုပြီးတော့ ဒီကုန်းတော်မှာ နောက်ထပ် သာသနိက အဆောက်အအုံတွေ တိုးပွားစေချင်တာလည်း အမှန်ပါ။ လောလောဆယ်ဆယ် အာရုံကျ စိတ်ကူးမိတာက ဒီကုန်းတော်မှာ ရေရအောင် လုပ်မယ်၊ တရားအားထုတ်နိုင်မယ့် တစ်ပါးစား၊ တစ်ယောက်စား၊ ကျောင်းဆောင်လေးတွေကို ၉ခန်းလောက် တည်ဆောက်မယ်၊ အာရုံခံတန်ဆောင်း၊ ဇရပ်တွေ ဆောက်လုပ်မယ်။ ဒါတွေ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီဘုရားစေတီမှာ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် မည်သူမဆို တရားအားထုတ်၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်နိုင်ကြပါတယ်။ အဓိဋ္ဌာန်ဝင်ကြတဲ့ ပုဂ္ဂိုလ် တိုင်းကို ဘုရားဒကာ အလှူရှင် အနေနဲ့ စားသောက် နေထိုင်နိုင်ရေးကိုလည်း တတ်စွမ်းသမျှ တာဝန်ယူ စောင့်ရှောက်ပေးမယ်လို့ ဆိုပါတယ်။ အလှူရှင်တွေအနေနဲ့လည်း သဒ္ဓါပေါက်လို့ စေတနာအလျောက် ကျရာဘက်မှာ လှူဒါန်းချင်ရင်လည်း ဗိုလ်မှူး အနေနဲ့ လိုက်လျောခွင့် ပြုမယ်ဆိုတာကိုလည်း ပြောပါတယ်။ ဒီနေရာမှာ ဒီစေတီကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာ သာသနာထွန်းကား ပြန့်ပွားရေးကို အဓိကထားပြီး ရေးရှုရတယ်ဆိုတာကိုလည်း ပြောပြပါတယ်။

ဗိုလ်မှူးနိုင်ဝင်းရဲ့ ရည်ရွယ်ချက်နဲ့ သဒ္ဓါစေတနာက အရမ်းကို ကောင်းမွန် မှန်ကန်ပါတယ်။ တကယ်တော့ ဒီအရပ်ဒေသဆိုတာက မြို့ကြီး ပြကြီးတွေနဲ့ အရမ်းဝေကွာလွန်းတဲ့ နေရာဒေသ မဟုတ်ပေမယ့် ဘာသာ၊ သာသနာနဲ့ ပတ်သက်တဲ့ စေတီပုထိုးကျောင်းကန်ဘုရား အင်မတန်မှ ရှားပါးလှတဲ့ အရပ်ဒေသပါပဲ။ ဒါကိုလည်း ဗိုလ်မှူး ခဏခဏပြောလေ့ရှိပါတယ်။ မှန်ပါတယ်။ အရပ်ဒေသဝန်းကျင် ပတ်ချာလည် မျှော်ကြည့်လို့မှ ဘာသာ၊ သာသနာရဲ့ အရိပ်အငွေ့ကို တစ်စွန်းတစ်စမှ မတွေ့ရဘူး။ ပတ်ချာလည် တွေ့နေရတာက စိမ်းစို ညိုမှိုင်း၊ ရှုလေတိုင်း မဆုံးနိုင်တဲ့ ရွှေဖြစ်ငွေဖြစ် ရာဘာစိုက်ခင်းတွေပဲ။ ဒါတွေကလည်း အုပ်ချုပ်ရေးကာလတစ်ခုရဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ရှိတဲ့ အရာရှိ အရာခံတွေရဲ့ စိုက်ခင်းတွေပါပဲ။ ဒီလောက် တစ်ခွင်တစ်ပြင်၊ တစ်နံ့တစ်လျား ရှုမဆုံးနိုင်တဲ့ ရွှေဖြစ်ငွေဖြစ် ရာဘာတောတစ်ခုလုံးမှာ ရတနာအစစ်ဆိုတဲ့ သာသနာရဲ့ အငွေ့အသက်ကို မတွေ့ရဘူး။ မြို့ရွာတွေနဲ့ အလှမ်းမကွာ၊ လက်လှမ်းလို့ မီပါရဲ့နဲ့ ဖူးမြော်ကြည်ညိုစရာ ဘုရားမရှိ၊ ဘုန်းကြီးကျောင်း မရှိဆိုတော့ ဖောင်စီးရင်း ရေငတ်ပြီး ပစ္စန္တရစ် အရပ်ဒေသလို ဖြစ်နေပါတော့တယ်။ ဒါကို ဗိုလ်မှူး နိုင်ဝင်းက မိမိပိုင်ဆိုင်တဲ့ ခြံမြေထဲက မျှဝေပြီး သတ္တဝါတွေ ကောင်းကျိုးအတွက် သာသနာတော်ရဲ့ မျိုးစေ့ကို လယ်ယာမြေကောင်းမှာ စိုက်ပျိုးလိုက်တာပါပဲ။ ကောင်းလေစွလို့သာ သာဓု အနုမောဒနာ အကြိမ်ကြိမ်ခေါ်ဆိုလောက်ပါတယ်။

စာရေးသူနဲ့အတူ ကြာဖူးစေတီ အမြုရောင် သဲတစ်ပွင့် အဖွဲ့သားတွေက ဘုရားထီးတင်ပြီးမှ ရောက်လေတော့ ဘုရားကို ကြည်ညို ဖူးမြော်ကြပြီး မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြတယ်။ ဘုရားစေတီအတွက် အဖွဲ့ရဲ့ ခေါင်းဆောင် ဦးလှအေးက အလှူငွေကို ဗိုလ်မှူး နိုင်ဝင်းထံ ပေးအပ်လှူဒါန်းပါတယ်။ ဗိုလ်မှူးက အဖွဲ့ကို ကြာဆံကြော်၊ ကော်ဖီ၊



www.burmeseclassic.com

www.burmeseclassic.com




အအေးတို့နဲ့ ညှော်ခံကျွေးမွေးတယ်။ စားသောက်ပြီးတော့ ကြာဖူးစေတီ အမြုရောင် သဲတစ်ပွင့်ရဲ့ ပညာရေး ထောက်ပံ့မှု အတွက် ဆပ်အင်းကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းကို သွားကြရတယ်။ ကျောင်းမှာက တန်ဆောင်မုန်းလပြည့် ပိတ်ရက်ဆိုပေမယ့် ကျောင်းသား-ကျောင်းသူတွေ၊ ဆရာ-ဆရာမတွေ၊ ရပ်မိရပ်ဖတွေ၊ ရွာရဲ့ မိသားစုဝင်တွေဟာ ကြိုတင်ပြီး ရောက်နှင့်နေကြပါတယ်။ အဖွဲ့မှ ကျောင်းသား၊ ကျောင်းသူတွေကို စီတန်းပြီး ပညာရေးထောက်ပံ့ပစ္စည်းတွေနဲ့ အစားအသောက်၊ အချိုရည်၊ မုန့်ပဲသရေစာတွေကို ပေးလှူကြပါတယ်။ ပြီးပြန်တော့ နှုတ်ဆက် ထွက်ခွာပြီး နေ့လယ်စာကို ပဲခူး-ရွှေဂူလေးမှာ ဘုရားလည်းဖူးရင်းနဲ့ သွားရောက်စားသောက်ကြပါတယ်။ ထမင်းဟင်းကလည်း အဖွဲ့မှ အသင့်ချက်ပြုတ်ပြီး ကားပေါ်မှာ ပါလာတယ်လေ။ နေ့လယ်စာစားပြီး ခဏတဖြုတ် အနားယူ၊ ဘုရားဖူး၊ လက်ဆောင်ပစ္စည်းတွေ ဝယ်ခြမ်းပြီးတော့ နေ့လယ် နှစ်နာရီကျော်လောက်မှာ ရန်ကုန်ကို ပြန်လာကြတယ်။ ရန်ကုန်ရောက်ပြန်တော့ သုခိတာရာမ ပရိယတ္တိ သီလရှင် စာသင်တိုက်ကို သွားပြီး သီလရှင်အငယ်လေးတွေအတွက် ပညာရေး အထောက်အကူပြုပစ္စည်းတွေ၊ စားသောက်စရာတွေကို သွားရောက်လှူကြရပါတယ်။ ကျောင်းထိုင် သီလရှင်ဆရာကြီးကလည်း ကော်ဖီ၊ အအေးတို့နဲ့ အဖွဲ့ကို ညှော်ခံပါတယ်။

ဒီကနေ့ တန်ဆောင်မုန်းလပြည့်နေ့ရဲ့ ဝမ်းမြောက်ပီတိမှုကတော့ တစ်နေ့တည်းမှာတင် တစ်ချက်ခတ် နှစ်ချက်ပြတ်မကဘဲ၊ သုံးချက်ပြတ်၊ လေးချက်ပြတ်တို့ ဆိုရပါလိမ့်မယ်။ ဒါကလည်း ကြာဖူးစေတီ အမြုရောင် သဲတစ်ပွင့်ရဲ့ စိတ်တူကိုယ်တူ စုစည်းညီညွတ်မှုပါပဲ။ တူညီသော စုစည်းညီညွတ်မှုတွေဟာ တူညီသော ပီတိဝမ်းမြောက်မှုတွေကို ကိုယ်စီကိုယ်င ရကြစေပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်မှာ လူတစ်စု၊ အဖွဲ့တစ်ဖွဲ့၊ မြို့၊ ရွာ၊ နိုင်ငံ စသဖြင့်ပေါ့လေ တစ်ယောက်မှ တစ်ရာ၊ စိတ်တူကိုယ်တူနဲ့ စုစည်းညီညာမှု ရှိကြမယ်ဆိုရင် အရာရာကို ငြိမ်းချမ်းအောင်မြင် သာယာ ပါလိမ့်မယ်။ ဒီကနေ့ ကြာဖူးစေတီ အမြုရောင် သဲတစ်ပွင့်ရဲ့ စည်းလုံးညီညွတ်မှုကတော့ ကောင်းမှုအဖြာဖြာကို တစ်ချက်ခတ်၊ သုံးချက် လေးချက်ပြတ်လို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးအချုပ်အားဖြင့် ကဗျာတစ်ပုဒ်နဲ့ နိဂုံးခါးပတ် အဆုံးသတ်လိုက်ပါတယ်။

*စိတ်တူကိုယ်တူ*
*သဒ္ဓါတူနှင့်*
*ကြည်ဖြူ ရွှင်လန်း*
*ဒါနပန်းကို*
*ဆင်မြန်း ရည်ရွး*
*နေ့စဉ် ခူးလော့…။ ။*

ကဗျာရဲ့ အမည်လေးကိုတော့ ဒါနပန်းလို့သာ နှလုံး သွင်းကြပါလော့။

နိဗ္ဗာန ပစ္စယော ဟောတု

* * *

ခမောင်ယဉ်လှိုင်း(ဟသ်္သာ



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

**EX**-ဓာပေဗိ မဟာနို

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်က သာယာနေသည်။

သာယာနေသည်ဟု ထင်နေမိသောသူ၏ မျက်ဝန်းများသည် မှုန်ဝါးနေဆဲသာဖြစ်သည်။ ကြည့်စမ်း၊ ခပ်မြင့်မြင့်တောင်တန်းတွေ၊ စိမ်းစိုနေသောတောတန်းတွေ၊ ချုံဖုတ်တွေ၊ သစ်ပင်ကြီးငယ်တွေ၊ လျှိုမြောင်တွေဆိုတာ သူမသိ။ သူ ရပ်တည်နေသည့်အရာကို

သည်။ ပြီးတော့ အသက်ရှူလို့ ရသ
နှာခေါင်းပေါက်ပါသည်ကိုသာ
သည်။

ဒါ သူ့ခန္ဓာကိုယ်၊ ဒါ သူ့မျက်
ပါးစပ်၊ နှာခေါင်းဆိုတာ သူ မသိ
သူသိသည်က သူ့ခန္ဓာကိုယ်သည်
ရှည်မျောမျောဆိုတာ သိသည်။
ရှည်မျောမျောခန္ဓာကိုယ်သည် လှုပ်



KSN


မြေကြီးဆိုတာ မသိ။ သူ့အထက်က ပြာလဲ့လဲ့ကို ကောင်းကင်ဆိုတာလည်း သူ မသိ။ သူသိသည်က သူသည် အကောင်တစ်ကောင်ဖြစ်သည်ကိုသာ သိသည်။ သူ လှုပ်ရှားလို့ ရသည့် မျက်လုံးတွေက အရာအားလုံးကို မြင်နိုင်စွမ်းရှိသည်။ သူ့၌ ပါသည့် ပါးစပ်ဆိုတာ ပိတ်လို့ ဖွင့်လို့ရသည်ကိုသာ သိ

လို့ ရသည်ကိုတော့ သိသည်။ ဒါ
လည်း သူက သူ့ခန္ဓာ ရှည်မျော
ကို လှုပ်ရှားကြည့်သည်။ အ
ခါးနှင့် ခေါင်းပိုင်းတို့ လှုပ်ရှားလို့
ကိုတော့ သူသိသွားပြီ၊ ဒီတော့
သွားသည်။

ပျော်သွားလို့လည်း သူ
များကို အားယူပြီး ဝန်းကျင်ကို

www.burmeseclassic.com

နေသည့်က အငမ်းမရ။ အသက်ရှူသည်ကိုလည်း တရှိုက်မက်မက်။ သူ၏ နှစ်ခွပါသော ပါးစပ်ထဲက လျှာကိုလည်း ပြူတစ်ပြူတစ်လုပ်နေသည်က ခပ်သွက်သွက်။ သူသည် ကျေနပ်သွားသည်။ လက်ရှိအချိန်မှာတော့ သူ့ကိုယ်ခန္ဓာလှုပ်ရှားရသည်။



တွင်းကြီးသား / တင်ဝင်းဦး

www.burmeseclassic.com

www.burmeseclassic.com

သူသည် လှူးလွန့်ရင်း ဝန်းကျင်ကို ထပ်ဆင့် အကဲခတ်လိုက်တော့ သူ့မိဘတွေနှင့်အတူ၊ သူနှင့် ရွယ်တူ၊ အရောင်တူ အကောင်တွေကို တွေ့ရသည်။ ဒီတော့ သူ့မိဘတွေ၊ သူ့ဆွေမျိုးတွေ စဉ်ဆက်နေခဲ့သည့် တောတောင်ဆိုတာ သူသိသလိုလိုတော့ ရှိသည်။ သို့သော် ဒီအကြောင်းတွေက အရေးမကြီး။ သိဖို့ မလိုသေး။

သူ့လိုပင် အကောင်ပေါက်စလေးများက ရှည်ရှည်မျောမျော ခန္ဓာကိုယ်နှင့် လှုပ်ရှားနေသည်ကို သတိပြုမိသည်၊ သူက ဟိုလှုပ်ဒီလှုပ်၊ ဟိုရွေ့ဒီရွေ့၊ ဟိုတိုးဒီတိုး။ အခြားအကောင်ပေါက်လေးတွေကလည်း သူ့လိုပင်။ ခေါင်းတည့်ရာ အရပ်ကို ရွေ့ဖို့ ရွေ့ကြည့်နေကြသည်။ သူတို့ကိုယ်သူတို့ သွေးတိုးစမ်းနေကြသည်လေ။

•••

သူသိသည်က သူ့ကိုယ်သူသာ သိသော အသိဖြစ်သည်။ သူသည် ဒီအသိနှင့် လှူးလွန့်လှုပ်ရှားရသည်။ လိုဏ်ဂူအတွင်းရှိ ကျောက်တုံး၊ ကျောက်ခဲတွေဆီ ရောက်သည်အထိ လှူးလွန့်ခဲ့သည်၊ အခြားအကောင်တွေကလည်း သူတို့သွားချင်ရာသွားရင်း အားစမ်းနေသည်။

သူသည် ပိုပြီး သွက်နိုင်သမျှ သွက်အောင် လှုပ်ရှားသည်၊ နောက်ပြန်လှည့်ပြီး ခေါင်းထောင်ကြည့်လိုက်တော့ သူ့ကို မွေးပေးခဲ့သည့် အမေကို တွေ့ရသည်၊ သို့သော် သူသိသည်က အမေဆိုတာ မသိခြင်းဆိုသည့် အသိတွေ ရှိနေပြန်သည်။

"လူလေး... တော်တော့၊ ပြန်လာခဲ့တော့၊ အားလုံး ပြန်လာခဲ့ကြတော့"

သူ့အမေအသံကို ကြားလိုက်ရပြီး နောက်ကြောင်းပြန်လှည့်သည်။ သူ့လိုပဲ အခြားအကောင်တွေ အမေ့အနီးသို့ ပြန်လာကြသည်။

"လူလေးတို့... အမေဆိုတာ မင်းတို့ကို ဥအုပြီး မွေးပေးတဲ့ အမေဆိုတာပဲနော်"

"အမေ"

စကားအဆုံးမှာ အမေဟု သူ ခေါ်ကြည့်မိသည်။ အလွန်ခေါ်လို့ကောင်းသည့် စကားလုံးလေးနှစ်လုံး ဖြစ်သည်။

"အမေ...အမေ၊ ဟုတ်တယ် အမေ"

သူ့မှာ အမေဆိုတာ ရှိသည့်အတွက် ရင်ထဲ ကျေနပ်သွားသည်။ အမေ့နားသို့ တွားသွားရင်း အခြားအကောင်လေးတွေနဲ့ အတူတူ ခွေခွေလေး ငြိမ်နေဖြစ်သည်။

ငါ တစ်နေ့ အမေ့လို ခန္ဓာမျိုး ဖြစ်လာမှာပဲဟု တွေးမိသည်။

ထိုအချိန် အမေက ပြောသည်။

"သားတို့... ဟိုးဂူပေါက်မှာ လာနေတာ မင်းတို့ရဲ့ အဖေပဲ။ ဖခင်ပေါ့ကွယ်"

"အဖေ..."

စောစောက အမေ၊ အခု အဖေတဲ့။

အဖေဆိုသူက အမေ့ထက် ခန္ဓာကိုယ် တုတ်တုတ်ခဲခဲဖြစ်နေသည်။ အဖေ့ပါးစပ်မှာလည်း အစာတွေကို ကိုက်ခဲပြီး ယူလာသည်။

"ဒီစားစရာတွေက မင်းတို့စားဖို့ မင်းတို့အဖေ ယူလာတာပဲ"

အမေပြောမှ သူ့ဝမ်း ဟာနေတာကို သတိထားဖြစ်သည်။ ကျွန်တော်တို့အားလုံး စားကြသောက်ကြသည်။

တကယ်တော့ သူ့အဖေ၊ သူ့အမေနှင့် သူ့ပေါက်ဖော်တို့သည် မြွေဟုခေါ်သော တွားသွားသတ္တဝါတွေထဲမှ တန်ခိုးသြဇာအကြီးမားဆုံး ငန်းတော်ကျားတွေပင် ဖြစ်သည်။

သူတို့၏ ရှည်မျောမျော ခန္ဓာပေါ်မှာတော့ အနက်တစ်ရစ်၊ အဝါတစ်ရစ်နှင့် ဆက်ကာ ဆက်ကာ ဖြစ်နေသည်။ ဒီအဝါရောင်တွေကို သူ သဘောကျသည်။

သူ...လောကထဲ ဝင်ဆံ့လာခဲ့တာ ရက်ကြာညောင်းခဲ့ပြီပေါ့၊ ကြာလာပြီ။

•••

"ဟုတ်တယ် သား။ ဒီဝန်းကျင်၊ ဒီရေမြေတစ်ဝိုက်မှာ မြွေတွေအားလုံးက ကြောက်ရတဲ့သူက သားတို့အဖေပဲ။ အမေကိုယ်တိုင်လည်း လန့်ရတယ်။ ပြောရမယ်ဆိုရင် သားတို့အဖေက ခေါင်းဆောင်ပေါ့"

အမေက သူ့ကို ပြောသည်၊ တစ်ချိန်တုန်းကလို သူ့ခန္ဓာကိုယ်က ခပ်သေးသေး ခပ်ရှည်ရှည်မဟုတ်တော့ပေ။ ဒါကလည်း အဖေတို့၊ အမေတို့တာဝန်ကျေမှု၊ မိဘပီသမှုရဲ့ ရလဒ်တွေပဲ မဟုတ်ပါလား။

အဖေ အပြင်သွားပြီးတော့ ပြန်လာတိုင်း အစာတွေ ပါလာသည်၊ သူတို့တစ်တွေ အလုအယက်စားသောက်ခဲ့ကြသည်။

သည့်နောက်မှာတော့ အဖေက အစာရှာနည်းကိုပါ သင်ပေးမည်ဟု ပြောသည်၊ အခုအချိန်မှာတော့ အသာပင် ရေသာခိုနေရ၏။

"ဟောဟိုမှာ မြင်နေရတာက တောင်တန်းကြီး။ ဟိုးတစ်ဖက်က တောအုပ်ကြီးအထိ သားရဲ့ အဖေပိုင်တယ်။ ဒီဝန်းကျင်မှာ ရှိနေကြတဲ့ မြွေတွေအားလုံးဟာ သားအဖေကို အလေးအကျွေးပြုနေကြတဲ့ အကောင်တွေ

www.burmeseclassic.com

...ပြီ"

"အမေ··· အလုပ်အကျွေးပြု ...ယ်ဆိုတာ ဘာလဲဟင်"

"ဒီလို သားရဲ့၊ ဘယ်သတ္တဝါမျိုး ...ဖြစ်ဖြစ် ခေါင်းဆောင်ဆိုတာ ရှိ ...ယ်။ ဒါမှလည်း အဆင်ပြေမှာပေါ့။ ...ဆောင်ရှိပြီဆိုမှတော့ ကျန်တဲ့ ...ကောင်တွေက အလုပ်အကျွေးပြုသူ ...ပဲပေါ့"

"ဒါဆိုရင် အဲဒီအလုပ်အကျွေးပြု ...ကြတဲ့ တပည့်တပန်းတွေကို သား ...ချင်တယ် အမေ"

သူ့ဆန္ဒကို ဖွင့်ချပြလိုက်သည်။ ...အချိန်ထိလည်း မည်သည့်သတ္တဝါ ... မတွေ့ဘူး။ အမြင့်ပျံသော ငှက်ဆို ...ည့် အကောင်မျိုးလောက်သာ သူ ...သည်။

"ဆန္ဒမစောနဲ့ သား၊ အချိန်တန် ... တွေ့ရမှာပေါ့၊ သားအဖေက အချိန် ...န်သေးလို့ မပြသေးတာပါ"

"အဲဒီ ကျေးကျွန်တွေက အဖေ့ ... ဘယ်လိုဆက်ဆံပြီး လုပ်ကျွေးသမှု ...ကြတာလဲဟင်"

"ဒီလိုကွယ့်။ အဖေတို့၊ အမေ ... သူလေးတို့အတွက် အကြိုက်ဆုံး ...တွေကို ရှာဖွေပြီး ဆက်သရ ...ယ်။ ရတဲ့ သားကောင်ကို ယူလာပြီး ...အဖေရှေ့ ချပေးရတယ်။ မင်းအဖေ ...င်သလောက်ပေါ့။ မင်းအဖေ ...နှပ်ရင် ပို့ပေးကြရတာပေါ့ကွယ်။ ...က်ပိုင်း သားသိလာပါလိမ့်မယ်"

"ဟုတ်"

◆◆◆

"လာ··· သားကြီး"

သူ့ကို အဖေက သားကြီးဟု ...သည်။

ဂူနှင့် အတော်ဝေးသော နေရာ ... ကျော်လာပြီး အပင်ကြီးတစ်ပင် အောက်မှာ အဖေရပ်သည်။ ပြီးတော့ အဖေ့ရဲ့ ကြီးမားကျယ်ပြန့်သည့် ခေါင်းကြီးကို ထောင်ကာ ပတ်ဝန်းကျင်ကို စူးစူးရဲရဲကြည့်သည်။ နှာခေါင်းပေါက်ဖြင့် တရှုးရှုးအသံပြု၏။

"ဟင်"

ကြည့်နေဆဲမှာပင် အလျှိုလျှို ထွက်လာသည့် အကောင်များက အံ့သြ သင့်ဖွယ်ရာပင်။

ဒါ အမေပြောခဲ့တဲ့ အဖေ့ကို အလုပ်အကျွေးပြုတဲ့ သူတွေလား။ အဖေ့ကို ကြောက်ရသည့် အကောင်တွေလား။

ကြည့်နေဆဲမှာပင် အဖေ့ရှေ့မှောက်၌ အားလုံး အခစားဝင်သည်။ အကောင်တွေက နည်းနည်းနောနော မဟုတ်။

"အားလုံး နားထောင်။ ဒီတော ဒီတောင်ရဲ့ သခင်၊ မင်းတို့ရဲ့ အရှင်၊ ငါ ငန်းတော်ကျားဘုရင်အနေနဲ့ ပြောစရာ ရှိလို့ ခေါ်လိုက်တာ။ ငါပြောချင်တာက တော့ နောင်တစ်ချိန်မှာ ငါဘုရင်က မွေးထားတဲ့ သားအမိတွေထဲမှာ ဟောဒီ ငါ့သားအကြီးဆုံးက အသင်တို့ရဲ့ ရှင်ဘုရင်ဖြစ်လာမယ့်သူပဲ"

"ကောင်းပါပြီ သခင်"

"လက်ခံပါတယ် အရှင်"

အဖေပြောသည်ကို အားလုံးက လက်ခံကြသည်။ နောက်ထပ် အဖေ ထပ်ပြော၏။

"ဟုတ်ပြီ ပြောချင်တာက ကိုယ့် တာဝန်နဲ့ ကိုယ် ငါတို့မိသားစုအတွက် ငါတို့စားချင်တဲ့ အစာကို အချိန်နဲ့ တစ်ပြေးညီ အမီပို့ကြ။ မပို့နိုင်ရင်တော့ သိတဲ့အတိုင်းပဲ။ ငါဘုရင် ဘယ်လို အပြစ်ပေးတတ်တယ်ဆိုတာ မင်းတို့ သိတယ်နော်။ အစာမရှာနိုင်လို့ တာဝန် ပျက်ကွက်တဲ့ အကောင်က ငါ့ရဲ့ ခံတွင်း ထဲဝင်ပြီး ကိုယ်စား အစားခံရမယ်"

"သိပါတယ် အရှင်"

"သိပါတယ် သခင်"

ထို့နောက် အလုပ်အကျွေးပြုနေသော အကောင်များကို ပြန်လွှတ်လိုက်ပြီး သူနဲ့ အဖေသာ ကျန်ရစ်၏။

သူက မေးသည်။ ဒီအကောင်တွေကိုပေါ့။ အဖေက ဖြေသည်။

"အချို့ မြွေပွေး၊ အချို့ လင်းမြွေ၊ အချို့က ငန်းပုပ်၊ ငန်းစောင်း၊ အချို့က မြွေစိမ်း၊ အို··· အမည်တွေ စုံလို့ပေါ့"

အဖေ့ကိုယ်စား သူ ဂုဏ်ယူမိသည်။ သူ့ဘဝင် လေဟပ်သလို ဖြစ်ချင်ချင်။

နောက် ရက်ကြာသောအခါ သူ မျက်မြင်တွေ့ခဲ့ရသည်။ အကောင် တစ်ကောင်မှာ အစာရှာမရ၍ အဖေ့ထံ လာပြီး အမျိုခံသည်။ အဖေက ပါးစပ်ဟပေးသည်။ အကောင်က ဝင်သည်။ အဖေက မျိုသည်။

အဖေ့လုပ်ရပ်ကို ကြည့်ရင်း သွားရည်ကျချင်လာသည်။ အချင်းချင်း မျိုရတာကို သိပ်အရသာရှိသည်လား။

◆◆◆

အရသာဆိုသည့် သဘောကို သူသိသွားသည်။ ထိုနေ့က အဖေသည် သူ့ကျေးကျွန်များ အစာလာပို့ရာနေရာသို့ ခေါ်သွားသည်။ သူနှင့် သက်တူရွယ်တူ အကောင်တစ်ကောင်က အစာရှာမရကြောင်း ပြောသည်။ အဖေက ကိုယ်စားခံစေဟု ပြောပြီး သူ့ကို ပါးစပ်အဟခိုင်းလိုက်သည်။

အခြားအကောင်မျိုးစုံကိုတော့ မျိုချဖူးသည်။ သူ့လို အမျိုးနွယ်တူ အကောင်မျိုးကိုတော့ မမျိုဘူးသေး။ အမျိုခံရမည့် မျိုးနွယ်တူအကောင်ကို သူကြည့်လိုက်သည်။ ထိုအကောင် ပျော့မပျော့၊ ဝမ်းနည်းမနည်းတော့ သူ

www.burmeseclassic.com

လုံးဝ မခံစားခဲ့။

သူ ပါးစပ်ဟလိုက်သည်။ အမျိုခံရမည့်အကောင်က အဖေ့ကို ခပ်ရိုရိုလေး ရှောင်ဖယ်ပြီး သူ့ပါးစပ်ထဲ ဝင်ဖို့ လာသည်။ သူ ဆတ်ခနဲ ဟပ်လိုက်ပြီး ခေါင်းက စတင်မျိုချသည်။

"ဒါမှ ငါ့သား။ ဒါမှ အဖေ့သား။ ဟောဒီ တောတောင်အရပ်ရပ်ကို ငါ့သား အုပ်ချုပ်နိုင်ရမှာပေါ့ကွ"

နောက်ပိုင်းတော့ အဖေက သူ့ကို အတွေ့အကြုံသစ်တွေ သင်ပေးသည်။ အမျိုခံတဲ့သူတွေဆီကို ခေါ်မသွားတော့ဘဲ အသက်ကင်းနေသည့် အကောင်များကိုသာ မျိုရင်း အချိန်တွေ ကုန်ခဲ့၏။

တစ်ရက်၊ ထိုနေ့က အဖေမရှိ။ အမေလည်း မရှိပေ။ ဒီတော့ သူ ပျင်းသည်။ ဂူအပြင်ကို ထွက်လိုက်ပြီး ပတ်ဝန်းကျင်ရှိ လှုပမှုတွေထဲ အကြည့်ရောက်သည်။

"ဂီး. . ."

ရုတ်တရက် အကောင်တစ်ကောင်၏ အသံကို ကြား၏။ ဘာကောင်မှန်းမသိ၊ အပင်ထက်ဆီမှ လာသော အသံဖြစ်၍ အကောင်ကို ကောင်းကောင်းမမြင်ရ။

"ဂီး. . .ဂီး. . ."

အပင်ထက်ဆီမှ ထပ်ဆင့် အသံပြုသည်။ သူ ဒေါသဖြစ်သွားသည်။ ငှက်ဆိုတာ တောင်ပံပါပြီး လေမှာ ပျံဝဲတတ်တာကို သိထားသည်။

"ဟေ့ - အသင်က ဘာကောင်လဲ၊ ဘာငှက်လဲ၊ ပြောစမ်း"

"ညဉ့်ငှက်။ ငှက်ဆိုးလို့ ခေါ်တဲ့ ငှက်ပုပ်"

သူ မကျေနပ်။

"ငါ့ကို သိရဲ့လား ငှက်ပုပ်"

"သိပါတယ်။ သင့်အဖေရဲ့ အရိုက်အရာကို ဆက်ခံမယ့် မြွေဘုရင်ပဲ မဟုတ်လား"

"သင့်အနေနဲ့ အခြားသူ တွေ အရေခွံလဲတာကို သတိမပြုပါနဲ့။ အခြားအကောင်တွေ ဘာပဲဖြစ်ဖြစ် အသင် ငန်းတော်ကျားအနေနဲ့ အရေခွံကို လဲလိုက်မယ်ဆိုရင် အသင်ဟာ ဒီဘဝကလည်းပြောင်း၊ အခြား အကောင်တစ်မျိုးမျိုး ဖြစ်ရင်လည်း ဖြစ်နေလိမ့်မယ်။ ဒီတော့ သင့်ရဲ့ အဝါနဲ့ အနက်၊ အလွန်လိုက်ဖက်တဲ့ အရေခွံကို လှပအောင်၊ ထာဝရ တည်တံ့အောင် ထိန်းသိမ်းပါ"

သူ ကျေနပ်သွားသည်။ ဒါပေမယ့် ငှက်ပုပ်ဆိုသည့် အကောင်ကို မမြင်ရ။

"အသင် ငန်းတော်ကျား. . . အသင့်ကို ပြောစရာရှိတယ်။ ကျုပ် ပြောမယ့်အကြောင်းက သင့်အတွက် အရေးပါတယ်"

အရေးကြီးစကားဆို၍ သူ စိတ်ဝင်စားသွားသည်။

"ဒီလိုပါ ငန်းတော်ကျား မိတ်ဆွေ အသင်တို့ မြွေမျိုးနွယ်ဆိုတာ အချိန်တန်ရင် အသင်တို့ရဲ့ အပေါ်ယံအလွှာမှာ ရှိတဲ့ အရေခွံကို လဲကြ ချွတ်ကြတယ်။ အဲဒါ အသင်သိပါရဲ့လား"

"ဟင် . . .၊ မသိရသေးပါလား ငှက်ပုပ်"

စကားထူး စကားဆန်းပါလား။

"ဒီလိုပါ။ သင့်အနေနဲ့ အခြားသူတွေ အရေခွံလဲတာကို သတိမပြုပါနဲ့။ အခြားအကောင်တွေ ဘာပဲဖြစ်ဖြစ် အသင် ငန်းတော်ကျားအနေနဲ့ အရေခွံကို လဲလိုက်မယ်ဆိုရင် အသင်ဟာ ဒီဘဝကလည်း ပြောင်း၊ အခြား အကောင်တစ်မျိုးမျိုးဖြစ်ရင်လည်း ဖြစ်နေလိမ့်မယ်။ ဒီတော့ သင့်ရဲ့ အဝါနဲ့ အနက်၊ အလွန်လိုက်ဖက်တဲ့ အရေခွံကို လှပအောင်၊ ထာဝရ တည်တံ့အောင် ထိန်းသိမ်းပါ"

သူ တွေးသည်။ သူတို့အမျိုးက အရေခွံလဲရတဲ့ အမျိုးလေ။ ဒီတော့ ဘယ်လိုလုပ်ရပါ့မည်နည်း။

"အသင် ငှက်ပုပ်. . . တကယ်လို့ ငါအရေခွံလဲသွားရင် ဘယ်လို အကောင်မျိုးဖြစ်မလဲ၊ အသင် သိပါသလား"

"ကျုပ်တို့လို ငှက်၊ ဒါမှမဟုတ် အသင်တို့ မျိုနေတဲ့ အသင်တို့ အစာ ဖြစ်နေတဲ့ အကောင်လိုမျိုး ဖြစ်လိမ့်မယ်။ ဒါကြောင့် သင့်အရေခွံကို ဂရုစိုက်ပြီး ထိန်းသိမ်းပါတော့"

သူ တွေဝေသွားသည်။ ငှက်ပုပ်ပြောသလို တကယ်ဖြစ်မည်လား။ ငှက်ပုပ်အသံကို ထပ်မကြားရတော့၊ သူ ခေါ်သည်။ အသံပြန်မပေး။

ထိုအချိန်မှာပင် အပင်ထက်မှ ရှီးခနဲ ပျံရင်း ငှက်ပုပ် အော်ပြောလိုက်သည်။

"အသင် ငန်းတော်ကျား အသင် စိတ် ဒွိဟဖြစ်မနေပါနဲ့။ အကျွန်ုပ် ပြောစကား အမှန်ဖြစ်တယ်။ အသင်ကိုယ် အသင် ဂရုစိုက်ပေတော့"

•••



www.burmeseclassic.com

www.burmeseclassic.com

ဒီဝေဒနာကို ခံစားနေရတာ ကြာပြီ။ အဖေရှာလာပေးသည့် အစာကိုလည်း မစားချင်။ အမေပြောသည့် စကားအကြောင်း၊ တောင်အကြောင်းကိုလည်း နားမထောင်လို။ သူ့အတွေးနှင့် သူ ထိတ်လန့်နေရသည်။

နောင်တစ်ချိန် ဒီဝန်းကျင်မှာ သူ [illegible]ဖြစ်ခဲ့ပါက သူ့အခိုင်းအစေများကို [illegible]တွေ အများကြီးရအောင် အမိန့်[illegible] ကြံရွယ်ပြီးသား။ တာဝန်ပျက်[illegible]အကောင်ကို မျိုမည်ဟု တွေးပြီး[illegible] မျိုးရိုးစဉ်ဆက် လုပ်ရမည့် [illegible]ဝန်ကို ကျေပွန်ဖို့ ဆုံးဖြတ်ပြီးသား။

အခုတော့ ငှက်ပုပ်က အရေခွံ[illegible]နဲ့ ဟု ပြောခဲ့၏။ အရေခွံလဲခဲ့ရင် [illegible]ပြောင်းသွားမည်တဲ့။

တစ်နေ့ အနားသို့ အမေနှင့် အဖေရောက်လာသည်။

"သားကြီးအဖေက အသက်[illegible] ကြီးပြီ၊ ကျန်းမာရေး မကောင်း[illegible] ဟိုတစ်နေ့က အရှိန်လွန်ပြီး [illegible]တောင်အောက်ကျသွားလို့ အတွင်း[illegible]ရာရထားတယ်"

"ဗျာ…"

သူ အံ့သြသွားသည်။ အဖေ[illegible]ရာရထားသည် ဆိုပါလား။

"ဟုတ်တယ်။ နောက်ရက်က[illegible] ဒီတော၊ ဒီတောင်ဝန်းကျင်ကို အုပ်[illegible]ဖို့ အဖေက တာဝန်ပေးအပ်တော့[illegible]ယ်"

"ဟင်…"

သူ ပို၍အံ့သြရသည်။ မကြာခင် [illegible] မြွေတို့၏ အရှင်သခင်ဖြစ်ပေတော့[illegible]

ခေါင်းထဲသို့ ငှက်ပုပ် ပြောသော [illegible]ကားများ ဝင်လာသည်။ တကယ်ပဲ အရောင်ပြောင်း၊ ဘဝပြောင်းမည်လား။

◆◆◆

နောက်ရက်…။

သူ မနေနိုင်တော့ပေ။ မထင်မှတ်ထားဘဲ သူ့အရေခွံတွေ ယားယံလာသည်။ သူ့စိတ်တွေ တစ်မျိုးဖြစ်လာသည်။

ရုတ်ခြည်း ခွေနေရာက ကိုယ်ကို ဆန့်လိုက်သည်။ ခေါင်းထောင်ကြည့်လိုက်တော့ အဖေနှင့် အမေတို့လည်း ဝပ်ကျင်းမှာ ခွေနေကြ၏။

"ငါ အရေခွံလဲတော့မှာကိုး။ ငှက်ပုပ်ပြောသလို ဖြစ်သွားခဲ့ရင် ငါပဲ အရှက်ရမယ်။ ဒီတော့ ခပ်ဝေးဝေးသွားပြီး အရေခွံလဲမယ်"

ဟု တွေးရင်း ဂူထဲရှိ ဝပ်ကျင်းထဲမှ ထွက်လာခဲ့သည်။ သူ့ထွက်လာသည်ကို ဘယ်သူမှ မသိကြ။

လုံခြုံသည့်နေရာသို့ ရောက်ခဲ့ပြီဟု တွေးသည်။

အရေခွံလဲပြီးသွားရင် ဘာကောင်ဖြစ်မည်ကို သူ မသိ။

မကြာခင် သူ့အရေခွံတွေ စကျွတ်နေပြီ။ သူ မနေသာတော့။

"ဟင်…လဲပြီ လဲနေပြီ ကျွတ်ချင်နေပြီ"

သူ့တွေးရင်း တင်းကျပ်စွာ ခံစားနေရသည်။ သူ့ခေါင်းနောက်ကနေပြီး လဲစ၊ ကျွတ်စ ပြုနေသည်ကို သတိပြုမိသည်။ သူ အငြိမ်မနေနိုင်တော့ပေ။ အနီးရှိ ကျောက်တုံးတွေကြား၊ အပင်တွေကြား အသာတွားသွားရင်း အရေခွံ အမြန်ကျွတ်အောင် ပွတ်တိုက်နေမိသည်။

သူ စိတ်မကောင်းစွာဖြင့် အရေခွံလဲနေသည်။ သူ အရေခွံလဲရသည်ကို ဝမ်းမနည်း။ သူ အကြောက်ဆုံးက ဒီဝန်းကျင်မှာ ရှင်ဘုရင် မဖြစ်တော့မှာကိုပဲ။ စဉ်းစားရင်းဖြင့် မချိမဆံ့ ခံစားနေရသည်။ ကျွတ်သွားသည့် အရေခွံကို ကြည့်ရင်း သူ ဝမ်းနည်းနေဖြစ်သည်။

အရေခွံလဲအပြီး ဂူဆီသို့ အသာပြန်ခဲ့သည်။

သူ အရေခွံလဲသည်ကို မည်သူမျှ မသိလိုက်ကြပေ။

◆◆◆

အရေခွံလဲပြီးပါက သူ့ကိုယ်သူ ဘာအကောင်ဖြစ်မလဲဟု တွေးရင်း ပူပန်နေခဲ့သည့် သူ့အနေဖြင့် တော၏ အရှင်သခင်အဖြစ် တာဝန်ယူခဲ့သည်။

သူ့ဖခင်ထက် စူးရှထက်မြက်သည့် အမိန့်များဖြင့် အလုပ်အကျွေးပြုသူများကို အစာရှာခိုင်းခဲ့လေသည်။

ထို့နောက် ငှက်ပုပ်ကိုလည်း ရန်သူအဖြစ် သတ်မှတ်လိုက်သည်။

ညအခါမှ ထွက်သည့် ငှက်ပုပ်မှာလည်း မြွေတွေ့တိုင်း အထိတ်တလန့် အော်မြည်နေတော့သည်။

သူကတော့ အရေခွံအဟောင်းကို လဲပြီး အသစ်ဖြစ်လာသည့် အရေခွံကို ကြည့်ရင်း အရေခွံလဲသည် ဆိုသည်မှာ သူ့တို့သဘာဝပါလားဟု နားလည်လိုက်လေ၏။

အရေခွံက အရေးမကြီး၊ အသွေးအသားက အရေးကြီးကြောင်းကို သူသိသွားခဲ့သလို၊ ဘယ်လိုပဲ အရေခွံတွေလဲလဲ၊ မျိုးရိုးမှာတော့ မပြောင်းလဲဟု စိတ်မှာ စွဲထင်ဖြစ်ရင်း ဒီဝန်းကျင်မှာ မင်းမူနေလေတော့သည်။


* * *

ဘွင်းကြီးသား တင်ဝင်းဦး



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတောင် ချမ်းသာကြီး ဆရာတော်နှင့်

# မြနန်းနွယ်

ဦးကျော် (ပြည်)

ရွှေတောင် ချမ်းသာကြီးဘုရားကို အစွဲပြု၍ ချမ်းသာကြီးကျောင်းဟု တွင်ခြင်းဖြစ်သည်။ ချမ်းသာကြီးဘုရားသည် ရွှေတောင်မြို့ပေါ် ဈေးကြီးအနီး ချမ်းသာအောင်မြေကုန်းတော်ပေါ်တွင် တည်ရှိသည်။ ဆရာတော်မှာလည်း ချမ်းသာကြီး ဆရာတော်ဟူ၍ ထင်ရှားခဲ့ပါသည်။

### ထေရုပတ္တိအကျဉ်း

ချမ်းသာကြီးကျောင်းဆရာတော်၏ ဘွဲ့တော်မှာ အ... မိဝရ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၉၀ ခုနှစ်၊ နတ်... လဆန်း ၁၃ရက်၊ စနေနေ့တွင် ဖွားမြင်ခဲ့သည်။ မိဘမှာ... ဦးပန်းခိုင်နှင့် ဒေါ်ညွှန့်ဖြစ်သည်။ ဆရာတော်၏ ဇာတိမြေ... ပန်းတောင်းမြို့နယ်၊ အောင်မင်္ဂလာရွာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အသက် ၁၃နှစ်တွင် ပန်းတောင်း ဆိတ်တဲကျောင်း တွင် ရှင်သာမဏေပြုခဲ့ပြီး သက်တော် ၂၀ တွင် ဦးထွန်းတင်+ ဒေါ်သိန်းဟန်၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘ၀ရောက်ခဲ့သည်။ ဥပဇ္ဈာယ်မှာ ဆရာတော် ဦးသြဘာသဖြစ်၏။

ဆရာတော်လောင်းလျာသည် ရဟန်းဘ၀ဖြင့် ဆိတ်တဲ ကျောင်း၌ နှစ်ဝါသာ နေခဲ့ပြီး မန္တလေး ငွေချိုတိုက်၊ မအူပင် အုတ်ကျောင်းတွင် ရှစ်ဝါရအောင် စာပေလေ့လာသင်ကြား ကာ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ရန်ကုန်သို့ ကြွခဲ့ပြီး သမိုင်း ဗိုလ်ကုလားကျောင်းတွင် စာဆက်သင်ခဲ့ရာ ဂုဏ်ထူးဖြင့် ဓမ္မာစရိယ အောင်မြင်ခဲ့သည်။

လောကီပညာရေးကိုလည်း မန္တလေးသို့ ကြွရောက်ပြီး ဆက်ဖြေခဲ့ရာ လောကီ ၁၀တန်း အောင်မြင်ခဲ့သည်။ ထို့ နောက် ဘီအေဘွဲ့ရခဲ့သည်။ နောင်တွင် ဆိတ်တဲကျောင်း ဆရာတော်က ခေါ်သဖြင့် အောင်မင်္ဂလာ ကျွန်းကျောင်းတွင် တစ်ဝါ ကျောင်းထိုင်ခဲ့သည်။ ၎င်းမှ ရွှေတောင် ချမ်းသာကြီး ကျောင်းသို့ ရောက်ခဲ့ပြန်သည်။

ထိုအချိန်၌ ရွှေတောင် ချမ်းသာကြီး ပထမဆရာတော် ကြီး ဦးပညိန္ဒမှာ ကျန်းမာရေးမကောင်းဖြစ်နေသဖြင့် အနီး ကပ် ပြုစုစောင့်ရှောက်ပေးရလေသည်။ မကြာမီ ဆရာတော် ဦးပညိန္ဒ ဘ၀နတ်ထံ ပျံလွန်တော်မူသဖြင့် ကျောင်းထိုင် ဆရာတော်ဖြစ်ခဲ့သည်။

ထိုအချိန်မှစကာ ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ဖြာကို ဝီရိယ အား သာသနာပြုတော်မူခဲ့ရာ ရွှေတောင်မြို့တွင် သတင်း ကြီးမားလာခဲ့သည်။ သာသနိက အဆောက်အအုံများ တိုးချဲ့ ခြင်းမံပြင်ဆင်ခြင်း၊ စေတီပုထိုးဘုရားရုပ်ပွားတော်အဟောင်း ပြုပြင်၊ အသစ်တည်ထား ပူဇော်ခြင်း၊ ကျောင်းတွင် ရဟန်း [illegible] စာချစာသင်ပြုခြင်း စသော သာသနာ့ကိစ္စများ [illegible] ၍ မရပ်မနား ရွက်ဆောင်သကဲ့ [illegible] တရားဟောခြင်း၊ ဝါတွင်းကာလ [illegible] ကျောင်းပရဝဏ်အတွင်းရှိ အစိုးရ မူလ [illegible] များအား အခါအားလျော်စွာ စာ [illegible]

ဤသည်မှာ တစ်ဆင့်ကြား လေ့လာထားပြီး ရေးသား ခြင်း မဟုတ်ပါ။ ကျွန်ုပ်မျက်မြင်ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်သည် ဆရာတော်ကြီး၏ ငယ်တပည့်ဖြစ်သည်။ ဆရာ တော်ကြီးမှာ ကျွန်ုပ်၏ ငယ်ဆရာဖြစ်သည်။

ဆရာတော်ကြီးကျောင်းတိုက် ပရဝဏ်နယ်မြေအတွင်း တွင် အစိုးရ မူလတန်းကျောင်းရှိခဲ့သည်။ ရွှေတောင် ကန္တား ကျောင်းဟု ခေါ်သည်။ ကျွန်ုပ်မှာ ထိုကျောင်း၌ သူငယ်တန်း မှ စတုတ္ထတန်းအထိ နေလာခဲ့သည်။ ဆရာတော်ကြီး ကျေးဇူးဖြင့် လောကီ လောကုတ္တရာအခြေခံ စာပေဗဟုသုတ များစွာ ကျွန်ုပ်ရခဲ့သည်။ စိတ်တွင် ယနေ့တိုင် မှတ်မှတ်ရရ ဖြစ်နေသေးသည်မှာ ပင်ဝါးရုံကဗျာဖြင့် ရွှေတောင်မြို့နယ်လုံး ကျွတ် မူလတန်းကဗျာရွတ်ဆို အဓိပ္ပာယ်စကားပြေ ပြောဆို ပြိုင်ပွဲ၌ ကျွန်ုပ်မှာ ဒုတိယဆု ရခဲ့ဖူးခြင်းပင်။ ဤသည်မှာ လည်း ဆရာတော်ကြီး၏ ကျေးဇူးမကင်းပေ။ ဆရာတော် ကြီးသည် သူ၏ ကျောင်းတိုက်သို့ ခေါ်ပြီး ရွတ်ဆိုဟန်၊ သဏ္ဌာန်၊ အသံက အစ ကိုယ်တိုင်သင်ပြပေးခဲ့သည်မှာ မမေ့နိုင်သေးပါ။ ကျွန်ုပ် သာမဏေဝတ်ခဲ့တော့လည်း ဆရာတော်၏ ကျောင်းမှာပင် ဝတ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်နှင့် ဆရာတော်မှာ အတော်အတန် ရင်းနှီးကျွမ်းဝင်ခဲ့ ပါသည်။ နောက်ပိုင်းတွင်တော့ လုံး၀ မတွေ့ဖြစ်တော့ပါ။ ဆရာတော်၏ အကြောင်းကိုလည်း ဘာမှမသိခဲ့တော့ပါ။

ဆရာတော်မှာ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရခဲ့သလို၊ ရွှေတောင်မြို့နယ်၊ သံဃနာယက ဥက္ကဋ္ဌဆရာတော်လည်း ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်သည် "ကျွန်ုပ်၏ ကျေးဇူးရှင် ဆရာတော်ကြီး များ"ဟူသော လုံးချင်းစာအုပ်တစ်အုပ်ထုတ်ရန် စိစဉ်ခိုက် ဆရာတော်ကြီးကျောင်းသို့ အရောက်သွားခဲ့ပါသည်။ ဆရာ တော်ကြီး တောထွက်သွားပြီဟူသော စကားသံကိုသာ ကြား ရပြီး ပြန်လာခဲ့ရသည်။ ထို့နောက်ပိုင်း ကျွန်ုပ်နှင့် ဆရာတော် လုံး၀ မဆုံဖြစ်ကြတော့ပါ။ ဆရာတော် တောထွက်သောနှစ် မှာ ခရစ်သက္ကရာဇ် ၁၉၉၉ ခုနှစ်ဟူ၍ မှတ်မိနေပါသည်။

## ပြန်ဆုံသည့်နေ့

ဆရာတော်ကြီးနှင့် ပြန်ဆုံသော ၂၀၁၃ ခုနှစ်၊ ဧပြီလ ၌ ၁၄နှစ်ကြာနေပေပြီ။ ဆရာတော်ကြီးမှာ ရွှေတောင်မြို့ အရှေ့ဘက် ၁၂မိုင်ကွာဝေးသော တောတွင်းတစ်နေရာတွင် သီတင်းသုံးကြောင်း သိရသည်။ နိဗ္ဗာနအကျင့်မြတ်ကို ကျင့် ပွား၍ စေတီငုတ်တိုတစ်ဆူကို ၁၁ တောင်တော် ၄၅တောင် မြင့်မားသော စေတီတော်ကြီးတစ်ဆူအဖြစ် တည်ထားနေ ကြောင်း သိခွင့်ရသည်။

အကြောင်းအကျိုး အသေးစိတ် မသိရသေးသော် လည်း ဆရာတော်ကြီးသည် တောတွင်းမှ ရန်ကုန်သို့ မျက်စိ ပြရန် ကပ္ပိယ ဒကာများ၏ တောင်းပန်လျှောက်ထားမှု



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကြွရောက်လာကြောင်း သိလိုက်ရသည်။ ပထမတွင် ရွှေကုတ်တိုင်မှ ဒကာတစ်ဦး၏ အိမ်တွင် ခဏတာ တည်းခိုပြီး နောက်ပိုင်းတွင် စမ်းချောင်းရှိ ဝေဠုဝတီကျောင်းရှိ ပိဋကတ်တိုက်ကျောင်း၌ ရက်ရှည် တည်းခို သီတင်းသုံးလေသည်။

အမေရိကန်ဗွီးရှင်းတွင်-မျက်စိခွဲသည်။ ရက်ချိန်းများ ပြန်ပြရန်အတွက် ရက်ရှည် တည်းခိုနေရပြန်သည်။ ထိုအခြေအနေသည် ကျွန်ုပ်အတွက် ကုသိုလ်ကံထူးခြင်းဟု ထင်မိပါသည်။ ဆရာတော်ကြီးကို ကျွန်ုပ် ပြန်ဆုံ၍ ဖူးမြင်ခွင့်ရပြီဖြစ်သည်။ မိန့်မြွက်သော ဩဝါဒများကိုလည်း ကျွန်ုပ် နေ့စဉ်နာကြားခွင့်ရလေပြီ။ လိုအပ်သော ဝေယျာဝစ္စကုသိုလ်အပြင် ကာလဒါန ကုသိုလ်ထူးများလည်း ကျွန်ုပ်ရခဲ့ပြီဖြစ်တော့သည်။

ကျွန်ုပ် ကုသိုလ်ထူးများ ရသလို ကျွန်ုပ်၏ ဓမ္မမိတ်ဆွေများကိုလည်း သတင်းပေးလိုက်သည်။ ကုသိုလ်ကောင်းမှုဆိုလျှင် လက်မနှေးတတ်သော ကျွန်ုပ်၏ ဓမ္မမိတ်ဆွေများသည်လည်း အပြေးအလွှားရောက်လာကြပြီး တစ်ပိုင်တစ်နိုင်လှူဒါန်းပူဇော် ကုသိုလ်တော်ယူခဲ့ကြပါသေးသည်။

ဆရာတော်သည် ကျွန်ုပ်တို့အား ညနေတိုင်း တရားဓမ္မဩဝါဒများ ချီးမြှင့်သည်။ အသက်အရွယ်နှင့် မလိုက်အောင်ပင် ဟောနိုင်၊ ပြောနိုင်ပါသည်။ စာတတ်ပေတတ်ပုဂ္ဂိုလ်မြတ်လည်း ဖြစ်သောကြောင့် ပြောသမျှ၊ ဟောသမျှတိုင်း၌ ခန္ဓာသိကို စာသိ၊ ကျမ်းဂန်သိနှင့်ပါ ညှိ၍ ဟောပြောလေ့ရှိကြောင်း သတိကောင်းကောင်းထားလိုက်မိသည်။

ဤနေရာတွင် ရှေး ပေါရာဏဆရာ ရေးခဲ့သည့် ဝစနာကို သတိတရဖြစ်လိုက်ပါသေးသည်။ ဘာတဲ့ . . .။

"တကျမ်းတတ်ရုံ၊ ကျမ်းမစုံ၊ အာဂုံမလင်းနင့်။

အာဂုံလည်း ရှိ၊ ကျမ်းလည်း ညှိ၊ ထိအောင်သူသိဘိ"

ဟူသော စကားပင်ဖြစ်သည်။

ဆရာတော်ကြီးမှာ ကျွန်ုပ်တို့ သိလိုသမျှ မေးလျှောက်တိုင်း ပြန်ဖြေသည်။ ပြန်ဖြေတိုင်းလည်း အာဂုံလည်း ရှိ၊ ကျမ်းလည်း ညှိသည်။ ကိုယ်ထိလည်း သိသည်။ စရဏလည်း ရှိကြောင်း မိမိဉာဏ်လောင်း တွေးဆနိုင်ကြပါသည်။

## ဆရာတော်ကြီးနှင့် မြနန်းနွယ်

မှတ်မှတ်ရရပြောရလျှင် (၂၂-၆-၂၀၁၃)နေ့က ဆရာတော်ကြီးအား ဖူးမြော်လိုသော ဘုရားများသို့ ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေများတို့ လိုက်ပါပို့ဆောင်ပေးကြပါသည်။

လူအများဖြစ်၍ မြေနီကုန်းမှ ဓမ္မမိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်းက ဟိုက်အေ့ကားတစ်စီး ကုသိုလ်ယူ ငှားပါသည်။ လူကိုယ်တိုင် မလိုက်နိုင်၍ တောင်းပန်သည်။ ကားတွင် ကျွန်ုပ်က ဆီကုသိုလ်ယူသည်။ ကိုအောင်မွန်(ရန်ကင်း)က လိုရာ ပို့ဆောင်ပေးမည့် ဒရိုင်ဘာကုသိုလ်ယူသည်။

ကားပေါ်တွင် ဆရာတော်၊ ကပ္ပိယ ကိုဆန်းလွင်နှင့် ဇနီး၊ လှလှနွယ်စာပေမှ ဒေါ်လှလှနွယ်၊ တောင်ဥက္ကလာပမှ Gano ဒါရိုက်တာ ကိုမြင့်ကြိုင်နှင့် ဇနီး မစန်းစန်းအေး (သိမ်ကြီးဈေး)၊ အဏ္ဏဝါမင်း အုတ်-သဲ-ကျောက် ရောင်းဝယ်ရေးပိုင်ရှင် ကိုမင်းဇင်လတ်၊ သုဝဏ္ဏမှ ကိုသန်းဦး(နေခြည်သစ်ခွ)၊ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ယောက္ခမကြီးတို့ ပါလေသည်။

စမ်းချောင်း၊ ဝေဠုဝတီကျောင်းတိုက်မှ မနက် ၉နာရီ ထွက်သည်။ ဆရာတော်က ကျိုက္ကဆံစေတီတော်အား အရင်ဖူးမည်ဟု မိန့်၍ ကျိုက္ကဆံသို့ အရင်သွားသည်။ ထို့နောက် နောက်တစ်ဆူ မဖူးမြော်ခင် အချိန်လင့်သွားမည် စိုးရိမ်၍ ကြေးအိုးဆိုင်တစ်ဆိုင်သို့ ဝင်ကာ ကြေးအိုးဆွမ်းကပ်သည်။ ဒကာ၊ ဒကာမ တပည့်များလည်း နေ့လယ်စာစားကြသည်။ ထိုအလှူရှင်မှာ ကိုမြင့်ကြိုင်၊ မစန်းစန်းအေးတို့ ဖြစ်ပါသည်။

ဆွမ်းစားပြီးသော် ခြောက်ထပ်ကြီးဘုရားသို့ သွားကြပါသည်။ ခြောက်ထပ်ကြီးတွင် မိုးရွာနေ၍ သင့်ရာ တစ်နေရာ၌ အနားယူခိုက် ဆရာတော်ကြီးမှ . . .

"မြနန်းနွယ်ရှိရာ လိုက်ပို့စမ်းကွာ"

ဟူ၍ မိန့်ပါလေသည်။

ကျွန်ုပ်မှာ မထင်မှတ်သော စကားကို ကြားသိလိုက်ရသောကြောင့် ချက်ချင်းတော့ အံ့အားသင့်မိခဲ့ပါသည်။ နောက်မှ အကြောင်းအကျိုးတော့ ရှိပေလိမ့်မည်။ ဆရာတော်မှာ သာမညဆရာတော်မဟုတ်။ ပဋိယတ်၊ ပဋိပတ် နှံ့စပ်တော်မူသည်။ ရဟန်းသားဟူသော ကလောင်ဖြင့် စာ နေသူ စာရေးဆရာ ဆရာတော်လည်းဖြစ်သည်။ ယနေ့တွင် သက်တော် ၈၀ ပင် ကျော်နေလေပြီ။ အဓိသီလ၊ အဓိစိတ္တ အဓိပညာဟု ဆိုအပ်သော သိက္ခာသုံးပါးဖြည့်ကျင့်ဆည်း တော်မူသော ဆရာတော်ကြီးလည်း ဖြစ်ပြန်သည်။

ဆရာတော်ကြီးသည် သီလသိက္ခာကို စောင့်ရှောက် ရာ၌ အသက်နှင့် လဲ၍ ချစ်သော စာမရီသားကဲ့သို့ အသက်ကိုပင် မငဲ့ကွက်ဘဲ သီလသိက္ခာကို အပျက် လုံခြုံစွာ စောင့်ရှောက်သည်။

ဝိနည်းနှင့် မလျော်သော၊ မအပ်သော ရာမိုးခြင်



www.burmeseclassic.com

www.burmeseclassic.com

သန)မှုတို့မှ ကင်းဝေးတော်မူသည်။ ပွတ်သစ်စ ခရသင်းအသွင် အညစ်အကြေးမတင်၊ သန့်ရှင်းဖြူစင်သော သီလရှိသူပင် ဖြစ်ပါသည်။ လာဘ်ရခြင်း၊ မရခြင်းအပေါ် ယိမ်းယိုင်အန်လှုပ်ခြင်း မရှိပါ။ တည်မြဲသော သမာဓိ ရှိပါသည်။

ကျွန်ုပ်က တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်၍ ဘယ်ဆရာတော်ရေးတဲ့ ဘယ်စာအုပ်ထဲက မှားနေတယ် ထင်ပါတယ် ဘုရားဟူ၍ လျှောက်တင်လျှင်လည်း ဘာမှ မြွမ်မိန့်ဘဲ နေတော်မူသည်။

ဆရာတော်ကြီးနှင့် အတော်ကြာ စကားပြောဆို ဘုရားနာကြားကြည့်မှသာ လောကီ၊ လောကုတ္တရာအရာ တို့၌ ကြီးသော ပညာ၊ ရွှင်သော ပညာ၊ လျင်သော ပညာ၊ ထက်သော ပညာ၊ ဖောက်ထွင်းသော ပညာ၊ နက်ရှိုင်းလေး နက်သော ပညာတို့ဖြင့် ပြည့်စုံတော်မူကြောင်း သိနိုင်ပါသည်။

ဤသို့သော ဂုဏ်ထူးဝိသေသ ဆရာတော်ကြီးက မြန်နန်းနွယ်ရှိတဲ့နေရာကို လိုက်ပို့စမ်းကွာ ဆိုသည်မှာ အကြောင်းတော့ ရှိပေလိမ့်မည်လို့သာ ကျွန်ုပ် ဉာဏ်သေးသေးကွေးကွေးလေးဖြင့် သုံးသပ်ရင်း ဗိုလ်တထောင်စေတီတော်မြတ်ဆီသို့ ဦးတည်ခဲ့ပါလေတော့သည်။

ကျွန်ုပ် မကြာခဏဆိုသလို ဗိုလ်တထောင်စေတီသို့ ရောက်ပါသည်။ အနည်းဆုံး တစ်လတစ်ခေါက်တော့ ရောက်သည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ မြန်နန်းနွယ်ရှိရာသို့ မဝင်ဖြစ်။ မြန်နန်းနွယ်နှင့် စပ်သော အကြောင်းအရာများကိုလည်း ဆောင်းပါးများတွင် တွေ့ဖူးသည်။ အမှန်ဝန်ခံရလျှင် လုံးဝမဖတ်ပါ။ ကျော်ဖတ်သည်။ ဤသို့သော ကျွန်ုပ်သည် ယခုမူ ဆရာတော်ကြီးနှင့်အတူ မြန်နန်းနွယ်ပုံတော်ရှိရာ စံကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်နေပေပြီ။

ဆရာတော်ကြီးသည် ဗိုလ်တထောင်ဘုရားကို အရင် ဖူးသည်။ တစ်ဝကြီးဖူးပြီးမှ မြန်နန်းနွယ်ထံ ကြွသည်။ ကျွန်ုပ်တို့အဖွဲ့က ဆရာတော်ကြီးအား ဖေးကူထူမ စောင့်ရှောက်ရင်း ဘေးဘီဝဲယာ နောက်ပါးက လိုက်ကြသည်။

ဆရာတော်ကြီးသည် မြန်နန်းနွယ်ပုံတော်ရှေ့တွင် ရပ်လျက် "သမီး မြန်နန်းနွယ်ရေ…ရောက်မလာတာ ကြာပြီနော်…"အစချီလျက် ပြောဆိုလေ၏။ (ဘာပြောမှန်း မသိလောက်အောင် အသံတိုးဝင်သွားပါသည်။) ၅မိနစ်ခန့် ကြာမှ ပြည်သမျှ ဒါန၊ သီလ၊ ဘာဝနာအဖို့အတွက် အမျှအတန်းပေးဝေသည်ကို သိလိုက်ရပါသည်။

ကျွန်ုပ်လည်း ဆရာတော်ကြီး ပေးဝေသော အမျှကို ဝမ်းမြောက်စွာ သာဓုသုံးကြိမ်ခေါ်လိုက်ပါသည်။ ပြီးသော် မြန်နန်းနွယ်ပုံတော်ကို သေချာကြည့်မိသည်။ အလွန်ပင် ချောမောလှပ၍ အသက်ဝင်လှပါသည်။

မကြာမီ ကျွန်ုပ်တို့ ပြန်ထွက်ခဲ့သည်။ ကျွန်ုပ်၏ စိတ်ထဲတွင် မြန်နန်းနွယ်နှင့် စပ်သမျှ ဆရာတော်ကြီးအား မေးလျှောက်မည်ဟုသာ စိတ်ပိုင်းဖြတ်ထားလိုက်သည်။

ထိုမှဆက်၍ ရွှေဘုန်းပွင့်ဘုရားသို့ လည်းကောင်း၊ ရွှေတိဂုံဘုရားသို့ လည်းကောင်း၊ ကြေးသွန်းဘုရားကြီးသို့ လည်းကောင်း ဆက်တိုက် ဖူးမြော်ပြီး ဆရာတော်ကြီး သီတင်းသုံးရာ ဇေယျဝတီကျောင်းသို့ ပြန်ခဲ့ကြပါသည်။ ကျွန်ုပ်အဖို့ ဆရာတော်ကြီးနှင့် မြန်နန်းနွယ်ကိစ္စကိုသာ ရင်ဝယ်ပိုက်သော အတွေးစတို့ဖြင့်…။

## စိတ်ဝင်စားဖွယ် မြန်နန်းနွယ်

ကျွန်ုပ်တို့ ကျောင်းကို ပြန်ရောက်တော့ ညနေ ၆နာရီ ကျော်နေပြီဖြစ်၏။ ဆရာတော်ကြီးမှာ သက်တော် ၈၀ ကျော်နေသော်လည်း လန်းဆန်းတက်ကြွစွာပင် ကျောင်းပေါ် တက်ခဲ့သည်။ ရောက်သည်နှင့်…

"ကျေးဇူးတင်တယ် ဒကာကျော်ရေ၊ စိတ်ကို လန်းဆန်းသွားတာပဲ။ အညောင်းလည်း ပြေသွားတယ်"

ဟူ၍ ဆိုကာ ပက်လက်ကုလားထိုင်တွင် ထိုင်လေသည်။ ကျွန်ုပ်က…

"ဘုန်းဘုန်းလည်း တစ်နေ့တာလုံး ကားစီးလိုက်၊ လမ်းလျှောက်လိုက်ဆိုတော့ အနားယူပါတော့ ဘုရား။ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါ ဘုရား။ နောက်နေ့ မျက်စိပြတဲ့နေ့ကျရင် ထပ်လာပါဦးမယ် ဘုရား"

ဟူ၍ လျှောက်အပြီးတွင်…

"ခဏနေကြဦး။ မင်းတို့ သိချင်တာ ပြောပြရဦးမယ်"

"ဘာများလဲ ဘုရား"

"မြန်နန်းနွယ်အကြောင်းလေ"

ဟူ၍ မိန့်လိုက်ရာ ကျွန်ုပ် အင်မတန် သိချင်နေကြောင်း တည့်တည့်ပင် လျှောက်လိုက်ပါသည်။

"အေး၊ ပြောမယ်။ ငါ တောမထွက်ခင် တစ်နှစ်လောက်က ဆိုပါတော့။ အင်မတန် ရုပ်ဆင်းအင်္ဂါချောမောပြေပြစ်တဲ့ မိန်းကလေးတစ်ဦး ငါ့ဆီ ရောက်လာတယ်။ သူတစ်ဦးတည်းတော့ မဟုတ်ဘူး။ မိန်းကလေးတစ်ယောက် အဖော်ပါလာတယ်။ ချမ်းသာကြီး ဆရာတော်ဆီ လိုက်ပို့ပါလို့ ပြောတယ်ဆိုပြီး သူက လိုက်ပို့တာတဲ့။ ပို့ပြီးတာနဲ့ အဖော်မိန်းကလေး ပြန်သွားတယ်။ ငါက မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com

မေးတယ်။ ဒကာမက ဘယ်သူလဲပေါ့။ တပည့်တော်မက မြန်န်းနွယ်ပါတဲ့။

ဒါနဲ့ ငါက ထပ်မေးတယ်။ သူက မြန်န်းနွယ်ပါလို့ ထပ်ဖြေတယ်။ သုံးကြိမ်ပြည့်အောင် ထပ်မေးတယ်။ မြန်န်းနွယ်ပါလို့ပဲ ဖြေတယ်။

ဒီတော့ ငါက မြန်န်းနွယ်အတုတွေလည်း ကြားဖူးတယ်လို့ ပြောတော့ နောင် အတုလား၊ အစစ်လားဆိုတာ သေချာသိရပါမယ်လို့ ပြောတယ်။ ဒါနဲ့ ငါက ကဲ - အတုဖြစ်ဖြစ်၊ အစစ်ဖြစ်ဖြစ် လာရင်း ပြောပါဦးလို့ မေးလိုက်တယ်။

လာရတာကတော့ မလာချင်ဘဲ လာရတာပါ ဘုရားတဲ့။ တပည့်တော်မကို လွှတ်နေတာ သုံးကြိမ်ရှိပါပြီတဲ့။ သုံးကြိမ်မှ မသွားရင် အပြစ်ပေးမယ်ဆိုပြီး ဆောင့်ကန်လွှတ်လိုက်လို့ လာရတာပါတဲ့။ မကြာမီမတင်ကာလမှာ (-----) နှစ်ဦး ကေန်ဒုက္ခရောက်ပြီး အသက်အန္တရာယ်ရှိနေကြောင်းပါ။ ဆရာတော်ကယ်မှ သက်သာရာရပါမယ် ဘုရားတဲ့။

ဒါနဲ့ ငါက နေစမ်းပါဦး။ သူတို့ကို ငါက ဘယ်လိုကယ်ရမှာလဲ။ ငါနဲ့လည်း နီးနီးစပ်စပ်မရှိဆိုတော့ အရှင်မြတ်ဘုရားက သူတို့အတွက် သမ္ဗုဒ္ဓေတစ်ထောင် ရွတ်ပွားပူဇော်ပေးရပါမယ် ဘုရားတဲ့ကွ။ ငါလည်း သမ္ဗုဒ္ဓေကို အမြဲတမ်းယုံကြည်ပြီး ရွတ်နေပါတယ်ဆိုတော့ သီးသန့်ရွတ်ပေးပါဘုရားတဲ့။ ကဲ - ကောင်းပြီ၊ ရွတ်ပေးပါ့မယ်။ ဒါပဲလားလို့ မေးတော့ ဒါပါပဲ ဘုရားဆိုပြီး ကျောင်းပေါ်က ဆင်းထွက်သွားတယ်ဆိုပါတော့ကွာ။

ငါက သမ္ဗုဒ္ဓေကို လပြည့်၊ လကွယ်နေ့တွေမှာ အမြဲရွတ်တယ်။ သမ္ဗုဒ္ဓေအဖွဲ့တောင် ရှိတယ်။ ငါ့တပည့်တွေ၊ တပည့်မတွေနဲ့ ဖွဲ့ထားတာ။ ကုသိုလ်ဖြစ် ရွတ်ကြတာပါ။

အဲ • • •သူလည်း ကျောင်းပေါ်က ဆင်းသွားရော ငါက ကျောင်းရှေ့မှာ ရှိတဲ့ ဒကာတစ်ယောက်ကို မင်းခုနက ငါ့ကျောင်းပေါ်က ဆင်းသွားတဲ့ ဒကာမနောက်ကို လိုက်ကြည့်စမ်းလို့ ပြောတော့ ဘယ်တုန်းက ဆင်းသွားတာလဲ ဘုရားတဲ့၊ ခုတင် မင်းတို့ရှေ့က ဖြတ်သွားတဲ့ မိန်းကလေးလေကွာဆိုတော့ ခုနက ကျောင်းပေါ် တပည့်တော် ရောက်လာတော့ ဘုန်းကြီးတစ်ပါးတည်း တွေ့ပါတယ်။ ဘယ်သူမှ မရှိပါ ဘုရားတဲ့။ ဒါနဲ့ သွား • • •သွား။ ကျောင်းရှေ့က ဒကာတွေကို ခေါ်လိုက်စမ်းဆိုပြီး လေးငါးခြောက်ယောက်ကို ခေါ်မေးတယ်။ သူတို့လည်း မမြင်ပါဘူးတဲ့ကွာ။ ခက်ကရော။ ငါ့စိတ်ထဲမှာကတော့ သောင်မတင် ရေမကျဖြစ်နေတော့တာပေါ့ကွာ။

ဒီလိုနဲ့ လပြည့်နေ့တစ်နေ့မှာ သမ္ဗုဒ္ဓေတစ်ထောင်ရွတ်ပေးလိုက်ပါတယ်။ အင်း• • •ဒါပေမယ့် သူပြောခဲ့သလိုပဲဟေ့ ပုဂ္ဂိုလ်တစ်ယောက်သေဆုံးခဲ့တယ်။ ဟာ• • •မှန်နေပြီဟေ့ ဆိုပြီး သမ္ဗုဒ္ဓေကို ထပ်ပြီး ဆက်ရွတ်ပေးခဲ့တယ်။ ဒီနေ့တိုင်အောင်ပါပဲ။

နောက်တစ်နှစ်အကြာမှာတော့ ငါတောထွက်ခဲ့တယ်။ ကျောင်းကနေ ည ၁၁နာရီလောက် တောထဲ စထွက်တယ်။ လမ်းမှာ ခလုတ်တိုက်မိလို့ ကြည့်လိုက်တော့ ဘုရားပျက်က အငုတ်ဖြစ်နေတယ်။ အုတ်စွန်းအုတ်ငုတ်ဆိုပါတော့။ အင်း• • •တောထွက်လာတာ တရားကျင့်ဖို့ပဲ။ ဒါပေမယ့် အပျက်မြင်ရင်တော့ ပြင်ရလိမ့်မယ်။ ဘုရားဟောင်း၊ ဘုရားပျက်တွေမှတော့ အသစ်တည်ရမယ်ပေါ့လို့ နှလုံးသွင်းပြီး တောထဲမှာပဲ ကျင့်ပွားအားထုတ် သီတင်းသုံးရင်း ဘုရားတည်ခဲ့တယ်။

မြေကြီးထဲက တွေ့တဲ့ အုတ်ချပ်စာသားက "အကျော်စွဋ္ဌာ မြတ်သဒ္ဒါ"လို့ ရေးထားတယ်။ ခုနှစ်ရက်သားသမီးတွေကို ကိုယ်စားပြုပြီး ခုနစ်နေ့နံမှည့်ထားတယ်။ အိပ်မက်ထပ်မက်လို့ "ဝိဇ္ဇာမုတ္တိ"လို့ ထပ်ဖြည့်တယ်။

ဒီတော့ ဘုရားဘွဲ့တော်က "အကျော်စွဋ္ဌာ မြတ်သဒ္ဒါ ဝိဇ္ဇာမုတ္တိ စေတီတော်မြတ်ကြီး"လို့ ဘွဲ့တော်ဖြစ်သွားတယ်။ ၂၀၀၁ ခုနှစ်မှာ အမိဋ္ဌာန်ထားပြီး စတည်ဖြစ်တယ်။ အလှူမခံပေမယ့် တောထဲကို အကြောင်းအကျိုးနဲ့ ရောက်လာကြပြီး ဝတ္ထုဒါန၊ လုပ်အားဒါန၊ အကြံဉာဏ်ဒါနတွေ လှူဒါန်းကြလို့ ၄၅တောင် ဉာဏ်တော်အမြင့်ဆောင်တဲ့ စေတီတော်ကြီး အောင်အောင်မြင်မြင် ပြီးနေပါပြီ။ အဲ - ထီးတော်တင်ဖို့ပဲ ရှိတော့တယ်။ ထီးတော်ကလည်း သူ့ပဋ္ဌာန်းဆက်နဲ့သူ ပေါ်လာမယ်ထင်ပါတယ်"

ဟု မိန့်ဆိုပါသည်။

• • •

ဘကယ်တမ်းတွင် လောက၌ သာမန်လူတို့ ဉာဏ်မမီနိုင်သော အဖြစ်ထူးများ ကေန်ရှိနေသလို၊ မှန်းဆ၍မဖြစ်နိုင်သော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ မြင့်မားကြသည့် ပုဂ္ဂိုလ်ထူးများလည်း ရှိနေကြပါသည်။ ထိုအထဲတွင် ရွှေတောင် ချမ်းသာကြီး ဆရာတော်ကြီးသည်လည်း အပါအဝင်ဖြစ်ပေလိမ့်မည် ထင်ပါသည်။

ဆရာတော်ကြီးအား ရှိခိုးကန်တော့ပါ၏■

* * *

ဦးကျော်ပြည်



www.burmeseclassic.com

www.burmeseclassic.com

# အတိုက်အခိုက် အပြိုင်အဆိုင် ဘေးရန် အောင်မြင်နည်း

မိုးဟိန်းကျော် (လပွတ္တာ)



"ဟော…ကိုစောကြီး၊ လာဗျ…ဒီဘက်ဝိုင်းကို"

အထက်ပါအတိုင်း ဖိတ်ခေါ်ခံလိုက်ရသူက ကျွန်ုပ်တို့ နေ့စဉ် ထိုင်နေကျဖြစ်သော ဂုရုပ်ကွက်(ကုန်းလေးဈေး)ထိပ် ဒီ "နံ့ပါတ်ဝမ်း" လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာသူကား ဆရာကြီး ဒေါက်တာ မင်းသိန်း၏ တပည့်ရင်းတစ်ဦးဖြစ်သော ဆေးဒင်ဆရာ တင့်အောင်လင်း (ခေါ်) ကိုစောကြီးဖြစ်သည်။ ကိုစောကြီးက သူ့ဝသီအတိုင်း အမြဲပြုံးနေသော ခင်မင်ဖွယ် ရာ မျက်နှာပေးဖြင့်…

"ဟုတ်ကဲ့၊ လာမှာပါ။ စာရေးဆရာလည်း ရောက်နေ တာကိုး"

"ဟုတ်တယ်ဗျ။ ဒီမှာ ဒီနေ့ လူစုံတယ်ဗျ။ ကိုမြင့်အေး ရေ…ကိုစောကြီးအတွက် တစ်ခွက်ဗျို့"

ကိုစောကြီးက ကျွန်ုပ်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

"ကဲ - ဘာတွေများ ဝိုင်းကောင်းနေကြတာလဲဗျ"

"ဒီလိုဗျ ကိုစောကြီးရ။ ဟောဒီ ကိုအာနီးရယ်။ သူ့ အလုပ်က အရောင်းအဝယ်။ ဒါပေမယ့် အဆင်မပြေဘူးတဲ့ ဗျာ။ အဲ…အလုပ်က ကောင်းပြန်တော့လည်း အတိုက် အခိုက် အပြိုင်အဆိုင်တွေနဲ့ ဘေးရန်က များနေလို့၊ ခမျာ စိတ်ညစ်နေလေရဲ့။ အဲဒါ ကျုပ်က နားထောင်နေရင်း ဆရာ စော ဝင်လာတာကို တွေ့တာနဲ့ ဒီဝိုင်းကို ဖိတ်ပြီး ကိုအာနီး အခက်အခဲကို ပြောပြရတာပါ။ ခင်ဗျားက ဒေါက်တာ မင်းသိန်းရဲ့ တပည့်ရင်းလည်းဖြစ်၊ ကျုပ်တို့မြို့မှာ စေတနာ ကောင်း၊ ပညာကောင်းနဲ့ အဆောင် ယတြာဘက်မှာ ငွေ ကြေး ပဓာန မထားဘဲ ကူညီပေးတတ်တာမို့ ပါရမီလေး ဖြည့်ပေးလိုက်ပါဦးဗျာ"

"အင်း…စာရေးဆရာက စာရေးကောင်းသလို စကား လည်း တတ်တော့ မငြင်းသာအောင် ကူညီရတော့မှာပေါ့။ ဒါနဲ့ စာရေးဆရာလည်း ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှာ အဆောင်၊ ယတြာ၊ ဆောင်းပါးတွေ ရေးနေတာပဲဟာ။ စာရေးဆရာ ကူညီလည်း ရတာပဲဟာ"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ ဒါပေမယ့် ကိုစော ကြီးဆီက ပညာကောင်းလေးတွေလည်း ယူချင်လို့ပေါ့ဗျာ။ ဆရာကောင်းတပည့် ပီသတဲ့ ကိုစောကြီးကို ကျုပ်က လေးစားပြီးသားပါ။ ငွေကြေးထက် ပညာကို တန်ဖိုးထားတယ် ဆိုတာ ကျုပ်သိပါတယ်"

"စာရေးဆရာကတော့ လုပ်ချလိုက်ပြန်ပြီ။ ကဲ - ကောင်းပါပြီဗျာ"

ဟု ပြောပြီး ကိုစောကြီး (ခေါ်) ဆရာ တင့်အောင်လင်း က သူ့စတိုင်ဖြစ်သော သွားလေရာ လွယ်သွားတတ်သည့် သူ့လွယ်အိတ်အတွင်းမှ ကဒ်ပြားလေးတစ်ခုကို ထုတ်ကာ ခုံပေါ် တင်ပြရင်း…



www.burmeseclassic.com

www.burmeseclassic.com

| နေ့သားသမီး | အရပ် | ဘွဲ့အမည် | ဂြိုဟ်သက် | အက္ခရာ | နံသင့်အညွန့် |
|---|---|---|---|---|---|
| တနင်္ဂနွေ | အရှေ့ /မြောက် | အောင်တော်မူ | ၆ | အ | အုန်းညွန့် (၉)ညွန့် |
| တနင်္လာ | အရှေ့ | ကိုးနဝင်း | ၁၅ | က၊ ခ၊ ဂ၊ ဃ၊ င | ကံ့ကော်ညွန့် (၉)ညွန့် |
| အင်္ဂါ | အရှေ့ / တောင် | ဆုတောင်းပြည့် | ၈ | စ၊ ဆ၊ ဇ၊ ဈ၊ ည | စိန်ပန်းညွန့် (၉)ညွန့် |
| ဗုဒ္ဓဟူး | တောင် | လျှောင်းတော်မူ | ၁၇ | လ၊ ဝ | ဝါးညွန့် (၉)ညွန့် |
| ကြာသပတေး | အနောက် | ပြည်လုံးချမ်းသာ | ၁၉ | ပ၊ ဖ၊ ဗ၊ ဘ၊ မ | မေမြိုပန်း (၉)ညွန့် |
| သောကြာ | မြောက် | သကျမုနိ | ၂၁ | သ၊ ဟ | သီဟိုဠ်ညွန့် (၉)ညွန့် |
| စနေ | အနောက်/တောင် | ဓာတ်ပေါင်းစု | ၁၀ | တ၊ ထ၊ ဒ၊ ဓ၊ န | ထန်း/ ဒေါနညွန့် (၉)ညွန့် |
| ရာဟု | အနောက် / မြောက် | ရွှေပြည်အေး | ၁၂ | ရ၊ ယ | ရွက်လှညွန့် (၉)ညွန့် |

"ကဲ - ဟောဒါ ကျေးဇူးရှင် မဒေါ့ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူတဲ့ အတိုက်အခိုက်၊ အပြိုင်အဆိုင်၊ ဘေးအန္တရာယ်ကင်းစေတဲ့ ဂါထာတော်နဲ့ ကျင့်စဉ်ပဲဗျ။ ကျုပ်လည်း ဒီနည်းကို အားထား အသုံးပြုပါတယ်။ တစ်ခုတော့ ရှိတယ်ဗျ။ ဂါထာပေး တေးဖြစ်ဆိုသလို ဘယ်အရာမှ လွယ်လွယ်နဲ့တော့ မစွမ်းဘူးဗျ။ သူ့နည်းစနစ် ကျင့်စဉ်တွေနဲ့ အားထုတ်မှသာ ဂမ္ဘီရပညာဆိုတာ အသက်ဝင်တာဗျ။ အကျိုးလည်း ပေးတာ"

ဟု ပြောကာ ကျေးဇူးတော်ရှင် မဒေါ့ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ကျင့်စဉ်နှင့် ဂါထာတော်ကြီးကို ရေးချပြပါတော့သည်။

**အတိုက်အခိုက် အပြိုင်အဆိုင်**
**ဘေးအန္တရာယ်ကင်း ဂါထာတော်**

ဦး - ဇိနဝန္ဒါထ ဂေါတမံ။
ဇိနဝန္ဒိမ ဂေါတမံ။
ဝိဇ္ဇာစရဏ သမန္နံ။
ဗုဒ္ဓ ဝန္ဒိမ ဂေါတမံ။

"ကဲ - နည်းကတော့ ဟုတ်ပါပြီ။ ပြုလုပ်ပုံလေး ရှင်းပြပါဦး ဆရာစောရဲ့"

"ဟုတ်ကဲ့။ ဒီလိုဗျ၊ မည်သည့်နေ့သားသမီးမဆို မိမိမွေးနေ့မှာ မွေးနံ့ရှိရာအရပ်မှ စလုပ်ရမယ်။ ဥပမာ - တနင်္ဂနွေသားသမီးဆိုရင် တနင်္ဂနွေနေ့ မနက် ၉နာရီမှာ တနင်္ဂနွေနံ အ-အမည်တွဲ့တော်ပါတဲ့ ဘုရားစေတီ(ဥပမာ-အောင်တော်မူ)ရဲ့ နံဂြိုဟ်အရပ်ဖြစ်တဲ့ အရှေ့မြောက်ထောင့်မှာ အုန်း (၉)ညွန့် ကပ်လှူ။ အမွှေးတိုင် ၉တိုင်ပါ ထွန်းညှိပူဇော်ပြီး အထက်ပါ ဂါထာတော်ကို ဂြိုဟ်သက်အရ ၆ခေါက်ရွတ်ဆို ပူဇော်ရပါမယ်။ ဂါထာတော်ကို ရွတ်ဆို ပူဇော်တဲ့အခါ အထူးသတိပြုရမှာက ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုရပါမယ်။ ဥပမာ - ဦး ဆိုတဲ့ အသံကို သံတိုသံပြတ်နဲ့ ဆောင့်ထွက်ရပါမယ်။ ဇိနဝန်ဒါထ ဂေါတမံ၊ ဇိနဝန်ဒါမိ ဂေါတမံ၊ ဝိဇ္ဇာစရဏ သမန်နံ၊ ဗုဒ်ဓ ဝန်ဒါမိ ဂေါတမံလို့ အထစ်အငေါ့မရှိ၊ သံကြောင် သံပျက်မရှိ ရွတ်ဆိုရပါမယ်။ အဖြတ်အတောက် တစ်ခုမပြီးခင် တံတွေးမမျိုချရပါဘူး။ အဲဒီလိုနဲ့ ဇယားမှာ ပါတဲ့အတိုင်း မိမိမွေးနံက စပြီး ၈ရက်ပြည့်အောင် လုပ်ရပါမယ်။

အဲဒီ ၈ရက်အတွင်းမှာ ရှစ်ပါးသီလစောင့်ရပါမယ်။ ညဘက် ဘုရားကန်တော့ပြီး မေတ္တာသုတ်နဲ့ ရွတ်ဆို ပူဇော်ပါ။ အဲဒီအတိုင်း မှန်မှန်ကန်ကန် ကျင့်ဆောင်ပြီးလို့ ရှစ်ပတ်လည်ပြီးရင် မကြာခင် ၈ရက်၊ ၁၇ရက်၊ ၂၆ရက်တွေအတွင်းမှာ အရင်က ရင်ဆိုင်တွေ့ကြုံနေရတဲ့ အတိုက်အခိုက် အပြိုင်အဆိုင်နဲ့ ဘေးအန္တရာယ်တွေ သိသိသာသာပျောက်ကင်း ဝေးကွာပြီး အောင်မြင်မှုတွေ ရလာမှာပါ"

"အေးဗျာ၊ တကယ့် ပညာရှိများ စီရင်ထားတဲ့ ဂမ္ဘီရနည်းများ စနစ်တကျရှိလိုက်တာ။ ဒါကြောင့်လည်း စွမ်းတာပဲနော်။ ကျေးဇူးတင်ပါတယ် ဆရာစောကြီးရယ်။ ကဲ - ဒီဝိုင်းရှင်းမယ်ဟေ့"

"အာ···ကျွန်တော်ရှင်းပါ့မယ် စာရေးဆရာရဲ့"

ဟု ကိုအာနိုးက ကမန်းကတန်းပြောသည်ကို···

"အေးပါ၊ ကျုပ်ကလည်း ဒီဝိုင်းရှင်းမယ် ပြောတာပါ၊ ကျုပ် မရှင်းပါဘူး"

"ဟင်···ထင်သားပဲ"

"ဟားဟားဟား···"

နံပါတ်ဝမ်း လက်ဖက်ရည်ဆိုင်တွင်းမှ ရယ်မောသံ အနီးရှိသူများကိုပင် ရှင်ပြုံးစေနိုင်ပါတော့သည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(မင်းဘူး)

www.burmeseclassic.com

၂၀၁၃၊ အောက်တိုဘာလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အိမ်တွင်းရေး၊ လုပ်ငန်းတွင်း အတွင်းရန်ပေါ်ခြင်း၊ ခန္ဓာကိုယ်တွင်းရောဂါဖြစ်ခြင်းများ ကြုံတွေ့ ခံစားရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ကား၊ ကျောက်၊ ကုမ္ပဏီ၊ ငါးလုပ်ငန်း အဆင်ပြေမည်။ သားသမီးအတွက် စိတ်သောက ဖြစ်ရမည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ပညာရေးကိစ္စ အခက်အခဲတွေ့ရမည်။ အချစ်ရေးကိစ္စ အဆင်ပြေမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ လုပ်ငန်းသစ်ထက် လုပ်ငန်းဟောင်းကိုသာ ဆက်လက်လုပ်ကိုင်ပါ။ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင်၊ အတိုက်အခံနှင့် ကြုံတွေ့ရမည်။ အစာမကြေ၊ လေရောဂါ၊ ဝမ်းနှင့် ပတ်သက်သော ရောဂါခံစားရမည်။

**အကျိုးပေး ဂဏန်း** - ၂၀၇ ပါသော ထီလက်မှတ်ကို ထိုးပါ။
**ကောင်းကျိုးပြုယတြာ** - မွေးနေ့တိုင်း ကန့်ကော်၊ ကြံညွှန့်၊ ငွေပန်း တစ်မျိုးမျိုး(၁၅)ညွှန့် ဘုရားလှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ စပ်တူရှယ်ယာလုပ်ငန်း လုပ်ငန်းသစ် ပြုလုပ်ရမည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်ဆောင်ရွက်နိုင်သည်။ ထီ၊ နာရီ၊ ဖိနပ်၊ အထည် စသော စနေနံပစ္စည်းများ အကျိုးပြုမည်။ အလှူမင်္ဂလာကိစ္စ ပြုလုပ်ရမည်။ ခရီးသွားလာရင်း ချစ်သူတွေ့မည်။ စနေသားသမီးနှင့် အကျိုးပေးမည်။ စက်ပစ္စည်း၊ လက်အောက်ငယ်သား ထွက်မည်။ စက်ပစ္စည်းအဟောင်းဝယ်လျှင် ကောင်းသည်။ အိမ်ထောင်ဖက်နှင့် ယာယီ ခွဲခွာနေရမည်။ အစာမှား၊ ဆေးမှားဖြစ်တတ်သည်။ အပူအစပ်၊ ဆားများသော အစာများကို ရှောင်ပါ။

**အကျိုးပေး ဂဏန်း** - ၂၇၉ ပါသော ထီလက်မှတ်ကို ထိုးပါ။
**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် နှင်းဆီပန်း (၁၀)ပွင့် လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မည်သည့်လုပ်ငန်းမဆို အစပိုင်း၊ အစောပိုင်းတွင် အဆင်မပြေမှု ကြုံတွေ့ရပြီး၊ နောက်ပိုင်းတွင် အဆင်ပြေသွားမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ ဆေး စသော အင်္ဂါနံများ ကောင်းကျိုးပြုမည်။ လက်အောက်ငယ်သား၊ သားသမီး အိမ်မှ ထွက်ခွာတတ်သည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်ဆုံရမည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ မိတ်ဆွေသစ် တွေ့မည်။ ချစ်သူရည်းစား ဖူးစာဖက်တွေ့မည်။ အပျော်အပါးအရှုပ်အထွေး၊ လောင်းကစား၊ အရက်ကိစ္စ ရှောင်ပါ။ အိမ်၊ ခြံ၊ မြေ၊ ဆိုင်ခန်း ရောင်းထွက်မည်။ အကြံအစည်အောင်မြင်မည့်လဖြစ်သည်။ အကြွားအဝါကိစ္စ၊ ဂုဏ်မာန၊ လောဘကိစ္စရှောင်ပါက စိတ်ချမ်းသာမည်။

**အကျိုးပေး ဂဏန်း** - ၂အစ ၇အဆုံး၊ ၇အစ ၂အဆုံး အောင်ဘာလေထီထိုးပါ။
**ကောင်းကျိုးပြုယတြာ** - မွေးနေ့တွင် ဖယောင်းတိုင် (၉)တိုင် ပူဇော်ပြီး ဘုရားဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ စပ်တူရှယ်ယာလုပ်ငန်း လုပ်ကိုင်ရမည်။ ဆွေမျိုးသားချင်းထံမှ ကူညီမည့်သူ ပေါ်ပေါက်မည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ စာပေ၊ ဂီတ အနုပညာလုပ်ငန်းများ အောင်မြင်မည်။ မည်သည့်ကိစ္စမဆို စိတ်တည်ငြိမ်အောင်ထား၍ ပြုလုပ်ပါ။ ပတ်ဝန်းကျင်တွင် မနာလိုသူ၊ အတိုက်အခံပြုလိုသူ ရှိသည်။ အောင်ခြင်း ရှစ်ပါးဂါထာကို နေ့စဉ် ရှစ်ခေါက်ရွတ်ဆိုပါ။ နိုင်ငံရပ်ခြားမှ သားသမီး၊ မိသားစုဝင် တစ်ဦးဦးထံမှ ငွေ၊ လက်ဆောင်ပစ္စည်း အဆက်အသွယ်ရမည်။ နိုင်ငံရေး၊ ပရဟိတ၊ အသင်းအဖွဲ့တွင် ဦးဆောင်ပါဝင်ရမည်။ ခေါင်းမူး၊ ခေါင်းကိုက်၊ အာရုံကြောဆိုင်ရာ ဝေဒနာ ခံစားရတတ်သည်။

**အကျိုးပေး ဂဏန်း** - ၂၊ ၆၊ ၇ ပါသော ဂဏန်းများ ထိထိုးပါ။

**ကောင်းကျိုးပြုယတြာ** - တနင်္လာထောင့်တွင် တံခွန်အဖြူရောင် (၉)လက်လှူပါ။

...........................................................................

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် မိမိပြုလုပ်နေကျအလုပ် ပုံမှန်ပြုလုပ်ပါ။ စွန့်စားသွားလာ လုပ်ကိုင်ရသောအလုပ် မပြုလုပ်သင့်သေးပါ။ သံ သစ်၊ သွပ်၊ သားရေထည်ပစ္စည်း၊ အနုပညာပစ္စည်း၊ သစ်သီးဝလံ အရောင်းအဝယ်များ အကျိုးဖြစ်ထွန်းမည်။ မည်သည့်ကိစ္စမဆို တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနံ ရှောင်ပါ။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း ဒုက္ခပေးမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ ဆုမ ရခြင်း၊ ကံစမ်းမဲပေါက်၊ ထီ၊ ချဲ ပေါက်ကိန်းရှိသည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်ဆုံတွေ့ရမည်။ ချစ်သူထံမှ လက်ဆောင်ရမည်။ မိန်းကလေးများ အရက်သမား၊ ဦးနှောက်မကောင်းသူ၊ အကျင့်မကောင်းသူများကို အထူးသတိထား ရှောင်ပါ။

**အကျိုးပေး ဂဏန်း** - ၂၊ ၅၊ ၆ ပါသော ထီလက်မှတ်ကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရေသတ္တဝါအား အစာကျွေးပါ။ လူ-ဒုက္ခိတကို အစာအာဟာရ ဒါနပြုပေးပါ။

...........................................................................

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ အကြံအစည်၊ ရည်ရွယ်ချက် အောင်မြင်မည်။ မိတ်ဆွေ၊ ဆရာ သမားထံမှ အကူအညီရမည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ ကား၊ ကျောက်၊ ငွေထည်ပစ္စည်း၊ ငါး၊ ကွမ်း၊ ကွမ်းသီး စသည့် တနင်္လာနံ အရောင်းအဝယ် အကျိုးဖြစ်ထွန်းမည်။ ကံစမ်းမဲပေါက်၊ ထီပေါက်ခြင်းများ ရှိမည်။ လူငယ်များ ပြည်ပထွက်၍ အလုပ်လုပ်ခြင်း၊ သင်္ဘောသားအလုပ် လုပ်ခြင်းများ ပြုလုပ်ရမည်။ ဘေးဥပဒ်အန္တရာယ်မကြုံစေရန် သမ္ဗုဒ္ဓေဂါထာရွတ်ဆို ပူဇော်ပါ။ မည်သည့်ကိစ္စမဆို တယူသန်၊ တစ်ဇွတ်ထိုး မပြုလုပ်ဘဲ မိဘဆရာသမားနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ပါ။

**အကျိုးပေး ဂဏန်း** - ၅၊ ၆၊ ၇ ပါသော ထီလက်မှတ်ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နေ့အိမ်ဘုရားတွင် မွေးနေ့တိုင်း သကြားဆွမ်း ကပ်လှူပြီး လိုရာဆန္ဒ ဆုတောင်းပါ။

...........................................................................

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဍ) နှင့် စသော အမည်ပိုင်ရှင်များ...**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ ကံကောင်းပြီး အခွင့်ထူးခံစားရမည်။ စာပေ၊ ဂီတ အနုပညာလုပ်ငန်း အနုပညာနှင့် ဆက်နွယ်သော လုပ်ငန်းများ အဆင်ပြေမည်။ ဝန်ထမ်းများ ရာထူးတိုး၊ လစာဝင်ငွေ တိုးတက်မည်။ ထွက်ပြီးပစ္စည်း ပြန်ဝင်မည်။ ခေတ်မီ ပစ္စည်း၊ ကွန်ပျူတာ၊ ဖုန်းအမျိုးမျိုး၊ ရုပ်မြင်သံကြားစက် စသည်တို့နှင့် ဆက်နွယ်သော ပစ္စည်းအရောင်း အဝယ်လုပ်ငန်း အောင်မြင်တိုးတက်မည်။ အိမ်၊ ခြံ၊ မြေ ရောင်းထွက်မည်။ နေရာဌာနအပြောင်းအရွှေ့ ကြုံတွေ့ရမည်။ အထူ မင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ သွေး၊ လေ၊ နှလုံးနှင့် ဆိုင်သောဝေဒနာ ခံစားရတတ်သည်။

**အကျိုးပေး ဂဏန်း** - ၂၊ ၇၊ ၉ ပါသော ထီလက်မှတ်ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရဟန်း၊ သံဃာအား ထီး၊ ဖိနပ်၊ သင်္ကန်း ကပ်လှူပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား စေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ရုံး – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com




# ဗိုးကျော

ဝက်ထိုးသမား

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ အဖီအောက်တွင် ဦးဘာမျိုးတို့ သားအဖသုံးယောက် လုံသွေးနေကြ၏။ ဦးဘာမျိုးသည် လုံသွေးရင်းက မိုးပေါ်ကို ခဏခဏ လှမ်းကြည့်သည်။ တစ်မိုးလုံး မည်းမှောင်နေ၏။ မကြာမီ မိုးရွာတော့မည်ကို သူ သိသည်။

မိုးနှောင်း ဆောင်းဦး မိုးရွာပြီဆိုလျှင် အအေးက အလွန်ပိုတတ်သည်။ ဆောင်းလေများ မိုးထဲ ပါလာပြီးလျှင် တစ်ကိုယ်လုံး စိမ့်ခနဲနေအောင် အေးသည်။ သာမန် မိုးတွင်းရွာသော မိုးထက် အဆပေါင်းများစွာ အေးသည်။

ဝက်သွားထိုးကြမည့် ဦးဘာမျိုးတို့သားအဖအတွက် ဤလို ဆောင်းဦးသည် အခွင့်အရေးကောင်းတစ်ရပ်ပင် ဖြစ်သည်။ ဝက်များသည် သာမန်အားဖြင့်တော့ အအေးကြီးသော တိရစ္ဆာန်များဖြစ်၏။ သာမန် မိုးတွင်းမိုးက မည်းမှုန်ကြီးကြီး၊ မည်းမှုန်ကြာကြာ၊ အချိန်ဆွဲ၍ ရွာရွာ၊ ဝက်များကား အစားမပျက်၊ အနေမပျက်ကြ။ မိုးရေထဲ လျှောက်သွားကာ ခရများ၊ ကဏန်းများထိ အင်းအိုင်ထဲ ဆင်းဖမ်း တူးဆွ၍ စားတတ်ကြ၏။ မိုးတွင်း နေပူလျှင်လည်း အင်းထဲ၊ အိုင်းထဲဆင်း၍ ရေစိမ် ရွှံ့လူးတတ်ကြ၏။

သို့သော် သည်လို ဆောင်းဦးမိုး အအေးကိုတော့ သင်းတို့လည်း မခံနိုင်ကြ။ အထူးသဖြင့် သားပေါက်စ မီးနေသည့် ဝက်မများက ဤလို ဆောင်းဦးမိုး ရွာပြီဆိုလျှင် ဝက်သိုက်ထဲ ဝင်ပြီး သူ့ကလေးများ တစ်ပြုံတစ်မနှင့် အသိုက်ထဲ ငြိမ်ကုပ်နေတတ်ကြ၏။ ဝက်သားပေါက်မများ ငြိမ်ကုပ်နေချိန်သည် ဝက်ထိုးသမားများအတွက် အကောင်းဆုံး အချိန်ဖြစ်သည်။ ထို့ကြောင့်လည်း တောဝက်ထိုးသွားကြမည့် ဦးဘာမျိုးတို့ သားအဖသုံးယောက်က သူတို့၏ ဝက်ထိုးလုံများကို မြနေအောင် သွေးနေကြခြင်းဖြစ်သည်။

ဦးဘာမျိုးတို့သားအဖ လုံသွေးမပြီးခင်မှာပင် မိုးက သဲသဲမဲမဲရွာလာ၏။ ဆောင်းဦးလေကပါ ရော၍ ကြမ်းလာသောအခါ အအေးမှာလည်း သူတို့ မျှော်လင့်ထားသလို ပို၍ ကြမ်းလာသည်။ ထို့ကြောင့် ဦးဘာမျိုးတို့ သားအဖသုံးယောက်သည် နံနက်စာကို ကမန်းကတန်းစားကာ ဝက်ထိုးရန် အထက်တောဘက်ကို ထွက်လာကြ၏။

ဝံပုန်းတောဘက်တွင် လူကြီးခါးစောင်းသာသာမြင့်သော ဝက်သိုက်ကြီးတစ်ခုကို သားကောင်သွားပစ်ရင်း သူတို့သားအဖ တွေ့ထားကြသည်မှာ ကြာပြီ။ သို့သော် ဝက်သားပေါက်ချိန်၊ ဝက်ထိုးချိန် မရောက်သေးသဖြင့် သူတို့ စောင့်ခဲ့ရ၏။ ယခု သူတို့ စောင့်ခဲ့သော ဝက်ပေါက်ချိန်နှင့် ရာသီဥတုက အခွင့်သာချိန်ကို ရောက်ခဲ့လေပြီ။

ဦးဘာမျိုးတို့ သားအဖသုံးယောက်သည် မိုးထဲ လေထဲတွင် ခမောက်ကိုယ်စီဆောင်းကာ ဝံပုန်းတောထဲ ဝင်လာကြ၏။ ဝက်သိုက်နားရောက်သောအခါ သုံးယောက်စလုံး ခြေလှမ်း ပြိုင်တူရပ်လိုက်ကြ၏။ ဝက်သိုက်ထဲ ဝက်သားပေါက်မနှင့် ဝက်ကလေးများ ဝင်,မဝင်၊ ရှိ,မရှိကို လေအောက်မှ အကဲခတ်ကြသည်။ ပထမဦးခုံး ဝက်ထိုးလိုက်လာကြသည့် သားနှစ်ယောက်ကိုလည်း ဦးဘာမျိုးက ဝက်ဝင်လမ်းကို ပြ၏။

မိုးရွာထားသော ဝက်သိုက်နား တစ်ဝိုက်တွင် ဝက်သားပေါက်မနှင့် ဝက်ကလေးများ ဆော့ပြေးဝင်ထွက်ထားသဖြင့် ဗွက်ထနေသည်။ လက်မောင်း ပေါင်လုံးလောက်ရှိသော သစ်ပင်များတွင်လည်း ဝက်ထိုးထားရာ ရွှံ့နွံများ ကပ်နေသည်ကို တွေ့ရသည်။ တောမြောက်ပင်တစ်ပင်၏ အရင်းတွင်မူ တောမြောက်ဥ တူးဖော်စားထားရာကိုလည်း တွေ့ရ၏။ ရွက်ဆေး ရွက်ခြောက်များရှိ တီကောင်များကို ထိုးရှာစားထားသော နေရာများမှာမူ လယ်သမားတစ်ယောက် ထွန်ယက်၊ ထွန်ထိုးထားသော နေရာများလားပင် ထင်ရသည်။

"သားတို့ ဝက်သိုက်နားတော့ ရောက်လာကြပြီ။ အဖေပြောမယ်၊ အဖေ ဝက်သိုက်ပေါ် တက်ပြီး ဝက်မကြီးကို လုံနဲ့ ဖိထိုးထားလို့ ဝက်မကြီး တကျိကျိအော်နေချိန်မှာ ဝက်ကလေးတွေက လန့်ဖျပ်ပြီး အသိုက်ထဲက ပြေးထွက်လာကြလိမ့်မယ်။ ငါ့သားများ လုပ်ရမယ့် တာဝန်က အသိုက်ထဲက ပြေးထွက်လာကြမယ့် ဝက်ကလေးတွေကို တစ်ကောင်မှ လွတ်မသွားရအောင် တင်းပုတ်နဲ့ ခေါင်းကို ထုသတ်ရမှာပဲ။ လုံနဲ့ မထိုးရဘူးနော်၊ တင်းပုတ်နဲ့ပဲ ထုရိုက်ရမယ်"

"ဘာဖြစ်လို့လဲ အဖေ"

"ဝက်ကလေးတွေကို လုံနဲ့ ထိုးမယ်ဆိုရင် ချိန်ဆနေရဦးမယ်။ အင်မတန်လျင်တဲ့ ဝက်ကလေးတွေက မင်းတို့ကို လုံချိန်နေဖို့ အခွင့်အရေး မပေးဘူး။ ပြီးတော့ လုံနဲ့ ထိုးလို့ ချက်ချင်း မသေရင် ဝက်ကလေးတွေက တအီအီအော်မယ်။ သူ့သားသမီးများ သံရှည်ဆွဲ အော်နေကြသံကြားရင် ဝက်မကြီးလည်း သားသမီးဇောနဲ့ အားမာန်သွင်းပြီး ကုန်းရုန်းထွက်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီလိုဖြစ်ရင် အဖေ့လုံတစ်ချက်က ဝက်မကြီးအားကို နိုင်ချင်မှ နိုင်မယ်။ အဲဒါကြောင့် အသိုက်ထဲက လန့်ဖျပ် ပြေထွက်လာတဲ့ ဝက်ကလေးတွေကို လုံးဝ မအော်နိုင်အောင် တင်းပုတ်နဲ့ပဲ ထုသတ်ရမယ်။ တစ်ချက်တည်းနဲ့ကို အသေသတ်တတ်ရမယ်။ မင်းတို့လုံကို ဒီနေရာမှာ သုံးဖို့ မဟုတ်ဘူး။ ပေး···ပေး၊ ခုကပင် အဖေ့ပေးထားကြ"

ဦးဘာမျိုးသည် ပြောပြောဆိုဆိုနှင့်ပင် သားနှစ်ယောက်ဆီက လုံရှည်နှစ်လက်ကို ယူလိုက်၏။ ထိုအခါ သူတို့သားနှစ်ယောက်လက်ထဲမှာ လက်နက်ဆို၍ တင်းပုတ်တစ်ခုစီသာ ရှိတော့သည်။ ဝက်ထိုးရအောင် လာကြခြင်းဖြစ်သဖြင့် လေး၊ မြား၊ ဝါးပြောင်း၊ လေးခွတို့ကိုလည်း ယူမလာခဲ့ကြ။

သည့်လိုနှင့် သားအဖသုံးယောက်တို့သည် ခြေသံလုံလုံနှင့် လေအောက်က လျှောက်ကာ ဝက်သိုက်နား ကပ်လာကြ၏။ ထိုအချိန်မှာ ဆောင်းဦးမိုးနှောင်းလေကလည်း ပို၍သည်းလာရာ သားအဖသုံးယောက်မှာ တစ်ခါ ပြိုင်တူရပ်ကြပြန်၏။ ဦးဘာမျိုးက သားနှစ်ယောက်ဆီ မေးထိုးပြပြီ···

"သားတို့··· ဝက်သိုက်ပေါ် ကြည့်ကြစမ်း၊ ဘာ ထူးထူးခြားခြားမြင်ရလဲ"

စကားနှင့် မပြောလျှင် မပြီးမှန်းသိသော ဦးဘာမျိုးက သားနှစ်ယောက်နားကို ကပ်၍ လေသံနှင့် မေး၏။

ဘာမိုးနှင့် ဘာဟိုးတို့က ဝက်သိုက်ကို စူးစူးစိုက်စိုက်ကြည့်၍···

"ဝက်သိုက်ပေါ်မှာ အခိုးအငွေ့တွေလိုတော့ မြင်ရသလားလို့"

"အေး ဟုတ်ပြီ။ ဒါဆို ဝက်သိုက်ထဲမှာ ဝက်ပေါက်မကြီးနဲ့ ဝက်



ကလေးတွေ ရှိနေတာ သေချာသွားပြီ။ မင်းတို့ မြင်ရတဲ့ အခိုးအငွေ့တွေဟာ ဝက်တွေပေါ်က မိုးစိုရင် ထွက်တတ်တဲ့ အခိုးအငွေ့မှန်ပုပုတွေပဲ"

"ကဲ··· ဒီတစ်ခါ လေပြင်းတစ်ချက်ဝှေ့လိုက်တာနဲ့ အဖေ ဝက်သိုက်ပေါ် တက်မယ်။ သားတို့က အဖေမှာထားသလိုပဲနော်။ ဝက်ကလေးတွေ တစ်ကောင်မှ လွတ်မသွားစေနဲ့။ ဝက်မကြီးကို ရဖို့ကတော့ အဖေ့တာဝန်ပဲ"

ဦးဘာမျိုး၏ စကားအဆုံးမှာ လေပြင်းတစ်ချက်ကလည်း ကျလာရာ ဦးဘာမျိုးသည် ချက်ချင်းပင် ဝက်သိုက်နား ရောက်သွားသည်။

တင်းပုတ်ကိုယ်စီ ကိုင်ထားကြသော ဘာမိုးနှင့် ဘာဟိုးတို့မှာ သူ့အဖေသွားလာလှုပ်ရှားမှုမှန်သမျှကို မျက်တောင်မခတ် စိုက်ကြည့်နေကြရ၏။ သူတို့မှာ ပထမဦးဆုံး ဝက်ထိုးလိုက်လာကြသူတွေဖြစ်သဖြင့် ရင်တခုန်ခုန်နှင့် စောင့်ကြည့်နေကြရသည်။

သူ့အဖေသည် လုံသုံးစင်းကို ထမ်းကာ ဝက်သိုက်ပေါ် ကိုယ်ဖော့တက်သွားသည်။ ဝက်သိုက်ကြီးမှာ လူကြီးခါးစောင်းသာသာမြင့်၏။ အဝန်းအဝိုင်းမှာလည်း လူကြီးသုံးယောက်ဖက်ခန့်ရှိ၏။ မြက်၊ ဝါး၊ ကျူပင်၊ သစ်ကိုင်းသစ်ခက်များဖြင့် ထိုးထိုးထောင်ထောင် ရှုပ်ရှုပ်ထွေးထွေး တည်ဆောက်ထားသည်။

ဤဝက်သိုက်ကို တွေ့စကတည်းကပင် သူ့အဖေက အနည်းဆုံး ဝက်ကလေး ငါးကောင် ခြောက်ကောင် ပေါက်မည်ဟု ခန့်မှန်းထားခဲ့သည်။ ထို့ကြောင့်လည်း ဘာမိုးနှင့် ဘာဟိုးတို့မှာ ဝက်ကလေး ငါးကောင်၊ ခြောက်ကောင်ကို မလွတ်အောင် သတ်ရမည်ကိုသာ စိတ်စောနေကြ၏။

ဝက်သိုက်ပေါ် ရောက်နေသော သူ့အဖေက···

"အဖေ ဝက်ထိုးတာ ကြည့်ထားကြ"

ဟူသော သဘောနှင့် သူ့လက်ထဲက လုံကို လှုပ်ယမ်းပြ၏။ ဤသို့ သင်္ကေတ တစ်ချက်ပြမှုကို သိ၍ ဘာမိုးနှင့် ဘာဟိုးတို့က ဝက်သိုက်ပေါ်ရောက်နေသော သူ့အဖေကို ခေါင်းညိတ်ပြလိုက်ကြသည်။

သားနှစ်ယောက်အား စိတ်ချသွားသော ဦးဘာမျိုးသည် ဝက်သိုက်ပေါ်တွင် ဖင်ရွှေ့လျှောက်ကာ ဝက်ထိုးပေါက်ကို ခေါင်းငုံ့ရှာနေ၏။ ဤသည်ကို မိုးသည်းလေထန်ဖြစ်နေသဖြင့် အသိုက်ထဲ ငြိမ်ကုပ်နေသော ဝက်မကြီးက လုံးဝ ရိပ်မိပုံမရ။ သားသမီးများ နို့ဆွဲကောင်းအောင် တစောင်းအိပ်ကာ ဖိမ်ယစ် အစာချေနေပုံရ၏။

လူကြီးနှစ်ယောက် သုံးယောက်ဖက်ခန့်ရှိ ဝက်သိုက်ပေါ် ရောက်နေသော ဦးဘာမျိုးသည် အ



www.burmeseclassic.com

www.burmeseclassic.com

ထွက်နေသောနေရာသို့ သစ်ခက်သစ်ကိုင်းအမာခံကို ရွှရွနင်းကာ ဖင်ရွှေ့လျှောက်သွား၏။ ဝက်မကြီးကိုယ်ပေါ်က ထွက်နေသော အငွေ့တထောင်းထောင်းမှာ ဦးဘာမျိုး ထိုးရမည့် ဝက်ဆိုးပေါက်ကို ညွှန်ပြနေသလိုပင် ရှိတော့သည်။

ဝက်မကြီးက သားသမီးများအားသုံးအိပ်၍ နို့တိုက်နေရာကို မှန်းမိသောအခါ ဦးဘာမျိုးက သူ့သားနှစ်ယောက်ဆီ လှမ်းကြည့်၏။ သူသည် ဝက်ကိုထိုးတော့မည်ဖြစ်ကြောင်း၊ သူ့သားများနောင်တွင် ဝက်ထိုးလျှင် ဤသို့ဤနယ် ထိုးကြရမည်ကို သင်္ကေတပြပြန်ကာ ဝက်ထိုးလှံရှည်ကြီးကို ပထမသမ်းရှင်းထိုး၏။

ဝက်သိုက်မှာ လူကြီးခါးစောင်းခန့် မြင့်သည့်အပြင် ကျူရိုး၊ ဝါး၊ မြက်၊ သစ်ခက်သစ်ကိုင်းတို့ ခံနေရာ ထိုအရာများကို ဖွဖွသာသာ အသံမပြည်စေဘဲ ပထမဦးဆုံး လှံလမ်းရှင်းရသည်။ ဝက်သိုက်အောက်ထဲရှိ မြေပြင်တွင် ကလေးနို့တိုက်ရင်း လဲလျောင်းအိပ်စက်နေသော ဝက်မကြီး၏ ကိုယ်တစ်ကွက်ကို မြင်ရသော်လည်း လှံရှင်းပေါက်မှ ဝက်မကြီး၏ လှုပ်ရှားမှုကို ခဏအကဲခတ်ရသည်။ ပြီးတော့မှ သူ့လက်ထဲရှိ လှံရှည်ကို လက်နှစ်ဖက်နှင့် မြဲမြဲကိုင်ကာ ဆန်ဖွတ်သလို တအားကုန်ထောင်ထိုးချလိုက်လေသည်။

အိခနဲ အော်လိုက်သော ဝက်မကြီးအော်သံနှင့် မရှေးမနှောင်းမှာပင် ဝက်ကလေးတစ်ကောင်သည် အသိုက်မှ ပြေးထွက်လာသည်။ ဝက်သိုက်ထွက်ပေါက်လမ်းမှ လန့်ဖျပ် ပြေးထွက်လာသော ဝက်ကလေးကို ဘာမိုးက ဓားပြတ်နှင့် ထုသတ်လိုက်၏။ ထိုဝက်ကလေးနောက်မှ ပြေးထွက်လိုက်လာသော ဝက်ကလေးကိုတော့ ဘာဟိုးက သူ့အဖေမှာထားခဲ့သလို တစ်ချက်တည်းနှင့် အသေထိုးသတ်လိုက်ပြန်သည်။

သူတို့ရှေ့က ထွက်ပြေးသွားကြသော သားချင်းအား လူသားများက ထုသတ်နေကြသည်ကို မြင်ရသောအခါ နောက်ထွက်လာသော ဝက်ကလေးတွေမှာ လန့်ဖျပ်ပြီး အသိုက်ထဲပြန်ပြေးဝင်သွားကြပြန်၏။ သို့သော် အသိုက်ရှိ မိခင်ကြီးမှာလည်း လှံတစ်ချောင်းပြီး တစ်ချောင်း အစူးခံနေရပြီး လူးလိမ့်အော်ဟစ်နေရသည်ကို မြင်ရပြန်သောအခါ ဝက်ကလေးများမှာ ဆောက်တည်ရာမရဘဲ အပြင်ကို ပြေးထွက်လာကြပြန်၏။

အသိုက်ထဲမှ ပြေးထွက်လာကြသော ဝက်ကလေးများကို ဘာမိုးနှင့် ဘာဟိုးတို့က မလွတ်တမ်း ရိုက်သတ်နေကြချိန်မှာ ဝက်သိုက်ပေါ်ရှိ ဦးဘာမျိုးမှာလည်း ဝက်မကြီးကို လှံတစ်စင်းပြီး ထိုးစိုက်ကာ ဝက်သိုက်ထဲက ဝက်မကြီး ထွက်မပြေးနိုင်အောင် လှံရိုးကို မြဲမြဲကိုင်ကာ ဝက်သိုက်ရှိ သစ်ကိုင်းသစ်ခက်တွေနှင့် ကန့်လန့်ခံပေးထားသည်။

အသိုက်ထဲ ပြန်ဝင်ပြေးလိုက်၊ ပြန်ထွက်လာလိုက်နှင့် ဆောက်တည်ရာမရဖြစ်နေကြသော ဝက်ကလေး ရှစ်ကောင်၊ ကိုးကောင်ကို ဘာမိုးနှင့် ဘာဟိုးတို့ ရိုက်သတ်အပြီးမှာ တအီအီအော်ညည်းနေသော အသိုက်ထဲရှိ ဝက်မကြီးမှာလည်း သူတို့အဖေ၏ လှံချက်နှင့် ဇီဝိန်ချုပ် အသက်ပျောက်သွားလေသတည်း။

* * *

မိုးကျော့

အယ်ဒီတာအဖွဲ့၊ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၀)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၇၃၀၅၀၄၇၁၊



www.burmeseclassic.com

www.burmeseclassic.com

# စံချိန်ကိုက်အောင် စားနည်း

ရွှေဥဒေါင်း




www.burmeseclassic.com

www.burmeseclassic.com

ဤအခန်းသို့တိုင်အောင် ဖတ်ရှုလာခဲ့လျှင် များစွာသောသူတို့အဖို့၌ နေ့စဉ် စားသုံးနေကြသော အစာအာဟာရများမှာ များလွန်းသည်သာရှိ၍၊ နည်းလွန်းသည်ဟူ၍ မရှိကြောင်း ရိပ်မိ နားလည်နိုင်ကြပေလိမ့်မည်။ အလွန်ထင်ရှားသော ဥပမာတစ်ခုမှာ ရဟန်းသံဃာတော်များသည် သိက္ခာပုဒ်တော်အလျောက် ညစာကို ရှောင်ကြဉ်ကြရသော်လည်း လူများကဲ့သို့ပင် ခွန်အားပြည့်တင်း၍ ကျန်းမာချမ်းသာစွာ နေကြသည်ကို တွေ့ ကြရပေသည်။ သို့သော် နေ့စဉ် ညသည်မစောင့်နိုင်ဘဲ ဝမ်းစာအတွက် အလုပ်လုပ်ကိုင်ကြရသော လူတို့အဖို့မှာ အစာအာဟာရကို လျှော့ရလျှင် ညစာကို ရှောင်ခြင်းထက်ပင် ကျန်းမာရေးအတွက် နေရာကျသော နည်းလမ်းရှိပေသေး၏။

ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာ ကျေနပ်ခြင်းရှိလျှင် ဖြစ်စေသော မည်သည့်ကောင်းသော အလေ့အကျင့်မျိုးကို မဆိုစေ လိုက်နာမည်ဟု ဆိုနိုင်လောက်အောင် စိတ်အားထက်သန်ခြင်းရှိသူတို့အဖို့မှာ နံနက်စာအတွက် လိမ္မော်သီး တစ်လုံးလောက်ဖြစ်စေ၊ သစ်တော်သီး၊ စပျစ်သီး၊ ပန်းသီးသော အသီးအနှံတစ်မျိုးမျိုးကို ဖြစ်စေ၊ နို့တစ်ခွက်လောက်နှင့် စားသောက်လျှင် ကောင်းကောင်းကြီး လုံလောက်ပေပြီ။ နွားနို့မှာ အစိမ်းသည် အကျက်ထက် သာ၍ကောင်း၏။ ပါ်နွေးနွေးသောက်လိုသူတို့အဖို့မှာ နွားနို့ကို အိုးဖြင့် မကျိုဘဲ ဖန်ခွက်တွင် ထည့်၍ ရေနွေးတွင် အလိုရှိသလောက် နွေးစေအောင် ခပ်ကြာကြာထားသင့်ပေသည်။

ပထမ၌ ဤမျှလောက်နှင့် မကျေနပ်နိုင်သကဲ့သို့ ရှိကြသော်လည်း သုံးလေးရက်မျှ ဆက်လက်လေ့ကျင့်သည့်အခါ စိတ်ကျေနပ်ခြင်းရှိရုံမျှမက၊ ခံစားရသော အကျိုးကျေးဇူးသည် အနည်းငယ် အောင့်ရခြင်းအတွက် ကာမိပေလိမ့်မည်။ သို့သော် ဤကဲ့သို့ အနည်းငယ်မျှ စားသုံးခြင်းထက် လုံးဝမလွဲမချင်း အလျဉ်းရှောင်ကြဉ်ခြင်းသည် သာ၍ပင် အကျိုးရှိပေသေး၏။ အမောအပန်းခံနိုင်၍ အလုပ်လည်း တွင်လှ၏။ ဥဒါဟရဏ်ဆောင်ရသော် အလုပ်ကြမ်းဖြင့် အသက်မွေးရသူတစ်ယောက်သည် ညဥ့်အချိန်များတွင် ရင်ခုန်ခြင်း၊ ချောင်းဆိုးခြင်း၊ ချွေးပြန်ခြင်း စသည့် ဝေဒနာမျိုးဖြင့် နှစ်ပေါင်း အတန်ကြာ ခံစားလာခဲ့ရာ၊ ထိုသူသည် အသားကို အလွန်ကြိုက်တတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း နံနက်စာကို သားငါးများများနှင့် ထမင်းကို နဝ့်အောင် စားတတ်သော အလေ့အကျင့်ရှိခဲ့၏။ ထိုသူသည် ဤကဲ့သို့ ခပ်နှပ်နှပ်စားသောကြောင့်သာလျှင် အလုပ်ကြမ်းလုပ်နိုင်သည်ဟု မှတ်ယူလာခဲ့သည့်ပြင် မွန်းမတည့်မီတွင်လည်း ဗိုက်ထဲ၌ ဟာလာပြန်၍ မောပိုက်ပင်ပန်းခြင်း ဖြစ်ရလေ၏။ ထိုသူ၏ အယူမှာ စားခဲ့ပြီးသော အစာအာဟာရတို့ ကုန်ခန်းကြေကျက်သွားပြီဖြစ်သောကြောင့် အစာလိုနေခြင်းအတွက် အားလျော့နွမ်းနယ်ခြင်း ဖြစ်ရသည်ဟု (လူအများနည်းတူ) မှတ်ထင်စွဲမြဲနေခဲ့၏။

နောက်ဆုံးတွင် အာဟာရဖြင့် ကုနည်းဆရာနှင့် တွေ့၍ နံနက်ပိုင်းတွင် အလျဉ်း အစာမစားဘဲ အလုပ်လုပ်ရန် အကြံပေးခြင်းကို မယုံတယုံနှင့် ရက်အနည်းငယ် စမ်းသပ်လိုက်နာခဲ့၏။ တနင်္ဂနွေတစ်ပတ်ခန့် ကြာလေလျှင်၊ ထိုသူသည် မွန်းတည့်ချိန်တွင် ရှေးကကဲ့သို့ သည်းမခံနိုင်အောင် နုံးဟာခြင်း မရှိတော့သည့်အပြင်၊ ယခင်ကထက်ပင် အလုပ်ကြမ်းကို ပို၍တွင်ကျယ်အောင် လုပ်ကိုင်နိုင်ကြောင်း တွေ့ရလေသည်။

မွန်းလွဲချိန်တွင် ပထမအကြိမ် အစာအနည်းငယ် စား၍ ဆက်လက်လုပ်ကိုင်ပြီးနောက် အလုပ်ပြီးသောအခါတွင်မှ ကျေနပ်လောက်အောင် စားသုံးလေရကား၊ ထိုသူသည် ညဥ့်အချိန်၌ ရင်ခုန်ခြင်း၊ ချွေးပြန်ခြင်း၊ ချောင်းဆိုးခြင်း စသော ဝေဒနာတို့မှ ပျောက်ကင်းချမ်းသာရာ ရခဲ့ဖူးလေသည်။

ဆာလောင်ခြင်းအတုဖြင့် ဝမ်းဗိုက်ထဲတွင် ပူဟာခြင်း ဖြစ်နေ၍ အစာစားလိုက်ကာမှ သက်သာရာရဖူးသော လူတစ်ယောက်သည် ထိုကဲ့သို့ ပူဟာ အားလျော့ခြင်းမှာ ယခင်တစ်နပ်မှ ကြွင်းကျန်နေသည့် အက်စစ်ဓာတ်အညစ်အကြေးတို့ကြောင့် ဖြစ်ရသည်ဆိုခြင်းကို ယုံကြည်နိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ အစာစားလိုက်လျှင် ချက်ချင်း သက်သာရာရသည်ကို တွေ့ရပါလျက် အစာကြောင့် ဖြစ်ရသည်ဆိုခြင်းမှာ သူ့ရှုးပေလောဟူ၍ပင် မေးကောင်း မေးပေလိမ့်မည်။ သို့သော် ဤစာအုပ်ကား စဉ်းစားဉာဏ်ရှိသူတို့အဖို့ဖြစ်၍ အကျိုးအကြောင်းဆက်စပ် ပြသသည်ကို မှန်ကန်အောင် ယူတတ်မှ အကျိုးရှိပေမည်။ သို့သော် အကောင်းဆုံးနည်းကား လက်တွေ့ စမ်းသပ်ခြင်းပင် ဖြစ်၏။ နံနက်စာတစ်နပ်ကို လွှတ်၍ နေ့စာအနည်းငယ်နှင့် ညစာတိုင်မှ ဝအောင် စားခြင်းသည် အလုပ်တွင်ကျယ်မှု၊ ကိုယ်စိတ်ပေါ့ပါး သွက်လက်မှုအတွက် ဘယ်မျှလောက် အကျိုးရှိသည်ကို စမ်းသပ်သူတိုင်း တွေ့ကြရပေသည်။

www.burmeseclassic.com

ထိုနှစ်နပ်အနက် နေ့ခင်းအချိန်တွင် ထမင်း၊ ဟင်းသီးဟင်းရွက်ဖြင့် ချက်သောဟင်း၊ ချိုသောအသီးအနှံတို့ကို စားသုံးနိုင်၍ ညဉ့်အချိန်တွင်ကား ကြိုက်တတ်ရာ အမဲ၊ သားငါးတို့ကို ငါးကျပ်သားထက် မပိုစေဘဲ ပြုတ်၍ ဖြစ်စေ၊ ကင်၍ဖြစ်စေ၊ ဟင်းသီးဟင်းရွက်စိမ်းများ၊ ချဉ်သောအသီးအနှံများနှင့် ကြိုက်သလို စားသုံးနိုင်လေသည်။

ဤနည်းဖြင့် စားသုံးသောသူတို့သည် ရိုးရိုးနည်းဖြင့် စားသောက်သူတို့ထက် ကြာရှည်စွာ အပင်ပန်းခံနိုင်သည်ကို တွေ့ရမည့်အပြင်၊ အစာမစားမီအချိန်၌ ဗိုက်ထဲတွင် ပူဟာခြင်း၊ အစာစားပြီးသောအခါ၌ နင့်တင့်တင့်ဖြစ်၍ လေးလံထိုင်းမှိုင်းခြင်း စသောအဖြစ်မှ လွတ်ကင်းနိုင်ကြပေလိမ့်မည်။ ဖော်ပြခဲ့ပြီးသော အကျိုးကျေးဇူးတို့အပြင် ခေါင်းခဲ၊ လည်နာခြင်းမျှ မရှိရအောင် အလွန်ကျန်းမာ၍ အသက်ရှည်ခြင်း၊ စိတ်၏ ကြည်လင် ရွှင်လန်းခြင်း စသော အကျိုးများလည်း ခံစားရဦးမည်ဖြစ်ရကား၊ ပြုလုပ်လာခဲ့ပြီးသော အလေ့အကျင့်၏ ကျေးကျွန်ရသာရုံ ခံစားမှု၏ တပည့်များ မဟုတ်သေးသူတိုင်း စမ်းသပ်လေ့ကျင့်အပ်ပေသည်။

## အတွဲအဖက်ကို ရှင်းပြခြင်း

ကျွန်ုပ်သည် ဝမ်းချူခြင်း၏ အကျိုးအာနိသင်ကို မိမိကိုယ်တိုင် ခံစားလာခဲ့ရသော်လည်း အတွဲအဖက် မှန်ကန်အောင် အစားအစာကို မှီဝဲခြင်းနှင့် ပတ်သက်၍ ဤတတိယအကြိမ် ရိုက်နှိပ်မည်ဟု ပြန်လည်ဆန်းစစ်ခါနီးအချိန်တွင်မှ ကိုယ်တိုင် စမ်းသပ်မိကြောင်း ဝန်ခံရပါမည်။ ယခုတစ်လော၌ ကျွန်ုပ်ကို သုံးလေးနှစ်ခန့် အမြဲမတွေ့ရဘဲ ကွဲကွာနေသော မိတ်ဆွေများက…

"ခင်ဗျားကို ကြည့်ရတာ နောက်ဆုံး တစ်ကြိမ်တွေ့ရတုန်းကထက်တောင် ပြန်ပြီးငယ်နေတယ် ထင်မိတယ်ဗျာ"

ဟု ပြောကြလေသည်။

တိပိဋကဆရာတော် အရှင် ဦးဝိစိတ္တသာရကမူ…

"ဒကာကြီးနဲ့ ဘုန်းကြီးနဲ့ မတွေ့ရတာ ဆယ်နှစ်ကျော်သွားပြီထင်တယ်။ ဘုန်းကြီးမျက်စိထဲမှာတော့ ဒကာကြီးဟာ ဟိုတုန်းကထက် တောင့်တောင့်တင်းတင်းရှိလို့ပဲ့ အားရလိုက်တာဗျာ"

ဟု မိန့်တော်မူလေသည်။

ပြောမည့်သာ ပြောသည်၊ ကျွန်ုပ်သည် ဆရာတော်နှင့်တွေ့သောအချိန်(ဝါဆိုလပြည့်နေ့)က အစာစားခြင်းနှင့် ပတ်သက်၍ တစ်ကြိမ်လျှင် ရက်သတ္တပတ် တစ်ပတ်လောက် သုံးလေးကြိမ်မျှ ပြတ်တောင်း ပြတ်တောင်း လုပ်ရရုံသာ ရှိပါသေးသည်။ ထိုစဉ်ကမူ အစာကို လျှော့၍ စားရုံဖြ… သော နည်းမျှလောက်သာ စမ်းဖူးသေးရာ၊ ဤစာရေးသေ… အချိန်မှစ၍မူ ယခင်ထက် တိကျအောင် လိုက်နာဖို့ ကြိုး… ရန် ပြင်ဆင်လိုက်ပြီးပါပြီ။

အတွဲအဖက် မှန်ကန်အောင် စားသောက်တော့မည်… ဟု ဆုံးဖြတ်လိုက်သောအခါတွင် ကျွန်ုပ်ကိုယ်တိုင် ရှေးရှ… ဖို့ အခက်အခဲရှိ၍ မရှင်းမလင်းဖြစ်နေသော အခြင်းအရာမျ… ကြုံတွေ့ရပါသည်။ သို့ဖြစ်၍ အစာရွေးချယ်ခြင်းနှင့် ပတ်သက်… ၍ ထပ်မံ လေ့လာပြန်သောအခါ စာအုပ်ပါ စည်းကမ်းဥပဒေ… နှင့် ညီညွတ်အောင် လွယ်လွယ်နှင့် ဖြစ်နိုင်သောနည်း… တွေ့ရှိရပြန်သည်ဖြစ်၍ ယုံကြည်သဖြင့် စမ်းလိုသူများ လို… နာနိုင်ရန်အတွက် ရှင်းလင်းဖော်ပြလိုက်ပါဦးမည်။

အာဟာရအကြောင်း ဖော်ပြသည့်အခန်းတွင် အ… အစာများသည် ကြေကျက်ရန်အတွက် အစာအိမ်မှ အ… တစ်မျိုးရှိ၍၊ အချို့မှာ အခြားအရည်တစ်မျိုးလိုသည်ဖြစ်… ၎င်းအရည်နှစ်မျိုးတို့သည် အလင်းနှင့် အမှောင်၊ သို့မဟု… အဖြူနှင့် အမည်းကဲ့သို့ ဆန့်ကျင်ဘက် သဘာဝရှိခြင်း… လည်း ဖော်ပြခဲ့လေပြီ။ အရည်တစ်မျိုးမှာ အက်စစ်ဓာတ်… ဒုတိယတစ်မျိုးမှာ အယ်လ်ကာလီဓာတ်မရှိခြင်းကိုလ… ဖော်ပြခဲ့လေပြီ။ ကြေကျက်ရန်အတွက် အက်စစ်ဓာတ်… သော အစားအစာနှင့် အယ်လ်ကာလီဓာတ်လိုသော အ… အစာတို့ကို တစ်ပြိုင်တည်းအတူ(တစ်နပ်တည်း) စားသုံး… အခါ အစာအိမ်အဖို့ အလုပ်လုပ်ရန် ခက်သည်ဆိုခြင်း… လည်း နားလည်လောက်ကြပေပြီ။ သို့ဖြစ်လျှင် ထိုအ… နှစ်မျိုးကို မရောနှောမိစေရန် အဘယ်ကဲ့သို့ သတိပြုရပါ… နည်း။

ဤပြဿနာနှင့် ပတ်သက်၍ လွယ်ကူအောင် အ… အစဉ်လုပ်ထားသည့်နည်းတစ်ခုကို ကျွန်ုပ်ကိုယ်တိုင် စမ်း… ရှာဖွေတွေ့ရှိထားပါသည်။ ကျွန်ုပ်တို့ စားနေကျဖြစ်သေ… အစားအစာများကို သူ့အမျိုးနှင့်သူ သဘောတူသ… အလျောက် ပိုင်းခြားလိုက်သော် သုံးမျိုးရှိသည်ကို တွေ့…

(၁) သား၊ ငါး၊ ကြက်ဥ၊ ထောပတ် စသည့် ပရိ… အုပ်စု၊

(၂) ဂျုံ၊ ဆန်တည်းဟူသော အစေးပါသည့် အစ… နှင့် သကြား၊ ထန်းလျက်၊ သကာ စေ… ချိုသောအစာများ၊

(၃) သစ်သီးအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ… လေသည်။

www.burmeseclassic.com

ဤအုပ်စုသုံးခုအနက် (၁)နှင့် (၂)တို့သည် ဆန့်ကျင်ဘက်ဖြစ်ကြ၍ (၃)မှုကား မည်သည့်အုပ်စုနှင့်မရွေး အတူ တွဲယှက်စားသုံးနိုင်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ မြန်မာ များ စားသောက်ကြသည့် ထမင်းနှစ်နပ်အနက် ပထမ နပ်တွင် ထမင်းနှင့် ဟင်းသီးဟင်းရွက်(သက်သတ်လွတ်ဟင်း) နှင့် အသီးအနှံအမျိုးမျိုးကို စားသုံးနိုင်သည်။ ဒုတိယနပ် (ညစာ)အတွက်မူ ထမင်းကို ရှောင်၍ သား၊ ငါး၊ ကြက်ဥ၊ ထောပတ်နှင့် ဟင်းသီးဟင်းရွက်ပြုတ်အမျိုးမျိုး၊ ခရမ်းချဉ်သီး၊ စသည်တို့ကို စားနိုင်သည်။ ထမင်းမပါသည့် တစ်နပ် အတွက်ကြောင့် ပထမ၌ မတင်းတိမ်သလိုလို ဖြစ်တတ် သော်လည်း ထမင်းမြိန်ရမှ ကျေနပ်ချင်တတ်သည့် ကျွန်ုပ် ကိုယ်တိုင် တစ်ခါတစ်ရံ ရက်သတ္တတစ်ပတ်ခန့် ထမင်းကို နပ်စလုံးလွှတ်ပြီး စမ်းကြည့်ရာ သုံးလေးရက်အတွင်း ကျင့်ရပြီး ကောင်းစွာ ကျေနပ်သည်ကို တွေ့ရပါသည်။

အထက်ပါ ထမင်းနှစ်နပ်အပြင် နံနက်စောစောနှင့် ညနေခင်းတွင် သရေစာစားသည့် အလေ့အကျင့်ရှိသူ အတွက်ကလည်း လိုသေး၏။ နံနက်စောစောတွင် ပေါင်မုန့်ကင် ထောပတ်သုတ်(တို့စ်) စားတတ်သူတို့အဖို့မှာ ထောပတ်နှင့် ပေါင်မုန့်သည် လည်းကောင်း၊ နွားနို့နှင့် သကြားသည် လည်းကောင်း၊ များသောအတွဲများဖြစ်သောကြောင့် ရှောင်ဖို့ ခဲယဉ်းခြင်း ရှိကြပေလိမ့်မည်။ သို့သော် ပထမတန်း ကျန်းမာခြင်းကို အလိုရှိသူများသည် အထက်ပါ စားနေကျ စားစရာများအစား ခရမ်းချဉ်သီး၊ ဒိန်ခဲ၊ ပန်းသီး၊ စပျစ်သီး စသည်တို့ဖြင့် ကျေနပ်နိုင်လောက်ပါသည်။

ရေးမည့်သာ ရေးရသည်၊ ဤစားစရာများမှာ အဖိုးတန် လွန်းလှသည်ဖြစ်သောကြောင့် စတော်ပဲပြုတ်၊ လက်ဖက် ရည်ကြမ်းနှင့် ငှက်ပျောသီးတစ်လုံးလောက်ဆိုလျှင် ကျေနပ် နိုင်လောက်ကြပါသည်။

"ကျုပ်တို့တော့ တစ်သက်လုံး တွေ့ကရာ ရှစ်သောင်း တွေ စားလာခဲ့တာ ဘာမှမဖြစ်ပေါင်ဗျာ၊ မာလိုက်တာ တင်း လို့"

ဟု ပြောလိုသူများ ရှိကြလျှင်…

"ခင်ဗျား… နံနက်တိုင်း လေးနာရီလောက် ထတဲ့ အခါမှာ အိမ်မိုးကို ဒူးနှင့် ခုန်တိုက်ချင်တဲ့ စိတ်မျိုး ခဏခဏ ဖြစ်သွားကြရဲ့လား"

ဟု မေးလိုက်ချင်ပါသတည်း။

* * *

ရွှေဥဒေါင်း


## မိန်းမပျိုလေးများ ဒါဖတ်ပြီးမှ ရည်းစားထားပါ

- ချစ်သူရည်းစားထားရင် ဘယ်နေ့နံကို ရွေးချယ်သင့်ပြီး၊ ဘယ်နေ့နံကို ရှောင်သင့်သလဲ…။
- မိမိကံက ချစ်သူရည်းစားတစ်ဦးတည်းနဲ့ ခိုင်မြဲနိုင်သလား၊ ရည်းစားပျက်၊ ချစ်သူဆက်များနိုင်လား…။
- လက်မထပ်ခင် ချစ်သူဘဝမှာ စည်းကျော်ပြီး အရှက်တကွဲကိစ္စတွေဖြစ်ခြင်း ကြုံရတတ်လား…။
- ချစ်သူဘဝမှာ ပျော်ရွှင်ကြည်နူးစရာတွေများမလား၊ ပူဆွေးဝမ်းနည်းစရာတွေ များမလား…။
- ကိုယ့်ချစ်သူကို လူကြီးမိဘသဘောကျနိုင်မလား၊ သဘောမကျနိုင်ဘူးလား…။

(စသည်ဖြင့်…… ကြိုတင်သိသင့်တာတွေ အများကြီးရှိပါတယ်)

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

**ယုံကြည်အားကိုးမှသာ လာခဲ့ပါ**


အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။




www.burmeseclassic.com

www.burmeseclassic.com



# ဘိုးဘွားရိပ်သာ မရှိသော ရွာကလေးမှ
# အံ့ဖွယ် ဓလေ့ထူးများ

ဗေဒသုတေသီ ဆရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တစ်နေ့သ၌ အောင်ပန်းမြို့ "ဝ"သုံးလုံး တောင်ပေါ်ရှိ ဘရသေ့ ဦးဓနိယျထံသို့ ရောက်ရှိခဲ့လေ၏။

"လာဟေ့ . . . လူလေး၊ မင်းလာတာနဲ့ အတော်ပဲ။ ဘဘ အင်းထဲက တောင်တိုရွာကို တရားစခန်းသွားဖွင့်မလို့ ကွဲ့။ အဲဒါ သားလိုက်ခဲ့မလား"

"ဟား . . . လိုက်မယ် အဘ၊ ကျွန်တော် အင်းလေးကို တစ်ခါမှ မရောက်ဘူးသေးဘူး။ ဘဘသွားမယ်ဆို ဟန်ကျ တာပေါ့"

ဤသို့ဖြင့် ဘရသေ့နှင့် စာရေးသူတို့သည် နောက် တစ်နေ့နံနက် ၅နာရီအချိန်တွင် "ဝ"သုံးလုံးတောင်ပေါ်မှ ဆိုင်ကယ်ဖြင့် ထွက်ခွာလာခဲ့ကြပေ၏။

ဟဲဟိုးမြို့သို့ ရောက်ပြီး တောင်လေးလုံးစခန်းသို့ ရောက်ရှိသည်။ နံနက် ၉နာရီထိုးမှာ အင်းတိန်သို့ ရောက် ၏။ အင်းတိန်တွင် တစ်နာရီခန့် အနားယူပြီး တောင်တိုရွာ သို့ ဆိုင်ကယ်ဖြင့် ဆက်လက်ထွက်ခွာလာသည်။ နေ့လယ် တစ်နာရီထိုးသောအခါ တောင်တိုရွာလေးဆီသို့ ခက်ခက်ခဲခဲ ဖြင့် ဆိုက်ရောက်လို့ လာသည်။ အမေခမ်း ဦးဆောင်သော ရွာသူရွာသားများက ဝမ်းမြောက်စွာ ဆီးကြို နှုတ်ဆက်ကြ သည်။

### အမေခမ်းနှင့် တွေ့ဆုံခြင်း


ဘရသေ့ အိပ်စက်အနားယူချိန်တွင် စာရေးသူသည် အမေခမ်းနှင့်အတူ ရွာသားနှစ်ဦးဖြင့် တောင်တို ရေလယ်ရွာ ရှိဘုရားကို ဖူးမြော်သည်။ စာရေးသူမှ အမေခမ်းကို အင်တာ ဗျူးဖြစ်သည်။

"ဒီဘုရားကို အလောင်းစည်သူမင်း တည်ခဲ့တာ သား ရဲ့ အမေ့နာမည်က ဒေါ်နန်းခမ်းနွယ်။ အသက်ကတော့ ၇၅နှစ်ပါ။ ၁၃၆၁ ခုနှစ်မှာ အမေ ဒီကို ရောက်လာတယ်။ အရင်က အဘအောင်မင်းခေါင် အမည်ပေးထားတဲ့ အရိယာ ဓမ္မမေတ္တာ သစ္စာပါရမီရှင်အဖွဲ့ဆိုတာ ရွှေညောင်မှာ ရှိတယ်။ ဒီအဖွဲ့ဟာ အဖြူဝတ် ရွှေရင်ကျော်အဖွဲ့နဲ့ အမေတို့ အညို ဝတ်အဖွဲ့ နှစ်ဖွဲ့ပေါင်းထားတယ်။

တစ်ည အိပ်မက်ထဲမှာ အလွန်ကြည့်ကောင်းတဲ့ မယ်တော်တစ်ပါးရောက်လာတယ်။ "သမီး . . . ဆရာတော် တစ်ပါး ဘုရားတည်တာကို အောင်မြင်ဖို့ သွားကူညီရမယ်" တဲ့။ အဲဒီနောက်မှာတော့ မွေတော် အောင်ချမ်းသာမှာ ဘုရား တည်ဖြစ်တယ်။ နောက်တစ်ခါ စော်ဘွားတစ်ဦးက အိပ်မက် ပေးပြီး ဒီနေရာကို ပြတယ်။ အရင်စေတီဟောင်းက မြေကြီး ထဲမှာ ၁၂တောင်လို့ မြုပ်နေပြီး ငှက်ပျောဖူးနဲ့ ဖောင်းရစ်ပဲ ပေါ်တယ်။ ဖော်လို့ မရလို့ အဲဒါကို ပြန်ငုံပြီး တည်ထားတာ။

အိပ်မက်ထဲမှာ အထင်အရှားပြတာက ရေတွင်းဟာ တနင်္ဂနွေထောင့်မှာ၊ ဘုရားက စနေထောင့်မှာ။ ရေတွင်းကို ရှာတွေ့တော့ နှုတ်ခမ်းသားလေးပဲ ပေါ်နေလို့ အမေ ပြန်ဖော် ထားတာ။ ဒီရေတွင်းက ဘုရားတည်ဖို့ ဖော်ပေးထားတာ။ မသန့်တဲ့ နေရာမှာ သုံးလို့ မရဘူး။ သုံးမိရင် အသစ်ပြန်ဖော် ပေးရတယ်။


၁၃၇၂ခု ဒုတိယဝါဆိုလဆန်း ၃ရက်နေ့မှာ ပန္နက်တင် တယ်။ ကိုရင်ကြီးတစ်ပါးရောက်လာပြီး ပန်းရံကုသိုလ်ယူ တယ်။ ဘုရားထီးတင်ပြီးတာနဲ့ အဲဒီ ကိုရင်ကြီး ပျောက်သွား တယ်။ ဘုရားထီးတင်တော့ ပအိုဝ်းအဖွဲ့က ဓမ္မစကြာရွတ် ပြီးလို့ ဖျာသိမ်းလိုက်တဲ့အခါ အောက်ကနေ မြွေအဝါ အကြီး ကြီးထွက်လာတယ်။ လူကို အန္တရာယ်မပြုဘဲ ရာဟုထောင့်





www.burmeseclassic.com

www.burmeseclassic.com



က တောင်ပို့ထဲကို ဝင်သွားတယ်။ အခု အဲဒီတောင်ပို့ မရှိတော့ဘူး။ ဟိုဘက်မှာ ဘုရားငါးဆူနေရာဟောင်း ရှိတယ်။ ကမ္ဘာစစ်ဖြစ်တော့ ဂျပန်ဗုံးဒဏ်ကြောင့် ရွာပျက်ပြီး ဒီရွာသစ်ကို ရွှေ့လာကြတာ"

ရေတွင်းက တနင်္ဂနွေထောင့်ဖြစ်ပြီး စေတီက စနေထောင့်ဖြစ်နေခြင်းမှာ ဘုရားဖူး ပရိသတ်များ ဆယ့်တစ်မီးငြိမ်းစေရန် အဋ္ဌောတတ် ဆင်ထားခြင်းဖြစ်မည်ဟု စာရေးသူ ယူဆသည်။ မြွေဝါကြီးကို တွေ့ပြီး ရာဟုထောင့်ထဲ ဝင်ရောက်သွားသည်မှာ ရွာသူရွာသားများ ဘေးအန္တရာယ်ကင်းစင်မည့် နိမိတ်ထူးပင် ဖြစ်သည်။ ထို့နောက် စာရေးသူတို့သည် ရွာဟောင်းနေရာမှ ပြိုပျက်လျက်ရှိသော ဘုရားငါးဆူကို ဆက်လက်လေ့လာ ဖူးမြော်ကြသည်။

### ပထမအကြိမ် အံ့ဖွယ် ဓလေ့ထူး

ညနေပိုင်းတွင် အဘနှင့်အတူ ရွှေဟင်္သာကျ တောင်တိုအမွေတော်ဘုရားကြီးကို သွားရောက် ဖူးမြော်ကြသည်။ အဘက...

"ဒီလောက် ကောင်းတဲ့နေရာမှာ သာသနာထွန်းကားဖွံ့ဖြိုးနေတာ အံ့သြစရာမကောင်းဘူးလား လူလေး"

ဘုရားပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့မှစ၍ လပြည့်ကျော် ၄ရက်နေ့အထိ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည်။

### ဒုတိယအကြိမ် အံ့ဖွယ် ဓလေ့ထူး

အဘနှင့် စာရေးသူတို့ ဘုရားဖူးပြီးနောက် အမေခမ်းအိမ်သို့ ပြန်ရောက်လာကြသည်။ အဘနှင့် အမေခမ်းမှာ ရာသက်ပန် ဥပုသ်စောင့်ကြသူများ ဖြစ်၍ စာရေးသူကိုသာ ညစာ ပြင်ဆင်ကျွေးမွေးပါသည်။ တောင်တိုရွာတွင် အသက်အရွယ်ကြီးရင့်သည့် ကန်တော့ခံ ပုဂ္ဂိုလ်များမှာ ရာသက်ပန်ဥပုသ်သီလဆောက်တည်ကြခြင်းမှာလည်း အံ့ဖွယ် ဓလေ့ထူးတစ်ခုပင်။ အမေခမ်းကတော့ နေ့စဉ် ရှစ်ပါးသီလစောင့်ထိန်းကြောင်း သိရသည်။

### တတိယအကြိမ် အံ့ဖွယ် ဓလေ့ထူး

ညဘက်တွင် အိပ်ရာမှ ပြင်ဆင်ပြီး ဘုရားရှိခိုးခြင်း ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ပြုလုပ်ပြီး အနားယူကြသည်။

နောက်နေ့ နံနက် ၄နာရီတွင် အဘနှင့် အမေတို့သည် ဘုရားခန်းတွင် ဥပုသ်စောင့်ခြင်း၊ တရားဘာဝနာပွားခြင်းတို့ကို မြင်တွေ့ရ၍ သာဓုခေါ်မိပါသည်။

စာရေးသူအတွက် တောင်တိုရွာ၏ ဓလေ့ထူးတစ်ခုကို ထပ်မံတွေ့ရှိသည်။ အခြားမည်သည့်နေရာများမှ မတွေ့မြင်ခဲ့ရပေ။ လူငယ်များက သက်ကြီးရွယ်အို အဘိုးအဘွားများကို အလှည့်ကျ စောင့်ရှောက်ကြသည်။ သားသမီးနောက်ခံ မရှိသော အဘိုးအဘွားတို့သည် မိမိအိမ်၌ပင် တရားဓမ္မနှင့် မွေ့ပျော်စေသည်။ အလုပ်လုပ်စရာ မလို၊ စီးပွားရှာစရာ မလို၊ ချက်ပြုတ်စရာ မလိုတဲ ရပ်ရွာမှ လူငယ်များက အိမ်တိုင်ရာရောက် ထမင်းချိုင့်လာပို့ကြခြင်းပင် ဖြစ်သည်။ အဘိုးအဘွားတို့၏ ဝေယျာဝစ္စများကို အစမှ အဆုံးတိုင် လုပ်ကိုင်ပေးသွားကြသည်။ ကောင်းလိုက်သည့် ဓလေ့ထုံးစံပင်။ မြို့ရွာတိုင်း၌ ဤဓလေ့များ ရှိမည်ဆိုပါက ဘိုးဘွားရိပ်သာရယ်လို့ သီးခြားလိုအပ်မည် မထင်ပါ။

### စတုတ္ထ အံ့ဖွယ် ဓလေ့ထူး

အဘနှင့် စာရေးသူတို့သည် တောင်တို ဘုရားဈေးကုန်း ဈေးထိပ် လက်ဖက်ရည်ဆိုင်ကို သွားကြသည်။ "ဟိုတ်ဟင်း... တာ"စားသောက်ဆိုင်ပိုင်ရှင်မှာ ရန်ကုန် အင်းစိန်သားဖြစ်ပြီး ပအိုဝ်းသူနှင့် အိမ်ထောင်ကျကာ ဤရွာသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ကိုအေးကိုမှ...

"ဆရာ...ဒီနေ့ ဥပုသ်နေ့ဆိုတော့ ခဏနေရင် ရွာက ဆွမ်းတော်ကြီးကပ်တဲ့ အဖွဲ့တွေ ရောက်လာလိမ့်မယ်။ စောင့်ပြီး မှတ်တမ်းတင်သွားပါဦး။ ဒီဓလေ့ဟာ အဓိ

www.burmeseclassic.com

သ်၊ လပြည့် လကွယ်နေ့တိုင်းပါပဲ။ ဒီရက်တွေမှာ လုပ်ငန်းတွေကို ခဏနားပြီး ဘုရားကို ဆွမ်းတော်ကြီးကပ်၊ ဘုန်းကြီးကျောင်းတွေမှာ ဥပုသ်သီလစောင့်ကြတယ်။ နောက်ပြီးတော့ သူကြီးသူမတွေကို လိုက်ပြီး ကန်တော့ကြတယ်"

စာရေးသူသည် အဆိုပါ အင်းဓလေ့ကို ဓာတ်ပုံမှတ်တမ်းတင်ဖြစ်သည်။

## ပဉ္စမ အံ့ဖွယ် ဓလေ့ထူး

ကိုအေးကိုမှ လက်ရှိ ဘုရားကြီးကို ထိန်းသိမ်းစောင့်ရှောက်နေသော သက်တော် ၂၉နှစ်ရှိ ကိုရင်ကြီး ဝါယမနှင့် တွေ့ဆုံမိတ်ဖွဲ့ပေးသည်။ ကိုရင်ကြီး အမိန့်ရှိသော ဓလေ့ထူးတာလည်း မှတ်သားစရာပင်။

"အနောက်ရွာကျောင်းမှာ ကျုပ် သီတင်းသုံးစဉ်အခါက ကျောင်းပေါ်မှာ တန်ခိုးကြီးရုပ်ပွားတော် ညီနောင်နှစ်ဆူရှိတယ်။ အဲဒီတုန်းက ကျုပ်က ကိုရင်ပေါက်စပေါ့။ ကျုပ်တို့တွေ ကျိန်းနေတဲ့အခန်းကို ကျော်ပြီး ရုပ်ပွားနှစ်ဆူကို သူခိုးတွေ ခိုးသွားတယ်။ ရွာသားတွေက ကျုပ်တို့ ရှိရဲ့သားနဲ့ ပျောက်တယ်ဆိုတော့ အပြစ်ပြောကြတယ်။ လိုက်ရှာရမလားလို့ ဆရာတော်ကြီးကို လျှောက်တော့ "ကိုရင်···လိုက်ရှာရှာ မလိုဘူး။ ရှာလို့လည်း လွယ်မှာမဟုတ်ဘူး။ ငါတို့ဓလေ့အတိုင်း ကျင့်သုံးကြတာပေါ့။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေကို မူလ သီတင်းသုံးတဲ့ နေရာမှာပဲ စံပယ်တော်မူနေတယ်ဆိုတဲ့ အမှတ်နဲ့ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပြီး ဘုဉ်းပေး သုံးဆောင်ရန်အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူပါဆိုပြီးတော့ ပြုနေကျဝတ်အတိုင်းကို ကိုရင် ပြုလိုက်ပါတော့" လို့ မိန့်တယ်။

ဆရာတော်ကြီး မိန့်တဲ့အတိုင်း သုံးရက်လည်း ကြာရော ဒီသူခိုးတွေကို မိုးကုတ်မှာ ဖမ်းမိတယ်။ ဘုရားတွေ အင်းထဲကို ပြန်ကြွလာတာပေါ့။ ဒီဓလေ့လေးကို မှတ်သားပြီး အခြားဒေသက ဘုရားပျောက်သူများကိုလည်း လမ်းညွှန်ပေးလိုက်ပေါ့ဗျာ"

## ဆဋ္ဌမ အံ့ဖွယ် ဓလေ့ထူး

နောက်တစ်နေ့ ကိုအေးကိုဆိုင်သို့ ရောက်သွားစဉ် သတင်းတစ်ခုပေးလာပြန်သည်။

"ဆရာ··· ညက မီးလန့်တယ်။ အင်းလေးဒေသရဲ့ ထူးခြားတဲ့ ဓလေ့အတွက် ဇာတ်လမ်းတစ်ခု ဆရာရမှာပေါ့။ မီးလန့်တဲ့ အိမ်က အိမ်ရှင်လုပ်သူကိုယ်တိုင် နေ့လယ်ဘက်မှာ ရွာပြင် ဇရပ်ဆီ အဝတ်အစားအသစ်တစ်စုံသွားပို့ထား



ရတယ်။ ညသန်းခေါင်ရောက်တော့ မီးလန့်တဲ့ အိမ်ရှင်ကိုယ်တိုင် အရေ့ကနေ အဝတ်အစားမပါဘဲ ကိုယ်လုံးတီး အပြင်ကို ထွက်ပေးရတယ်။ နောက်ကနေပြီး တစ်အိမ် တစ်ယောက် ရွာသားတွေက တုတ်၊ ဓား လက်နက်တွေနဲ့ ပြေးလိုက်ရတယ်။ မီးလန့်တဲ့ အိမ်ရှင်က ရွာပြင် ဇရပ်ဆီကို ရောက်အောင် ပြေးရတယ်။ ရောက်ရင် အဝတ်အစားတွေကို ကောက်ဝတ်ပြီး ဇရပ်မှာ တစ်ညအိပ်ရတယ်။ မနက်အရုဏ်လာချိန်မှ အိမ်ပြန်ခွင့် ရှိတယ်။ အဲဒီလို လုပ်လိုက်ရင် နောက်ထပ် မီးဘေးအန္တရာယ် မကျရောက်ဘူးလို့ ယုံကြည်ကြတယ်။ နောက်နေ့ကျတော့ စိတ်သစ် လူသစ် အဝတ်အစားအသစ်နဲ့အတူ ရွာထဲ ပြန်ဝင်လာတယ်။ မနေ့က အပြစ်ကျူးလွန်တဲ့ လူဟောင်း မရှိတော့ဘူး။ အခုရောက်လာတာ လူသစ်ပေါ့"

"ဒါဆိုရင် အိမ်ရှင်က အမျိုးသမီးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ အရှက်မရပေဘူးလား"

"ဒီဓလေ့ကို မဖျက်ရဘူး ဆရာ။ အမျိုးသမီးလည်း စည်းကမ်းလိုက်နာရတယ်။ ဒါမှ နောက်ကို မီးမပေါ့ဆရဲတော့မှာတဲ့"

ဩော်···တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

ဆန်းပါပေတကား။

## မုံနဝဂ္ဂသို့

ကိုအေးကို မိတ်ဆက်ပေးသော ကိုအောင်နိုင်က စာရေးသူအား မွေတော်မှ တစ်မိုင်အကွာတွင် မုံနဝဂ္ဂသို့ လိုက်ပို့ပေးသည်။

လမ်းပြ မပါပါက အပင်တူ၊ အရွယ်တူ၊ အရောင်တူ ဖြစ်နေသော ဝါးတောများအကြားတွင် မျက်စိလည်နိုင်ပေသည်။ ပိုင်ရှင်ရှိသော အထိမ်းအမှတ်အဖြစ် ဝါးများတွင် ဆေးသုတ် မှတ်သားထားသော ဓလေ့ကိုလည်း တွေ့ရသည်။

ဝါးတောများအဆုံး အင်းရေသွင်း၍ စိုက်ပျိုးထားသော လယ်ကွက်များကို တွေ့ရသည်။ လယ်ကွက်များ လွန်သော် မဇ်စောက်သော တောင်ပေါ်သို့ တက်ကြသည်။

မုံနဝဂ္ဂအတွင်းရှိ အောင်စကြာစေတီတော်ကို ဖူးမြော်ရပါသည်။ ရေးကျလွန်း၍ သမိုင်းကို သိမီသူ မရှိပါ။ လွန်ခဲ့သော လပိုင်းက တရားအားထုတ်ရန် ရောက်ရှိလာသော သက်တော် ၃၄နှစ်၊ ဝါတော် ၅ဝါရှိ ဦးပဥ္စင်း ဦးဇဝနကို ဖူးမြော်ခဲ့ရပါသည်။

## တောင်တိုရေလယ်ကျောင်း

ညနေစောင်းချိန်တွင် ရွာအရှေ့ဘက်ရှိ ရေလယ်ကျောင်းသို့ သွားရောက်လေ့လာခဲ့သည်။ အင်းထဲတွင် ခြေတံရှည် အိမ်ကလေးများ ဆောက်လုပ်ထားပုံမှာ အနုပညာဆန်ပြီး မျက်စိကို ပသာဒဖြစ်စေသည်။

တောင်တို ရေလယ်ကျောင်းမှာ ရှေးရိုးပုံစံအတိုင်း ဘုံခုနစ်ဆင့် ပြာသာဒ်နှင့် အခိုင်အမာတည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။

မူလ ဆရာတော် ဦးဓမ္မသာရမှာ ဝါတော် ၆၄ဝါတွင် ပျံလွန်တော်မူ၍ လက်ရှိဆရာတော် ဦးပညာသာရက သံဃာတော် ရှစ်ပါးကို စီမံအုပ်ချုပ်လျက်ရှိသည်။ မူလ ဆရာတော်ကြီး၏ ရုပ်ထုတော်မှာ သက်တော်ထင်ရှားရှိနေသည့်အလား လက်ရာမြောက်လှသည်။

စာရေးသူတို့ ဆရာတော်ကို ဖူးတွေ့ပြီးနောက် ဆရာတော်မှ...

"တောင်တိုအုပ်စုမှာ မန်ကျည်းဆိပ်၊ ပန်းကန်၊ မွေတော်၊ ရွာသစ်ရယ်လို့ လေးကျောင်းပါတယ်။ ဒီကျောင်းကတော့ အင်းလျားအုပ်စုမှာ ပါတယ်။ ဒကာကြီးတို့... ကျောင်းခေါင်းရင်းမှာ စေတီတစ်ဆူနဲ့ ပေါ်တော်မူရုပ်ပွားတော်ကြီးကို ဖူးလိုက်ပါဦး။ စေတီအပြိုအပျက်တွေကို ဖယ်လိုက်တော့ ပေါ်တော်မူဘုရားကြီး ထွက်လာတာပဲ။ မူလ ဆရာတော်ဘုရားကြီး ပြုပြင်ခဲ့တာပေါ့"

ရုပ်ပွားတော်ကြီးမှာ ကြီးမားသပ္ပာယ် တင့်တယ်လှပါပေတယ်။

◆◆◆

စာရေးသူမှာ ငါးရက်ပြည့် တရားပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံရသည်။ ဘရသေ့မှ ပထမညတွင် မေရိယသုတ္တန်၊ ဒုတိယညတွင် ဗောဓိရာဇကုမာရသုတ္တန်၊ တတိယညတွင် ကောသံပြည် ကသုတ္တန်၊ စတုတ္ထညတွင် အဘိဓမ္မာသဘောတရား၊ ပဥ္စမညတွင် မဟာပရိနိဗ္ဗာန သုတ္တန်တို့ကို အစဉ်အတိုင်း ဟောကြားပေးခဲ့သည်။ တရားပွဲပြီးဆုံးတိုင်း မဟာစည်စနစ်အတိုင်း ခေတ္တ တရားရှုမှတ်စေပါသည်။

တရားစခန်း ငါးရက်ပြည့်ပြီး နောက်တစ်နေ့တွင် အဘနဲ့ စာရေးသူတို့ ပြန်ရန် စီစဉ်ကြသည်။ အမေခမ်း မျက်နှာမကောင်း။ တစ်ပတ်တာ အချိန်တိုကလေးအတွင်းမှာ မိဘနှင့် သားသမီးသဖွယ် သံယောဇဉ်ကြီးမားခဲ့ကြသည်။ တွေ့ကြုံ ဆုံကွဲ၊ ဖြစ်မြဲဓမ္မတာပင် မဟုတ်ပါလား။ သို့သော်လည်း စာရေးသူ၏ ရင်တွင်း၌ အမေခမ်းနှင့် တောင်တိုရွာသူရွာသားများ၏ မေတ္တာကရုဏာ စေတနာများ၊ မြန်မာနိုင်ငံတွင် စံပြအဖြစ် တည်ရှိနေသော ဘိုးဘွားရိပ်သာ မလိုသော အမေတို့ရွာကလေးအ ဓလေ့ထူးများတို့သည် စာရေးသူတို့၏ ရင်ထဲ၊ အသည်းထဲတွင် ထာဝရ ကိန်းအောင်းရစ်နေမည်သာ။ အချိန်အားရလျှင်တော့ ဤရွာကလေးကို တစ်ဖန်ပြန်လည်ရောက်ရှိလာ၍ အမိမေတ္တာ ဝတ်မွတ်နေသော သားတစ်ယောက်အတွက် အမေရဲ့ မေတ္တာရိပ်အောက်မှာ ထပ်မံလို့ ခိုလှုံခွင့်ပြုပါ အမေခမ်းရယ်လို့...■


* * *

ဓမ္မသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com




ဓမ္မပြည်လုံးချမ်းသာ စေတီတော်ရှိ နဂါးရုံရုပ်ပွားတော်
နေပြည်တော်ပျဉ်းမနားမြို့။

www.burmeseclassic.com

www.burmeseclassic.com

# မဟာပြည်လုံးချမ်းသာစေတီတော်

ခင်မောင်အေး (မန္တလေး)





နေ့လယ်စာစားချိန်က တန်နေချေပြီ။ နေပြည်တော်တွင် နေထိုင်ကြသည့် ရန်ကုန်-မန္တလေး အမြန်ရထားတွဲထိန်း ဦးစိုင်းလှတင့်တို့ ဇနီးမောင်နှံက ဖိတ်ကြားထားသဖြင့် နေ့လယ်စာကို သွားရောက် စားသောက်ရချိန့်ဦးမည်။ သူတို့တိုက်ခန်းက နေပြည်တော် မီးရထားဝန်ထမ်း အိမ်ရာတွင် ရှိ၏။ မော်တော်ယာဉ်မောင်းက သိရှိပြီးဖြစ်သဖြင့် ခဏနှင့် ရောက်ရှိသွားကြ၏။ ခေတ္တမျှ နားပြီးနောက် ဒေါ်ငယ်၏ သမီးငယ် ဂျူးဂျူးက ဆိုင်ကယ်ဖြင့် လိုက်ပါ ပို့ဆောင်ပေး၏။ စင်စစ် ကျွန်တော်တို့က နေ့လယ်စာစားဖို့ထက် ဘုရားဖူးသွားလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်သွားရောက် ဖူးမြော်လိုသော ဘုရားမှာ "နေရောင်ပြ အင်းဘုရား"ဖြစ်ပါသည်။

ဂျူးဂျူးက ဦးစွာပထမ ရာဇဌာနီလမ်း၊ နှင်းဆီပန်း အပိုင်းအနီးတွင် ရှိသော "ရွှေထန်းပင် ကြက်သားကာလသား ချက်နှင့် မြန်မာထမင်းဆိုင်"သို့ ဦးဆောင်ခေါ်သွား၏။ ရွှေထန်းပင်က စင်စစ် နေပြည်တော်တွင် နာမည်ကျော် ထမင်းဆိုင် ဖြစ်သည်။ ယင်းအပြင် ကြက်သား ကာလသားဟင်း အကောင်းဆုံးဆိုင်ဖြစ်သည်။ ကျွန်တော်က ကာလသားဟင်း ကို အလွန်နှစ်ခြိုက်သည်။ သည်လိုနှင့် ရွှေထန်းပင်သို့ ရောက်သွားကြ၏။ ဆိုင်ရှင်က ဦးသင်းလှိုင်နှင့် ဒေါ်မို့မို့သိ[illegible] တို့ ဖြစ်ပါသည်။ မြန်မာထမင်းဟင်း လက်ရာကောင်းကောင်း ကြိုက်သူများအတွက် အကြိုက်တွေ့နိုင်မည်က သေချာပါ သည်။


ဒေါ်ငယ်က ဟင်းအမည်စုံစုံလင်လင်မှာကြားပေးသည် [illegible] တိုင် ကြက်သား ကာလသားဟင်းကိုသာ နှိုက်မိကြပါသည်




www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com



"ပူပူလောင်လောင်၊ ဧရာသီးစပ်စပ်၊ ချိုချိုမွှေးမွှေး၊ ထမင်းမြိန်ဆေးနှယ်၊ မတင်းတိမ်သေးတယ်"ဟု ဆိုသလို အစမ္မစားပစ်ကြ၏။ ဗိုက်တွေလည်း အင့်၊ အချိုပွဲကိုပင် မနိုက်မိကြတော့သည်အထိ။

နေရောင်ပြအင်းကား ပျဉ်းမနားမြို့ အရှေ့မြောက်၊ ပုပ္ပသီရိမြို့နယ်အတွင်း၊ ဟိုး လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကပင် တည်ရှိခဲ့၏။ လူပုဂ္ဂိုလ်၊ ရဟန်းနှင့် ဘိုးတော် ဆိုသူများ ဝိုင်းဝန်းတည်ဆောက်ခဲ့ကြ၏။ အပြီးသတ်နိုင်သည်ဟူ၍ မရှိခဲ့ပေ။ ၁၉၉၉ ခုနှစ်ခန့်က စတင်၍ တည်ထားခဲ့သည်ဟု ဆိုပါသည်။ နေပြည်တော် ဖြစ်ပေါ်လာသည့်အချိန်ထိတိုင်




အောင်ပင်။

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ်ကာလ သံဃာတော်များ ဂိုဏ်းကွဲလျက် အငြင်းပွားကြသဖြင့် ဘုရားရှင်သည် ဟိမဝန္တာသို့ ကြွတော်မူခဲ့၏။ "ပါလာလဲ"တောအုပ်သို့ ရောက်ရှိသော "ပါလာလဲ"ဆင်မင်းက ဘုရားရှင်အား လုပ်ကျွေးသမှု ပြုလေသည်။ ဝါလကင်းလွတ် သီတင်းကျွတ်သည့်အခါ ဘုရားရှင်သည် ပါလာလဲဆင်မင်း လိုက်ပါလျက် ကေတုမတီသို့ ကြွချီတော်မူလေသည်။ ကေတုမတီတွင် စေလုနှင့် စောမြ ညီနောင်နှစ်ဦးနှင့် တွေ့ဆုံခဲ့၏။ ညီနောင်နှစ်ဦးကို တရားရေအေး တိုက်ကျွေးပြီးနောက် ဒကာတို့အား ဆံတော်နှစ်ဆူ

စွန့်လှူတော်မူလေသည်။ ယင်းနောက် ဘုရားရှင်က ဗျာဒိ[...] တော်များ ချထားတော်မူ၏။ ထိုအချိန်က ဘုရားရှင် ရော[...] ရာ နေရာသည် မျဉ်းကြမ်းနယ်ခြား တောကြမ်းကြီးအသ[...] ရှိနေချေသည်။ နေထွက်သည်ကို မသိ၊ နေဝင်သည်[...] မမြင်ရတတ်နိုင်။ တောခေါင်ခေါင်အလယ်၌ ကြာအင်း[...] တစ်ခုရှိနေပြီး ကြာမျိုးငါးသွယ် ပြည့်စုံစွာနှင့် ရှုချင်စ[...] လှပတင့်တယ်ပေသည်။ ဘုရားရှင်သည် ယင်းရှုခင်းကို ကြ[...] ရှုတော်မူလျက် ပြုံးတော်မူလေသည်။

ယင်းနောက် ဘုရားရှင်သည် ဓမ္မခဏ်ကို ခင်းလ[...]



သီတင်းသုံးတော်မူ၏။ ထိုအချိန်တွင် ပါလာလဲ ဆင်မ[...] ကြာရိုးကြာစွယ်များ ဆက်ကပ်သဖြင့် မြိန်ယှက်စွာ ဘုဉ်[...] သုံးဆောင်တော်မူလေသည်။ ထို့နောက် ဘုရားရှ[...] ဆင်မင်းအား . . .

"ငါဘုရားသည် ဤနေရာ၌ ကြာရိုးကြာစွယ်မျ[...] သာ ဘုဉ်းပေး သုံးဆောင်နေရ၏။ ဤနေရာကို ကမ္ဘာ[...] သရွေ့ "အောင်မြေ"ဟု သတ်မှတ်သမုဒ်သည်"

ဟု မိန့်ကြားတော်မူသည်။ ယင်းနောက် ဖလသမ[...] ချာန်ဝင်စားတော်မူနေစဉ် နားတော်မှ ခြောက်ပ[...] ရောင်ခြည်တော်များ လွှတ်ကာ တန်ခိုးပြာဋိဟာ ပြ[...] သည်။



www.burmeseclassic.com



တစ်နေ့ ဆင်ရိုင်းသားအဖ ရောက်ရှိလာကာ ကြံများ ...လာပြီး ဘုရားရှင်အား ကြံရည်ဆက်ကပ်လှူဒါန်းသည်။ ...ခါ ဘုရားရှင်မှ ပြုံးတော်မူသည်ကို ပါလာလဲ ဆင်မင်း ...

"အရှင်ဘုရား... ဘာအတွက် ပြုံးတော်မူပါသလဲ ..."

ဟု လျှောက်သည့်အခါ ဘုရားရှင်က ဗျာဒိတ်ပေး ...တော်မူသည်မှာ...

"နောင်အခါ ဤတောကြီးတွင် တောတွေ ပြုန်းလိမ့် ...၊ သည်အင်းကြီးလည်း တိမ်ကောမည်။ မြို့ကြီးကိုးရွာ ...ည့်လတ္တံ့။ ကုန်းကြီးကိုးကုန်း၊ ပြာသာဒ်ကိုးဆောင်၊ လမ်း ...သုံးသွယ်ပေါ်လိမ့်မည်"

ဟု ဗျာဒိတ်ပေးတော်မူ၏။ ဘုရားရှင် ပေးတော်မူသည့် ...ဒိတ်တော်အတိုင်းပင် တစ်သွယ်သောလမ်းကား ယခု ...ဘုဒ္ဓါနီလမ်း။ နောက်တစ်လမ်းကား စစ်ရုံးသို့သွားသော ...ဖြစ်သည်။ တောင်-မြောက် ဈေးနှစ်သွယ်ပေါ်လိမ့်မည် ...သည့်အတိုင်း မင်္ဂလာဈေး၊ ယုဇနဈေးများ ဖြစ်ပေါ်လာခဲ့ ... ဘုရားသာသနာတော်ကို စောင့်ရှောက်မည့် ပုဂ္ဂိုလ်ပေါ် ...မည်ဆိုသည်နှင့်အညီ ယခု မထေရ်တစ်ပါးကြွရောက်နေ ...သည်း ဖြစ်သည်။ အသျှင်ခေမိန္ဒ သက်တော် ၃၉နှစ်၊ ...တော် ၂၀ ရှိနေပါပြီ။

တောအုပ်ကြီး၏ အလယ်၊ မြတ်စွာဘုရား ဓမ္မစကြာခင်း ...သောနေရာတွင် အေဒီ ၇၇၅ ခုနှစ်က ဥဏ်တော် ၂၇ ...တောင်ရှိ စေတီတော်တစ်ဆူကို တည်ထားခဲ့သည်။ ယင်း ...ရာကို ငုံလျက် ယခု ဘုရားကြီးကို တည်ထားခဲ့ခြင်းဖြစ် ...သည်။ ယင်းအချိန်မှာ ဟောကြားတော်မူသော တရားကား ...ဟာသမယ"သုတ်တော် ဖြစ်သည်။ နာကြားရသူ ဖူးမြော် ...သူ ရဟန်းရှင်လူပဟူသမျှ သောတာပန်တည်ကြကုန်သည်။ ...မိုင်းအဆိုအရ "ဆိတ်ကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါး တောင်နှယ်ပုံ"ဆိုသည်နှင့်အညီ မိုးလေဝသကောင်းမွန်ကာ ဆန်ရေစပါးပေါ်ကြွယ်ဝ၍ တိုင်းကားပြည်ရွာ သာယာနေမည် ဖြစ်ပါသည်။

ဘုရားကြီး ရေမြုပ်မည် ဆိုသည့် တဘောင်ရှိသော်လည်း ယခု မမြုပ်ပေ။ မြတ်စွာဘုရားရှင်၏ နားတော်မှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးခဲ့သည့်အတွက် နားရောင်ပြအင်း၊ ထိုမှ "နေရောင်ပြအင်း"ဟူ၍ အမည်နာမ ဖြစ်ပေါ်လာသည် ဆိုကြ၏။ နေရောင်ပြအင်း ဘုရားကြီးကား ယခုအချိန်တွင် တည်ဆောက်ပြုပြင်နေဆဲ ကာလဖြစ်သည့်တိုင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် "ပါလာလဲ"ဆင်မင်း၏ ပြုစုလုပ်ကျွေးမှုကို ခံယူ သီတင်းသုံးတော်မူခဲ့သည့် မြင့်မြတ်သောနေရာဖြစ်၍ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် သဟာယ ကြည်ညိုဖွယ်ရာအတိ ရှိလှဘိ၏။ ဝန်းကျင်၏ မြန်မာဆန်လှသော သဘာဝ၊ ပြန့်ပြူး ကျယ်ပြောသော စိမ်းရောင်စို လယ်မြေတစ်ကြောက ဘုရားဖူးများကို နှလုံးစိတ်ဝမ်း အေးချမ်းစေမည် မုချ။


ကုသိုလ်ပွားများလိုကြသူ ပါရမီရှင် သူတော်ကောင်းများ သွားရောက်ဖူးမြော်နိုင်ကြပါစေကြောင်း ဆန္ဒမွန်တောင်းလျက် ရည်သန်စိတ်ထား ရေးသားလိုက်ရပါသည်။

* * *


ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး-

- နေရောင်ပြအင်းဘုရား (မဟာပြည့်လုံးချမ်းသာဘုရား)။
- ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှအောင်၏ ပြောပြချက်။
- ကိုယ်တိုင်ရောက်ရှိ လေ့လာမှတ်သားချက်။



www.burmeseclassic.com




# ဆိုနီယာမဟုတ်သည့် ဦးဇေယျာကို(နက္ခတ်သိပ္ပံ) မြန်မာပြည်ဖွား ဒေါ်အောင်ဆန်းစုကြည်

## အပိုင်း(၁)

မကြာသေးမီ ကာလအတွင်း ဂျာနယ်တစ်စောင်၌ နိုင်ငံခြားပြန် ဝါရင့် နက္ခတ်ပညာရှင်တစ်ဦးမှ ဒေါ်အောင်ဆန်းစုကြ သမ္မတတာဝန် မထမ်းရွက်သင့်ပုံကို တစ်ဖက်သတ်ဆန်စွာဖြင့် အိန္ဒိယနိုင်ငံမှ လက်ရှိ အာဏာရ IndianNatio Congress ပါတီ၏ ဥက္ကဋ္ဌ ဆိုနီယာဂန္ဒီ(Sonia Gandi)ဖြင့် နှိုင်းယှဉ် အကြံပြု ရေးသားထားခြင်းအား တွေ့လိုက်ရပေသ အဆိုပါ ပညာရှင်၏ အကြံပေးချက်အား ရှေ့ရှိုးရန် ခြေတစ်လှမ်းပြင်ဆင်နေသည့် ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည်အ ဖြင့် လက်ခံရန် မဖြစ်နိုင်သလို NLD၏ နိုင်ငံရေးအောင်ပွဲခရီးလမ်းအတွက် အားကိုးတကြီး စောင့်မျှော်နေသော မြန်မာပြည် တို့၏ မျှော်လင့်ချက်များအား ရိုက်ချိုးသည်နှင့် အလားသဏ္ဍာန်တူညီလှပေသည်။ အဆိုပါ အကြောင်းကိစ္စနှင့် ပတ်သ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီကို ယုံကြည်ကိုးစားသော မိဘပြည်သူများထံမှ မကျေနပ်ချက် အသံများစွာ ထွ ပေါ်လာခဲ့ပေသည်။ အဆိုပါ ပုဂ္ဂိုလ်ရေးသားထားသော ဆောင်းပါးသည် ဒေါ်အောင်ဆန်းစုကြည်အား ခြိမ်းခြောက်သယော အကြံပြုသယောင်ဖြင့် တပ်မတော် စစ်ခေါင်းဆောင်များအား မြှောက်ပင့်ထားပေရာ စာရေးသူလည်း လက်ခံ၍ မ ထိုဆောင်းပါးအား ဖတ်ရှုမိသည့် မြန်မာပြည်သူပြည်သားများလည်း လက်ခံ၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ အမျိုးသားခေါင်းဆေ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခွင့် ရရှိရေးသည် မြန်မာနိုင်ငံ၏ အမျိုးသားရေးကဏ္ဍအတွက် များစွာ အရေးကြီးလှသ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်ဖြစ်ပေသည်။ သို့ဖြစ်၍ **"ဆိုနီယာမဟုတ်သည့် မြန်မာပြည်ဖွား ဒေါ်အောင်ဆ စုကြည်၏ ဆောင်းပါး"**အား ဆိုနီယာနှင့် ဒေါ်အောင်ဆန်းစုကြည်၏ မတူညီသော အကြောင်းအချက်ကို ပြန် ရှင်းလင်းနိုင်ရန်အတွက် ရေးသားပုံဖော်ခဲ့ခြင်း ဖြစ်ပါသည်။

တကယ်တော့ မင်းအတိုင်ပင်ခံ ပုရောဟိတ် ပညာရှိတို့ဘဝသည် နိဂုံးကောင်းသော မင်းအစိုးရမျိုးဖြင့် ကြ မှသာ မိမိတို့ဘဝလည်း လုပ်စွာဖြင့် နိဂုံးကို အဆုံးသတ်နိုင်ပေသည်။ မြန်မာ့သမိုင်း၌ အခါပေး များသော ဦးပုည လွတ်လပ်ပြီးစ အခြေအနေမှ ယနေ့ခေတ်အခြေအနေထိ ကျရှုံးသွားသော ခေါင်းဆောင်များနှင့်အတူ နရ ကွန်းခိုခဲ့ရသော အခါပေး ပုရောဟိတ်များစွာ ပတ်ဝန်းကျင်နယ်ပယ်၌ ရှိနေပေသည်။ အနာဂတ် တိုင်းပြည် ကိစ္စအဝဝအား မင်းအစိုးရ အုပ်ချုပ်သူများအနေဖြင့် စီမံဆောင်ရွက်ကြရာတွင် တစ်ဖက်တစ်လမ်းမှ နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com

ဟိတ်များအား လေးလေးစားစား ယုံယုံကြည်ကြည်ဖြင့် အကြံဉာဏ်များ ရယူခဲ့သော ဓလေ့မှာ မြန်မာမင်းဆက်ကာလ ကတည်းက ရှိနေခဲ့ပါသည်။ ယနေ့တိုင်သည်အထိလည်း ရှိနေသေးသည်။ သို့ဖြစ်၍ မင်းအစိုးရအား ကြံပေးမည့် ပညာရှင်သည် နက္ခတ်ပညာတစ်ခုတည်းတွင်သာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်နေ၍မရပါ။နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကမ္ဘာ့ဖြစ်စဉ် အရေးကိစ္စများအား ထုံးလိုချေ၊ ရေလိုနှောက် ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်လှပါသည်။ အစိုးရ အကြံပေးသူဖြစ်သည့်အတွက် မိမိ၏ အရှိန်အဝါကို များစွာနှိမ့်ချ၍ သိမ်မွေ့ နူးညံ့စွာ အများပြည်သူနှင့် ဆက်ဆံနိုင်သူမျိုး ဖြစ်ရပါမည်။ တိုင်းပြည်နှင့် ပြည်သူအတွက် ပထမဦးစားပေး၊ မိမိ အကြံပေးရသည့် အစိုးရအကြီးအကဲ အစည်းများအား ဒုတိယဦးစားပေးအမြင်ဖြင့် စစ်မှန်သော စိတ်ရင်းစေတနာကောင်း ထားနိုင်သူမျိုး ဖြစ်ရပါလိမ့်မည်။ ထိုပါ အရည်အချင်းများဖြင့် ပြည့်စုံသော ပညာရှိ ပုရောဟိတ်များ မင်းအတိုင်ပင်ခံဖြစ်မှသာ တိုင်းပြည်နှင့် ပြည်သူ တိုးတက်စည်ပင်ဖွံ့ဖြိုး၍ မင်းအစိုးရအုပ်ချုပ်သူနှင့် ပြည်သူစည်းလုံးညီညာ အောင်ကြောင်းဝေဖြာမည့် ကောင်းကျိုး ကို ဖြစ်ထွန်းစေပါမည်။

ယနေ့ခေတ်ကာလ၌ ထိုကဲ့သို့ အရည်အချင်းများဖြင့် ပြည့်ဝသော ပညာရှိများ ရှားပါးနေမည်ဖြစ်သလို၊ တိုင်းပြည်၏ တာနှင့် အများပြည်သူတို့၏ ကံကြမ္မာအရ အုပ်ချုပ်သူများအနေဖြင့်လည်း အရည်အချင်းပြည့်ဝပြီး စစ်မှန်သော ညာရှိ ပုရောဟိတ်များဖြင့် တွေ့ဆုံ ကြုံကြိုက်ခွင့်မရရှိသော အခြေအနေ၌ ရှိနေပေသည်။ ကမ္ဘာ၌ မြန်မာပြည်၏ အောင်မြင်မှု အလင်းအတန်းများ အစစ်အမှန် ထွန်းလင်းတောက်ပလာမည့် အချိန်ကာလတွင်ကား တိုင်းပြည်နှင့် ပြည်သူ၏ ကျိုးကို ပထမဦးစားပေး စဉ်းစားအကြံပြုမည့် ပုရောဟိတ် ပညာရှိများ ထွက်ပေါ်လာပေလိမ့်မည်။

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းခဲ့ပြီး မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ရင်းနှီးကျွမ်းဝင်သူ ပထမဆုံး ဝန်ကြီးချုပ် နေရူး(Jawaharlal Nehru)၏ မိသားစုဝင်များသည် အိန္ဒိယနိုင်ငံ၌ နိုင်ငံရေးကျိန်စာသင့် ဆွေကြီးမျိုးကြီးများ ဖြစ်ကြပေသည်။ အိန္ဒိယ၏ လွတ်လပ်ရေး ဗိသုကာကြီး မဟတ္တမဂန္ဒီအပေါ် လေးစားကြည်ညိုသောအားဖြင့် တစ်ဦးတည်းသော မိတဆိုးသမီးလေးအား "အင်ဒီယာဂန္ဒီ" အမည်ပေးလိုက်သည်မှ စ၍ ဂန္ဒီကြီးကို တိုက်ခဲ့သော ကျိန်စာများသည် နေရူးမျိုးဆက်ဆီသို့ ရောက်ရှိလာခဲ့ပေသည်။ ကျိန်စာဆိုးကြောင့် ဟတ္တမ ဂန္ဒီကြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသလို၊ နိုင်ငံရေးစင်မြင့်ထက်၌ ဝန်ကြီးချုပ်ဩဇာ ရရှိခဲ့သော အင်ဒီယာ၊ အင်ဒီယာ၏ သားများဖြစ်သူ ဝန်ကြီးချုပ် ရာဂျစ်၊ နိုင်ငံရေးလမ်းကြောင်းပေါ် အခြေချစ ဆန်ဂျေးဂန္ဒီတို့မှာ လုပ်ကြံမှု၏ ကျိန်ဆိုးကြောင့် နိုင်ငံရေးမျိုးဆက် ပြတ်တောက်ခဲ့ပေသည်။ သို့ဖြစ်၍ နေရူး၏ နိုင်ငံရေးမျိုးဆက်၌ မြစ်ဖြစ်သူ ရာဟူးနှင့် ယန်ကာဂန္ဒီတို့သာ ကျန်ရှိတော့ပေသည်။ လက်ရှိ၌ ရာဟူးသည် အိန္ဒိယ၏ ဝန်ကြီးချုပ်ဖြစ်ရေးအတွက် နိုင်ငံရေးလုပ်ရှားမှု အားကြိုးမာန်တက်ဆောင်ရွက်နေပြီး သူ၏ ဇာတာခွင်၌ ကျိန်စာဆိုး၏ အန္တရာယ်မှ လွတ်မြောက်ရန် အခွင့်အလမ်း ပါးလျက် ရှိနေပေသည်။

လက်ရှိ အိန္ဒိယနိုင်ငံ၏ အာဏာရ IndianNational Congress ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီသည် လုပ်ကြံခံခဲ့ရသော ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ အိမ်သူသက်ထား ဇနီးမယားတစ်ဦး ဖြစ်ပေသည်။ သူမအား ၁၉၄၆၊ ဒီဇင်ဘာ ၉ရက်၊ သော်နေ့၊ အီတလီနိုင်ငံ၊ တာနီမြို့၏ ဒေသစံတော်ချိန် ည ၉နာရီ ၁၅မိနစ်၌ မွေးဖွားခဲ့ပြီး ယခင် အီတလီမှတ်ပုံတင် ဆောင်သူ အီတလီနိုင်ငံသူစစ်စစ်တစ်ဦးအဖြစ်မှ အိန္ဒိယနိုင်ငံသား လေယာဉ်ပိုင်းလော့ ရာဂျစ်နှင့် ဖူးစာပါပြီး အီတလီလူမျိုး သာအကျင့်စရိုက်များကို စွန့်လွှတ်၍ အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးတမ်း အစဉ်အလာများဖြင့် ကိုက်ညီအောင် ကြိုးပမ်း ထိုင်ခဲ့သည့် အိမ်ရှင်မကောင်းတစ်ဦးအဖြစ် တွေ့နိုင်ပါလိမ့်မည်။ အသက် (၁၈)နှစ်အရွယ် အီတလီအမျိုးသမီးငယ်လေး ဦးသည် အင်္ဂလန်နိုင်ငံ Cambridge မြို့၌ ဘာသာစကားပြောသင်တန်းကျောင်းတစ်ခု၌ ပညာသင်ယူနေစဉ် အိန္ဒိယနိုင်ငံရေး အဝါကြီးမြင့်သော မိသားစုမှ မွေးဖွားလာသော ရာဂျစ်ဖြင့် အိပ်မက်ဆန်သော အချစ်ဇာတ်လမ်းတစ်ပုဒ်မှ အိန္ဒိယနိုင်ငံရေး သားစုအသိုက်အဝန်းကြီးထဲသို့ မိသားစုဝင်အဖြစ် နားခိုခွင့် ရရှိခဲ့ပေသည်။ ၁၉၆၈၊ ဖေဖော်ဝါရီတွင် အိမ်ထောင်မှုဘဝ ထောင်၍ ၁၉၈၃၊ အောက်တိုဘာလ၌ အီတလီမှတ်ပုံတင်ကို ပြန်အပ်ပြီး အိန္ဒိယနိုင်ငံသားမှတ်ပုံတင်အား ပြောင်းလဲ ဆောင်ခဲ့ပါသည်။ ထိုအချိန်မှ စတင်၍ သူမအတွက် အိန္ဒိယနယ်မြေ၌ အပြီးတိုင် ဇာတ်မြှုပ်နေထိုင်ခွင့် ရရှိခဲ့ပါသည်။


IndianNational Congress ပါတီသည် မဟတ္တမ ဂန္ဒီ၏ ဦးဆောင်မှုဖြင့် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအလင်းရောင်အား




www.burmeseclassic.com

www.burmeseclassic.com


ဆောင်ကြဉ်းပေးနိုင်ခဲ့ပေရာ အိန္ဒိယပြည်သူလူထု၏ ကျေးဇူးရှင် ပါတီအဖွဲ့အစည်းတစ်ရပ်အဖြစ် သတ်မှတ်နိုင်ပေသည်။ သို့အတွက်ကြောင့် အိန္ဒိယနိုင်ငံရေးသမိုင်းတစ်လျှောက် ရွေးကောက်ပွဲအနိုင်ရ ပါတီများအနက် ထိပ်ဆုံးတွင် ရပ်တည်နိုင်သည့် ပါတီဖြစ်ပြီး ဝန်ကြီးချုပ် (၇)ဦးအား မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပေသည်။ အိန္ဒိယပြည်သူများသည် လွတ်လပ်ရေးအတွက် တင်ရှိနေသော ကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် နေရူး မိသားစုများ ဦးဆောင်သော Indian National Congress ပါတီအား ထောက်ခံမဲများ ထည့်ကြသည်။ အဆိုပါ မဲပြားများကြောင့် ပါတီ၏ ဥက္ကဋ္ဌရာထူးများမှ ဝန်ကြီးချုပ်အဆင့်ထိ အင်ဒီယာနှင့် ရာဂျစ် ဂန္ဒီတို့မှာ တက်လှမ်းခွင့် ရရှိခဲ့ပေသည်။ ဆိုနီယာသည် မိမိ၏ အိမ်ထောင်ဖက် ရာဂျစ် ရှိစဉ်ကာလများ၌ ဝန်ကြီးချုပ်ကတော်အဖြစ် အိမ်ထောင်မှု ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ခဲ့သော်လည်း ရာဂျစ် လုပ်ကြံခံရသောအခါ ဝန်ကြီးချုပ်ကတော်ဘဝမှ ပါတီဝင်၊ ပါတီဝင်မှ တစ်ဆင့် ပါတီ၏ ဥက္ကဋ္ဌရာထူးတာဝန်အထိ ဆင့်ကဲဆင့်ကဲ တက်လှမ်းခဲ့ပေသည်။ ဆိုနီယာအနေဖြင့် ပါတီ၏ ဥက္ကဋ္ဌနေရာအား ရယူခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးတာဝန် ထမ်းရွက်ရေးအတွက် လက်ရှောင်နေသည်ကို တွေ့ရပေလိမ့်မည်။ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် IndianNational Congress ပါတီမှ အနိုင်ရရှိသောအခါ ပါတီမှ ဝန်ကြီးချုပ်ရာထူးအတွက် သူမအား ရွေးချယ်ခဲ့သော်လည်း ဒေါက်တာ




ဆိုနီယာဂန္ဒီ မွေးဖွားချိန် အရှေ့တိုင်းနက္ခတ်ဗေဒဇာတာခွင်




ဒေါ်အောင်ဆန်းစုကြည် မွေးဖွားချိန် အရှေ့တိုင်းနက္ခတ်ဗေဒဇာတာခွင်




မြန်မာနိုင်ငံ လွတ်လပ်ရေးရယူခဲ့သော အရှေ့တိုင်းနက္ခတ်ဗေဒဇာတာခွင်

မိုဟာမက်ဆင်းကိုသာ ဝန်ကြီးချုပ်တာဝန် ပေးအပ်ခဲ့ပါသည်။ ဆိုနီယာအတွက် အိန္ဒိယလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အားလုံးကို အကျွမ်းတဝင်ဖြစ်၍ အိန္ဒိယနိုင်ငံသားအဖြစ် တရားဝင် မှတ်ပုံတင် ကိုင်ဆောင်သူတစ်ဦးဖြစ်သော်လည်း အီတလီနိုင်ငံသူဖြစ်ခဲ့သူတစ်ဦးအတွက် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးတာဝန်မှာ စိန်ခေါ်မှုများစွာဖြင့် ဆီးကြိုခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေမြေခြား အိမ်ထောင်ဖက်ဖြင့် ဖူးစာဆုံပြီး အိမ်ထောင်ဖက်၏ အရည်အချင်းကြောင့် ဝန်ကြီးချုပ်ကတော်ဖြစ်ခဲ့သူ သူမအတွက် လက်ရှိ ထမ်းရွက်နေရသော ပါတီဥက္ကဋ္ဌရာထူးတာဝန်သည်ပင်လျှင် များစွာကြီးမြင့်နေပြီ ဖြစ်ပေသည်။ ယခုကဲ့သို့ ပါတီဥက္ကဋ္ဌတာဝန်ယူခဲ့ခြင်းမှာလည်း နေရူး၏ နိုင်ငံရေးမျိုးဆက်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်နှင့် သားဖြစ်သူ ရာဟူးဂန္ဒီအား ပါတီ၏ ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်တစ်ဦးဖြစ်သည်အထိ တာဝန်ယူ မြေတောင်မြှောက်ပေးလိုသည့်အတွက် ကြောင့်ဖြစ်ပေသည်။

သူမ၏ ဇာတာခွင်၌ ကရကဋ်ရာသီလဂ် စိုးမိုးချိန်တွင် မွေးဖွားခဲ့ပြီး လဂ်သခင် တနင်္လာဗျာယဘာဝ ရပ်တည်မှုကြောင့် မိမိကိုယ်ကို ယုံကြည်မှု အားနည်းသူ ဖြစ်ပေသည်။ ရာထူးဘုန်းကံဂြိုဟ် ကြာသပတေးနှင့် နိုင်ငံရပ်ခြား တိုင်းတစ်ပါး၌ ထူးချွန်အောင်မြင်မှုများ ရရှိစေနိုင်သော သောကြာဂြိုဟ်များ ပူးယှဉ်၍ ရာဇယုဂ် ရရှိထားသည်။ ထင်ရှားကျော်ကြား ကြီးပွားအောင်မြင်မည့်နေရာတွင် တနင်္ဂနွေ ဗုဒ္ဓဟူး အင်္ဂါနှင့် ကိတ်ဂြိုဟ်များ တည်ရှိနေသည်။ ရာဟုဂြိုဟ် ငွေကြေးဥစ္စာကျိုးရှိ အဆင်ပြေမည့် လာဘ ဘာဝ၌ ရပ်တည်နေပေသည်။ အိမ်ထောင်ရေးပိုင်း ကာရကဂြိုဟ် စနေလဂ်နှင့် ယှဉ်တွဲရပ်တည်နေပြီး ဖောက်ပြန်လျက်ရှိသည်။ စနေဂြိုဟ်၏ ရပ်တည်မှုအခြေအနေကြောင့် အသက်ငယ်ရွယ်စဉ် လူမျိုးဘာသာခြားနားသော တိုင်းတစ်ပါးသား ရာဂျစ်ဂန္ဒီနှင့် ဖူးစာဆုံခဲ့ပေသည်။ စနေသည် ဖောက်ပြန်သော ပလူတိုဖြင့် ဒီဂရီ နီးကပ်စွာယှဉ်နေသည့်အတွက် အိမ်ထောင်ဖက်ဖြင့် ဆောလျင်စွာ ခွဲခွာခဲ့ရပေသည်။ နိုင်ငံရေးဘာဝသခင် ဂြိုဟ်အင်္ဂါအတိုက်အခံနေရာဌာနမှ ဂုဏ်သိက္ခာ ထင်ရှားအောင်မြင်မည့် နေရာဌာနတွင် ရပ်တည်နေခြင်းကြောင့် နိုင်ငံရေးလှုပ်ရှားမှုများ ထွန်းတောက်အောင်မြင်ခဲ့ပေသည်။ ၁၉၆၈၊ ဖေဖော်ဝါရီ ၂၅တွင် ကောဇာစနစ်အရ မိန်ရာသီတွင် စနေဂြိုဟ်ရောက်ရှိချိန်၊ မူလ ဇာတာရှိ အိမ်ထောင်ရေးဘာဝသခင် ဂြိုဟ်စနေအား ၁၂၀ ဒီဂရီအတိအကျ မြင်ထားချိန်တွင် အိမ်ထောင်ကျခဲ့ပေသည်။

၁၉၉၁၊ မေ ၂၁တွင် ကောဇာစနစ်အရ အင်္ဂါနှင့် ကြာသပတေးဂြိုဟ်များ ကရကဋ်ရာသီခွင်တွင် ရောက်ရှိ၍ အိမ်ထောင်ရေးဘာဝ သခင်ဂြိုဟ် စနေဂြိုဟ် မကာရရာသီ ရောက်ရှိ၍ ဖောက်ပြန်နေချိန်၊ မူလ ဇာတာရှိ အိမ်ထောင်ရေး စနေဂြိုဟ်အား ကောဇာ စနေမှ အပြန်အလှန် ၁၈၀ ဒီဂရီအမြင်ရှိချိန်၌ မိမိ၏ အိမ်ထောင်ဖက် လုပ်ကြံခံခဲ့ရပေသည်။ ကောဇာ ကြာသပတေးဂြိုဟ်အနေဖြင့် လဂ်အပေါ်တွင် အားကောင်းစွာ စီးနင်းထားသော်လည်း အိမ်ထောင်ဖက်၏ အသက်အား ကယ်တင်နိုင်စွမ်း မရှိခဲ့ပေ။ ၁၉၉၈၊ မတ် ၁၄ရက်နေ့ ကာဇာ စနေဂြိုဟ် မိန်ရာသီရာထူး ဘုန်းကံနေရာဌာနရောက်ရှိချိန်၌ ပါတီဥက္ကဋ္ဌတာဝန်ကို ထမ်းရွက်ခဲ့ရပြီး ၂၀၀၄၊ မေ ၁၈ရက်နေ့၌ ကောဇာ ကြာသပတေးဂြိုဟ် နိုင်ငံရေးသြဇာအာဏာဂြိုဟ် အင်္ဂါအား ၁၂၀ ဒီဂရီ အမြင်ရှိထားချိန်တွင် ရွေးကောက်ပွဲအနိုင်ရရှိသော ဖြစ်စဉ်နှင့် ဝန်ကြီးချုပ်တာဝန်ထမ်းရွက်ရန် အခွင့်အရေးပေါ်ပေါက်ခဲ့သော ဖြစ်စဉ်များ တွေ့ကြုံခဲ့ရသော်လည်း ကောဇာ စနေနှင့် အင်္ဂါဂြိုဟ်များ ဗျာယဘာဝ ရောက်ရှိနေပြီး အားနည်းသော တနင်္လာအား စီးနင်းနေချိန်ဖြစ်သည့်အတွက် ဝန်ကြီးချုပ်ရာထူးအား ငြင်းပယ်ခဲ့ပေသည်။ ၂၀၀၉၊ မတ် ၁၃တွင် ဆိုနီယာ ဦးဆောင်သော IndianNational Congress ပါတီသည် ရွေးကောက်ပွဲ၌ ဒုတိယအကြိမ် အောင်ပွဲခံနိုင်ခဲ့ပြီး သူမအနေဖြင့် ပါတီဥက္ကဋ္ဌအဖြစ်သာ ဆက်လက်ရပ်တည်ခဲ့ပေသည်။ ယင်းအချိန်၌ ကောဇာစနစ်တွင် တနင်္ဂနွေ အင်္ဂါနှင့် သောကြာဂြိုဟ်များ မွန်းတည့်ကောင်းကင်နှင့် ရာဘုန်းကံဌာန ရောက်ရှိနေသော်လည်း ကြာသပတေးနှင့် စနေဂြိုဟ်များ ကုမ်နှင့် သိဟ်ရာသီတွင် အားနည်းစွာရှိနေသည့်အတွက် ဝန်ကြီးချုပ်တာဝန်ဖြင့် ဆက်လက်၍ သွေဖည်စေခဲ့ပါသည်။

လာမည့် ၂၀၁၄၊ မေလတွင် ကျင်းပမည့် အိန္ဒိယရွေးကောက်ပွဲတွင်ကား ဆိုနီယာအနေဖြင့် သားဖြစ်သူ ရာဟူးဂန္ဒီကို နိုင်ငံရေးစင်မြင့်ထက်တွင် ပွဲထုတ်၍ ပြိုင်ဘက် BJP ပါတီဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်သွားဖွယ်ရှိပြီး ရာဟူးအနေဖြင့် ဂန္ဒီမျိုးဆက်၏ နိုင်ငံရေးကျိန်စာဆိုးအပေါ် အောင်မြင်စွာ ကျော်လွှားခွင့်ရှိ၊ မရှိ စောင့်ကြည့်ရပေလိမ့်မည်။

နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတပညာပေး ဆောင်းပါးများနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေး အကြံပြုလိုပါက…

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့. ၀၉၅၃ ၉၃၃၄၃

(ဦးဇေယျာကို ရေးသားသော "ဆိုနီယာ မဟုတ်သည့် မြန်မာပြည်ဖွား ဒေါ်အောင်ဆန်းစုကြည်" ဆောင်းပါး ဒုတိယပိုင်းအား နောင်ဘာလတွင် ဆက်လက်ထည့်သွင်း ဖော်ပြပေးပါမည်။)

ဂုဏ်ရည်ဆန်းကြယ် စာတည်းအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ဖက် အကောင်းအဆိုးတွက်ကိန်း

မင်းကြည်ဖြူ

မိမိနှစ်သက်ရာ အိမ်ထောင်ဖက်၏ အကောင်းအဆိုးကို သိလိုပါက အောက်ဖော်ပြပါ လင်္ကာကို ဖတ်၍၊ ထိုလင်္ကာပါအတိုင်း တွက်ချက်ကြည့်ပါက သိနိုင်ပါ၏။ မည်သူမဆို မိမိနှစ်သက်သည့် အိမ်ထောင်ဖက်၏ မွေးနံကို လေ့လာမှတ်သား၍လည်း မိမိနှင့် အိမ်ထောင်ဖက် ဖြစ်သင့်၊ မဖြစ်သင့်ကို ကြိုတင်တွက်ချက် ဆန်းစစ်နိုင်ပါ၏။

ဖော်ပြပါ လင်္ကာကျမ်းသည် ရှေးပညာကဝိတို့ လေ့လာမှတ်သား၍ ကျမ်းအဖုံဖုံမှ အာဂုံဆောင်၍ သေချာဆန်းစစ်ကာ လောကဟိတ ရာသီကျမ်းတွင် ဖော်ပြပါရှိသော အိမ်ထောင်ဖက် တွက်ကိန်းလင်္ကာဖြစ်ပါ၏။ မိမိဘာသာ လင်္ကာအတိုင်း တွက်ချက်ကြည့်ရုံဖြင့် သိနိုင်သော အိမ်ထောင်ဖက် အကောင်းအဆိုးဟောကိန်းဖြစ်၏။

"အိမ်ထောက်ဖက်မည်၊ မြွှတ်ရည်၊ သံချိုလေးရယ်နှစ်၊ မေးလာတဲ့သည်၊ နံနှစ်မည်၊ တည်ပါတော့ ထင်ရှား၊ မြှောက်ပြား ပဉ္စာနှင့်စား၊ သေဝ္တာအိမ်ထောင်ကိန်း၊ တိမ်းတော့မမှား၊ အကြွင်းတဲ့ ကော၊ အချစ်တူဟူသမျှ၊ ချမ်းမြေ့လှပါ၊ ခွေကြွင်းရာ ချမ်းသာတဲ့၊ စီးပွားမတည်မကြည်နှင့်၊ ပျက်တတ်သည် ဆရာပြောမယ်၊ ဟောတော့ မမှား။

တြိမ်းတဲ့သေသာ၊ အိမ်ထောင်မှာ လွန်စည်ကား၊ စီးပွားဖက်ပါ၊ ဇယမှာ ကြံလာမူကား၊ အုဖျားအနာနှင့်၊ ဥပဒ်သာလာမည့်ကျိန်းမှာ၊ တိမ်းတော့ မမှား။

ငါးခုတဲ့ ကြွင်းသေသာ၊ မနေရွှေငွေပေါမယ်၊ ဇောတိကပါ၊ ဆသေသာ ရွှေကြာရေမှူ၊ ရောဂါကိုယ်နှင့် ဝေးတယ်၊ ဘေးတဲ့ ကံစ။

သုညတဲ့ တွေ့ကြိမ်၊ မွေ့သိမ်သိမ် မနေရပြီ၊ ဆုမြမှုချကြိမ်၊ စိတ်မငြိမ် ကိုယ်ပိန်လို့ ပူမီ၊ ထူးသနော် လေးထပ်တယ် ဗေဒင်ကျော်ကာ၊ ရွှေသဇင် ခိုင်အဖူးမှာ၊ ထူးတဲ့ ကစီ"

ခုနှစ်နေ့သားသမီးတို့၏ အိမ်ထောင်ဖက်ကိန်း အဟောလင်္ကာဖြစ်ပါ၏။ အထက်ဖော်ပြပါ လင်္ကာကို အောက်ပါအတိုင်း တွက်ချက်လေ့လာကြည့်နိုင်ပါ၏။

အိမ်ထောင်ဖက် နံနှစ်နံကို ဦးစွာတည်ရပါသည်။

ဥပမာ - တနင်္ဂနွေသားနှင့် သောကြာသမီးဖြစ်ပါ

၁+၆ = ၇ ဖြစ်၍၊ မြှောက်ပြား ပဉ္စာဆိုသည့်အတိုင်း ၇×

= ၃၅ ဖြစ်ရပါမည်။

စားသေဝ္တာ အိမ်ထောင်ကိန်း ဆိုပြန်၍ ၃၅÷၇ =

၏ နောက်ဆုံးအကြွင်းမှာ (၅)ဖြစ်ရမည်။ ထိုအကြွင်း ကြည့်ပြီး လင်္ကာပါအတိုင်း ဟောနိုင်၊ တွက်နိုင်ပါ၏။

လင်္ကာပါအတိုင်း မှတ်သားရန်မှာ အကြွင်း (၁) ဖြစ်က အကြွင်းတဲ့ ကော ဟောချက်ကို ယူပါ။

အကြွင်း(၂)ဖြစ်ပါက ခွေကြွင်းရာ ဟောချက်ကို ပါ။

အကြွင်း(၃)ဖြစ်ပါက တြိန်းတဲ့သေသာ ဟောချ ယူပါ။

အကြွင်း(၄)ဖြစ်ပါက ဇယမှာ ကြံလာမူကား ချက်ကို ယူပါ။

အကြွင်း(၅)ဖြစ်ပါက ငါးခုတဲ့ ကြွင်းသေ ဟောချက်ကို ယူပါ။

အကြွင်း(၆)ဖြစ်ပါက ဆသေတာ ရွှေကြာရေမှ ချက်ကို ယူပါ။

အကြွင်း(၀)ဖြစ်ပါက သုညတဲ့ တွေ့ကြိမ် ဟော ကို ယူပါ။

အထက်ဖော်ပြပါ အိမ်ထောင်ဖက် ကိန်းတွ လင်္ကာအတိုင်း တွက်ချက်၍ မိမိတို့ နှစ်သက်ရာ အိမ်ထော ဖက်သည် ကောင်း၊ မကောင်း လေ့လာဆန်းစစ်နိုင်၍ ခရီးကို ဆက်လက်ရွေးချယ် လျှောက်လှမ်းကြစေချင်ပါသ

ခုနှစ်နေ့သားသမီးအပေါင်း မင်္ဂလာအပေါ

ပြည့်စုံကြ

* * *

မင်း



www.burmeseclassic.com


www.burmeseclassic.com



ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြေ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

ဗမြိနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း −၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com


## ယနေ့နာမည်ကျော်များ မေးကြပြီ

ရုပ်ရှင်နှင့် မီဒီယိုသရုပ်ဆောင်များ၊ ဒါရိုက်တာများဖြစ်ကြသော ရန်အောင်၊ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ဇင်ဝိုင်း၊ လူမင်း၊ စိုးသူ၊ စိုးမြတ်သူဇာ၊ မင်းမော်ကွန်း၊ ဆုပိုပိုအောင်၊ မျိုးသန္တာထွန်း၊ ဆုဆုစန္ဒီ၊ ခေတ်ပုံရဲမြင့်လွင်၊ ရီဝေယံ၊ သင်းရနံ့၊ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ စုလှိုင်နှင်း၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ညီနန္ဒ၊ မေသန်းနု၊ သျှားညို၊ နီကိုရဲ၊ မင်းဟိဏ်း၊ မော်ဒယ်ပုစွန်၊ စမိုင်းလ်၊ ကိုကိုလင်းမောင်၊ ဝေဠုကျော်၊ နှင်းဝတ်ရည်သောင်း၊ စိုးမြတ်နန္ဒာ၊ စတီရီအဆိုတော်ချစ်ကောင်း၊ ကြည်လဲ့လဲ့ဦး၊ မြတ်ဟေသီ၊ မောင်ပြည့်ဝ(ပန်းဝေသီ)၊ ယမင်းကိုကို၊ ဒါရိုက်တာမီးပွား၊ ကိုဇော် (အာရုဏ်ဦး)၊ ဒါရိုက်တာမိုက်တီး၊ မျိုးစန္ဒီကျော်၊ ဂျာဇာနေဝင်း၊ ဟေမာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ မေဝင်းမောင်၊ မီးမီး(ရတနာ)၊ Best Time Beauty Parlour ၊ ရတနာခင်၊ အေးဝတ်ရည်သောင်း၊ ဇင်မာဦး၊ စာရေးဆရာမ လွှန်းထားထား (ဆေးတက္ကသိုလ်)စသော နာမည်ကျော်အနုပညာရှင်များအကြောင်း လက္ခဏာ ဗေဒင် ဆောင်းပါးများကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ထို့ကြောင့် သင်သည်လည်း 'ဆရာဒေဝ'ထံ မေးကြည့်ဖို့ အချိန်တန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘသက်ဆွေ

# အမှောင်ည

ဖူးခနဲ လေပြင်းတစ်ချက်
က မှုတ်ထုတ်လိုက်မှ အနည်
အမောပြေသွားသလို သူ ခံစား
ရသည်။

တစ်နေ့လုံးနီးပါး
လမ်းလျှောက်နေသ
ညနေစောင်းလာ
နှင့်အမျှ ခြေလ
ပင် သယ်ချင်စိ
တော့။ တစ်နေ့
မှာပင် စိတ်လွတ်
လွတ် အနားယူ
နှင့် သူရှာနေမိသည်
အတွက် အေးချမ်းလုံခြ
နေရာကို သူ တွေ့
လှောင်ပိတ် မွန်းကျပ်
ဂိုဒေါင်ဟောင်းတွေ၊ ယိုင်ယိုင်
အိမ်မျိုးတွေကိုသာ သူမြင်
သည်။ စိတ်ထဲတွင် အ
မတွေ့လှ။

မေးရင်း သူလာခဲ့
လမ်း၌ တွေ့သောသူတ
တော့ ညွှန်ပြလိုက်သည်။
လမ်းထဲတွင် တည်းခိုခန်းတစ်
ရှိသည်ဟုဆိုသည်။ ဈေးများ
မပေးနိုင်။ ဈေးသက်သာ
သောနေရာတွင် သူ တစ်ရက်
လောက်နေပြီး ခရီးဆက်ထွ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ နဒီရောလမ်းသည် ရပ်ကွက်ငယ်တစ်ခုအတွင်းရှိသောလမ်းဖြစ်သည်။ အသွားအလာ ချောင်ကျသောနေရာပင်။ ဘယ်လိုပင်ဖြစ်စေ၊ သူရောက်အောင်သွားရမည်။ တခြားတစ်နေရာတွင် တည်းခိုပြီး စားဖို့သောက်ဖို့အတွက် သူမှာပါလာသည့် ပိုက်ဆံက လုံလုံလောက်လောက် မရှိလှ။ ငွေကြေးသက်သက်သာသာရှိသောအခန်းကို ရမှဖြစ်မည်။ နဒီရောလမ်းမှာ အမည်က သာလှသည်၊ လမ်းချိုး လမ်းကွေ့က များသည်။ ချိုင့်ခွက်တွေက ထူလွန်းသည်။ နှစ်ရက်၊ သုံးရက်လောက် မိုးက သဲသဲမဲမဲရွာထားသဖြင့် လမ်းပေါ်တွင် ရေဝပ်ပြီး ရွှံ့တင်နေသည်။

လမ်းတစ်လျှောက် သစ်ရွက် သစ်ခက် သစ်ကိုင်းတို့ ကျိုးကျ၊ ကြွေကျထားသဖြင့် ရှင်းရှင်းလင်းလင်း မရှိလှ။ ညနေအချိန် ကုန်ဆုံးခါနီးလျှင် အမှောင်ရိပ်ပင် သမ်းလာပြီ။ သူ တည်းခိုရမည့်အိမ်သို့ ရောက်လာသည့်အခါ မှောင်စပြုပြီဖြစ်သည်။ အိမ်မှာ လမ်းဆုံးတွင်ရှိသော ချောင်ကျကျနေရာပင်ဖြစ်သည်။ အိမ်ကတော့ အမိုးအကာကအစ တောင့်တောင့်တင်းတင်းပင် ရှိသည်။ လူတွေ တည်းခိုခဲ့သည့် အနေအထားမျိုးကို မတွေ့ရ။ ဒီနေရာကိုပဲ ဌားဖို့ သူ ဆုံးဖြတ်လိုက်သည်။ လမ်းတို့၊ လူနေအိမ်တို့နှင့် ဝေးပြီး သီးသန့်ကျသည်။ ပြောရလျှင် ပိုင်ရှင်မရှိသောအိမ်ပင်။ တံခါးကို သော့ခလောက်နှင့် ခတ်ထားပြီး သံကြိုးတို့နှင့် ပတ်ချည်ထားသည်။ သူ့ကုတ်အင်္ကျီအတွင်းမှ သံချောင်းအတိုလေးကို ယူကာ တံခါးကို ရအောင်ဖွင့်လိုက်သည်။ တံခါးပတ္တာတို့မှာ ဆီမရှိ၊ သံချေးကိုက်နေ၍ မနည်းတွန်းဖွင့်ရသည်။

"ဟာ . . . မှောင်လိုက်တာကလည်း လွန်ရော"

အိမ်ထဲတွင် အလင်းရောင် လုံးဝမရှိ။ မှောင်မည်းနေသည်။ သော့ခတ်ပိတ်ထားသည်မှာ ကြာပြီဖြစ်၍ ပုပ်အဲ့အဲ့၊ ညှီစို့စို့အနံ့အသက်၊ စိုထိုင်းထိုင်းနှင့်။ အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်စဉ် မီးခြစ်ပါလာသည်။ မီးခြစ် ခြစ်လိုက်သည့်အခါတွင် ဖြာထွက်လာသော အလင်းရောင်မှုန်ဝါးဝါးတွင် မြင်ရသည်က ရှေ့စာည့်တည့်တွင် အခန်းတစ်ခန်းရှိနေသည်။ ဖွင့်ထားသည့် တံခါးကို သေသေချာချာပြန်ပိတ်ပြီး မီးခြစ်၏ အလင်းရောင်နှင့် သူ တဖြည်းဖြည်းလျှောက်လာခဲ့သည်။ တစ်နေရာမှ တစ်နေရာသို့ အလင်းရောင် မှုန်ဝါးဝါးနှင့် အမှောင်ထဲ လျှောက်နေရသည်က စိတ်ပျက်စရာပင်။ သည်လိုနေရာမျိုးမှလွဲ၍ သူ့မှာ နေစရာမရှိ။

နောက်ထပ် မီးခြစ် ခြစ်လိုက်ပြီးရသည့် အလင်းရောင်လေးနှင့်ပင် ထောင့်ဆုံးအခန်းသို့ ဝင်လိုက်သည်။ ထိုအခန်းက လေဝင် လေထွက်ရှိ၍ အနံ့အသက်က သိပ်မဆိုး။ ပြတင်းတံခါးတို့မှာ ပျဉ်ပြားချပ်ငယ်များနှင့် အသေဖြတ်ရိုက်ပြီး ပိတ်ထား၍ ဖွင့်မရ။ ဟို-သည်ကို ကြည့်လိုက်စဉ် သံချေးအနည်းငယ်တက်စ ပြုပြီဖြစ်သော မီးဖိုငယ်တစ်လုံး။ တော်သေးရဲ့ဟု သူ့စိတ်ထဲ တွေးလိုက်သည်။ သိပ်မှောင်လွန်းနေသဖြင့် မီးခိုးမီးကြောင့် တစ်နေရာရာမှ လုမ်းမြင်ရလျှင် သူ့အတွက် နောက်ထပ် အဖော်တစ်ယောက်ယောက်ဖြင့် ရနိုင်မည် ထင်သည်။

"အင်း . . . ဒီအင်္ကျီစကို ဆုတ်ဖြဲပြီး အမှိုက်တွေနဲ့ မီးမွှေးရရင် ကောင်းမယ်"

သူ့စိတ်ထဲ တွေးကာ ဝတ်ထားသည့် အပေါ်အင်္ကျီကို ဘေးပတ်လည် အနားစအား ဆုတ်ဖြဲလိုက်သည်။ အမှိုက်တချို့၊ စက္ကူစတချို့တလေကို စုပုံပြီး မီးဖိုပေါ် တင်လိုက်သည်။ မီးရှို့လိုက်သည့်အခါတွင် မီးအလင်းရောင်နှင့် မီးခိုးအငွေ့ပါ ခံစားရလေသည်။ လွန်ခဲ့သော သုံးလေးရက်က မိုးဆက်တိုက်ရွာထားသဖြင့် သူဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီရှည်တို့မှာ စိုထိုင်းထိုင်းဖြစ်နေသည်။ အပူဓာတ်ရအောင် ကိုယ်ပေါ်မှ ချွတ်ပြီး မီးဖိုနား ကပ်ထားလိုက်သည်။ စီးလာသည့် ဖိနပ်မှာလည်း ရေတို့နှင့် စိုစွတ်နေသဖြင့် ခြေထောက်မှ ချွတ်လိုက်ပြီး မီးဖိုနားတွင် ထားလိုက်သည်။

"အား . . . အိပ်ချင်လိုက်တာ"

ညက ပိုပြီးမှောင်လာသည်။ နဂိုကတည်းက တိတ်ဆိတ်နေပြီး ယခုပို၍ပင် တိတ်ဆိတ်ကာ ပိုးမွှားကောင်ငယ်တို့၏ အသံမျှပင် မကြားရချေ။ မီးဖိုနားမှာပင် ခြေပစ်လက်ပစ် ကျောဆန့်ကာ သူလှဲအိပ်လိုက်သည်။ ပင်ပန်းလွန်း၍ထင်သည်၊ ချက်ချင်းပင် အိပ်ပျော်သွားသည်။ ရုတ်တရက် ပြန်နိုးလာသည်၊ ကြာကြာအိပ်မပျော်။ သူ ပြန်နိုးလာသည့်အချိန်တွင် မီးဖိုမှ မီးရှိလျက်ပင်။ အလင်းရောင်က ပတ်ဝန်းကျင်ကို ထင်သာမြင်သာစေသည်။

အိပ်ချင်သော်လည်း ကြမ်းပြင်ပေါ်တွင် ကြာကြာမအိပ်နိုင်။ အပြင်ဘက်တွင် ရာသီဥတု၏ အအေးဓာတ်က အိမ်အတွင်းမှာပင် မခံနိုင်အောင် အေးစိမ့်နေသည်။ ကြမ်းပေါ်တွင် လှဲအိပ်ရာ၌ ခြေချောင်း၊ လက်ချောင်းလေးများ ထုံကျဉ်လာ၍ မကြာခဏ နွေးထွေးအောင် လှုပ်ရှားပေးရသည်။ ပြန်အိပ်ပျော်ရန် ကြိုးစားစဉ် သူ့နားထဲသို့

www.burmeseclassic.com

ခြေနင်းလျှောက်လာသံကို ကြားရသည်။ ခြေသံနှင့်အတူ ပြတင်းတံခါးရွက်တို့လည်း လှုပ်ခါနေသည်။ စိတ်ထဲတွင် တစ်ခုခုကို စိုးရိမ်စိတ်ဝင်လာသည်။ ကြက်သီးအနည်းငယ် ထသွားသလိုပင်။ ခြေသံကို သေသေချာချာပင် နားစွင့်ထားလိုက်သည်။ သူနေသည့်အခန်းလေးတွင် ဝင်ပေါက် တံခါးဝက တစ်ခုသာ ရှိသည်။ တံခါးဝဘက်သို့ မျက်နှာမူပြီး ငုတ်တုတ်ထိုင်ကာ မျက်တောင်တစ်ချက်မခတ်ဘဲ သေသေချာချာကို ဂရုတစိုက်ကြည့်နေလိုက်သည်။ ရန်မူလာမည့်သူဆိုလျှင် ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ သူ့တွင် ခရီးဆောင်ဓားကစ်ချောင်းပါသည်။ သူ့စိတ်ကို သူအားပေးပြီး သတ္တိမွေးလိုက်သည်။

"လာစမ်းပါစေ၊ လူသတ်မှုနဲ့ ထောင်ကျပြီး လွတ်လာတာ တစ်ပတ်ပဲ ရှိသေးတယ်။ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

စိတ်ထဲ တင်းထားရသော်လည်း သူ အပြစ်ကျခဲ့သည့် လူသတ်မှုမှာ အရက်မူးပြီး တစ်ယောက်တစ်ခွန်း စကားများ၍ လက်လွန်ခြင်းသာ ဖြစ်သည်။ တကယ်တမ်း ရင်ဆိုင်ရမည်ဆိုလျှင် သွေးတော့ လန့်သည်။

ခြေသံရှင်ကလည်း ခပ်ဖြည်းဖြည်းနှင့် လေးလေးမှန်မှန်လျှောက်ကာ လာနေသည်။ လမ်းကျဉ်းကျဉ်းလေးမှ လျှောက်လာပြီး သူရှိသော အခန်းထဲသို့ ဝင်လာသည်။ သူ့ကို မမြင်။ သူကလည်း ထိုလူစိမ်း မမြင်ရလေအောင် ခပ်မှောင်မှောင်ဖြစ်နေသော အခန်းထောင့်တွင် ကိုယ်ကို ကွေးနိုင်သမျှ ကွေးပြီး အသံလုံးဝမပြုဘဲ ကြည့်နေသည်။ လူစိမ်းသည် မီးဖိုထားသော မီးဖိုရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ အပြင်မှာ မိုးရွာသံ မကြားရသော်လည်း ထိုလူ၏ တစ်ကိုယ်လုံးရှိ အဝတ်အစားတို့မှာ ရွှဲရွှဲစိုနေပြီး ခြေလှမ်းတိုင်း ရေစက်တွေ တောက်လျှောက်ကျနေသည်။

ထိုလူ၏ အဝတ်အစားတို့မှာ သူ့ထက်ပင် ပိုပြီးဟောင်းနွမ်းလွန်းကာ အရောင်တို့မှာ မွဲနေသည်။ ရေစက်တို့မှာ တစ်ကိုယ်လုံးမှ စီးကျနေသည်။ ခေါင်းတွင် ဦးထုပ် မဆောင်းထား၍ ဆံပင်တို့သည် နဖူးတစ်ဝိုက်တွင် ကျကာ မျက်နှာတစ်ဝက်လောက်ကိုပင် အုပ်ထားသလိုဖြစ်နေသည်။ ခေါင်းမှနေ လောင်းချထားသည့်ပမာ ရွှဲရွှဲစိုနေပြီး ရေကြောင့် မျက်လုံးအစုံကလည်း နီရဲနေသည်။

"ထိုင်မယ်နော်"

သူ့ကို မြင်သွား၍ မီးဖိုနားတွင် ထိုင်ရန် ခွင့်တောင်းနေသည်။

"ထိုင်ပါ…ထိုင်ပါ။ မိတ်ဆွေကလည်း ကျုပ်လို ခရီးသွားတစ်ယောက်နဲ့ တူတယ်။ ဒီနယ်သားတော့ ဖြစ်မယ် မထင်ဘူး"

"အား… တယ်အေးတာပဲ။ တစ်ကိုယ်လုံး မိုးမိထားပြီး ရွှဲရွှဲစိုနေတာ"

မေးသည့် မေးခွန်းကို မဖြေသေးဘဲ သူ့ကိုယ်သူ နွေးနွေးထွေးထွေးရှိလာရန် မီးဖိုနားတိုးကပ်ပြီး လက်ဖြန့်ကာ မီးလှုံနေသည်။ ကိုယ်ကို ကွေးကွေးထိုင်ပြီး တဆတ်ဆတ်တုန်နေကာ သွားချင်းရိုက်သံကိုပင် ကြားရသည်။ ထိုသူ၏ မျက်နှာမှာလည်း အေးလွန်း၍ ထင်သည်၊ သွေးမရှိသလို ဖြူဖပ်ဖြူလျော်ဖြစ်နေသည်။

"ဒီလောက် မိုးလေသည်းနေတဲ့ အချိန်မှာ ခရီးမထွက်သင့်ဘူး။ အန္တရာယ်ရှိတာပေါ့။ ဒီကို မရောက်ခင် တခြားတစ်နေရာရာမှာ မိုးခိုနေသင့်တယ်။ ဒီတည်းခိုခန်းက လူတွေ နေတဲ့ အိမ်နဲ့ သိပ်အလှမ်းဝေးတာ"

သူက စေတနာထားပြီး အေးလွန်း၍ တစ်ကိုယ်လုံး တုန်လျက်ရှိသော လူစိမ်းကို စာနာစိတ်နှင့် ပြောလိုက်သည်။ အပြင်တွင် လေဒဏ်ကြောင့် သစ်ရွက်သစ်ကိုင်းတို့ ကျိုးကျသံမှာ အဆက်မပြတ်ကြားနေရသည်။

"အချိန်က ရောက်နေပြီ"

ကွဲအက်ရှရှ အသံလေးလေးနှင့် သူ့ကို ထိုသူက စကားပြန်သည်။

"ဒီလို ရှားရှားပါးပါးရတဲ့ အခွင့်အရေးကို သူက လက်လွှတ်ခံမှာ မဟုတ်ဘူး။ ဒီနေရာကို လူစုလူဝေးနဲ့ လာကြတာ မဟုတ်တော့၊ အင်း… နောက်ပြီး ခင်ဗျားအဖို့ ဒီနေရာမှာ ဘာ စားစရာမှ တစ်ခုတလေ၊ တစ်ဖဲ့တောင် တွေ့မှာမဟုတ်ဘူး။ အားလုံး သူတို့က စားပြီးသွားကြပြီလေ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

လူစိမ်းအား သူက အသံမှန်မှန်နှင့် ပြန်မေးလိုက်သည်။ လူစိမ်းက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"သူတို့…သူတို့ဆိုတာ ဟောဒီ အိမ်ကြီးထဲမှာ နေကြတဲ့ နာနာဘာဝ သရဲတွေ၊ တစ္ဆေတွေလေ။ ဟားဟား ဟား… သိပ်ကြောက်သွားပြီလား ကိုယ့်လူ။ ဒီမှာ ကျုပ်ပြောပြမယ်။ အဲဒီ အကြောင်းက တော်တော်စိတ်ဝင်စား ကောင်းပြီး စိတ်မကောင်းစရာလည်း ကောင်းတယ်။ ဒီအိမ်ရဲ့ နောက်ဘက် မှာ နွံအိုင်ကြီးတစ်ခုရှိတယ်။ တချို့က တော့ သူ့ကိုယ်သူ သတ်သေတာတဲ့ အဲဒါ မဖြစ်နိုင်ဘူး။ လုံးဝကို မဖြစ်နိုင် တာ။ ဘယ်…အဲဒီလူက သူ့မိသား ကို သိပ်ချစ်တာ။ ဘာဖြစ်လို့ သူ့ကိုယ် သူ သတ်သေရမှာလဲ။ အဲဒီ နွံအိုင် ဘေးမှာ ကျောင်းလေးတစ်ကျောင်





www.burmeseclassic.com

www.burmeseclassic.com

ာယ်။ သူက သူ့ကလေးတွေကို ကျောင်းလာ့လာကြို့တတ်တယ်။ ာစ်နေ့တော့ သူမေ့ပြီး မလာဖြစ်တဲ့ အခါမှာ ကလေးသုံးယောက်စလုံးက ိုင်ထဲ ဆင်းဆော့ပြီး အကုန်သေ ာန်တယ်။ သူ ဆင်းပြီးဆယ်တဲ့အခါ ာ သူပါ နွံနစ်ပြီး သေသွားတယ်လေ။ ဒီတော့ တချို့က ပြောကြတယ်။ ိမ်ထဲမှာ အဲဒီလူက အပေါ်ထပ်နဲ့ အောက်ထပ် အကုန်လျှောက်သွားနေ ာတို့ ခြေသံတွေ ကြားရတာတို့ အဲ- ာစ်ခါတလေ အရိပ်အယောင်တွေ ိုင်ရင် ထွက်ပြေးကြရော။ သူကတော့ ိုင်ထဲ ကျသွားတော့ နွံထဲက တက် ာခဲ့သလို၊ ဟိုဟိုဒီဒီ လျှောက်သွား နေတယ်တဲ့။

လူစိမ်းက သူ့ကို ပြောပြပြီး ားရပ်လိုက်သည်။ သူ့နားထဲတွင် ်လူစိမ်း၏ ဖိနပ်မှ ရေစိုနေ၍ အသံ ည်နေသည်ကို ကြားရသည်။

"အင်း . . . ဒီအကြောင်းတွေက ျပ်အတွက် သိပ်အရေးမကြီးပါဘူး။ ်တွေက အယူသိပ်ကြီးပြီး အစွဲအလမ်း ာဲ့သူတွေအတွက်သာ ဖြစ်မှာ။ ကျုပ် ာတော့ လုံးဝ မယုံဘူး။ ကနေ့အထိ ာရဲဆိုတာကို မြင်လည်း မမြင်ဖူးဘူး။ ို မိုးတစိမ့်စိမ့်ညမျိုးတွေ မကြာခဏ ြုံခဲ့ရတာပဲ။ ဖြတ်သွားဖြတ်လာခဲ့တာ ာ ဘာသရဲမှ မတွေ့ခဲ့ဘူး။ အလကား ုံတမ်းစကားပုံပြင်တွေပါဗျာ"

"အို . . . ဒီလိုလည်း မဟုတ်ဘူး ာ။ မဖြစ်နိုင်ဘူးလို့ ပြောလို့မှ မရ ာ။ ကျုပ်လည်း လျှောက်သွားနေတာ ာ မယုံပါဘူး"

လူစိမ်း၏ အပြောကြောင့် သူက ြုံးနေလိုက်သည်။

"ဟင်းဟင်း . . . ဘယ်သူတွေ ာပဲပြောပြော ကျုပ်က ကိုယ်တွေ့ ကြုံမှ ယုံတတ်တာဗျ"

"မဟုတ်ဘူးဗျ။ ဒီလိုလည်း ပုံသေမပြောနဲ့။ တချို့လူတွေ မယုံဘူး။ အဲ . . . နောက်တော့ မဖြစ်မနေကြုံလာ တော့ ယုံရတာပဲ"

"တော်ပါတော့ဗျာ။ ဒီနေ့ ဒီအချိန် ကာလမှာ ဒါတွေဟာ တစ္ဆေသရဲတွေ ဆိုပြီး ပြောကြဆိုကြတာ ယုံတမ်း စကား၊ အိပ်ရာဝင် ပုံပြင်ဖြစ်နေပါပြီ"

သူက ပြောပြီး လူစိမ်းကို ကြည့် လိုက်သည်။ မီးဖိုနားကပ်ပြီး မီးလှုံနေ သော်လည်း သူ့ကိုယ်မှ ရေစက်တို့မှာ စိမ့်ထွက်လျက်ရှိနေခဲ့ဖြစ်သလို၊ ကြမ်း ပြင်ပေါ်တွင် ရေရွှဲကာ အနံ့အသက်တို့ ကလည်း ပုပ်အဲ့အဲ့ အောက်သိုးသိုး အနံ့ထွက်နေသည်။

"ဘုရား . . . ခင်ဗျား ဒီလောက် မီးလှုံပြီး အပူခံနေတာတောင် ခင်ဗျား တစ်ကိုယ်လုံး ရွှဲနေတုန်းပါလား။ ခုထက်ထိ မခြောက်နိုင်သေးဘူး"

သူက လူစိမ်း၏ အဖြစ်ကို စိတ် မရှည်နိုင်တော့၍ အော်မေးလိုက်သည်။ တစ်ညလုံးနီးပါးရှိတော့မည်။ နောက် ထပ် တစ်မေးမျှ မအိပ်ရသေး၍ စိတ်တို နေပြီ။

"မခြောက်နိုင်သေးဘူး၊ ဟုတ် လား ကိုယ့်လူ။ ဟားဟားဟား . . . တကယ်ရယ်စရာကောင်းတယ်။ စိုနေ တာကို ခြောက်ရမယ်တဲ့။ ကျုပ် တစ်ကိုယ်လုံး ဘယ်လိုလုပ်ပြီး ခြောက် သွေ့နိုင်မှာလဲ။ ကျုပ်က အမြဲတမ်း ရွှဲရွှဲစိုနေတယ်။ နွေလည်း စို၊ မိုးလည်း စို၊ ဆောင်းမှာလည်း စို။ အမြဲတမ်း စိုစိုရွှဲနေရတဲ့ ဘဝဗျ။ ဒီမှာလေ ကျုပ် လက်တွေ မီးဘယ်လောက်လှုံလှုံ မခြောက်မှ မခြောက်ဘဲ၊ ခင်ဗျားကြည့် ပါလား"

ပြောပြောဆိုဆိုပင် သူမြင်အောင် လူစိမ်းက လက်နှစ်ဖက်ကို မီးဖိုမှ မီး အလင်းရောင်ဖြင့် ထောင်ပြလိုက်သည်။

"ဟားဟားဟား . . . ကြည့်လေဗျ၊ ကြည့်လေ။ အဲဒီ ကျုပ်လက်တွေ ဘယ်လိုလုပ်ပြီး ခြောက်အောင် လုပ် ရမလဲလို့၊ ပြောစမ်းပါဗျ"

ပြောရင်း လူစိမ်း၏ အသံမှာ လည့်ချောင်းကွဲသံပမာဖြစ်ပြီး အသံ ကျယ်လာသည်။ ဟားတိုက် ရယ်မော သံမှာ အခန်းလေးထဲတွင် ဆူညံလျက် ရှိသည်။ လူစိမ်း၏ လက်ဝါးနှစ်ဖက်ကို သူကြည့်လိုက်သည်။ သူတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားကာ ချွတ်ထား သည့် ဖိနပ်၊ ဘောင်းဘီတို့ပင် မဝတ် နိုင်တော့ဘဲ အမြန်ယူကာ ထိုနေရာမှ သူ မြန်နိုင်သမျှ မြန်အောင် ထွက်ပြေး လာခဲ့သည်။ ရင်မှာ မောပြီး ခြေလက် တွေပင် တုန်နေသည်။

"ဘုရား . . . ဘုရား . . . ကြောက် စရာပါလား"

ပြေးရင်းက လူနေအိမ်တွေ ရှိရာ သို့ အမြန်ရောက်ပါစေဟု ဆုတောင်း ရသည်။ သူ့မျက်လုံးထဲတွင် မီးရောင် ၌ ထောင်ပြသော လူစိမ်း၏ လက် နှစ်ဖက်ကို မြင်ယောင်နေမိသည်။ လက်နှစ်ဖက်စလုံးမှာ ရွှံ့နွံတွေ လူးပြီး ရွှဲရွှဲစိုကာ၊ အရိုးပြိုင်းပြိုင်းနှင့် အသား ဟူ၍ လုံးဝမရှိသည့် ကြောက်စရာ လက်နှစ်ဖက်ပင် ဖြစ်နေပါသတည်း။

* * *

BURMESE CLASSIC .com

ဘသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

ကျွန်တော်တို့ငယ်ငယ် ဇာတ် ...သား ပန်တျာကြည်လင် ကပြ ...သံသွင်းထားသည့် ကိုဘုန်းကြွယ်၊ ...စိမ်း သိုက်သမားဇာတ်ထုပ်အား ...သံချပ်စက်များ ဖွင့်သည့်အခါတွင် ...ည်း နားထောင်ရသလို၊ ဇာတ်ပွဲများ ...ွင် နောက်ပိုင်းဇာတ်ထုပ်ကြီး ကပြ ...သည့်အခါတွင်လည်း ကြည့်ရှုခဲ့ဖူးသည်။ ...ဘုန်းကြွယ်၊ မမြစိမ်းတို့၏ ဇာတ်လမ်း ...လေးများ ဖိုးဦးတောင်အနီးရှိ မမြစိမ်း ...ိုက်သမိုင်းအား အခြေခံထားခြင်း ဖြစ် ...ည်။

မမြစိမ်းမှာ ဥစ္စာစောင့် လူဝင်စား ...ပြီး ကိုဘုန်းကြွယ်ဆိုသူနှင့် လူ့ ...တွင် အကြောင်းပါလျက် သားသမီး ...ယင် ရခဲ့သည်။ သားသမီးတွေ အချိန် ...န် အရွယ်ရောက် လူလားမြောက်လို့ ...ပြုမည့်အချိန်နီးကာမှ မမြစိမ်းမှာ ...င်း သိုက်နန်းက အကြီးအကဲလုပ် ...တို့ ပြန်ခေါ်၍ ပြန်သွားရသည်။ ထို ...တ်လမ်းတွင် ကိုဘုန်းကြွယ်နှင့် မမြ ...မ်းတို့အဖြစ်က အလွန်သနားစရာ ...ကောင်းသည်။ မမြစိမ်းက ဥစ္စာစောင့် ...ဝင်စားဟု ပြောသည်။ သို့သော် ...ဘုန်းကြွယ်က မယုံ။

ကိုဘုန်းကြွယ်က သူ၏ ဖခင်ကြီး ...အား…

"အဖေ…မမြစိမ်းက လူမဟုတ် ...ဘူးတဲ့ အဖေ"

ဟု ပြောရာ ကိုဘုန်းကြွယ်၏ ...ခင်ကြီးမှာ လူကြီးပီပီ ရိုးရိုးသားသား ...င် ဟုတ်မယ် မထင်ပါဘူး သားရယ်"

ဟု ဖျောင်းဖျပြောဆိုခဲ့သည်။

သို့သော် မမြစိမ်းကား အရင် ...ပေါင်းက သိုက်နန်းရှိရာသို့ တကယ်ပင် ပြန်သွားခဲ့သည်။ မမြစိမ်းမှာ သိုက်နန်းသို့ ပြန်မသွားမီ ကိုဘုန်းကြွယ်အား ပြောခဲ့သည့် နောက်ဆုံးစကားမှာ…

"ကိုဘုန်းကြွယ်… ကျွန်မ မရှိပေမယ့်လည်း ကျွန်မသားလေးတွေကို ရှင်ပြုပြီး အမျှအတန်းဝေပေးပါ။ တကယ်လို့ ကျွန်မရှိရာ သိုက်နန်းကို လိုက်လာချင်တယ်ဆိုရင်လည်း မီးခိုးလုံးလေး တန်းပြပါမယ်"

ဟု မှာကာ သိုက်နန်းရှိရာ ပြန်သွားခဲ့သည်။

မမြစိမ်း သိုက်နန်းပြန်သွားပြီးနောက် မြစိမ်းသိုက်အား လိုက်၍ ရှာနေသည့် သိုက်ဆရာကြီးတစ်ဦးရောက်လာခဲ့သည်။ သိုက်ဆရာကြီးမှာ ခရီးသွားလိုလို၊ ကုန်သည်လိုလိုနှင့် ကိုဘုန်းကြွယ်နှင့်အတူ တစ်လှေတည်း စီး၊ တစ်ခရီးတည်းသွားကာ မြစိမ်းသိုက်အား စုံစမ်းတော့သည်။

သိုက်ဆရာကြီးသည် မြစိမ်းသိုက်အား တွေ့သောအခါ စည်းတား၍ ရိုက်ပြီး ရွှေငွေဥစ္စာတို့အား ရယူမည် ကြံသော်လည်း ရွှေငွေဥစ္စာတို့အား ရ၍ မသွားခဲ့ပေ။

ကိုဘုန်းကြွယ်လည်း ထိုအခါမှပင် မမြစိမ်းသိုက်ရှိရာ နေရာအား ပြောပြလိုက်မိသည့်အဖြစ်အား ယူကျုံးမရဖြစ်ရတော့သည်။

မမြစိမ်းမှ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူသည့်အခါ ကျောင်းတော်ဆောက်ရန် ထားရှိခဲ့သည့် ရွှေငွေရတနာပစ္စည်းတို့အား မယူဖို့ အတန်တန်တောင်းပန်ပြောဆိုသော်လည်း မရ။ နောက်ဆုံး သိုက်ဆရာကြီး၏ တပည့်ဖြစ်သူမှာ စည်းပေါက်၍ သိုက်စောင့်သရဲက တင်းပုတ်နဲ့ လိုက်၍ရိုက်ရာ သိုက်ဆရာနှင့် တပည့်တို့လည်း ခွေးပြေး ဝက်ပြေး ထွက်ပြေးကြရသည်။

ထိုဖြစ်ရပ်သည် လူသားတို့ တကယ်ပင် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ပင်ဖြစ်သည်။

ထိုခေတ်က ထိုကဲ့သို့ ဥစ္စာစောင့်လူဝင်စားရှိသလို၊ ယနေ့ကာလမှာလည်း ရှိသည်။ ဥစ္စာစောင့်တို့မှာ သူတို့နှင့် ချစ်ခင်ကျွမ်းဝင်သူတို့အား ရွှေငွေဥစ္စာရတနာတို့အား သူတို့ပိုင်ဆိုင်သည့် အစုထဲက ခွဲဝေပေးနိုင်သည်။

ဥစ္စာစောင့်တို့မှာ ဘုရားသိုက်ဥစ္စာရတနာတို့အား သုံးပုံ ပုံလျက် ထားရှိရာ တစ်ပုံမှာ အရိမေတ္တေယျဘုရားရှင် ပွင့်သည့်အခါ ကျောင်းတော်ဆောက်ရန်၊ တစ်ပုံမှာ ဘုရားသိုက် ဥစ္စာရတနာရွှေငွေတို့အား အနိုင်အထက် လုယက်သူတို့လာလျှင် ပေးရန်၊ တစ်ပုံမှာ ဥစ္စာစောင့်၊ သိုက် ...င့်များ စားသုံးရန်အတွက်ဟူ၍ သုံးပုံခွဲထားလေ့ရှိသည်။

သို့သော် ဘုရားသိုက် ရတနာတို့အား မည်သည့် သိုက်ဆရာမျှပင် သိုက်ရိုက်၍ တူးဖော်ရရှိသည်ဟု မတွေ့ရ၊ မကြားရပေ။

သိုက်ဆက် ဥစ္စာစောင့်ဘဝကနေ ယခု လူ့ဘဝ ခဏအလည်လာကြသူတွေလည်း ရှိသည်။ ထိုသူတို့မှာ သိုက်နန်းမှ အကြီးအကဲလုပ်သူတို့ထံမှ ခွင့်ပန်ကာ လူ့ပြည်တွင် လူဝင်စားဖြစ်လာသူများဖြစ်သည်။

ဥစ္စာစောင့်တို့မှာ မိမိတို့၏ အမိအဖ ဆွေမျိုးသားချင်းတော်စပ်ခဲ့သူတို့အား သူတို့ပိုင် ဥစ္စာရတနာတို့အား ပေးကမ်း မ,စလို့ ရနိုင်သည်ဟု ဆိုကြသည်။

ဥစ္စာစောင့် လူဝင်စားတချို့မှာ အမိဝမ်းက မွေးပြီး အချိန်တန် အရွယ်ရောက် စကားပြောတတ်စအရွယ်မှာပင် စကားမပြောဘဲ ဆွံ့အ နားပင်းသူများ

www.burmeseclassic.com

သဖွယ် ရှိတတ်သည်။ ထိုသို့ ဆွဲအနားပင်းနေခြင်းကလည်း သိုက်ရှိရာနေရာအား ပြောပြလျှင် လူတို့ သိရှိသွားမည်ကို စိုးရိမ်သောကြောင့်ဟု သိရသည်။

ဥစ္စာစောင့် လူဝင်စားများကို မွေးဖွားသည့် မိခင်၊ ဖခင်တို့မှာ စီးပွားဥစ္စာရှာဖွေရာတွင် ခက်ခက်ခဲခဲ ရှာဖွေလုပ်ကိုင်ရခြင်း မရှိဘဲနှင့် စီးပွားရေးတိုးတက်ကောင်းမွန်နေတတ်သည်။ စီးပွားတိုးတက်ရခြင်းကလည်း တခြားမဟုတ်၊ သိုက်ဆက် ဝင်စားသူ ကလေးမှ မိဘဆွေမျိုးတို့အား တတ်နိုင်သရွေ့ စောင့်ရှောက် ထောင်ပံ့နေသောကြောင့်ပင်ဖြစ်သည်။

BURMESE CLASSIC .com

♦♦♦

ထိုကဲ့သို့ ဥစ္စာစောင့် ဝင်စားကာ ယနေ့တိုင် ဆွေမျိုးမိတ်သင်္ဂဟတို့အား စောင့်ရှောက်နေသူတစ်ဦးရှိသည်။

သူ့နာမည်က ရှင်ဦးသာ။

သူလည်း လူ့ဘဝသို့ မပြစ်မီးလို ခေတ္တအလည်လာခဲ့သူဖြစ်သည်။ ရှင်ဦးသာမှာ အသက်အတော်ကြီးမှ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ရှင်ဦးသာကလည်း သူ မသေမီကပင် သူသေမည့်ရက်ကို ကြိုတင်သိနေခဲ့သည်။ သူ မနက်ဖြန် သေမည်ကို သိနေသည်။ မိဘဆွေမျိုးမောင်နှမတို့အားလည်း သူ မသေမီကပင် သူဟာ...

"အခုဘဝမှာ လူဖြစ်နေပေမယ့် အရင်ဘဝက ဥစ္စာစောင့်ဖြစ်တယ်။ အခု ငါတို့မွေးချင်းတစ်စုတွေ လူ့ပြည်ကို ခေတ္တအလည်လာခဲ့ကြတာ။ အချိန်တန်လို့ နေရင်းဌာနကို ပြန်ရတော့မယ်။ ငါနဲ့အတူ လူ့ပြည်ကို လာခဲ့ကြသူတွေလည်း အထုပ်အပိုးတွေပြင်ပြီး မူလသိုက်နန်းရှိရာ ပြန်ရတော့မယ်။ မနေရတော့ဘူး။ ငါတို့နေတာက ပုဂံအရှေ့ဘက် တူရွင်းတောင်ကြောဆီက ဖြာပြီး တောင်ဘက် တန်းတန်းမြင်နေရတဲ့ ညိုညိုမှိုင်းမှိုင်းနဲ့ ရှိနေတဲ့ ပုဂံမြို့အရှေ့ဘက် တူရွင်းတောင်ကြောဆီက ဖြာပြီး တောင်ဘက် တန်းတန်းမြင်နေရတဲ့ ငွေးချိုတောင်ကြောမှာ နေတယ်။ မနက်ဖြန်ဆိုရင် ငါတို့ သိုက်နန်းရှိရာ ပြန်ရတော့မယ်။ ငါ မရှိပေမယ့် ငါ့တူ၊ ငါ့သားနောင်မယ်တွေ အားမငယ်ကြနဲ့။ အရေးအကြောင်း အခက်အခဲကြုံရင် ငါ့ကိုသာ တ,လိုက်။ အမေကြီး ရှင်ဦးသာကိုသာ တ,လိုက်၊ ငွေးချိုတောင်ကနေ အချိန်မရွေးရောက်လာပြီး ကူညီမစစောင့်ရှောက်ပေးမယ်"ဟု ဆိုကာ နောက်နေ့နံနက်တွင် မည်သည့်ရောဂါဝေဒနာတို့မှ မခံစားရဘဲ အကောင်းပကတိဖြင့် ရုတ်တရက် သေဆုံးသွားခဲ့သည်။

ယနေ့တိုင်ပင် ရှင်ဦးသာမှာ သူ၏ တူသားနောင်မယ် မြေးမြစ်တို့အား စောင့်ရှောက်လျက်ရှိသည်ဟု ဆိုသည်။ သူ၏ အဆက်အနွယ်တို့ကလည်း ကန်တော့ပွဲများ (သို့မဟုတ်) လက်ဖက် ကွမ်းယာများနှင့် ပွဲတင်ကာ ပ,သလေ့ရှိကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

တစ်ခါက ရှင်ဦးသာနှင့် မြေးတော်စပ်သည့် ကိုအောင်ဝင်းသည် မြစ်အနောက်ဘက် ရွာတစ်ရွာက အလှူပွဲတွင် မီးစက်မောင်းရန် လိုက်သွားချိန်ဖြစ်သည်။ မီးစက်မှာ ယူသွားစဉ်က စက်ပစ္စည်းတစ်ခုမှ ချို့ယွင်းခြင်း မရှိ။ အကောင်းပကတိပင် ဖြစ်သည်။ ရွာမှာ နေစဉ်ကလည်း မီးထွန်း။ မီးမောင်းလျက်ရှိသည်။ ထိုအလှူပွဲ၌ မီးထွန်းချိန်ရောက်၍ စက်နှိုးရာ မီးစက်မှာ လုံးဝနှိုး၍မရဘဲ ရှိနေသည်။

နောက်ဆုံးတော့ ကိုအောင်ဝင်းလည်း အမေကြီး ရှင်ဦးသာ မှာထားခဲ့သည့် စကားတို့အား အမှတ်ရကာ ကိုယ်တိုင်ပင် လက်ဖက်၊ ကွမ်းယာတို့ပြင်ဆင်ကာ -

"အမေ ရှင်ဦးသာ၊ ကျွန်တော်တို့မှာ အကျပ်အတည်းနဲ့ ကြုံတွေ့နေ[ရ]ပါတယ်။ အမေလာပြီး မ,စ စောင့်ရှောက်ပေးပါ"

ဟု တိုင်တည် တင်မြှောက် ပ,သလိုက်သည်။

မကြာမီ အနီးနားရှိ အမျိုးသမီးတစ်ဦးအား ပူးဝင်ကာ ပြောပြသည်မှာ-

"ငါ့မြေးတွေရဲ့ စက်ကို နှိုးလို့ မ[ရ]အောင် ဘယ်ပညာရှင် စုန်း၊ ကဝေ[...]က ဟန့်တား နှောင့်ယှက်ထားရတာလဲ။ အခု အမြန်ဖယ်ရှားပေးမလား မပေးဘူးလား"

ဟု ကြိမ်းဝါးပြောဆိုလျှင် စုန်း[...]လည်း မနှောင့်ယှက်ဝံ့တော့ပေ။ မီး[...]စက်လည်း ထိုအခါမှပင် အကောင်း[...]ပကတိ နှိုး၍ရသွားခဲ့သည်။

♦♦♦

နောက်တစ်ကြိမ် သိသာထင်ရှား[...]သည့် ဖြစ်ရပ်တစ်ခုမှာလည်း ဤသို့ပင်ဖြစ်သည်။ ဟင်းလျာ အမဲသားတွ[...]အတွင်း အပင်း အရိုးဆူးကြီးထည့်ထား[...]သည့် ဖြစ်ရပ်ဖြစ်သည်။

ဒေါ်မြင်းစိန်တို့အိမ်တွင် အမဲသား[...]ဟင်းချက်ရန် ချိတ်ဆွဲထားစဉ် အမေ[...]ရှင်ဦးသာမှ...

"ညည်းတို့ အမဲသားတွဲ ချက်[...]ရင် ဒုက္ခတွေ့လိမ့်မယ်။ အဲဒီ အမဲသား[...]တွဲထဲမှာ အပင်းရိုးကြီး တွေ့ရလိ[မ့်]မယ်"

ဟု ပြောသဖြင့် ရှာဖွေကြည့်[...]တကယ်ပင် အရိုးဆူးကြီးအား တွေ့[...]ခဲ့ရသည်။ ထိုအမဲသားအား လုံး[...]မစားဘဲ မြေမြှုပ်ပစ်လိုက်ကြသည်။

အကျပ်အတည်း အခက်အခဲ[...]ကြုံလျှင် အမေ ရှင်ဦးသာမှ အမြ[...]ဝင်ရောက်ကာ ကူညီပေးခဲ့သည်[...]



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်လည်း ကိုထွန်းဦး၏ မိဘများ ကိုယ်တိုင်ပင် ရှင်ဦးသာအား ရည်မှန်းကာ ပူဇော် ပ,သသည့်အနေနှင့် အုန်းငှက်ပျော ကန်တော့ပွဲ၊ လက်ဖက်၊ ကွမ်းယာ စသည်တို့နှင့် အမြဲ ပ,သလျက် ရှိနေကြခြင်းဖြစ်သည်။

♦♦♦

ကြပ်စုရွာမြောက်ဘက်တွင် ရောဝတီမြစ်တွင်း စီးဝင်သည့် ကြပ်စုချောင်း (သို့မဟုတ်) ဇောင်းတောကန်ချောင်းအတိုင်း အရှေ့ဘက် တစ်မိုင်ခရီးတက်သွားလျှင် ချောင်းတောင်ဘက်တစ်ဖာလုံအကွာ ဘုန်းကြီးကန်ရိုးကကျလာသည့် ရိုးခွ ချောင်းဆုံနေရာမြောက်ဘက်ကပ်လျက်တွင် သစ်ညိုပင်ကြီးတစ်ပင်ရှိသည်။

ထိုသစ်ပင်ကြီးသည် ပုသိမ်ကန်မြောက်ဘက် ဥယျာဉ်ခြံမှ ဆူပုတ္တန်းကျေးရွာသို့ သွားသည့်လမ်းအနောက်ဘက် ကပ်လျက်ရှိသည်။ ကျွန်တော်တို့ ထင်းခွေသွားရင်း ထိုအပင်အနီးမကြာခဏရောက်ဖူးပါသည်။ အပင်ခြေရင်းတွင် ဇောင်းတော်ဖြူနီစတွေ အမြဲလို ချည်လျက် တွေ့မြင်ရပါသည်။ လွန်ခဲ့သည့် ၁၀နှစ်၊ ၁၅နှစ်ဝန်းကျင်ကာလတစ်ပိုက် အုတ်ထင်းခုတ်သူများမှာ သစ်ညိုပင်များပါမကျန် ခုတ်လှဲကြသော်လည်း ထိုသစ်ညိုပင်ကြီးကိုတော့ မည်သူမျှ မခုတ်မလှဲဝံ့။ ခုတ်လှဲဖို့နေနေသာသာ ကျိုးကျနေသည့် ကိုင်းခြောက်ပင် မကောက်ယူဝံ့ကြပေ။

ရှင်ဦးသာကို ကိုယ်တိုင်သိမီလိုက်ကြသူအချို့ရှိသည်။ သူတို့အပြောအရ ရှင်ဦးသာမှာ ရှေးခေတ် မြန်မာအမျိုးသမီးတို့ကဲ့သို့ပင် ထဘီက နီညိုရောင်၊ အင်္ကျီက ရင်ဖုံးအင်္ကျီ ဝတ်လေ့ရှိကြောင်း သိမီသူတို့ ပြောပြသည်။

ရှင်ဦးသာနှင့် အဆက်အနွယ်တို့မှာ အနီးနား ကျေးရွာများတွင် ယနေ့တိုင် ရှိနေပါသည်။ ထိုသူတို့မှ အစဉ်အဆက် ကန်တော့ပွဲ၊ လက်ဖက်၊ ကွမ်းယာတို့နှင့် တင်ကာ ပ,သလျက်ရှိနေဆဲပင် ဖြစ်သည်။

ငွေးချိုတောင်တန်းမှာ ချောက်၊ ရေနံချောင်း ကားလမ်းအရှေ့ဘက် ကပ်လျက်ရှိသည့် တောင်ကြောဖြစ်ကာ မြတ်စွာဘုရားရှင် ချိုးမင်း၊ ချိုးငှက်ဘဝဖြစ်စဉ် ကျင်လည်ကျက်စားခဲ့သည့် တောင်တစ်တောင်ဖြစ်ပါသည်။

* * *

BURMESE CLASSIC .com

ကိုသက်ရှည်






www.burmeseclassic.com

www.burmeseclassic.com

# ချက်ချင်း အကျိုးပေးမြန်သော ကက်ကင်း ဓာတ်ရိုက်နည်း

ကျော်သန်းစံ

ကက်ကင်းဓာတ်ရိုက်နည်းကို အသုံးပြုပါက ချက်ချင်း လက်ငင်း အကျိုးပေးမြန်သည်။ ကက်ကင်းတွင်လည်း အသေဓာတ်၊ အရှင်ဓာတ်ဟူ၍ နှစ်မျိုးရှိသည်။ ထို့ပြင် ဓာတ်တူနံတူ ကက်ကင်းနှင့် နံတူကက်ကင်းဟူ၍လည်း ရှိသည်။

တစ်မြို့တစ်ရွာမှ အခြားတစ်မြို့တစ်ရွာရှိ လူကို တွေ့လိုပါက ကက်ကင်းဓာတ်ဆင်ပြီး ရိုက်လိုက်ပါလျှင် ချက်ချင်း ဆိုသလို ရောက်လာတတ်သည်။

ဥပမာ - ခင်မမူ(၂-၅)မှ ဖန်ခွက်ထဲတွင် ချဉ်ပေါင် ရွက်ထည့်၍ မာလကာကိုင်းနှင့် မွှေ၍ အမည်တပ်ခေါ်နိုင်း ရမည်။

ထိုအခါ ခင်မမူနာမည်အစနှင့် အဆုံး နေ့နံကို ယူရပါမည်။ (၂-၅)နှင့် ပြောင်းပြန် (၅-၂)ဖန်ခွက်ထဲတွင် ပြောင်းပြန်ကက်ကင်း (၂-၅)ချဉ်ပေါင်ရွက်ကို ထည့်၍ (၅-၂)မာလကာကိုင်းနှင့် မွှေနိုင်းခြင်းဖြစ်သည်။ ထိုကဲ့သို့ ကက်ကင်းကို ချက်ချင်းလက်ငင်း အသုံးချပါက အဆင်ပြေစေပါသည်။

လူအမည်အမျိုးမျိုးရှိသည်။ သိသာရုံလောက် ဖော်ပြပေးပါမည်။ ခင်မျိုး၊ ခင်မြ၊ ကျော်မိုး၊ ကျော်မြ အစရှိသဖြင့် အမည်ပိုင်ရှင်များ အိမ်မှ ထွက်သွား၍ ပြန်ခေါ်လိုပါက အထက်ပါကဲ့သို့ ဖန်ခွက်ထဲတွင် ချဉ်ပေါင်ရွက်၊ ချဉ်ပေါင်သီး၊ ဂန္ဓမာပန်း၊ ငှက်ပျောရွက်၊ ငှက်ပျောဖူး တစ်ခုခုထည့်၍ "ခင်မျိုး အမြန်ပြန်လာပါစေ၊ ခင်မျိုးရောက်ပါစေ"စသည်ဖြင့် စိတ်ထဲမှ(နှုတ်မှ) လေးနက်စွာ အာရုံပြုပြောဆို၍ ခေါ်ပါက ကျိန်းသေရောက်လာပါလိမ့်မည်။

အကယ်၍ ခင်မျိုး၊ ခင်မြကို ခေါ်လိုပါက ဖလား တစ်လုံးတွင် လက်ဖက်လုံးထည့် (သို့မဟုတ်) လိမ္မော်သီး အခွံထည့်၊ လက်ဖက်ရည်ထည့်၍ (၄-၅)အား (၅-၄)ဖြစ် သော မရမ်းကိုင်း၊ ပုဏ္ဏရိတ်ကိုင်းတစ်ခုခုဖြင့် မွှေ၍ နာမည် တပ်ပြီး ခင်မြ အမြန်ပြန်လာရမည်ဟု ခေါ်ဆိုရပါမည်။

ထိုသို့ ကက်ကင်းဆိုသည်မှာ ကက်ဓာတ်၊ ကင်းဓာတ် ကက်ကင်းဓာတ်ဟူ၍ သုံးမျိုးသုံးစားရှိသည်။ အဓိက မှတ် သားရမည်မှာ ကက်ကင်းဓာတ်သည် ပြောင်းပြန်ဓာတ်ပ ဖြစ်သည်။

ဥပမာ - ပြောရလျှင် ကျားပျံ မကောက်၊ လယ်တ တောင်ဝေ၊ ခန္တီပေါက်ချာ အစရှိသည်တို့သည် ကက်ကင် ဓာတ်ယူထားခြင်း ဖြစ်ပါသည်။

ထို့နောက် ကက်ကင်းသည် ချက်ချင်းလက်ငင် အကျိုးပေးသော ကက်ကင်းဓာတ်သည် ကုန်ပစ္စည်းအရောင် အဝယ်ကိစ္စများ ဖြစ်သည်။

တစ်နေ့တွင် အညာအရပ်ဒေသမှ အဒေါ်ကြီ တစ်ယောက်သည် မန်ကျည်းသီးအိတ်များဖြင့် အောက်ပြ အောက်ရွာသို့ ရောက်လာသည်။ ထိုအဒေါ်ကြီးသ



www.burmeseclassic.com

www.burmeseclassic.com

...စ်ပတ်ခန့်ကြာသည်အထိ ရောင်းမထွက်ဘဲ ဖြစ်နေသည်။

ထိုအခါ ဗေဒင်ဆရာကြီး ဦးသောမထံ ဗေဒင်လာမေးသည်။ ဆရာပြောသည့်အတိုင်း ချဉ်ပေါင်ကိုင်း ယူလာ၍ ...နိုင်းလိုက်ရာ၊ နောက်တစ်နေ့တွင် မန်ကျည်းသီးအားလုံး ...ကသည်ပေးလိုက်ရသည်။ မန်ကျည်းသီးနှင့် ချဉ်ပေါင် ...င်းသည်လည်း မန်ကျည်း(၅-၂)၊ ချဉ်ပေါင် (၂-၅)ပြောင်း... ကက်ကင်းဓာတ်ပင်ဖြစ်သည်။

ထို့အတူ ပန်းကန်၊ မီးချောင်း၊ မာလကာသီး ဆိုပါကသည်း ငုက်ပျောကိုင်း၊ ချဉ်ပေါင်ကိုင်း၊ ဂန္ဓမာကိုင်းတစ်ခုခု... ရိုက်နိုင်ပါသည်။ ကြက်သွန်ဆိုပါက သော်ကတိုင်၊ အာလူး ...ဆိုပါက ညြဇာကိုင်း၊ ဒိန်ချဉ်ဆိုပါက ကံတက်ကိုင်း၊ ကျောက် ...ဆိုပါက ကံ့ကော်ကိုင်း အစရှိသည်တို့ဖြင့် ရိုက်ပေးပါက ...င်မြန်စွာ ရောင်းထွက်စေပါသည်။

ထိုသို့ အခြားနံတူပစ္စည်းများကိုလည်း ကြံဆ၍ ဆောင်...နိုင်ကြပါသည်။ အကိုင်း၊ အညွှန့်၊ အခက်များ စမ်းမှန်စေ... ကြိုးစား၍ ရှာဖွေပြုလုပ်နိုင်ကြပါသည်။ ဤကက်ကင်း...ည်းသည် အချိန်မရွေး ဆောင်ရွက်နိုင်သော ငွေကြေးအကုန် ...က်သာစေသောနည်းဖြစ်သည်။

ဗေဒင်ဆရာကြီး ဦးသောမ၏ စားပွဲပေါ်၌ ကလာပ်တစ်ခုပေါ်တွင် လူခေါ်ခေါင်းလောင်းတစ်ခု တပ်ဆင်ထားသည်ကို တွေ့ရှိပါသည်။ မေးကြည့်သောအခါ "လူခေါ်"ရန်အတွက် ချိတ်ဆွဲထားကြောင်း သိရှိရပါသည်။ ထို့ကြောင့် ကလာပ်(၂-၄)၊ လူခေါ် (၄-၂)၊ ခေါင်းလောင်း(၂-၄)တို့သည် အပြန်အလှန် ကက်ကင်းဓာတ်မိနေပါသည်။

ယခုအခါ ဈေးဆိုင်အချို့၌ ခေါင်းလောင်းများ ချိတ်ဆွဲထားခြင်း၊ ကလာပ်ပေါ်တွင် ချိတ်ဆွဲထားခြင်း စသည့်တို့ကို တွေ့မြင်နေရပါသည်။ အချို့က လက်ခုပ်၊ လူခေါ်ဟု ဆိုကြသည်။ လက်ခုပ်(၄-၂)၊ လူခေါ် (၄-၂)နံများ ထပ်တူနေပါက ကက်ကင်းမဟုတ်ဘဲ "ဓာတ်တူ နံတူ"ဟု ဆိုပါသည်။ အခြေအနေအရ အသုံးပြုနိုင်ပါသည်။

ထိုသို့ လူခေါ် ဈေးရောင်းခြင်းသာ မဟုတ်ဘဲ၊ မိမိအမည်ကိုလည်း ကက်ကင်းဓာတ်ပြု၍ ဆောင်ထားခြင်းပြုလုပ်နိုင်ပါသည်။ အမည် ဘယ်နှလုံးရှိရှိ အစနှင့် အဆုံးကိုသာ အဓိက ယူရပါမည်။

ဤမျှဆိုလျှင် ပြည့်စုံ လုံလောက်နိုင်ပါတော့မည် ထင်ပါသည်။

* * *

ကျော်သန်းစံ


(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

**ခေတ္တရာဆရာကျော်**

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

**အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။**

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀၀/-
ဟောစာတမ်းကြီး ၁၀၀၀၀/-

**နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။**

**...မှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်... ...ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄**




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ အောက်တိုဘာလ အတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

## ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့အခ
သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အထောက်အပံ့ဖြစ်ပါလိမ့်မယ်။

"အကျိုးဆောင်ခြင်းဟာ ဒီကမ္ဘာကြီးမှာ နေထိုင်တဲ့အတွက် ပေးဆပ်ရတဲ့ အဖိုးအခပါပဲ"

*(နာသန်အယ်လ်ဒန် တန်းန*

### ၂၀၁၃၊ အောက်တိုဘာလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၈၊ ၂၉၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၅၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၃၁ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၄၊ ၁၅၊ ၂၃၊ ၂၄၊ ၂၅ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၆၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |

ဤဇယားကွက်ဟာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဆိုင်ရာရက်မှာ ဆိုင်ရာအရပ်ဟာ စန်းပွင့်
တယ်။ ဉာဏ်နဲ့ ယှဉ်ပြီး သုံးပါ။ ယခင်လများက အကြံပြု စာမျက်နှာများကို ပြန်ရှာဖတ်ကြည့်ပါ။

မိဿ၊ သိဟ်၊ ဓနုတွင် ရှိပါက စန်းရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် စန်းရှိပါက
အနောက်အရပ် စန်းပွင့်ပါသည်။ မေထုန်၊ တူ၊ ကုမ်တွင် စန်းရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ
မိန်တွင် စန်းရှိပါက မြောက်အရပ် စန်းပွင့်သည်။


အလုပ်လုပ်ရာ၊ အကြံအစည်ပြုရာ၊ ခရီးစတင်ထွက်ရာ၌ စန်းပွင့်အရပ်ကို မျက်နှာမူပြီး ဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ထီကံ




ဤလမှာ ထီထိုးရင် (၁၊ ၀၊ ၄၊ ၈) ဂဏန်းများ အဓိက ပါအောင် ထိုးပါ။ အာရုံပြု ဂဏန်းမှာ (၆၊ ၉)ဖြစ်ပါတယ်။ ထီထိုးသည့်နေ့မှာ ကလေးများကို မုန့်ဖိုးပေးပါ။ ထီဖွင့်သည့်နေ့မှာ မုန့်လုံးရေပေါ်နှင့် ဆွမ်းတော်ကပ်ပါ။

## အဆောင်ရတနာ

အောက်တိုဘာတစ်လလုံး ပုလဲကို အဆောင်ပြုပါ။ စိတ်ဒေါသများ ပြေငြိမ်း၍ ကျက်သရေရှိပါမယ်။ စိတ်ကူးစိတ်သန်းများ ပွင့်လန်းလာစေ၍ ယုံကြည်စွာ ဆောင်ထားသူကို စိတ်ဓာတ်ကောင်းများ ဖြစ်ပေါ်စေလျက် လူချစ်လူခင် ပေါကာ နေ်းပွင့်ပါမယ်။

## မင်္ဂလာဆောင်မှု

အောက်တိုဘာ ၁၉မှ လကုန်ရက်အတွင်း ကောင်းပါတယ်။ ၁၉ရက်ဟာ တော်တော်သဘောကျဖို့ ကောင်းပြီး ၂၇၊ ၃ရက်တွေဟာလည်း အထူးကောင်းမွန်ပါတယ်။ ပိုမိုတိကျအောင် နက္ခတ်ဗေဒင်ပညာရှင်နှင့် တိုင်ပင်သင့်ပါတယ်။

## ဂါထာမန္တန်ရွတ်ပွားရန်

"ဒိဝါတပတိ" အစချီ ဂါထာကို တစ်လလုံး နိုင်သရွေ့ ရွတ်ပွားပါ။ (၁၄-၁၀-၂၀၁၃) တနင်္လာနေ့တစ်နေ့လုံးလည်း အထူးရွတ်ပွားသင့်ပါတယ်။

ငွေကြေးပွင့်လန်းစေရန်အတွက် (၁၄-၁၀-၂၀၁၃) မနက် ၇နာရီတွင် နေအိမ်ရှိ ဘုရားတွင် လက်ဖက်ဆွမ်းတစ်ပွဲပြင်၍ သောက်တော်ရေ၊ အလင်းတိုင်၊ သပြေပန်း၊ နံ့သာတိုင်များဖြင့် ကပ်လှူ ပူဇော်ကာ အထက်ပါ ဂါထာသော်လည်းကောင်း၊ "အရဟံ"သော် လည်းကောင်း။ အနည်းဆုံး ပုတီးကိုးပတ်စိပ်ပါ။

တတ်နိုင်သူများ အရဟံ - ပုတီးတစ်လုံးချ၍ အလုံးရေ ရှစ်သောင်းလေးထောင်ပြည့်အောင် အဓိဋ္ဌာန်ထား၍ စိပ်ပါ။ လွန်စွာ အကျိုးပေး ထူးခြားပါမည်။ (ကိုယ်တွေ့ဖြစ်သည်။)

## အကြံပြုချက်

ခုနစ်ရက်သားသမီးများအားလုံး ခင်ပွန်းကြီးဆယ်ပါးကို နေ့စဉ်မပျက် နံနက်၊ နေ့၊ ညာ၊ တောင်းပန်၍ တစ်နေ့သောက်တော်ရေ ၅ကြိမ် နေအိမ်ရှိ ဘုရားတွင် လှူပါ။

* * *

ဧဒ္ဓေါရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

# အကြံအစည်နဲ့ သွားမယ်၊ ပြောမယ်ဆိုရင် ရွတ်ဖတ်ပေးရန်

## ဆရာ မင်းသုန္ဒြ(မန်းတက္ကသိုလ်)



အကြံအစည်နဲ့ သွားမယ်၊ စကားပြောစရာရှိလို့ သွားမယ်ဆိုရင် အောက်ပါနေ့အလိုက် အစီအရင်လုပ်ပြီး သွားလျှင် အကျိုးများပါလိမ့်မည်။

သွားမယ့်နေ့ဟာ တနင်္ဂနွေဖြစ်မယ်ဆိုရင် ထိပ်မှာ "ဟ" လို့ ရေးနေစဉ် "အကာရော ဗုဒ္ဓ ရူပံ သုညံ ဘဝဿတိ"လို့ ရွတ်ပါ။

တနင်္လာနေ့ဖြစ်မယ်ဆိုရင် နဖူးမှာ "က"လို့ ရေးနေစဉ် "က ကာရော ဗုဒ္ဓံရူပံသုညံ ဘဝဿတိ"လို့ ရွတ်ပါ။

အင်္ဂါနေ့ဖြစ်မယ်ဆိုရင် ညာဘက် မျက်ခုံးပေါ်မှာ "ဆ" ရေးနေစဉ် "ဆ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ"လို့ ရွတ်ပါ။

ဗုဒ္ဓဟူးနေ့ဖြစ်မယ်ဆိုရင် "ရ"ရေးနေစဉ် "ရ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ"လို့ ရွတ်ပါ။

ကြာသပတေးနေ့ဖြစ်မယ်ဆိုရင် ယောက်ျားလေးသည် ညာဘက် ညှပ်ရိုး၊ မိန်းကလေးသည် ဘယ်ဘက် ညှပ်ရိုးပေါ် မှာ "ဖ"ရေးနေတုန်း "ဖကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ" လို့ ရွတ်ပါ။

သောကြာနေ့ဖြစ်ရင် ရင်ညွန့်ပေါ်မှာ "သ"ရေးနေစဉ် "သ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ"လို့ ရွတ်ပါ။

စနေနေ့ဖြစ်မယ်ဆိုရင် ချက်မှာ "ထ"ရေးနေစဉ် "ထကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ"လို့ ရွတ်ဆိုပါ။

အထက်ပါအတိုင်း နေ့အသီးသီးရှိ လုပ်ဆောင်ချက်များ ပြုလုပ်ပြီးမှ သွားလာပါက ပြောတဲ့စကား အောင်မြင်... မိမိမှာ ဩဇာတိက္ကမများဖြင့် ပြည့်စုံလိမ့်မည်ဖြစ်ပါသည်။

ကောင်းကျိုးလိုရာ ပြည့်ဝပါစေ

* * *

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား ည ၁၀နာရီခန့်။

အခါမှာ လေခပ်ပြင်းပြင်းနှင့် မိုးသက်ကလေး မင်းမူနေစဉ်···

နေရာဌာနကို ဆိုရလျှင် တာမွေသင်္ချိုင်း သုသာန်ဇရပ်ကြီး၏ တောင်ဘက် ဆယ်လံကွာလောက် အဓိကရကုက္ကိုပင်ကြီးအောက်တွင် ဖြစ်လေသည်။

တစ်စပြင်ကို ဖြတ်၍ တဟူးဟူး မြည်ဟည်းကာ ပြေးလာသော လေပြင်းသည် သင်္ချိုင်းပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်တို့၏ အရွက်အကိုင်းတို့ကို တဝုန်းဝုန်းမြည်စေလျက် ဇရပ်ခေါင်မိုးပေါ်ရှိ ကွာလက်စ သွပ်ချပ်များကို သရဲတစ္ဆေတွေ တက်၍ လင်ကွင်းတီးနေသကဲ့သို့ တဂျမ်းဂျမ်း တပြန်းပြန်း နား မချမ်းသာအောင် လုပ်နေလေ၏။

မိုးရေပေါက်များက ရွာရိုးရွာစဉ်နှင့် မတူ၊ သကြံ့န်တွင်းက ခွက်စောင်းခုတ်၍ ပက်သော ရေအဟုန်ကဲ့သို့ရှိရာ ရှဲခနဲ ရှဲခနဲနေအောင် ဇရပ်အမိုးကို ထိုးစစ်ဆင်နေကြလေ၏။

မိုးသားမိုးတိုက်ကြားမှ ထင်းခနဲ ဝင်းခနဲ လက်လိုက်သော လျှပ်စစ်၏ အရောင်ကြောင့် မြင်နိုင်လောက်သော အရာဝတ္ထုတို့မှာ ဖွေးဖွေးဖြူသော ဂူ၊ ရေးရေးဖြူတော့သော ဂူမည်းမည်း မှိုမှိုသာ အရောင်ရှိသော လူသေမြှုပ်နှံရာ မြေပုံအဟောင်းအသစ်များပင် ဖြစ်တော့သည်။

လျှပ်စစ် ဝင်းလက်ပြီးသည်နှင့် တစ်ပြိုင်နက် ဂျိုးဂျိုးဂျိမ့်ဂျိမ့်မြည် အောင် ထစ်ချုန်းလိုက်သော

သံကလည်း မှောင်နှင့်မည်းမည်း

သည်းသည်းတွင် အသည်း

ကောင်းလှသည်။ သို့သော်

တဂ္ဂဖြစ်သော မြေပုံအဟောင်း

ဂူအဟောင်း အသစ်တို့မှာ

"လုပ်တိုင်း"ဟူသော ပေါ်ရာ




www.burmeseclassic.com

www.burmeseclassic.com




ကို ထောက်ခံသကဲ့သို့ ရာသီဥတု လေကြီးမိုးကြီးတို့က လုပ်တိုင်း နကမွတီ- ဖောက်ပြန်ပြောင်းလဲခြင်း မရှိ၊ ပကတိ တည်ငြိမ်စွာ ခေါင်းငုံ့၍ ခံနေကြနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ငှင်းမြေပုံ အုတ်ဂူများအပေါ်က မိုး၍ သဘက်တွေ ယိမ်းကသလို ဘယ်ယိမ်း ညာနွဲ့ တကယ့်ကို ကြောက်စရာကောင်းအောင် လှုပ်ရှားနေသော သစ်ပင်ကြီးငယ်တို့ကို မြင်ရသည့် အခြင်းအရာမျိုးမှာ သာမန်လူကို မဆိုထားနှင့်၊ အရက်ကိုးမောင်းတင်၍ ရဲရည်ရဲဆေးဝင်လာသူများပင် လိပ်ပြာစဉ်လွင့်၍သွားအောင် တတ်နိုင်ကောင်း တတ်နိုင်ပေလိမ့်မည်။

ထိုသို့ အချိန်အားဖြင့်သော် လည်းကောင်း၊ အခါကာလဌာနအားဖြင့်သော် လည်းကောင်း၊ အနိဋ္ဌာရုံ အပေါင်းတို့၏ စုဝေးရာ အမင်္ဂလာတို့၏ ဆုံဆည်းမှုထဲတွင် သုဘရာဇာဟု ခေါ်ကြသည့် သင်္ချိုင်းမြေတူးသမားများ၏ တဲကလေးတွေဆီကမူ လူသံမကြား၊ မီးရောင်မထွက်၊ အသက်မရှိသလို ငြိမ်ချက်သားကောင်းနေကြသည်။ သူတို့သည် တစ္ဆေ သရဲထက် ရာသီဥတုဆိုးရွားမှုကို စက်ဆုပ်ကြဟန်တူသည်။ လသာသောညများအဖို့တွင် တစပြင် မြေပုံများအကြား၌ သူတို့၏ ကလေးများ ကစား၍ပင် နေတတ်ကြသေးသည်။ ထိုအချိန်မျိုးတွင် လူကြီးတွေက တဲပေါ်တွင် မီးတထိန်ထိန်နှင့် ကိုးမီးဝိုင်း၊ ပိုကာဝိုင်း တခြိမ့်ခြိမ့်ရှိခဲ့ဖူးသည်။ ဘာသာဘာဝအားဖြင့် စဏ္ဍာလ မိန်းမပျိုတစ်ဦးကို သုဘရာဇာ လုလင်ပျိုတစ်ဦးက ဘင်ဂျိုသံ တဒေါင်ဒေါင်တီး၍ "ချစ်ပါရစေ အသားနာခံသော်လည်း×××ငြင်းပယ်တယ်×××ဂုဏ်မြင့်သူကကွယ်×××"ဟူသော တေးသီချင်းနှင့် ညှုနေသံကို ကြားနိုင်ပေလိမ့်မည်။ ယခုကား ဤကဲ့သို့ မဟုတ်။ တစ်မိုးလုံး မှောင်နှင့်မည်းမည်း လေသည်းသည်း။ သရဲတွေပင်လျှင် ချမ်းလွန်း၍ ကုပ်နေကြပေလိမ့်မည်။

•••

သို့သော် မိုးသက်လေပြင်းတို့ကို အလျဉ်း ဂရုစိုက်ပုံ မပေါ်သော လူတစ်ယောက်၏ သဏ္ဌာန်မှာ ဂူတစ်ခု အနားတွင် တလှုပ်လှုပ်တရွရွရှိလေ၏။ အဝေးကနေ ကြည့်သည့်တိုင်အောင် မြေပုံ ခပ်ပွပွပေါ်တွင် ထွန်းညှိ၍ထားသော ဒရဝမ်ကိုင် လက်ဆွဲ မီးအိမ်ကလေး၏ အလင်းရောင်ကြောင့် မသဲမကွဲ မည်းမည်း…မည်းမည်းနှင့် မြင်နိုင်လေသည်။

ထိုလူမှာ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသော်လည်း အမှန်စင်စစ် မိုးရေများကြောင့်သာမဟုတ်၊ ချွေးသီးချွေးပေါက်များကြောင့်လည်း ဖြစ်ပေသည်။ သူ၏လက်တွင်းတွင် တူးရွင်းတစ်ခုကို ကိုင်၍ ဂူပြုလုပ်ရန် အကြမ်းအားဖြင့် အင်္ဂတေမံထားသော အုတ်ပုံကို ကုန်း၍ ဖြိုဖျက်နေသည်မှာ အချိန်အတော်ကလေးကြာလောက်က ဖြစ်ပေလိမ့်မည်။



ထိုမြေပုံမှာ ထိုနေ့ညနေက သင်္ဂြိုဟ်လိုက်သော မြေပုံဖြစ်လေ ငှင်းတူရွင်းသမားကိုယ်တိုင် လိုက် ပို့ဆောင်၍ မှတ်သားထားဟန် သည်။ သူသည် ကျောက်သားကဲ့သို့ မမာသေးသော အင်္ဂတေကို တူရွင်းနှ ဆတ်ကာဆတ်ကာ ထိုး၍ခွာနေသည်မှာ သဲသဲမဲမဲ ဖွဲကြီးလှသည်။

မိုးလုံလေလုံ သင်္ချိုင်း ဇရပ်ကြီး အောက်တွင် စုရုံးနေကြသည့် ခွေး လေးငါးကောင်က တစ်ပြိုင်နက် ဆွဲ ငင်ငင်အူလိုက်သောအသံမှာ တစပြ တစ်ခုလုံး ဆူညံသွားသော်လည်း ထိ တူရွင်းသမားမှာ နားမှ ပါပါလေ မသိ။ နေ့ခင်းကြောင်တောင် အူလိုက် သော ခွေး၏ အသံမှုပင် မကြားကောင် မနာသာဖြစ်ပါသေးလျက် ညဥ့်နက် သန်းခေါင် မိုးမှောင်နှင့်တွဲ၍ သင်္ချိုင်း က အသံမှာမူကား ကြက်သီးမွေးညင်း ထလောက်စရာရှိတော့သည်။ ထိုခွေး သံများနှင့်အတူ သစ်ရွက်များကလည်း တရှဲရှဲ ရော၍မြည်လိုက်သေးသည် ဇရပ်ခေါင်မိုးက သွပ်ပြားများကလည်း တရုတ်လင်ပန်းတီးသလို လှန့်လိုက် သေးသည်။

ထိုအသံများကြောင့်ပင် ကု ပင်ပေါ်မှ ကျီးတစ်အုပ်မှာ လန့်၍ အော ရင်း ထပျံကြသေးသည်။ သို့လင့်ကာ မိုးသက်အမှောင်ထုကြားတွင် ဝေး ကို မပျံနိုင်ကြ၊ နီးရာ ညောင်ပင်တစ် သို့ အလျင်စလို ဝင်၍ ခိုလိုက်ကြ ရာ ညောင်ညိုရှင် ဆက်ရက်များ လန့်နိုးကြသောကြောင့် နယ်ခဲ့ သော ရွှေကျီးညိုတို့ကို တဝ တကျိုကျို ကန့်ကွက်ကာ ဆန္ဒပြ ရင်း ထ၍ ဝိုင်းကြသည်မှာ သစ် တစ်ပင်လုံး ကသောင်းကနင်းဖြစ် ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဖြိုဖျက်နေသော ာယီဂူမှ အုတ်တစ်ပြားကွာသွားပြီ ဖြစ်သောကြောင့် တူရှင်းသမားမှာ အတော် အားတက်သွားဟန်နှင့် င်းခနဲ သက်ပြင်းချလိုက်ရင်း ကိုယ် ကို ခါးဆန့်၍ ရပ်လိုက်ကာ တူရွင်းကို ခြေရင်းတွင် ထောက်၍ အနားယူ လိုက်သည်။ အုတ်စီ၍ထားသော အဆောက်အအုံမှန်သမျှ ကွာလက်စ အုတ်တစ်ပြားပေါက်သွားလျှင် တစ်ခု ုး ဖြိုဖျက်ရန် မခဲယဉ်းတော့ပြီ။

တူရွင်းသမားသည် ကျေကျေ နပ်နပ်နှင့် လောကဓာတ်၏ မိုးသက် လေကို အားပါးတရ ရှူရှိုက်လိုက် သည်။ အတင်းဝင်၍ ပက်ကြသော မိုး ရေဇက်ကိုလည်း ခံစားနေရကြောင်း ခုမှ သတိပြုမိလျက် နဖူးမှ ရေ ပေါက်များကို လက်တစ်ဖက်နှင့် သပ် လိုက်သည်။

ထိုခဏ၌ ရွှံ့နွံရေစပ်များကို အတော်ကြီးကြာအောင် နင်းထားရပြီ ဖြစ်၍ ပဲကြီးရေစိမ်ပမာ ဖြူရော်ရော် ာတဖြစ်နေသည့် မိမိ၏ ခြေခုံပေါ်ကို မှုရှုးထိုးဝင်၍ တိုးကာ ဖြတ်ကျော် သွားသည့် မြေကြွက်ကြီးတစ်ကောင်ကို ည်း သတိထားလိုက်မိသည်။

ထိုသတ္တဝါမှာ မသာအလောင်း ကောင်များ၏ လူဆီ၊ လူသားများကို အနေကျဖြစ်သဖြင့် အဆမတန် ကြီး း ဝဖြိုးနေလေသည်။ "ကြောင်ဖားရဲ့ တို့၊ အဆီကို စားပါလို့ အသားကို ဲ့ ဟူသော စာဆိုရှိပေမယ့် ကြောင် မှာ ထိုကြွက်ကြီးလောက် စားရ န် မရှိ။ ယခုကဲ့သို့အချိန်မျိုးတွင် ကောင်းနိုးရာရာ ပွဲတော်စာကို ရှာဖွေ ချယ်နေဟန်တူသည်။

ဟုတ်ပေမည်။ ခန္ဓာကိုယ် အတွ ာအမျိုးမျိုး စွန့်ပစ် မြှုပ်နှံရာ သင်္ချိုင်း ဟူသမျှ၌ ယောကျ်ားအသား၊ မိန်းမ အသား၊ ကလေးအသား၊ လူကြီး အသား၊ အဘိုးကြီးအသား၊ အဘွားကြီး အသား၊ လူပျိုအသား၊ အပျိုအသား၊ ကုလားအသား၊ တရုတ်အသား၊ အင်္ဂလိပ်အသား၊ ဂျပန်အသား၊ ရွေးစရာ တွေ များလှပေသည်။ ထို့ကြောင့် ခွက် ပေါင်း သုံးရာကျော်နှင့် ပွဲတော်တည် လေ့ရှိသော နရသီဟပတေ့ တရုတ် ပြေးမင်းလို မင်းမှုနိုင်တော့သည်။

တူရွင်းဆရာသည် အနားက မြေပုံတစ်ခုကြားသို့ ဝင်သွားသော ထို ကြွက်ကြီးကို ကြည့်ရင်း သဘောတရား ကို တွေးမိသဖြင့် သူ့အလုပ်ကို ကပျာ ကယာ ဆက်၍လုပ်ပြန်သည်။ သူ ကြိုးစားခဲ့သမျှ မြေကြွက်ကြီး မင်းမှု၍ သူ့လူ၏ ခန္ဓာကိုယ်မှာ ရုပ်ပျက် ဆင်းပျက်ဖြစ်သွားမှာ ပူမိသည်။ ညှီစို့စို့ အနံ့တစ်မျိုးသည် ဟောင်းလောင်း ပေါက်ဖြစ်နေသော အုတ်ပေါက်မှ လှ ၏ နှာဝကို ထောင်းခနဲ နှတ်ဆက် လိုက်သည်။ သို့သော် ရွံရှာစက်ဆုပ် ဖွယ်သော ဂန္ဓာရုံဆိုးဟူ၍ အမှတ်မပြု မိ။ အုတ်တွေ ပွင့်၍ မထွက်မီကပင် ရေ့ လောတကြီးနှင့် ဂူတွင်းသို့ မီးအိမ် နှင့် ယှက်ပ်ကာ ချောင်းကြည့်နိုင်အောင် ဒူးထောက်၍ ထိုင်ချလိုက်သည်။

လက်ဆွဲ မီးအိမ်ကလေး၏ အရောင်မှာ လေတလှပ်လှပ်တိုက်နေ သောကြောင့် တည်ငြိမ်စွာ ထွန်းလင်း ခြင်း မရှိ။ မှန်အိမ်ပြောင်းထဲတွင် မှိုင်း တွေ လိုက်၍လိုက်၍ထွေကာ ညစ်မည်း နေသည့်တိုင် ဂူတွင်းက သပြေရင့် ရောင် ကျွန်းသား ခေါင်းသေတ္တာပေါ်က ငွေမင်နှင့် လှပသေသပ်စွာ ရေးထား သော မြန်မာစာလုံးဝိုင်းကလေးများကို မူ မြင်နိုင်၊ ဖတ်နိုင်လောက်အောင် စွမ်းဆောင်ပေးရှာသေးသည်။

အသက် ၁၇နှစ်၊
မာဂရက်ညို၏ ရုပ်ကလာပ်

* * *

"သောက်ပါဗျ ကိုထွန်းရွှေရ။ ကျွန်တော်က တကယ်ခင်လို့ တိုက် တာပါ။ ကျွန်တော့်အိမ် လာလည်လို့မှ ညှော့ဝတ် စောင်ဝတ်ကျေအောင် မပြု ရရင် ဘယ်ဖြစ်မလဲ။ ဟဲဟဲဟဲ···"

ဟု ရယ်လိုက်ရာ ကိုထွန်းရွှေ ဆိုသူ၏ အနားတွင် ခပ်ယို့ယို့ထိုင်နေ သူအား လှမ်း၍ တစ်ဖန်···

"ဟေး···သူငယ်၊ မင်းနာမည်က ဘယ်သူကွ"

"ဘသောင်းပါတဲ့ခင်ဗျာ"

"သြော်···သြော်··· မောင်ဘ သောင်းတဲ့လား။ အေးအေး၊ သောက် ကွယ့်···သောက်။ ဘာလဲ၊ မင်းဆရာ ရေမှာမို့လို့ ရွံ့တွန့်တွန့်ဖြစ်နေတာလား။ ကိစ္စမရှိပါဘူးကွာ။ ငါ့မိတ်ဆွေကြီးက ရာဇဝတ်အုပ်ဆိုပေမယ့် သွေးကြီးမွေး ကြီး မဟုတ်ပါဘူး။ တပည့်တပန်းကို ညှာတာပါတယ်။ ဟဲဟဲဟဲ···။ သူနဲ့ ငါဆိုတာကကွာ တာမွေဂိတ်ကို ရောက်လာမှ သိတာ မဟုတ်ပါဘူး။ သူ ကန်တော်မင်ဂွာနမှာ နေကတည်း က သိခဲ့ကြတဲ့ လူဟောင်းတွေပါ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆိုပြီး သောက်မှပေါ့ ကွ။ ဘာလဲ၊ မင်းတို့က ငါ့အိမ်က ကျွေးတာမွေးတာ မသတီလို့လား၊ ဟုတ်လား။ သင်္ချိုင်းဝင်းထဲမှာ နေ့နေ လို့ စတ္တာလလို့များ ထင်နေသလား ကွာ။ ဟေ့···မျိုးကောင်း ရိုးကောင်း (ကော်ပိုရေးရှင်း)က ခန့်ရတဲ့ ကဲလား တိတ်ကားပါကွ။ သင်္ချိုင်းအရေးပိုင်ပေါ့ ကွာ၊ ဟဲဟဲဟဲ···။ ဒါလည်း အစိုးရ အရာရှိတစ်မျိုးပဲ မဟုတ်လားဟင် ကိုထွန်းရွှေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဟုတ်တာပေါ့ ကိုကျော်မွှေးရ၊ ခင်ဗျား အရာရှိ အမှုထမ်းတစ်ဦးပေါ့"

လူသုံးယောက်သည် ဓာတ်မီးထွန်းထားသော အိမ်ရှေ့ခန်း၌ ဝီစကီနှင့် ဆော်ဒါပုလင်းများ ထောင်ထားသော စားပွဲဝိုင်းကလေးကို ရံ၍ ဖန်ခွက်ကိုယ်စီကိုင်နေကြသည်။ ၎င်းတို့အိမ်မှာ သင်္ချိုင်းအဝင်အနားတွင် ရှိလျက် ထိုလူပြောသကဲ့သို့ပင် သုသာန်ကျန်းမာရေး အင်စပက်တော်တစ်ယောက်ဖြစ်လေ၏။ ကိုထွန်းရွှေဆိုသူမှာ တာမွေဌာနမှ ရာဇဝတ်အုပ်တစ်ယောက်ဖြစ်၍ ဘသောင်းဆိုသူကား ပုလိပ်အမှုထမ်းဖြစ်ရာ သူတို့သည် ကိုကျော်မွှေးအိမ်သို့ အလည်လာရင်း အိမ်ရှင်၏ လောကွတ်ကျေပွန်မှုကို ပျော်ရွှင်စွာ လက်ခံနေကြခြင်းဖြစ်လေ၏။

ကြက်သားကြော် အမြည်းနှင့် စားသောက်နေကြ၍ အတန်ကြာလျှင် တိုင်ကပ်နာရီမှ ၁၁နာရီထိုးလိုက်သောကြောင့် ရာဇဝတ်အုပ် ကိုထွန်းရွှေက ခပ်ထွေထွေဖြစ်နေသော မျက်လုံးနှင့် သူ၏ လက်ပတ်နာရီကို မြောက်ကြည့်လိုက်ရင်း…

"ဟင်…၁၁နာရီထိုးမှဖြင့်၊ ပြန်ဖို့ တော်ပြီထင်တယ် ကိုကျော်မွှေး။ ခင်ဗျား ပြုစုတာတွေ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု နှုတ်ဆက်စကား စ,လိုက်လေသည်။

"အို…နေပါဦးလေ၊ မိုးတွေ သဲသဲရွာနေသေးတာ။ ဘာလဲ၊ ခင်ဗျား သရဲကြောက်လို့လား ဟုတ်လား၊ ဟဲဟဲ…"

ဟု ကိုကျော်မွှေးက ရေချိန်အနည်းငယ်လွန်နေသည့်အလျောက်



လှောင်ရယ်ကလေး ရယ်ရင်း ခနဲ့လိုက်သည်တွင်…

"အောင်မယ်… ခင်ဗျားက ကျွန်တော့်ကို သရဲကြောက်သလားလို့ မေးတယ်၊ ဟားဟားဟား…။ ကျုပ်က ခင်ဗျားလို သုသာန်နဲ့ မရင်းနှီးပေမယ့် သရဲမကလို့ သဘက်တောင် ကြောက်တဲ့ လူစားမဟုတ်ဘူးဗျ။ နားလည်လား။ အိုလေ…လောကကြီးမှာ ကျုပ်ကြောက်စရာ မတွေ့မိသေးပါဘူး"

"အဟုတ်လား ဆရာကြီး။ ခင်ဗျား မူးနေပြီထင်တယ်"

"အို… ဒါလောက်ကလေး မူးရမလား။ ကဲ - ခင်ဗျားနဲ့ ကျုပ် ဘာကြေးလောင်းမလဲ၊ ကျုပ် ဘာလုပ်ပြရမလဲ၊ ပြော"

ဟု ကိုထွန်းရွှေက အသံခပ်မာမာနှင့် ကုလားထိုင်ကို မှီထိုင်နေရာမှ ဆတ်ခနဲနေအောင် ခေါင်းထောင်၍ ထလိုက်ရာ ဘသောင်းအဖို့သာ မျက်လုံးပြူးသွားလင့်ကစား၊ ကိုကျော်မွှေးမှာမူ ခပ်အေးအေးနှင့် ရယ်သွမ်းကလေး သွေးနေလေသည်။

"ကဲ…ဒါဖြင့် ကျုပ်ခိုင်းတာ ခင်ဗျား သွားလုပ်ရဲပါ့မလား"

"အို… ကျုပ်ကပဲ ဘာလုပ်ရ မလဲလို့ မေးနေပြီဟာကို။ ခင်ဗျားက ပြန်မေးနေရသေးသလား။ အခုလို မိုးတွေ ရွာနေတဲ့ ညမှောင်ကြီးထဲမှာ ဖြစ်ပါစေ၊ ဘယ်သွားရမလဲ၊ ဘာလုပ်ရ မလဲ၊ ပြော"

"အောရိုက်… အောရိုက်၊ ကောင်းပြီ၊ ခင်ဗျား ဟိုနေ့က မြန်မာ ဇရပ်ကြီးကို သိရဲ့မဟုတ်လား။ အဲ ဇရပ်ရဲ့ သမံတလင်းမှာ တစ်ယောက် တည်း ခင်ဗျားနာမည်သွားရေးရမယ် သွားမလား"

"အိုကေ၊ သွားရေးမယ်။ ... မြေဖြူခဲသာ ပေး"

"အို…နီးနီး၊ မြေဖြူခဲလည်း မရှိဘူး။ ရှိလည်း မပေးနိုင်ဘူး။ အဲ... နားတစ်ဝိုက်မှာ မသာတွေကို ... သင်္ဂြိုဟ်တဲ့ ကျင်းရှိတယ်။ အဲဒီ... မီးသွေးခဲယူပြီး ရေးပေါ့ဗျာ။ သတ္တိ... လေ"

အနားက နားထောင်နေရ... ဘသောင်းမှာ ကုပ်တို့၍ ဝင်သွား... မိုးတသဲသဲရွာနေသော အိမ်အပြင်... တစ်ချက်လှမ်းကြည့်လိုက်သော်လည်း ... ချက်ချင်း မျက်နှာလွှဲလိုက်ရလေသည်။

"ကောင်းပြီလေ၊ ပြန်လာ... ဘာပေးမလဲ၊ ပြော"

ဟု ကိုထွန်းရွှေက ကုလား... မှ ထကာ မိုးကာအင်္ကျီကို ဆွဲ၍ ... ပြင်လိုက်၏။

"အို… ခင်ဗျားပြန်လာ... တစ်ရာပေးမယ်ဗျာ။ သို့ပေမဲ့ ခင်...

www.burmeseclassic.com

ရောက်ရောက်ချင်း သုံးယောက် း လက်ဆွဲ ဓာတ်မီးနဲ့ လိုက်ကြည့် နော်။ ဟုတ်မှလည်း လုပ်"

"ကိစ္စမရှိပါဘူးလေ။ ဘယ်တော့ ကြည့်ကြည့်။ အင်း . . . ခင်ဗျားငွေ စ်ရာကို မက်လုလို့တော့ မဟုတ်ပါ ထွန်းရွှေအကြောင်း ပြချင်လို့သာ သွားရမှာပါဗျာ"

ကိုထွန်းရွှေက မိုးကာအင်္ကျီကို ရင်း —ပြောလိုက်သေးသည်။ သောင်းမှာ သူ့ဆရာကို တားရမည် ည်း မဝံ့။ သွားမည်ကိုလည်း စိုးရိမ်။ က်လုံးကလေး အကြောင်သားနှင့် ကြည့်နေစဉ်အတွင်းမှာပင် ကိုထွန်းရွှေ အရက်တန်ခိုးကြောင့်ပေလော၊ နဂို သတ္တိကြောင့်ပေလော မသိ၊ လေ လေးချွန်ကာ မိုးရွာထဲသို့ ဆင်း၍ သွားတော့သည်။

အိမ်နှင့် ပေ ၂၀လောက်အကွာ ပင် မှောင်နှင့်မည်းမည်းဖြစ်နေ သောကြောင့် ကိုထွန်းရွှေ၏ သဏ္ဌာန် မှာ မှုန်ဝါးဝါးတွေ့နေရာက ပျောက်သွား တော့သည်။ လေချွန်သံကလေးကိုမူ ကြားလိုက်ရသေးသည်။

"ဟေ့ . . မောင်ဘသောင်း၊ နှစ်ဦး သဘောတူ သွားတာနော်။ နောက် တစ်ခုခုဖြစ်လာရင် မင်းသက်သေပဲ"

ဟု သက်သေထူလိုက်ပြီးမှ -

"ဟဲဟဲဟဲ . . . မင့်ဆရာ ရှက်လို့ သာ ရှက်ရမ်းရမ်းပြီး သွားရတာပါကွာ။ နည်းနည်းတော့ အကြောက်သားကွ။ ကြည့်ပါလား။ အကြောက်ပြေအောင် လေချွန်သွားတာ"

"ဖြစ်ပါ့မလား ကိုကျော်မွှေးရာ၊ တော်တော်ကြာ . . ."

"အေးလကွယ်။ နာရီဝက် အတွင်း ပြန်မရောက်တော့မှ မင်းနဲ့ ငါနဲ့ လိုက်ကြတာပေါ့။ ကဲ - သောက် ပါဦးကွာ၊ စိတ်အေးလက်အေး"

"ဟာ . . . ကျွန်တော် တော်ပါပြီ ခင်ဗျာ။ ဆရာ မလာလို့ လိုက်ရရင် လည်း ကျွန်တော့်တော့ မခေါ်ပါနဲ့နော်။ ကျွန်တော်ကတော့ ကြောက်တတ် တယ်ခင်ဗျ"

◆◆◆

အမှန်မှာ ကိုထွန်းရွှေကိုယ်တိုင် သတ္တိခေသူမဟုတ်သော်လည်း ဤကဲ့ သို့ လောင်းကြေးစားကြေး မလုပ်ခဲ့ဘူး ချေ။ သရဲတစ္ဆေတို့မည်သည် လောင်း ကြေး စားကြေးနှင့် ပြုလုပ်သူကိုမှ တကယ်ခြောက်တတ်သည်ဟူသော စကားကို ယခုမှ သတိရမိသည်။

ထွက်လာစက ဒေါနှင့် ထွက် လာခဲ့သည်မှန်သော်လည်း မိုးရေစိုရွှဲ၍ လေတဟူးဟူးမှ သီတဓာတ်ကို ခံစား လိုက်ရသောအခါ ဒေါသတွေ ငြိမ်း၍ သောကတွေ ကိန်းလာတော့သည်။

သို့သော် ယောက်ျားဟူသည် သတ္တိကြောင်ခြင်း၊ သူရဲဘောနည်းခြင်း ဟူသော အပဿာမ စကားကို အပြော ခံရမည်ထက် အသက်ကို လေလံတင် ရသော အလုပ်မျိုးကိုသာ မျက်နှာချင်း ဆိုင်လိုက်ရသေးသည်ဖြစ်ရာ ကိုထွန်း ရွှေသည်လည်း မရဲသော်လည်း ပြေးခဲ စေဆိုသော သတ္တိမျိုးနှင့် ရှေ့သို့သာ ဆက်၍ လျှောက်ခဲ့လေသည်။

ခါးတွင် ခြောက်လုံးပြူးပါသည် မှန်သော်လည်း ယခုတိုက်ပွဲမှာ စိတ် ဓာတ်တိုက်ပွဲဖြစ်သောကြောင့် နောက် ဆုံး အခွင့်အရေးကျမှ အသုံးပြုရန် သန္နိဋ္ဌာန်ချလိုက်လေသည်။

ကိုထွန်းရွှေ လာခဲ့၍ သင်္ချိုင်းနား ရောက်လျှင်ပင် တူရှင်းဆရာ၏ မီး တလက်လက်ကို မြင်ရလေပြီ၊ ဖြန်းခနဲ အားဖြင့် ကိုထွန်းရွှေမှာ ခြေလှမ်းများ ရပ်တန့်၍သွားမိ၏။ မီးကလေး မှိတ်တုတ် မှိတ်တုတ်နှင့် ခပ်မည်းမည်း သဏ္ဌာန်တစ်ခုက ခေါင်းအဖုံးကို ကုန်း ၍ ဖွင့်နေသည့် အခြင်းအရာမှာ အတော်ထိတ်လန့်သွားနိုင်စရာ ဖြစ် တော့သည်။ ကိုထွန်းရွှေကိုယ်တိုင်က လည်း . . .

"အင်း . . . ငါ့ကိုတော့ စမ်းပြီ"

ဟု တစ်ကိုယ်တည်း ပြောလိုက် မိသေးသည်။

သို့သော် ဇရပ်တွင် လက်မှတ် ရေးထိုးရန်အသွား သရဲနှင့်ပင် နပန်းလုံး ခဲ့ပါသေးသည်ဟု လောင်းထားသူ ကိုကျော်မွှေးကို အပြန်တွင် ပြောပြ လိုက်ချင်သေးသဖြင့် ထိုနေရာရောက် အောင်သွားရန် စိတ်ကူးလိုက်တော့ သည်။

ဆံပင်မှာ မိုးရေကြောင့် မျက်နှာ တွင် ခပ်အုပ်အုပ်ကျနေသော တူရှင်း ဆရာ၏ ရုပ်ရုံမှာ အင်္ကျီမည်းမည်း၊ ရှုံ့ အလူးလူး၊ လုံချည် ခါးတောင်းကျိုက် ကြီးနှင့် ရောမ သရဲကြီးရုပ်ပေါက်နေ လေသည်။

သူသည် ကိုထွန်းရွှေ လာနေ သော ခြေသံကို ဂရုမစိုက်။ ကြိုးစား ပမ်းစားသာ ခေါင်းအဖုံးကို တူရှင်းနှင့် ဆွနေလေ၏။ တဖြည်းဖြည်းနီးလာသော အခါ ကိုထွန်းရွှေအဖို့ သံသယရှင်းသွား တော့သည်။

သရဲထက်ဆိုးသော ရာဇဝတ်မှု ကျူးလွန်သည့် တရားခံတစ်ဦးဖြစ်နေ ကြောင်း ရိပ်မိခဲ့ပြီ။ ထို့ကြောင့် သူ၏ အပြုအမူကို ကိုထွန်းရွှေ ခဏကလေး ချောင်းကြည့်လိုက်သေးသည်။ ခေါင်း အဖုံးကို တူရှင်းနှင့် ခွာ၍ ပွင့်သွားသည် နှင့် တစ်ပြိုင်နက်၊ ထိုသူသည် ဒူး ထောက်၍ ထိုင်ကြည့်လိုက်သည်။ သူ့ မျက်စိကို သူ အားမရသေးသဖြင့် မီး ခွက်ကို မြှောက်ကာ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com

ငုံ့ကြည့်စဉ်တွင် ကိုထွန်းရွှေသည် ကျားအုပ်သလို ထိုလူနောက်မှ ဝင်၍ အုပ်ဖမ်းလိုက်တော့သည်။

"အမယ်လေးဗျာ…"

ဟု တရားခံက လန့်၍ အော်သံသည် ညဉ့်အချိန်မတော် တိတ်ဆိတ်နေသောအခါတွင် သုသာန်တစ်ခုလုံး ပဲ့တင်ရိုက်သွားလေတော့၏။

"လာ…လိုက်ခဲ့ ကမြင်းမသား"

ဟု ဗန်တိုနည်းနှင့် ထိုလူ၏ လက်ကို ကျောဘက်က ကပ်၍ လိမ်ရင်း ကိုထွန်းရွှေက ဆောင့်၍ခေါ်သော အခါ…

"နေပါဦးဗျာ၊ ခဏလေး နေပါဦး။ ကျွန်တော် အားရအောင် ကြည့်ပါရစေဦး"

ဟု နောက်ဆုံးတွင် ထိုသူက မချိတင်ကဲ တောင်းပန်လိုက်သေးသည်။

"ဘာ အားရအောင် ကြည့်ရမှာလဲ။ မင်း အဝတ်အစားတွေ ချွတ်ယူမလို့ မဟုတ်လား၊ ငါသိတယ်"

ဟု ပြောရင်း ခေါင်းထဲ လှမ်းကြည့်မိလေရာ အသားတွေ အညိုရောင်သမ်းနေပြီဖြစ်သော မိန်းကလေး၏ အလောင်းမှာ ဖူးဖူးရောင်စ ဖြစ်နေလေပြီ။ မိုးရေပေါက် ကျ၍လော၊ အပုပ်ရည်ထွက်၍လော မသိ မျက်နှာတစ်ခုလုံးမှာ စိုရွှဲ၍ အရောင်တပြောင်ပြောင်ဖြစ်နေလေသည်။ နှာခေါင်းဝတို့တွင် သွေးနက်နှင့်တူသော အရည်များ စီးကျနေပုံမှာ ပသာဒ အတော်ဆိုးရွားနေသောကြောင့် ကိုထွန်းရွှေမှာ နလုံးနာစွာနှင့် မျက်နှာလွှဲလိုက်ရပြီးလျှင် ကြက်သီးမွေးညင်းများ အတော်ထလာတော့လေ၏။

"မင်းတို့မို့ကွာ၊ ဒီအဝတ်အစားတွေကို မရှံ့မရှာ၊ ထွီ…"

"အဝတ်အစားယူရအောင် လာတာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်"

"ဒါဖြင့် ဘာလုပ်တာလဲ။ ပီယဆေးဖော်ဖို့ မတော်တရော်တွေ လာလုပ်တာလား။ လာ…လာ၊ ဘာပဲဖြစ်ဖြစ် လိုက်ခဲ့၊ ဒါ ရာဇဝတ်မှုကွ၊ နားလည်လား"

ထိုအခိုက်တွင် တူရှင်းဆရာ လန့်၍ အော်လိုက်သံကို ကြားရသော ကိုကျော်မွေးနှင့် ဘသောင်းတို့က အလန့်တကြား လက်ဆွဲ ဓာတ်မီးကို ဆွဲ၍ လိုက်လာကြသဖြင့်…

"ကဲ - ကိုကျော်မွေး၊ ဟောဒီမှာ ကြည့်ပါဦး၊ ဟေ့ - ဘသောင်း၊ ဟောဒီ တူရှင်းနဲ့ မုန်အိမ်ကို ယူခဲ့"

ကိုကျော်မွေးမှာ သရဲအခြောက်ခံရသလို ခေါင်းကို တစ်လှည့်၊ တရားခံကို တစ်လှည့် တအံ့တသြကြည့်နေမိသည်။ ဘသောင်းမှာကား ဘယ်ကိုမှ မကြည့်ဝံ့သကဲ့သို့ တဆတ်ဆတ်တုန်နေတုန်းပင် ရှိသေးသည်။ ကိုကျော်မွေးက တရားခံ၏ အနားသို့ လာ၍ မျက်နှာကို ကြည့်ရင်း…

"ဟေ့ကောင်… မင်း ဘယ်ကလဲဟင်။ ဒါ ဘာလုပ်တာလဲ။ အံ့သြပါ့ကွာ"

"ဆရာတို့ရယ် ဂါတ်ကျမှ မေးကြပါခင်ဗျာ။ ဒီနား နေရတာ ကျွန်တော် ကျောချမ်းလွန်းလို့ပါ"

ဟု ဘသောင်းက ကြားဝင်၍ တောင်းပန်နေရှာပါသည်။

တရားခံမှာ ဘာစကားမှ ပြန်မပြောဘဲ တွေတွေကြီး ခေါင်းငိုက်စိုက်ကျနေတော့သည်။ ကိုထွန်းရွှေသည် ကိုကျော်မွေး၏ လက်ဆွဲ ဓာတ်မီးရောင်ကြောင့် တရားခံ၏ မျက်နှာကို ပိုမိုထင်ရှားစွာ မြင်နိုင်သည့်အားလျော်စွာ အတန်ကြာ စူးစိုက်ကြည့်ပြီးမှ သတိရလေသဖြင့်…

"ဟာ… လက်စသတ်တော့ ဟေ့ကောင်… မင်း ၃၂၃နဲ့ ငါဖမ်းပြီး ထောင်ချလိုက်တဲ့ စံပျော်ဆိုတဲ့ အကောင်မဟုတ်လား၊ ခွေးမသား"

ဟု နားရွက်ကို ဆွဲကာ မေး လိုက်၍ ထိုသူက တွေဝေ ထိုင်းမှိုင်းစွာ ကိုထွန်းရွှေ၏ မျက်နှာကို ဤတစ်ခါ ငေးကြည့်လိုက်သည်။

"ငါ ကန်တော်မင်ဂါတ်မှာ နေ တုန်းကလေ ရိုက်မှုနဲ့ အဖမ်းခံရတာ မင်းပဲ မဟုတ်လား"

ဟု ကိုထွန်းရွှေက နားပူနားဆာ ထပ်၍မေးလိုက်မှ ခပ်အေးအေးပင် ခေါင်းညိတ်၍ ပြလိုက်တော့သည်။

"အေး၊ ထောင်က လွတ်တာ မကြာသေးဘူး။ ထောင်ထဲ ထပ်သွားဦးပေါ့ကွာ။ မင်းနဲ့ ငါ ဒီကနေ့ည တွေ့ တွေ့တတ်ပလေ"

ဟု ပြောပြောဆိုဆို ခေါ်သွားပြီးမှ သတိရ၍…

"ကဲ - ကိုကျော်မွေး၊ ဘယ့်နှယ်လဲ ကျုပ်တို့အလောင်းအစား"

"ဟာ…သရေပွဲပေါ့ဗျာ။ ခင်ဗျားလည်း မရေးရသေးဘူး မဟုတ်လား။ ရေးလည်း ခင်ဗျားတစ်ယောက်တည်း လာရေးတာမှ မဟုတ်နိုင်တော့ဘဲ။ ဒီမှာ ခင်ဗျားအဖော်တွေ့နေတာ"

"ဟဲဟဲဟဲ… ရှိပါစေတော့ဗျာ၊ ဒီခွေးမသား လာရှုပ်တာ။ ကဲ - လာ လာ…မောင်မင်းကြီးသား"။

*(ရွှေလ ဆက်လက်ဖော်ပြပါမည်)*

* * *



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

### ( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အခွင့်အရေးကောင်းတစ်ခုက တံခါးခေါက်လာလိမ့်မည်။ နှစ်လိုဖွယ်ကောင်းသော အခြေအနေတစ်ရပ်ကြောင့် ကြီးပွားချမ်းသာ၊ အောင်မြင်စေသည့် အဖြေတစ်ခုကို တွေ့ရလိမ့်မည်။ ငွေ၊ လုံ့လ၊ ဝီရိယရှိရှိ လုပ်ကိုင်ခြင်းကြောင့် တိုးတက်မှု၊ ကံကောင်းမှု ကြယ်စင် ထွန်းလင်းလာလိမ့်မည်။ အန္တရာယ်ကင်းပြီး လာဘ်ရွှင်ရန် ပွင့်လင်းသောစိတ်ဖြင့် ဆုံးဖြတ်လုပ်ကိုင် ပြောဆိုပါ။ တွေးတောပူပန်၊ စိုးရိမ်စိတ်ကို ဖျောက်ပစ်လိုက်ပါ။ မမျှော်လင့်သော ခရီးသွားရကိန်းမြင်၏။ ရပ်ဝေးဒေသမှ သတင်းထူး ကြားရခြင်း၊ လက်ဆောင်ကောင်း ရခြင်းမျိုး ကြုံမည်။ ရပ်ဝေးဒေသနှင့် အကျိုးပေးမည်။ ခရီးသွားလာခြင်းကြောင့် ပိုမိုကျန်းမာမည်။

ဆိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ချယ်ရမည့်ဂဏန်း - (၀)အစ (၉)အဆုံး။ (၉)အစ (၀)အဆုံး။
တြာ - ဘုရားရင်ပြင်တော် သန့်ရှင်းရေး ပြုလုပ်ခြင်း (သို့မဟုတ်) မိမိအိမ်ရှိ ဘုရားစင်သန့်ရှင်းခြင်းမျိုးကို ပြုလုပ်ကာ ကုသိုလ်ယူပါ။

## ပြိဿရာသီ



TAURUS

### ( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

ကြိုးစားအားထုတ်မှု၏ ဆုလာဘ်အဖြစ် အောင်ပန်းဆင်ရတတ်ချိန်ပါ။ ပညာဉာဏ်ကို လွှာသုံးတတ်သောကြောင့် လောကဓံ အခက်အခဲများစွာ လွတ်မြောက်ကိန်းမြင်သည်။ စားရကံကြုံပြီး မုတ်ဆိတ်ပျားစွဲချိန်ဖြစ်သည်။ လုပ်ငန်းကိစ္စအားလုံးမှာ အောင်မြင်ကိန်းမြင်သည်။ စီးပွားရေး လုပ်ငန်းရည်ရွယ်ချက်များအားလုံးကို သမားရိုးကျမှ လမ်းခွဲပြီး ဆန်းသစ်စွာ ကြံစည်တွေးခေါ်ပါက ကြီးပွားမည်။ ကျန်းမာရေးအတွက် အနှစ်သီးပါသော အစားတက်စာကို ရှောင်ပါ။

ဆိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ချယ်ရမည့်ဂဏန်း - (၅)အစ (၁)အဆုံး။ (၄)အစ (၆)အဆုံး။
တြာ - မွေးနေ့တွင် အိမ်ရှိဘုရားမှာ သီလခံယူပြီး ထောပတ်ဆွမ်း ကပ်လှူ ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

### ( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ချောတိုင်ထိပ်က အလံကို ရယူရဘိသကဲ့သို့ မိတ်ဆွေ၏ လုပ်ငန်းက သိပ်ကို အသည်းယားစရာကောင်းနေသည်။ စိတ်ကူးယဉ်မှုများ လက်တွေ့ဖြစ်ရန် လိုပါသည်။ "ချက်ဆို နားခွက်က မီးတောက်" အောင် ဉာဏ်ကောင်းသည့် သင့်အကြံဉာဏ်များကို သူနေရာနှင့်သူ အသုံးချသွားရန် လို၏။ စိတ်ရှည်ရှည် စိတ်အေးအေးထားပြီး လုပ်ငန်းရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုပါသည်။ အကြံသစ်၊ ဉာဏ်သစ်များကြောင့် တိုးတက်ကြီးပွားကိန်း မြင်၏။ စီးပွားရေး၊ ကြီးပွားရေးတို့မှာ အာရုံစိုက်နေရသောကြောင့် မိမိကျန်းမာရေးကို ဂရုစိုက်ရန် မေ့လျော့နေတတ်သည်။

ဆိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ချယ်ရမည့်ဂဏန်း - (၅)အစ (၀)အဆုံး။ (၃)အစ (၇)အဆုံး။
တြာ - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး မုန့်လုံးရေပေါ် (၂၇)လုံး ကပ်လှူပူဇော်ပါ။

www.burmeseclassic.com

ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

ထင်တိုင်း ဖြစ်၊ ကြံတိုင်း အောင်မြင်နေချိန်။ မည်သည့်လုပ်ငန်းကိစ္စမဆို အောင်မြင်တတ်ပါသည် ခိုက်ရန်ဖြစ်လိုခြင်း၊ ဆန္ဒစော၍ ပြုမူပြောဆိုခြင်းများကြောင့် ရင်းနှီးထားသူများက ရိုင်းစိုင်းသူ အထင်လွဲမှားခံရတတ်၏။ ချိုသာသော စကားနှင့် ကိုယ်, နှုတ် အမူအရာ ယဉ်ကျေးအောင် ထိန်းသိမ်းနိုင်လျှင် အောင်မြင်မှုအားလုံးက သင့်အတွက် ဖြစ်လာပါလိမ့်မည်။ လုပ်ငန်းကိစ္စအဝဝ ဖွဲ့သတ္တိရှိရှိ ပရိယာယ်ကြွယ်ဝစွာဖြင့် လုပ်ဆောင် အောင်မြင်ချိန်ပါ။ ကျန်းမာရေးအတွက် သ ငါးနှင့် ဟင်းသီးဟင်းရွက်များကို မျှမျှတတ စားသုံးပေးပါ။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။
**ယတြာ** - မွေးနေ့တွင် ခင်မင်ရင်းနှီးသူ မိတ်ဆွေအပေါင်းအသင်းများကို နို့စိမ်း ခေါက်ဆွဲ ကျွေးမွေးဒါနပြု

သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

မိတ်ဆွေ သင့်ကြိုးစားအားထုတ်မှု ရလဒ်များကို ခံစားခွင့် ကြုံမည်။ မျှော်လင့်မထားသော ပြောင် ကိန်း၊ ဂုဏ်သိက္ခာမြင့်မားကိန်း ကြုံမည်။ ရပ်ဝေးဒေသ ဆက်သွယ်ရန် ကြိုးစားမှုများမှာ အောင် ကိန်းကြုံမည်။ ကျဉ်းပွေ့ အတက်ပေါက်ချိန်ဖြစ်၍ ဝီရိယရှိရှိ ဉာဏ်ပညာစွမ်းအပြည့်ဖြင့် ကြိုး အားထုတ်သွားပါ။ အောင်မြင်ခြင်း လှေကားထစ်များကို တစ်ထစ်ချင်းနင်းပြီး အမြင့်သို့ တက် သကဲ့သို့ ရည်ရွယ်ထားသောလုပ်ငန်းများ တစ်ခုချင်း တစ်ခုချင်း ကြိုးစားသွားပါ။ ကျန်းမာရေးသင့်

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၁)အဆုံး၊ (၇)အစ (၁)အဆုံး။
**ယတြာ** - ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း ဒါနပြုပါ။

ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

အရာရာကို ပြောင်းလဲပြီး လုပ်ကိုင်လိုသော ဆန္ဒများ ဖြစ်ထွန်းတတ်ချိန်ပါ။ ပြောင်းလဲမှု ကိစ္စရပ် ကို စွန့်စွန့်စားစား မပြုလုပ်သင့်ချိန်ကို ရောက်နေ၏။ လုပ်ငန်းကိစ္စအဝဝမှာ ဆန္ဒစောပြီး ပြုမူ ဆောင်မှု မလုပ်သင့်ပါ။ ကိုယ်၊ နှုတ်အမူအရာကို ကောင်းစွာ စောင့်ထိန်းပြီး စူးစမ်းဆင် ဆောင်ရွက်သွားရန် လိုသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ပြုမူပြီး အကင်းပါး ဆောင်ရွက်ရန် လိုပါသည်။ အခက်အခဲကို ကျော်လွှားပြီးလျှင် သင့်ဘဝတိုးတက်ပေလိမ့်မည် ကျန်းမာရေးအတွက် လေကောင်းလေသန့်ရှူပါ။ မိမိအိမ်နှင့် ဝန်းကျင်ကို သန့်သန့်ရှင်းရှင်းထား

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၄)အဆုံး၊ (၁)အစ (၇)အဆုံး။
**ယတြာ** - မွေးနေ့မှာ အိမ်ရှိ ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် နံ့သာများ လှူဒါန်းကာ အဓိဋ္ဌာန် သက်စေ့စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ဗလာမပါသော ကံစမ်းမဲတစ်ပြားကို နှိုက်ယူခွင့် ရရှိသော ကာလတစ်ခုပါ။ သုခချမ်းသာနှင့် ပြည့်စုံပြီး အသိဉာဏ်ကြွယ်ဝပေလိမ့်မည်။ မှန်ကန်သော နည်းလမ်းများကို ဖွဲ့သတ္တိရှိရှိဖြင့် အားသွန်ခွန်စိုက် လုပ်ဆောင်မှုများကြောင့် အများတကာထက် ထူးခြားသော ခြေလှမ်းများ ဖြစ်နေလိမ့်မည်။ ဥယျာဉ်၊ ခြံမြေ၊ ကား စသော တန်ဖိုးကြီး ပစ္စည်းများ တိုးချဲ့ ပိုင်ဆိုင်ခွင့် ရရှိပေလိမ့်မည်။ ညာဘက်က တစ်လုည်းဝင်ပြီး ဘယ်ဘက်မှ တစ်လုည်းထွက် မဖြစ်စေရန်၊ ငွေကြေးစည်းကမ်း စနစ်ကျနရန် အထူးလို၏။ ကျန်းမာရေးအတွက် ဆရာကောင်း၊ သမားကောင်း တွေ့မည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၆)အစ (၂)အဆုံး၊ (၃)အစ (၄)အဆုံး။
ယတြာ - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး တရားထိုင်ခြင်း၊ တရားနာခြင်းတို့ကို လုပ်ဆောင်ပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

တိုးတက်မှုကို ပြသနေသော ကာလတစ်ခုဖြစ်သည်။ အိမ်၊ အလုပ်ဌာန၊ ကျောင်း စသည်တို့ ပြောင်းရွှေ့ကိန်း မြင်၏။ စီးပွားရေး၊ လူမှုရေးတိုးတက်စေသည့် ပြောင်းရွှေ့ကိန်း မြင်သည်။ ရှေးဆန်စွာ လုပ်ဆောင်ခြင်းထက် ခေတ်မီအောင် တီထွင်လုပ်ဆောင်သွားပါက သင့်လုပ်ငန်းများ ထူးခြားစွာ တိုးတက် အောင်မြင်သွားပါလိမ့်မည်။ စီးပွားရေးအသိဉာဏ် ဖွံ့ဖြိုးတိုးတက်စရာ အခွင့်ကောင်း၊ အဆက်အသွယ်ကောင်း ရရှိမည်။ လုပ်ငန်း၊ ရည်ရွယ်ချက်များကို စနစ်သစ်၊ နည်းသစ် လုပ်ကိုင်ဆောင်ရွက်မှုကြောင့် အောင်မြင်ကိန်း မြင်သည်။ ကျန်းမာရေးအတွက် ဣရိယာပုဒ်လေးပါး မျှတအောင် နေထိုင်ပါ။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၆)အဆုံး၊ (၀)အစ (၃)အဆုံး။
ယတြာ - မွေးနေ့မှာ မိတ်ဆွေအပေါင်းအသင်းများကို တရားစာအုပ် ဒါနပြု လှူဒါန်း ပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

စွမ်းရည်ထူးခြား တောက်ပချိန်ဖြစ်၍ စိတ်ဝင်စားစရာ၊ ဝမ်းမြောက်ဝမ်းသာစရာ ကိစ္စရပ်များ မကြာခဏ ကြုံရချိန်။ မဖြစ်မနေ လုပ်ဆောင်တတ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် ကိစ္စရပ်တိုင်းမှာ အောင်မြင်ကိန်းရမည်။ အစုစပ်လုပ်ငန်း၊ ရှယ်ယာလုပ်ငန်းတို့မှ ဝင်ငွေထူးရမည်။ ဦးနှောက်ဉာဏ်ကို အသုံးချ၍ ဆန်းသစ်တီထွင်မှုကြောင့် လူတကာထက် ထူးခြားကိန်း မြင်သည်။ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းတို့ကြောင့် သင့်ဘဝအဆင့်အတန်း မြင့်မားထည်ဝါမည်။ ကျန်းမာရေးအတွက် ရေဝဝသောက်ပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၁)အဆုံး၊ (၅)အစ (၂)အဆုံး။
ယတြာ - ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို ပွားများ ကုသိုလ်ယူပါ။


www.burmeseclassic.com

www.burmeseclassic.com



## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

လုပ်ငန်းသစ်များကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်လိုချိန်။ တိုးတက်မှုရရန် လမ်းကြောင်းများစွာ ရှိနေပါသည်။ မိတ်သစ်ဆွေသစ် မြင်၏။ သမားရိုးကျမှ လမ်းခွဲပြီး လုပ်ဆောင် အောင်မြင်ကိန်းရှိသည်။ သို့သော် လေဖမ်း ဒန်းစီး၍ မရနိုင်ပါ။ အောင်မြင်မှုကို စိတ်ကူးနေရုံမျှဖြင့် မရနိုင်ပေ။ သင်ကိုယ်တိုင် ကြိုးစားဖော်ဆောင်ရပေလိမ့်မည်။ သင် မလုပ်ဘူးသော လုပ်ငန်းသစ်တစ်ခုက သင့်ကို ဖိတ်ခေါ် ကြိုဆိုနေမည်။ ကျန်းမာပြီး အသက်ရှည်စေရန် သွားနှင့် ခံတွင်း ကျန်းမာရေးကို ဂရုစိုက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၄)အဆုံး၊ (၇)အစ (၁)အဆုံး။

**ယတြာ** - လူကြီးမိဘ အသက်ဂုဏ်ဝါကြီးသူများကို တရားစာအုပ်နှင့် တရားခွေများ ပေးလှူပါ။

## ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ဒွိဟ သံသယများနေချိန်ပါ။ မည်သည့်ကိစ္စကိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်နိုင်ဘဲ ရှိနေမည်။ မွေးရပ်မြေကို စွန့်ခွာပြီး နေရာသစ်မှာ အခြေချ နေထိုင်ဖို့ ဖန်လာတတ်၏။ ခေါင်းမာပြီး အလျှော့ မပေးလိုသော ဆန္ဒကြောင့် စိတ်လက် မကြည်လင်စရာအကြောင်းပေါ်မည်။ သင် ဘာလုပ်သင့် သလဲဆိုသော သင့်ဘဝပြဿနာအမေးပုစ္ဆာများကို ဖြေဆိုရလိမ့်မည်။ ဆောင်းနှင်းပွင့်တို့နှင့်အတူ သင်ကိုယ်တိုင် တောက်ပ ကြည်လင်ရန် ကြိုးစားလိုက်ပါ။ ကျန်းမာရေးအတွက် အချိန်မှန်မှန်အိပ် အချိန်မှန်မှန်စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ အင်္ဂါ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - မွေးနေ့တွင် တစ်နေ့တည်း ဘုရားသုံးဆူ ဖူးကာ မေတ္တာသုတ်ရွတ်ဖတ် ပူဇော်ပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

အံ့ဩစရာ တိုးတက်ကောင်းမွန်ချိန်ပါ။ အလုပ်ဌာန၊ အိုးအိမ်နေရာများ တိုးတက်ပြောင်းရွှေ့ကိန်းများ ကြုံမည်။ စိန်ရွှေရတနာဝင်ကိန်း မြင်၏။ ဥယျာဉ်ခြံမြေကိစ္စ စကားပြောဆို အောင်မြင်မည်။ ယနေ့ ပြီးနိုင်သောကိစ္စအဝဝကို နောက်နေ့သို့ မရွှေ့ပါနှင့်။ ပြီးအောင် ဇွဲရှိရှိဖြင့် ဆောင်ရွက်သွားပါ။ မျှော် မှန်းသည်ထက် ပိုမိုအောင်မြင်လိမ့်မည်။ ပျော်ပါးမှု ပျင်းရိမှုဖြင့် အချိန်ဖြုန်းတီးနေထိုင်မှုကို ဆင်ခြင် ပါ။ ကျန်းမာစေရန် အသက်ကို ဉာဏ်စောင့်သောကြောင့် မိမိကိုယ်မိမိ ဂရုစိုက် စောင့်ရှောက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၁)အဆုံး၊ (၅)အစ (၂)အဆုံး။

**ယတြာ** - စေတနာရှိသူတစ်ဦးကို ငွေကြေးနှင့် အဝတ်အထည်များ ပေးလှူပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ကျိုးပေါင်း
# နဝင်းပုတီးအဆောင်ကောင်း

■ ဘုန်းပြည့်လျှံဝေ (ဇရာမြေ) ■

စာရေးသူသည် ၁၉၉၈ ခုနှစ်၊ နွေရာသီ၊ တပေါင်းလတွင် ကျင်းပသော ငါးမျက်နှာစေတီတော် ဘုရားပွဲတော် ရွှေသင်္ကန်းကပ်လှူပွဲအပြီးတွင် သူငယ်ချင်းတစ်စုနှင့် ပွဲဈေးတန်းတွင် မုန့်ပဲသရေစာများကို ဇနီးနှင့် သားနှစ်ယောက်တို့အတွက် ဝယ်ယူပြီး အိမ်သို့ ပြန်လာရာတွင် သူငယ်ချင်းများနှင့် လမ်းခွဲခဲ့ရပါသည်။

စာရေးသူတစ်ယောက်တည်း ဘူတာ၏ ပတ်ဝန်းကျင် မှောင်မှောင်မည်းမည်းထဲတွင် ရထားလမ်းကို ဖြတ်ကျော်ပြီးမှ သိုင်းဝန်းထဲသို့ သွားရမည်မှာ ကျောစိမ့်လှပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီဘူတာဝန်းကျင်အမှောင်ထုထဲတွင် ကြာခဏ လမ်းသွားလမ်းလာများကို ခေါင်းပြတ်ကြီးနှင့် အမျိုးသမီးတစ်ဦးက ခြောက်လှန့်သည်ဟု ကြားဖူးထားခြင်းကြောင့်ပင် ဖြစ်ပါသည်။ စာရေးသူ၏ လက်ထဲတွင် ခေါက်ဆွဲထုပ်နှင့် အသုပ်ထုပ်များ ပါခဲ့သလို၊ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်လည်း အသင့်ပါလာပါသည်။ စာရေးသူ၏ အိတ်ကပ်ထဲတွင် အမြဲဆောင်ထားလေ့ရှိသော သီး ၉လုံးပါ ပုတီးတစ်ကုံးနှင့် ဇလွန်-ပြည်တော်ပြန် ဘုရားရုပ်ပွားတော်၏ ပုံတော်မှာ ကဒ်လောင်းထားသည့် အဆောင်ကောင်းအဖြစ် ကိုယ်နှင့် မကွာ၊ အမြဲတမ်း ဆောင်ထားလေ့ရှိပါသည်။

မီးရထားကုန်ရုံထိပ်တွင် ရထားတွဲများ အစီအရီထိုးထားပါသော်လည်း စက်မှုဌာနလိုင်းဝန်းအတွင်းသို့ ဖြတ်သွားရသည်မှာ အဖော်မပါ၊ တစ်ယောက်တည်းသမားတို့အတွက် စိတ်ချောက်ချားရပါသည်။ ဤနေရာ၊ ဤပတ်ဝန်းကျင်တွင် မကြာခဏ ရထားကြိတ်၍ သေဆုံးကြသော လူများမှာ မနည်းပါ။ ထိုအချိန်က မီးဓာတ်တိုင်များမှာ ဘူတာရုံ၏ အနီးအနားတွင်သာ အလင်းရောင်က လွှမ်းမိုးပါသည်။ ရထားရှန်တိန်ပြုလုပ်ရသော ယာဒ်အတွင်းတွင် အမှောင်ထုက လွှမ်းမိုးပါသည်။ တာဝန်ကျ လမ်းခွဲကိုင် လုလင်လုပ်သားများက လက်နှိပ်ဓာတ်မီးအားကိုးဖြင့် မီးစိမ်း၊ မီးနီ အချက်ပြ၍ လုပ်ကြရပါသည်။ မှောင်ရိပ်ခိုသူများ၊ အခြေမဲ့ အနေမဲ့သူများသည် တွဲဆိုင်းကို ဖြတ်ကျော်ခြင်းဖြင့် ရထားရှန်တိန်ပြုလုပ်ရာတွင် အကြိတ်ခံခဲ့ရခြင်းများလည်း ရှိကြသလို၊ တချို့ကလည်း ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခြင်းများ ရှိကြပါသည်။ အဖန်ငါးရာငါးကမ္ဘာကို သူတို့ မကြောက်လို့သာ ဖြစ်ပေလိမ့်မည်။ စိတ်အလိုလိုက်ပြီး မိုက်ကြသူများအတွက်ကတော့ အသေဆိုးဖြင့် တွေ့ကြုံရသည်မှာ သူတို့အတွက် အဆန်းမဟုတ်တော့ပါ။

စာရေးသူ ဘုရားပွဲတော်မှ ပြန်လာသောအချိန်မှာ ည ၁၁ နာရီခွဲသာသာ။ ထိုညတွင် ရှန်တိန် ရထားက မရှိ။ ရှင်းလင်း၍ နေ၏။ ရထားလမ်းဘေးတစ်ဖက်တွင် ကျောက်တုံးများကို ထုခွဲနေသော အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်ကို တွေ့ရ၏။ အမျိုးသမီးနှစ်ယောက်က ခေါင်းတွင် ပုဆိုးများကို ပေါင်းထားပြီး အမျိုးသားတစ်ယောက်က လျှာထိုး ဦးထုပ်ကို နောက်ပြန်ဆောင်းထားပြီး စကားတပြောပြောဖြင့် ရယ်မောလျက် ကျောက်များကို ထုနေကြသည်မှာ အကာ့ာလည်အခါတွင် ပျော်စရာပင်။ သူတို့၏ ဘေး ကျောက်ပုံပေါ်တွင် ရေနံဆီ မီးခွက်၏ အလင်းရောင်က



www.burmeseclassic.com

www.burmeseclassic.com

နီကြောင်ကြောင်ပင်။ စာရေးသူက သူတို့ ထုခွဲနေသော ကျောက်ပုံအနီးမှ ဖြတ်သွားသောအခါ ကုလားဆင် အမျိုးသမီးတစ်ဦးက စာရေးသူဘက်သို့ လှည့်ပြီး…

"ဒီမှာ… ဦးလေးကြီးလက်ထဲက ခေါက်ဆွဲထုပ် တစ်ထုပ်လောက် သမီးတို့ကို ပြန်ပြီးမျှဝေပါလား။ သမီးတို့ ထမင်းမစားရသေးလို့ပါ။ ဝယ်လာတဲ့ တန်ဖိုးကို သမီးပေးပါ့မယ်"

ဟု ဆိုသောအခါ စာရေးသူကလည်း လူတစ်ဖက်သားကို သနားတတ်သဖြင့် ပိုက်ဆံမယူဘဲနှင့် ဒါနပြုလိုက်ပါသည်။ ထိုသုံးဦးတို့သည် စာရေးသူ ပေးလှူသော ခေါက်ဆွဲတစ်ထုပ်ကို ကျောက်ပုံပေါ်တွင် ခေါင်းချင်းဆိုင်၍ စားသောက်နေခြင်းကို တွေ့ရသောအခါ အားရကျေနပ်စွာဖြင့် ဝမ်းသာပီတိဖြစ်မိပါသည်။ ဝမ်းစာရေးအတွက် မဖူလုံသော ကျေးမွဲလူတန်းစားတို့သည် နေ့မအား၊ ညမအား လုပ်ငန်းတာဝန် အသီးသီးထမ်းရွက်ကြရသည်မှာ ဘဝက ပေးသော သင်ခန်းစာပါ။ ရထားလမ်း ခင်းရန်အတွက် ကျောက်များကို နေ့ဘက်တွင် လူအများ စုပေါင်းလုပ်ကိုင်ကြပါသော်လည်း ညဘက်တွင် ထိုသုံးယောက်တည်း တာဝန်ကျေစွာ လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရသော စာရေးသူသည် အိမ်ပြန်ရောက်သောအခါ ဇနီးနှင့် သားနှစ်ယောက်က အိပ်မောကျနေပြီဖြစ်သဖြင့် ကျန်သော ခေါက်ဆွဲထုပ်တစ်ထုပ်နှင့် အသုပ်စုံတစ်ထုပ်ကို စားပွဲပေါ်သို့ တင်ထားပြီး ရေးလက်စ ဆောင်းပါးကို အဆုံးသတ်ရန်အတွက် ကုလားထိုင်ပေါ်တွင် စဉ်းစားရင်းဖြင့် အိပ်ပျော်သွားခဲ့သည်။

နံနက် ၆နာရီထိုးမှ နိုးလေသည်။ မျက်နှာသန့်စင်ပြီး စားပွဲပေါ်မှ ခေါက်ဆွဲထုပ်နှင့် အသုပ်စုံထုပ်ကို ကြည့်လိုက်သောအခါ ဘုရားဈေးမှ ဝယ်လာသော ခေါက်ဆွဲထုပ်က နှစ်ထုပ်၊ အသုပ်စုံထုပ်က တစ်ထုပ်၊ ပုံမပျက် နဂိုအရှိအတိုင်းပင် တွေ့ရသဖြင့် အံ့ဩစရာဖြစ်ခဲ့ရသည်။ ဇနီးနှင့် သားနှစ်ယောက်က အိပ်ရာမှ နိုးသည်နှင့် ၎င်းခေါက်ဆွဲထုပ်နှင့် အသုပ်စုံထုပ်တို့ထဲမှ တချို့တစ်ဝက်ကို ဘုရားကျောင်းဆောင်ပေါ်ရှိ ဒက္ခိဏာသာခါ ရုပ်ပွားတော်ရှေ့တွင် ကပ်လှူပြီးမှ နံနက်စာအဖြစ် စားကြပါသည်။

ညက အဖြစ်အပျက်ကိုတော့ ဇနီးနှင့် သားနှစ်ယောက်တို့အား မပြောပြဖြစ်ပါ။

နောက်တစ်နေ့တွင် ထိုကျောက်ပုံနှင့် နီးသော လိုင်းခန်း၌ နေသော လူပျိုကြီး ကိုမြစိုး(စာရေးသူနှင့် ကျောင်းနေဘက် သူငယ်ချင်း)အား ပြောပြသောအခါ ကိုမြစိုးက…

"မဟုတ်မှ လွဲရော၊ ခင်ဗျား… အမာကြည်တို့နဲ့ တွေ့ခဲ့ပြီ ထင်တယ်။ သူတို့က မောင်နှမသုံးယောက်လေ… လွန်ခဲ့တဲ့ ၆လလောက်က ကျောက်ကားမှောက်ပြီး သေကြတာ။ မကြာသေးခင်ကမှ ကွျန်တော့်ဆီမှာ ထမင်းလာတောင်းပါသေးတယ်။ ကျွန်တော်က ခွေးတွေ မွေးထားတော့ သူတို့ အိမ်ခြံထဲကို မဝင်ရဲဘူး။ သူတို့က ဘာသာကွဲတွေဆိုတော့ ဗုဒ္ဓဘာသာကို အယုံအကြည်မရှိကြဘူး။ မကျွတ်မလွတ်တဲ့ သရဲ တစ္ဆေတွေဘဝ ရောက်နေကြတာပါ။ ခင်ဗျား ပုသိမ်ကို ပြောင်းသွားတဲ့အချိန်မှာ သူတို့သေတာ ဖြစ်လိမ့်မယ်။ သူတို့က ခြောက်လှန့်တယ်ဆိုတာ ယဉ်ကျေးပါတယ်။

ခင်ဗျား… ဟသ်ာတကို ပြောင်းမလာခင် တစ်လလောက်အလို မှာ အမျိုးသမီးတစ်ယောက် ရထားကြိတ်ခံရတယ်လေ။ ခေါင်းပြတ်သွားတာပေါ့၊ တချို့ကလည်း စိတ်ညစ်လို့ တမင်သက်သက် အကြိတ်ခံတယ်လို့ ပြောကြသလို တချို့ကလည်း အမြန်ရထားပေါ်က ပြုတ်ကျပြီး အကြိတ်ခံရလို့ ခေါင်းပြတ်သွားတယ်လို့ ပြောကြတာပါပဲ။ ရထားကြိတ်ပုံကတော့ အဆန်းသား။ ဘာမှအထိအခိုက်မရှိဘဲ လည်ပင်းတိတိပြတ်သွားတာက ခေါင်းတခြား၊ ကိုယ်တခြား။ အစိမ်းသေဆိုတော့ ပိုချောက်တာပေါ့။ ခင်ဗျား အချိန်မတော်ပြန်လာတာ တစ်ယောက်တည်းဆိုတော့ ခေါင်းပြတ် သရဲမခြောက်တာ ကံကောင်းတယ်လို့ မှတ်။

ခင်ဗျားရဲ့ စိတ်ထဲမှာ ခင်ဗျားပေးလိုက်တဲ့ ခေါက်ဆွဲထုပ်ကို သူတို့စားရတယ်လို့ ထင်မှတ်ရပေမယ့် အမှန်တော့ သူတို့မောင်နှမသုံးယောက် မစားရပါဘူး။ ခင်ဗျားရဲ့ စေတနာတွေကို သူတို့ စားနေရတာပါ။ ခင်ဗျားနားကို သူတို့ မကပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား အမြဲဆောင်ထားလေ့ရှိတဲ့ ခင်ဗျားအိတ်ကပ်ထဲက သိမ်ဝင် ဇပုတီးနဲ့ ပြည်တော်ပြန် ဘုရားရုပ်ပုံကားချပ်ရဲ့ စမခဏ်ဂါထာတော်တန်ခိုးကြောင့်ပါပဲ။ ကိုးလုံးပုတီးကလည်း သိမ်ဝင်ထားသလို စမခဏ်ဂါထာတော်ကလည်း အစွမ်းထက်တာကြောင့် သူတို့ လုစားဖို့နေနေသာသာ တောင်းထားတဲ့ ခေါက်ဆွဲထုပ်တောင် မစားရဲလို့ ပြန်ပို့ပေးလိုက်တာပေါ့။ ခင်ဗျားရဲ့ ဇနီးနဲ့ သားတွေက ဘုရားကို ကပ်လှူပြီးမှ စားတော့ ပိုပြီးအန္တရာယ်ကင်းတာပေါ့။ ခင်ဗျားက ပုတီးသမား။ ဘုရား တရားများများလုပ်တော့ များများအကျိုးရှိတာပေါ့။ ပရလောကရဲ့ မကျွတ်မလွတ်တဲ့ နာနာဘာဝတွေဆိုတာ ရှေးပဝေသဏီကတည်းက ရှိခဲ့တယ်ဆိုတာ ဘုရားဟော ကျမ်းဂန်တွေထဲမှာ ဆရာတော်ကြီးတွေက တရားဟောတိုင်း အတိအလင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားနဲ့ ကျွန်တော်က ကျောင်းနေဘက် သူငယ်ချင်း ဖြစ်ပေမယ့် တစ်ယောက်နဲ့ တစ်ယောက် မှန်တန်းနေ သေတော့ တော်ရုံတန်ရုံ မဆုံဖြစ်ခဲ့ဘူး။ ယခုလို ကြုံတုန်း ဆိုတုန်းမှာ ခင်ဗျားကို ကျွန်တော် တစ်ခုပြောပြရဦးမယ်။ တိုက်ကျောင်းက တိုက်အုပ်ဆရာတော်ကြီး ဦးစတိလကို ခင်ဗျားသိမှာပေါ့။ လူအချို့က သူ့ကို စိန်မျက်ခုံး ဆရာတော် လို့ ခေါ်ကြတယ်လေ။ ဆရာတော်ကြီးက ဝဝခန့်ခန့်ကြီး။ မျက်ခုံးမွေးထူထူထဲထဲနဲ့ဆိုတော့ အလွန်ကြည်ညိုဖို့ ကောင်း ပါတယ်။ သူက ပုတီးအမြဲစိပ်တယ်။ သူကိုင်ဆောင်တဲ့ ပုတီးက (၁၈)လုံးပုတီး။ ကျီးပေါင်းပုတီးလို့တော့ ပြောတာ ပါ။ ခုနစ်နေ့၊ ခုနစ်နံ၊ ပင်ယံအမြင့်ထက်မှာ ကျီးပေါင်းအပင် က တွယ်ကပ်ပြီး အဆီစုပ်ထားတဲ့ ကျီးပေါင်း (၉)မျိုးကို သိဒ္ဓိတင်ပြီး ပုတီးပြုလုပ်ထားတာတဲ့။ ခင်ဗျားက စာရေးဆရာ ဆိုတော့ ဆရာတော်ကြီးနဲ့ သွားတွေ့ပြီး ကျီးပေါင်းပုတီး အကြောင်း အဆောင်ကောင်းပုံကို လေ့လာတဲ့ သဘောနဲ့ မေးစမ်းကြည့်ပေါ့"

ဟု သူငယ်ချင်း ကိုမြင့်မိုးမှ ပြောပြသောအခါ စာရေးသူ ကလည်း တိုက်ကျောင်းတွင် တန်ခူးလ ရဟန်းခံ ရှင်ပြုပွဲ အတွက် မြန်မာ့မီးရထားတွင် ဖျာများ ငှားရမ်းရန် တာဝန် ပေးသဖြင့် မီးရထားစက်မှုဝင်း ဓမ္မာရုံအတွက် တိုက်ကျောင်း တွင် နီးကြောဖျာများကို တိုက်အုပ်ဆရာတော် ဦးစတိလ ထံမှ ငှားယူရာတွင် ဆရာတော်ကြီးက…

"ဟဲ့ - ဒကာ၊ မင်း ဦးအုံးမောင်ရဲ့ သားအကြီး မဟုတ်လား"

ဟု မေးပါသည်။ စာရေးသူကလည်း…

"မှန်ပါ့ ဘုရား။ တပည့်တော်က အကြီးဆုံးပါ ဘုရား။ တပည့်တော်ရဲ့ အောက်မှာ ညီနှစ်ယောက်ရှိပါသေးတယ် ဘုရား"

ဟု စာရေးသူက ပြောသောအခါ ဆရာတော်ကြီး က…

"အေးအေး၊ ဟိုနှစ်ယောက်ကိုတော့ ငါသိပါတယ်။ ငါ့ကျောင်းကို မကြာခဏလာဖူးတယ်။ မင်းက အခုမှ လာဖူးတော့ ငါက မျက်နှာအနေအထားကို ကြည့်ပြီး မေးရတာပါ။ ဒါထက် မင်းက စာရေးဆရာဆို"

စာရေးသူကလည်း…

"စာရေးဆရာတော့ မဟုတ်သေးပါဘူး ဘုရား။ စာရေး ဝါသနာပါသူ တစ်ဦးပါ"

ဟု ပြောပြီး ဆရာတော်ကြီး၏လက်တွင် စိပ်နေသော (၁၈)လုံးပုတီးတစ်ကုံးထံသို့ မျက်လုံးက ရောက်သွားလေ သည်။ ဆရာတော်ကြီးသည် ဂုဏ်တော်ကို တိုးညှင်းစွာဖြင့် ရွတ်ပွားပြီး ပုတီးစိပ်နေရာတွင် အလွန်တရာမှ ကြည်ညိုစရာ ဥပဓိရုပ် ပေါ်လွင်လာပါသည်။ ဆရာတော်ကြီးက…

"ဟဲ့… ဒကာ၊ ကြည့်လှချည်လား။ ကေန်တော့ ဒီပုတီးကို သဘောကျနေပြီ ထင်တယ်။ ဒီပုတီးက ကျီးပေါင်း ပုတီးပါ။ ပင်မြင့်စံ ပုတီးလို့လည်း ခေါ်ရင် မမှားပါဘူး။ ကျီးပေါင်း ၉မျိုးနဲ့ သိဒ္ဓိတင်ထားတဲ့ ၁၈လုံး ပုတီးပါ။ ကျီးပေါင်း ရှာရတာ အလွန်ခက်ခဲပါတယ်။ တပည့် တောအုပ်ကြီး မောင်အေးမောင်က ဘုန်းကြီးအတွက် တကူးတက တော တောင်တွေထဲက ရှာဖွေပြီး တင်ပို့ပေးတဲ့ ကျီးပေါင်းတွေကို နေ့သင့် နံသင့်ရွေးပြီး ပုတီးကုံးပြုလုပ်ထားတာပါ။ ပယောဂ မှန်သမျှ အကုန်နိုင်ပါတယ်။ ဂုဏ်တော်ကလည်း မခက်ခဲ ပါဘူး။ ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်ပွားပြီး ပုတီးစိပ်တာပါ ပဲ။ ပင်စည်မှာ သဘာဝအလျောက် ကျီးပေါင်းတက်တဲ့ ကျီးပေါင်းနဲ့ အမြစ်ခြေမှာ ဖြစ်ပေါ်နေတဲ့ ကျီးပေါင်းတွေကို အသုံးမပြုရပါဘူး။ သစ်ပင်ရဲ့ အကိုင်းအခက် အလက်တွေမှာ သီးသန့်ပေါက်ရောက်ပြီး ကျီးပေါင်းပင်ကတစ်ဆင့် စုပ်ခွက် ဖြစ်တဲ့ အမြစ်က အစုပ်ခံရတဲ့ အပင်မှာ သဘာဝသံသေ အမြဲတေအလုံး ကြီးထွားပြီး ဖြစ်ပေါ်လာတဲ့ ကျီးပေါင်းကို သာ ပုတီးလုံးအဖြစ် အသုံးပြုရတာပါ။ ဆေးဖက်လည်း ဝင်သလို သိဒ္ဓိလည်း ဝင်တယ်လေ။ တော်ရုံတန်ရုံ ပယောဂ ကို ပုတီးရေစိမ်ပြီး တိုက်လိုက်တာနဲ့ နင်နေ ငါသွားပဲ။ ဘယ်တော့မှ ပယောဂ မကပ်နိုင်တော့ဘူး။ တောထဲ တောင် ထဲသွားသူတွေအတွက် ပိုပြီးအကျိုးရှိတာပေါ့။ ဘုန်းကြီးက ကျီးပေါင်းလှူတဲ့ ဒကာကြီး ဦးအေးမောင်ကိုလည်း ၁၈လုံး ပုတီးတစ်ကုံး ဇသိမ်ဝင်ပြီး သိဒ္ဓိတင်ပေးလိုက်သေးတယ်။ ယုံယုံကြည်ကြည်နဲ့ ဘုရား တရားမြဲပြီး အဆောင်အဖြစ် ဆောင်ထားသူတွေအတွက်ကတော့ တန်ဖိုးထက်တဲ့ ပုတီး တစ်ကုံးပါပဲ။ ကျီးပေါင်းတစ်မျိုး ပုတီးစေ့နှစ်လုံးဆိုတော့ ကျီးပေါင်း ၉မျိုး၊ ပုတီးစေ့ ၁၈လုံးပေါ့။ ပုတီးခေါင်းစေတီ ကိုတော့ တနင်္လာနံဖြစ်တဲ့ ကံ့ကော်ကျီးပေါင်းကို ပြုလုပ် ထားတာပါ။ ပုတီးလုံးလုပ်ရာမှာ အစဉ်လိုက်၊ နေ့နံအလိုက် ကျီးပေါင်းမမှားဖို့က အရေးကြီးပါတယ်။ ကျီးပေါင်းဆိုတာ သရက်ပင်တွေမှာ ပေါ်များပေမယ့် အခြားသိဒ္ဓိဝင် အပင်တွေ မှာ ရှာရဖို့ ခက်ခဲပါတယ်။ သရက်ကျီးပေါင်းကို အချို့က ဆေးဖော်ရာမှာ အသုံးပြုကြပေမယ့် ပုတီးလုပ်ဖို့တော့ အသုံး မဝင်ပါဘူး။ ရှားပါးလှတဲ့ ကျီးပေါင်းတွေနဲ့ ပုတီးလုပ်ပုံလုပ်နည်း



www.burmeseclassic.com

www.burmeseclassic.com

တွေကို ဒကာရေးမှတ် ကူးယူသွားပေါ့။ ဒကာ ကျီးပေါင်းစု လို့ ရခဲ့ရင်လည်း ဘုန်းကြီးကို လာပြလှည့်ဦး။ ဘုန်းကြီး ပုတီးလုပ်တဲ့ ဆရာတွေကို လမ်းညွှန်ပြပေးမလို့ပါ"

ဟု ဆရာတော်ကြီး ဦးစတိလက ပြောသည်။

သူငယ်ချင်း ကိုမြစိုး၏ လမ်းညွှန်ချက်ဖြင့် ဆရာတော်ကြီး၏ နေ့စဉ်စိပ်နေသော ကျီးပေါင်းပုတီးကို မြင်တွေ့ခဲ့ရသလို၊ အဆောင်ကောင်းတစ်ခုအဖြစ် ကျီးပေါင်း အသုံးဝင်ပုံကို ဆရာတော်ကြီး၏ လက်ရေးမူ ဗလာစာအုပ်ထဲမှ ကူးယူရေးသားခဲ့ပြီး ဤဆောင်းပါးနှင့်အတူ ဤမဂ္ဂဇင်းတွင် ဖော်ပြပေးလိုက်ပါသည်။

ကျီးပေါင်းကိုတော့ ဈေးရောင်းသူတို့အတွက် အဆောင်ကောင်းတစ်လက်ဟု ဆရာတော်ကြီး ဦးစတိလက မိန့်ကြားပါသည်။

ဆောင်ထားသူတို့အတွက် ကံ့ကော်ကျီးပေါင်းသည် တနင်္လာနံ-ငွေနံ့ဖြစ်သည်နှင့်အညီ ဈေးရောင်းကောင်းသည်မှာ တနင်္လာနေ့နံသားတို့အတွက် အထူးအကျိုးပေးစွာ ဈေးရောင်းကောင်းသည်မှာ ဆရာတော်ပြောသည့်အတိုင်း မှန်ကန်ပါသည်။ စာရေးသူ ဆောင်ထားလျက်ရှိသော ကံ့ကော်ကျီးပေါင်းနှင့် သံပရာကျီးပေါင်းကို ဓာတ်ပုံများနှင့်အတူ ဖော်ပြလိုက်ပါသည်။

| | | | |
|---|---|---|---|
| ပုတီးစေ့ (၂)လုံး | တနင်္လာနံ(စ) | ကံ့ကော်ကျီးပေါင်း | ကံ - ၂ + ကော် - ၂ = ၄ |
| ပုတီးစေ့ (၂)လုံး | အင်္ဂါနံ | ဆီး(ဇီး)သား | ဆီး - ၃ = ၃ |
| ပုတီးစေ့ (၂)လုံး | ဗုဒ္ဓဟူးနံ | လိမ်သားကျီးပေါင်း | လိမ် - ၄ = ၄ |
| ပုတီးစေ့ (၂)လုံး | ရာဟုနံ | ရှားသားကျီးပေါင်း | ရှား - ၄ = ၄ |
| ပုတီးစေ့ (၂)လုံး | စနေနံ | ထိမ်သားကျီးပေါင်း | ထိမ် - ၇ = ၇ |
| ပုတီးစေ့ (၂)လုံး | ကြာသပတေးနံ | ပေါက်သားကျီးပေါင်း | ပေါက် - ၅ = ၅ |
| ပုတီးစေ့ (၂)လုံး | သောကြာနံ | သီးသားကျီးပေါင်း | သီး - ၆ = ၆ |
| ပုတီးစေ့ (၂)လုံး | တနင်္ဂနွေနံ | အင်သားကျီးပေါင်း | အင် - ၁ = ၁ |
| ပုတီးစေ့ (၂)လုံး | တနင်္လာနံ(ဆုံး) | ဂျိုသားကျီးပေါင်း | ဂျို - ၂ = ၂ |
| (၁၈)လုံး | ၁ + ၈ = ၉ | (၉)မျိုးကျီးပေါင်း | ၃၆<br>၃+၆ = ၉ နဝင်းကိုက် |

ဆရာတော်ကြီး၏ လက်ရေးမူ စာအုပ်ထဲတွင် "တနင်္လာအစ၊ တနင်္လာအဆုံး ကျီးပေါင်းအသုံး"ဟု ရေးသားထားသည်ကို တွေ့ရပါသည်။ စာရေးသူ ငယ်စဉ်က ကြားခဲ့ဖူးသည်မှာ ကျီးပေါင်း မျိုးမတူ (၁၀၈)မျိုးရှိလျှင်၊ ထိုကျီးပေါင်းတို့က ပေါင်းစုပြီး ဆေးဖြစ်သွားသလို၊ ဆောင်ထားသူမှာလည်း အလိုအလျောက် ဝိဇ္ဇာဖြစ်သွားသည်ဟု ကြားဖူးခဲ့ရပါသည်။

ကျီးပေါင်းရှာဖို့ အလွန်ခက်ခဲပါသည်။ ၁၀၈ မျိုးမဆိုထားနှင့် ၉မျိုး၊ ၁၀မျိုးရဖို့ရန်ပင် မလွယ်ကူလှပါ။ ကျီးပေါင်းတကာတို့ထက် ဥနဲ့ကျီးပေါင်းက အလွန်မှ နတ်ကြီးပါသည်။ အပင်ပေါ်တွင် ကျီးပေါင်းကို တွေ့မြင်နိုင်ခဲ့သလို၊ အပင်ပေါ်တက်ပြီး ကျီးပေါင်းကို ယူမည်လို့ ကြံသူတိုင်း ကျီးပေါင်းက အလိုအလျောက် ပျောက်သွားသည်မှာ ကြုံဖူးသူများက ပြောပြလို့ သိခဲ့ရပါသည်။ တချို့က တစ္ဆေခြောက်သည့် ကျီးပေါင်းလို့ ဆိုကြပါသည်။ တချို့ကလည်း ဥနဲ့ကျီးပေါင်းရလျှင် ကာယသိဒ္ဓိပြီးပျောက်သည်ဟု ဆိုကြပါသည်။ ကံ့ကော်

သံပရာကျီးပေါင်း အသုံးဝင်ပုံကိုတော့ စာရေးသူ မ[illegible] ရှိရသေးပါ။ ဤကျီးပေါင်းများ ရပြီးချိန်တွင် ဆရာတော်ကြီး ဦးစတိလက ဘဝနတ်ထံ ပျံလွန်တော်မူသွားသဖြင့် မမြေး[illegible] လိုက်ရပါ။ ထိုနည်းတူစွာ ပန်းပုဆရာကြီး ဦးထွန်းရွှေသည် လည်း ကွယ်လွန်သွားခဲ့ပါသဖြင့် နားလည်တတ်ကျွမ်းသူ[illegible] နှင့် ဝေးခဲ့ရပါတော့သည်။

ဤဆောင်းပါးကို ဖတ်ရှုပြီး တတ်သိ နားလည်သ[illegible] ပညာရှင်များက သံပရာကျီးပေါင်း အသုံးဝင်ပုံကို နှစ်သက်[illegible] မဂ္ဂဇင်းတွင် ဖော်ပြပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်[illegible] အပ်ပါသည်။

ယခု ဖော်ပြခဲ့ပြီးသော "ဂမ္ဘီရ ကျီးပေါင်း နဝင်းပု[illegible] အဆောင်ကောင်း" ဆောင်းပါးကို အဆုံးသတ်၍ တစ်ခန်း[illegible] လိုက်ရပါတော့သည်။

ရှင်လန်းချမ်းမြေ့ကြ[illegible]

* * *

ဘုန်းမြည့်လျှံ[illegible](ဈေး[illegible]



www.burmeseclassic.com

www.burmeseclassic.com


ဌာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄




# ရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ ည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ းက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ င်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို ဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် တဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ တွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး သွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ခံပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး မိတိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ းအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား** ကို နီးစပ်ရာ မြန်မာဆေး ဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . **ကန္တရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆေးပြား** ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် . ကျွန်တော့်မိတ်ဆွေ **ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး** ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ဦးစားပေးကုသ နေတာဆိုတော့ အဲဒီ **ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်** ကို သွားပြီး ဆရာနဲ့တိုင်ပင် စား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . **ရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့...ဆီးရောဂါမှန် သမျှ ာက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ...**"

## ပင်ရင်းဌာန– ကန္တရဝတီဆေးတိုက်

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-


www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည် လင်းနေသေ
ညနေ ၄နာရီခန့်အချိန်။

လယ်ယာလုပ်ငန်းခွင်က
စောစောပြီး၍ ကျွန်ုပ်နှင့် ဘကြီးတေ
တို့နှစ်ဦးသည် ကန်သင်းရိုးသေ
ကုက္ကိုပင်အောက်၌ အနားယူနေ
ကျွန်ုပ်တို့ထံသို့ မိန်းကလေးတ
ရောက်ရှိလာခဲ့သည်။ သူမသည် ဖ
ရောင် အင်္ကျီနှင့် ထဘီကို ဝတ်
ထားပြီး ဆံပင်ကို ဖားလျားချထာ
ဦးခေါင်းထက်တွင် စပယ်ပန်းကုံးမျ
ဝေနေအောင် ပန်ထားသည်။ သူ

# နီကြီမွန်

## အရိပ်မထွက်တဲ့မိန်းကလေး

illustrationby aungkyaw@094210

ကြည့်လိုက်ကတည်းက ထူးခြ
မိန်းကလေးမှန်း သိသာလှသည်။
အနီးသို့ ရောက်လာချိန်တွင် မွှေ
သင်းပျံ့သော ရနံ့တစ်မျိုးကြောင့်
မှာ လန်းဆန်းသွားသလို ခံစားလို
သည်။

"အဘ . . . မြစိမ်းတော
ဘယ်လိုသွားရသလဲ"

ချိုသာသော အသံကလေ
ဤသို့မေးလိုက်ရာ ဘကြီးတော

"မြစိမ်းတောင်ဟာ ဒီနေရာ
တောင်ဘက်ယွန်းယွန်းကို ဆက်
မယ်ကွဲ့"

"ဒီနေရာနဲ့ ဘယ်လော
သေးလဲ အဘ"

"မိုင် ၂၀လောက် ရှိသေး
ဒီကနေ ရွာသုံးရွာကို ဖြတ်သွ
မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အဝေးကြီးပေါ့"

"ဟုတ်တယ် အဝေးကြီးပဲ။ ဒါ ဆက် မြစိမ်းတောင်ကို ကလေးမ တစ်ယောက်တည်း သွားမှာလား"

"ဟုတ်တယ် အဘ"

"ခရီးက ဝေးသေးတော့ ညအိပ် ခရီးသွားမှ ရောက်မယ်"

"ဒါဆိုရင်တော့ ခက်ပြီ။ အခု ညနေရောက်နေပြီမို့ အဘတို့ရွာမှာ သမီး တစ်ညလောက် တည်းခိုချင်လို့ အဲဒါ အဘ အကူအညီပေးနိုင်မလား"

"အဘကတော့ အကူအညီပေး ချင်ပါရဲ့။ ဒါပေမယ့် အဘတို့အိမ်မှာ ဘိုတူဝရီးနှစ်ယောက်ပဲ နေတာဆို တော့ မသင့်လျော်ဘူးပေါ့ သမီးရယ်"

"ဒါဖြင့်ရင်လည်း ရပါတယ်။ ကျွန်မ သွားလိုက်ပါဦးမယ်"

သူမ၏ မျက်နှာကလေး ညှိုးငယ်စွာဖြင့် ကုက္ကိုပင်ရိပ်မှ ထွက်ခွာသွားခဲ့သည်။

ထိုအခါ ကျွန်ုပ်မှာ ဤသို့ ပြတ်ပြတ်သားသားငြင်းလိုက်သည့် ဘကြီး ကို မကျေနပ်သဖြင့်…

"ဘကြီးတောကလည်း ကောင်မလေး သနားပါတယ်။ ဘာဖြစ် လို့ ဒီလိုပြောရတာလဲ။ ကျွန်တော်တို့ အိမ်မှာ မထားနိုင်ရင်တောင် အရီးတုတ် တို့အိမ်မှာ တည်းခိုင်းရင် ရရဲ့သားနဲ့"

ဤသို့ ပြောလိုက်ရာ ဘကြီး တောမှ…

"မင်းဟာ အရိပ်သုံးပါး တစ်ပါး မှ မသိတဲ့ အကောင်ပဲ"

"ဘာဖြစ်လို့လဲ ဘကြီးရ"

"မြစိမ်းတောင်သွားမယ့်သူက ဘာပစ္စည်းမှ မပါဘဲ လက်ဗလာနဲ့ သွား မှာလားကွ"

"အင်း… ဘကြီးပြောတာ လည်း ဟုတ်တာပဲ"

"ဟိုမှာကြည့်စမ်း၊ နေရောင် အောက်မှာ သွားနေတာ အရိပ်မထွက် ဘူး"

ဤသို့ ပြောလိုက်သည့်အတွက် ကောင်မလေးကို လှမ်းကြည့်လိုက်ရာ နေရောင်အောက်တွင် အရိပ်မထွက်ဘဲ လှမ်းလျှောက်သွားသည့် ကောင်မလေး ကို မြင်တွေ့လိုက်ရသည်။

သူမကို ကြည့်နေရင်းကပင် ချုံပုတ်အကွယ်တွင် ပျောက်ကွယ်သွား ခဲ့သည်။ ကျွန်ုပ်လည်း မလှမ်းမကမ်းရှိ ချုံပုတ်ဆီသို့ အပြေးအလွှားလာကြည့် ခဲ့သည်။ ချုံပုတ်တန်းများနောက်ဘက် တွင် ကျယ်ပြောသော လယ်ကွင်းများ သာ ရှိသည်။ သူမကိုမူ လုံးဝ မတွေ့ ရပေ။ မည်သည့်အမြန်နှုန်းနှင့် သွားစေ ကာမူ ချုံပုတ်ပင်များ ပြီးလျှင် လယ် ကွင်းကျယ်ကြီးများသာရှိသည့်အတွက် ကျွန်ုပ်သည် သူမကို ကောင်းစွာ မြင် တွေ့ရမည်ဖြစ်သည်။ ယခုမူ ပျောက်ချင်း မလှ ပျောက်သွားသည့်အတွက် ကျွန်ုပ် မှာ မကျေမချမ်းနှင့် ပြန်လာခဲ့သည်။

"ဘကြီးတော…ကောင်မလေး ပျောက်သွားပြီဗျ"

"အဲဒါကြောင့် ငါပြောတာပေါ့။ ကောင်မလေးက အရိပ်မထွက်ပါဘူး ဆို"

"ဘကြီးတော…ကောင်မလေး က ဘာဖြစ်လို့ အရိပ်မထွက်တာလဲ"

"အဲဒါ လူမဟုတ်လို့ပေါ့ကွ။ လူမှန်ရင် နေရောင်ထဲ သွားတဲ့အခါမှာ အရိပ်ထွက်စမြဲပဲ"

"လူမဟုတ်ရင် ဘာဖြစ်နိုင်လဲ"

"သူက မြစိမ်းတောင်သွားမယ်လို့ ဆိုတော့ ဥစ္စာစောင့်ဖြစ်ဖို့ များတယ်။ ဘကြီးက သူ ဝင်လာကတည်းက လှမ်းကြည့်လိုက်တော့ အရိပ်မထွက် တာကို သတိထားလိုက်မိတယ်။ ဒါ ကြောင့် သူက တည်းခိုချင်တယ်လို့ ပြောတာကို လက်မခံတာပဲကွဲ့"

"အံ့သြစရာကြီးပဲ ဘကြီးတော ရယ်"

"မင်းတို့က ငယ်သေးတော့ ဘယ်အတွေ့အကြုံရှိမလဲ။ တို့တောသူ တောင်သားတွေနဲ့ သိုက်တွေဟာ ဆက် နေတော့ တစ်ခါတစ်ရံမှာ ဥစ္စာစောင့် ကို မြင်ရတာ မဆန်းပါဘူးကွယ်"

"ဘကြီးတောရယ် သိုက်ဆိုတာ ဘာလဲ၊ ပြောပြစမ်းပါ"

"သိုက်ဆိုတာကတော့ ဟိုးရှေး အခါက ချမ်းသာကြွယ်ဝတဲ့ လူတွေ ဟာ မိမိတို့ရဲ့ ဥစ္စာပစ္စည်းတွေကို လုံခြုံ အောင် မြေကြီးထဲမှာ ထည့်ပြီး မြှုပ်နှံ ထားခဲ့ကြတယ်။ ဒီလိုနဲ့ အဲဒီလူတွေ သေဆုံးတဲ့အခါမှာ ဥစ္စာပစ္စည်းကို စွဲ လမ်းပြီး အဲဒီမှာ ဥစ္စာစောင့်ဘဝနဲ့ ဥစ္စာ ပစ္စည်းတွေကို စောင့်ရှောက်ကြရတယ်။ တချို့ကတော့ အရှိမတွေ့ယျဘုရားရှင် ပွင့်တော်မူတဲ့အခါမှာ လှူဒါန်းဖို့ ရည်စူး ပြီး ဥစ္စာပစ္စည်းတွေကို မြှုပ်နှံထားတယ် ကွဲ့။ အဲဒါကို ဘုရားသိုက်လို့ ခေါ်တယ်။ ဘုရားသိုက်ကို စောင့်တဲ့ ဥစ္စာစောင့် တွေက အဲဒီ ဥစ္စာပစ္စည်းကို မပေးနိုင် ဘူးကွဲ့။ ဒါပေမယ့် မိမိရဲ့ ကိုယ်ပိုင်ဥစ္စာ ကို စောင့်တဲ့ ကိုယ်ပိုင်သိုက်ကတော့ သူ ချစ်ခင်တဲ့လူတွေကို ရွှေငွေတွေ ပေးနိုင်တယ်ကွဲ့"

"ဒါနဲ့ သိုက်တွေက ဘယ် လောက်တောင်ရှိသလဲ ဘကြီးတော"

"ဘကြီးတော ကြားဖူးတာတော့ သိုက်ပေါင်း ကိုးသိန်းကိုးသောင်း ကိုး ထောင့်ကိုးရာ ကိုးဆယ့်ကိုးသိုက်ရှိ သတဲ့"

"သိုက်တွေက အများကြီးပဲ နော်"

"ဟုတ်တယ်ကွဲ့။ သိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီးထဲမှာ ဘုရားသိုက်၊ ငမှန်ကန်းသိုက်၊ ဇာဂရုသိုက်၊ နတ်စက်ရောင်သိုက်တို့ဟာ အလွန်ထင်ရှားတဲ့ သိုက်တွေပေါ့ကွာ"

"ကျွန်တော် အဲဒီသိုက်တွေ အကြောင်း တစ်ခါမှ မကြားဘူးလို့ ပြောပြပါ ဘကြီးတော"

"အိမ်း . . . ပြောရရင်တော့ ဘုရားသိုက်က စပြီးပြောရမှာပဲ။ ဘုရားသိုက်ဆိုတာက နောင် ပွင့်တော်မူမယ့် အရိမေတ္တေယျ ဘုရားရှင်အတွက် ကျောင်းဆောက်ဖို့၊ လှူဒါန်းဖို့ ရည်စူးထားခဲ့တဲ့ ဥစ္စာရတနာပစ္စည်းတွေပဲ။ အဲဒီ ပစ္စည်းတွေကို စောင့်တဲ့ အစောင့်ဟာ ဥစ္စာစောင့်ပေါ့ကွယ်။ ဘုရားသိုက်မှာ ဗျာဒိတ်စက်လို့ ခေါ်တဲ့ သိုက်စာတွေ ရှိတယ်ကွဲ့"

"အဲဒါတွေကို ပြောပြပါ ဘကြီးတော"

"ဘုရားသိုက်ထွက် ဗျာဒိတ်စက်မှာ ပါတဲ့ အကြောင်းအရာတွေကတော့ ဒီလိုကွဲ့။

မြတ်စွာဘုရားရှင် သုံးလူ့ရှင်သည် စည်ပင်သာမော ပုလလဲတော၌ ဝါဆိုတော်မူသောအခါမှာ ပုလလဲဆင်မင်းသည် ကြာပန်းဖြင့် ပူဇော်တော်မူ၏။ သောမကြွက်မင်းသည် မြေဇာပန်းဖြင့် ပူဇော်တော်မူ၏။ ကေသရာ ကျေးမင်းသည် ဇန္ဒရသရက်သီးဖြင့် ပူဇော်တော်မူ၏။ မဟိန္ဒကျီးမင်းသည် စကားပန်းဖြင့် ပူဇော်တော်မူ၏။

ထိုအချင်းအရာကို ညီတော် အာနန္ဒာမြင်သော် နောင်ဖြစ်လတ္တံ့သော အကြောင်းတို့ကို သိုက်ဗျာဒိတ်စကားဖြင့် မိန့်ကြားတော်မူပါ ဘုရားဟု လျှောက်ထားခဲ့သည်။

ထိုအခါ မြတ်စွာဘုရားရှင်က ချစ်သား အာနန္ဒာ . . . ငါ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် သာသနာ နှစ်ထောင်ခန့်သို့ ရောက်လျှင် ပုလလဲဆင်မင်းသည် သုနာပရန္တတိုင်းကြီး၌ သာသနာကို ကြည်ညိုသော မြန်မာလူမျိုး မုဆိုးမင်းဆက်ဖြစ်လိမ့်မည်။ သောမကြွက်မင်းသည် အိန္ဒိယတိုင်းကြီး၌ သောင်းကျန်း ကောက်ကျစ်သောဉာဏ်ဖြင့် ထီးဆောင်းနိုင်ငံတို့ကို တိုက်ခိုက်လုယူသော အင်္ဂလိပ်လူမျိုးဖြစ်လိမ့်မည်။ ကေသရာကျေးမင်းသည် မန္တရားအတတ်ကို ကျွမ်းကျင်လိမ္မာသော ရုရှားလူမျိုးဖြစ်လိမ့်မည်။ မဟိန္ဒကျေးမင်းသည် တန်ခိုးသတင်းကျော်စောသော စကြာမင်းဖြစ်လိမ့်မည်။ ထိုအခါ အင်းကို ဟင်္သာဖျက်လိမ့်မည်။ ဟင်္သာကို မုဆိုး လေးနှင့် ခွင်းလိမ့်မည်။ မုဆိုးကို ထီးရိုးရိုက်လိမ့်မည်။ ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်တဲ့"

"အဲဒါ ဘာအဓိပ္ပာယ်လဲ ဘကြီးတော"

"အိမ်း . . . အတိုချုပ်ပြောရရင်တော့ တို့မြန်မာထီးနန်း ပျက်သုဉ်းသွားတဲ့အခါမှာ မုဆိုးဖိုအရပ်မှာ ထန်းလုံးတပ်ကာပြီး ခုခံခဲ့တဲ့ မုဆိုးဖိုရွာသား ဦးအောင်ဇေယျဟာ ကုန်းဘောင်ခေတ်ကို တည်ထောင်ပြီး ပြည်သူပြည်သားတွေကို အေးချမ်းသာယာအောင် အုပ်ချုပ်လိမ့်မယ်လို့ ဟောခဲ့တာကွဲ့။ ဟောတဲ့အတိုင်းလည်း မှန်ကန်ခဲ့တယ်"

"ဪ . . . ဒီလိုလား။ ဒါနဲ့ မြစိမ်းတောင်မှာ မြစိမ်းသိုက်ရှိတယ်လို့ ကြားဖူးတယ်။ အဲဒါ ဘယ်လိုကြောင့် မြစိမ်းသိုက်ဖြစ်ပေါ်လာတာလဲဆိုတာ ဘကြီးတော သိလား"

"အိမ်း . . . မြစိမ်းသိုက်အကြောင်း ဘကြီးတော သိတာပေါ့ကွယ်"

"ဒါဆိုရင် မြစိမ်းတောင်ပေါ်က မြစိမ်းသိုက်အကြောင်း ပြောပြပါလား"

"အေး။ ပြောရမယ်ဆိုရင် မြစိမ်းတောင်ဟာ အရင်တုန်းက သက်သ ရွှေပြည်ဆိုတဲ့ တိုင်းပြည်တစ်ပြည်ဖြ တယ်။ အဲဒီတိုင်းပြည်မှာ အလွန်ချေ မောလှပတဲ့ မြစိမ်းသီဂီဆိုတဲ့ မင်းသမီး တစ်ပါးရှိခဲ့တယ်။ အဲဒီ မင်းသမီးကလေးဟာ ချောမောလှပလွန်းတဲ့အတွက် ခုနစ်ပြည်ထောင်က မင်းညီမင်းသားတွေက လက်ဆက်ဖို့ တောင်းခံခဲ့ကြတယ်။ မင်းကြီးလည်း မှူးကြီးမတ်ကြီးတွေနဲ့ တိုင်ပင်ကာ လေးပြိုင်ပွဲကျင်းပြီး ပူးစာရှင်ရွေးမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် တိုင်းပြည်အသီးသီးက မင်းသားတွေကို လေးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာချွန်ပါးပြီး အနိုင်ရတဲ့ မင်းသားနဲ့ မင်းသမီးလေးကို လက်ဆက်ပေးမယ်လို့ ကြေညာခဲ့တယ်။

မင်းသမီးကလေးကတော့ လေးပြိုင်ပွဲလုပ်တဲ့နေရာမှာ ထိုင်ပြီး လေးပစ်ယှဉ်ပြိုင်မယ့် မင်းသားတွေကို စော ကြည့်နေခဲ့တယ်။ အဲဒီ မင်းသားတွေမှာ ငယ်ရွယ်နုပျိုပြီး ယောက်ျားပီသ မင်းပို့မင်းလွင် မင်းသားလေး သီဟကု ကို တွေ့ခဲ့တယ်။ မင်းသမီးလေးဟာ ပြိုင်ပွဲဝင် မင်းသားများအနက် အဲ မင်းသားလေး သီဟကုမှာအပေါ်မှာ မေတ္တာသက်ဝင် ချစ်စိတ်ဝင်ခဲ့တယ်။ ဒါနဲ့ ပြိုင်ပွဲကြီးရောက်လာပြီး လေးပစ်ယှဉ်ပြိုင်ခဲ့ကြတယ်။ လေးပစ်ယှဉ်ပြိုင်တဲ့အခါမှာ ရိုးရိုးလေးပစ် ယှဉ်ပြိုင်ခြင်းနဲ့ မြင်းစီးပြီး အဝေးပစ် ယှဉ်ပြိုင်ခြင်း နှစ်မျိုးနဲ့ ယှဉ်ပြိုင်ခဲ့ကြတယ်။

ရိုးရိုးလေးပစ် ယှဉ်ပြိုင်ခြင်းဆိုတာက အကွာအဝေးတစ်ခုအတော်အတွ စက်ဝိုင်းရဲ့ ဗဟိုကို ထိအောင် ပစ်ခြင်းပဲ ဖြစ်တယ်။

ဟော . . . မိတ္ထီလာ မင်းသ လေးလည်း ဗဟိုချက်ကို ထိပါ



www.burmeseclassic.com

www.burmeseclassic.com

သီဟကုမ္မာမင်းသားလေးလည်း ဗဟိုချက်ကို ထိပါတယ်။ ပြင်စည်မင်းသား မင်းကုမ္မာနှ်လည်း ဗဟိုချက်ကို ထိပါတယ်။

ဒီလိုနဲ့ မင်းသားများစွာအနက် မင်းသားငါးပါးဟာ ဗဟိုချက်ကို ထိမှန်တဲ့အတွက် မင်းသား ၅ဦးကို ပထမဦးစွာ ရွေးချယ်ခဲ့ပါတယ်။ ဒီနောက်မှာတော့ မြင်းစီးပြီး စက်ဝိုင်းရဲ့ ဗဟိုကို ထိအောင် ပစ်ရမှာဖြစ်ပြီး၊ အဲဒီ မင်းသားငါးဦးစလုံး ဆက်ရောက်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ပထမဦးစွာ မိတ္ထီလာမင်းသား လေး အနိုင်မရပါစေနဲ့လို့ ရင်ခုန်စွာနဲ့ ဆုတောင်းနေခဲ့တယ်။

"ဘုရား...ဘုရား...မိတ္ထီလာမင်းသားလေး အနိုင်မရပါစေနဲ့"

မင်းသမီးကလေး ဆုတောင်းတဲ့အတိုင်း ဆုတောင်းပြည့်သွားခဲ့တယ်။ မိတ္ထီလာမင်းသားလေးဟာ ဒီမြင်းစီးပြီး လေးပစ်ပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့တယ်။

ဒုတိယပြိုင်တဲ့သူကတော့ ပြင်စည်မင်းသား မင်းကုမ္မာနှ်ပဲ ဖြစ်တယ်။ အဲဒီအခါမှာလည်း မင်းသမီးကလေးက "ပြင်စည်မင်းသား ရှုံးနိမ့်ပါစေ"လို့ ဆုတောင်းခဲ့တယ်။ ဒါပေမယ့် မင်းသမီးလေးရဲ့ ဆုတောင်းဟာ မပြည့်ဝခဲ့ပါ။

"ပြင်စည်မင်းသား ဗဟိုချက်ကို ထိမှန်သွားပါပြီ"

"ဘုရား...ဘုရား...ကျန်တဲ့ မင်းသားတွေ တစ်ယောက်မှ မထိရင် ငါတော့ ပြင်စည်မင်းသားကို ယူရတော့မှာပဲ"

မင်းသမီးကလေးဟာ ရင်ထိတ်စွာနဲ့ ကြည့်ရှုနေခဲ့တယ်။ ဒီလိုနဲ့ သီဟကုမ္မာမင်းသားလေးရဲ့ အလှည့်ကို ရောက်လာခဲ့တယ်။

"သီဟကုမ္မာမင်းသားလေး အနိုင်ရပါစေ"



မင်းသမီးလေးဟာ သီဟကုမ္မာမင်းသားလေး အနိုင်ရဖို့ ဆုတောင်းနေခဲ့တယ်။ အဲဒီပြိုင်ပွဲမှာ သီဟကုမ္မာမင်းသားလေး အနိုင်ရခဲ့တယ်။ ဒီတော့ ပြိုင်ပွဲဝင် နှစ်ဦးပဲ အနိုင်ရခဲ့တယ်။ ကျန်မင်းသားတွေ ရှုံးနိမ့်သွားခဲ့တယ်။ နောက်ဆုံး ပြိုင်ပွဲမှာတော့ ပြင်စည်မင်းသားနဲ့ သီဟကုမ္မာတို့နှစ်ဦး ယှဉ်ပြိုင်ခဲ့ကြတယ်။ အဲဒါကတော့ သူတို့နှစ်ဦးစီရဲ့ ဦးခေါင်းပေါ်မှာ ပန်းသီးတစ်လုံးစီ တင်ထားပြီး အချက်ပေးလိုက်တာနဲ့ အဲဒီ ပန်းသီးကို ထိအောင် ပစ်ရပါမယ်။

"အသင်မင်းသားနှစ်ပါး...ဦးခေါင်းပေါ်က ပန်းသီးကို ထိအောင် ပစ်နိုင်သူဟာ အနိုင်ရမှာ ဖြစ်ပါတယ်။ အကယ်၍ တစ်ဦးမျှ မထိရင်လည်း အခြားပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ရပါမယ်။ နှစ်ဦးစလုံး ပန်းသီးကို ထိအောင် ပစ်နိုင်ရင်လည်း ပြိုင်ပွဲတစ်ခုကို ထပ်ပြီး ယှဉ်ပြိုင်ရပါမယ်"

"ကောင်းပါပြီ"

"ကဲ - နေရာယူပါ။ ပန်းသီးကို ခေါင်းပေါ် တင်ထားပါ။ အဆင်သင့်ဖြစ်ရင် အချက်ပြပါ"

"အဆင်သင့်ဖြစ်ပါပြီ"

တပ်သားတစ်ဦးမှ ဤသို့ အော်ပြီး အချက်ပြလိုက်ရာ တပ်မှူးလေး အဂ္ဂမှ...

"ပစ်"

ဟူသော အမိန့်ပေးသံ ထွက်ပေါ်လာပြီး...

"ဝှစ်"

"ဝှစ်"

"ဒုတ်"

"ဒုတ်"

အသံမျိုးစုံထွက်လာပြီး သီဟကုမ္မာ ပစ်လိုက်သောမြားဟာ ပြင်စည်မင်းသားရဲ့ ဦးခေါင်းပေါ်ရှိ ပန်းသီးကို ထိမှန်သွားခဲ့တယ်။ ပြင်စည်မင်းသားကား ကောက်ကျစ်သူဖြစ်တဲ့အတွက် သီဟကုမ္မာရဲ့ ဦးခေါင်းပေါ်က ပန်းသီးကို မပစ်ဘဲ မင်းသားလေးရဲ့ နှလုံးသား တည့်တည့်ကို ချိန်ပစ်လိုက်ရာ...

"ဒုတ်"

ဟူသောအသံဖြင့် သီဟကုမ္မာမင်းသားလေး၏ နှလုံးသားတွင် မြားစိုက်သွားခဲ့တယ်။

"အို"

မြစိမ်းသင်္ဂီရဲ့ နှုတ်ဖျားမှ အာမေဋိတ်သံ ထွက်သွားခဲ့တယ်။ တပ်မှူးများကလည်း အံ့အားသင့်ပြီး ကြောင်ကြည့်နေရာမှ ဒီလို ကောက်ကျစ်စွာ ပြုမူလိုက်တဲ့ အပြုအမူကြောင့် ပြင်စည်မင်းသားဆီသို့ သွားပြီး...

"အသင်မင်းသား...အသို့လုပ်လိုက်သနည်း။ ဒါဟာ ပြိုင်ပွဲရဲ့ စည်းကမ်းကို ဖောက်ဖျက်လိုက်တာပဲ ဖြစ်တယ်"

"ကျုပ်လည်း ပန်းသီးကို ပစ်တာပဲ။ လွဲချော်ပြီး လူကို မှန်တာကတော့

www.burmeseclassic.com

မတတ်နိုင်ဘူး"

"ပြင်စည်မင်းသား ဒီလို စကား မဆိုပါလင့်။ အသင်မင်းသား တမင်ပြု ခြင်းသာဖြစ်လို့ အသင်မင်းသားကို ဖမ်းဆီးရပါလိမ့်မယ်"

ထိုစဉ် သီဟကုမ္မာမင်းသားမှာ သွေးများ အလွန်အကျွံထွက်လာပြီး အသက်ရှူရန်ပင် ခက်ခဲလာခဲ့သည်။ မြစိမ်းသိင်္ဂီမှာ ပွဲကြည့်စင်မှ ဆင်းကာ သီဟကုမ္မာမင်းသားလေးထံသို့ အပြေး လာပြီး...

"မောင်တော် မသေပါနှင့်၊ ဒီပြိုင် ပွဲမှာ အနိုင်ရသူဟာ မောင်တော်ဖြစ်လို့ နမတော်လေးရဲ့ ကြင်ဖက်အဖြစ် ရွေး ချယ်လိုက်ပါပြီ"

"နမလေးရဲ့ စကားကို ကြားရ တာ မောင်တော် ဝမ်းအသာဆုံးပါပဲ။ ဒါပေမယ့် ကောက်ကျစ်တဲ့ မင်းကုမ္မာန် ရဲ့ လက်ချက်နဲ့ မကြာမီ သေပွဲဝင်ရ တော့မယ်။ ဒီဘဝမှာ မပေါင်းရပေမယ့် နောင်ဘဝမှာ ပေါင်းရပါစေလို့ ဆု တောင်းခဲ့ပါတယ်"

"မောင်တော်...မောင်တော်"

မြစိမ်းသိင်္ဂီမှာ သီဟကုမ္မာမင်း သားလေးကို ပွေ့ဖက်လိုက်စဉ် မင်းသား လေး နတ်ရွာစံသွားခဲ့တယ်။ ထိုစဉ် အကြံသမား ပြင်စည်မင်းသားဟာ မြစိမ်းသိင်္ဂီရဲ့ လက်ကို လှမ်းဆွဲပြီး...

"နမတော်... မောင်တော်တို့ တိုင်းပြည်ကို လိုက်ခဲ့ပြီး မောင်တော်ရဲ့ ကြင်ယာတော်အဖြစ် ခံယူပါ"

"ယုတ်မာကောက်ကျစ်တဲ့ ပြင်စည်မင်းသားကို မဖမ်းကြဘူးလား ရဲမက်တို့"

မင်းသမီးလေးက ဤသို့ အမိန့် ပေးလိုက်ရာ ပြင်စည်မင်းသားက...

"ငါကိုယ်တော်ဟာ မင်းကို သိမ်း ပိုက်ချင်လို့ စစ်တပ်တွေ မြိုပြီး ဒီတိုင်း ပြည်ကို လာခဲ့တာ။ နမတော် မလိုက် ရင် စစ်ပွဲနွှဲရပါလိမ့်မယ်"

"အသင် ပြင်စည်မင်းသား... သင့်လို ယုတ်မာသူရဲ့ နောက်ကို လိုက်မယ့်အစား အခုပင် စစ်ခင်းအံ့"

အဲဒီအကြောင်းကြောင့် ဒီသက် သာရွှေပြည်နိုင်ငံကြီးနဲ့ ပြင်စည်နိုင်ငံ နှစ်နိုင်ငံဟာ ချက်ချင်း စစ်ဖြစ်သွားခဲ့ တယ်။ အဲဒီ စစ်ပွဲမှာ သက်သာရွှေပြည် နိုင်ငံကြီး စစ်ရှုံးသွားပြီး နိုင်ငံလည်း ပျက်သုဉ်းသွားခဲ့တယ်။ စစ်ပွဲမှာ ဝင် တိုက်ခဲ့တဲ့ မြစိမ်းသိင်္ဂီဟာလည်း ဓား ဒဏ်ရာများနဲ့ သေအံ့မူးမူးအချိန်မှာ...

"တပည့်တော် ပိုင်ဆိုင်တဲ့ ရွှေ ငွေရတနာများကို အရိုမေတ္တေယျဘုရား ပွင့်တော်မူတဲ့အခါမှာ လှူဒါန်းဖို့ ဖြစ်တဲ့ အတွက် အဲဒီ ရတနာများကို မည်သူ တစ်ဦးတစ်ယောက်မှ မယူနိုင်ပါစေ သတည်း။ တပည့်တော် ပိုင်ဆိုင်တဲ့ ရတနာများကို တပည့်တော် သေလွန် ပါက အစောင့်အကြပ်အဖြစ် စောင့်ရ ပါစေသား"လို့ ဆုတောင်းပြီး သေလွန် သွားခဲ့တယ်"

"ဖြစ်မှုဖြစ်ရေလေ မြစိမ်းသိင်္ဂီ ရယ်။ မင်းသားလေးနဲ့ ပေါင်းတောင် မပေါင်းရသေးဘူး၊ ဇာတ်လမ်းက ပြီး ဆုံးသွားပြီလား"

ကျွန်ုပ်မှာ ဘကြီးတော၏ စကား အဆုံးတွင် မချင့်မရဲနှင့် ဤသို့ မေး လိုက်သည်။

"ဒီဇာတ်လမ်းက မပြီးသေးဘူး ကွဲ့။ ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာတော့ မြစိမ်းတောင်နားမှာ ရွာတွေ ဖြစ်လာခဲ့ တယ်။ အဲဒီရွာတွေထဲက မယ်စယ်ရွာ မှာ မမြစိမ်းဆိုတဲ့ ကောင်မလေး မွေး ဖွားလာတယ်။ ငယ်ငယ်ကတည်းက အိပ်မက်အရ မြစိမ်းတောင်က ဥစ္စာ စောင့် မြစိမ်းသိင်္ဂီဝင်စားတာလို့ ပြော ကြတယ်။ သူ့မ အသက် ၂၀အရွယ် မှာ အဲဒီရွာက ကိုသီဟဆိုတဲ့ ကောင် လေးနဲ့ အိမ်ထောင်ကျခဲ့တယ်။ ဖြစ်ချင် တော့ မမြစိမ်းကို ဥစ္စာစောင့် ဝင်စား မှန်း သိုက်ဆရာကြီးက ဘယ်လိုသိ သွားသလဲ မသိဘူး။ မမြစိမ်းကို ဖမ်းပြီ အမျိုးမျိုးနှိပ်စက်၍ သိုက်နေရာကို မေး တော့တာပဲ။ မမြစိမ်းကလည်း မပြော ဘူး။ ဒီတော့ သူမရဲ့ ခင်ပွန်းဖြစ်တ ကိုသီဟကို ဖမ်းပြီး သတ်မယ်အလု မှာ မမြစိမ်းဟာ ဝင်ဆွဲလို့ နှစ်ဦးစလုံ သေပွဲဝင်ခဲ့ရတယ်။ သိုက်ဆရာကြ လည်း လူသတ်မှုနဲ့ အဖမ်းခံရမှာစိုး ထွက်ပြေးသွားခဲ့တယ်။ လူကြီးသူ တွေ အပြောတော့ မမြစိမ်းက သိုက်ထ ကို ပြန်ရောက်သွားပြီး ကိုသီဟက တော့ လူ့ဘဝမှာ ပြန်ဝင်စားတယ်လို့ ပြောကြတယ်။ မမြစိမ်းဟာ လူ့ဘ ရောက်သွားတဲ့ ကိုသီဟကို လိုက်ရ ရင်းနဲ့ လူတွေဆီ ရောက်ရောက်လာ တတ်တယ်တဲ့"

"သနားစရာပါပဲ ဘကြီးတော ရယ်"

"အေးကွာ၊ ငါလည်း အဲဒါကို စဉ်းစားနေတာ။ ဟို ညနေစောင်းက လာတဲ့ ကောင်မလေးဟာ ဥစ္စာစောင် မြစိမ်းများ ဖြစ်နေမလားလို့"

"ဟင်... မဖြစ်နိုင်တာ ဘကြီး တောရယ်။ သူက ဘာဖြစ်လို့ ကျွန်တော်တို့ဆီ လာရမှာလဲ"

ဘကြီးတော၏ စကားအဆုံး တွင် ကျွန်ုပ်မှာ အယောင်ယော အမှားမှားနှင့် "မင်းကလေးဟာ မြစိမ်း သိင်္ဂီလေလားကွယ်"ဟူ၍ စိတ်ထဲ မေးလိုက်မိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ဂျာနယ်ကျော် မမလေး စာအုပ်စင်

## ရှိရာဆန်းကြယ် စာအုပ်စင်

သုတအုံ

## ကလောင်စုံ

## တကယ့် ဒီမိုကရေစီ




မှူးခန့်စံ မွမ်းမံတည်းဖြတ်ပြီး "လမင်းသစ်"စာပေက ဖြန့်ချိလိုက်သည်။ ဒီမိုကရေစီ ရေးရာ ဆောင်းပါးများဖြစ်သည်။ ဒီမိုကရေစီအပေါ် ရှုထောင့်မျိုးစုံမှ ချဉ်းကပ် တင်ပြထားသော ဆောင်းပါးကောင်းများဖြစ်သည်။

ပါဝင်ရေးသားကြသူများမှာလည်း နယ်စုံပယ်စုံမှ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၊ လူထုဒေါ်အမာ၊ လူထုစိန်ဝင်း၊ ဒေါက်တာ ခင်မောင်ညို၊ ထက်မြက်၊ သိမ်းဦး(မြို့မ)၊ မင်းပုည၊ မောင်တင်ဦး၊ မြောင်းမြ မောင်တည့်တံ့ (ယင်းတော်)၊ ရွှေစုန်းချောင်းဆရာတော်၊ မောင်ဝံသ၊ ဖေမြင့်၊ ဇေယျာသူ၊ မင်းခက်ရဲ၊ နေသန်မောင်၊ သင်းရီ၊ အောင်မြတ်ဦးနှင့် မောင်ညိုအေး(ပန်းတော)တို့ ဖြစ်သည်။

ဒီမိုကရေစီနှင့် ပတ်သက်ပြီး အထက်ပါ ရေးသားသူများ၏ အမြင်နှင့် အတွေးတို့မှာ စာဖတ်သူများအတွက် ဉာဏ်အလင်းရောင်ရရှိစေမှာ မလွဲမသွေပင် ဖြစ်သည်။

**စာပေတိုက်** - လမင်းသစ် စာပေ
**မျက်နှာဖုံးဒီဇိုင်း** - ဗေဒါ
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၃၀၀ ကျပ်။

## အောင်ဇင်မင်း

## တွေ့ဆုံ ပုံရိပ်များ



The Key Collection က စီစဉ်ထုတ်ဝေလိုက်သော ဆရာ အောင်ဇင်မင်း၏ "တွေ့ဆုံ ပုံရိပ်များ"စာအုပ် ထွက်ရှိလာသည်။

အနုပညာရပ်ဝန်းသားတို့၏ ရင်ခွင်ထဲမှာ သိုဖွဲ့ သိမ်းဆည်းထားသည်များကို ဆရာ အောင်ဇင်မင်းက စုစည်းပေးထားခြင်းဖြစ်သည်။

ဆရာ မင်းသုဝဏ်၊ ဆရာမ နယ်ဦ၊ ဆရာ ဒဂုန်တာရာ၊ ဆရာ တင်မိုး၊ ဆရာ ကြည်အောင်၊ ဆရာ ဇော်ဇော်အောင်၊ ဆရာမ ခင်စောတင့်၊ ဆရာ မောင်ခင်မင်(ဓနုဖြူ)၊ ဆရာ မောင်ဒီ၊ ဆရာ သစ္စာနီ၊ ဆရာ ဖေမြင့်နှင့် ဆရာ- အော်ပီကျယ်တို့၏ တွေ့ဆုံ ပုံရိပ်များပင် ဖြစ်သည်။

ထိုဆရာကြီး၊ ဆရာမကြီးများ၏ အနုပညာပုံရိပ်နှင့် အတွေးအမြင်များကို စာဖတ်သူများ အနီးကပ် လေ့လာနိုင်ကြမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းသူ ဆရာ အောင်ဇင်မင်း၏ အနုပညာနှလုံးသားကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

စာပေတိုက် - The Key Collection
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၀၀၀ ကျပ်။



www.burmeseclassic.com

www.burmeseclassic.com

## နန်းရွှေလီကြိုင် (မိုင်းပန်) | အရက်သမားတို့၏ မူလနေရာ




လူငယ်စုအတွက် ရည်စူးသော ဘာသာရေးဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ "ရန်အောင်"စာပေက စီစဉ်ထုတ်ဝေပြီး ရေးသားသူမှာ နန်းရွှေလီကြိုင် (မိုင်းပန်)ဖြစ်သည်။

စာဖတ်သူ လူငယ်များ ခမ္ဘအမြင်ဖြင့် ကြည့်တတ်အောင် အဖွင့်စာမျက်နှာများတွင် နန်းရွှေလီကြိုင်(မိုင်းပန်)က လူနှစ်ဦး၏ စကားများကို နှိုင်းယှဉ်ဖော်ပြထား၏။

"ကြည်· · ·ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်"ဟု ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ စကားကို တင်းတိမ်ရောင့်ရဲတတ်သည့်သဘောဟု ရည်ညွှန်းထားပြီး လောဘ၊ ဒေါသ၊ မောဟနှင့် ပျော်မွေ့တတ်သည့်သဘောတွေ သက်ဝင်နေသော ဗိုလ်ချုပ်ကြီးတစ်ယောက်၏ "နောက်တစ်ခါ လူစုလူဝေးနဲ့ လမ်းပေါ်ထွက်လာရင် သေနတ်ဆိုတာ မိုးပေါ် ထောင်ပစ်ဖို့ မဟုတ်ဘူး။ တည့်တည့်ပစ်ရလိမ့်မယ်ဆိုတာ အားလုံးကို သိစေချင်တယ်"ဟူသော စကားပင်ဖြစ်သည်။

နန်းရွှေလီကြိုင်(မိုင်းပန်)၏ တင်ပြပုံများနှင့်အတူ ခမ္ဘအမြင်များကို အကဲခတ်လေ့လာခွင့်ရရှိမည်ဖြစ်သည်။

စာပေတိုက် - ရန်အောင် စာပေ
မျက်နှာဖုံးဒီဇိုင်း - သင်းနွယ်စိုး
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀၀ ကျပ်။

## တွင်းကြီးသား တင်ဝင်းဦး | ကြွေလွင့်ပန်း




ဆရာ တွင်းကြီးသား တင်ဝင်းဦး၏ "ကြွေလွင့်ပန်းနှင့် ရသဝတ္ထုတို"စာအုပ်ထွက်ရှိလာသည်။ "ညီမေတ္တာ"စာပေက စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ ကြွေလွင့်ပန်းအပါအဝင် ဝတ္ထုတို (၂၄)ပုဒ်ကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်သည်။

မြို့ပြနောက်ခံနှင့် တောခလေ့နောက်ခံ အခင်းအကျင်းများဖြင့် ဝတ္ထုများကို ရသမြောက်စွာ ရေးဖွဲ့ထားသည်။ ဘဝဇာတ်ခုံပေါ်က လူများစွာ၏ လှုပ်ရှားရုန်းကန်မှု ပြကွက်များကို ဝတ္ထုများတွင် အတိုင်းသား တွေ့မြင်ရမည်ဖြစ်သည်။

စာဖတ်ပရိသတ်များအတွက် ရသမျိုးစုံရအောင် ဆရာ တွင်းကြီးသား တင်ဝင်းဦးက ကလောင်စွမ်းဖြင့် ဖော်ကျူးပေးထားသည်။

လောကခံအကြောင်း၊ အမှန်နှင့် အမှား၊ မေတ္တာအကြောင်းတို့ဖြင့် ဝတ္ထုတိုများမှာ အရောင်အသွေးစုံလွန်းလှသည်။

စာပေတိုက် - ညီမေတ္တာစာပေ
မျက်နှာဖုံးဒီဇိုင်း - စပိုင် (Pro-Creator)
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇူလိုင်လ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၇၀၀ ကျပ်။

* * *




www.burmeseclassic.com

www.burmeseclassic.com

ညောင်ကန် စံပြကျေးရွာသည် ယခင်က သာသနာ ထွန်းကားခဲ့သော နယ်မြေဖြစ်ပြီး ဆရာတော် ဦးဗုမ်၏ နေထိုင်ခဲ့သော ဇာတိရွာကလေးဖြစ်သည်။ ညောင်ကန်ရွာသို့ သွားလျှင် ဘုတလင်မှ လွှဲတဲ စံပြကျေးရွာလမ်းခွဲမှတစ်ဆင့် ညောင်ကန်သို့ လမ်းညွှန်ထားသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် တည်ရှိသည်။ လမ်းတစ်လျှောက် ယာမြေများစွာတွင် ရာသီအလိုက် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ စသည်တို့ကို စိုက်ပျိုးထားကြသည်မှာ မျက်စိတစ်ဆုံးဖြစ်သည်။ ရေခံ မြေခံကောင်း၍ ယာသမားများ၊ တောင်သူများ စီးပွားရေး အဆင်ပြေပုံရသည်။ လမ်းတစ်လျှောက် ကတ္တရာလမ်းဖြစ်ပြီး တံတားအလှူရှင်များ လှူထားကြသည်ကို တွေ့ရသည်။ ရွာများကို ဖြတ်ကျော်ပြီး ညောင်ကန်ရွာလေးသို့အဝင်တွင် ရှေးဟောင်း စေတီတော်မြတ်ကြီးနှင့် စာသင်ကျောင်းကို တွေ့ရသည်။ သိရှိနရာကန်

# ညောင်ကန်သာသနာနှင့် ဆရာတော် ဦးဗုမ်၏ မွေးရပ်မြေမှ ရှေးဟောင်းအမွေအနှစ်များ

ခင်ခင်လှ (အင်းစိန်)






www.burmeseclassic.com

www.burmeseclassic.com





ကြီးနှင့် စေတီသုံးဆူကို ဖူးတွေ့ရသည်။ စေတီတော်များရှေ့တွင် နဂါးကို ခြသေ့်က နင်း၍ လည်ပင်းကို လက်ဖြင့် ညှစ်ထားသည့် ရုပ်ထုကို တွေ့ရသည်။ ၎င်းရုပ်ထုပုံကို ကသာမြို့ မြစေတီဘုရားကြီးအတွင်း၌လည်း တွေ့ခဲ့ဖူးသည်။ ကားလမ်းတစ်ဖက်တွင် ညောင်ကန် စံပြကျေးရွာဟု ကြိုဆိုကမ္ပည်းမှတ်တိုင်လေးကို တွေ့ရပါသည်။

ပထမဦးစွာ ဆရာတော်ကြီး ဦးဗုမ် ငယ်စဉ်အခါက မိဘများနှင့် နေထိုင်ခဲ့သော ရပ်ကွက်လေးရှိ အိမ်သို့ သွားရောက်ခဲ့ပါသည်။ ညောင်ကန်ဆရာတော် ဦးဗုမ် မွေးဖွားရာ အောင်မြေအထိမ်းအမှတ်ဌာန ဓမ္မဗိမာန်တော်ဟု ရေးထားပြီး ဆရာတော်ကြီး ဦးဗုမ် ပိဋကတ် စာကြည့်တိုက်ဟူ၍လည်း အတွင်း၌ ရေးထားသော ဆိုင်းဘုတ်လေးကို တွေ့ရသည်။ အတွင်းသို့ ဝင်ရောက်၍ ဘုရားကြီး ဖူးမြော်ပြီး ဗီရိုများထဲတွင် ဆရာတော်ကြီး၏ စာပေကျမ်းများ၊ သမိုင်းဝင်စာအုပ်များ၊ ရေးဟောင်းစာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဗဟုသုတစာပေနှင့် ကျောက်စာတိုင်ကိုလည်း တွေ့ရသည်။ ဆရာတော်ကြီးသည် ဉာဏ်ပညာပါရမီထူးသော ပုဂ္ဂိုလ်ထူး တစ်ပါးဖြစ်သည်။ ဆရာတော်ကြီး၏ ဇာတိမြေသို့ ရောက် ခဲ့ရ၍ မိမိကိုယ်တိုင်လည်း ကျေနပ်ဝမ်းမြောက်မိပါသည်။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် သာသနာဝင် ဆရာတော် များ၏ အမည်၊ ဘွဲ့တော်များကိုလည်း သိရှိခဲ့ရသည်။ ဆရာ တော် ဦးဗုမ်၏ အကြောင်းအရာများသည် လေးနက်ခြင်း ဂုဏ်ယူဖွယ်ရာများခြင်းကြောင့် ပြည့်စုံမှု မရှိလျှင် ခွင့်လွှတ် ရန်နှင့် ဆရာတော်ကြီး၏ ဇာတိမြေသို့ ရောက်ခိုက် သိသ လေးကို အမှတ်တရဖြင့် ရေးသားရပါသည်။

ဆရာတော် ဦးဗုမ်ကို ကောဇာသက္ကရာဇ် ၁၁၄၉ နယုန်လပြည့်ကျော် ၅ရက်၊ အင်္ဂါနေ့တွင် အလုံမြို့ (ရှေးအ က ဗဒုံမြို့)၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာသား အ ဦးအို + အမိ ဒေါ်မွေးတို့မှ မွေးဖွားခဲ့ပြီး ငယ်နာမ "မောင်ပုဒ်"ဖြစ်သည်။ နောင်တွင် ပညာတော်သည်





www.burmeseclassic.com


www.burmeseclassic.com




အကြောင်းပြု၍ "မောင်ဖုမ်"ဟု ခေါ်ခဲ့သည်။ ရှစ်နှစ်သား အရွယ်တွင် ညောင်ကန်အနောက်တိုက်၊ ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီး ဦးပြေထံ ပညာသင်ရာ ၁၃နှစ်တွင် မုနိန္ဒဝရ ရမဓဇ မဟာဓမ္မရာဇာဂုရု တံဆိပ်တော်ရခဲ့၍ အသက် ၂၀ တွင် မြန်မာဝေါဟာရ ကောဇာသက္ကရာဇ် ၁၁၆၉ ခုတွင် အရှင်မုနိန္ဒသာရ ဘွဲ့တော်ကို ရခဲ့သည်။

ဘုန်းတော်ကြီး ဦးသာပုံအား ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒ သမထာ စင်စစ် ရဟန်းဖြစ်တော်မူခဲ့ပြီး ၁၁၉၂ ခု၊ သိက္ခာ ၂ဝါအရတွင် အင်းဝ နေပြည်တော်ရှိ မဟာအောင်မြေ ဘုံ အုတ်ကျောင်းတော်ကြီး၌ စက္ကိန္ဒာဘိသီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဂုရုဖြင့် ဒုတိယ ဘွဲ့တော်ကို ရခဲ့သည်။ သွန်းထု တ်နှိပ် တံဆိပ်တော်ရ ဗဟုဂန္ထကာရက သာသနာ့သမိုင်းဝင် ဆရာတော်တစ်ပါးလည်း ဖြစ်ခဲ့သည်။ ယခင်က ဆရာတော်ကို စာတတ်နောက်ချုပ် ခင်ကြီးဖုမ်ဟူ၍ လည်းကောင်း၊ ဖုမ်အစ၊ ဖုမ်အလယ်၊ ဖုမ်အဆုံးဟူ၍ လည်းကောင်း ပြောတုံ စံတင် ပညာရှင်ကြီးဖြစ်တော်မူသော ဇမ္ဗူဓဇဟူသော မူလ ဘွဲ့တော် စက္ကာဘိဓဇ မဟာဓမ္မရာဇာဂုရုဟူသော ရာဇာ ဒိက္ကိယ ပထမဘွဲ့နှင့် စက္ကိဘိ သရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာ ဂုရု သာသနာပြုဘွဲ့ ယူတော်မူသော ဗဟုဂန္ထကာရက အဇာ နေယျ အချုပ်ဆရာတော် ဦးဖုမ်ဟု သမုတ်ပတ်ကာ ဇမ္ဗူဒီပါ မက ကျော်ကြားတော်မူလာသော် အင်းဝအောင်မြေဘုံ အုတ်ကျောင်းဆရာတော်ဖြစ်လာသည်။

ဆရာတော် ဦးဖုမ်အား ဘိုးတော်မင်းတရားကြီး ဘကြီးတော်ဘုရား၊ မင်းကတော် မယ်နုတို့၏ ဆရာဒကာ ဖြစ်သည်။ ဆရာတော်သည် စာပေကျမ်းပေါင်း ၆ဝကျော်ကို ပြုစုခဲ့သည်။ ၁၂၀၃ ခုတွင် အမရပူရသို့ ပြောင်းရွှေ့တော်မူ








www.burmeseclassic.com

www.burmeseclassic.com



ပြီး ညောင်ကန်တိုက်ခေါ် မင်္ဂလာဘုံကျောင်းအတွင်း ဒူလာဝမ်းသက်ရောဂါဖြစ်ခဲ့သည်။ ရောဂါဝေဒနာအပြင်းအထန်ခံစားနေရသောအချိန်မှာ ၁၂၀၃ ခု တပေါင်းလဆန်း ၁၁ရက်၊ ကြာသပတေးနေ့ဖြစ်သည်။

ရောဂါဝေဒနာဒဏ်ဖြင့် မသက်သာ၍ ၂၀၀၄ ခု၊ မွေးလ နယုန်လပြည့်ကျော် ၁ရက်၊ အင်္ဂါနေ့၊ သက်တော် ၅၅နှစ်၊ သိက္ခာတော် ၃၄ဝါတွင် စုတိကမ္မဇရုပ် သိမ်းတော်မူခဲ့သည်။ ဆရာတော်၏ အကြောင်းအရာများကို သိရှိခဲ့၍ ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့သော ကျောင်းသို့ ဗဟုသုတအဖြစ် ရောက်ရာ ပထမဦးဆုံး သေံမဥ္ဇူကျောင်းသို့ အရင်ရောက်သည်။ ကျောင်းဝင်းကြီးသည် အလွန်ကျယ်ဝန်းသည်။ ဘုရားများ၊ ကျောင်းများကို တွေ့ရသည်။ စေတီပေါင်း၊ စေတီပျက်များ၊ ပြုပြင်ပြီးစီးသော စေတီများနှင့် နှစ်ကြာမန်ကျည်းပင်ကြီးများနှင့် သရက်ပင်များကို တွေ့ရသည်။

ဤနေရာသည် တစ်ချိန်သောအခါက သာသနာထွန်းကားသော နယ်မြေဖြစ်နိုင်သည်။ သေံမဥ္ဇူ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ရင်း ဆရာတော်အား မေးမြန်းခဲ့ရာ ဆရာတော်ကြီး၏ ဘွဲ့တော်အမည်မှာ ဦးနရိန္ဒဖြစ်ပြီး သက်တော် ၈၄နှစ်၊ ဝါတော် ၆၄ ဝါရှိပြီဖြစ်သည်။ ခမည်းတော် ဦးညိဘ၊ မယ်တော် ဒေါ်ဖွားမှန်ဖြစ်ပြီး ညောင်ကန်ရွာတွင် မွေးဖွားခဲ့သည်။ ဆရာတော်သည် စာပေဗဟုသုတနှင့် ပြည့်စုံခြင်း၊ သမိုင်းရာဇဝင်များကို ရှေးဖြစ် နောက်ဖြစ်ပြောပြခြင်း၊ ညောင်ကန်ရွာလေး၏ ဗုဒ္ဓသာသနာဝင် ရဟန်းတော်များ၏ အကြောင်းအရာများကို စိတ်ရှည်စွာ ပြောပြသည်။

ဆရာတော်၏ သာသနာပြု လုပ်ဆောင်ချက်များကိုလည်း တွေ့ရသည်။ ဘုရားဝင်းအတွင်း ပြုပြင်ရန် ကျန်ရှိနေသော စေတီများလည်း ရှိသည်။ ဆရာတော်ကြီး ပြုပြင်ထားသော ဇမ္ဗူရန်ကင်းစေတီ ဂူဘုရားကို တွေ့ရသည်။ ဂူထဲရှိ ရခိုင်ဘုရားနှစ်ဆူမှာ ရှေးခေတ်လက်ရာဖြစ်ပြီး ယခင် ဘုရားကြီး မပြုပြင်မီက စေတီပေါင်းအတွင်းရှိ ဂူထဲသို့ ရောက်ရှိခဲ့သည်။ ရခိုင်ပြည်ရှိ ဘုရားများ၏ သဏ္ဌာန်တော် ရုံထားသည့် ပုံသဏ္ဌာန်နှင့် တူသောကြောင့် "ရခိုင်ဘုရား"ဟု ခေါ်ဆိုကြသည်။ စေတီနှင့် ဂူဘုရားအား ၁၃၆၅ ခု၊ ပြာသိုလပြည့်ကျော်မှစ၍ ၁၃၆၆၊ ပထမဝါဆိုလဆန်း ၁၄ရက်နေ့တွင် ပြီးစီးခဲ့သည်။ ထီးတော်ကို ဦးစိုးဝင်း + ဒေါ်ခင်စန်းမြင့်မိသားစုနှင့် ပန်းတိမ်ဆရာ ဦးဖိုးနီ + ဒေါ်နှင်းကြည် မိသားစုကလည်း လိုဏ်ဂူအတွင်း ပလ္လင်တော်နှင့် ဂူအတွင်း ကြွေပြားအလှူရှင်များဟု ရေးသားထားသည်။

ဒုတိယ ဇမ္ဗူလင်းထိန်စေတီကြီးကို သာသနာသက္ကရာဇ် ၂၅၅၄ ခု၊ မြန်မာသက္ကရာဇ် ၁၃၇၂ ခုတွင် ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမတို့နှင့်အတူ ပြုပြင်ထားကြသည်။ တတိယ ဇမ္ဗူရန်ငြိမ်းအောင်ဆုပေး မြတ်စွာဘုရားကြီးကို ပြုပြင်ပြီး ဖူးတွေ့ခဲ့ရသည်။ သိမ်အတွင်း ဘုရားကြီးကိုလည်း သွားရောက်ဖူးမြော်ခဲ့သည်။ ရှေးဟောင်း ကြေးသွန်းဘုရားကြီးဖြစ်၍ မြန်မာ့သက္ကရာဇ် ၁၃၅၅ ခု၊ ခရစ်သက္ကရာဇ် ၁၉၉၃ ခုတွင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြသည်။

ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့သော ကျောင်းနှင့် ပြည်ဆရာတော် သီတင်းသုံးခဲ့သော ကျောင်းနှစ်ကျောင်းကို တွေ့ရသည်။ ထိုအချိန်က ဆရာတော်နှစ်ပါးသည် ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သည်။ ဆရာတော် ဦးဗုဓ်ကျောင်းကို "ဂိုဏ်းအုပ်ကျောင်း"ဟု ခေါ်ပြီး ပြည်ဆရာတော်ကျောင်းကို "ဂိုဏ်းတောင့်ကျောင်း"ဟု ခေါ်ကြသည်။ ဆရာတော် ဦးဗုဓ်သည် ပြည်ဆရာတော်ကြီးထက် တစ်နှစ်ကြီးသည်။ ယခု သေံမဥ္ဇူကျောင်းသည် ဆရာတော် ဦးဗုဓ်၏ ကျောင်းခွဲဖြစ်ခဲ့သည်။ ၎င်းကျောင်းနာမည်ကို ဆရာတော် ဦးရေဝတက အမည်ပေးခဲ့သည်။

ပထမ ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့သော ရှေးဟောင်းကျောင်းကြီးသို့ တက်ရောက်လေ့လာပြီး ဘုရားဖူးခဲ့သည်။ ဆရာတော် ကိုးကွယ်ခဲ့သော ဘုရားများနှင့် ပလ္လင်များကို တွေ့ရသည်။ ဘုရားအဆူပေါင်း ၁၂ဆူကို ဖူ





www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ရှေးခေတ်လက်ရာ ဘုရားပလ္လင်များဖြစ်ပြီး အောက်ခြေတွင် ခြူးကောင်ရုပ်နှင့် ခြင်္သေ့ရုပ်များ ထုလုပ်ထားသည်။ ဘုရင်များ ကိုးကွယ်ခဲ့သော မင်းဆရာဖြစ်သဖြင့် ဆရာတော်အား လှူဒါန်းထားသော ပစ္စည်းများမှာ ရှေးခေတ်လက်ရာများဖြစ်ကြသည်။

ကျွန်းဗီရို၊ သေတ္တာ အစရှိသော ပစ္စည်းများကို ကျွန်းသားဖြင့် ပြုလုပ်ထားသည်။ ရှေး မီးမုန်အိမ်များလည်း တွေ့ရသည်။ ကျောင်းကြီးကိုလည်း ကျွန်းလုံးကြီးများဖြင့် ဆောက်ထားသည်။ ယခုအခါ ကျွန်းတိုင်အလုံးပေါင်း ၇၅လုံးသာ ကျန်တော့သည်။ အခိုင်အခန့်ဆောက်လုပ် လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ပြည်ဘုရင် ကိုးကွယ်ခဲ့သော ပြည်ဆရာတော် ဂိုဏ်းဆောင်ကျောင်းသို့လည်း သွားရောက်ခဲ့သည်။ ကျောင်းကြီးကို ကျွန်းတိုင်များဖြင့် ဆောက်လုပ်ထားသည်။ ရှေးခေတ်လက်ရာ ပစ္စည်းများကို ဆရာတော် ဦးဖုမ်ကျောင်းထက် ပိုမို တွေ့ရှိရသည်။ ဆရာတော် ကျိန်းတော်မူခဲ့သော ရှေးဟောင်း ခုတင်နှင့် ကျွန်းစာအုပ်စင်၊ ကျွန်းဗီရို၊ ကျွန်းသေတ္တာအကြီးအသေး၊ ကျောင်းအသုံးအဆောင်၊ ရှေးခေတ် ပန်းကွက်များ၊ ဘုရားနှင့် ပလ္လင်များကို တွေ့ရှိရသည်။ နောင်လာ နောက်သားများ တွေ့ရှိရအောင် ထိန်းသိမ်းပေးထားကြသော ညောင်ကန်ရွာရှိ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့အား လေးစားကျေးဇူးတင် ဂုဏ်ယူမိပါသည်။ ပြတိုက်သဖွယ် တွေ့ရသည်။

ဤကဲ့သို့ ရှေးဟောင်းပစ္စည်းများကို ရန်ကုန်အမျိုးသားပြတိုက်၊ မန္တလေးနန်းတွင်း၊ ပုဂံပြတိုက်နှင့် ရွှေဘိုပြတိုက်တို့တွင်လည်း တွေ့ခဲ့ဖူးသည်။ ညောင်ရွှေ စော်ဘွား စောရွှေသိုက်ဟောနန်းရှိ ပလ္လင်၊ တောင်ပိုင်း ရှမ်းပြည် ဘောဆိုင်းစော်ဘွားနန်းရှိ ရှေးအသုံးအဆောင်ပစ္စည်းများအား တွေ့ရှိခဲ့သည်ကို သတိတရဖြစ်မိသည်။

မှတ်သားဖွယ်ရာအဖြစ် ဆရာတော် ဦးဖုမ်ကျောင်းအား





လယ်တီဆရာတော်ကြီးက "တို့ ဆရာတော်ကျေးဇူးနဲ့ မကင်းဘူး"ဟု ပြောပြီး ဆရာတော် ဦးဖုမ်၏ ကျောင်းကို သုံးပတ်ပတ်ခဲ့သည်ဟု သိခဲ့ရသည်။

ညောင်ကန်ရွာတွင် ဗုဒ္ဓသာသနာထွန်းကားခဲ့ပြီး သာသနာဝင် ဆရာတော်များ အဆင့်ဆင့်ရှိခဲ့သည်ကို ဆောင်ပုဒ်လင်္ကာလေးတစ်ခုဖြင့် ပျော်၊ ညွန့်၊ ရောင်၊ ယာ၊ ပုံ၊ မှတ်ပါ ဆရာသခင်ဖြစ် ပိုး၊ ဖုမ်၊ ကျီး၊ သူ၊ ကန်၊ မော်ဟူ၊ ငယ်မှုတစ်ကျိပ်နှစ်ဟု ရေးသားထားသည်။ အမှန်မှာ ညောင်ကန်ဆရာတော်ကြီးများ၏ လူနာမည်၊ မွေးသက္ကရာဇ် ရဟန်းဘွဲ့တော်များကို အတိုကောက် ရေးသားထားကြသည်ကို ဗဟုသုတ ရေးသားရပါသည်။

(၁) ပျော် - ဦးပျော် (၁၀၉၂)ခုနှစ်၊ ဘွဲ့တော် အရှင်ပုညသေဋ္ဌ။

(၂) ညွန့် - ဦးညွန့် (၁၁၁၀)ခုနှစ်၊ ဘွဲ့တော် အရှင်သဒ္ဓမ္မရံသီ။

(၃) ရောင် - ဦးရောင် (၁၁၁၅)ခုနှစ်၊ ဘွဲ့တော် အရှင်ကဝိန္ဒ။

(၄) ယာ - ဦးယာ (၁၁၂၀)ခုနှစ်၊ ဘွဲ့တော် အရှင်ပညာသီဟ။

(၅) ပုံ - ဦးပုံ(၁၁၃၁)ခုနှစ်၊ ဘွဲ့တော် အရှင်မုနိန္ဒသာရ။

(၆) မှတ် - ဦးမှတ်ကြီး (၁၁၃၅)ခုနှစ်၊ ဘွဲ့တော် အရှင်နရိန္ဒ။

(၇) ပိုး - ဦးပိုး (၁၁၄၀)ခုနှစ်၊ ဘွဲ့တော် အရှင်ပုညရံသီ။

(၈) ဖုမ် - ဦးဖုမ် (၁၁၄၉)ခုနှစ်၊ ဘွဲ့တော် အရှင်ဇမ္ဗူဓဇ။

(၉) ကျီး - ဦးကျီးညို (၁၁၅၀)ခုနှစ်၊ ဘွဲ့တော် အရှင်မေဓဝီ။


(၁၀) သူ - ဦးသူ၊ ဘွဲ့တော် အရှင်ဉာဏိန္ဒ။


(၁၁) ကန် - ဦးကန်ရိုး (၁၁၆၂)ခုနှစ်၊ ဘွဲ့တော် အရှင်ဒီပ။



www.burmeseclassic.com

www.burmeseclassic.com





(၁၂) မှော် - ဦးမှော် (၁၁၈၄)ခုနှစ်၊ ဘွဲ့တော် အရှင် ဝရစက္က . . .

တို့ ဖြစ်သည်။ ညောင်ကန်ရွာလေးသည် သာသနာပိုင် ဆရာတော်ကြီးများ ထွန်းပေါက်ခဲ့သည်မှာ ကြည်ညိုဖွယ် ကောင်းလှသည်။

စကားရာဇဝင်အရ မင်းတုန်းမင်း၏ မြောက်နန်းမတော် ဖြစ်ခဲ့သည့် မယ်သဲ(မယ်ညွှန့်)မှာ ညောင်ကန်သူဖြစ်ပြီး အစ်ကိုဆရာတော် ဦးသူ(အရှင်ဉာဏိန္ဒ)သည် ဗေဒင်ပညာကို တစ်ဖက်ကမ်း တတ်မြောက်သည်။ ပုဏ္ဏားများပင် တပည့်ခံရသည်။ သက္ကတဘာသာ၊ ဘင်္ဂါလီ၊ နာဂရီ၊ လောကီပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်၍ နှမဖြစ်သူ၏ ဇာတာကို ကြည့်ပြီး မိဖုရားဖြစ်မည်ဟု မြင်တွေ့သဖြင့် မင်းတုန်းမင်းကြီးအား မိဖုရားအဖြစ် ဆက်သခဲ့သည်ဟု အဆိုရှိခဲ့သည်။

ညောင်ကန်ရွာလေးနှင့် မဝေးကွာလှသော နေရာတွ ကြေးခေတ် ရှေးဟောင်းသင်္ချိုင်းတစ်ခုကို တွေ့ခဲ့သည်။ ယ က မိသားစုလိုက် သေဆုံးသူများ၏ ရုပ်ကြွင်းရုပ်နှင့်အ တွေ့ရှိရသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲများ၏ ည ညွှန်မှုကြောင့် ရုပ်ကြွင်းရုပ်များကို အဆောက်အအုံများ ထားရှိသည်ကို တွေ့ရသည်။ ညောင်ကန်ရွာလေးသ လေ့လာစရာများစွာနှင့် ရှေးဟောင်းအမွေအနှစ်များ တည ရာ ရွာလေးဖြစ်ပြီး ကြေးခေတ်က ရုပ်ကြွင်းရုပ်မျာ ဆရာတော် ဦးပုဗ်၏ ဇာတိမြေကို လာရောက်၍ ဗဟုသ နှင့် ရှေးဟောင်းအမွေအနှစ်များကို လေ့လာနိုင် ညောင်ကန် ရွာသူရွာသားများ၏ကိုယ်စား ဖိတ်ခေါ်လိုက် သည်။

ညောင်ကန်ဆရာတော် ဦးနရိန္ဒနှင့် ရုပ်ရွာအ ဆောင် လူကြီးမင်းအားလုံးအား ကျေးဇူးအထူးတင်ပါသည

* * *

ခင်ခင်လှ(အင်း



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

## ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး




အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၀၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၉၉၉

အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ပါ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"ကျောင်းသားလေးတစ်ယောက် သေပြီး လူပြန်ဖြစ်လာတဲ့ ကိုယ်တွေ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြမယ်။ ကျောင်းသားနာမည်က အောင်ပန်း။ သရဏဂုံကို အမြဲရွတ်နေလို့ ယနေ့ လူပြန်ဖြစ်ပြီး ကျောင်းကို ပြန်ရောက်လာတယ်။ ဒါကြောင့် ဘုန်းကြီးက ဒီဇာတ်လမ်းကို သရဏဂုံအစွမ်းနဲ့ အောင်ပန်းပြန်လာပြီလို့ နာမည်ပေးချင်တယ်"

ဆရာတော်၏ စကားကို အားလုံး စိတ်ဝင်စားကြသည်။ ဆရာတော်ပြောမည့် ဇာတ်လမ်းကို ကြားချင်နေကြသည်။ ရုံးပိတ်ရက်တစ်ရက်တွင် ဓမ္မမိတ်ဆွေတစ်စု ဝေဠုဝန်ကျောင်းတိုက်တွင် ဆုံမိကြသည်။ ဘာသာရေးစကားများ ဆွေးနွေးကြရင်း သရဏဂုံအစွမ်း ထက်ပုံအကြောင်းသို့ ရောက်သွားသည်။ သရဏဂုံအစွမ်းထက်ပုံအား တစ်ယောက်တစ်မျိုး ကိုယ်တွေ့များကို ပြောပြနေကြသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ဆရာတော်ကြီးကိုယ်တိုင်လည်း နားထောင်နေပါသည်။ ဓမ္မမိတ်ဆွေများ ပြောကြပြီး ပြည့်စုံသလောက်ရှိမှ ဆရာတော်ကြီးက အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်ပါသည်။ ဆရာတော်ပြောမည့် ဇာတ်လမ်းကို နားထောင်လိုကြသော်လည်း ဆရာတော်က မပြောသေးသဖြင့် ဓမ္မမိတ်ဆွေတစ်ဦးက လျှောက်ထားလိုက်သည်။

"ကြားချင်လှပါပြီ။ အမိန့်ရှိတော်မူပါ ဘုရား"

"အေးအေး၊ ပြောပါ့မယ်။ အောင်ပန်းဆိုတာ ကျုပ်တပည့်ကျောင်းသားပါ။ အရင်ဘဝက အလွန်ဆင်းရဲပါတယ်။ စာသင်လို့ မရအောင် ဉာဏ်ထိုင်းလို့ ဘုန်းကြီးက သူ့ကို



သရဏဂုံ သုံးပါးပဲ သင်ပေးနိုင်တယ်။ သူက ပါရမီမပါလို့ ဉာဏ်ထိုင်းပေမယ့် ဇွဲရှိတယ်။ သရဏဂုံကို ရွတ်ဆိုရင် တစ်နေကုန်အောင် ရွတ်ဆိုနေတာပဲ။ အဲဒီ သရဏဂုံအစွမ်းကြောင့် သေလွန်ပြီး မကြာခင် လူ့ဘဝပြန်ရောက်ပြီး အခု ဘုန်းကြီးကျောင်းကို ပြန်ရောက်လာပါတယ်"

ဆရာတော်၏ စကားကြောင့် ကြားရသူတိုင်း အံ့သြနေကြသည်။

"ဘုန်းကြီးစကားဆုံးရင် ဒကာကြီးတို့ကို အောင်ပန်းနဲ့ တွေ့ပေးပါဦးမယ်။ အောင်ပန်းကိုယ်တိုင် သူ့ရဲ့ တမလွန်ဘဝအတွေ့အကြုံကို ပြောပြမှာပါ"

အောင်ပန်းကိုယ်တိုင် ပြောပြဦးမည်ဆို၍ ပို၍ စိတ်ဝင်စားနေကြပါသည်။ ဆရာတော်က စကားကို ဖြတ်၍ ကိုရင်တစ်ပါးအား ပြောလိုက်သည်။

"ဟဲ့ - ကိုရင်၊ အောင်ပန်း ဘယ်မှာ ရှိသလဲ"

"ကျောင်းရှေ့မှာ ကစားနေ[...]တယ် ဘုရား"

"အောင်ပန်းကို သွားခေါ်ခဲ့"

ကိုရင်ထွက်သွားသည်နှင့် ဘုန်း[...]ကြီးက ဇာတ်လမ်းကို ဆက်ပြော[...]သည်။

"အောင်ပန်းဆိုတဲ့ ကလေး[...] အရင်ဘဝက အလွန်ဆင်းရဲပါတယ်[...] မိဘနှစ်ပါးကွယ်လွန်သွားတော့ ဆွေ[...] မျိုးမရှိ၊ ကျွေးမွေးမယ့်သူ မရှိလို့ ဘုန်း[...]ကြီးက ကျောင်းမှာ ခေါ်ထားရတယ်[...] ဘုန်းကြီးဆီကို ရောက်တော့ [...]သားပဲ ရှိသေးတယ်။ သိပ်လိမ္မာ[...] ကလေးပဲ။ ဘုန်းကြီးရဲ့ ဝေယျာဝစ္စ[...]သူ အကုန်လုပ်တယ်။ အရွယ်နဲ့ မလိုက်[...]အောင် အသိတရားရှိတယ်။ ဒါပေမယ့် ပညာပါရမီ မပါလို့ ဉာဏ်ထိုင်းတယ်[...] စာသင်လို့ မရဘူး။ ရိုက်သင်လည်း [...] ချော့သင်လည်း မရ၊ နောက်တော့ [...] သင်ခြင်းကို လက်လျှော့လိုက်[...] သရဏဂုံကိုပဲ ရအောင် သင်[...]တယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

အဲဒီ စာသုံးပိုဒ်ကို နှုတ်[...] ရအောင် တစ်လလောက် သင်ရ[...] ဒုတိယမ္ပိ၊ တတိယမ္ပိကို ဆက်သင်[...]ပြီး အနက်အဓိပ္ပာယ်ကိုပါ သ[...] ပေါက်အောင် ပြောပြီး အချိန်[...] ရွတ်ခိုင်းရတယ်။ မိုးလင်းလို့ မျက်[...] သစ်ပြီးတာနဲ့ ဘုန်းကြီးရှေ့ [...] ကိုးခေါက်ရွတ်ပြရတယ်။ ည[...] လည်း အိပ်ရာမဝင်ခင် ကိုးခေါက်[...] ပြခိုင်းရတယ်။ တစ်နေ့လုံး အချိန်[...] ရွတ်နေတာဆိုတော့ စာမတတ်[...]

www.burmeseclassic.com

www.burmeseclassic.com

သရဏာဂုံကို ထုံနေအောင် ရတယ်။ နတ်က ယောင်ရင်တောင် သရဏာဂုံပဲ ယောင်တယ်။ အခက်အခဲတွေ့တိုင်း သရဏာဂုံကို ရွတ်တယ်။ သူဟာ ၁၀နှစ်အထိပဲ လူ့ပြည်မှာ နေခွင့်ရ တယ်။ သူ့ရဲ့ အတိတ်ကံက ၁၀နှစ် အထိပဲ ပါလာတော့ ၁၀နှစ်အကြာမှာ ကွယ်လွန်ခဲ့တယ်"

"ဘယ်လိုဖြစ်ပြီး ကွယ်လွန်တာ လဲ ဘုရား"

ဒကာတစ်ဦးက မေးသဖြင့် ဘုန်းကြီးက ပြန်ဖြေပါသည်။

"ရိုးရိုးဖျားတာက စပြီး ကုလို့ မရအောင် ဖြစ်တာပါပဲ။ ကျုပ်လက်ပေါ် မှာပဲ ကွယ်လွန်သွားတာ၊ ကွယ်လွန်ခါနီး ဆရာတော်ဆီ ပြန်လာပါရစေ ဘုရား လို့ ထပ်ကာ ထပ်ကာ ပြောနေလို့ ကျုပ်က မင်းပြန်လာချင်ရင် သရဏာဂုံ ကို မပြတ်ရွတ်ပါလို့ ပြောရတယ်။ နောက်ဆုံး အသက်ထွက်တဲ့အထိ သရဏာဂုံရွတ်ရင်း ကွယ်လွန်ခဲ့တယ်"

"နောက် ဘာဖြစ်သေးသလဲ ဘုရား"

"ကွယ်လွန်တော့ ဝိညာဉ်ဘဝ ရောက်တာပေါ့၊ အဲဒီဘဝရောက်ပေမယ့် သရဏာဂုံကို ရွတ်ဖို့ မမေ့လို့ ဆက်ရွတ် နေတယ်လို့ ပြောတယ်။ အဲဒီ သရဏာဂုံ အစွမ်းနဲ့ အောင်ပန်း ပြန်လာနိုင်တာပေါ့၊ ကွယ်လွန်ပြီး မကြာခင် သူဌေးကြီး ဦးကြွယ်ဝရဲ့ သမီးဆီမှာ လူဖြစ်တော့ မယ်လို့ ဘုန်းကြီးကို အိပ်မက်ပေး တယ်။ ဦးကြွယ်ဝ မြေးရပြီဆိုတော့ အောင်ပန်းပဲ ဖြစ်ရမယ်လို့ ဘုန်းကြီး သိလိုက်တာပေါ့၊ တနင်္ဂနွေသားဖြစ်လို့ အောင်ပန်းလို့ ဆက်ပြီး အမည်ပေးဖို့ တိုက်တွန်းရတယ်။ ဒီဘဝမှာတော့ အလွန်ချမ်းသာတဲ့ မိဘဆီမှာ လူဖြစ်ရ တယ်။ သိတတ်စ အရွယ်ကတည်းက ဆရာတော်ဆီ သွားချင်တယ်လို့ ပူဆာ နေလို့ ဦးကြွယ်ဝတို့ ဥပုသ်စောင့်လာ တိုင်း အောင်ပန်းလေးပါ ပါလာတယ်။ ဘုန်းကြီးကို မြင်ရင်လည်း ကလေးက သိပ်ပျော်နေတဲ့ပုံပဲ။ ဒီဘဝမှာတော့ ဉာဏ်ကလည်း ကောင်းတော့ စာသင် လို့ ရတာပေါ့။ စကားပြောတတ်စ ကတည်းက သရဏာဂုံက စတတ် တယ်လို့ ပြောတယ်။ သရဏာဂုံကို တော့ အမြဲရွတ်နေလို့ မိဘ၊ အဘိုး အဘွားနဲ့ တွေ့တဲ့ လူတိုင်းက သိပ်ချစ် ကြတာပေါ့၊ ကျောင်းထားတော့ ဉာဏ် က အလွန်ကောင်းတော့ စာတတ် လွယ်တာပေါ့၊ ၆နှစ်သားမှာ စာကောင်း ကောင်းဖတ်နိုင်၊ ရေးနိုင်နေပြီ။ အခု ရှင်ပြုတော့မှာမို့ သင်္ကန်းတောင်းကျက် ဖို့ ကျောင်းကို ရောက်နေတယ်။ မင်္ဂလ သုတ်ကို အကုန်ရပြီး သရဏာဂုံကြောင့် ဒီဘဝမှာ ချမ်းသာတယ်။ ဉာဏ်ကောင်း တယ်။ နောက်ပြီး လိမ္မာတယ်။ သူ့ရဲ့ ကောင်းကြောင်းတွေက ပြောလို့ မကုန် အောင် ရှိပါတယ်။

"အောင်ပန်း . . .
ဒီဒကာကြီးတွေက
မင်းရဲ့ ဟိုဘက်ဘဝအတွေ့အကြုံကို
မင်းကိုယ်တိုင်ပြောတာကို
ကြားချင်နေတယ်။
ဒီတော့ ဒီကျောင်းမှာ
မင်းကွယ်လွန်ခဲ့သည်မှ
လူပြန်ဖြစ်တဲ့အထိ
ဝိညာဉ်ဘဝ
ဖြတ်သန်းရတဲ့
အတွေ့အကြုံတွေကို
ပြောပြပါ"

ဆရာတော်၏ စကားမဆုံးခင် ကိုရင်လေး ပြန်ရောက်လာပြီး ကိုရင် နှင့်အတူ အသက် ၆နှစ်ခန့် အသား ဖြူဖြူ၊ ရုပ်ရည်ချောမောလှသော ကလေးတစ်ဦးပါလာသည်။ အောင်ပန်း ဖြစ်ရမည်ဟု မမေးဘဲ အားလုံးသိလိုက် ကြသည်။ ဆရာတော်၏ ရှေ့သို့ ရောက် သည်နှင့် ဆရာတော်ကို ထိုင်လျက် ဦးတော် သုံးကြိမ်ချလိုက်ပါသည်။ ဆရာ တော်က စ၍မေးလိုက်သည်။

"အောင်ပန်း ရောက်ပြီလား"

"ရောက်ပါပြီ ဘုရား"

"အောင်ပန်း··· ဒီဒကာကြီးတွေ က မင်းရဲ့ ဟိုဘက်ဘဝအတွေ့အကြုံ ကို မင်းကိုယ်တိုင်ပြောတာကို ကြားချင် နေတယ်။ ဒီတော့ ဒီကျောင်းမှာ မင်း ကွယ်လွန်ခဲ့သည်မှ လူပြန်ဖြစ်တဲ့အထိ ဝိညာဉ်ဘဝ ဖြတ်သန်းရတဲ့ အတွေ့ အကြုံတွေကို ပြောပြပါ"

"ဟုတ်ကဲ့၊ ပြောပြပါမယ်"

အောင်ပန်းသည် သူ၏ ဘဝ ဟောင်းမှ ဘဝသစ်အထိ ဖြတ်သန်းခဲ့ရ သည့် အတွေ့အကြုံများကို ပြောပြပါ သည်။ အောင်ပန်းပြောပြသမျှကို စုစည်း ၍ အဆင်ပြေအောင် ရေးသားတင်ပြ ပါသည်။

•••

အောင်ပန်း မောနေသည်။ အသက်ရှူလိုက်တိုင်း မောနေခဲ့သည်။ အသက်ရှူရန် တစ်စထက် တစ်စ ခက်ခဲပင်ပန်းလာသည်။ အသက်ရှူ၍



www.burmeseclassic.com

www.burmeseclassic.com

မရအောင်၊ အသက်ရှူပေါက်ကို ပိတ်ထားသကဲ့သို့ ရှိသည်။ တစ်ချိန်လုံး ဆရာတော်ကို ငေးကြည့်နေမိသည်။ ဆရာတော်ကို ခွဲ၍ အဝေးသို့ သွားရတော့မည်။ ဆရာတော်ကို ကြည့်ရင်းကြည့်ရင်း မျက်စိများ ဝေဝါးလာသည်။ ဆရာတော်၏ ရုပ်ပုံမှာ လှုပ်ရှားနေသည်။ လူက မောပန်းပြီး မျက်စိက ဝေဝါးနေသော်လည်း စိတ်က သရဏဂုံကို ရွတ်နေသည်။ ရွတ်စက ပါးစပ်လှုပ်သော်လည်း နောက်ပိုင်း မလှုပ်နိုင်တော့။ လုံးဝ မလှုပ်ရှားနိုင်တော့သော်လည်း သရဏဂုံကို ရွတ်နေဆဲဖြစ်ပါသည်။ လုံးဝလှုပ်မရတော့သည့်အခါ ဆရာတော်၏ ပြောလိုက်သံကို နောက်ဆုံး ကြားလိုက်မိပါသည်။

"အောင်ပန်း အသက်မရှိတော့ဘူး"

ဆရာတော်၏ စကားကြောင့် ကျောင်းရှိ ဘုန်းကြီးများ၊ ကိုရင်နှင့် ကျောင်းသားများ ဝိုင်းလာကြသည်။ ဆရာတော်သည် ဦးပဥ္စင်းတစ်ပါးကို မှာကြားရန်ရှိသည်များကို မှာကြားပြီး အခန်းတွင်းသို့ ဝင်သွားပါသည်။ ဦးပဥ္စင်းက ကိုရင်နှစ်ပါးနှင့် အောင်ပန်းကို ရေချိုး၊ အဝတ်အစားလဲပြီး အလောင်းပြင်ကြသည်။ ဦးပဥ္စင်းနှင့် ကိုရင်များ၏ လှုပ်ရှားမှုကို အောင်ပန်းက မြင်နေရသည်။ သူ့ခန္ဓာကိုယ်ကို ရေချိုးပေးပုံ၊ အဝတ်လဲပုံတို့ကို တစ်နေရာမှ ကြည့်နေခဲ့သည်။ ကျောင်းတိုင်ကို မှီလျက် အလောင်းပြင်ဆင်သည်ကို အားလုံး မြင်နေရသည်။ ထိုညက ထိုနေရာတွင် ကျောင်းတိုင်ကို မှီ၍ နေခဲ့သည်။ ဘဝချင်း ခြားသွားပြီကို သိလိုက်ရသည်ဖြစ်၍ သူတို့ဆောင်ရွက်နေသည်ကို ကူညီခွင့်မရဘဲ ကြည့်၍သာ နေခဲ့ရသည်။ နောက်နေ့နံနက်တွင် ရပ်ကွက်ထဲမှ



ကျွန်းသား ခေါင်းတလားတစ်ခုလာပို့သဖြင့် သူ့ခန္ဓာကိုယ်ကို ခေါင်းသွင်းလိုက်ကြသည်။ ခေါင်းသွင်းပြီး ကျောင်းရှေ့သို့ ထုတ်၍ တစ်ညထားသေးသည်။ နောက်တစ်နေ့မှ ကျောင်းအနောက်ဘက်ရှိ သုသာန်တွင် မြေကျင်းတူး၍ မြှုပ်နှံလိုက်ကြသည်။

အသုဘကိစ္စပြီးသည်နှင့် အားလုံး ကျောင်းသို့ ပြန်ကြသည်။ လူအုပ်၏ နောက်ဆုံးမှ အောင်ပန်း လိုက်ခဲ့သည်။ ကျောင်းအထိ လိုက်လာပြီး ကျောင်းပေါ်သို့ မတက်တော့ဘဲ ကျောင်းအောက်တွင် နေခဲ့သည်။ ညဘက်တွင် ကျောင်းဝန်းအတွင်း ဇရပ်ကြို ဇရပ်ကြား၊ ဘုရားကြိုဘုရားကြား လှည့်လည်သွား၍နေခဲ့သည်။ ထိုသို့ ဝိညာဉ်ဘဝနှင့် နေချိန်တွင်လည်း သရဏဂုံကို မမေ့ဘဲ နှုတ်က ရွတ်လျက်ရှိသည်။ ဆရာတော်နှင့် ကျောင်းရှိ ဦးပဥ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများ အားလုံးကို မှတ်မိနေပါသည်။ ဘဝချင်း ခြားနားပြီမို့ အခြားသူများက သူ့ကို မမြင်သော်လည်း သူက အားလုံးကို မြင်နေရသည်။ ရက်လည်သည့်နေ့တွင် ဆရာတော်ကြီးက သူ့အတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပြီး ရေစက်ချ အမျှဝေပေးပါသည်။

"အောင်ပန်း...မင်း ကောင်းမှုအတွက် သာဓုခေါ်ပါ။ အောင်ပန်း...သာဓုကို ခေါ်ဖြစ်အောင် ခေါ်နော်၊ သာဓုခေါ်မှ မင်း ကောင်းရာဘုံကို ရောက်မှာ"

ဆရာတော်ကြီးက သူ့ကို မြင်နေရသည့်အတိုင်း ပြောနေပါသည်။ သူကလည်း သာဓုခေါ်ရန် အသင့်စောင့်နေခဲ့သည်။ ဆရာတော်ကြီးက ရေစက်ချအပြီး အမျှဝေပါသည်။

"အောင်ပန်းရေ...အမျှ...အမျှ...အမျှ"

အောင်ပန်းကလည်း သာဓု...သာဓု...သာဓုဟု သုံးကြိမ်ခေါ်လိုက်ပါသည်။ သုံးကြိမ်တိုင် ခေါ်ဆိုအပြီး ဆရာတော်ကြီးက မိန့်ကြားပါသည်။

"အောင်ပန်း...မင်း သာဓုခေါ်နိုင်ရင် ကောင်းရာကို ရောက်မှာပါ။ ရောက်ရာဘဝမှာ သရဏဂုံကို မမေ့နဲ့။ ဒီနေရာက နင်နဲ့ မအပ်စပ်တော့ဘူး။ ဒီနေရာက နေပြီး နင်သွားပေတော့"

ဆရာတော်ကြီးက အောင်ပန်းကို ပြောရင်း ဝမ်းနည်းလျက်ရှိပါသည်။ ဆရာတော်ကြီးပြောသည့် စကားကို အောင်ပန်း အားလုံးကြားရသည်။ ဆရာတော်ကြီးက သည်နေရာတွင် နေခွင့်မပြုတော့သဖြင့် ဝမ်းနည်းစွာ ထွက်ခွာရတော့မည်။ ဆရာတော်ကြီးကို လက်အုပ်ချီ ကန်တော့ပြီး ကျောင်းမြေကို ကျောခိုင်းကာ ထွက်ခွာခဲ့ပါသည်။ ကျောင်းအပြင် တံခါးဝသို့ ရောက်သည်နှင့် အရပ်မြင့်မြင့် ဥပဓိရုပ်ကောင်းကောင်း ပုဂ္ဂိုလ်ကြီးတစ်ဦးကို တွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ်ကြီးက အောင်ပန်းကို မရမ်းပင် တောအုပ်ဆီသို့ ခေါ်သွားပါသည်။

"ကဲ - ဒီတောအုပ်ထဲက သ



www.burmeseclassic.com

www.burmeseclassic.com

ပင်တွေမှာ နေရာရပြီး နေပေတော့"

ထိုပုဂ္ဂိုလ်ကြီး ထွက်သွားသည်နှင့် တောအုပ်အတွင်း နေရာရှာရတော့သည်။ သစ်ပင်ပေါင်းများစွာရှိသော်လည်း သစ်ပင်တိုင်း သစ်ပင်တိုင်း၌ လူအပြည့်ရှိနေပါသည်။ ဂွဆုံတွင်လည်း နေရာယူထားသူ ရှိသည်။ အကိုင်းတိုင်းတွင် ကလေး၊ လူကြီး၊ မိန်းမ၊ ယောက်ျား၊ လူအိုကြီးများပါ နေရာယူထားကြပါသည်။ သစ်ပင်တိုင်းတွင် လူအပြည့်ရှိသဖြင့် အပင်ပေါ် တက်၍ မရ။ အရိပ်ခိုခွင့်ပင် မရှိပါ။ လက်ရှိနေရာယူထားသူများက လက်ခံချင်ပုံ မရှိပါ။ အရိပ်ခိုသည်နှင့် မောင်းထုတ်ကြသည်။

"ဟေ့...သွား...သွား။ ဒီကို လာဖို့ စိတ်မကူးနဲ့၊ နေရာမရှိတော့ဘူး"

သစ်ပင်တစ်ပင်သို့ ကပ်မိလျှင် မောင်းထုတ်ခြင်း ခံနေရ၍ နေရာမရသဖြင့် မရမ်းတောတွင် တဝဲလည်လည် ရှိနေပါသည်။ နေရာရှာရင်း စိတ်ပျက်လာသဖြင့် ကွင်းပြင်သို့ ထွက်ခဲ့သည်။ ကွင်းပြင်တွင် ကျောင်းအထွက်ဝ၌ တွေ့ခဲ့သော အရပ်မြင့်မြင့် ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရသည်။

"ဘာလဲ၊ နေရာမရသေးဘူးလား"

"ဘယ်သစ်ပင်မှ လက်မခံလို့ နေရာမရပါဘူး"

"ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့"

ထိုပုဂ္ဂိုလ်ကြီး၏ အနောက်မှ လိုက်ခဲ့ပါသည်။ မရမ်းပင်ပုပုဝိုင်းဝိုင်းလေးတစ်ပင်ရှေ့သို့ ရောက်သွားသည်။ ထိုအပင်သို့ တစ်ကြိမ်ရောက်ခဲ့သော်လည်း ထိုအပင်က အသားမည်းမည်း ပုဂ္ဂိုလ်မှ နှင်လွှတ်ခြင်း ခံရပြီးဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း ထိုလူက မျက်နှာထားနှင့် နှင်ထုတ်ရန် အပင်ပေါ်က ဆင်းလာသည်။ အရပ်မြင့်မြင့် ပုဂ္ဂိုလ်ကြီးကို မြင်တော့ မျက်နှာပြင်၍ အရိုအသေပြုလိုက်သည်။

"ကဲ - သူ့ကို ဒီအပင်မှာ နေရာပေးလိုက်။ သူက သိပ်ကြာကြာနေမှာ မဟုတ်ပါဘူး။ သူ့ကို ကောင်းကောင်း လက်ခံရမယ်နော်"

ထိုလူက နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြပါသည်။ ထိုပုဂ္ဂိုလ်ကြီး ရှေ့မှာပင် အပင်ပေါ် တက်ရန် ပြောပြီး နေရာပေးပါသည်။

"ကဲ - မင်း ဒီအပင်မှာ နေပေတော့။ မင်းကို စောင့်ရှောက်ဖို့ ငါ့မှာ တာဝန်ရှိတယ်။ မင်းက သရဏဂုံနဲ့ ပြည့်စုံနေတော့ ဒီလောကမှာ နေသရွေ့ တို့ကူညီပါ့မယ်။ အစာအတွက် အခက်အခဲရှိရင်လည်း လာခဲ့ပါ။ ကျောင်းဝက ပိတောက်ပင်ကြီးမှာ အမြဲရှိနေပါတယ်"

အောင်ပန်း နေရာရသည်နှင့် ထိုပုဂ္ဂိုလ်ကြီး ထွက်သွားပါသည်။ သူတို့ လောကတွင် နေစရာသာ ရှားသည် မဟုတ်၊ အစာကလည်း ရှားပါသည်။ အစာရှာချိန်တွင် ကလေး၊ လူကြီး၊ လူအို တစ်ဦးကို တစ်ဦး မညှာနိုင်ဘဲ အလုအယက် စားသောက်ရသည်။ ထမင်းလုံးတစ်လုံးကိုပင် ဝိုင်းလုရသည့် အဖြစ်မျိုးဖြစ်သည်။ ထိုအုပ်စုနှင့် လုယက်စားရလျှင် အစာကို မမျှော်လင့်နိုင်သဖြင့် ဗိုက်ဆာပါက ပုဂ္ဂိုလ်ကြီးထံ သွားရသည်။ ပုဂ္ဂိုလ်ကြီးက တစ်ခု မဟုတ် တစ်ခုကျွေးမွေးသဖြင့် အဆင်ပြေခဲ့ရသည်။ ခဏပင် နေရသေးသည်၊ ထိုလောကကို အလွန်စိတ်ပျက်မိသည်။ မိမိမှာ သရဏဂုံအစွမ်းကြောင့် စောင့်ရှောက်မည့်သူနှင့် တွေ့ရသည်။ သို့သော် ထိုဘဝမှ မြန်မြန်ကျွတ်လိုလှပါသည်။ မြန်မြန်ကျွတ်လွတ်ရန်သာ ဆုတောင်းနေမိသည်။

ထိုလောကတွင် တစ်လခန့်ကြာသောအခါ ဆရာတော်ကို သတိရသဖြင့် ကျောင်းဆီသို့ သွားခဲ့သည်။ ကျောင်းတွင် အလှူပေးနေသည်ကို တွေ့ရသည်။ သူဌေး ဦးကြွယ်ဝ၏ သမီးက မင်္ဂလာဦးအလှူအဖြစ် ဓမ္မာရုံဆောက်လုပ်လှူဒါန်းရာ ရေစက်ချပွဲ ကျင်းပနေခိုက်ဖြစ်သည်။ အလှူရှင် ဇနီးမောင်နှံမှာ ချမ်းသာသည်သာမက၊ ရုပ်ရည်ချောမောလှပကြပါသည်။ မကြာမီ ရေစက်ချပါသည်။

"ကြားကြားသမျှ မြင်အပ်၊ မမြင်အပ် သတ္တဝါများ အမျှ...အမျှ...အမျှ...ယူတော်မူကြပါ"

အလှူရှင်က အမျှပေးသည်နှင့် အောင်ပန်းက သာဓုသုံးကြိမ်ခေါ်လိုက်ပါသည်။ အလှူပွဲ အောင်မြင်စွာ ပြီးဆုံးပြီး အလှူရှင် ဇနီးမောင်နှံ အိမ်သို့ ပြန်ကြသည်ကို အောင်ပန်း ငေးကြည့်နေမိသည်။ ထိုစဉ် အရပ်မြင့်မားသော ပုဂ္ဂိုလ်ကြီးက အနီးသို့ ရောက်လာပြီး အောင်ပန်းကို ကပ်၍ပြောလိုက်သည်။

"မင်း သူတို့နဲ့ လိုက်သွား၊ သူတို့ အိမ်မှာ နေရမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

အောင်ပန်း လိုက်ခဲ့ပါသည်။ ထိုအိမ်သို့ ရောက်သည်နှင့် ဇနီးသည်၏ ဝမ်းတွင် နေရှရပါသည်။ လူ့ဘဝ ပြန်ရောက်ရတော့မည်ဖြစ်၍ ဝမ်းသာနေသည်။ ဆရာတော်ကြီးကိုလည်း သူ ရောက်ရှိနေပုံကို အိပ်မက်ပေးလိုက်သည်။ ထိုနည်းဖြင့် အောင်ပန်း လူ့ဘဝသို့ ပြန်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အောင်ပန်းက သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်သည်။ ကြားရသူများ အံ့သြပြီး သရဏဂုံ၏ အစွမ်းကို ပိုမိုယုံကြည် လေးစားနေမိကြပါတော့သည်။

* * *

ခကောင်းခသော်



www.burmeseclassic.com

www.burmeseclassic.com



# ပေါလွင်ဦး(ရေး)

မကောင်းသောအိပ်မက် ပ,ပျောက်

ပဋ္ဌာန်းရွက်ပွား ကောင်းကျိုးများ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ပုထုဇဉ် လူသားများသည် အိပ်မက်မက်တတ်ကြသည်။ တစ်ခါတစ်ရံ ကောင်းသော အိပ်မက် မြင်မက်သကဲ့သို့၊ တစ်ခါတစ်ရံတွင်လည်း အိပ်မက်ဆိုးများကို မြင်မက်တတ်ကြသည်။ ယခုအခါတွင် လူတို့သည် အိပ်မက်ကို အတိတ်ကောက်၍ နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းများကို ထိုးတတ်ကြသည်။ မိမိမြင်မက်သော အိပ်မက်သာတင် မဟုတ်၊ ဘိုးတော်၊ မယ်တော်တို့၏ အတိတ်စိမ်းကိုပါ ချဲ နှစ်လုံးထီ ထိုးတတ်ကြပါသည်။

ပုထုဇဉ်လူသားတို့၏ သဘာဝအရ ကောင်းကျိုးကို မြင်မက်လျှင် ပျော်ရွှင်ကြသကဲ့သို့၊ အိပ်မက်ဆိုးများကို မြင်မက်ကြလျှင် စိတ်ဆင်းရဲပြီး လူကြီးများ၊ ရဟန်းသံဃာတော်များထံ မေးတတ်ကြသည်။ တချို့မှာ စာအုပ်များကို ဖတ်ရှု၍ ကောင်းကျိုး၊ မကောင်းကျိုးများကို လေ့လာတတ်ကြသည်။

ကျွန်ုပ်သည် အိပ်မက်နှင့် ပတ်သက်၍ ယုံသည်လည်း မဟုတ်၊ မယုံသည်လည်း မဟုတ်သောကြောင့် သိပ်အစွဲအလမ်းမရှိချေ။ တစ်နေ့သောအခါ အိပ်မက်ထဲတွင် ဖြစ်သည့်အတိုင်း ဥစ္စာပစ္စည်းများ ဆုံးရသည်၊ ငွေကြေးများ အလိမ်ခံလိုက်ရသည်။ ထိုအခါ လူသားတို့ အားကိုးနေကြသော ဘိုးတော်၊ မယ်တော်၊ နတ်ကတော်တို့ထံသို့ ဇနီးသည်၏ ဦးဆောင်မှုနောက်တွင် ကျွန်ုပ်သည် ခေါင်းငိုက်စိုက်၍ လိုက်ပါလာခဲ့ရသည်။ မယုံသော်လည်း စိတ်တော့ ပြေပါစေပေါ့ ဆိုသည့်အတွေးနှင့် လိုက်ပါခဲ့ခြင်းဖြစ်သည်။ ရှင်းရှင်းပြောရလျှင် ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတစ်ပါး ယုံကြည်ကိုးကွယ်သူ မဟုတ်ချေ။

ထို့နောက် ဥပုသ်နေ့တစ်နေ့တွင် ဘုန်းကြီးကျောင်းသို့ သွား၍ အိပ်မက်အကြောင်းကို ဆရာတော်ထံ လျှောက်ထားပြီး စီးပွားရေးကျဆင်းလာသည်ကိုလည်း လျှောက်ထားသော် ဆရာတော်က "အိပ်မက်တိုင်းကို အမှန်ယူလို့ မရဘူး ဒကာရဲ့။ စနေနေ့အိပ်မက်မှ မိမိနဲ့ သက်ဆိုင်တယ်။ တိုက်ဆိုင်မှုလေးတော့ ရှိချင် ရှိမှာပေါ့ကွာ" ဟု ဆိုကာ အိပ်မက်ကျမ်းကို ပြောပြလေ၏။

"အိပ်မက်ဆိုတာ မက်ခြင်း (၄)ပါးရှိတယ်။

(၁) စိတ်ချောက်ချားမှုကြောင့် မက်ခြင်း။

(၂) ရှေ့က လေ့ကျင့်ခံစားမှုကြောင့် မက်ခြင်း။

(၃) နတ်တို့ လှည့်စားမှုကြောင့် မက်ခြင်း။

(၄) ပုဗ္ဗနိမိတ်ကြောင့် မက်ခြင်း ဟူ၍ ဖြစ်တယ်လို့ အိပ်မက်ဒီပကာကျမ်းမှာ ဖော်ပြထားတယ်ကွ။

စိတ်ချောက်ချားမှုကြောင့် မက်သော အိပ်မက်များသည် ကြောက်မက်ဖွယ်ရာ အိပ်မက်များဖြစ်သည်။ ထိုအိပ်မက်မျိုးသည် သွေးလေချောက်ချားမှုကြောင့် မမှန်ကန်သည်က များသည်။

မိမိတို့ ရှေ့က ခံစားဖူးသော၊ လှပတင့်တယ်သော အဆင်းအမျိုးမျိုး၊ မနှစ်သက်သော ကြောက်ဖွယ်လီလီကောင်းသော အဆင်းအမျိုးမျိုး၊ မိမိရှေ့က စားသောက်ခဲ့ရသော အရသာအမျိုးမျိုးနှင့် ပျော်ရွှင်ဖွယ်၊ ဝမ်းနည်းဖွယ်တို့ကို ပြန်၍ မက်တတ်သောကြောင့် ထိုအိပ်မက်သည် မှန်ကန်မှု မရှိပါ။

နတ်များက ချစ်၍ ကောင်းသောအကျိုးကို လိုလားသောကြောင့် ကောင်းသောအိပ်မက်များကို မက်စေကြသည်။ နတ်များ အမျက်ထွက်သည်ရှိသော် မကောင်းသော မကောင်းကျိုးအာရုံများကို မက်စေသည်။ ထိုအိပ်မက်မျိုးသည် မှန်သည်လည်း ရှိသကဲ့သို့၊ မမှန်သည်လည်း ရှိတတ်သည်။ နတ်များသည် မကျေနပ်၊ အမျက်ထွက်၍ လူတို့အား အကျိုးပျက်စီးအောင်လည်း အိပ်မက်ပေးတတ်ကြသောကြောင့် ဖြစ်သည်။

လူတို့သည် ကောင်းမှုကုသိုလ်ကံအကြောင်းကြောင့် ကောင်းကျိုးများ ဖြစ်ထွန်းလာသည့် ရှေ့ပြေး နိမိတ်ကို မြင်



www.burmeseclassic.com

မက်တတ်ကြသော ပုဂ္ဂိုလ်များ ရှိကြသည်။ အကုသိုလ်များသူတို့သည် မိမိတို့ ပြုလုပ်သော အကုသိုလ်အကျိုးကြောင့် မကောင်းသော အကျိုးများ ဖြစ်ပေါ်လာမည့် နိမိတ်ကို မြင်မက်သည်။ ကောင်းသော ကုသိုလ်ပြုလုပ်သူများသည် ကောင်းသောအကျိုးကိုသာ ရရှိတတ်သည်။ ထိုအိပ်မက်သည် အများအားဖြင့် မှန်တတ်လေသည်။

◆◆◆

အကျိုးအကြောင်းကို ဖော်ပြရသော် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ရက်နေ့ည၊ သန်းခေါင်ယံအချိန်တွင် အလောင်းတော်သည် မြင့်မိုရ်တောင်ကို ခေါင်းအုံးပြီး အရှေ့သမုဒ္ဒရာတွင် လက်ဝဲဘက် ထား၍ အနောက်သမုဒ္ဒရာတွင် လက်ယာဘက် ထားကာ၊ တောင်သမုဒ္ဒရာတွင် ခြေနစ်ဖက်ထား အိပ်စက်သည်ဟု အိပ်မက် မြင်မက်သည်။ ထိုအိပ်မက်သည် သဗ္ဗညုတ ဉာဏ်တော်ကို ရရှိကာ ဘုရားရှင်စင်စစ်ဖြစ်ရန်အတွက် မြင်မက်သော ပုဗ္ဗနိမိတ်အိပ်မက်မျိုးဖြစ်ကြောင်း အထောက်အထားဖြစ်သည်။

သို့ရာတွင် နေ့အခါ မက်သော အိပ်မက်သည် မှန်၊ မမှန်ကို တိကျစွာ မဝေခွဲတတ်ချေ။ ထို့အတူ ညဦးယံမက်သော အိပ်မက်၊ သန်းခေါင်ယံ မက်သော အိပ်မက်၊ မိုးသောက်ယံ နံနက် ၃နာရီအချိန်တွင် မက်သော အိပ်မက်တို့သည် အများအားဖြင့် မမှန်သည်က များ၏။

နံနက် အရုဏ်တက်ချိန်တွင် မြင်မက်သော အိပ်မက်သည်သာ မှန်တတ်သည်။ တရားမှတ် အိပ်သူများ၊ ပုတီးစိပ်အိပ်သူများနှင့် ဘုရားစာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး အိပ်... ဝင်သောသူများသည် အိပ်မက်မက်ခြင်း နည်းပါးလှပေသည်။

ထို့ကြောင့် အိပ်မက်မက်ခြင်းသည် အများအားဖြင့် ပူပန်သောကများသောသူများဖြစ်သည်။ အိပ်ခါနီး အကြောင်း... ကြောင်းတို့အား တွေးတောကာ အိပ်ပျော်သွားတတ်သော... ကြောင့် အိပ်မက်ဆိုးများ မက်တတ်လေသည်။ အချို့လူများသည် အိပ်မက်ထဲမှ မကောင်းကျိုးကို စွဲလမ်းကာ ဥပါဒ်... ကြောင့် ဥပဒ်ရောက်တတ်လေသည်ကို သတိပြုရန် လိုအပ်ပေသည်။

အိပ်မက်ဆိုးများ မက်သော် တန်ခိုးကြီးဘုရားတစ်ဆူတွင် ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်ဖတ် သရဇ္ဈာယ်၍ သန့်ရှင်း... လုပ်ပါက မကောင်းမှုများ ပျောက်ကွယ်သွားပြီး ကောင်းကျိုးများကို မလွဲမသွေရရှိနိုင်ပါလိမ့်မည်။

* * *

ပေါ်လွှင်ဦး(...


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့ ...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံ...




www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်း အီဂျစ် နတ်ဘုရားကျောင်းများ

## (ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ)

▌ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)▐





မင်းကွန်းဘက်ကမ်းက ခြင်္သေ့ကြီး၊ မင်းကွင်းစေတီကြီးနှင့် ခေါင်းလောင်းကြီးတို့လိုပင် ကမ္ဘာတွင်လည်း ထင်ရှားကျော်ကြား့သည့် ကြီးမားသော ရှေးဟောင်းအဆောက်အအုံကြီးများရှိကြသည်။


ယခုခေတ် အီဂျစ်နိုင်ငံတောင်ပိုင်း Aswanmuhafazah အုပ်ချုပ်ရေးနယ်မြေ၊ အဘူဆင်ဘဲလ် (Abu Sim-bel) အရပ်တွင် အီဂျစ်ဘုရင် ဒုတိယမြောက် ရမ်ဆီ(RamsesII) တည်ဆောက်ခဲ့သည့် ကြီးမားသောဘုရား ကျောင်းကြီးနှစ်ခု ပျက်မစီး ကျန်ရှိနေသေးသည်။ ထိုမင်း ကား ၁၂၇၉-ဘီစီ (၁၂၇၉-၁၃ BCE)တွင် မင်းလုပ် အုပ်ချုပ်ခဲ့သော အီဂျစ်ဘုရင်ဖြစ်၏။ ရှေးရှေးအခါကမူ ဤနေရာဒေသများသည် နူဘီယာ(Nubia)သို့ မျက်နှာမူထားသော၊ အီဂျစ်ဖာရိုးဘုရင်(Pharaonic Egypt)များ၏ တောင်ပိုင်း ရှေ့တန်းနယ်မြေဖြစ်သည်။ ပင်မ ဘုရားကျောင်းကြီး၏ ရှေ့ဘက်ဆီတွင် ထိုရမ်ဆီဘုရင်ကြီး၏ ထိုင်တော်မူနေဟန် ကြီးမားသော ရောမရုပ်တုကြီး(Colossal statues) လေးခုရှိသည်။ ယင်းတို့သည် ခမ်းနားကြီးကျယ်သော ရှေးဟောင်းအီဂျစ်အနုပညာ၏ လက်ဖျားခါလောက်သည့် အံ့ဘနန်းလက်စွမ်းများဖြစ်ကြပေသည်။ ဘုရားကျောင်း အဓိက ဝင်ပေါက်အနီးရှိ ကြီးမားသော ရောမရုပ်တုကြီးကား ရမ်ဆီဘုရင်ကြီး ထိုင်တော်မူနေဟန် ရုပ်တုဖြစ်၏။

ဤဘုရားကျောင်းများသည် ကိုရိုစကို(Korosko) ဒေသတောင်ပိုင်း၊ ယနေ့ခေတ် ကူရူစကူ(Kurusku)ရှိ နိုင်းမြစ်ကြီး၏ အနောက်ဘက်ကမ်းပါးပေါ်မှ ကွေ့ဝိုက်ထွက်




www.burmeseclassic.com

www.burmeseclassic.com



နေသော ထုံးကျောက်တောင်စွယ်ကြောင့် မြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်တောက်ကာ မည်သူမှ မသိရှိခဲ့ကြပေ။ ၁၈၁၃ ခုနှစ်တွင် ဆွစ်လူမျိုး သုတေသီ ဂျိုဟာန်လူဝစ်ဘာ့ချာဒ်(Johann Ludwig Burckhardt)၏ ရှာဖွေတွေ့ရှိမှုကြောင့်သာ ဘုရားကျောင်းများကို ပြန်လည် လူသိများလာခဲ့သည်။ ၁၈၁၇ခုနှစ်တွင်ကား အစောပိုင်း အီဂျစ်ကျွမ်းကျင်သူ 'Egyptologist' ပညာရှင် ဂျီအိုဗန်နီ ဘတ်တစ်စတာ ဘယ်လဇိုနီ(Giovanni Battista Belzoni)လည်း ပထမဆုံးအကြိမ်အဖြစ် လေ့လာစူးစမ်းဖို့ ရောက်ရှိလာခဲ့လေ၏။



ရမ်ဆီဘုရင် ထိုင်တော်မူနေဟန် ၆၆ ပေ (မီတာ ၂၀) အမြင့်ရှိ ရုပ်တုကြီးများသည် ကွေ့ဝိုက်နေသော ကျောက်တောင်စွယ်၏ ခွက်နေသည့်ဘက်သို့ မျက်နှာမူလျက် ရှိသည်။ ကျန် နှစ်ခုကား ပင်မဘုရားကျောင်းကြီး ဝင်ပေါက်ဘေးတွင် ရှိနေပါသည်။ ရုပ်တုကြီးများ၏ ခြေရင်းတွင်ကား ဘုရင်ရမ်ဆီ၏ သားတော်၊ သမီးတော်များ။ မိဖုရား။ နဖာတာရီ (Nefer-tari)၊ သူ့မယ်တော်၊ မတ်တိုင်း(Muttuy) (သို့မဟုတ်) ဘုရင်မ-တီ (Queen Ti)တို့ကို ကိုယ်စားပြုသည့် သေးငယ်သောရုပ်တုလေးများသည် ဝေ့ဝိုက်ကာ အစီအရီတည်ရှိနေကြလေ၏။ တောင်ဘက်အစုံတွင် ရေးခြစ်ထားသော နံရံစာ(Graffiti)များကား ၆ရာစု ဘီစီ (The 6th c BCE)က အီဂျစ်တွင် တာဝန်ထမ်းဆောင်သည့် ဂရိကြေးစား



www.burmeseclassic.com

www.burmeseclassic.com


စစ်သား(Greek mercenaries)များ၏ လက်ရာဖြစ်သည်။ သို့ဖြစ်ရာ ယင်းအရေးအသားများသည် အစောပိုင်း ဂရိ အက္ခရာများ(The Greek alphabet) သမိုင်းအတွက် အရေးပါသော သက်သေများဖြစ်နေလေ၏။



ဘုရားကျောင်းကြီးသက်သက်ကား နေဘုရား(Amon-Re)နှင့် (Re-Horakhte)အတွက် ရည်စူး တည်ဆောက်ထားခြင်းဖြစ်၏။ ယင်းတွင် ကျောက်တောင်စွယ်သို့ ဦးတည်နေသည့် အစဉ်လိုက် ဆက်တိုက်ရှိနေသည့် ၁၈၅ ပေ(၅၆ မီတာ)ရှည်သော ခန်းမ (၃)ခု ပါဝင်သည်။ ထိုခန်းမများတွင်ကား အော့စီရိဒ်ဘုရင်ကြီးရုပ်တု(Osiride statues)များ (The Battle of Kadesh)က ဒတ်ရှ်စစ်ပွဲတွင် ဘုရင်ကြီး အောင်ပွဲဆင်ခဲ့ပုံများကို သရုပ်ဖော် ရေးခြယ်ထားသည့် ပန်းချီများဖြင့် တန်ဆာဆင်ထားလေ၏။

တစ်နှစ်လျှင် ၂ရက်မျှ ဖေဖော်ဝါရီလ ၂၂ရက်နှင့် အောက်တိုဘာလ ၂၂ရက်နေ့များတွင် မနက်ခင်း၏ ပထမဆုံး နေခြည်တန်းသည် ဘုရားကျောင်း၏ အလျားတစ်လျှောက် ထိုးဖောက်ဝင်ရောက်လာတတ်ကာ ဘုရားကျောင်း၏ အတွင်းပိုင်း ခန်းဆောင်များအထိ လင်းတောက်စေခဲ့သည်။

ပင်မဘုရားကျောင်းကြီး၏ မြောက်ဘက် ကပ်လျက်တွင်ကား သေးငယ်သော ဘုရားကျောင်းလေး ရှိ၏။





www.burmeseclassic.com


www.burmeseclassic.com

ယင်းသည် နဖာတာရီအတွက် ရည်စူး ဆောက်လုပ်ထားခြင်း ဖြစ်ကာ၊ နတ်ဘုရားမ ဟောသော်(The Goddess Hathor) ကို ပူဇော်ကန်တော့ရန်ဖြစ်သည်။ ထိုဘုရားကျောင်းတွင်လည်း ၃၅ပေ(၁၀မီတာခွဲ)ရှိသည့် ဘုရင်နှင့် မိဖုရားရုပ်တုများဖြင့် တန်ဆာဆင်ထား၏။

နှစ်ဆယ်ရာစုအလယ်လောက်တွင်မှ အဆွမ်ဆည်ကြီး (The Aswan High Dam)ဘေး၌ တည်ဆောက်ထားသော ရေလှောင်ကန်ကြီးသည် အဘူဆင်ဘယ်လ်(Abu Simbel) အရပ်ကိုပင် ရေလွှမ်းမိုး နစ်မြုပ်နိုင်သည်အထိ ခြိမ်းခြောက်လာလေ၏။ သို့ဖြင့် ကုလသမဂ္ဂပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး UNESCO နှင့် အီဂျစ်အစိုးရလည်း ထိုဒေသကို ကာကွယ်ရန် စီမံကိန်းများ ရေးဆွဲချမှတ်ရလေတော့သည်။ ၁၉၅၉ ခုနှစ်တွင် သတင်းထုတ်ပြန်ရေးနှင့် ရန်ပုံငွေ မြှင့်တင်ရေးအတွက် ယူနက်စကိုမှ စည်းလုံးလှုံ့ဆော်ရေးများ စတင်လုပ်ဆောင်လာ၏။ ၁၉၆၀ ခုနှစ်တွင်ကား ဘုရားကျောင်းများကို အဆွမ်ဆည်ကြီး တည်ဆောက်မှုကြောင့် နိုင်းမြစ်မှ ရေများ မြင့်တက်လာမှုမှ အင်ဂျင်နီယာလုပ်ငန်းရပ်များ၏ စုပေါင်းလုပ်ဆောင်မှုဖြင့် အောင်မြင်စွာ ကယ်တင်နိုင်ခဲ့လေသည်။

၁၉၆၃ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်များအတွင်းတွင်လည်း နိုင်ငံပေါင်း ၅၀ကျော်မှ ဝိုင်းဝန်းထောက်ပံ့သော ရန်ပုံငွေများဖြင့် အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ ပါဝင်သော နိုင်ငံတကာအဖွဲ့ကြီးသည် အပြင်းအထန်လှုပ်ရှား ဆောင်ရွက်ခဲ့ကြ၏။ ကျောက်တောင်စွယ်၏ ထိပ်ပိုင်းကို တူးထုတ်လိုက်ကြသည်။ ဘုရားကျောင်းအားလုံးကို တစ်စစီ ဖြုတ်ကာ ယခင် ရေးဦးနေရာထက် ပေ ၂၀၀ (မီတာ ၆၀) မြင့်သော မြေအပြင်တွင် ပြန်လည်တည်ဆောက်(reconstructing) လိုက်ကြသည်။ ကျောက်တုံးအစိုင်အခဲကြီး (၁၆၀၀၀)ကို ရွှေ့ခဲ့ကြရ၏။ ၁၉၇၉ ခုနှစ်တွင်ကား အဘူဆင်ဘယ်လ် (Abu Simbel)၊ ဖီလေး(Philae)နှင့် အခြားသော အနီးအနားရှိ ရှေးဟောင်း အဆောက်အအုံအားလုံး ပါဝင်သော နေရာကို တစ်စုတစ်စေးတည်း ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု ဒေသဝံ့အဖြစ် သတ်မှတ်ကြေညာလိုက်တော့သည်။

နောက်ထပ် ရှေးခေတ် အီဂျစ်တို့၏ ရှေးဟောင်း သုတေသန နယ်မြေတစ်ခုကား(Abdju , Coptic Ebot-Abydos) ဖြစ်၏။ ယနေ့ခေတ်တွင် (Al-Arabaal-Madfunah) ဟုခေါ်သော ထိုနေရာကား အရေးပါလှသော အလေးထားစရာ မြို့တော်ကြီးတစ်ခုလည်း ဖြစ်ခဲ့ပေသည်။ ထိုဒေသသည် နိုင်းမြစ်အနောက်ဘက်ကမ်း (Al-Balyana)



အနီးရှိ သဲကန္တာရအနိမ့်ပိုင်းတွင် တည်ရှိနေ၏။ ယင်းနေ သည် အစဦးဆုံးပိုင်း အီဂျစ်နန်းဆက် ဘုရင်များ ရှေးဟောင်း သင်္ချိုင်းကြီး(necropolis)ဖြစ်ကာ၊ နောက်ပိုင် တွင် (Osiris)များ၏ ဝတ်ပြု ကိုးကွယ်ရာ၊ ဘုရားဖူးထွက် လည်း ဖြစ်လာလေသည်။ အဘိုင်ဒေါ့စ်(Abydos) အနောက်ပိုင်း သဲကန္တာရ(Ummal-Qaab)ကား ပထမန ဒုတိယ နန်းဆက်များ၏ တော်ဝင် သင်္ချိုင်းမြေအဖြစ် ကာ ရှည်ကြာစွာ ကျော်ကြား ထင်ရှားခဲ့၏။ ၁၉၇၀ ခု နောက်ပိုင်းတွင် တူးဖော်လေ့လာမှုများ ပြုသောအခါတွ ပထမနန်းဆက်ဟု ယူဆရသော မင်းအဆက်ဆက် ပိုင် ခဲ့သည့် အစောပိုင်းကာလ သင်္ချိုင်းဂူများကို တွေ့ရှိရ သည်။ ယင်းသည် အီဂျစ်နိုင်ငံ၏ တရားဝင် ပေါင်းစည်းခြ ကိုလည်း ညွှန်ပြနေပေသည်။ ထိုသင်္ချိုင်းဂူများတွင် မပျက်မ ကျန်ရှိနေသော အိုးများ၊ တော်ဝင် အမှတ်တံဆိပ်မျ ဆင်စွယ် စာတမ်းများနှင့် များစွာသော နန်းဆက်မရှိသ ဘုရင်မင်းများ၏ အမည်များကို အများအပြား တစ် တစ်ခေါင်းကြီး တွေ့ရှိရသည်။ ထိုသို့ ရေးထွင်းထားသေ စာတန်းများက အီဂျစ် စာပေအရေးအသားသည် သိရှိထ သမျှထက် ပိုစောသော ကာလကပင် တိုးတက်ထွန်းက နေကြောင်း တစ်နည်းတစ်လမ်းအားဖြင့် သက်သေပြ လေ၏။

ထို့ပြင် သဲကန္တာရအစွန်ပိုင်းအနီးရှိ ရွှံ့အုတ်(m brick)များစွာဖြင့် စီရီထားသည့် အရံအတားများကလ ပထမ(၂၉၂၅-၂၇၇၅ ဘီစီအီး)နှင့် ဒုတိယ(၂၇၇၅-၂ ဘီစီအီး)နန်းဆက်များ၏ သင်္ချိုင်းမြေဖြစ်ကြောင်း သက် ပြနေပေသည်။ အရံအတားတစ်ခု၏ တစ်လျှောက်လုံ



www.burmeseclassic.com

www.burmeseclassic.com

အား ခေတ်ဟောင်း ဘုရင်ခေတ်(၂၅၇၅-၂၁၃၀ဘီစီအီး)မှ ပိရမစ်များလည်း ရှိနေ၏။ ထိုပိရမစ်များအနီးရှိ ကျင်းများတွင် လေ့သဘော်များ၏ ရှေးဦး ပုံသဏ္ဍာန်(Prototypes) ဖြစ်နိုင်သော ရှေးဟောင်းလှေများကို အများအပြား မြှုပ်နှံထားကြောင်း တွေ့ရသည်။ ယင်းလှေများမှာ သစ်သားလှေများဖြစ်ပြီး ထုံးသုတ်ထားသော ရွှံ့အုတ်များဖြင့် ဖုံးအုပ်ထားလေသည်။

ခေတ်ဟောင်း ဘုရင်ခေတ်၊ သချိုင်းမြို့တော်ကို ဦးဆောင် ညွှန်ကြားနေသော နတ်ဘုရားကား ခီရန်တီအီမန်တု(Khenti-Imentiu)အမည်ရှိ ခွေးအ-နတ်(The Jackal god)ဖြစ်၏။ ပဉ္စမမြောက်မင်းဆက်(၂၄၆၅-၂၃၂၅ ဘီစီအီး)တွင်မူ ထိုခွေးအ ကိုးကွယ်မှုဓလေ့အား နတ်ဘုရား အော့စိရစ်(The God Osiris)ကိုးကွယ်မှုက တဖြည်းဖြည်း လွှမ်းမိုး ဝါးမျိုသွားပါတော့သည်။ သို့ဖြင့် ထိုမြို့တော်လည်း ကြာမီမှာပင် အော့စိရစ် ကိုးကွယ်မှုဓလေ့ (The Cult of Osiris)၏ ဗဟိုချက်မ ဖြစ်လာလေ၏။ အဘိုင်ဒေါ့စ်သည်း ကြည်ညိုလေးမြတ်သော ယုံကြည်ကိုးကွယ်သူ အီဂျစ်များ၏ ပူဇော် ဖူးမြော်ရာ နေရာတစ်ခုဖြစ်လာတော့သည်။



အီဂျစ်တို့သည် အော့စိရစ်သင်္ချိုင်းဂူ(Tomb of Osiris) ဟု အသိအမှတ်ပြုထားသော အဘိုင်ဒေါ့စ်နယ်မြေနှင့် အနီးဆုံးနေရာတွင် တတ်နိုင်သမျှနီးအောင် ကပ်ပြီး မြှုပ်နှံလိုလာကြ၏။ ထိုနေရာသို့တိုင် လာရောက်မြှုပ်နှံရန် စရိတ်စက မတတ်နိုင်သူများကလည်း သေဆုံးသူ၏ အမည်၊ ဘွဲ့ထူး၊ ဂုဏ်ထူးများကို ရေးထိုးထားသော ကျောက်တိုင်များ လာရောက် စိုက်ထူကာ နတ်ဘုရားထံတွင် တိုင်တည်၍ ဆုတောင်းကြလေသည်။ ထိုသို့သော ကျောက်တိုင်များကို ထောင်နှင့်ချီလျက် မြို့တော် သချိုင်းမြေတွင် တွေ့ရှိရလေသည်။


ထိုခေတ်က ဖာရိုးဘုရင်များ သေဆုံးသွားသောအခါ တွင်မူ၊ အဘိုင်ဒေါ့စ်မှ နတ်ဖြစ်သွားသော ဘုရင်များကို အလေးထားသောအားဖြင့် အဘိုင်ဒေါ့စ်မှာထက်၊ သူတို့ စံမြန်းခဲ့ရာ မြို့တော်အနီးမှာသာ မြှုပ်နှံလေ့ရှိကြ၏။ သို့ဖြင့် အော့စိရစ် နတ်ဘုရားကျောင်း(Temple of Osiris)ကို ပိုမို၍ အထူးတလည် အမွှန်းတင်ကြ၊ တိုးချဲ့ မြှင့်တင်ခဲ့ကြလေသည်။ ရာစုနှစ်များ ကုန်ဆုံးလာသည့်အခါ ပထမ ပေပီ (Pepi I)၊ ပထမ အားမို့ (Ahmose I)၊ တတိယ သွတ်မို့ (Thutmose III)၊ တတိယ ရမ်ဆီနှင့် အားမို့(Ramses III,& Ahmose III) နှင့် ဒုတိယ အားမို့(Ahmose II) စသော အီဂျစ်ဘုရင်များက ထိုဘုရားကျောင်းကို အောင်မြင်စွာ ထပ်မံတည်ဆောက်နိုင်ခဲ့ကြခြင်းဖြင့် ကြီးမားခမ်းနားလာစေတော့သည်။ အဘိုင်ဒေါ့စ်တွင် အချို့သော အလယ်ခေတ်နှင့် ခေတ်သစ်နန်းဆက် ဖာရိုးဘုရင်များ၏ သေဆုံးခြင်းအထိမ်းအမှတ် ကျောက်တိုင်အဆောက်အအုံ (cenotaph) များ၊ မြှုပ်နှံရာ ဂူဗိမာန်ဘုရားကျောင်းများ (a mortuary temple)လည်း ရှိကြလေသည်။

ပထမမြောက် ဆေတီဘုရင့်ဘုရားကျောင်း (The temple of Seti I)ကား အလှပဆုံးသော ထိုအမျိုးအစားမျိုး ကျောင်းတော်ဖြစ်၏။ ယင်း၏ အဆောက်အအုံ ပန္နက်ပုံကလည်း ထူးခြားလှသည်။ ခုနစ်ခုထက် မနည်းသော ဝတ်ပြုရာ အဆောင်များ ရှိပြီး၊ ကျယ်ဝန်းသော အနိမ့်ပိုင်း အခန်းကျယ်ကြီး နှစ်ခန်းလည်းရှိသည်။ အလေးအမြတ်ထားရာ အဆောင်များသည်ကား ဖာရိုးဘုရင်နှင့် အီဂျစ် အဓိကရ နတ်ဘုရားများအတွက် ဖြစ်ကြ၏။ အခြားအခန်းများသို့ ကူးရာလမ်းရှိ ရှည်လျားသော ခန်းမြောင်များတွင်ကား ရုပ်ကြွ(Relief)များ ရှိနေကြသဖြင့် ပြခန်းသဖွယ်ဖြစ်နေလေသည်။ ထိုရုပ်ကြွများကား 'Menes' မှ စသည့် သူတို့၏ ကွယ်လွန်သွားပြီးဖြစ်သည့် ၇၆ ဦးသော ဘိုးဘွားဘီဘင်



www.burmeseclassic.com

www.burmeseclassic.com




ပုံတော်များကို ဆေတီဘုရင် (Seti)နှင့် သူ့သားတော် ရမ်ဆီ (Ramses)တို့မှ ပူဇော် ကန်တော့နေပုံများဖြစ်၏။ သို့ဖြစ်ရာ ယင်းကို အဘိုင်ဒေါ့စ် ဘုရင်မင်းဆက်ဇယား (Abydos list of kings) ဟုလည်း ခေါ်တွင်ခဲ့ကြသည်။ ထိုဘုရားကျောင်းနံရံများတွင် တန်ဆာဆင်ထားသော ရုပ်ကြွ(Relief)များမှာ အလွန်လှပပြေပြစ်ပြီး လက်ရာ အနုစိတ်လှ၏။

ပထမမြောက် ဆေတီဘုရင့်ဘုရားကျောင်း၏ နောက်ဘက်ရှိ ၂၆ ပေ (၈မီတာ)သာ ကျယ်သောနေရာကား အော့စီရီယွန်(The Osireion)ဟု ခေါ်သည့် ထူးခြားမှတ်သားဖွယ်ရာ အဆောက်အအုံဖြစ်၏။ ယင်းကို ဆေတီဘုရင့် အထိမ်းအမှတ်နေရာ(Seti's cenotaph) ဟု ယူဆကြသည်။ ထိုစူးစမ်းလေ့လာချင်စရာ အဆောက်အအုံကား အမိုးခုံးပါသော မြေအောက် ခန်းမဖြစ်ပြီး အလယ်တွင် စင်မြင့်စကြံတစ်ခုပါကာ၊ ကျောက်တိုင်ကြီး ၁၀ခုဖြင့် ထောက်မထား၏။ ပတ်လည်တွင်ကား ရေမြောင်းတစ်ခု ပတ်ရံလျက်ရှိသည်။

နောက် ဘုရားကျောင်းတစ်ခုကား ထိုပထမမြော
ဆေတီဘုရင့်ဘုရားကျောင်း၏ မြောက်ဘက်တွင် ရှိသ
ဒုတိယမြောက် ရမ်ဆီဘုရင် (Ramses II) တည်ဆော
သော၊ ယခုအခါ အတော်ပျက်စီးနေပြီဖြစ်သည့် အဆော
အအုံဖြစ်၏။ အဘိုင်ဒေါ့စ်ဒေသမှ ထို များလှစွာသော ဘု
ကျောင်းများ၏အကြားနှင့် ပတ်လည်တွင် ကျယ်ပြန့်သေ
သင်္ချိုင်းမြေပြင်ကြီး ရှိနေလေသည်။ ယင်းကို သမိုင်းမတ
ကာလများမှ ရောမခေတ်အချိန် ကာလအထိ၊ အစော
အီဂျစ်သမိုင်းကြောင်းရှိ ခေတ်အဆက်ဆက်တိုင်းတွင် အ
ပြုခဲ့ကြလေ၏။ အီဂျစ်သမိုင်းကား နက်ရှိုင်းလေစွတကား

* * *

ကို့ဓအးမြင့်(မဟာဝိဇ္ဇာ၊ ဓနု-

စာကိုး

- **Encyclopædia Britannica - 2012.**



www.burmeseclassic.com

www.burmeseclassic.com

# မီးဖိုချောင်အတွင်းက ဆေးတစ်လက်

သျှင်ထွေး (သန်လျင်)

ဒီတစ်လ စာဖတ်သူတွေကို အိမ်တွင်းမှာ ရှိနေတဲ့ ...ဖက်ဝင် ငွေအကုန်အကျနည်းတဲ့ နည်းလမ်းကောင်း ...တစ်ခုကို ပြောပြချင်ပါတယ်။

အခြားတော့ မဟုတ်ပါဘူး။ စာဖတ်သူတို့နဲ့ လက်ပွန်း ...ရှိသလို၊ နီးလွန်းလို့ မမြင်တွေ့နိုင်တာလည်း ဖြစ်နိုင် ...ယ်။ မီးဖိုချောင်ထဲမှာ အဲဒီဆေးနည်း ရှိပါတယ်။

လူတော်တော်များများ သွန်ပစ်လေ့ရှိတဲ့ ဆန်ဆေး ...ပါပဲ။ ထမင်းချက်ခါနီး ဆန်ကို သန့်စင်အောင် ဆေးကြော ... မွန့်ပစ်လေ့ရှိတဲ့ ဆန်ဆေးရည်ပါ။

ဆန်ဆေးရည်ကို နေ့စဉ် ပုံမှန်သောက်သုံးခြင်းဖြင့် ...အိမ်ရောဂါဝေဒနာများ ပျောက်ကင်းစေပါသည်။

အစာအိမ်ဖြစ်နေသူများ အဆာမခံဘဲ၊ စားစရာများကို ...နှင့်မကျွာ ဆောင်ထားရသူများအတွက် အထူးသင့် ... ပျောက်ကင်းစေပါသည်။

သောက်သုံးရမည့် နည်းလမ်းမှာ မနက်အိပ်ရာနိုးနိုးချင်း ... ဆန်ဆေးရည်ကို မတ်ခွက်တစ်ခွက်အပြည့် အမြဲ သောက်ပေးပါ။ လပိုင်းအထိ စွဲမြဲစွာ သောက်သုံးပေးပါ။

သန့်စင်သော ဆန်ဆေးရည်ရနိုင်ဖို့ နည်းလမ်းကတော့ ထမင်းချက်ခါနီး ပထမဆုံး ဆေးမည့်အကြိမ်ကို အလျင်အမြန်ဆေးပေးပါ။ ထိုမှသာ ဆန်တွင် ပါဝင်နေသော အမှုန်များ၊ အမှိုက်များ သန့်စင်သွားမည်ဖြစ်သည်။

ဒုတိယအကြိမ် ဆေးသောအခါ ဆန်စေ့များကို လက်ဖြင့် ကျကျနန ပွတ်တိုက်ဆေးကြောပါ။ ရရှိလာသော ဆန်ဆေးရည်ကို နေ့စဉ်သောက်သုံးပေးပါက နှစ်ရှည်လများ ခံစားနေရသော အစာအိမ်ရောဂါဝေဒနာများ မုချ ပျောက်ကင်းစေပါသည်။

ယုံယုံကြည်ကြည်ဖြင့် လက်တွေ့ စမ်းသပ်ကြည့်ကြပါ။ ငွေကုန်ကြေးကျ သက်သာပြီး ဘေးထွက် ဆိုးကျိုးမရှိသော အိမ်တွင်း ဆေးနည်းကောင်းတစ်လက်ဖြစ်ပါသည်။


* * *

သျှင်ထွေး(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဒီတိုက်ပုကလေးကို ကျုပ်ကြိုက်တယ်။ ဒါပေမယ့်လို့ လောလောဆယ် ကျုပ်မှာ ငွေနည်းနေသေးတယ်။ ကျုပ်ငွေတွေကို နောက် ခြောက်လလောက်မှ ပြန်ရမှာ။ ဒီလိုလုပ်ဗျ၊ ကျုပ် ဒီတိုက်ပုကို ခြောက်လ ငှားနေမယ်။ ခြောက်လပြည့်ရင် ကျုပ်ဝယ်မယ်"

ကျွန်ုပ်သည် တိုက်ပိုင်ရှင်ကို ပြောသည်။

တိုက်ပိုင်ရှင်မှာ အဆောက်အအုံများကို ဆောက်လုပ်ပြီး ပြန်ရောင်းသူ ကန်ထရိုက်တာလည်း ဖြစ်သည်။

သူသည် ခေတ္တစဉ်းစားလိုက်ပြီး…

"ကောင်းပြီလေ၊ ခြောက်လ ငှားနေပေါ့။ အဲ…တစ်ခုတော့ ရှိတယ်ဗျ။ ကြားထဲ ဒီတိုက်ဝယ်မယ့်သူ လာရင် တစ်လအတွင်း ဖယ်ပေးမယ်လို့တော့ အိမ်ငှားစာချုပ်ထဲမှာ ထည့်ချုပ်မယ်။ ဘယ်လိုလဲ၊ သဘောတူသလား"

ဟု ပြောရာ ကျွန်ုပ်က…

"သဘောတူတယ်။ ကျုပ်က မြို့ထဲက အခန်းကျဉ်းလို့ ဒီမြို့သစ်မှာ နေချင်တာ။ ဝယ်သူလာရင် တစ်လအတွင်း ကျုပ်ဖယ်ပေးမယ်"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။

ရန်ကုန်တိုင်းအတွင်းရှိ မြစ်တစ်မြစ်၏ ကမ်းနံဘေးတွင် မြစ်နှင့်ဆိုလျှင် ပေ ၂၀၀ ခန့်ကွာသောနေရာ၌ ဆောက်ထားသော ထိုတိုက်ပုကလေးမှာ အသစ်စက်စက်။ မြစ်ကမ်းနံဘေး၌ အလားတူ တိုက်ငါးလုံးရှိ၏။ ထိုတိုက်များတွင် လူများ နေ့နေကြလေပြီ။ တစ်တိုက်နှင့် တစ်တိုက်မှာ ပေ ၂၀ခန့် ကွာသည်။

တိုက်ပုကလေးတွင် အိပ်ခန်းသုံးခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ အခန်းတိုင်းတွင် ရေချိုးခန်းနှင့် ရေအိမ် ပါသည်။

ကျွန်ုပ်ရော၊ ကျွန်ုပ်ဇနီးပါ ကြိုက်သွားသည်။

ကျွန်ုပ်၏ မိသားစုတွင် ကျွန်ုပ်တို့ လင်မယား၊ ၁၀နှစ်အရွယ် သားနှင့် ၈နှစ်အရွယ် သမီး၊ အိမ်ဖော် အမျိုးသမီးတစ်ယောက်နှင့် အိမ်မွေးခွေး တစ်ကောင်။

ကျွန်ုပ်တို့သည် ရန်ကုန်မြို့တွင်းရှိ ကျဉ်းကျဉ်းကျပ်ကျပ် တိုက်ခန်းထဲ၌ နေရသည့်ဘဝမှ လွတ်မြောက်၍ ပျော်သွားကြသည်။

ကျွန်ုပ်တွင် ကားရှိရာ မြို့ထဲသို့ သွားရာတွင် ကားရှိသောကြောင့် အဆင်ပြေ၏။ အသက်ရှူဝ၍ လေကောင်း လေသန့်ရ၏။

ကျွန်ုပ်သည် အရောင်းအဝယ် သမားတစ်ယောက်ဖြစ်ရာ မြို့ထဲသို့ နေ့စဉ် (တနင်္ဂနွေနေ့မှအပ) သွားရသည်။

မြစ်ကမ်းနံဘေးရှိ ထိုတိုက်ပုကလေးသို့ ကျွန်ုပ်တို့ ရောက်ပြီး ၁၀ ရက်အကြာ မီးဖိုဆောင်ရှိ ရေဘုံဘိုင် ဒုက္ခပေးသောကြောင့် တိုက်ပိုင်ရှင် ဦးလှမိုးထံ တယ်လီဖုန်းဆက်လိုက်သည်။

"ဦးလှမိုး…ကျွန်တော် ဦးတင်သောင်းပါ"

"ပြောပါ ဦးတင်သောင်း"

"ဒီနေ့ မီးဖိုခန်းထဲက ရေဘုံဘိုင်ကို ဖွင့်တာ ရေမလာဘူး။ ခါတိုင်း လာနေကျပါ။ ဒါနဲ့ ဘုံဘိုင်ခေါင်းကို မသုံးဘဲ ထားလိုက်တယ်။ တအောင့်လောက်ကြာတော့ အဲဒီ ရေဘုံဘိုင်ဟာ သူ့အလိုလိုပွင့်ပြီး ရေတွေ ထွက်လာတယ်။ ဘုံဘိုင်ကို ပြန်ပိတ်လို့ မရဘူး။ မီးဖိုခန်းထဲ ရေတွေ ရွှဲကုန်ပြီ၊ ခင်ဗျားဆီက ရေပိုက်ပြင်သမားတစ်ယောက်လောက် ခပ်မြန်မြန်လွှတ်ပေးပါ"

"ကောင်းပြီ"

နောက် မိနစ် ၂၀ခန့်အကြာတွင် ပိုက်ပြင်သမားတစ်ယောက်ကို ဦးလှမိုး ခေါ်လာသည်။

"ဘယ်လိုဖြစ်သွားပါလိမ့်။ ကျွန်တော်က တိုက်ထဲက ရေ၊ မီး အားလုံးကို သေသေချာချာစစ်ဆေးပြီးသားပါ"

ဟု ဦးလှမိုးက ပြောသည်။

သူ့တာပည့်သည် အိမ်ထဲရှိ ရေပိုက်များအားလုံးကို ထိန်းထားသော အဓိက ခလုတ်ကို ပိတ်လိုက်သည့်တိုင် ရေများမှာ ပန်းထွက်နေဆဲပင်။ ပိုက်ပြင်သမားသည် ရေထွက်နေသောပိုက်ကို တိုက်အပြင်ဘက်မှ ဖြတ်လိုက်သောအခါမှ အိမ်တွင်းသို့ ရေများ အဝင်ရပ်သွားပြီး အိမ်ပြင်ဘက်တွင်သာ ရေများ ပန်းထွက်နေ၏။

ပိုက်ပြင်သမားသည် မီးဖိုချောင်ထဲ ဝင်သော ရေပိုက်ကို တိုက်အပြင်ဘက်တွင် ထားလိုက်ပြီး အခြားအခန်းမှ ရေပိုက်နှင့် ဆက်၍ မီးဖိုချောင်သုံးရေကို ရအောင် ခက်ခက်ခဲခဲပြုလုပ်ပေးသည်။ အချိန် ၃နာရီခန့် ကြာသွားသည်။

နောက် ငါးရက်အကြာ ရန်ကုန်မြို့ထဲသို့ ကျွန်ုပ်ရောက်ပြီး အလုပ်စားပွဲတွင် ထိုင်ကာရှိသေး၊ ကျွန်ုပ်၏ ဇနီးထံမှ တယ်လီဖုန်း ဝင်လာသည်။

"မောင်… မြန်မြန်ပြန်လာပါဦး။ မီးဖိုဆောင်နဲ့ ထမင်းစားခန်းအကြားမှာ တပ်ထားတဲ့ တံခါးအရှင်နဲ့ ကျွန်မ နပူးဆောင့်မိလို့ နပူးကွဲပြီး သွေးတွေ



www.burmeseclassic.com

www.burmeseclassic.com

ထွက်နေတယ်။ အဲဒါ ဆေးခန်းသွားမှ ဖြစ်မယ်"

ဟုပြောသောကြောင့်ကျွန်ုပ်သည် အိမ်သို့ အမြန်ပြန်သွားရပြန်သည်။

"မောင်ရယ်... ကျွန်မ မီးဖိုခန်းထဲက ဟင်းပန်းကန်တွေ သယ်အသွားမှာ အဲဒီ တံခါးရှင်၊ တံခါးရွက်တစ်ခုဟာ ဘယ်သူမှလည်း မတွန်းဘဲနဲ့ သူ့အလိုလို ကျွန်မကို ရိုက်လိုက်တာ ပန်းကန်တွေလည်း ကျကွဲ၊ နဖူးလည်း ကွဲ၊ ဆန်းတော့ တော်တော်ဆန်းတယ်"

ကျွန်ုပ်သည် ဇနီးကို ဆေးခန်းသို့ အမြန်ခေါ်သွားရသည်။ ဇနီး၏ ဒဏ်ရာမှ သိပ်တော့ မကြီးပါ။ သွေးထွက်များသွားသောကြောင့် ဆရာဝန်က ဆေးကုသမှု ပြုလုပ်ပေးပြီး လှုပ်လှုပ်ရှားရှားမနေဘဲ အိပ်ရာထဲ၌သာ နေဖို့ ညွှန်ကြားသည်။

ကျွန်ုပ်သည် ထိုနေ့က ရန်ကုန်မြို့ထဲ မသွားတော့၊ ညနေပိုင်းတွင် အိမ်နီးချင်းတိုက်များ၌ နေသူများအား သူတို့၏ နေရေး အဆင်ပြေမပြေ စုံစမ်းရာ အဆင်ပြေပါတယ်ဟုသာ ပြောကြသည်။

ကျွန်ုပ်တို့၏ တိုက်တွင်ဖြစ်သော ဖြစ်ရပ်မျိုး မရှိဟု ပြောကြသည်။

(ကျွန်ုပ်သည် ဇနီး၏ နဖူးကို ကွဲသွားစေသော တံခါးရှင် နှစ်ရွက်ကို ဖြုတ်ပြီး ချောင်ကျကျ တစ်နေရာတွင် ထားလိုက်သည်။)

◆◆◆

နောက်တစ်ပတ်ခန့်အကြာ ညက ကျွန်ုပ်တို့ မွေးထားသောခွေးသည် တစ်ညလုံးလိုလို ညှော်ခန်းတွင် ဟောင်နေရာ ကျွန်ုပ်ရော၊ ကျွန်ုပ်ဇနီးပါ အိပ်ပျက်ကြသည်။ မိုးလင်းခါနီးမှ ခွေးသည် အဟောင်းရပ်သွားသည်။

နံနက် ၇နာရီခန့်တွင် ကျွန်ုပ်နိုး




သည်။ ညှော်ခန်းကို သွားကြည့်ရာ ညှော်ခန်းထဲရှိ စားပွဲကုလားထိုင်များ ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့ရ၏။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်ုပ်သည် ဤရပ်ကွက်၌ နေပြီး တိုက်များ ဆောက်လုပ်ရာ၌ ပါဝင်အလုပ်လုပ်သော အလုပ်သမားများရှိလျှင် စုံစမ်းရန် ရပ်ကွက်ထဲသို့ ထွက်လာခဲ့သည်။

ကံအားလျော်စွာ ဤရပ်ကွက်၌ ကာလရှည်ကြာစွာ နေထိုင်သူ သက်ကြီးရွယ်အိုတစ်ယောက်နှင့် တွေ့သည်။

"အဘက ဒီရပ်ကွက်မှာ ငယ်ငယ်ကတည်းက နေလာတာ။ ဒီရပ်ကွက်က ရွာငယ်လေးတစ်ရွာပါ။ အခု မြို့သစ်တည်တော့ အဘရဲ့ တူသားတွေ အလုပ်ရကြတာပေါ့။ သူတို့က ပြောပြတယ်။ တိုက်တစ်လုံးကို ဆောက်ဖို့ မြေကြီးတွေ တူးတော့ လူရိုးတွေ တွေ့ရတယ်တဲ့။ အဲဒီလူရိုးတွေကို အဲဒီတိုက်အောက်က မြေကြီးထဲ

မှာ ပြန်မြှုပ်ပစ်ခဲ့တယ်တဲ့။ အဘာ သိ
သလောက် ပြောရရင် အဲဒီနေရာတစ်
ဟာ ဟိုတုန်းက ရွာရဲ့ သုသာန်နေရာ
ပဲ"

ကျွန်ုပ်သည် ကျွန်ုပ်တို့ နေသည့် တိုက်အကြောင်းကို သူ့အား ပြောပြ
တော့...

"ကျေးဇူးတင်ပါတယ်"

ဟု ပြော၍ ပြန်လာပါသည်။

◆◆◆

နောက်တစ်ပတ်ခန့်အကြာတွင် ညဘက်၌ ခွေးသည် ညှော်ခန်းတွင် ဟောင်နေစဉ် ညှော်ခန်းထဲမှ ဝုန်း
ကျယ်ကြားသောကြောင့် ကျွန်ုပ်သည် မီးဖွင့်ပြီး ထကြည့်ရာ မျက်နှာကြ
တစ်ချပ်ပြုတ်ကျသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် ခွေးကို ကျွန်ုပ်တို့၏ အိ
ခန်းထဲ ခေါ်သိပ်လိုက်သည်။

ကျွန်ုပ်သည် သားသမီးတို့ အိ
သောအခန်းကို စိတ်ပူမိသည်။ မမြ
သော အရာက နှောင့်ယှက်နေသည်
ယုံကြည်မိသည်။

ကျွန်ုပ်၏ ဇနီးက...

"ဒီမှာ မနေချင်တော့ဘူး။ မြ
က တိုက်ခန်းကျဉ်းမှာပဲ ပြန်နေ
မယ်"

ဟု ပြောလာသည်။

နံနက်တွင် ကျွန်ုပ်သည် တို
ပိုင်ရှင် ဦးလှမိုးထံ တယ်လီဖုန်းဆ
ပြီး အကျိုးအကြောင်းကို ပြောပြ
မကြာမီ သူရောက်လာသည်။

သူနှင့် ကျွန်ုပ် အိမ်ထဲ
လိုက်ကြည့်စဉ် အိမ်အကျ မိန်းက
အိပ်သောအခန်းထဲရှိ မျက်နှာကြ
တစ်ချပ်ပြုတ်ကျလာရာ ကျွန်
နှစ်ယောက်စလုံး လန့်သွားကြ
ဆက်တိုက်ဆိုသလိုပင် ထိုအိမ်
ရှိ ရေချိုးခန်းထဲမှ ရေဘုံဘိုင်

www.burmeseclassic.com

www.burmeseclassic.com

ရေများ ထွက်ကျလာ၏။ ဦးလှမိုး သွားပိတ်သော်လည်း ပိတ်၍မရ။

"ဘယ်လိုလဲ"

ဦးလှမိုးနှုတ်မှ အသံထွက်သွား သည်။ ထိုအခါ အပေါ်မျက်နှာကြက် မှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ၊ ပြေး သံများ ထွက်ပေါ်လာ၏။ ကျွန်ုပ်တို့ သည် ထိုအခန်းထဲမှသာ ပြန်ထွက်လာ ကြသည်။

တစ်တိုက်လုံး တိတ်သွားပြန် သည်။

"ကျွန်မတို့ ဒီမှာ မနေတော့ဘူး။ မြို့ထဲကိုပဲ ပြန်ပြောင်းတော့မယ်"

ဇနီးက ထိုသို့ပြောပြီး ပစ္စည်းများ ကို ခပ်သွက်သွက်သိမ်းပါတော့သည်။

ကလေးများသည် တိုက်အပြင် ဘက်သို့ ထွက်နေကြသည်။

"ကျွန်တော်တော့ အံ့သြလို့ မဆုံးတော့ဘူး။ ထူးဆန်းတာတော့ အမှန်ပဲ"

ပိုင်ရှင် ဦးလှမိုးက ပြောပြီး အိမ် ပြင်သို့ ထွက်သွားသည်။

"အေးဗျာ၊ စိတ်မကောင်းဘူး။ ခင်ဗျားတို့ကို အိမ်လခ ငါးလစာ ကျွန်တော် ပြန်အမ်းပေးပါ့မယ်"

ဦးလှမိုးသည် ထိုသို့ပြောပြီး ထွက်သွားပါတော့သည်။

ထို့နောက် ကျွန်ုပ်သည် အိမ်ထဲ ဝင်၍ . . .

"ငါတို့ ဒီမှာ မနေတော့ဘူး။ ပြောင်းတော့မယ်။ ငါတို့ကို မနှောင့် ယှက်ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်"

ဟု ညှော်ခန်းတွင် ရပ်၍ အသံ ကျယ်ကျယ်ဖြင့် ပြောလိုက်ပြီး ပစ္စည်း များကိုပါ သိမ်းလိုက်ပါသည်။

အံ့သြဖွယ်ကောင်းသည်မှာ ညနေပိုင်းတွင် ကျွန်ုပ်တို့ ထိုတိုက်မှ ပြောင်းရွှေ့သည်အထိ တိုက်ထဲတွင် မည်သည့်အနှောင့်အယှက်မှ မပေါ် တော့။ ရေဘုံဘိုင်မှ ထွက်ကျနေသော ရေများလည်း ရပ်သွားပါတော့သည်။

"အင်း . . . တော်သေးရဲ့ ဒီတိုက် ကို မဝယ်မိတာ"

ကျွန်ုပ်သည် စိတ်ထဲမှ ရေရွတ် လိုက်မိသည်။

(နောင်သောအခါဝယ် ဦးလှမိုး သည် ထိုတိုက်ပုကလေးကို ဝယ်သူ မရှိ၍ ရပ်ကွက် ဓမ္မာရုံအဖြစ် လှူဒါန်း လိုက်သည်ဟု သိရသည်)

* * *

မြသိန်း

# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ညည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမှုမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကို နာရီမိနစ်၊စက္ကန့်၊အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသဘောသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရှည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်၊နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါ သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 0951 52521



www.burmeseclassic.com

www.burmeseclassic.com




## ၂၀၁၃၊ အောက်တိုဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု

၂၀၁၃၊ အောက်တိုဘာလ၏ ကောင်းကင်ထက်၌ ကန်ရာသီရောက် တနင်္ဂနွေဂြိုဟ် အောက်တိုဘာ ၁၈ရက်နေ့တွင် တူရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး ကရကဋ်ရာသီအတွင်းမှ အင်္ဂါဂြိုဟ် အောက်တိုဘာ ၆ရက်နေ့၌ သိဟ်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်။ တူရာသီမှ ဗုဒ္ဓဟူးဂြိုဟ် အောက်တိုဘာ ၂၂ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဖောက်ပြန်သောဖြစ်စဉ် ဖြစ်ပေါ်လာမည်။ ကြာသပတေးဂြိုဟ် မေထုန်ရာသီတွင် တည်ရှိနေပြီး တူရာသီမှ သောကြာဂြိုဟ် အောက်တိုဘာ ၂ရက်နေ့၌ ဗြိစ္ဆာရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ ဖောက်ပြန်၍ ရပ်တည်နေပါလိမ့်မည်။ ပလူတိုဂြိုဟ် မကာရရာသီအတွင်း တည်ရှိနေပါလိမ့်မည်။

အောက်တိုဘာ ၃ရက်နေ့၊ မြန်မာစံတော်ချိန် ည ၉နာရီ ၂၆မိနစ်တွင် ယူရေးနပ်စ်ဂြိုဟ် ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်လာမည်။ အောက်တိုဘာ ၉ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ၂နာရီ ၃မိနစ်၌ အလင်းအား ၁၆ရာခိုင်နှုန်းခန့်ရှိသော လမင်းကို ဗြိစ္ဆာရာသီ ကြယ်စုမှ Star Graffias ကြယ်မှ နီးကပ်စွာ ထွက် ဖောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ယင်းဖြစ်စဉ်အား မြန်မာ့မိုးကောင်းကင်၌ မြင်တွေ့ လေ့လာခွင့် မရရှိနိုင်။ အောက်တိုဘာ ၉ရက်နေ့ မြန်မာစံတော်ချိန် နေ့လယ် ၂နာရီ ၅၀မိနစ်၌ မြန်မာ့မွန်းတည့် မိုးကောင်းကင်၌ ဗြိစ္ဆာရာသီအတွင်း ရှိ အနုရာဓ နက္ခတ်နှင့် သောကြာဂြိုဟ် ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်လာမည်။ ဖြစ်စဉ်အား ညနေ နေဝင်ချိန်မှ ည နောက် အတွင်း အနောက်ဘက် မိုးကောင်းကင်၌ လေ့လာပါက တောက်ပသော သောကြာကြယ်ပွင့်အနီး အနုရာဓ နက္ခတ်ကြယ် အား သေးငယ်သော ကြယ်ပွင့်အသွင်သဏ္ဍာန်ဖြင့် တွေ့ရှိရပါလိမ့်မည်။




www.burmeseclassic.com


www.burmeseclassic.com

အောက်တိုဘာ ၁၁ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၇မိနစ်တွင် ဗုဒ္ဓဟူးနှင့် စနေဂြိုဟ်များ တူရာသီ၌ ထိုးသောဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ အနောက်လောင်ဂျီတွဒ် ၇၉ ဒီဂရီ ၂၅မိနစ်နှင့် တောင်လတ္တီတွဒ် ၁၃ ဒီဂရီ မိနစ်ရှိ ဘရာဇီးနိုင်ငံအတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ်လာမည်။ မြန်မာ့မိုးကောင်းကင်ပြင်၌ ညနေ နေဝင်ချိန်မှ ည ၇နာရီခန့်အတွင်း နောက်ဘက် မိုးကောင်းကင်၌ လေ့လာနိုင်ပြီး အဝါနရောင် သေးငယ်သော ကြယ်ပွင့်အဖြစ် စနေဂြိုဟ်အား တွေ့မြင် ့လာနိုင်ပြီး အောက်ဘက်၌ ဗုဒ္ဓဟူးဂြိုဟ်အား သေးငယ်သော ကြယ်ပွင့်အဖြူသဏ္ဌာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။


ယင်းဖြစ်စဉ်ကြောင့် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း မုန်တိုင်းဖြစ်စဉ်များ တွေ့ကြုံလာနိုင်သည်။ မတ်ပဲနှင့် ရွှေဈေးနှုန်း ထူးခြားစွာ ပြောင်းလဲ မြင့်တက်လာပါမည်။ အောက်တိုဘာ ၁၆ရက်နေ့ မြန်မာစံတော်ချိန် နေ့လယ် ၂နာရီ ၂မိနစ်၌ မှာနှင့် ဘေးတိုက် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ အနောက်လောင်ဂျီတွဒ် ၂၆ ဒီဂရီ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၆ မိနစ်၊ တောင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ စဉ်နှင့် ပတ်သက်၍ အာဖရိကနှင့် ဥရောပနိုင်ငံအချို့တွင် ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ အောက်တိုဘာ ၁၉ရက်၊ မာစံတော်ချိန် နံနက် ၇နာရီ ၁၈မိနစ်၌ လအရိပ်ဖျော့ကြတ်သောဖြစ်စဉ် ဖြစ်ပေါ်ပြီး ဖြစ်စဉ်အား မမြင်တွေ့နိုင်ပါ။



စနေနှင့် ဗုဒ္ဓဟူးဂြိုဟ်များ ပူးယှဉ် စစ်ထိုးနေပုံ



ကြာသပတေးဂြိုဟ် ကမ္ဘာဘေးဘက်
ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိလာပုံ




Star Graffias ကြယ်နှင့် လမင်း ပူးယှဉ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ အောက်တိုဘာလ ၁၂ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

ARIES



မိဿလဂ်

ဘုန်းကံသြဇာအရှိန်အဝါ ထူးခြားစွာ တိုးတက်မြင့်မားမည့် ကာလဖြစ်သည်။ အခြားသူတို့ ရရှိ အခွင့်အရေးကောင်းများ မိမိထံသို့ အလွယ်တကူ ရောက်ရှိလာမည်။ ထူးခြားသော တိုးတက်ပြောင်း ကြီးပွားမှုများ မိမိနှင့် မိသားစု၏ လက်ဝယ်သို့ ရောက်ရှိပြီး ကံကောင်းမှုအမျိုးမျိုး ရယူပိုင်ဆိုင်ခွင့်ရှိမည် ထီဆုကြီးများ ပေါက်ခြင်း (သို့) ထီပေါက်သကဲ့သို့ ငွေကြေးကံ အထူးကောင်းမွန်သော အခွင့်အရေး ရယူဖန်တီးခွင့်ရှိမည်။ မိသားစု၌ လူမှုရေးကိစ္စများအတွက် ငွေကြေးသုံးစွဲကုန်ကျမှု များပြားနေတတ်သည် ငွေကြေးများ ရရှိသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ လုပ်ငန်း၌ ကောင်းသော နေရာဌာနအပြောင်းအ ကိစ္စများ တွေ့ကြုံနိုင်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း အောင်မြင်သော်လည်း ငွေကြေးကိစ္စ အတွက် ခေါင်းခဲနေမည်။ ပညာသင်ကြားသူများ ပညာရေးကံ အထွဋ်အထိပ်သို့ ရောက်ရှိမည့်ကာ အပိုင်းအခြားဖြစ်သည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများကြောင့် အိမ်တွင်းရေးပြဿနာ ရင်ဆိုင် မည်။ ချစ်သူများ အချစ်ရေးကံ လန်းနေ၍ အရင်ထက်ပိုမိုသော မေတ္တာတရားများ ရယူခွင့်ရှိမည်

TAURUS



ပြိဿလဂ်

ကြီးမားသော ဆုံးရှုံးမှုနှင့် အခက်အခဲများကြား မိမိကြိုးပမ်းသမျှ အရာမထင်သော ကာလဖြစ်သည် ကံဇာတာ အထူးအညံ့ရှိသည့် ကာလဖြစ်ပြီး အရာရာတွင် အခက်အခဲများဖြင့် ထိပ်တိုက် ရင်ဆိုင်ရမည် ကျန်းမာရေးအညံ့နှင့် ပြင်းထန်သော ထိခိုက်မှုအန္တရာယ်များ အထူးသတိပြုပါ။ ခရီးဝေးသွားလာမှု ရှောင်ကြဉ်သင့်ပြီး နိုင်ငံရပ်ခြား၊ လူမျိုးခြားများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စများတွင် ဆုံးရှုံးနစ်န များ တွေ့ကြုံနိုင်သည်။ လုပ်ငန်းအတွက် ကြီးမားစွာ နစ်နာထိခိုက်သော အမှုပြဿနာများ ထိပ်တိုက် ရင်ဆိုင်ရတတ်သည်။ ဘာသာရေးကိစ္စများ အလေးအနက်ထား ဆောင်ရွက်သင့်ပြီး ပေါ်လာမည့် ဒေါသတရား ပေါက်ကွဲမှုများအား ထိန်းချုပ်ပါ။ လုပ်ငန်းရှင်များ ကံဇာတာ အထူးနိမ့်ပါးသ ကာလဖြစ်ပြီး ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်ရတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးက များ၌ ကြီးမားသော အခက်အခဲများ ရင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးပြဿ အသေးအဖွဲမှ ပြိုကွဲပျက်စီးသွားတတ်သည်။ ချစ်သူများ ကံမကောင်းမှုများ ဝန်းရံနေမည်။

GEMINI



မေထုန်လဂ်

ကံဇာတာအထူးကောင်းမွန်သောကာလဖြစ်ပြီး မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် ဘဝ၏ တိုးတက်မှု ရှာဖွေခွင့်ရရှိမည်။ အမျိုးမျိုးသော အခွင့်အရေးများစွာအနက်မှ မိမိဘဝ မြင့်မားတိုးတက်မည့် အခွင့်အ ကောင်းများ ရွေးချယ်နိုင်မည့် အချိန်ကာလဖြစ်သည်။ ဘာသာရေးကိစ္စများ ထူးခြားစွာ ဆောင်ရွ လုပ်ကိုင်ရပြီး စာပေပညာရပ်ပိုင်းဆိုင်ရာ ကိစ္စများအတွက် အကျိုးရှိမည်။ ငွေကြေးကံ ကောင်းမွ ထီကံစမ်းသင့်သည့် ကာလဖြစ်သည်။ လုပ်ငန်းတွင် အခြားသောကိစ္စများ ပူးတွဲလုပ်ကိုင် ဆောင်ရွ မည်။ ခေါင်းစားသော လုပ်ငန်းကိစ္စများမှ ထူးထူးခြားခြား ငွေကြေးအမြတ်အစွန်းများ ရရှိတတ်သ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင်မည့် အကြံဉာဏ်ကောင်းများအတွက် လက်တွေ့ ဆောင်ရွက်ခြ အကျိုးထူးမည်။ ပညာသင်ကြားသူများ အခြားသူတို့ မရရှိနိုင်သော ကံကောင်းမှုများ တွေ့ကြုံတတ်သ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးကိစ္စများ အတိုက်အခံရှိသော်လည်း ပြန်လည်သင့်မြတ်မည်။ ချစ်သူ အနာဂတ် အချစ်ရက်များအား လှပစွာ တည်ဆောက် ပုံဖော်နိုင်မည်။

CANCER



ကရကဋ်လဂ်

များများတွေးခေါ်ပြီး များများအလုပ် လုပ်လိုသည့်ဆန္ဒများ ကိန်းဝပ်နေတတ်သည်။ မိသားစုအ စီးပွားကံ တိုးတက်ပြောင်းလဲမှုများ တွေ့ကြုံ၍ ဘဝအဆင့်အတန်းအခြေအနေ တိုးတက်မြင့်မာ ရွှေရတနာပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးပိုင်း အကျိုးရှိမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သ စကားအတိုက်အခံ များရတတ်သည်။ လုပ်ငန်းပိုင်းတွင် ပြဿနာအသေးအဖွဲများ တွဲဖက်၍ အဆုံးသ အကျိုးရှိ အောင်မြင်မည်။ လုပ်ဖော်ကိုင်ဖက်တို့၏ အတိုက်အခံပြုမှုကြောင့် အထက်အကြီးအက ဖြင့် ပြဿနာကြုံမည်။ လုပ်ငန်းရှင်များ စိတ်ကူးသစ်၊ အယူအဆသစ်များဖြင့် ဆောင်ရွက် ပုံဖော် လုပ်ငန်းကိစ္စများအတွက် အောင်မြင်မှုများ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးကံ မြင့်မားတိုးတက်၍ အောင်မြင်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်း ပတ်သက်၍ မိသားစု ပဋိပက္ခကြုံတတ်သည်။ ချစ်သူများ ကံကောင်းသော အချစ်အားအင် အနာဂတ်ကို ဖြတ်ကျော်နိုင်မည်။

www.burmeseclassic.com

www.burmeseclassic.com

LEO



သိဟ်လဂ်

စိတ်ပင်ပန်း၊ လူပင်ပန်းဖြင့် ဗျာများနေရသော ကာလဖြစ်သည်။ မိမိကြံစည်ကြိုးပမ်းမှုများ ပြည့်ဝအောင်မြင်မှုများ ရရှိသော်လည်း စိတ်ပူပန်မှုများ ယှဉ်တွဲနေရမည်။ လုပ်ငန်းကိစ္စအမျိုးမျိုးအား ဆောင်ရွက်ရန်အတွက် အခွင့်အရေးသစ်များ တွေ့ကြုံ ပေါ်ပေါက်လာမည်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စရပ်များအတွက် အတိုက်အခံကြုံမည်။ ကျန်းမာရေးပိုင်း အသေးအဖွဲ အညံ့ရှိတတ်ပြီး ခရီးသွားလာမှုများအတွက် စိတ်အနှောင့်အယှက်များ တွေ့ကြုံတတ်သည်။ ကံအသင့်အတင့် ကောင်းမွန်သော ကာလဖြစ်သော်လည်း မိမိရည်မှန်းချက်ပန်းတိုင်ဆီ ရောက်ရှိရန်အတွက် လိုအပ်သည်ထက် ပိုမိုလုံ့လစိုက်ထုတ် ကြိုးပမ်းရမည်။ လုပ်ငန်းရှင်များ ပုံမှန်လည်ပတ်နိုင်ပြီး အဆက်အသွယ်သစ်များ ရရှိမည်။ ပညာသင်ယူသူများ ဖြည်းဖြည်းနှင့် မှန်မှန် မိမိကြိုးပမ်းမှုများ အဆင်ပြေ အောင်မြင်လာမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်မှု တာဝန်ဝတ္တရားများအတွက် စိတ်ဖိစီးမှု များပြားနေတတ်သည်။ ချစ်သူများ မိသားစုအရေးကိစ္စများကြောင့် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။

---

VIRGO



ကန်လဂ်

အရေးကြီးသော မိသားစုအရေးကိစ္စများအတွက် တာဝန်ယူ ဖြေရှင်းပေးရပြီး စိတ်လေလွင့်မှု များပြားနေမည်။ ရည်မှန်းချက်များဖြင့် လက်တွေ့အခြေအနေ လွဲချော်နေတတ်ပြီး စီးပွားရေးပိုင်း အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းကိစ္စများအတွက် အတိုက်အခံ ပဋိပက္ခပြဿနာ စကားများပြောဆိုရပြီး အကျိုးအမြတ်နည်းပါးသော ကာလဖြစ်သည်။ မိသားစုအတွင်း လုပ်ငန်းကိစ္စများအတွက် တိုးတက်မှု နည်းပါးသည့် အခြေအနေတွင် ရှိနေပြီး ငွေကြေးကြွေးမြီပြဿနာများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ အပူအဖျားနှင့် ပတ်သက်သည့် ကျန်းမာရေးပိုင်းအညံ့များ သတိပြုပါ။ ငွေကြေးအကျိုးအမြတ်နည်းပါးပြီး ငွေကြေးဆုံးရှုံးမှုများ တွေ့ကြုံရတတ်သည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်း မျှော်မှန်းသလောက် အဆင်မပြေနိုင်သော ကာလဖြစ်သည်။ ပညာသင်ယူသူများ လုံ့လစိုက်ထုတ်မှု နည်းပါးမှုကြောင့် အရာရာဆုံးရှုံးနစ်နာမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာမှု နည်းပါးမည်။ ချစ်သူများ ကြားလူ နှောင့်ယှက်မှုကြောင့် အဆုံးသတ် ပြီးဆုံးမှုဖြစ်စဉ်များ ရင်ဆိုင်ရတတ်သည်။

---

LIBRA



တူလဂ်

ငွေကြေးရရှိမှုကံ ကောင်းသော်လည်း အဖတ်မတင်သော ကာလဖြစ်သည်။ စိတ်ပင်ပန်းဖိစီးမှု များပြားပြီး ဆုံးဖြတ် သုံးသပ်ချက်များအတွက် လွဲချော်မှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်းတွင် အောင်မြင်မှုများ ရရှိသော်လည်း ပြင်းထန်သော လုံ့လစိုက်ထုတ်မှုများဖြင့် ကြိုးစား ဆောင်ရွက်ရမည်။ မိသားစု၊ မောင်နှမသားချင်းအရေးကိစ္စများအတွက် ခေါင်းစားနေမည်။ အိမ်ခြံမြေကိစ္စများကြောင့် အကျိုးအမြတ်ရရှိမည်။ နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်၍ လုပ်ငန်းသစ်များ လုပ်ကိုင် ဆောင်ရွက်ရမည်။ မိမိကံ အကောင်း-အဆိုး ဒွန်တွဲနေပြီး ငွေကြေးအနှောင့်အယှက်ပြဿနာများ သတိပြုပါ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းကိစ္စများတွင် လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ ငွေကြေးကိစ္စ သတိပြုပါ။ ပညာသင်ယူသူများ စိတ်အနှောင့်အယှက်များ ပေါ်ပေါက်၍ ပညာရေးအနှောင့်အယှက် ကြုံတတ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ထံမှ မေတ္တာတရားများ ယခင်ထက် ပိုမိုရရှိမည်။ ချစ်သူများ စိတ်သဘောထား တိုက်ဆိုင်မှု ညီညွတ်နေမည်။

---

SCORPIO



ဗြိစ္ဆာလဂ်

ပြဿနာအနှောင့်အယှက်များကြား စိတ်ညစ်ရသော ကာလဖြစ်သည်။ မိမိကိုယ်တိုင် ပြဿနာဖန်တီးလိုမှုများ အထူးသတိပြု ရှောင်ကြဉ်ပါ။ လုပ်ငန်းပိုင်း ဆက်လက်တိုးတက် မြင့်မားပြီး ငွေကြေးအကျိုးရှိသော်လည်း ပြဿနာများကြောင့် ဆုံးရှုံးမှုများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ပြဿနာအနှောင့်အယှက်ကြုံမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ အမှုပြဿနာများကြောင့် နေရာဌာနအပြောင်းအရွှေ့များ တွေ့ကြုံတတ်သည်။ရွှေရတနာအသုံးအဆောင် ပစ္စည်းကောင်းများ ပျောက်ရှ ပျက်စီး ဆုံးရှုံးတတ်သည့် ကာလဖြစ်သည်။ နိုင်ငံရပ်ခြားခရီး၊ ခရီးဝေးများ သွားလာရတတ်ပြီး ခရီးဝေးသွားလိုစိတ်များ ပြင်းထန်နေတတ်သည်။ လုပ်ငန်းရှင်များ မိမိယူဆ သုံးသပ်ချက်များ လွဲချော်နေတတ်ပြီး ငွေကြေးကိစ္စ အနှောင့်အယှက်ကြုံမည်။ ပညာသင်ကြားနေသူများ ပညာရေးကံ မြင့်မားတိုးတက်မည်။ အိမ်ထောင်ရှင်များ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုကြောင့် အိမ်ထောင်ရေး ပဋိပက္ခများ တွေ့ကြုံတတ်သည်။ ချစ်သူများ အချစ်ရေးကံ တိုးတက်လန်းဆန်းသော ကာလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS



## ဓနုလက်

ကံဇာတာ ဆက်လက်မြင့်မားတိုးတက်၍ စီးပွားကံ၊ ငွေကြေးကံ အထူးကောင်းမွန်မည်။ မှန်ကန်သော ယူဆ ဆုံးဖြတ်ချက်များဖြင့် လုပ်ငန်းပိုင်း အောင်မြင်မှု ဂုဏ်သိက္ခာများ ဆက်လက်ထိန်းသိမ်းနိုင်မည်။ အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်ရသော ကိစ္စရပ်များ မျှော်လင့်ချက်လမ်းဆုံးရောက်ရှိပြီးမှ အောင်မြင်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ အဆင့်မြင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် စပ်တူစပ်ဖက်လုပ်ငန်းများမှ ငွေကြေးအကျိုးရှိမည်။ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ ပြဿနာအနှောင့်အယှက်တွေ့ကြုံတတ်သည်။ လုပ်ငန်းပိုင်းအကြီးအကဲများနှင့် ပတ်သက်၍ နစ်နာမှုများ တွေ့ကြုံရတတ်သည်။ လုပ်ငန်းရှင်များ ကောင်းသောအကျိုးအမြတ်များ ရရှိပြီး လုပ်ငန်းလည်ပတ်မှု အားကောင်းမည်။ ပညာသင်ကြားသူများ အတိုက်အခံယှဥ်၍ အခွင့်အရေးကောင်းများ ရရှိမည်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုမေတ္တာတရားများ ရရှိမည်။ ချစ်သူများ မိသားစုအသိုင်းအဝန်းကိစ္စများကြောင့် အတိုက်အခံဖြစ်ရသော်လည်း နားလည်မှု ပြန်လည်ရရှိ အဆင်ပြေသွားမည်။

CAPRICORN



## မကာရလက်

ပြင်းထန်သော အခက်အခဲများကြားမှ ကြီးပွားတိုးတက်ပြောင်းလဲမှုများ တွေ့ကြုံပေါ်ပေါက်လာမည်။ ငွေကြေးကိစ္စများအတွက် ကောင်းသော အကူအညီကောင်းများ ရရှိမည်။ လုံ့လ ဝီရိယအကျိုးခံစားရပြီး အောင်မြင်သော လမ်းကြောင်းထက် ထင်ပေါ်ကျော်စောမည်။ မိသားစု၌ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ ငွေကြေးအကျိုးရှိမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ အဆက်အသွယ်ကောင်းများ တွေ့ကြုံ၍ ကောင်းသော နေရာဌာနအပြောင်းအရွှေ့ကိစ္စများ အောင်မြင်မည်။ ဦးခေါင်းကိုက်ခဲမှု ရောဂါဝေဒနာနှင့် လေထိုး လေအောင့် အစာအိမ်ရောဂါများ သတိပြုပါ။ အတိုက်အခံယှဥ်၍ မိမိကံဇာတာ တိုးတက်မြင့်မားမည်။ မိသားစု၌ ရွှေရတနာနှင့် အသုံးအဆောင် ပစ္စည်းကောင်းများ လက်ဆောင်ရရှိမည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးအမြတ်များ ရရှိပြီး စိတ်ပင်ပန်းမှုအကျိုးခံစားရမည်။ ပညာသင်ယူနေသူများ ကံဇာတာ ကောင်းမွန်သော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များနှင့် ချစ်သူများအတွက် အရင်ထက်ပိုမိုသော မေတ္တာတရားများ ရရှိမည်။


AQUARIUS



## ကုမ်လက်

ငွေကြေးကံကောင်းခြင်းနှင့် ထီဆုကြီးများ ပေါက်သည့် အခွင့်အရေး အခြေအနေကောင်းများ တွေ့ကြုံပေါ်ပေါက်လာမည်။ ကံဇာတာ အထူးတိုးတက်မြင့်မား၍ ကြံစည်ကြိုးပမ်း ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝ အောင်မြင်မည်။ အကောင်းဆုံး အခွင့်အရေးများ ဖန်တီး တည်ဆောက်နိုင်၍ ရာထူးဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားမည်။ လုပ်ငန်းတွင် ထူးခြားသော ပြောင်းလဲတိုးတက်မှုများ ပေါ်ပေါက်တွေ့ကြုံလာမည်။ ငွေကြေးကံ၊ စီးပွားကံ တိုးတက်မြင့်မား၍ မိမိနှင့် မိသားစု၌ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ ကံကောင်း အကျိုးရှိမည်။ လုပ်ငန်းရှင်များ ကံအကောင်းဆုံး အခွင့်အရေးသစ်များ လက်ဝယ်ရောက်ရှိလာမည့် ကာလဖြစ်သည်။ ပညာသင်ကြားသူများ အတိုက်အခံများကြား တိုးတက် အောင်မြင်မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသာယာ အဆင်ပြေသည့် ကာလဖြစ်သည်။ ချစ်သူများ အတိုက်အခံ ပဋိပက္ခများအတွက် ပြန်လည်အဖြေရှာ ညှိနှိုင်းရန် အခက်ကြုံသော ကာလဖြစ်သည်။

PISCES



## မိန်လက်

ပြဿနာသောက အမြောက်အမြား မိမိထံသို့ မရပ်မနား ဝင်ရောက်လာတတ်သည်။ ကြံစည်ကြိုးပမ်းသမျှ မျှော်လင့်ချက်များ ကွယ်ပျောက်နေတတ်သည်။ ပြဿနာဖန်တီး ပုံဖော်လိုသော သံမဏိစိတ်ဓာတ်များအတွက် အမှားအယွင်းများ တွေ့ကြုံလာတတ်သည်။ အခက်အခဲအသွယ်သွယ်ကြားမှ မိမိ၏ ဘဝကံတိုးတက်မှုများအား စိတ်ရှည်စွာဖြင့် စောင့်ကြည့် သုံးသပ်ရမည့် ကာလဖြစ်သည်။ ကျန်းမာရေးအညံ့နှင့် အပူနှင့် ပတ်သက်သည့် ရောဂါများ အထူးဂရုစိုက်ပါ။ လုပ်ငန်းကြီးမားသော အမှုပြဿနာရပ်များအတွက် အထူးသတိပြု ဆင်ခြင်ပါ။ မိမိ၏ လုပ်ငန်းထိခိုက်နစ်နာနိုင်သည့် ပြဿနာများ တွေ့ကြုံ ပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာ အထူးနိမ့်ပါးချိန်ဖြစ်ပြီး ရုံးရောက် ဂတ်ရောက် ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားသူများ စိတ်သောကများပြီး အရာရာ၌ လွဲချော်နေမည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ ပဋိပက္ခ ပြဿနာများကြား ဗျာများ ပင်ပန်းနေမည့် ကာလဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ အောက်တိုဘာလ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လင် (၁၂)လင်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့ မွေးဖွားချိန်ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့ သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်ခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးသည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လင်တစ်လင်အဖြစ် သတ်မှတ်၍ လင် (၁၂)လင်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လင်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့ မွေးဖွားချိန်လင် အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် လင်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် အလိုက် ပျှမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လင်တစ်လင်နှုန်းဖြင့် လင် (၁၂)လင်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃ မှ မေ ၁၃အတွင်း နံနက် (၅း၄၅)နာရီမှ (၇း၄၅) နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလင်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉း၄၅)နာရီမှ (၁၁း၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လင်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လင်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန် လင်များအား လင်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လင်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများ ဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဥ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဝေယျာကို (B.Sc)(D.S.A)*

*နက္ခတ်သိပ္ပံအဖွဲ့*



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၀ : ၂၃ | ၂၀ : ၅၄ | ၂၂ : ၀၀ | ၂၂ : ၃၀ | ၀၀ : ၂၀ | ၀၀ : ၅၁ | ၀၂ : ၁၄ | ၀၂ : ၄၆ | ၀၃ : ၀၁ | ၀၃ : ၃၄ | ၀၆ : ၄၉ | ၀၇ : ၂၃ |
| ၂ | ၂၀ : ၁၉ | ၂၀ : ၅၁ | ၂၁ : ၅၆ | ၂၂ : ၂၆ | ၀၀ : ၁၇ | ၀၀ : ၄၇ | ၀၂ : ၁၀ | ၀၂ : ၄၂ | ၀၂ : ၅၇ | ၀၃ : ၃၀ | ၀၆ : ၄၅ | ၀၇ : ၁၉ |
| ၃ | ၂၀ : ၁၅ | ၂၀ : ၄၇ | ၂၁ : ၅၂ | ၂၂ : ၂၂ | ၀၀ : ၁၄ | ၀၀ : ၄၃ | ၀၂ : ၀၆ | ၀၂ : ၃၈ | ၀၂ : ၅၃ | ၀၃ : ၂၇ | ၀၆ : ၄၁ | ၀၇ : ၁၅ |
| ၄ | ၂၀ : ၁၁ | ၂၀ : ၄၃ | ၂၁ : ၄၉ | ၂၂ : ၁၈ | ၀၀ : ၁၀ | ၀၀ : ၃၉ | ၀၂ : ၀၂ | ၀၂ : ၃၄ | ၀၂ : ၄၉ | ၀၃ : ၂၃ | ၀၆ : ၃၇ | ၀၇ : ၁၁ |
| ၅ | ၂၀ : ၀၇ | ၂၀ : ၃၉ | ၂၁ : ၄၅ | ၂၂ : ၁၄ | ၀၀ : ၀၆ | ၀၀ : ၃၆ | ၀၁ : ၅၈ | ၀၂ : ၃၀ | ၀၂ : ၄၅ | ၀၃ : ၁၉ | ၀၆ : ၃၃ | ၀၇ : ၀၇ |
| ၆ | ၂၀ : ၀၃ | ၂၀ : ၃၅ | ၂၁ : ၄၁ | ၂၂ : ၁၀ | ၀၀ : ၀၂ | ၀၀ : ၃၂ | ၀၁ : ၅၄ | ၀၂ : ၂၆ | ၀၂ : ၄၁ | ၀၃ : ၁၅ | ၀၆ : ၂၉ | ၀၇ : ၀၃ |
| ၇ | ၁၉ : ၅၉ | ၂၀ : ၃၁ | ၂၁ : ၃၇ | ၂၂ : ၀၇ | ၂၃ : ၅၈ | ၀၀ : ၂၈ | ၀၁ : ၅၀ | ၀၂ : ၂၂ | ၀၂ : ၃၈ | ၀၃ : ၁၁ | ၀၆ : ၂၅ | ၀၆ : ၅၉ |
| ၈ | ၁၉ : ၅၅ | ၂၀ : ၂၇ | ၂၁ : ၃၃ | ၂၂ : ၀၃ | ၂၃ : ၅၄ | ၀၀ : ၂၄ | ၀၁ : ၄၆ | ၀၂ : ၁၈ | ၀၂ : ၃၄ | ၀၃ : ၀၇ | ၀၆ : ၂၂ | ၀၆ : ၅၅ |
| ၉ | ၁၉ : ၅၁ | ၂၀ : ၂၃ | ၂၁ : ၂၉ | ၂၁ : ၅၉ | ၂၃ : ၅၀ | ၀၀ : ၂၀ | ၀၁ : ၄၂ | ၀၂ : ၁၄ | ၀၂ : ၃၀ | ၀၃ : ၀၃ | ၀၆ : ၁၈ | ၀၆ : ၅၁ |
| ၁၀ | ၁၉ : ၄၇ | ၂၀ : ၁၉ | ၂၁ : ၂၅ | ၂၁ : ၅၅ | ၂၃ : ၄၆ | ၀၀ : ၁၆ | ၀၁ : ၃၈ | ၀၂ : ၁၀ | ၀၂ : ၂၆ | ၀၂ : ၅၉ | ၀၆ : ၁၄ | ၀၆ : ၄၇ |
| ၁၁ | ၁၉ : ၄၄ | ၂၀ : ၁၅ | ၂၁ : ၂၀ | ၂၁ : ၅၁ | ၂၃ : ၄၂ | ၀၀ : ၁၂ | ၀၁ : ၃၄ | ၀၂ : ၀၆ | ၀၂ : ၂၂ | ၀၂ : ၅၅ | ၀၆ : ၁၀ | ၀၆ : ၄၄ |
| ၁၂ | ၁၉ : ၄၀ | ၂၀ : ၁၁ | ၂၁ : ၁၇ | ၂၁ : ၄၇ | ၂၃ : ၃၈ | ၀၀ : ၀၈ | ၀၁ : ၃၀ | ၀၂ : ၀၂ | ၀၂ : ၁၈ | ၀၂ : ၅၁ | ၀၆ : ၀၆ | ၀၆ : ၄၀ |
| ၁၃ | ၁၉ : ၃၆ | ၂၀ : ၀၇ | ၂၁ : ၁၃ | ၂၁ : ၄၃ | ၂၃ : ၃၄ | ၀၀ : ၀၄ | ၀၁ : ၂၆ | ၀၁ : ၅၈ | ၀၂ : ၁၄ | ၀၂ : ၄၇ | ၀၆ : ၀၂ | ၀၆ : ၃၆ |
| ၁၄ | ၁၉ : ၃၂ | ၂၀ : ၀၃ | ၂၁ : ၀၉ | ၂၁ : ၃၉ | ၂၃ : ၃၀ | ၀၀ : ၀၀ | ၀၁ : ၂၂ | ၀၁ : ၅၅ | ၀၂ : ၁၀ | ၀၂ : ၄၃ | ၀၅ : ၅၈ | ၀၆ : ၃၂ |
| ၁၅ | ၁၉ : ၂၈ | ၁၉ : ၅၉ | ၂၁ : ၀၅ | ၂၁ : ၃၅ | ၂၃ : ၂၆ | ၂၃ : ၅၆ | ၀၁ : ၁၈ | ၀၁ : ၅၀ | ၀၂ : ၀၆ | ၀၂ : ၃၉ | ၀၅ : ၅၄ | ၀၆ : ၂၈ |
| ၁၆ | ၁၉ : ၂၄ | ၁၉ : ၅၆ | ၂၁ : ၀၁ | ၂၁ : ၃၀ | ၂၃ : ၂၂ | ၂၃ : ၅၂ | ၀၁ : ၁၅ | ၀၁ : ၄၇ | ၀၂ : ၀၂ | ၀၂ : ၃၅ | ၀၅ : ၅၀ | ၀၆ : ၂၄ |
| ၁၇ | ၁၉ : ၂၀ | ၁၉ : ၅၂ | ၂၀ : ၅၇ | ၂၁ : ၂၇ | ၂၃ : ၁၈ | ၂၃ : ၄၈ | ၀၁ : ၁၁ | ၀၁ : ၄၃ | ၀၁ : ၅၈ | ၀၂ : ၃၁ | ၀၅ : ၄၆ | ၀၆ : ၂၀ |
| ၁၈ | ၁၉ : ၁၆ | ၁၉ : ၄၈ | ၂၀ : ၅၄ | ၂၁ : ၂၃ | ၂၃ : ၁၅ | ၂၃ : ၄၄ | ၀၁ : ၀၇ | ၀၁ : ၃၉ | ၀၁ : ၅၄ | ၀၂ : ၂၈ | ၀၅ : ၄၂ | ၀၆ : ၁၆ |
| ၁၉ | ၁၉ : ၁၂ | ၁၉ : ၄၄ | ၂၀ : ၅၀ | ၂၁ : ၁၉ | ၂၃ : ၁၁ | ၂၃ : ၄၀ | ၀၁ : ၀၃ | ၀၁ : ၃၅ | ၀၁ : ၅၀ | ၀၂ : ၂၄ | ၀၅ : ၃၈ | ၀၆ : ၁၂ |
| ၂၀ | ၁၉ : ၀၈ | ၁၉ : ၄၀ | ၂၀ : ၄၆ | ၂၁ : ၁၅ | ၂၃ : ၀၇ | ၂၃ : ၃၇ | ၀၀ : ၅၉ | ၀၁ : ၃၁ | ၀၁ : ၄၆ | ၀၂ : ၂၀ | ၀၅ : ၃၄ | ၀၆ : ၀၈ |
| ၂၁ | ၁၉ : ၀၄ | ၁၉ : ၃၆ | ၂၀ : ၄၂ | ၂၁ : ၁၁ | ၂၃ : ၀၃ | ၂၃ : ၃၃ | ၀၀ : ၅၅ | ၀၁ : ၂၇ | ၀၁ : ၄၃ | ၀၂ : ၁၆ | ၀၅ : ၃၀ | ၀၆ : ၀၄ |
| ၂၂ | ၁၉ : ၀၀ | ၁၉ : ၃၂ | ၂၀ : ၃၈ | ၂၁ : ၀၈ | ၂၂ : ၅၉ | ၂၃ : ၂၉ | ၀၀ : ၅၁ | ၀၁ : ၂၃ | ၀၁ : ၃၉ | ၀၂ : ၁၂ | ၀၅ : ၂၆ | ၀၆ : ၀၀ |
| ၂၃ | ၁၈ : ၅၆ | ၁၉ : ၂၈ | ၂၀ : ၃၄ | ၂၁ : ၀၄ | ၂၂ : ၅၅ | ၂၃ : ၂၅ | ၀၀ : ၄၇ | ၀၁ : ၁၉ | ၀၁ : ၃၅ | ၀၂ : ၀၈ | ၀၅ : ၂၃ | ၀၅ : ၅၆ |
| ၂၄ | ၁၈ : ၅၂ | ၁၉ : ၂၄ | ၂၀ : ၃၀ | ၂၁ : ၀၀ | ၂၂ : ၅၁ | ၂၃ : ၂၁ | ၀၀ : ၄၃ | ၀၁ : ၁၅ | ၀၁ : ၃၁ | ၀၂ : ၀၄ | ၀၅ : ၁၉ | ၀၅ : ၅၂ |
| ၂၅ | ၁၈ : ၄၈ | ၁၉ : ၂၀ | ၂၀ : ၂၆ | ၂၀ : ၅၆ | ၂၂ : ၄၇ | ၂၃ : ၁၇ | ၀၀ : ၃၉ | ၀၁ : ၁၁ | ၀၁ : ၂၇ | ၀၂ : ၀၀ | ၀၅ : ၁၅ | ၀၅ : ၄၈ |
| ၂၆ | ၁၈ : ၄၅ | ၁၉ : ၁၆ | ၂၀ : ၂၂ | ၂၀ : ၅၂ | ၂၂ : ၄၃ | ၂၃ : ၁၃ | ၀၀ : ၃၅ | ၀၁ : ၀၇ | ၀၁ : ၂၃ | ၀၁ : ၅၆ | ၀၅ : ၁၁ | ၀၅ : ၄၅ |
| ၂၇ | ၁၈ : ၄၁ | ၁၉ : ၁၂ | ၂၀ : ၁၈ | ၂၀ : ၄၈ | ၂၂ : ၃၉ | ၂၃ : ၀၉ | ၀၀ : ၃၁ | ၀၁ : ၀၃ | ၀၁ : ၁၉ | ၀၁ : ၅၂ | ၀၅ : ၀၇ | ၀၅ : ၄၁ |
| ၂၈ | ၁၈ : ၃၇ | ၁၉ : ၀၈ | ၂၀ : ၁၄ | ၂၀ : ၄၄ | ၂၂ : ၃၅ | ၂၃ : ၀၅ | ၀၀ : ၂၇ | ၀၀ : ၅၉ | ၀၁ : ၁၅ | ၀၁ : ၄၈ | ၀၅ : ၀၃ | ၀၅ : ၃၇ |
| ၂၉ | ၁၈ : ၃၃ | ၁၉ : ၀၄ | ၂၀ : ၁၀ | ၂၀ : ၄၀ | ၂၂ : ၃၁ | ၂၃ : ၀၁ | ၀၀ : ၂၃ | ၀၀ : ၅၆ | ၀၁ : ၁၁ | ၀၁ : ၄၄ | ၀၄ : ၅၉ | ၀၅ : ၃၃ |
| ၃၀ | ၁၈ : ၂၉ | ၁၉ : ၀၀ | ၂၀ : ၀၆ | ၂၀ : ၃၆ | ၂၂ : ၂၇ | ၂၂ : ၅၇ | ၀၀ : ၁၉ | ၀၀ : ၅၂ | ၀၁ : ၀၇ | ၀၁ : ၄၀ | ၀၄ : ၅၅ | ၀၅ : ၂၉ |
| ၃၁ | ၁၈ : ၂၅ | ၁၈ : ၅၇ | ၂၀ : ၀၂ | ၂၀ : ၃၂ | ၂၂ : ၂၃ | ၂၂ : ၅၃ | ၀၀ : ၁၆ | ၀၀ : ၄၈ | ၀၁ : ၀၃ | ၀၁ : ၃၆ | ၀၄ : ၅၁ | ၀၅ : ၂၅ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ပြိဿာလဂ် | | မနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၈ : ၀၉ | ၀၈ : ၄၁ | ၀၉ : ၁၈ | ၀၉ : ၄၈ | ၁၂ : ၃၈ | ၁၃ : ၀၈ | ၁၂ : ၄၀ | ၁၃ : ၁၀ | ၁၅ : ၁၀ | ၁၅ : ၄၃ | ၁၈ : ၁၃ | ၁၈ : ၄၈ |
| ၂ | ၀၈ : ၀၅ | ၀၈ : ၃၇ | ၀၉ : ၁၄ | ၀၉ : ၄၄ | ၁၂ : ၃၄ | ၁၃ : ၀၄ | ၁၂ : ၃၆ | ၁၃ : ၀၆ | ၁၅ : ၀၆ | ၁၅ : ၃၉ | ၁၈ : ၀၉ | ၁၈ : ၄၄ |
| ၃ | ၀၈ : ၀၁ | ၀၈ : ၃၃ | ၀၉ : ၁၀ | ၀၉ : ၄၀ | ၁၂ : ၃၀ | ၁၃ : ၀၀ | ၁၂ : ၃၂ | ၁၃ : ၀၂ | ၁၅ : ၀၂ | ၁၅ : ၃၅ | ၁၈ : ၀၅ | ၁၈ : ၄၀ |
| ၄ | ၀၇ : ၅၇ | ၀၈ : ၂၉ | ၀၉ : ၀၆ | ၀၉ : ၃၆ | ၁၂ : ၂၆ | ၁၂ : ၅၆ | ၁၂ : ၂၈ | ၁၂ : ၅၈ | ၁၄ : ၅၈ | ၁၅ : ၃၁ | ၁၈ : ၀၁ | ၁၈ : ၃၆ |
| ၅ | ၀၇ : ၅၃ | ၀၈ : ၂၅ | ၀၉ : ၀၂ | ၀၉ : ၃၂ | ၁၂ : ၂၂ | ၁၂ : ၅၂ | ၁၂ : ၂၄ | ၁၂ : ၅၄ | ၁၄ : ၅၄ | ၁၅ : ၂၇ | ၁၇ : ၅၇ | ၁၈ : ၃၂ |
| ၆ | ၀၇ : ၄၉ | ၀၈ : ၂၁ | ၀၈ : ၅၈ | ၀၉ : ၂၈ | ၁၂ : ၁၈ | ၁၂ : ၄၈ | ၁၂ : ၂၀ | ၁၂ : ၅၀ | ၁၄ : ၅၀ | ၁၅ : ၂၄ | ၁၇ : ၅၄ | ၁၈ : ၂[illegible] |
| ၇ | ၀၇ : ၄၅ | ၀၈ : ၁၇ | ၀၈ : ၅၄ | ၀၉ : ၂၅ | ၁၂ : ၁၅ | ၁၂ : ၄၅ | ၁၂ : ၁၆ | ၁၂ : ၄၆ | ၁၄ : ၄၆ | ၁၅ : ၂၀ | ၁၇ : ၅၀ | ၁၈ : ၂[illegible] |
| ၈ | ၀၇ : ၄၁ | ၀၈ : ၁၃ | ၀၈ : ၅၀ | ၀၉ : ၂၁ | ၁၂ : ၁၁ | ၁၂ : ၄၁ | ၁၂ : ၁၂ | ၁၂ : ၄၂ | ၁၄ : ၄၂ | ၁၅ : ၁၆ | ၁၇ : ၄၆ | ၁၈ : ၂[illegible] |
| ၉ | ၀၇ : ၃၇ | ၀၈ : ၀၉ | ၀၈ : ၄၆ | ၀၉ : ၁၇ | ၁၂ : ၀၇ | ၁၂ : ၃၇ | ၁၂ : ၀၈ | ၁၂ : ၃၈ | ၁၄ : ၃၈ | ၁၅ : ၁၂ | ၁၇ : ၄၂ | ၁၈ : ၁[illegible] |
| ၁၀ | ၀၇ : ၃၃ | ၀၈ : ၀၅ | ၀၈ : ၄၂ | ၀၉ : ၁၃ | ၁၂ : ၀၃ | ၁၂ : ၃၃ | ၁၂ : ၀၄ | ၁၂ : ၃၄ | ၁၄ : ၃၄ | ၁၅ : ၀၈ | ၁၇ : ၃၈ | ၁၈ : ၁[illegible] |
| ၁၁ | ၀၇ : ၂၉ | ၀၈ : ၀၁ | ၀၈ : ၃၈ | ၀၉ : ၀၉ | ၁၁ : ၅၉ | ၁၂ : ၂၉ | ၁၂ : ၀၀ | ၁၂ : ၃၀ | ၁၄ : ၃၀ | ၁၅ : ၀၄ | ၁၇ : ၃၄ | ၁၈ : ၀[illegible] |
| ၁၂ | ၀၇ : ၂၅ | ၀၇ : ၅၇ | ၀၈ : ၃၄ | ၀၉ : ၀၅ | ၁၁ : ၅၅ | ၁၂ : ၂၅ | ၁၁ : ၅၆ | ၁၂ : ၂၆ | ၁၄ : ၂၇ | ၁၅ : ၀၀ | ၁၇ : ၃၀ | ၁၈ : ၀[illegible] |
| ၁၃ | ၀၇ : ၂၂ | ၀၇ : ၅၄ | ၀၈ : ၃၁ | ၀၉ : ၀၁ | ၁၁ : ၅၁ | ၁၂ : ၂၁ | ၁၁ : ၅၂ | ၁၂ : ၂၂ | ၁၄ : ၂၃ | ၁၄ : ၅၆ | ၁၇ : ၂၆ | ၁၈ : ၀[illegible] |
| ၁၄ | ၀၇ : ၁၈ | ၀၇ : ၅၀ | ၀၈ : ၂၇ | ၀၈ : ၅၇ | ၁၁ : ၄၇ | ၁၂ : ၁၇ | ၁၁ : ၄၈ | ၁၂ : ၁၉ | ၁၄ : ၁၉ | ၁၄ : ၅၂ | ၁၇ : ၂၂ | ၁၇ : ၅[illegible] |
| ၁၅ | ၀၇ : ၁၄ | ၀၇ : ၄၆ | ၀၈ : ၂၃ | ၀၈ : ၅၃ | ၁၁ : ၄၃ | ၁၂ : ၁၃ | ၁၁ : ၄၄ | ၁၂ : ၁၅ | ၁၄ : ၁၅ | ၁၄ : ၄၈ | ၁၇ : ၁၈ | ၁၇ : ၅[illegible] |
| ၁၆ | ၀၇ : ၁၀ | ၀၇ : ၄၂ | ၀၈ : ၁၉ | ၀၈ : ၄၉ | ၁၁ : ၃၉ | ၁၂ : ၀၉ | ၁၁ : ၄၀ | ၁၂ : ၁၁ | ၁၄ : ၁၁ | ၁၄ : ၄၄ | ၁၇ : ၁၄ | ၁၇ : ၄[illegible] |
| ၁၇ | ၀၇ : ၀၆ | ၀၇ : ၃၈ | ၀၈ : ၁၅ | ၀၈ : ၄၅ | ၁၁ : ၃၅ | ၁၂ : ၀၅ | ၁၁ : ၃၇ | ၁၂ : ၀၇ | ၁၄ : ၀၇ | ၁၄ : ၄၀ | ၁၇ : ၁၀ | ၁၇ : ၄[illegible] |
| ၁၈ | ၀၇ : ၀၂ | ၀၇ : ၃၄ | ၀၈ : ၁၁ | ၀၈ : ၄၁ | ၁၁ : ၃၁ | ၁၂ : ၀၁ | ၁၁ : ၃၃ | ၁၂ : ၀၃ | ၁၄ : ၀၃ | ၁၄ : ၃၆ | ၁၇ : ၀၆ | ၁၇ : ၄[illegible] |
| ၁၉ | ၀၆ : ၅၈ | ၀၇ : ၃၀ | ၀၈ : ၀၇ | ၀၈ : ၃၇ | ၁၁ : ၂၇ | ၁၁ : ၅၇ | ၁၁ : ၂၉ | ၁၁ : ၅၉ | ၁၃ : ၅၉ | ၁၄ : ၃၂ | ၁၇ : ၀၂ | ၁၇ : ၃[illegible] |
| ၂၀ | ၀၆ : ၅၄ | ၀၇ : ၂၆ | ၀၈ : ၀၃ | ၀၈ : ၃၄ | ၁၁ : ၂၃ | ၁၁ : ၅၃ | ၁၁ : ၂၅ | ၁၁ : ၅၅ | ၁၃ : ၅၅ | ၁၄ : ၂၉ | ၁၆ : ၅၉ | ၁၇ : ၃[illegible] |
| ၂၁ | ၀၆ : ၅၀ | ၀၇ : ၂၂ | ၀၇ : ၅၉ | ၀၈ : ၃၀ | ၁၁ : ၁၉ | ၁၁ : ၅၀ | ၁၁ : ၂၀ | ၁၁ : ၅၁ | ၁၃ : ၅၁ | ၁၄ : ၂၅ | ၁၆ : ၅၅ | ၁၇ : ၂[illegible] |
| ၂၂ | ၀၆ : ၄၆ | ၀၇ : ၁၈ | ၀၇ : ၅၅ | ၀၈ : ၂၆ | ၁၁ : ၁၆ | ၁၁ : ၄၆ | ၁၁ : ၁၇ | ၁၁ : ၄၇ | ၁၃ : ၄၇ | ၁၄ : ၂၀ | ၁၆ : ၅၁ | ၁၇ : ၂[illegible] |
| ၂၃ | ၀၆ : ၄၂ | ၀၇ : ၁၄ | ၀၇ : ၅၁ | ၀၈ : ၂၂ | ၁၁ : ၁၂ | ၁၁ : ၄၂ | ၁၁ : ၁၃ | ၁၁ : ၄၃ | ၁၃ : ၄၃ | ၁၄ : ၁၇ | ၁၆ : ၄၇ | ၁၇ : ၂[illegible] |
| ၂၄ | ၀၆ : ၃၈ | ၀၇ : ၁၀ | ၀၇ : ၄၇ | ၀၈ : ၁၈ | ၁၁ : ၀၈ | ၁၁ : ၃၈ | ၁၁ : ၀၉ | ၁၁ : ၃၉ | ၁၃ : ၃၉ | ၁၄ : ၁၃ | ၁၆ : ၄၃ | ၁၇ : ၁[illegible] |
| ၂၅ | ၀၆ : ၃၄ | ၀၇ : ၀၆ | ၀၇ : ၄၃ | ၀၈ : ၁၄ | ၁၁ : ၀၄ | ၁၁ : ၃၄ | ၁၁ : ၀၅ | ၁၁ : ၃၅ | ၁၃ : ၃၅ | ၁၄ : ၀၉ | ၁၆ : ၃၉ | ၁၇ : ၁[illegible] |
| ၂၆ | ၀၆ : ၃၀ | ၀၇ : ၀၂ | ၀၇ : ၃၉ | ၀၈ : ၁၀ | ၁၁ : ၀၀ | ၁၁ : ၃၀ | ၁၁ : ၀၁ | ၁၁ : ၃၁ | ၁၃ : ၃၁ | ၁၄ : ၀၅ | ၁၆ : ၃၅ | ၁၇ : ၀[illegible] |
| ၂၇ | ၀၆ : ၂၆ | ၀၆ : ၅၉ | ၀၇ : ၃၆ | ၀၈ : ၀၆ | ၁၀ : ၅၆ | ၁၁ : ၂၆ | ၁၀ : ၅၇ | ၁၁ : ၂၇ | ၁၃ : ၂၈ | ၁၄ : ၀၁ | ၁၆ : ၃၁ | ၁၇ : ၀[illegible] |
| ၂၈ | ၀၆ : ၂၃ | ၀၆ : ၅၅ | ၀၇ : ၃၂ | ၀၈ : ၀၂ | ၁၀ : ၅၂ | ၁၁ : ၂၂ | ၁၀ : ၅၃ | ၁၁ : ၂၃ | ၁၃ : ၂၄ | ၁၃ : ၅၇ | ၁၆ : ၂၇ | ၁၇ : ၀[illegible] |
| ၂၉ | ၀၆ : ၁၉ | ၀၆ : ၅၁ | ၀၇ : ၂၈ | ၀၇ : ၅၈ | ၁၀ : ၄၈ | ၁၁ : ၁၈ | ၁၀ : ၄၉ | ၁၁ : ၂၀ | ၁၃ : ၂၀ | ၁၃ : ၅၃ | ၁၆ : ၂၃ | ၁၆ : ၅[illegible] |
| ၃၀ | ၀၆ : ၁၅ | ၀၆ : ၄၇ | ၀၇ : ၂၄ | ၀၇ : ၅၄ | ၁၀ : ၄၄ | ၁၁ : ၁၄ | ၁၀ : ၄၆ | ၁၁ : ၁၆ | ၁၃ : ၁၆ | ၁၃ : ၄၉ | ၁၆ : ၁၉ | ၁၆ : ၅[illegible] |
| ၃၁ | ၀၆ : ၁၁ | ၀၆ : ၄၃ | ၀၇ : ၂၀ | ၀၇ : ၅၀ | ၁၀ : ၄၀ | ၁၁ : ၁၀ | ၁၀ : ၄၂ | ၁၁ : ၁၂ | ၁၃ : ၁၂ | ၁၃ : ၄၅ | ၁၆ : ၁၅ | ၁၆ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com

# ခါးနာနေသူများအတွက် အလွယ်တကူ ကုထုံး

မောင်ဝေအေး

အသက်အရွယ်ကြီးသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ အခန့်မသင့်သောအခါ ခါးနာဝေဒနာကို ခံစားကြရပါသည်။ ကျား-မ မရွေး ကြုံတွေ့နိုင်ရသော ဝေဒနာတစ်ခုလည်း ဖြစ်ပါသည်။

ခါးနာပြီဆိုပါက တော်တော်နှင့် မပျောက်။ စာရေးသူ ဆိုလျှင် ခါးနာဝေဒနာဖြစ်ပါက အလုပ်ပျက်၊ အကိုင်ပျက်၊ အိပ်ရေးပျက်သည်အထိ ဝေဒနာကို ခံစားရပါသည်။

အသက် လေးဆယ်စွန်းစ စာရေးသူအဖို့ မည်သည့် အကြောင်းကြောင့်မှန်း မသိဘဲ ခါးနာဝေဒနာကို ကြုံတွေ့ရပါသည်။ ဆေးမြီးတိုများ၊ လိမ်းဆေးများ၊ ဆေးသောက်ခြင်းများကို ပြုလုပ်သော်လည်း အခြေအနေမှာ ထူးခြားမလာပါ။

အင်တာနက် စာမျက်နှာပေါ်တွင် အမှတ်မထင်ဘဲ တွေ့လိုက်ရသော ဆေးနည်းတစ်လက်ကို စမ်းသုံးကြည့်မိပါသည်။

ကုထုံးမှာ အရမ်းအခက်ကြီး မဟုတ်သလို၊ အသုံးပြုသော ပစ္စည်းမှာလည်း ငွေကုန်ကြေးကျ သက်သာပြီး ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သော ပစ္စည်းဖြစ်ပါသည်။

ခါးနာ၊ ခါးကိုက် ပျောက်ကင်းရန်အတွက် အသုံးပြုသော ပစ္စည်းမှာ သဘော်ရွက်ပင် ဖြစ်ပါသည်။ သဘော်ပင်နှင့် သဘော်သီးကို လူတိုင်းသိကြမည် ထင်ပါသည်။

အသုံးပြုနည်းမှာ သန့်စင်သော သဘော်စိမ်းရွက်ကို အသင့်ဆောင်ထားပြီး ညအိပ်ရာဝင်ခါနီးတွင် သင့်ကျောပေါ်၌ ကပ်ပြီး အိပ်ပါ။ စောင်းမအိပ်ပါနှင့်။ ပက်လက်အနေအထားဖြင့် အိပ်ပါ။ ခါးအတွင်းမှ အပူခိုး၊ အပူငွေ့များကို သဘော်ရွက်က စုပ်ယူပါလိမ့်မည်။ စပ်ရှိန်းရှိန်းခံစားမှုကို ရနေပါလိမ့်မည်။ ဘာမှ စိတ်မပူပါနှင့်။ နေ့စဉ်ရက်ဆက် မပျက်မချင်း လုပ်ဆောင်ပေးပါ။

သဘော်ရွက်ကို ကပ်သလို၊ ခါးလေ့ကျင့်ခန်းကိုလည်း လုပ်ဆောင်ပေးပါ။ လုပ်ပုံလုပ်နည်းကတော့ မတ်တတ်ရပ် အနေအထားဖြင့် ခါးကို ရှေ့အနည်းငယ်ကိုင်းပြီး ခါးမှစ၍ ဆန်ကောဝိုင်းသလို လှည့်ပတ်ပေးရပါမည်။ ဘယ်ပြန်ညာပြန် ဆယ်ကြိမ်ခန့် သက်သက်သာသာ လှည့်ဝိုက်ပေးရပါမည်။ ခါးရိုး၊ ခါးဆစ်အတွင်းရှိ အကြောများ ပွင့်လာပြီး အညောင်းအကိုက်များ သက်သာပါလိမ့်မည်။ တစ်နေ့ နှစ်ကြိမ် လေ့ကျင့်ခန်း ပြုလုပ်ပေးပါ။

သဘော်ရွက်ကပ်ပြီး အိပ်သလို၊ ခါးလေ့ကျင့်ခန်းလည်း လုပ်ပေးမည်ဆိုပါက သီတင်းတစ်ပတ်မပြည့်မီ ခါးနာဝေဒနာများ သက်သာပျောက်ကင်းပါလိမ့်မည်။

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တကာတည်း ပူလိုက်တဲ့ နေမင်း နော်။ ဩော်…ပူရှာမှာပေါ့။ တပေါင်း နေ့ပဲ ရွာက ထွက်လာကတည်းက ဆိုင်ကယ် ကယ်ရီသမားတစ်ယောက် မှ မတွေ့ဘူး။ ရွာကနေ ဘုရားကြီး လမ်းဆုံ၊ အဲဒီကနေ ပဲခူးကားစီး၊ ရန်ကုန်သွားရမှာလေ။ ဘာလဲ၊ သွားရ မယ့်ကိစ္စလား။ ကျုပ်ဘဝအတွက် အရေးအကြီးဆုံးပေါ့တော်။ ကျုပ်ခင်ပွန်း က အငြိမ်းစား တပ်မတော်သားလေ။ သူ ကွယ်လွန်ပြီး သုံးနှစ်ကျော်တဲ့အထိ လိုင်စင်က ထုတ်လို့ မရဘူးလေ။ အဲဒါ ကို နားလည်တတ်ကျွမ်းတဲ့ အစ်ကိုကြီး တစ်ယောက်က ကူညီပေးလို့ ရန်ကုန် က ဦးပိုင်ရုံးမှာ လျှောက်ပြီး စာအုပ် အသစ်နဲ့ ပင်စင်ထုတ်ရမှာလေ။ ဒါမှ သည်း ခြောက်တန်းရောက်နေပြီဖြစ်တဲ့ သားလေးကို သက်န်းစည်းပေးရမှာ။

အကူအညီပေးတဲ့ အစ်ကိုကြီးနဲ့ ဘာမှမတော်ပါဘူးတော်။ အင်ဂျီအိုအဖွဲ့ ဆိုလား ဘာလား မသိပါဘူး။ သူ့အိမ် မှာ ရုံးလို ဖွင့်၊ ဒုက္ခရောက်နေတဲ့ ကျွန်မတို့လို တောသူတောင်သားတွေ ကို အကူအညီပေးနေတာပါ။ တစ်ပြား တစ်ချပ်မှ မပေးရပါဘူးတော်။

သူတို့အဖွဲ့ဝင်တွေ ရှာထားတဲ့ ရန်ပုံငွေနဲ့ ကူညီပေးတာပါ။ ဒီလောက် တောင် သုံးနှစ်နီးပါး အဆက်အသွယ် ပြတ်သွားတာကလည်း ကျုပ် မအားလို့ ပါ။ တောအလုပ် ကောက်စိုက်၊ ပျိုး နုတ်၊ တောတိုးနဲ့ဆိုတော့ မြို့တစ်ခေါက် ဆို ပိုက်ဆံအတော်ကုန်တာ။ စုရ ဆောင်းရ၊ ရှာရသေးတယ်လေ။

အခုမှ တကယ့် စုံကန္တာ နေပူ ကြီး။ ဘယ်ထီး၊ ဘယ်ဦးထုပ်မှ မပါ။ ဖိနပ်ဗလာနဲ့။ သားလေး ရှင်ပြုချင်ဇော နဲ့ ထွက်လာခဲ့တာပါ။

ပူလိုက်တဲ့နေတော်။ တကာတည်း မြေပဲလှော်အိုးထဲက သဲကျက်တွေ နင်း ရတဲ့အတိုင်းပဲ။ အထက်ပူ၊ အောက်ပူနဲ့ မုန့်လေပွေ မီးကင်ခံထားရသလိုပဲ။

ဟော…အံ့တော်ပဲ။

ရွာဘက်က ဆိုင်ကယ် ကယ်ရီ တစ်စင်းထွက်လာပြီ။ တားစီးပြီး လိုက် သွားမယ်။ တော်သေးရဲ့။ ခရီးသည် တစ်ယောက်မှ ပါမလာဘူး။

လမ်းလယ်ကနေ လာနေတဲ့ ဆိုင်ကယ်ကို တားလိုက်တယ်။ ကံ ကောင်းချင်လို့ ထင်ရဲ့။ ဆိုင်ကယ်က ကျုပ်ရှေ့ကျမှ ရပ်သွားပြီး ဆိုင်ကယ် သမားက လူတစ်ယောက်လုံး မမြင် သလို၊ ကျီးကြည့် ကြောင်ကြည့်၊ တောင်ကြည့် မြောက်ကြည့်နဲ့။

ကျုပ်လည်း နောက်က တက်မိ ရော ဆိုင်ကယ်လည်း ဝူးခနဲပဲ။ တော် သေးရဲ့။ နို့မို့ သည်နွေ သည်အပူနဲ့ လူစင်စစ်က အထက်မီး၊ အောက်မီး မုန့်ဘဝရောက်တော့မလို့။ အတော်ပဲ။

ဘုရားကြီးလမ်းဆုံမှာ ရန်ကုန် သွားမယ့် ပဲခူးကား ရပ်ထားတယ်။ ကား ပေါ် တက်ထိုင်လို့ မကြာပါဘူး။ ကား ထွက်တယ်လေ။

လူတွေဟာ အကြင်နာတရား သိပ်ကင်းတာပဲ။ ညှာတာစိတ် လုံးဝကို မရှိပါဘူးတော်။

လမ်းမှာ ကားရပ်လို့ တက်လာ တဲ့ ခရီးသည်တွေက ကျုပ်အပေါ် တက်ထိုင်တယ်။ ဘာရမလဲ၊ ခုနစ်သံချီ နဲ့ အော်ပြီး ရန်တွေ့တာပေါ့။ အံ့ပါ့တော်၊ ကျုပ်လို ရွာမှာ စွာတေးမဘွဲ့ရထားတဲ့ မိန်းမတစ်ယောက်ရဲ့ ခုနစ်သံချီကို ကား တစ်စီးလုံး မကြားသလို၊ ဂရုမစိုက် သလိုနဲ့၊ ကျုပ်ရဲ့ သံမီးကျီ တဖြောက် ဖြောက် အာကျယ်သံကို ဥပေက္ခာပဲ ရှင့်။

ကြာတော့လည်း အာညောင်း လာလို့ မပြောတော့ဘဲ ငြိမ်လိုက်ခဲ့မိ တယ်။

စိတ်ထဲမှာက ကျုပ်ကို အကူ အညီပေးတဲ့ လူညီးကူးက အစ်ကိုကြီး ဆီပဲ ရောက်နေတယ်။ သူက တိုးချဲ့ မြို့ကွက်သစ်မှာ နေတာလေ။ မရောက် တာ ကြာပြီဆိုတော့ တခြားကိုများ ပြောင်းသွားပြီလား။ ရှိရော ရှိသေးရဲ့ လား။ တွေ့ရင်ရော မှတ်မိပါ့မလား။

သူ့အိမ်တော့ ကောင်းကောင်း မှတ်မိတယ်။ လှည်းကူးရောက်တာနဲ့ လမ်းထိပ်မှာ ဆင်း၊ လမ်းထိပ်က ကွမ်းယာဆိုင်လေးမှာ မေးရင် ရတာပဲ လေ။ မောင်မင်းကြီးသား ရှိနေပါစေ တော်။

ကံကောင်းတယ် ဆိုရမှာပဲ။

ကားက အစ်ကိုကြီးတို့ လမ်း ထိပ်မှာ ရပ်ပေးတယ်။ တော်သေးရဲ့ ကွမ်းယာဆိုင်လေးလည်း ရှိသေးတယ်။ ကွမ်းယာဆိုင်မှာ အမျိုးသမီးနှစ်ယောက် စကားပြောနေကြတယ်။

တော်တော်ဘဝင်မြင့်တဲ့ မိန်းမ တွေ။

ကျုပ်အမေးကို ဘယ်သူကမှ မဖြေဘဲ သူတို့လေကြောသာ မပြတ် ဘူး။ စိတ်မရှည်တဲ့ ကျုပ်၊ မမေးတော့ ဘဲ ကတ္တရာလမ်းအတိုင်း ဝင်လာခဲ့ တယ်။

ကျုပ်တော့ မျက်စိလည်ပြီထင်ရဲ့၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကွက်လပ် နေရာတွေမှာ တိုက်တွေ ဖြစ်နေပြီ။ ဆက်လျှောက်လာတော့ အစ်ကိုကြီးတို့ အိမ်ရှေ့ရောက်လာတယ်။

အိမ်ကတော့ အရင်အိမ်မဟုတ် တော့ဘူး။ အိမ်သစ်၊ ဒါပေမယ့် သံတံခါး



www.burmeseclassic.com

www.burmeseclassic.com

ပိတ်ထားတဲ့ အိမ်အတွင်းအရိပ်မှာ အစ်ကိုကြီးရဲ့ သမီးလေး စာအုပ်ဖတ်နေတယ်။ သမီးကို မှတ်မိလို့ တော်သေးရဲ့။

ကျုပ်လည်း ပိတ်ထားတဲ့ သံတံခါးကို ကိုင်ပြီး ကလေးမကို ခေါ်တာပေါ့။ ကလေးမထက်အရင် ကျုပ်ကို မြင်တာက ကလေးမဘေးက ခွေးကြီး တစ်ကောင်။

တကတည်းတော်။ တံခါးဝက ကျုပ်ဆီ တဝုတ်ဝုတ်ဟောင်ပြီး ပြေးဟပ်တာ၊ နောက်အဆုတ်မြန်လို့ပေါ့။

ခွေးကြီးက သဲကြီးမဲကြီးဟောင်နေတာကိုး။ ကလေးမက ဟိုကြည့်ဒီကြည့်နဲ့ တံခါးဆီ လာရပ်တယ်။

အံ့ပါ့တော်။ ကျုပ်တစ်ယောက်လုံး ရပ်နေတာ မမြင်သလို၊ ကျုပ်မေးနေတာတွေ မကြားသလိုနဲ့၊ ခုံမှာ ပြန်ထိုင်၊ စာအုပ်ပဲ ပြန်ဖတ်နေတယ်။ ခွေးကို ချော့ခေါ်ထားပေမယ့် ခွေးကတော့ ကျုပ်ကို တကယ့်မဟာရန်သူအတိုင်း တဝေါင်းဝေါင်း။

ကျုပ်လည်း ခေါ်မရ၊ အော်မရဆိုတော့ သူတို့အိမ်ဘေးမှာ ရှိတဲ့ အိမ်ဘက်ကို လျှောက်လိုက်တယ်။ အဲဒီအိမ်မှာ အဒေါ်ကြီးတစ်ယောက် ထိုင်နေတာနဲ့…

"အဒေါ်ရယ်…ကျွန်မ ဟိုအိမ်က အစ်ကိုကြီးဆီ လာတာပါ။ သမီးပဲ တွေ့တယ်။ ကျွန်မကို တံခါးမဖွင့်ပေးလို့ ဒီမှာ ခဏနားပြီး အစ်ကိုကြီး ပြန်အလာကို စောင့်ပါရစေ"ဆိုတာကို ဘာမှ ပြန်မပြောဘဲ ဟိုကြည့် ဒီကြည့်နဲ့ တစ်ဖက်အိမ်က ကလေးမကို လှမ်းပြီး…

"ဟဲ့…သမီး၊ ငနီကြီး ဟောင်လှချေလား။ ညှော်သည်လာလို့လား"တဲ့။

"ဘယ်သူမှ မလာပါဘူး။ ငနီကတော့ ဟောင်တုန်းပဲ"



ဆိုတဲ့ အမေးအဖြေအသံပဲ ကြားမိတယ်။

ကျုပ်လည်း စိတ်တိုတိုနဲ့ အဲဒီလမ်းထဲက ထွက်ပြီး ပြန်ဖို့ ကားစောင့်နေမိတယ်။ အိမ်မှာ အစ်ကိုကြီး မရှိလို့ပဲဖြစ်မယ်။ သူကလည်း အလုပ်များတဲ့သူလေ။ နောက်မှ ပြန်လာခဲ့မယ်ဆိုပြီး ကျုပ်လည်း ရပ်လာတဲ့ ကားပေါ်တက်လိုက်တယ်။

♦♦♦

အပြန်မှာ တစ်ခုထူးခြားတာက ထိုင်နေတဲ့ ခရီးသည် အမျိုးသား တစ်ယောက်အပေါ် ဈေးမှတ်တိုင်က တက်လာတဲ့ မိန်းမဝဝကြီးက တက်ထိုင်တော့ အထိုင်ခံရတဲ့သူက စူးစူးဝါးဝါး အော်ပြောတာကို အဲဒီမိန်းမကြီးရော၊ ကားပေါ်က ခရီးသည်တွေရော၊ စပယ်ယာကပါ လုံးဝ ဥပေက္ခာပါပဲရှင်။

အဲဒီလူက ကျုပ်ကို "ကလေးမ၊ ငါတော့ အမိုးပေါ်က စီးတော့မယ်"ဆိုပြီး ကားမောင်းနေတုန်း လှစ်ခနဲ အမိုးပေါ် တက်သွားတယ်။

ရန်ကုန်ကနေ ဘုရားကြီးတာဆုံအရောက် ဒီခရီးသည်တစ်ယောက်ပဲ ကျွန်မကို စကားပြောဖော်ရတယ်။ ကျုပ်လည်း ဘုရားကြီးတာဆုံရောက်တော့ ဆင်းတယ်။ အဲဒီသူကတော့ ကားခေါင်မိုးပေါ်ကနေ ကျုပ်ကို လက်ပြသွားလေရဲ့။

ကျုပ်လည်း စိတ်ပျက်ပျက်နဲ့ ပြန်ရမယ့် ခရီးလှမ်းမျှော်ကြည့်ပြီး စိတ်ပျက်လာတယ်။

တံလျှပ်တထောင်းထောင်း လေပူလေပွေက မွှေ့နေက ပူ အ… က မရှိ။ ဆိုးလိုက်တဲ့ အပြန်လမ်း…

လမ်းတစ်လျှောက် မျှော်ကြည့်… တော့လည်း ဆိုင်ကယ် ကယ်ရီ… မတွေ့။ အိမ်မှာ တစ်ယောက်တည်း… ကျန်ခဲ့တဲ့ သားလေးဆီ စိတ်ရောက်… သွားတယ်။ ရန်ကုန်ကတောင် ပြန်… ပြီပဲ၊ ရွာနဲ့ ဘုရားကြီးလမ်းဆုံ ဘာ… တာ မှတ်လို့၊ လမ်းဆက်လျှောက်… ပေါ့။

ရေကလည်း ငတ်လိုက်… လွန်ပါရော။ လျှာကလည်း … တစ်စက်လေးတောင် မထိရ… ဝါးကျည်တောက်ထဲ ထည့်ထား… တုတ်တစ်ချောင်းလိုပဲ ခြောက်က… လိုက်တာ။

"ဟင်…ရေမှာ အရိပ်ကော… လိုက်တဲ့ ခြံကြီး"

အလာတုန်းက မတွေ့ပါ… ဒီရွာမှာ မွေး၊ ဒီရွာမှာပဲ ကြီး၊ အိမ်… ကျ၊ သားတစ်ယောက်တောင် ရ… ပဲ။ နှစ်ပေါင်းများစွာ သည်လ… လျှောက်နေတာ ဘယ်သူ့ခြံကြီး… ဘာဖြစ်လို့ အစက မမြင်မိတာပါ…

ဘာပဲဖြစ်ဖြစ် အရိပ်ခိုရင်း … တစ်ခွက်တော့ တောင်းပြီးသောက်… ဆိုပြီး ခြံကြီးထဲ ဝင်လိုက်တယ်။

ကောင်းလိုက်တဲ့ သစ်ရိပ် …



www.burmeseclassic.com

www.burmeseclassic.com

တစ်လမ်းလုံး ခံစားခဲ့ရတဲ့ အပူတွေ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ ရှေ့ဆက်လျှောက်လိုက်တော့ အရိပ်ကောင်းလှတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ အဘိုးကြီး သုံးယောက် ထိုင်နေကြလေရဲ့။

အဘိုးကြီးနှစ်ယောက်က သစ်ပင်အောက်က ကွပ်ပျစ်ပေါ်မှာ ထိုင်ပြီး ဆေးနဲ့ နီးထိုးနေကြပြီး ကျန်တစ်ယောက်က ခြံထဲ ဝင်လာတဲ့ ကျုပ်ကို ကြည့်နေတယ်။

တစ်ခုထူးခြားတာက အဘိုးကြီးသုံးယောက်စလုံး အပေါ်အင်္ကျီမပါဘဲ ပုဆိုးချည်သာ ဝတ်ထားပေမယ့် သုံးယောက်လုံးရဲ့ ခေါင်းပေါ်မှာတော့ ခေါင်းပေါင်းအစိမ်းရောင်တွေ ကိုယ်စီနဲ့။ အဲဒီသစ်ရိပ်ရဲ့ သစ်ကိုင်းကြီးမှာ သောက်ရေအိုးကြီးတစ်လုံးကို ဆိုင်းနဲ့ ချိတ်ထားပြီး သောက်ရေခွက်ကလည်း အစိမ်းရောင်ပဲ။

ကျုပ်လည်း ရေအရမ်းငတ်လာတော့ . . .

"အဘရေ . . သောက်ရေတစ်ခွက်လောက် တိုက်ပါ"

လို့ ပြောပြောဆိုဆို ရေခွက်ကိုယူပြီး အိုးထဲက ရေကို နှစ်ခပ်လိုက်တယ်။

မတ်တတ်ရပ်နေတဲ့ အဘိုးကြီးက "မင်း မသောက်ရဘူး" လို့ တားပေမယ့် ကျုပ်က ရေကို ခပ်ပြီး သောက်တော့မယ်လေ။

တော်ပါသေးရဲ့။ မျက်စိက ရေခွက်ထဲက ရေတွေကို ကြည့်မိလို့ပေါ့။ ရေခွက်နဲ့ အပြည့်က ရေတွေ မဟုတ်တော့ဘဲ လောက်ကောင်တွေ ဖြစ်နေတယ်လေ။ ရွစိရွစိနဲ့ ကျုပ်လည်း လက်ထဲက ရေခွက်ကို လန့်ပြီး ပစ်ချလိုက်မိတယ်။ မတ်တတ်ရပ်နေတဲ့ အဘိုးကြီးက ကျုပ်ကို ကြည့်ပြီး . . .

"မင်း . . . ဒီရေကို မသောက်ရသေးဘူး။ လာ၊ ငါ လမ်းပြမယ်" ဆိုပြီး ရှေ့က ထွက်သွားတယ်။ အရိပ်ကောင်းလှတဲ့ တောလမ်းလေးအတိုင်း အတန်ကြာ လျှောက်သွားပြီးမှ အဘိုးကြီးက . . .

"ဟောဟိုရှေ့က လက်ပံပင်နှစ်ပင်ကို တွေ့သလား သမီး။ အဲဒီနှစ်ပင်ကြားကို ဝင်လိုက်၊ လမ်းတွေ့မယ်၊ မြန်မြန်သွား" တဲ့။

ကျုပ်လည်း ကြောက်ကြောက်နဲ့ အသားကုန်ပြေးတာပေါ့။ လက်ပံနှစ်ပင်ကြားလည်း ရောက်ရော၊ ကျုပ်တို့ဇောင်းတူရွာဆေးခန်းရှေ့ ရောက်သွားတယ်။ ဆေးခန်းရှေ့မှာ လူတွေ ဝိုင်းလို့၊ ငိုသံလည်း ကြားရတယ်။ ကျုပ်လည်း လူတွေကြားထဲ အတင်းတိုးဝင်ကြည့်လိုက်တော့ လား . . . လား . . . လား . . . ဆေးရုံ ခုတင်ပေါ်မှာ ကျုပ်ပါလား။ အစ်မကြီးက ကျုပ်ကို ဖက်ထားပြီး ငိုနေတယ်။ သားကလည်း ကျုပ်ကို ကြည့်ပြီး ငိုနေတယ်။ ဘာတွေ ဖြစ်ကုန်ကြတာလဲ မသိ။

အဲဒီအချိန်လေးမှာပဲ ဘယ်အချိန်က ကျုပ်နောက်ကို ရောက်နေမှန်း မသိရတဲ့ ခေါင်းပေါင်းစိမ်းနဲ့ အဘိုးအိုက "သွား . . . မြန်မြန်၊ သွား . . ." ဆိုပြီး ဆေးရုံ ခုတင်ပေါ်က ကျုပ်ဆီ ကျုပ်ကို တွန်းချလိုက်တော့ "အား . . ." လို့ ကျုပ်အော်မိလိုက်တာပဲ သိပါတော့တယ်။

"ဟင် . . . ကျုပ် ဆေးရုံရောက်နေပါလား"

♦♦♦

ဤသည်မှာ မီးသွေးစခန်းသို့ လှည်းတစ်စီး၊ အဖော် အစ်မကြီးနဲ့ ဆန်ခြောက်အိတ် တင်သွားရာမှ လှည်းပေါ်မှ ကျပြီး ဦးခေါင်း ဒဏ်ရာရ၊ ခြေထောက် နှစ်ချောင်းလုံးကျိုး၍ သုံးရက်တိတိ သတိမေ့သွားသော လက်ပံသာရွာမှ မစန္ဒာထွေး၏ တကယ့်ဖြစ်ရပ်ဖြစ်ပါသည်။

သူ ကျွန်ုပ်အား ပြန်ပြောစဉ်က သူ ကျွန်ုပ်ထံ လာသည်။ မတွေ့၍ ပြန်သွားသည်။ နောက်ဆုံး ဆေးရုံပေါ် ရောက်သည်အထိ နာရီပိုင်းသာ ရှိပါသည်။ တကယ့်ဖြစ်ရပ်မှာ သူ သုံးရက်တိတိမြောနေခြင်းပင်ဖြစ်သည်။

အဘယ့်ကြောင့် ဤမျှ အချိန်ကွာခြားရပါသနည်း။

ကားပေါ်တွင် သူ့အား မြင်တွေ့နှုတ်ဆက်၊ စကားပြောသော အမျိုးသားသည်လည်း သာမန်လူသား မဖြစ်တန်ရာ။

သူ့နယ်ပင် တစ်နေရာရာတွင် အကြောင်းတစ်ခုခုကြောင့် မေ့မြောနေသော ခရီးသွား ဝိညာဉ်များလားဟု တွေးဆဖွယ်ပင်။

မည်သို့ဆိုစေ၊ ဗုဒ္ဓ၏ ကံနှင့် ကံ၏ အကြောင်းအကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာဝင်များအနေနှင့် မိမိပြုခဲ့သည့် ကုသိုလ်၊ အကုသိုလ်ကံတရား၏ စီမံရာကိုသာ နာခံရမည်ဖြစ်ရာ နေ့စဉ်ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးကို မမေ့မလျော့ကြစေရန် သံဝေဂယူနိုင်ပါစေဟု . . .

* * *

ကျော်မင်းညွှန့် (လှည်းကူး)

(ဖြစ်ရပ်မှန် ပြောပြသော ကာယကံရှင် မစန္ဒာထွေးအား အမှတ်တရဖြင့် . . .)



www.burmeseclassic.com

www.burmeseclassic.com

ပန်းမြိုင်လယ် စိန်ဝင်း

# ရိုးအကြောင်း သိကောင်းစရာ




တစ်နေ့…

အတိအကျ မှတ်မှတ်ထင်ထင် ဆိုရပါလျှင် ထိုတစ်နေ့သည် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့ မိုးသေး မိုးဖွဲကလေးများ ပါးပါးလေး ကျနေတဲ့ နေ့။ တာဝန်အရ မြန်မာ့မီးရထား စက်မှုအင်ဂျင်နီယာဌာန ပစ္စည်းထိန်း ရုံးခန်း အတွင်း အလုပ်စားပွဲမှာ လချုပ်စာရင်းတွေ လုပ်ဖို့ရာအတွက် ပုံစံဇယားတွေ ရေးဆွဲနေတုန်း၊ ရုံးခန်းရဲ့ အဝင်ဝမှာ အသက် ၅၀ ကျော်ခန့်ရှိသည့် အမျိုးသမီးတစ်ဦး လာရပ်ပြီး…

"ဆရာ… ကျွန်မကို ဝင်ခွင့်ပြုပါ"

ဆိုတဲ့ စကားနဲ့ ဝင်ခွင့်တောင်းနေတာကို တွေ့လိုက်ရတော့ အံ့အံ့ဩဩဖြစ်လို့၊ ကျွန်တော်တို့ဌာနနဲ့ ကျွန်တော် တာဝန်ထမ်းဆောင်ရာ ပစ္စည်းထိန်း ရုံးဆိုတာ များသောအား ဖြင့် ရထားစက်ခေါင်းပစ္စည်းထုတ်ယူဖို့ စက်ပြင် ဝန်ထမ်း… သာ အဝင်အထွက်များကြတာပါ။ အမျိုးသမီးဝန်ထမ်း… ဆိုတာကလည်း တိုင်းရုံးစာရေးမတွေလောက်သာ ရှိကြ… ခုတော့ ဘုမသိဘမသိ၊ ထိုအမျိုးသမီးကိုလည်း တစ်… မမြင်ဘူးပါဘူး။ ကေန္ဒ လိုင်းခန်းထဲမှာ ပြဿနာတစ်စုံတ… ဖြစ်လို့များ တိုင်ချင်တောချင်လို့ လာတာလားတော့ မ… ဒီတော့ သူ့ကို ပြန်ပြီး စူးစမ်းသလိုမျိုး အကြည့်နဲ့…

"ဟုတ်ကဲ့၊ ဘာကိစ္စများ ရှိပါသလဲခင်ဗျာ"

ဆိုတော့ ပျာပျာသလဲနဲ့…

"ဟို… ကျွန်မကို မောင်ကျော်ထွန်းဦး လွှတ်လိုက်… ပါ။ အဲဒါ…"

ဆိုပြီး သူ့စကားက တစ်လစ်ဖြစ်နေတယ်။ ဘာ…

www.burmeseclassic.com

ား ငွေချေးမလို့လား၊ လင်မယား ရန်ဖြစ်လို့လား၊ လုပ်ငန်းငွင်မှာ ဘာများ ပြဿနာဖြစ်လို့လဲ ဆိုတဲ့ အတွေးတွေက ဘန်းစီပြီး ဝင်လာပြန်ပါတယ်။ ကျော်ထွန်းဦးဆိုတာ တွဲမီးလျှပ်စစ်က ဝန်ထမ်းတစ်ယောက်ပါ။ ရန်ကုန်က ပြောင်းလာလို့ ရန်ကုန်သားလို့လည်း လိုင်းတန်းလျားမှာ နာမည်တွင်နေပါတယ်။ နာမည်တူ မရှိတာမို့ လူမှားစရာလည်း မရှိပါဘူး။

"ဩော်…ဟို ရန်ကုန်သား တွဲမီးလျှပ်စစ်က ကျော်ထွန်းဦးကို ပြောတာလား"

"ဟုတ်ပါတယ်။ မောင်ကျော်ထွန်းဦးက သူ့ဘူတာဆိုင်ခန်းအိမ်မှာ မောင်းမှိုကြီးတွေ ပွင့်နေလို့ ထူးထူးဆန်းဆန်း ပေါက်တာဆိုတော့ ဆရာ့ကို သွားပြောပေးပါလို့ ပြောလို့ ကျွန်မ လာပြောတာပါ"

မှိုပေါက်တာကို ထူးထူးဆန်းဆန်းလို့ ဆိုလိုက်တော့ စိတ်ဝင်စားသွားမိတာတော့ အမှန်ပါ။ ဘာပဲဖြစ်ဖြစ်၊ ဂမ္ဘီရဆန်ရင်တော့ စာရေးဖို့ ကုန်ကြမ်းရမှာပေါ့ဆိုတဲ့ အတွေးနဲ့ အလုပ်ပါးတဲ့အချိန်မှာ သွားကြည့်ဖြစ်ခဲ့ပါတယ်။

•••

မြင်လိုက်ရတဲ့ မြင်ကွင်းက ကိုကျော်ထွန်းဦးအိမ်ဘုရားခန်းတည့်တည့် ခေါင်းရင်း ခေါင်တိုင်အခြေမှာ ခင်းထားတဲ့ အုတ်ခဲတွေအကြားမှာ ပေါက်နေတဲ့ ဖြူဖြူဖွေးဖွေး ကြီးကြီးမားမား ကားစွင့်နေတဲ့ မှိုပွင့်ကြီးတွေကို တွေ့လိုက်ရခြင်းပါပဲ။ အုံနဲ့ စုဖွဲ့ပြီး ပေါက်နေတဲ့ မှိုပွင့်ကြီးတွေဟာ သာမန် မြင်တွေ့ကျ မှိုတွေထက် ကြီးမားနေတာတော့ အမှန်ပါ။ အပွင့်ကြီးတွေကို သေသေချာချာ ရေတွက်ကြည့်တော့ ၁၁ပွင့်တိတိရှိပြီး အကြီးဆုံး မှိုပွင့်ကြီးက အချင်း ၉လက်မ၊ မိုးတံက ပတ်လည် ၂လက်မဆိုတော့ သူတို့အနေနဲ့ အံ့သြနေကြသလို၊ ထူးဆန်းတယ်ဆိုပြီး မမြင်ဘူးလို့ လာကြည့်နေကြတဲ့သူတွေကလည်း သူ့ဝင် ငါထွက်လို့ ဆိုရမှာပါပဲ။ စာရေးသူအနေနဲ့ကတော့ သိပ်ပြီး အထူးအဆန်းကြီး မဟုတ်သလိုမျိုး ခံစားမိတာကိုတော့ ရိုးရိုးစွာ ဝန်ခံရပါမယ်။ ဘာယကံရှင်တွေအဖို့ကတော့ အထူးအဆန်းကြီးဖြစ်နေကြတာပါ။ ကျွန်တော်လည်း ပါလာတဲ့ ကင်မရာနဲ့ ဓာတ်ပုံတွေ ရိုက်ယူဖြစ်လိုက်ပါတယ်။ ပြီးတော့ သူတို့ကိုလည်း သိချင်တာလေးတွေ မေးတော့ သူတို့လေးတွေကလည်း စိတ်ရှည်လက်ရှည်နဲ့ ဖြေပေးကြပါတယ်။

မောင်ကျော်ထွန်းဦးဆိုတာ ငယ်ငယ်လေးကတည်းက ဘသာတ ရထားလိုင်းခန်းထဲကို ရောက်လာကြတာ။ သူ့ညီက အောင်ကျော်မိုး ဆိုတဲ့ ကလေးပါ။ ပေပေတေတေ ညီအစ်ကိုနှစ်ယောက်ကို တစ်လိုင်းလုံးက ရန်ကုန်သားညီအစ်ကိုလို့ပဲ ခေါ်ကြပါတယ်။ ငယ်ဘဝလေးတွေက ကြမ်းတမ်းလှပါတယ်။ စာရေးသူတို့နဲ့ တစ်လိုင်းတည်း နေတာမို့ ဟိုလူက ထိုးလိုက်၊ ဒီလူက စ,လိုက်နဲ့ ချစ်စရာကောင်းတဲ့ ညီအစ်ကိုပါ။

ကျော်ထွန်းဦးတို့ ကြီးလာတော့ ဖခင်ကြီး တာဝန်ကျတဲ့ တွဲမီးလျှပ်စစ်မှာ ညီအစ်ကိုနှစ်ယောက်စလုံး အလုပ်ရကြပါတယ်။ အစပိုင်းကတော့ ကျော်ထွန်းဦးဟာ သောက်သောက်စားစားရှိခဲ့တဲ့သူပါ။ အရွယ်ရောက်တော့ မဖြိုးဖြိုးဆိုသူလေးနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသလို၊ အိမ်ထောင်တစ်ခုကို ဦးထမ်း၊ ပုံ့ထမ်းနဲ့ ညီညီညာညာ ကြိုးစားကြတဲ့ စံပြ ဇနီးမောင်နှံလို့တောင် ဆိုရမှာပါ။ မဖြိုးဖြိုးက ဘူတာ ပလက်ဖောင်း တွဲပြင်ရုံလေးကို အမှီပြုပြီး ထမင်းကြော်ရောင်းတယ်။ ထမင်းထုပ်ရောင်းတယ်။

အကျိုးပေးတော့ အကြောင်းထင်လာသလို၊ အဆင်ပြေလာတယ်။ စိတ်ထားလေးတွေ၊ စေတနာလေးတွေလည်း ကောင်းကြတာဆိုတော့ ပြောစရာမလိုပါဘူး။ မောင်ကျော်ထွန်းဦးကလည်း အရက်သေစာသောက်စာခြင်းက လုံးဝရှောင်လိုက်တယ်။ အဲဒါကလည်း အကြောင်းတိုက်ဆိုင်တာလား၊ အချိန်အခါကျတာလားတော့ မပြောတတ်ပါဘူး။ ကွင်းကောက်က ဘဲအင်းဆရာတော်နဲ့ တွေ့ပြီး အကျွတ်တရားရသွားတယ်လို့ သိရပါတယ်။ ဆရာတော်ပေးတဲ့ ပုတီးစိပ်ကို အမိတ္တာန်မပျက် စိပ်တယ်။ ဝါတွင်း ဥပုသ် ၁၃ပတ်လုံး ဥပုသ်စောင့်ပြီး သက်သတ်လွတ် တစ်ဝါတွင်းလုံး စားတယ်။ ရထားစက်မှုဝင်းက မွှောရုံမှာ တနင်္လာနေ့ ဥပုသ်အပတ်နဲ့ ကြုံရင် ဥပုသ်သည်တွေကို အာဟာရဒါန ကျွေးမွေးခြင်းနဲ့ ကုသိုလ်ယူကြတယ်။

ဒီလို စေတနာတွေကြောင့် အတိတ်နိမိတ်ကောင်းအဖြစ် မှိုတွေ ပေါက်လာတာလို့ ယုံကြည်နေကြတာပါ။ ကျွန်တော့်အနေနဲ့ကတော့ "အရိုးကို မလှုပ်ပြင်ပြု၊ အရွက်ကို ထိးလိုက်ကာ မှိုရတဲ့ မျက်နှာ" ဆိုပြီး နိမိတ်ကောင်းကို ဆောင်ပေးလိုက်တာပါ။ မှိုအကြောင်းနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကိုလည်း သူတို့ဇနီးမောင်နှံသိဖို့ ကျွန်တော့်မှာ တာဝန်ရှိသလို ခံစားခဲ့ရပါတယ်။ ကျွန်တော့်ကို လာခေါ်ရခြင်းကလည်း အများပြည်သူကို အထူးအဆန်းလေးတွေ တင်ပြပေးစေချင်လို့ ဆိုတဲ့ သူတို့ရဲ့ စိတ်ရင်းအမှန်ကိုလည်း သိထားခဲ့ရတာမို့ စာရေးဖို့ တာဝန်တစ်ရပ်အဖြစ် ခံယူထားမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် မရေးဖြစ်ပေမယ့် စိတ်ထဲမှာတော့ ရေးမှ ဖြစ်မယ်ဆိုတဲ့ အသိက ရှိပြီးသားပါ။ အခုတော့မှ တာဝန်တစ်ခုအဖြစ် သဘောထားပြီး မှိုနှင့် စပ်သမျှ လေ့လာထားတာလေးတွေကို ကိုကျော်ထွန်းဦး+မဖြိုးဖြိုးနှင့်တကွ၊ အများပြည်သူကိုပါ သုတရသဖြစ်စေခြင်းအတွက် ရေးသားတင်ဆက်လိုက်ရခြင်းသာဟု ဆိုပါရစေ။

♦♦♦

တစ်နှစ်တစ်ခါ ပေါ်ထွန်းလာသည်၊
ရေတွင် မတင်၊ မီးတွင် မပေါက်၊
စေ့မရောက်တည်၊
ပင်ညှောင့်မတင်၊ ပန်းနယ် ရင့်၍၊
မပွင့်မသီး၊ မကြီးလွန်းပါ၊
ရသာထူးမြတ်၊ နတ်၏ ဩဇာ၊
လူတို့ရှာဋ္ဌ ရောက်လာသည့်ပင်၊
အများထင်သည်၊
ဉာဏ်ရှင်ပြောလော့၊ မကြာတည်း။ ။

အထက်ပါ စကားထာ ကဗျာလေးမှာ မုံရွေးဆရာတော်ဘုရားကြီးက ဉာဏ်ကွန့်၍ ရေးသားစပ်ဆို မေးမြန်းထားခြင်းပင် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဆိုလိုရင်းမှာ အရသာ ထူးကဲလှသောမှိုကို နတ်၏ ဩဇာအလား တင်စား၍ ဖွဲ့သီထားခြင်းပင် ဖြစ်ပါပေသည်။


မြန်မာတို့သည် မှိုကို မြတ်မြတ်နိုးနိုး တန်ဖိုးထားကာ ရှာဖွေစားသုံးကြသည့် ဓလေ့မှာ ရှေးယခင် ပဝေသဏီကပင် စခဲ့သည်ဟု ဆိုရပါမည်။ မြန်မာ့လူမှုရေးနယ်ပယ်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ဝမ်းသာ ရွှင်မြူးသော မျက်နှာထားဖြင့် လာသောသူကို မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် "မှိုရတဲ့ မျက်နှာနဲ့ ဘယ်လိုများ ဖြစ်လာရတာတုန်း" ဟူသော စကားအသုံးအနှုန်းဖြင့် တင်စားပြောဆိုတတ်လေ့ရှိပါသည်။ ငယ်စဉ်ဘဝက စကားထာ ဖွက်တမ်းကစားကြရာတွင်လည်း "တစ်နှစ်တစ်ခါ ပေါ်လို့လာ၊ ငါလည်း မင်းလောင်းထီးဖြူဆောင်း" ဟူသော မှိုစကားထာကို မရိုးမအီနိုင်ဘဲ ဖွဲ့ဆိုခဲ့ကြဖူးပါသည်။ မှိုဟု ဆိုလိုက်သည်နှင့် ကျေးလက်တောရွာနေ ပြည်သူတို့အဖို့ ကောက်ရိုးပုံအနီး ဥယျာဉ်ခြံမြေများအတွင်း၊ သစ်တုံး သစ်ငုတ်တိုများအပေါ်နှင့် မိုးဦးကျကာလ မြက်ပင်များအကြား ဖွားဖွားစွင့်စွင့် ပွင့်ပေါက်နေကြသောမှိုများကို ပြေးပြီး မြင်ယောင်မိကြသလို၊ မြို့ကြီးပြကြီးရှိ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် တန်ဖိုးကြီး စားဖွယ်အဖြစ် မှိုကန်စွန်း၊ မှိုပြောင်းနှတို့ကိုလည်း စားသုံး






www.burmeseclassic.com

www.burmeseclassic.com



ကသူတို့က တန်းတန်းမတ်မတ် မြင်ယောင်မိကြမည်သာ ဖြစ်ပါသည်။

မြန်မာတို့သည် မှိုပေါက်ရာနေရာကို အစွဲပြု၍ မှိုကို အမည်ပေးခဲ့ကြပါသည်။ ဥပမာအားဖြင့် တောင်ပို့ ပေါ်ပေါက်သည့်မှိုကို တောင်ပို့မှိုဟု ခေါ်၍ ကောက်ရိုးပုံ၌ ပေါက်သော မှိုကို ကောက်ရိုးမှို၊ မြက်ပင်များအကြား ပေါက်သောမှိုကို မြက်ကြားမှို၊ အင်တိုင်းမှို၊ ငှက်ပျောမှို၊ ဆန်ကွဲမှို၊ သရက်မှို၊ အင်တုံးမှို စသည်ဖြင့် ခေါ်ဆိုကြပေသည်။

ထို့ပြင် အရောင်နှင့် ပုံသဏ္ဌာန်ကို လိုက်၍လည်း ခေါ်ဆိုကြပြန်ပါသည်။ ဥပမာ အဝါရောင်ရှိသောမှိုကို သင်္ကန်းမှို ထိပ်နက်နေလျှင် မှိုဦးနက်၊ အနီရောင်ရှိသောမှိုကို ကြက်ဘူရွှေနှတ်သီးအရောင်နှင့် တူ၍ ကြက်တူရွေးမှို၊ ကွန်ခြာနှင့် အုပ်ထားသကဲ့သို့ ဖြစ်နေလျှင် ဇာကွန်ခြာမှို၊ ကြွက်နားရွက်နှင့် တူ၍ ကြွက်နားရွက်မှို၊ လုံးဝိုင်းနေလျှင် မှိုဥ၊ ကြက်ဥပုံရှိသောမှိုကို ကြက်ဥမှိုဟု ခေါ်ဆိုကြပြန်ပါသည်။ တစ်ဖန် ပေါက်သည့်ပုံစံကို ကြည့်၍လည်း အမည်ပေးပြန်သည်။ အတန်းလိုက် ပေါက်နေသောမှိုကို မြင်းတစ်ပြေးမှိုဟူ၍ မှည့်ခေါ်တတ်ကြပြန်ပါသည်။

မှိုပေါက်ရာ ရာသီကာလမှာ နွေအကုန် မိုးအကူး၊ ဆောင်းအကုန် နွေအကူး စသော ရာသီကူးပြောင်းကာလများတွင် များပြားစွာ ပေါက်လေ့ရှိပါသည်။ ယခုအခါ မှိုများကို လိုအပ်သော ရာသီသဘာဝအဖြစ် ဖန်တီးပြုပြင်၍ စိုက်ပျိုးရောင်းချနိုင်ပြီဖြစ်ရာ အချိန်အခါမရွေး ဝယ်ယူရရှိ စားသုံးနိုင်ကြပါပြီ။

ဆေးကျမ်းများတွင် မှိုကို "အဟိဆတြ"ဟု ဖော်ပြထားသည်ကိုလည်း လေ့လာဖတ်ရှုရပါသည်။ အဓိပ္ပာယ်မှာ အဟိသည် မြွေ၊ ဆတြသည် ထီး၊ ထို့ကြောင့် အဟိဆတြသည် မြွေထီးဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ မြွေများသည် မှိုကို နှစ်သက်ကြပါသည်။ မှိုအရည်များကို စုပ်ယူစားသုံးကြပြီး မှိုပွင့်အောက်၊ မှိုပွင့်များအကြားတွင် ခိုအောင်းနေတတ်ကြပါသည်။ သို့ကြောင့် ဆေးကျမ်းများအရ မှိုကို မြွေထီးဟု ဖော်ပြကြခြင်းလည်း ဖြစ်နိုင်ပါသည်။

ရုက္ခဗေဒ ဘာသာရပ်တွင် မှိုဟု ဆိုလိုက်သည်နှင့် Fungi ဟု သိကြပါသည်။ ၎င်းကို Lower Fungi နှင့် Higher Fungi ဟူ၍ အုပ်စုနှစ်ခု ခွဲထားပါသည်။ Lower Fungi တွင် မျိုးပေါင်း ၇မျိုးပါဝင်ပြီး Higher Fungi တွင် Ascomycetes တွင် ကျပ်ခိုးမှို(Smut)၊ သံချေးမှို(Xust)၊ အင်ဥ(Puffball) နှင့် လူအများ နှစ်ခြိုက်စွာ ကြိုက်သော

www.burmeseclassic.com

မှိုပွင့်၊ မှိုဖူး(Mushroom) တို့ ပါဝင်ပါသည်။ မတော်တဆ စားသုံးမိပြီး အဆိပ်တောက်၊ အဆိပ်သင့်သောမှိုကို အခြေခံပြီး Toadstool ဟုလည်း ခေါ်ဝေါ်ကြပါသည်။ ရုက္ခဗေဒ ပညာရှင်များက စားကောင်းလျှင် Mushroom၊ အဆိပ်ရှိလျှင် Toadstool ဟု မသုံးစွဲကြပါ။ စားကောင်းလျှင် Edible၊ မစားကောင်းလျှင် Inedible၊ အဆိပ်ရှိလျှင် Poisonous ဟူ၍ သုံးစွဲကြကြောင်း လေ့လာသိရှိရပေသည်။

သစ်ပင်များပေါ် ပေါက်ရောက်သောမှိုကို စားသင့်သည်ဟု မသိဘဲ များများစားလိုက်မိသော်လည်း အဆိပ်အာနိသင်မှာ ပျော့သောကြောင့် မှိုဆိပ်တက်ခြင်း၊ မှိုတောက်ခြင်း နည်းပါးပါသည်။ စာရေးသူတို့ ငယ်စဉ်က ဟင်္သာတ မီးရထား စက်ခေါင်းရုံးတွင် ရေနွေးငွေ့သုံး STEAM စက်ခေါင်းများတွင် လောင်စာအဖြစ် သုံးစွဲရန် ပုံထားသော ထင်းတုံးမျိုးစုံမှာ ပေါက်သည့် မှိုများကို မြင်တွေ့ဖူးပါသည်။ အင်သား ထင်းတုံးများတွင် ပေါက်သော အင်တုံးမှိုများကို နုတ်ယူ၍ ဟင်းလျာအဖြစ် ချက်စားခဲ့ဖူးပါသည်။ မာဆတ်ဆတ်ဖြင့် အဝါးရခက်သော်လည်း စား၍ကောင်းပါသည်။ ကန်စွန်းရွက်နှင့် ရောချက်၍ အဆိပ်သင့်ခြင်း၊ မှိုတောက်ခြင်း မရှိပါ။

ကုန်းမြေပေါ်တွင် ပေါက်သောမှိုများတွင် စားကောင်းသောမှိုများနှင့် မစားကောင်းသောမှိုများ ရောထွေး၍ ပေါက်တတ်ပါသည်။ မစားသင့်သည်ကို မသိဘဲ စားသုံးမိပါက အဆိပ်အာနိသင် ပြင်းထန်မှုအလိုက်နှင့် စားသုံးမှုအနည်းအများအလိုက် မှိုဆိပ်သင့်ခြင်းဖြစ်ပြီး အော့အန်ခြင်း၊ မူးဝေခြင်းများ ဖြစ်ပေါ်လာသည်သာမက၊ အသက်ပါ သေဆုံးနိုင်သည်အထိ ဖြစ်တတ်ပါသည်။ ကမ္ဘာပေါ်တွင် မှိုမျိုးပေါင်း လေးသောင်းခန့် မျိုးကွဲများရှိရာ စားကောင်းသော မှိုမျိုးစိတ်မှာ ၂၀၀ ခန့်ရှိပြီး အဆိပ်သင့်စေသောမှိုမှာ မျိုးစိတ် ၁၂မျိုး ရှိသည်ဟု သိရပါသည်။ အဆိပ်ရှိသည့်မှို၏ အခြေတွင် ခွက်ပုံသဏ္ဌာန် Volva နှင့် ဖုံးအုပ်ထားသည်။ အရပ်အခေါ်အားဖြင့် ခြေကျင်းပါသောမှိုဟု ခေါ်ပါသည်။ သာမန်အားဖြင့် ကြည့်လျှင် အဆိပ်ရှိသောမှိုသည် အရောင်တောက်ပသည်။ စပိုးပန်းရောင်ကို ဆောင်ထားသည်။ အောက်ခြေတွင် Volva ရှိသည်။ အရသာမှာ အက်စစ်ကဲ့သို့ ဖြစ်သည်။ ပင်စည်ကို ထိလျှင် လွယ်ကူစွာ ကျိုးပဲ့မသွားပေ။ နေသာသော နေရာတွင်လည်း မကြီးထွားချေ။ မှိုကို တစ်ကြိမ်တစ်ခါမျှ စားဖူးခြင်း မရှိပါက ချက်ချင်းမစားသင့်ပေ။ အနည်းငယ် စမ်းသပ်ကြည့်ပြီး အန္တရာယ်မရှိမှသာ စားသုံးသင့်ပါသည်။

* မှိုအရိုးတံကို လက်နှင့် ဖျစ်ကြည့်သည့်အခါ ကြေသွားလျှင် မစားကောင်းပါ။
* မှိုပေါ်သို့ ဆားအနည်းငယ် ဖြူးကြည့်သည့်အခါ မည်းသွားလျှင် မစားကောင်းပါ။
* မှိုပွင့်ကို လက်နှင့် ဖျစ်ကြည့်သည့်အခါ သွေးကဲ့သို့ အရောင်ပြောင်းသွားလျှင် မစားကောင်းပါ။
* မှိုကို ဓားနှင့် ဖြတ်ကြည့်သည့်အခါ ဓားဖြတ်ခံရသော နေရာ ပြာသွားလျှင် မစားကောင်းပါ။
* မှိုကို ဆားရည်တွင် စိမ်သည့်အခါ နက်လာလျှင် မစားကောင်းပါ။
* ခြေကျင်းပါသော မှိုများအားလုံး မစားကောင်းပါ
* ခူးထားပြီး မူလအရောင်မှ ပြောင်းနေသောမှို လည်း မစားသင့်ပါ။
* မစားသုံးမီ ရေခဲသေတ္တာတွင် တာရှည် သိမ်းဆည်းထား သိုခြင်းလည်း မပြုသင့်ပါ။

မှိုသည် မြန်မြန်ရိရွဲလွယ်တတ်ပါသည်။ ပလတ်စတ အိတ်တွင် မှိုကို ထည့်ပြီး လေထည့်၍ ပိတ်ထားလျှ အရိအရွဲသက်သာစေနိုင်ပါသည်။ မှိုဟင်းချက်စားလျှင်လည် အဆိပ်အတောက်ပြေစေရန် ကန်စွန်းရွက်ဖြင့် ရော၍ ချ စားသင့်ပါသည်။ မီးဖွားပြီးစ အမျိုးသမီးများ မည်သည့်မှို မျှ မစားသင့်ပါ။ "မှိုတစ်နှစ်၊ မျှစ်သုံးလ" ဟူသော စာဆို ပင် တားမြစ်ထားပါသည်။


အဆိပ်သင့် မှိုကို မတော်တဆ မှားယွင်းစားသုံးမိ မှိုတောက်သော ရောဂါကို ကုသနည်းများစွာရှိပါသည်။ သားရေကို မီးဖုတ်ပြီး ရေစိမ်၍ တိုက်လျှင် ပျောက်က သည်ဟု ဆိုပါသည်။ တစ်နည်းမှာ ထန်းလျက်ကို စား လည်းကောင်း၊ သံပရာရည်ကို လျက်၍သော် လည်းကော မှိုနားတိုသတ္တုရည်ကို သောက်၍ လည်းကောင်း ပြ တိုက်ကျွေးခြင်းဖြင့် သက်သာစေပါသည်။ အော့အန်မူးဝေ ပြင်းထန်စွာ ခံစားရလျှင် ရေးဦးစွာ စားဆီ စတီးဇွန်းနှစ်ဇွ တိုက်ပါ။ ၁၅မိနစ်ခန့်ကြာလျှင် ကန်စွန်းရွက် သတ္တု အကြမ်းပန်းကန်တစ်လုံးခန့် ထပ်မံတိုက်ပါ။ နာရီဝက်ကြ လျှင် သခွတ်ခေါက်ကို သွေးပြီး စတီးဇွန်းနှစ်ဇွန်းခန့် တ ပါ။ တိုင်းရင်းဆေးသမားတော်နည်းဖြစ်ပါသည်။ အ တစ်နည်းမှာ မရိုးခေါ် "ဖြေကြီးခေါက်" တစ်မတ်သားခ သွေး၍တိုက်ပါ။ သို့မဟုတ် ကျိုးအာမြစ်နှင့် ဆားကို သွေ လျာကို ပွတ်ပေးပါက အစာများ ပြန်၍အန်ပါလိမ့်မည်

မှိုနှင့် ရောစပ် တွဲဖက်၍ မစားကောင်းသော အစာ မှာ ကြက်ဟင်းခါးသီး၊ ကြက်ဥ၊ ခဲဥ၊ ငှက်ပျောသီး၊



www.burmeseclassic.com

www.burmeseclassic.com



ဘောင်စီး ကဏန်း၊ ယုန်သား၊ ဖားသားတို့ပင် ဖြစ်ပါသည်။

သည်လောက်ဆိုလျှင် မှိုနှင့် ပတ်သက်သည့် ဗဟုသုတ အပြည့်အစုံဟု မဆိုနိုင်သော်လည်း အတန်အသင့်ရှိပြီဟု တော့ ဆိုနိုင်ပါပြီ။

ညီငယ် မောင်ကျော်ထွန်းဦးနဲ့ ညီမ မဖြိုးဖြိုးတို့က မှိုနဲ့ ပတ်သက်ပြီး ဂန္ထိရအထူးအဆန်းစကားမျိုး ကြားချင်နေတာကို သူတို့မျက်လုံးတွေကို ကြည့်ပြီး ဖတ်မိတဲ့ ကျွန်တော်က မှိုအိပ်မက်နိမိတ်ကို ပြောပြလိုက်ပါသည်။

- မှိုကို မြင်မက်လျှင် ထီပေါက်အံ့။
- မှိုတွေ ပေါက်နေသည်ကို အများအပြားမြင်တွေ့ လိုက်ရသည်ဟု မြင်မက်လျှင် လာဘ်ကြီးရအံ့။
- မှိုဟင်းချက်ပြုတ် စားသောက်ရသည်ဟု မြင်မက်လျှင် ငွေများဝင်အံ့။
- သောက်ရေအိုးစင်မှာ မှိုပေါက်နေသည်ဟု မြင်မက်လျှင် စားနပ်ရိက္ခာပြည့်စုံ၍ ငွေများစွာရအံ့။
- မှိုများ ရောင်းနေသည်ကို မြင်မက်လျှင် မမျှော်လင့်ဘဲ အဖိုးတန်ပစ္စည်းများရအံ့...

ဆိုတဲ့ အိပ်မက်နိမိတ်ကျမ်းက ဆိုထားတယ်ကွာလို့ ဆိုတော့ သူတို့မျက်နှာလေးတွေမှာ တကယ့်ကို မှိုရတဲ့ မျက်နှာမျိုးတွေနဲ့ ဝင်းဝင်းပပ။

"ကဲ - ဒီတော့ ငါ့ညီတို့က အိပ်မက်မဟုတ်ဘူး၊ တကယ့်လက်တွေ့ မျက်တွေ့ မြင်နေကြရပြီပဲ။ အစ်ကို ပြောချင်တာက သရဏဂုံ လုံပြီး ငါးပါးသီလမြဲအောင် ပိုကြိုးစားကြ၊ မင်းတို့ရဲ့ အောင်မြင်မှုအတွက်အထိပ်က မကြာတော့ဘူး။ စိတ်ကောင်းရှိ၊ သီလမြဲ၊ ဝိပဿနာကို ရှုမှတ် ဆင်ခြင်ပေးရင် ကောင်းကျိုးချမ်းသာ မဝေးတော့ပါဘူးလို့ပဲ နိမိတ်ဖတ်လိုက်မယ်"

ကျွန်တော်လည်း သိမှတ်သမျှ ပြောပြ ဆိုဆုံးမပြီး ပြန်လာခဲ့ပါတော့တယ်။

♦♦♦

အကြောင်းတိုက်ဆိုင်သည်လားတော့ မသိ။ ဝါတွင်းကာလမှာ ရထားမွှောရှ် ဥပုသ်ဇရပ်မှာ အာဟာရဒါနကျွေးလှူပြီးလို့ တစ်လခန့်အကြာမှာတော့ မောင်ကျော်ထွန်းဦး တစ်ယောက် ငွေဆယ်သိန်းလောက် ထီပေါက်သလို ရလိုက်တယ်ဆိုတဲ့ မင်္ဂလာသတင်းကိုတော့ ရထားလိုင်းထဲက ရှာမောင်း ဒေါ်လေးတင်ထံက သိလိုက်ရခြင်းပင်။

ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ

* * *

ပန်းမြိုင်လယ်စိန်စိန်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

# (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွဋ်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွ[illegible] သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါ[illegible] ရွတ်ဆိုကာ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[illegible] တွင် ကံ့ကော် (၉)ညွန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။ |
| ငွေကြေးအခက်အခဲအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[illegible] တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလို[illegible] တောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[illegible] တွင် ပဲပေါင်မုန့် (၅)ခု၊ ကြွက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရော[illegible] လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[illegible] တွင် ကိတ်မုန့်တစ်ခုနှင့် ကြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူ[illegible] မိမိလိုရာဆုကို တောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် - | မွေးနေ့တွင် ရဟန်းတစ်ပါးကို ပေါင်မုန့် (၅)လုံး လှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန[illegible] ထောင့်တွင် သရက်သီး (၅)လုံး လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးအား (၉)ခေါ[illegible] ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ရေဖြင့် [illegible] တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်းပစ္စည်းများပေါ်သို့ ပက်ဖျန်း[illegible] |
| ထီကံကြမ္မာ - | (၁)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၅)လုံးနှင့် ဆူးတံခွန် (၅)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ် လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၅)ပွင့်နှင့် ငြိုပ်တံခွန် (၅)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီးညွန့် (၅)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၅)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၅)လုံး လှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၅)ကျပ်သား၊ တံခွန်လုံးအဝါ (၅)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၅)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း (၁၀)ညွန့်၊ အုန်းယို (၉)ခု၊ ထီးဖြူ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေတစ်ထောင်ကျပ် လှူဒါန်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၃)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်းမုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်းမုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ဘ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၇)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွှက်လှ (၄)ညွန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (ည)အကွက်ရှာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (၈)အကွက်ရှာပါသောထီကို ရွေးထိုးပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော်နှင့် သူငယ် ...သူ ဆွေမင်းတို့ ကျွန်တော်တို့ ...ရာ မြို့တစ်ဖက်ကမ်း ရွာသစ် ...မှ အတန်ဝေးသည့် လှည်းဆိပ် ... ထွက်လာခဲ့ကြသည်။ အကြောင်း ... ဆွေမင်း၏ ဦးလေးတစ်ယောက် ...မာ၍ သွားခဲ့ကြခြင်းဖြစ်သည်။ ...တော်သည်လည်း ဆွေမင်းက ...ခေါ်သဖြင့် ဒေသန္တရ ဗဟုသုတ ... လိုက်လာခဲ့သည်။

လှည်းဆိပ်ရွာသို့ သွားရာတွင် ... အထင်ကရဖြစ်သော သော်က စေတီတော်ကြီးရှေ့မှ ဖြတ်ကာ ရွာစဉ်တစ်လျှောက်သွားရသည်။ ရွာသစ်နှင့် သော်ကရွာတို့က ရွာချင်းဆက်လျက်ရှိသည်။ လမ်းခရီးက ကြမ်း၊ နေက ပူသဖြင့် ကျွန်တော်တို့နှစ်ယောက် ပင်ပန်းကြသည်။ သစ်ရိပ်ကောင်းလျှင် နား၊ အမောပြေလျှင် ဆက်လျှောက်ဖြင့် ၁၁နာရီထိုးခါနီးလောက်မှ လှည်းဆိပ်ရွာသို့ ရောက်ကြသည်။ ရွာရောက်လျှင် ခရီးက ပန်း၊ ဗိုက်က ဆာသဖြင့် ရွာထဲတွင် တွေ့ရသော မုန့်ဟင်းခါးဆိုင်သို့ ဝင်၍ အဆာပြေစားကြသည်။

ကျွန်တော်တို့နှစ်ဦး ဆိုင်ထဲ ဝင်လိုက်လျှင် ဆိုင်ထဲ၌ အသက် ၇၀ခန့်ရှိ လူကြီးတစ်ဦးနှင့် လူငယ်တစ်ဦးတို့ ထိုင်နေကြသည်။ ကျွန်တော်တို့ မုန့်ဟင်းခါးစားနေစဉ် လူကြီးနှင့် ဆိုင်ရှင်အမျိုးသမီးတို့ အချီအချပြောနေသော စကားတို့ကို ကြားရသည်။

"ဦးလေးခက်...ညက ကိုမှတ်ကြီးကို ကွင်းပိုင်က ရိုက်လိုက်လို့ဆို။ ကျွန်မဖြင့် ကြောက်လို့ အပြင်တောင် မထွက်ဝံ့ဘူး"

"အေး၊ ငမှတ်ကလည်း အကြောက်အလန့် အရှိအသေ မရှိတော့ ဖြစ်မှာပေါ့။ ဒါမျိုးဆိုတာ သူ့နေရာနဲ့သူ လေးစားသမှုရှိရတယ်။ သူက သရဲ တစ္ဆေပဲ ဆိုပြီး မထီမဲ့မြင် မလုပ်ရဘူး။ အဲဒီကွင်းကလည်း ဝက်သားစားပြီး ဖြတ်လျှောက်တာတောင် မကြိုက်ဘူးဆိုတော့ အခက်သားတေ...။ အဘတို့လို ဆရာတွေပဲ ကော...တယ်။

www.burmeseclassic.com

ဘာလုပ်လုပ် သူတို့ မလုပ်ဝံ့ကြဘူး"

"ဟဲ့ - မိတင်၊ ငါ ပယောဂ ဆရာဆိုပြီး လုပ်ချင်တိုင်း လုပ်လို့ မရ ဘူး။ သူ့စည်း၊ ကိုယ့်စည်းထားရတယ် ကွဲ့။ ကိုယ်တတ်ထားတဲ့ ပညာနဲ့ သူ တစ်ပါးကို မနိုပ်စက် မညှဉ်းပမ်းရဘူး"

"သဘောကို ပြောတာပါ အဘ ရယ်။ နောက်ပြီး ကျွန်မကြားတာ ဆရာ တွေက သရဲ တစ္ဆေတွေကို မွေးပြီး ခိုင်းစားကြတယ်ဆို"

"သတ္တဝါတိုင်း ကိုယ်ပြုတဲ့ ကံ အတိုင်း ကိုယ်ပြန်ခံကြရတယ်ကွဲ့။ အတုံ့အလှည့်ဆိုတဲ့ သဘောပဲ။ ကြုံလို့ ပြောရဦးမယ်။ လွန်ခဲ့တဲ့ ၅နှစ်လောက် က ငါနဲ့ ပညာသင်ဖော်သင်ဖက် သူငယ်ချင်း စိန်မောင်ဆိုတာ ရှိတယ်။ ငါတို့ဆရာက ဆုံးမထားတာ ရှိတယ်။ မတော်မတရားတဲ့ နည်းနဲ့ အသက်မွေး မှု မပြုဖို့ ဆုံးမထားတယ်။ စိန်မောင်က ဆရာ့စကားကို ဆန့်ကျင်ပြီး သရဲတွေ မွေး၊ မဟုတ်မဟပ် အလုပ်တွေကို လုပ်ပြီး အသက်မွေးတယ်လေ။ မအေး ငွေရဲ့ သား လယ်ထဲမှာ ပိုးထိပြီး ဆုံး သွားတဲ့ ကလေးကို မီးသင်္ဂြိုဟ်တော့ လူမသိအောင် အစအနတစ်ခုကို ယူ ထားလိုက်တယ်။ အဲဒီ အစအနကို သူ့ပညာနဲ့ စီရင်ပြီး ခိုင်းစေခဲ့တယ်။ အဲဒီ အချိန်က ကျော်ကြားတဲ့ ဆရာတစ် ယောက်တော့ ဖြစ်ခဲ့ပါရဲ့။ သံသရာ အတွက်တော့ မကောင်းနိုင်ဘူး။ ခိုင်းစေ သူနဲ့ အခိုင်းစေခံရသူဆိုတာ တစ်ဦးကို တစ်ဦး မေတ္တာနဲ့ အကျိုးပြုတယ်လို့ မဆိုနိုင်ဘူး။ တစ်ဦးက အခွင့်သာလို့ ခိုင်းစေနိုင်တယ်ဆိုပေမယ့် အခိုင်းခံရသူ အဖို့ ကျေနပ်မှုရှိချင်မှ ရှိမှာ။ တစ်နေ့ နေ့ အခွင့်သာရင် တုံ့ပြန်ကြမှာပဲလေ။ စိန်မောင်လည်း အကြောင်းတိုက်ဆိုင် လာတော့ ခံရတာပဲ။ သူ့ကံကလည်း ကုန်တဲ့အချိန်၊ ဆရာဆိုတဲ့ အာဏာ စက်လည်း လျော့ပါးချိန်မှာ သူကျွေး မွေးထားတဲ့ ကောင်က သူ့ကို ပြန်လုပ် လို့ သေခဲ့ရတယ်။ စိန်မောင်သေတော့ သူပြုခဲ့တဲ့ ကံအတိုင်းပဲ သူ့ကို ခိုင်းစေ မယ့်သူ ပေါ်လာခဲ့တယ်။ ဆရာတစ် ယောက်က စိန်မောင်ရဲ့ ဝိညာဉ်ကို ခိုင်း စေထားတယ်လို့ ကြားသိရတယ်။ စိန် မောင်လည်း အခုထိ မကျွတ်လွတ် သေးဘူးထင်ပါရဲ့"

ကျွန်တော်က လူကြီးပြောပြနေ သော အဖြစ်တို့ကို မယုံချင်၊ ဗုဒ္ဓဘာ သာဝင်တစ်ယောက်အနေဖြင့် နာမ် လောကရှိသည်ကို လက်ခံသော်လည်း လူကြီးပြောပြနေသော လူက ပရလော ကသားကို ခိုင်းစေ၍ရသည် ဆိုခြင်းကို လက်မခံလိုပေ။ ယုတ္တိမတန်ဟု ထင် မိသည်။ ထို့ကြောင့် ကျွန်တော်က လူ ကြီးအား . . .

"အဘပြောသလို လူက သရဲ တစ္ဆေကို ခိုင်းလို့ရတယ်ဆိုတာ ဟုတ် ပါ့မလား။ သရဲတစ္ဆေဆိုတာက အထည် ဒြပ်ရှိတာ မဟုတ်ဘူးလေ"

ဟု ပြောလိုက်သည်။ ထိုတွင် ဆွေမင်းက ကျွန်တော့်အား လက် ကုတ်၍ တားသည်။ ထို့နောက် ကျွန် တော်နှင့် ဆွေမင်းတို့ ဆိုင်ထဲမှ ထွက် လာကြခဲ့ကြသည်။ ဆိုင်ပြင်သို့ ရောက် လျှင် ဆွေမင်းက . . .

"ဟေ့ကောင် . . . ကိုယ် မယုံရင် ကိုယ့်စိတ်ထဲမှာ ထားလေကွာ။ ဘာလို့ သွားပြောရတာလဲ။ လောကမှာ ကိုယ် မသိသေးတဲ့ အရာတွေ အများကြီးရှိ တယ်ကွ"

"အေးပါ၊ ငါ နားလည်ပါတယ်။ ဒါပေမယ့် ပြောတိုင်း ယုံစရာ မလိုဘူး ကွ။ ယုတ္တိမတန်တဲ့ ကိစ္စမျိုးတွေမှာ အကြောင်းနဲ့ အကျိုး ဆင်ခြင်တတ် အောင်လို့ပါကွာ"

ထိုနေ့က ကျွန်တော်နှင့် ဆွေမင်း တို့ လှည်းဆိပ်ရွာတွင် ညနေ နေစောင်း သည်အထိ နေခဲ့ကြသည်။ ဆွေမင်း . . . ဦးလေးအိမ်၌ ညနေစာ ထမင်းစား . . . သောက်ပြီးမှ အပြန်ခရီးကို စခဲ့ကြ . . . သည်။ ကျွန်တော်တို့ ထွက်လာချိန် . . . နေဝင်တော့မည်။ ကျွန်တော်တို့ နှ . . . ယောက် စောစောပြန်ရန် စီစဉ်သော် . . . လည်း အိမ်ရှင်များက ထမင်းစာ . . . သောက်ပြီးမှ ပြန်ရန် ဆွဲထားကြသဖြ . . . ပြန်ချိန်နောက်ကျခဲ့ရသည်။ သို့သော် . . . လည်း အဖော်နှစ်ယောက်မို့ စိုးရိမ်စ . . . မရှိပေ။

◆◆◆

ကျွန်တော်တို့နှစ်ယောက် စကား . . . တပြောပြောဖြင့် လျှောက်လာခဲ့ကြ . . . စစ်ဖပ်ချောင်းရွာအရောက်တွင် မိုး . . . သွားသည်။ သို့ရာတွင် လဆန်းရက် . . . လရိပ်မှုန်မှုန်တော့ ရှိနေသည်။ လ . . . ကလေးရှိနေ၍ သွားရသည်မှာ အခ . . . အခဲမရှိပေ။ လာစဉ်က အပြန်ခရီး . . . ယခုလို နောက်ကျလိမ့်မည်ဟု ထ . . . မထားခဲ့၊ ထို့ကြောင့် လက်နှိပ်ဓာတ် . . . များပင် စီစဉ်ခဲ့ခြင်း မရှိပေ။

စစ်ဖပ်ချောင်းရွာကို ကျော် . . . သည်နှင့် ကုန်းစုရွာအနီးသို့ ရောက် . . . ကြသည်။ ထိုရွာက အိမ်ခြေသိပ်မ . . . အိမ်ခြေကဲ့ပြီး ရွာတန်းရှည်သည်။ ရွာ . . . ဆင်းရဲနွမ်းပါးကြဟန်တူသည်။ ခ . . . ခနဲ့အိမ်လေးများကိုသာ တွေ့ရသည် . . . သို့သော်လည်း ဟိုယခင်က ကုန်း . . . ကို အနီးရွာများက ရှောင်ကြသ . . . အကြောင်းက ထိုရွာတွင် အောက် . . . ဆရာတွေ ပေါသည်ဟု ဆိုကြသ . . . ယခုတော့ တဖြည်းဖြည်း ပပျော် . . . သွားပြီထင်သည်။ ကျွန်တော်တို့ . . . ကို ဖြတ်လျှောက်လာခဲ့ရာတွင် . . .



www.burmeseclassic.com

www.burmeseclassic.com

တ်ဆိတ်နေသည်။ မီးရောင်လက်က် လေးငါးအိမ်လောက်ကိုသာ တွေ့ရပြီး ကျန်အိမ်များ အိပ်နေကြပြီင်သည်။ တစ်ချက်တစ်ချက် ခွေးဟောင်သံများကို ကြားရသည်။

ထိုအေသ၌ ရွာများကို ဆက်သွယ်ေး တာကြီးဖြင့် ဆက်သွယ်ထားသည်။ ကျွန်တော်တို့လည်း ထိုတာကြီးအတိုင်း လျှောက်ခဲ့ကြရာတွင် တချို့နေရာများ အုပ်ဆိုင်းနေသော တောအုပ်ထဲမှ ဖြတ်လျှောက်ရသည်လည်း ရှိသည်။ ိုနေရာမျိုးကို တစ်ယောက်တည်း သွားရလျှင် အလွန်ချောက်ချားစရာ ကောင်းလိမ့်မည်။ တစ်နေရာတွင် တာကြီး၏ ဘေးဘက် မနီးမဝေးလောက်၌ မြှုပ်ပေါ် စိုက်ထားသော လူနာမည် ဆိုင်းဘုတ်များနှင့် အုတ်ဂူတချို့ကို တွေ့ိုက်ရသဖြင့် ကျောထဲ စိမ့်သွားသည်။

တစ်ချက်တစ်ချက် ခပ်လှမ်းလှမ်းဆီမှ ညဥ့်ငှက်အော်သံ တကီးကီးကိုလည်း ကြားရသည်။ သရက်ချောင်းကို ကျော်မိသည်နှင့် ကွင်းပြင်ကြီးကို ဖြတ်ဖောက်ထားသော တာလမ်းကြီးအတိုင်း လျှောက်ခဲ့ကြသည်။ သရိပ်မှုန်မှုန်အောက်တွင် တစ်ဖက်ကွင်းဘယ်သို့ ကြည့်လိုက်လျှင် သော်ကစေတီတော်ကြီးကို မသဲမကွဲ မြင်နေရသည်။

ထိုစဉ် ရှေ့မှလှမ်းမကမ်း တာဘေးဘက်ဆီမှ ဝုန်း…ဝုန်း…ဆိုသည့် အသံကို ကြားလိုက်ရသဖြင့် ဆွေမင်းနှင့် ကျွန်တော် တစ်ဦးကို တစ်ဦးကြည့်လိုက်မိသည်။ ရှေ့ဆက်လျှောက်လိုက်သည်နှင့် တာလမ်းပေါ်၌ မည်းမည်းကန်းကန်းကြီးကို တွေ့လိုက်ရသဖြင့် ရှေ့ဆက်ရန်ပင် မဝံ့မရဲဖြစ်သွားကြသည်။ ထို့နောက် သိလိုက်ရသည်က ကျွဲကြီးတစ်ကောင် တာလမ်းပေါ်တွင် ရပ်နေခြင်းဖြစ်သည်။ စောစောက ကြားရသော အသံမှာလည်း ကျွဲတစ်ကောင် ရေအိုင်ထဲမှ လူးလိမ့်သော အသံပင် ဖြစ်သည်။

ထိုသို့ဖြင့် ဆက်လျှောက်ခဲ့ကြရာ သော်ကစေတီကြီးသို့ ရောက်လာခဲ့သည်။ ထိုမှဆက်၍ သော်ကစေတီကြီးရှေ့ လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။ ထိုလမ်းမကြီးအတိုင်း သွားလျှင် မြစ်ဆိပ်သို့ ရောက်သည်။ ထိုလမ်းမကြီးဘေးဝဲယာ၌ ကုက္ကိုပင်ကြီးများက အုပ်ဆိုင်းစွာ ရှိနေသည်။ ထိုလမ်းတစ်လျှောက်၌ လူနေအိမ်များ မရှိကြ။ တစ်နေရာအရောက် ရှေ့မှလှမ်းမကမ်း လမ်းဘေး သစ်ငုတ်တိုတစ်ခုပေါ်တွင် အမျိုးသမီးတစ်ယောက် ကျွန်တော်တို့ကို ကျောပေး၍ ဆံပင်ဖားလျားချ ထိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ထိုအနီးသို့ ရောက်သွားလျှင် သစ်ငုတ်တိုပေါ် ထိုင်နေသော အမျိုးသမီးကို မတွေ့ရတော့ပေ။ ကျွန်တော်လည်း ဟိုဟိုဒီဒီကြည့်မိသည်။ ထိုအမျိုးသမီးကို မတွေ့ရပေ။ ကျွန်တော်က ဆွေမင်းကို လက်ကုတ်လိုက်သည်။

ကျွန်တော်တို့နှစ်ယောက် ခပ်သုတ်သုတ်လျှောက်ခဲ့ကြပြီးနောက် ခပ်လှမ်းလှမ်းရောက်လျှင် နှစ်ဦးသား လှည့်ကြည့်မိကြသည်။ ထိုအခါ သစ်ငုတ်ပေါ်တွင် စောစောက အမျိုးသမီးကို ကျောခိုင်းလျက်သား တွေ့ရပြန်သည်။ ထိုတွင် ဆွေမင်းတစ်ယောက် ကျွန်တော့်အား ခဏစောင့်ရန် ပြောပြီး ထိုသစ်ငုတ်ရှိရာသို့ ပြန်လျှောက်သွားသည်။ ကျွန်တော်ပင် တားချိန်မရလိုက်။ ခဏအကြာ ဆွေမင်း ပြန်ရောက်လာသည်။

"ဟေ့ကောင်… မင်း ဘာသွားလုပ်တာလဲ"

"ဘာမှမလုပ်ပါဘူး။ ဘာလဲလို့ သွားကြည့်တာပါကွာ။ ဘာမှလည်း မတွေ့ဘူး။ လာ၊ သွားကြရအောင်။ ငါတို့ အတော်နောက်ကျနေပြီ"

ထိုညက ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ ည ၉နာရီပင် ကျော်နေပေပြီ။ ထိုညက အတွေ့အကြုံတို့သည် ကျွန်တော့်ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဘူးသဖြင့် မေ့နိုင်မည် မဟုတ်ပေ။ စိတ်လှုပ်ရှားစရာလည်း ကောင်းလှသည်။

✦✦✦

နောက်တစ်လခန့်အကြာ ဆွေမင်း ကျွန်တော့်ထံသို့ စက္ကူဘူးတစ်ခုကို ကိုင်၍ ရောက်လာသည်။ ထို့နောက် ဆွေမင်းက…

"ဒီဘူးကို မင်းယူထားစမ်းကွာ"

"ဘာ ဘူးကြီးလဲကွ။ အထဲမှာရော ဘာတွေလဲ"

"အေး၊ မင်းကို ငါရှင်းပြပါ့မယ်။ လွန်ခဲ့တဲ့ တစ်လလောက်က မင်းနဲ့ ငါ လှည်းဆိပ်ကို သွားတာ မင်း မှတ်မိလား"

"အေးလေ၊ ဘာဖြစ်လို့လဲ"

"အဲဒီညက ငါတို့ပြန်လာတော့ သော်ကဘုရားလမ်းက သစ်ငုတ်ပေါ်မှာ ထိုင်နေတဲ့ သရဲမကို မင်းတွေ့တယ် မဟုတ်လား"

"အေးလေ၊ မင်းတောင် အဲဒီနေရာကို ပြန်လှည့်ပြီး သွားကြည့်သေးတယ်လေ"

"ဒီလိုကွ။ တစ်ခါက ငါ့အဖေ ပြောသံကို ကြားဖူးတယ်။ မော်ဝင်ကဝေရုပ်ဆိုတဲ့ အကြောင်း။ အဲဒီအရုပ်မှာ ပူးကပ်နေတဲ့ ကဝေမက အရုပ်ရှိတဲ့နေရာမှာ သူရှိတယ်တဲ့။ အဲဒီအရုပ်ကို ရရင် အဲဒီ ကဝေမကို ခိုင်းချင်တာ ခိုင်းလို့ ရတယ်တဲ့။ ဒါနဲ့ ငါလည်း အဲဒီ ကဝေမကို တွေ့တော့ ငါ့အဖေပြောတာ



www.burmeseclassic.com

www.burmeseclassic.com

ကို သတိရသွားတယ်။ မော်ဝင် ကဝေရုပ်လည်း အဲဒီအနီးအနားမှာ ရှိလိမ့်မယ်လို့ တွေးမိတယ်။ အဲဒါကြောင့် ငါ ပြန်လှည့်ပြီး သွားရှာတော့ အဲဒီအနားမှာ ဟောဒီ စက္ကူဘူးနဲ့ အထဲမှာ မော်ဝင် ကဝေရုပ်ကို တွေ့ရတာပဲ။ ငါလည်း မင်း မသိအောင် ဝှက်ပြီး ယူခဲ့မိတယ်"

"သြော်··· ဒါကြောင့်ကိုး။ ဆိုစမ်းပါဦး။ အဲဒီ ကဝေရုပ်က ဘာဖြစ်လို့လဲ"

"အဲဒီ မော်ဝင် ကဝေရုပ်ကို ခိုးလို့ရတယ်ဆိုတာ အမှန်ပဲကွ။ ဦးထွန်းသောင်းအသုဘမှာ စမ်းသပ်တဲ့ သဘောနဲ့ အဲဒီ ကဝေရုပ်ကို ဆောင်ပြီး ဖဲသွားရိုက်တာ ငွေသုံးသိန်းလောက် နိုင်ခဲ့တယ်။ ပြီးတော့ ငါနဲ့ မတည့်တဲ့ အရှည်ကြီး စန်းမြင့်ကို ခရေပင်အောက်က ချောင်းရိုက်တယ်ဆိုတာ ဒီ ကဝေမ လက်ချက်ပဲ။ ဒါပေမယ့်ကွာ ငါတို့အိမ်နောက်ဘက် မအူပင်မှာ အဲဒီအရုပ်ကို ထားတာဆိုတော့ နေဝင် မိုးချုပ်ပြီဆိုတာနဲ့ ဆံပင်ဖားလျားနဲ့ မအူပင်နားမှာ ငုတ်တုတ်ထိုင်,ထိုင်နေတယ်ကွ။ တစ်နေ့တော့ ကဝေမ ထိုင်နေတာကို ငါ့မိန်းမတွေ့သွားပြီး လန့်ဖျား,ဖျားတာ အခုထိတောင် မကောင်းသေးဘူး။ ညဘက် အိပ်ရင်လည်း အလန့်တကြား ထအော်တတ်တယ်။ အခုရက်ပိုင်း ငါ့မိန်းမ ကျန်းမာရေး ပိုဆိုးလာတယ်ကွ။ ငါ့စိတ်ထဲမှာ ဒီမော်ဝင် ကဝေရုပ်ကြောင့်လို့ ထင်နေတယ်။ ဒီအကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောရဲဘူး။ ဒါကြောင့် မင်းဆီကို ယူလာခဲ့တာ"

"အေး၊ ဟုတ်ပြီ။ ငါက တစ်ယောက်တည်းသမားဆိုတော့ ပြဿနာမရှိဘူး။ ပြီးတော့ မင်းတို့ပြောတဲ့ သရဲတစ္ဆေကို ခိုးလို့ ရတယ်ဆိုတဲ့ ကိစ္စကို လေ့လာရမယ်"

"ဟောကောင် ရဲလွင်၊ ပေါက်ကရတွေတော့ လျှောက်မလုပ်နဲ့နော်။ မင်းဒုက္ခတွေ့နေဦးမယ်"

ထို့နောက် ဆွေမင်း ပေးခဲ့သော စက္ကူဘူးနှင့် အရုပ်ကို အိမ်နောက်ဘက်ရှိ ထင်းတဲပေါ်တွင် တင်ထားလိုက်သည်။ ထိုညအဖို့ ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ်ကောင်းသလို စိတ်လှုပ်ရှားစရာလည်း ကောင်းလိမ့်မည် ထင်သည်။ သူတို့တွေပြောသလိုသာ မှန်လျှင် ကျွန်တော့်အတွက် အံ့ဖွယ်တစ်မျိုးဖြစ်လိမ့်မည်။ ကျွန်တော့်အနေဖြင့် သူတို့ပြောတာတွေကို မယုံချင်။ ခိုးစေ၍ ရပါသည်ဆိုလျှင် သရဲတစ္ဆေတို့၏ ဘဝက အလွန်သနားစရာကောင်းပေလိမ့်မည်။ ကျွန်တော်လေ့လာဖတ်မှတ်မှုတာက သရဲ တစ္ဆေဆိုသည်မှာ ကံအကြောင်းကြောင့် ဖြစ်ရခြင်းပင်။ အကုသိုလ်ကံကြောင့် ဒုက္ခဆင်းရဲကို ခံစားနေကြရရှာသူများဖြစ်သည်။ သူတို့ကံနှင့် သူတို့နေကြခြင်းပင်၊ လူတွေက ခေါ်၍ ခိုးစရာ သတ္တဝါမဟုတ်ဟု ထင်သည်။ ယခုညတော့ ထိုပုစ္ဆာ၏ အဖြေကို ရှာရမည်ဟု စိတ်၌ ရည်ရွယ်ထားလိုက်သည်။

သို့သော်လည်း ထိုညက ကျွန်တော် တွေ့ကြုံခဲ့ရသည်တို့က ကျွန်တော်၏ အတွေးအမြင်တို့ကို ပြောင်းလဲပေးခဲ့သည်။ ထိုနေ့ညနေက မြို့ဘက်ကမ်းသို့ ကိစ္စတစ်ခုဖြင့် သွားခဲ့ပြီး အတော်မိုးချုပ်မှ ကျွန်တော် အိမ်ပြန်ရောက်ခဲ့သည်။ အိမ်ရှေ့တံခါးဖွင့်၍ အိမ်ထဲသို့ ဝင်မည်ပြုစဉ် မီးဖိုဆောင်ဘက်သို့ တစ်စုံတစ်ယောက်ဝင်သွားသည်ကို ရိပ်ခနဲတွေ့လိုက်ရသည်။ ထို့ကြောင့် အိမ်မီးများ ဖွင့်၍ အိမ်ထဲအနှံ့ ရှာကြည့်သည်။ လူရိပ်လူယောင်ဟူ၍ မတွေ့ရ။ အိမ်ထဲ၌ ခြေရာလက်ရာ

လည်း မပျက်။ ကျွန်တော့်စိတ်ထဲ
တစ်မျိုးဖြစ်သွားသည်။

ညစာစားသောက်ပြီးနောက်
ပျင်းပျင်းရှိလှသည်နှင့် တီဗွီထိုင်ကြည့်
နေမိသည်။ ထိုအချိန် အိမ်နောက်ဘက်
တံခါးကို ပြင်းပြင်းထန်ထန်ရိုက်ပု
လိုက်သံကို ကြားလိုက်ရသည်။ လ
တုန်သွားသည်။ တစ်ဆက်တည်း
ကျွန်တော့်အနီးသို့ တစ်စုံတစ်ယော
ခြေသံပြင်းပြင်းနင်း၍ လျှောက်လာ
သော ခြေသံကို ကြားရသည်။ ဘာ
မတွေ့ရသော်လည်း ခြေသံတို့ကို
ကြားရပြီး ကျွန်တော့်အနီးသို့ ရောက်
လျှင် ခြေသံရပ်သွားသည်။ ကျွန်တော်
လည်း ဘာလုပ်ရမှန်း မသိအောင် ဖြ
သွားသည်။ ထို့နောက် တီဗွီပိတ်
အိပ်ခန်းထဲ ဝင်ရန် ပြင်လိုက်လျှ
ခြေသံက ကျွန်တော့်နောက်သို့
လျက်ပါလာသည်။ ထို့ကြောင့် အိမ်
၌ နေရန်ပင် မဝံ့မရဲဖြစ်လာသည်။
နောက် အိမ်တံခါးပိတ်၍ အိမ်ပြင်
ထွက်လာခဲ့လိုက်သည်။

ည ၁၁နာရီခန့်လောက် ရောက်
လျှင် အိပ်ချင်လာသဖြင့် အိမ်ထဲ
ပြန်ဝင်လာခဲ့သည်။ အိမ်မီးများ ပိတ်
အိပ်ခန်းထဲ ဝင်ခဲ့သည်။ အိပ်ရာထ
လဲလျောင်း၍ မကြာလိုက်၊ အိမ်နော
ဘက်ဆီမှ ခြေသံပြင်းပြင်းနင်း
လျှောက်လာသံကို ကြားရသ
ကျွန်တော့်စိတ်ထဲ အတော်ပင်
ပျက်သွားမိသည်။ ဒီကိစ္စက ကဝေ
လက်ချက်ဆိုသည်ကို သဘောပေါ
လိုက်သည်။ ထို့နောက် စိတ်ကူးတ
ရလိုက်ပြီး···

"ကဲ - ကဝေမ၊ ငါ့ကို
ချောက်မနေနဲ့။ နင်က မော်ဝင် ကဝေ
မှန်ရင် ငါခိုင်းတာကို လုပ်ပြရမယ်။
မီးတွေ ဖွင့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ချောက်ဆိုသော အသံနှင့်အတူ ဦးစွာ အိမ်နောက်ဘက် မီးဖိုထဲမှ မီးချောင်းလင်းသွားသည်။ ထို့နောက် တစ်အိမ်လုံး မီးတွေ လင်းသွားသည်။ ကျွန်တော် အံ့ဩသွားရသည်။ ထို့နောက် အိမ်မီးများကို ကျွန်တော်ကိုယ်တိုင် ထပိတ်လိုက်ပြီး အိပ်ခန်းထဲပြန်ဝင်လိုက်ရုံရှိသေးသည်၊ အိမ်မီးများအားလုံး ပြန်လင်းလာပြန်သည်။ ထို့နောက် အိမ်မီးများ လင်းလိုက်၊ မှိတ်လိုက်ဖြစ်အောင် လုပ်နေပေသည်။ ထိုအခြေအနေတွင် ကျွန်တော် တစ်ယောက်တည်း အိမ်ထဲ၌ ဆက်နေရန် မဝံ့ရဲတော့ပြီမို့ အိမ်အပြင်သို့ ပြေးထွက်ခဲ့ရတော့သည်။ ထိုညက အိမ်ထဲဝင်၍ မအိပ်ရဲတော့သဖြင့် သူငယ်ချင်းတစ်ယောက်အိမ်၌ အကျိုးအကြောင်းပြော၍ အိပ်ခဲ့ရသည်။

♦♦♦

မနက်လင်းလျှင် ဆွေမင်းအိမ်သို့ ကျွန်တော်ရောက်သွားပြီး ညက ကျွန်တော် တွေ့ကြုံခဲ့ရသည်တို့ကို ပြောပြလိုက်သည်။

"ဆွေမင်း… မင်းအရုပ်ကို ငါလည်း ယူမထားရဲတော့ဘူး။ အဲဒီအရုပ်ကို တစ်နေရာရာ သွားပို့ရင် ပို့၊ ဒါမှမဟုတ် ရေထဲမျှောရင် မျှောလိုက်ရအောင်ကွာ"

"အဲဒီလိုမလုပ်နဲ့ ရဲလွင်။ ငါ တစ်ခုသတိရပြီ၊ လှည်းဆိပ်က မုန့်ဟင်းခါးဆိုင်မှာ ဟို ပယောဂဆရာ ဆိုတဲ့ အဖိုးကြီးပြောတာ ငါကြားလိုက်တယ်။ အဲဒီလို မှော်ဝင်ရုပ်တွေကို မီးရှို့ ဖျက်ဆီးလိုက်မှ အဲဒီအရုပ်မှာ ပူးကပ်နေတဲ့ သရဲတစ္ဆေတွေလည်း လွတ်ရာကျွတ်ရာကို သွားနိုင်ကြတယ်တဲ့။ လုပ်ပေးနိုင်ရင် သူတို့ကို ရည်စူးပြီး အလှူအတန်းလုပ်၊ အမျှပေးဝေနိုင်ရင် ပိုကောင်းတယ်တဲ့"

"အေး၊ ဒါဆိုလည်း ငါတို့ တတ်နိုင်သလောက် သူ့ကို ကူညီရအောင်ကွာ"

ထိုနေ့ပင် စက္ကူဘူးနှင့် မှော်ဝင်ကဝေရုပ်ကို မီးရှို့ ဖျက်ဆီးလိုက်ကြသည်။ ဆွေမင်းပြောသလိုပင်၊ ထိုညမှစ၍ မှော်ဝင် ကဝေရုပ်နှင့် ပတ်သက်၍ ဘာမှ မကြားရ၊ မမြင်ရတော့ပေ။ ထို့နောက် သုံးရက်ခန့်အကြာတွင် ကျွန်တော်၏ အိမ်၌ ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကျွေးခဲ့ပြီး အမျှအတန်းပေးဝေခဲ့သည်။ အိပ်မက်ထဲ၌ အမျိုးသမီးတစ်ယောက်က အဝတ်အစားအသစ်တွေနှင့် ရောက်လာပြီး ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ပြောလာသည်။ ကျွန်တော် စဉ်းစားမိသည်က မှော်ဝင်ကဝေရုပ်က အမျိုးသမီးဟု တွေးမိသည်။ ကျွန်တော်ပြုခဲ့သည့် ကောင်းမှုကုသိုလ်အတွက် ပေးဝေခဲ့သော အမျှကုသိုလ်ကို ထိုအမျိုးသမီး ရရှိခံစားလိုက်ရပြီမို့ ကျေနပ်ပီတိဖြစ်ရပေတော့သည်။

* * *

တင်မောင်မောင်(ပေါက်ကုန်း)


# ရှမ်းမလေးခေါက်နှမ်း



အမှတ် (၉၇၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ)
ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၁ - ၇၃၀၄၇၃၀၃

နေ့စဉ် - နံနက် (၇း၃၀) နာရီ မှ (၉း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

စနေ-တနင်္ဂနွေ - နံနက် (၈း၃၀) နာရီ မှ (၁၂း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

'က လေး ခေါ် မ လာ ရ ပါ ။'




www.burmeseclassic.com

www.burmeseclassic.com



# အဆစ်နာနှင့် လေငန်းရောဂါအတွက်

# လိမ်းဆေးတစ်ခွက်

■ မိုးဟိန်းကျော် (လပွတ္တာ) ■

တစ်နေ့သ၌ ကျွန်ုပ် ထိုင်နေကျဖြစ်သော လပွတ္တာမြို့ အမှတ် (၇)ရပ်ကွက်(ကုန်းလေးဈေး)အနီးရှိ နံပါတ်ဝမ်း လက်ဖက်ရည်နှင့် စားသောက်ဆိုင်သို့ ညပိုင်း သွားနေကျ ၇နာရီခန့်တွင် ရောက်ရှိသွားခဲ့သည်။ ထိုလက်ဖက်ရည်ဆိုင်သို့ တစ်နေ့လျှင် နှစ်ကြိမ်ခန့် သွားမြဲဖြစ်သည်။ မနက်စောစောပိုင်း တစ်ကြိမ်နှင့် ည ၇နာရီခန့် တစ်ကြိမ်ဖြစ်သည်။ ဆုံနေကျ မိတ်ဆွေအပေါင်းအသင်းများနှင့် ရောက်တတ်ရာရာ ပြောကြ၊ စကြ၊ နောက်ကြရင်း တစ်ခါတစ်ရံ ထိုဆိုင်မှပင် ကျွန်ုပ်အတွက် ရေးစရာ ဇာတ်လမ်းကျောရိုးများ ရရှိတတ်သည်။ လက်ဖက်ရည်ဆိုင် ဆိုသည်မှာ လူပေါင်းစုံသလို၊ အကြောင်းအရာလည်း စုံသည်။ သတင်းလည်း စုံသည်။ ကျွန်ုပ်တို့ စာရေးသူများအဖို့ လက်ဖက်ရည်ဆိုင်များသည် ကလောင်သွေးစရာ ကုန်ကြမ်းများ ရရှိတတ်သော စာပေစားကျက်ကောင်းလည်း ဖြစ်သည်။ ဆိုင်ရှင် ကိုဝင်းဇော်တို့ ဇနီးမောင်နှံကလည်း လူလတ်ပိုင်းများပီပီ တက်ကြွ ဖော်ရွေကြသည်။ ကျွန်ုပ်တို့လို ပင်တိုင် အမြဲထိုင်နေကြသူများကား မိတ်ဆွေရင်းချာများမို့ ပြောမနာ ဆိုမနာ ရှိကြသည်။ ကျွန် ရောက်ရှိသွားချိန်က ည ၇နာရီရှိပြီဖြစ်သည်။ ဆိုင်တွင်းမှာ လူအတော်ပြည့်နေသည်။ တီဗွီစင်ပေါ်မှာလည်း စားသုံးသူ ပရိသတ်များအကြိုက် စကိုင်းနက်မှ ကားကောင်းများကို ပြသပေးနေ့်သဖြင့် နေရာရရန် မလွယ်သောအချိန်ဖြစ်သည်။

"ဟော…စာရေးဆရာ၊ လာဗျ…ဒီကို၊ ဒီမှာ တစ် ရှိတယ်"

ကျွန်ုပ်ဝင်သွားသည်နှင့် ဆိုင်အတွင်းပိုင်း နောက်ဘ နားဆီတွင် ထိုင်နေသော ကိုဘဲဥက လှမ်းခေါ်သည်။ အစ နာမည်ရင်းရှိသော်လည်း လူက ဖြူဖြူ၀၀၊ ခေါင်းတုံးနှင့် ဘဲဥနှင့် တူသောကြောင့် သူ့ကို ကိုဘဲဥဟုသာ ခေါ်နေကြ သောကြောင့် နာမည်ရင်းပင် ပျောက်နေသည်။

ကျွန်ုပ်လည်း ကိုဘဲဥဘေးနားရှိ ခုံလွတ်တွင် ဝင်ထိုင် ရင်း အဖျော်ဆရာ ကိုမြင့်အေးထံသို့…



www.burmeseclassic.com

www.burmeseclassic.com

"ကိုမြင့်အေးရေ…ကျဆိမ့်လေးဗျာ"

ဟု လှမ်းမှာရင်း ပဏာမအဖြစ် ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်သည်။ ကိုဘဲဥက ထမင်းဆီဆမ်း အမဲကြော်နှင့် စားနေသည်။

"ဦးဘဲဥ…ဒူးနာပျောက်သွားပြီလား"

ငွေသိမ်းခုံနောက်မှာ ထိုင်နေသော ဆိုင်ရှင် ကိုဝင်းဇော်၏ ဇနီးက လှမ်းမေးလိုက်သည်။ ကိုဘဲဥက…

"ဟေ…အေးဟဲ့၊ တော်တော်ကောင်းသွားပြီဟ။ နှင့်ဆေးနည်းက အတော်စွမ်းတာပဲဟ"

ကိုဘဲဥတို့နှစ်ဦး ပြောဆိုနေကြသည်ကို ကျွန်ုပ်က နားစွင့်နေရင်း…

"ကိုဘဲဥ ဒူးက ဘာဖြစ်လို့လဲဗျ"

"အား…စာရေးဆရာရေ၊ ကျွန်တော် ဒူးအဆစ်နာနေတာ တော်တော်ကြာနေပြီဗျ။ အဲဒါ ဟောဒီ ကလေးမလေး ပေးတဲ့ ဆေးနည်းနဲ့ ကောင်းသွားတာဗျ။ အင်း…တိုင်းရင်းဆေးမြီတိုများ လွယ်တယ်ဆိုပြီး အထင်သေးလို့ မရဘူး။ ဘကယ်စွမ်းတာတွေ ရှိတယ်ဗျ"

"ဩော်…ဟုတ်လား၊ ဟဲဟဲ… စားရက် ကြုံလို့ မှတ်ဆိတ် ပျားစွဲဆိုသလို၊ ခင်ဗျားတို့က ကျားရှေ့ မှောက်လျက်လဲသလိုပဲ။ ကဲ - တူမ၊ ဟောဒီက မစ္စတာ ဘဲဥ ဒူးနာပျောက်တဲ့ ဆေးနည်းလေး ဦးလေးကို ပြောပြပါလား။ ဦးလေး ရေးနေတဲ့ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းမှာ ထည့်ပေးမယ်။ ဒါမှ တခြား ဒီရောဂါခံစားနေရသူတွေအတွက် အကျိုးရှိတာပေါ့ကွယ်"

"ကဲ - စာရေးဆရာတို့ကတော့ အလစ်ကို မပေးဘူး။ တစ်ခုခုအစရတာနဲ့ ဆွဲတော့တာပဲ။ ဟင်း…ဟင်း… ခံရပေါင်းများနေပြီ။ ဒီတစ်ခါတော့ လွယ်လွယ်နဲ့ မရတော့ဘူး ဆရာ။ လာဘ်တင်မှ ရမယ်"

"ရ…ရပါတယ် ကိုဘဲဥရယ်။ ကဲ - ဘာ လာဘ်တင် ရမလဲ၊ ပြော…"

"ဟဲဟဲ…တစ်ခါတလေမို့ နောက်ပြီး ခပ်မွဲမွဲ ဆင်းရဲသော စာရေးဆရာမို့ ဆရာစားလောက်ပဲ ထားပါ့မယ်။ ကဲ- ဟောဒီ တစ်ပွဲတိုးပဲ ရှင်းပါ"

ကျွန်ုပ်လည်း ရေးကွက်တစ်ခုရမည်မို့ လက်လွတ်မခံနိုင်ဘဲ မချိသွားဖြဲလေးနှင့်…

"ရပါတယ်ဗျာ၊ ပြောမှသာ ပြောပါ"

"ကဲ - မှတ်ပေတော့ စာရေးဆရာရေ။ ဒီဆေးနည်းက ဒူးနာ၊ ခါးနာ၊ အဆစ်အမြစ်ရောင်၊ အကြောတက်တာတွေအပြင် လေငန်းရောဂါသည်တွေပါ လိမ်းလို့ ရတယ်ဗျ။ အပြောမဟုတ်ဘူး၊ ကိုယ်တွေ့ပဲ။ အဲ - ဆေးနည်းက လွယ်တော့ ခပ်ပေါပေါမထင်နဲ့ဗျ။ မြန်မာ့တိုင်းရင်းဆေးမြီးတိုများ သက်သက်သာသာနဲ့ တယ်စွမ်းတယ်ဗျ"

"ကဲပါ…မစ္စတာ ဘဲဥရယ်၊ နိဒါန်းနဲ့တင် တစ်ခွေကုန်တော့မယ်။ ဆေးနည်းသာ ပြောပါတော့"

"ဟဲဟဲ…လူရှိသေ ရှင်ရိုသေလေးတော့ ခင်းပြရသေးတာပေါ့ဗျာ။ ဆေးနည်းက လွယ်ပါတယ်။ ရဲယိုသီးအမှည့်ကို အပေါ်ခွံလေးတွေ ခွာချပြီး အစေ့တွေ ဖယ်ထုတ်၊ အနှစ်အသားကို ပျော်အောင် နာနာခေါက်မွှေပေး။ အရက်ဆီနဲ့ သင့်တော်သလို ရောစပ်ပြီး ထပ်မွှေပေး။ နောက်ပြီး လိမ်းရမယ့် နေရာကို ခပ်သာသာ တဖြည်းဖြည်းပွတ်လိမ်းပေး။ ပြီးရင် အဝတ်ပါးပါးနဲ့ ပတ်ထားရမယ်ဗျ။ တစ်နေ့ နှစ်ကြိမ်၊ မနက်-ည လိမ်းရတယ်။ တော်ရုံ ရောဂါဆို နှစ်ခါသုံးခါလိမ်းတာနဲ့ ကောင်းတယ်ဗျ။ ကဲ - ဆေးနည်းပြောပြီးပြီ၊ ဟောဒီ တစ်ပွဲဖိုး ရှင်းလိုက်ပေတော့"

"ရပါတယ် မစ္စတာ ဘဲဥရယ်။ တူမ…ဟဲဟဲ… ဦးလေးတစ်ခွက်နဲ့ ပေါင်းပြီး ထုံးစံအတိုင်း ဘုတ်အုပ်ထဲမှာ မှတ်တမ်းတင်လိုက်ပါဦးနော်…ဟီး"

ကျွန်ုပ်က သွားဖြဲလေးနှင့် ပြောသည်။

"ရပါတယ်။ ဦးစာရေးဆရာရယ်။ ဦးဘဲဥကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဟားဟားဟား"

ကိုဘဲဥ၏ သဘောကျစွာ ရယ်မောသံက ဆိုင်တွင်းမှာ စီထွက်လာသည်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

* * *

မိုးဟိန်းကျော်(လမ္ဘာ)



www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုး မိုး နိုင် ■

# ဘဝပန်းခင်းအမြော်ကြား

နီနီ
ရန်ကုန်မြို့

မေး ။ ဆရာရှင့်···အားကိုးတကြီး အကြံဉာဏ်တောင်းလိုက်ပါတယ်ရှင်။ နီနီ့ဘဝမှာ လုပ်သမျှ ကိစ္စတိုင်းမှာ အလွဲလွဲအချော်ချော်ဖြစ်နေရပါတယ်။ လုပ်ငန်းခွင်မှာ ပြောသမျှ ကိစ္စတိုင်းကလည်း အဆင်မပြေဖြစ်နေရပါတယ်ရှင်။ လုပ်ငန်းသစ်တစ်ခုကို ခြေလှမ်းမယ် ကြံတော့လည်း အကြံအစည်မအောင်မြင်ဘူး ဖြစ်နေရပါတယ်။ ဘဝက နီနီအတွက်တော့ ဆူးခင်းတဲ့ လမ်းပါပဲ။ နီနီအတွက် ကံကောင်းခြင်းလက်ဆောင်ယတြာတစ်ခုလောက် ပေးစေချင်ပါတယ်ဆရာ။

ဖြေ။ ။ နီနီသည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ မြွေနှစ်ဖွားဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်အရ မိဿရာသီဖွား(Aries)ဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၇) ဂဏန်းသမားဖြစ်ခြင်းကြောင့် ဂမ္ဘီရဆန်သော ကိစ္စရပ်များကို စိတ်ဝင်စားတတ်သူ၊ ပင်ကိုစိတ်ရင်းကောင်းရှိသူဖြစ်၏။

နီနီဘဝမှာ ချမ်းသာမှုအစစ်အမှန် တွေ့ကြုံ…
မည့် ကံကောင်းခြင်းလက်ဆောင်မှာ အောက်ပါ ဗုဒ္ဓတ…
တော်ကို နလုံးသားမှာ ကိန်းအောင်း နလုံးသွင်းထားသင့်…

* လုပ်တိုင်းမဖြစ်၊ စိတ်မညစ်နှင့်
ကိုယ်လုပ်တိုင်းသာ ဖြစ်နေပါက
ဘယ်မှာ "အနတ္တ" ရှိမည်နည်း။

* ပြောတိုင်းမရ၊ ဒေါမထနှင့်
ပြောတိုင်းသာ ရနေပါက
ဘယ်မှာ "အနတ္တ" ရှိမည်နည်း။

* ကြံတိုင်းမမြောက်၊ စိတ်မဖောက်နှင့်
ကိုယ်ကြံတိုင်းသာ ဖြစ်နေပါမူ
ဘယ်မှာ "အနတ္တ" ရှိမည်နည်း။

* ဆင်းရဲကြုံမူ၊ မညည်းညူနှင့်
ချမ်းသာချည်းသာ၊ ကြုံနေပါမူ
ဘယ်မှာ "ဒုက္ခ" ရှိမည်နည်း။

* ပျက်စီးတိုင်းလျှင်၊ မပူပင်နှင့်
မပျက်စီးတာ၊ ခိုင်မြဲပါက
ဘယ်မှာ "အနိစ္စ" ရှိမည်နည်း။

* အာရုံဟူသမျှ၊ မတောင့်တနှင့်



www.burmeseclassic.com

www.burmeseclassic.com

အာရုံတိုင်းသာ၊ တောင့်တပါက
ဘယ်မှာ "လောဘ" ဆုံးမည်နည်း။
* အရာရာမျိုး၊ စိတ်မဆိုးနှင့်
အရာရာမှာ၊ စိတ်ဆိုးပါက
ဘယ်မှာ "ဒေါသ"ဆုံးမည်နည်း။
* သိဉာဏ်မလိုက်၊ စိတ်မမိုက်နှင့်
သိဉာဏ်မပါ၊ မိုက်နေပါက
ဘယ်မှာ "မောဟ"ဆုံးမည်နည်း။
* ဗုဒ္ဓတရား မေ့မထားနှင့်
ဆုံးမတိုင်းသာ၊ ကျင့်ကြံပါက
ဘယ်မှာ "နိဗ္ဗာန်"ဝေးမည်နည်း။

အထက်ပါ ဗုဒ္ဓတရားတော်ကို နှလုံးသွင်းထားမည်ဆိုလျှင် ငြိမ်းချမ်းမှု၊ အေးမြမှုများ ကြုံပြီး လောကခံရှစ်ပါးကို စိတ်ခိုင်ခိုင်ဖြင့် ရင်ဆိုင်နိုင်ပေလိမ့်မည်။

နံနက်တိုင်းမှာ အိမ်ရှိ ဘုရားမှာ သီလခံယူပြီး "သမ္ဗုဒ္ဓေဂါထာတော်မြတ်"ကို ကိုးခေါက်ရွတ်ဆို ပူဇော်ပါ။ နံနက်တိုင်းမှာ အဓိဋ္ဌာန်မှန်မှန်ဖြင့် ယုံယုံကြည်ကြည်ပြုလုပ်သွားလျှင် ကံကောင်းမွန်မှုများ ကြုံမည်မှာ မုချပင်ဖြစ်ပါသည်။

စီစီသန်း
အမှတ် (၅၇၂)၊ ဗိုလ်ချုပ်လမ်း၊ ဒေးဒရဲမြို့ ရေဝတီတိုင်။

မေး ။ ကံကောင်းခြင်း၏ လက်ဆောင် ယတြာတစ်ခု လိုချင်ပါသည်။

ဖြေ ။ စီစီသန်းသည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ကျား(မီး)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး ဂဏန်းဗေဒင်ပညာရပ်အရ (၅)ဂဏန်းသမားဖြစ်၏။ အနောက်တိုင်းဗေဒင်ပညာရပ်အရ မိဿရာသီဖွား(Aries)ဖြစ်၏။ ထို့ကြောင့် ငွေကံကောင်းသူ၊ မွေးရာပါ ကံကောင်းသူ၊ ပါရမီဓာတ်ခံကောင်းသူ၊ လူကဲခတ်ကောင်းသူ၊ လူမှုပေါင်းသင်းဆက်ဆံရေးတော်သူ၊ အတ္တမာနကို ချိုးနှိမ်နိုင်သူ၊ မျှမျှတတ နေနိုင်သူဖြစ်၏။

မစီစီသန်းအတွက် ကံကောင်းခြင်း၏ လက်ဆောင်ယတြာမှာ အောက်ပါအတိုင်းဖြစ်သည်။

* ဒါနကုသိုလ်သည် ဘဝအဆင့်အတန်းမြင့်မားပြီး ချမ်းသာမှုကို ဖြစ်စေသည်။ သီလကုသိုလ်သည် ကျန်းမာသက်ရှည်မှုကို ဖြစ်စေ၏။ ဘာဝနာကုသိုလ်၊ ဝိပဿနာကုသိုလ်သည် ဉာဏ်ပွင့်လန်းစေပြီး မဂ်ဖိုလ်ရရှိစေနိုင်သည်။ ထို့ကြောင့် ကံကောင်းလိုသူ စီစီသန်းအနေဖြင့် ကံကောင်းစေရန် ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို နေ့စဉ် ပြုလုပ်ပေးပါ။

* လူတို့သည် နေ့စဉ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ပြုလုပ်ဖြစ်ကြသည်။ နေ့စဉ် ပြုလုပ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ ဖြူစင်လေလေ ကံတရားက ဖြူစင်လေလေဖြစ်ပါသည်။ ထို့ကြောင့် စီစီသန်းအနေဖြင့် နေ့စဉ် ဘဝမှာ ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ၊ ကျေနပ်သည် ဖြစ်စေ၊ မကျေနပ်သည် ဖြစ်စေ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ဖြူစင်သန့်ရှင်းအောင် ကြိုးစားနေထိုင်သင့်၏။

* နေ့စဉ်နံနက်တိုင်း အချိန်မှန်၊ နေရာမှန် ယူပြီး သီလခံယူလျက် "ဓမ္မစကြာ တရားတော်မြတ်"ကို ရွတ်ဖတ်ပူဇော်ပါ။ အထက်ပါအတိုင်း ကျင့်ကြံနေထိုင်ပါလျှင် ဘဝမြင့်မြင့်မှာ အခြေတင့်လျက် နေထိုင်နိုင်ပါလိမ့်မည်။

အိဖြိုးသက်
မန္တလေးမြို့။

မေး ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။

ဖြေ ။ အိဖြိုးသက်သည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ နွား(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏန်းသမားဖြစ်၏။ အနောက်တိုင်းဗေဒင်ပညာရပ်အရ ကုမ်ရာသီဖွား(Aquarius)ဖြစ်ခြင်းကြောင့် အလုပ်နှင့် လက် မပြတ်အောင် လုပ်တတ်သူ၊ အလှအပ အနုပညာကို မြတ်နိုးသူ၊ နိုင်ငံရပ်ခြားနှင့် အကျိုးပေးသူဖြစ်၏။ ရည်မှန်းချက် ပန်းတိုင်သို့ ဇွဲရှိရှိ လုပ်ဆောင်တတ်၏။ ရေရှည်စီမံကိန်းချတတ်သူပင် ဖြစ်၏။

ချစ်သူမှာ မြွေ(မြေ)နှစ်ဖွား ဇာတာရှင်၊ (၂)ဂဏန်းသမား။ ကရကဋ်ရာသီဖွား(Cancer)ဖြစ်ခြင်းကြောင့် ဂမ္ဘီရဆန်သော ကိစ္စရပ်များကို စိတ်ဝင်စားတတ်သူ၊ စိတ်ကူးယဉ်တတ်သူ၊ ဆွဲဆောင်နိုင်မှု ရှိသူဖြစ်၏။

အိဖြိုးသက်၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် အချစ်ရေးမှာ စာနာမှု၊ နားလည်မှု၊ သည်းခံမှု၊ စိတ်ရှည်မှုတို့ဖြင့် တည်ဆောက်လျှင် ပျော်ရွှင်ချမ်းမြေ့ပါလိမ့်မည်။ အချစ်အတွက် ဆုံးဖြတ်ချက်ချသောအခါ မလောပါနှင့်။ လူကြီးမိဘ၊ အကြီးအကဲ၊ ဆရာသမားများနှင့် တိုင်ပင်ကာ အကြံဉာဏ်ယူသင့်၏။

* *.*

တက္ကသိုလ်နီးမိုးနိုင်


www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးမာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့ရက်၊လ၊ခုနှစ်၊အချိန် မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။)
- **G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________________

နေရပ်လိပ်စာ ။ ။ ______________________________

______________________________

______________________________

မိမိမေးလိုသည့် ။ ။ ______________________________

မေးခွန်းအကြောင်းအရာ ______________________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းထွေလာ ဤကမ္ဘာ

မောင်လင်းအောင်

**ဒီဇယ်အင်ဂျင်ကို တီထွင်ခဲ့သူ**

ဒီဇယ်အင်ဂျင်သည် ဆီကို လောင်စာအဖြစ် အသုံးပြုသော အတွင်းမီးအား အင်ဂျင်စက်ဖြစ်သည်။ ထိုစက်ကို



တီထွင်ခဲ့သော ဂျာမန်လူမျိုး အင်ဂျင်နီယာ "ရုဒေါ့ဒီဇယ်" ၏ အမည်ကို အစွဲပြု၍ ဒီဇယ်အင်ဂျင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

**ကမ္ဘာ့အကြီးဆုံး သဲကန္တာရ**

အာဖရိကတိုက် မြောက်ပိုင်းတွင် ရှိသော ဆာဟာရ သဲကန္တာရသည် ကမ္ဘာပေါ်တွင် အကြီးဆုံး သဲကန္တာရကြီး ဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာမှ ပင်လယ်နီဒေသအထိ ကျယ်ဝန်းသည်။ မိုင်ပေါင်း ၃၂၀၀ ရှည်၍၊ ၁၄၀၀ ကျယ်ပြီး



မိုင်အားဖြင့် စတုရန်းမိုင်ပေါင်း (၃,၅၀၀,၀၀၀)၊ ကီလိုမီတာအားဖြင့် (၉,၀၀၀,၀၀၀) စတုရန်း ကီလိုမီတာ ကျယ်ဝန်းသည်။ ဥရောပတိုက်နီးပါးမျှ ကျယ်ဝန်းသော ဤသဲကန္တာရကြီးသည် ရှေးအခါက အာဖရိကတိုက်၏ မြောက်ဘက်




www.burmeseclassic.com

www.burmeseclassic.com

နံရံကြီးသဖွယ်ဖြစ်ခဲ့၏။ ဆာဟာရ သဲကန္တာရကြီးသည် နေ့အခါတွင် ဖာရင်ဟိုက်ဒီဂရီ ၁၅၀ကျော်အထိ ပူပြင်းတတ်ပြီး ညအခါ၌မူ ရေခဲမှတ်အောက် အေးသည်။ ဤကဲ့သို့ အပူအအေးမမျှသည့် ဒဏ်ကြောင့် ကန္တာရအတွင်းရှိ ကျောက်လွှာများ ကွဲအက်ခဲ့ရပြီး သဲမှုန့်များ ဖြစ်လာကာ၊ လေပြင်းတိုက်ခတ်မှုကြောင့် ဟိုတစ်စု၊ ဒီတစ်စု လွင့်စဉ်ခဲ့ပြီး သဲကန္တာရမှာ ပိုမိုကျယ်ဝန်းလာခဲ့သည်။ ကန္တာရအတွင်းတွင် ရေရနိုင်သော အိုအေစစ်နေရာများလည်း ရှိပြီး၊ စွန်ပလွံပင် အမြောက်အများလည်း ရှိသည်။ သဲကန္တာရ၌ ကုလားအုပ်များဖြင့် ခရီးသွားသောအခါ နံနက်အရုဏ်မတက်မီကပင် စောလျင်စွာ ထသွားကြရ၏။ နေ့လယ် နေပြင်းသောအခါ ရပ်နားနေရ၏။ ထိုသို့ ခရီးသွားရာ၌ လမ်းတွင် ရေပြတ်သွားမည်ကို လည်းကောင်း၊ သဲမုန်တိုင်းနှင့် တိုးမိနေမည်ကို လည်းကောင်း၊ တစ်ခါတစ်ရံ ဓားပြများ အတိုက်အခိုက်ခံရမည်ကို လည်းကောင်း စိုးရိမ်ရကာ ဘေးအန္တရာယ်ထူပြော၏။ သဲကန္တာရအစွန်အဖျားတွင် မြို့များ တည်ရှိသည်။

### တစ်ချိန်က ဆိုင်ဂုံ၊ ယခု ဟိုချီမင်း

ဗီယက်နမ်နိုင်ငံ၏ မြို့တော်မှာ ဟိုချီမင်းမြို့ ဖြစ်သည်။ သို့သော် ယခင်က ဟိုချီမင်းမြို့ကို ဆိုင်ဂုံဟု ခေါ်တွင်ခဲ့သည်။ တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းနှင့် ၃၄မိုင်မျှသာ ကွာဝေး



ပြီး ဆိုင်ဂုံမြစ်ပေါ်တွင် တည်ရှိသည်။ ခေတ်မီ မြို့ကြီးတစ်မြို့ ဖြစ်၍ ပြင်သစ်တို့ အခြေစိုက်ခဲ့သဖြင့် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများ၊ ဖြောင့်ဖြူးသော လမ်းကျယ်ကြီးများ နှင့် ပြင်သစ်ဆန်၍ လှပသော တိုက်တာအဆောက်အအုံ ကြီး များစွာရှိသည်။

### ရေလည်း ကူး၊ လေယာဉ်ပျံလည်း ကြည့်


လက်တင် အမေရိကတိုက်ရှိ "ပွာတိုရီကို"နိုင်ငံ လေဆိပ်တစ်ခုပုံ ဖြစ်သည်။ ကမ်းခြေနှင့် နီးကပ်စွာ တည် ရှိသော လေဆိပ်ကြောင့် အဆင်းအတက် လေယာဉ်များ သတိကြီးစွာ ထားရသည်။ ကာရေဘီယံ ပင်လယ်ပေါ် ဖြတ်ကျော် ပျံသန်းလာသော လေယာဉ်များ မဆင်းသက်မီ



တွင် မြင်တွေ့ရသည့်အတိုင်း ကမ်းခြေ၌ အနားယူ အပန်း နေသူများခေါင်းပေါ်မှ နီးကပ်စွာ ပျံသန်းသွားသောကြောင့် လေနှင့်အတူ သဲမှုန်များ၏ တိုက်ခတ်ခြင်းကို မြေပြင်မှ ခံစားသိနိုင်သည်။ လေယာဉ်ပြေးလမ်းအရှည်မှာ ၇၁၅၂ ခန့်သာ ရှိသော်လည်း ဘိုင်းရင်း 747 နှင့် A 340 Air Bu ကဲ့သို့သော လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။

### မော်ဒယ်မြင့်ကားထက် ဈေးကြီးသော ကလေးစီးကား

BMW ကားကုမ္ပဏီက ဒီဇိုင်းရေးဆွဲ ထုတ်လုပ် ထားသော ရှေးခေတ်ကားပုံစံ ကလေးစီး မော်တော်ကား



1936 BMW Children's Car ၏ ဈေးသည် စတာလင် ပေါင် ၁၂၀၀၀ ကျော်မျှ တန်ကြေးရှိသည်။ စတာလင်



www.burmeseclassic.com

www.burmeseclassic.com

၂၀၀ ဟူသော ငွေပမာဏသည် သာမန် မော်ဒယ်မြင့် ကားတစ်စီး၏ တန်ဖိုးထက်ပင် များပြားနေသေးသည်။

## နိုင်ငံအတွင်းရှိ နိုင်ငံ


ပြင်သစ်နိုင်ငံအတွင်း တည်ရှိသော "မိုနာကို"နိုင်ငံသည် ပုပ်ရဟန်းမင်း နေထိုင်သော ဗာတီကန်စီးတီးပြီးလျှင် ဥရောပတိုက်ရှိ လွတ်လပ်သော နိုင်ငံတို့တွင် အငယ်ဆုံးနိုင်ငံဖြစ်သည်။ ပုပ်ရဟန်းမင်း နေထိုင်သော ဗာတီကန်စီးတီးသည်လည်း အီတလီနိုင်ငံ၊ ရောမမြို့တွင် တည်ရှိပြီး သီးခြားလွတ်လပ်သော နိုင်ငံငယ်တစ်ခုဖြစ်သည်။ မိုနာကိုသည်လည်း ထိုကဲ့သို့ပင်။ ဧရိယာစတုရန်းမိုင် တစ်မိုင်ခန့်မျှသာ



ကျယ်ဝန်းသော မိုနာကိုသည် လူဦးရေ သုံးသောင်းကျော်မျှသာ ရှိသည်။ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် ကာစီနိုလောင်းကစားဝိုင်းများကြောင့် ထင်ရှားသည်။ လက်ရှိဘောလုံးလောကတွင်လည်း ငွေသုံးကြမ်းနေသည့် မိုနာကိုအခြေစိုက် "မိုနာကို"ဘောလုံးအသင်းကြောင့် လူသိလာသည်။ မိုနာကိုအသင်းသည် သီးခြား မရပ်တည်ဘဲ ပြင်သစ်လိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရာ မတူညီသော အခွန်စည်းမျဉ်းဥပဒေများကြောင့် ဘောလုံးလောကတွင် ရှုပ်ထွေးမှုများကြုံတွေ့နေရသည်။ ရုံးသုံး ဘာသာစကားမှာ ပြင်သစ်စကားဖြစ်သည်။

## ခုနစ်လုံးမြောက် ဂြိုဟ်

နေကို လှည့်ပတ်နေသော ဂြိုဟ်ကြီး ရှစ်လုံးအနက် (ပလူတို မပါဝင်) နေမှ ရေတွက်လျှင် ခုနစ်လုံးမြောက်သောဂြိုဟ်မှာ ယူရေးနပ်(စ်)ဂြိုဟ်ဖြစ်သည်။ ၁၇၈၁ ခုနှစ်တွင် ဂျာမန်-အင်္ဂလိပ်သွေးစပ်သူ နက္ခတ္တဗေဒပညာရှင် "ဆာဝီလျံ



ဟာရှယ်"ဆိုသူက စတင်တွေ့ရှိခဲ့သည်။ စတင်တွေ့ရှိခဲ့စဉ်က ကြယ်တံခွန်တစ်ခုမျှသာဟု ထင်မှတ်ခဲ့သည်။ ဂရိလူမျိုးတို့၏ ဒဏ္ဍာရီအယူအရ ယူရေးနပ်(စ်)ဟူသည် ရှေးအကျဆုံးနတ်ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ယူရေးနပ်(စ်)ဂြိုဟ်သည် နေနှင့် မိုင်ပေါင်း (၁,၇၈၂,၀၀၀,၀၀၀)မျှ ကွာဝေးပြီး ကိုယ်ပိုင် ဝင်ရိုးပေါ်တွင် ၁၀နာရီနှင့် မိနစ် ၅၀အကြာတွင် တစ်ပတ်နှုန်း လည်ပတ်လျက်ရှိသည်။

နေကို တစ်ပတ်ပတ်မိရန် ၈၄နှစ်နှင့် ၈ရက် ကြာသည်။ ယူရေးနပ်(စ်)ဂြိုဟ်၏ အချင်းမှာ မိုင်ပေါင်း ၃၂၀၀၀မျှ ရှိသည်ဟု ယူဆကြပြီး ကမ္ဘာထက် လေးဆမျှ ပို၍ကြီးလေသည်။ သို့သော် ဒြပ်ထုသိပ်သည်းမှုသည် ကမ္ဘာ၏လေးချိုး တစ်ချိုးခန့်မျှသာ ရှိသည်။ ယူရေးနပ်(စ်)တွင် ဂြိုဟ်ရံလ (၅)လုံး ရှိသည်။ ယနေ့ခေတ်တွင် သိပ္ပံပညာရှင်တို့သည် ကမ္ဘာနှင့် အနီးစပ်ဆုံး အင်္ဂါဂြိုဟ်ကို စတင်လေ့လာနေကြပြီဖြစ်ရာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယူရေးနပ်(စ်)ဂြိုဟ်ကိုလည်း လေ့လာဦးမည်ပင်။

* * *

မောင်လင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဝဲစိုအတွက် ဆေးနည်းတစ်လက်

တင့်ထူး (ဇေယျဝတီ)

ဆရာ မြင့်စိုးသည် အိမ်ထောင်ပြုခဲ့ပြီးနောက် တစ်နှစ်အကြာတွင် သားဦး မိန်းကလေးတစ်ယောက်မွေးဖွားလာခဲ့သည်။ သမီးဦးကလေးဖြစ်သဖြင့် လင်ရော မယားပါ တန်နေအောင် ချစ်ကြလေသည်။ မိန်းကလေးမွေးလာသဖြင့် မိခင်က သူ့အတွက် ကူဖော်လောင်ဖက်ရတော့မည်ဖြစ်ခြင်းကြောင့် ပို၍ပင် ကျေနပ်နေလေသည်။

သို့ရာတွင် ဘဝင်မကျနိုင်သူက ဆရာ မြင့်စိုးဖြစ်သည်။ သားယောကျ်ားလေး မွေးပါမှ ရဟန်းဒကာ ခံယူနိုင်မည် မဟုတ်ပါလား။ ထို့ကြောင့် သမီးဦးကလေးအား မိမိ၏ ရင်သွေးပင်ဖြစ်လင့်ကစား၊ ချစ်တော့ အလွန်ချစ်ရသည်။ မိမိ၏ ရင်နစ်သည်းချာကို ရှင်ပြု အလှူပွဲ ကျင်းပပေးနိုင်ရန် မဖြစ်နိုင်ခြင်းကြောင့် စိတ်ဓာတ်ကျနေမိ၏။

ထို့ကြောင့် သူတို့ဇနီးမောင်နှံမှာ လိုတာ မရ၊ ရတာ မလိုဖြစ်နေကြရ၏။ ဗေဒင်၊ ယတြာ၊ အဆောင်များ၊ ဆေးဝါးများ၊ ညောင်ပင်တွင် သားဆုများ ပန်ကာ သားယောကျ်ားလေး မွေးလာစေရန် ကြိုးစားခဲ့ကြလေသည်။

"ဟယ်…အမြွှာမိန်းကလေးနှစ်ယောက်တောင် မွေးတယ်"

"သေလိုက်ပါတော့ ဆရာရေ"

သူငယ်ချင်းများက ယောကျ်ားလေးလိုချင်ပါမှ မိန်းကလေးတွေချည်း ငါးယောက်တောင် မွေးလာခဲ့ရသော ဆရာ မြင့်စိုးအား ကောင်းချီးထောပနာပြုခဲ့ကြခြင်း ဖြစ်သည်။

"အိုကွာ…မိန်းကလေးတွေလည်း ကိုယ့်ရင်သွေးတွေပဲ၊ ချစ်ရမှာပေါ့။ မင်းတို့ ဘာသိလို့လဲ၊ မိန်းကလေးတွေ မွေးတော့ ကြီးလာလို့ အိမ်ထောင်ပြုကြရင် ငှက်ပျောပွဲ၊ အုန်းပွဲစားရမှာလေ၊ ဟားဟားဟား"

ဆရာ မြင့်စိုးက ပြောလည်း ပြော၊ သူ့စကားကို သူ သဘောကျကာ ရယ်မောနေလေသည်။

အကြီး သုံးယောက်က သူတို့ဘာသာ သူတို့ နေတတ်၊ စားတတ်၊ ဆော့တတ်နေကြပြီ။ နောက်ဆုံး မွေးလာသော အမြွှာညီအစ်မနှစ်ယောက်ကိုသာ ဝိုင်းဝန်းပြုစုပေးရ၏။ မိုးတွင်းဘက် မွေးခြင်းဖြစ်၍ သေးစိုအနီး လျှော်လှန်းရသည်မှာ မခြောက်သဖြင့် မီးကင်ရ၏။ နို့မလောက်၍ နို့ဘူး ကူတိုက်ပေးရ၏။ ယခုတော့ ထိုကလေးနှစ်ယောက် မှောက်တတ်လာလေပြီ။

"ဟယ်…ကလေးလေးတွေက ဝဝကစ်ကစ်[illegible] တွေ၊ ချစ်စရာပဲ"

"ဟော…တစ်ယောက်က ရယ်ပြနေတယ်"

အိမ်သို့ ကလေးကြည့် လာကြသူတွေက ကလေး[illegible] အား ချစ်ခင်ကြသဖြင့် ချိုင်းကြားမှ လက်နှစ်ဖက်လျှို[illegible] ကာ ကောက်ချီကြ၏။ ရောက်လာကြသူမှန်သမျှ က[illegible] များကို ချစ်စနိုးဖြင့် ကောက်ချီခဲ့ကြသဖြင့် မကြာမီ က[illegible] များ၏ ချိုင်းနှစ်ဖက်ကြားတွင် ဝဲစိုဖုကလေးများ ပေါက်[illegible] ခဲ့တော့သည်။ ဝဲပေါက်သဖြင့် ဝဲယားပြီး ကလေးများ [illegible] ကြတော့ဘဲ ငိုနေကြရတော့၏။ ဝဲပျောက်စေရန် ဆေးအ[illegible] မျိုးလိမ်း၏။ ဆေးခန်းပြ၏။ ဝဲများက မပျောက်ဘဲ တစ်[illegible] လုံးအနှံ့ ဖြစ်လာကာ နေ့ရော ညပါ ငိုနေကြတော့၏။ [illegible] များလည်း စိတ်မချမ်းသာနိုင်ကြတော့ပေ။ နောက်ဆုံး [illegible] ရုံသို့ သွားပြမည်ဟု ကလေးများကို ချီပိုးလာခဲ့ရာ လ[illegible] အသက် ၅၀အရွယ် အဒေါ်ကြီးတစ်ဦးနှင့် တွေ့ပြီး ထို[illegible] ကြီး ပေးလိုက်သော ဆေးနည်းဖြင့် ပြန်၍လိမ်းပေးလို[illegible] တစ်ရက် နှစ်ရက်အတွင်း သိသိသာသာ ဝဲများ ပျော[illegible] ကင်းခဲ့ရတော့သည်။

ထိုအဒေါ်ကြီး ပေးခဲ့သော ဆေးနည်းမှာ လွယ်[illegible] ကလေးဖြစ်ပါသည်။ "အနာသိလျှင် ဆေးရှိသည်" ဆို[illegible] အတိုင်း ဝဲစိုအတွက် လိမ်းပေးရမည့် ဆေးနည်းမှာ [illegible] သေရှက်ကို မီးကျွမ်းအောင် လှော်၍ ရေနံချေးနှင့် [illegible] ဝဲပေါက်နေသော နေရာအား ခပ်ပါးပါးလူးပေးရန်ပင် [illegible] သည်။

ကလေးများ ဝဲပျောက်ခဲ့သဖြင့် ဆရာ မြင့်စိုးတို့[illegible] ယခုမှပင် ဝမ်းသာခဲ့ကြရတော့သည်။ စိတ်လည်း [illegible] ခဲ့ကြပါသည်။ ဆေးနည်းပေးသော အဒေါ်ကြီးအား[illegible] ကျေးဇူးတင်လျက် အခြား ကလေး၊ ဝဲစိုပေါက်သည့် [illegible] သည့်မိခင်များ အသုံးပြုနိုင်ကြစေရန် စေတနာ[illegible] ရေးသားဖော်ပြပေးလိုက်ရပါတော့သည်။□

* * *

တင့်ထူး(ဇေ[illegible]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

လူပျိုကြီး ကိုနေဝင်းဆိုပါက ရပ်ကွက်အတွင်း မသိသူ မရှိသလောက်ပင်ဖြစ်သည်။

ပျော်ရွှင်စွာ နေတတ်သူဖြစ်သဖြင့် ကလေး၊ လူကြီး အားလုံးက ခင်မင်ကြသည်။ သီချင်းဆိုခြင်း၊ ဂစ်တာတီးခြင်းတို့အပြင် ယမကာလေးကလည်း မှီဝဲတတ်ပါသေးသည်။

အသက် ၅၀ကျော်သည်အထိ အိမ်ထောင်မပြုဘဲ ရပ်ရေးရွာရေးများကိုလည်း ကြုံရင် ကြုံသလို ဝင်ရောက်လုပ်ကိုင်ပါဝင်သူဖြစ်သည်။ ထို့ကြောင့်လည်း မိတ်ဆွေအပေါင်းအသင်းလည်းပေါများသူတစ်ဦးဖြစ်ပါသည်။

ကိုနေဝင်းမှာ မိဘနှစ်ပါးစလုံး ကွယ်လွန်သဖြင့် ဦးလေးနှင့် အဒေါ်ဖြစ်သူတို့၏ အိမ်မှာ နေထိုင်သည်။ အိမ်အလုပ်များကို ကူညီလုပ်ကိုင်သည်။ တူ၊ တူမလေးများအား စောင့်ရှောက်ပေးခဲ့သည်။

တူ၊ တူမလေးများ အရွယ်ရောက်ကာ အိမ်ထောင်အသီးသီးကျသော်လည်း ကိုနေဝင်းက လူပျိုကြီးသာဖြစ်သည်။ မြေးငယ်လေးများထိ ဆက်လက် စောင့်ထိန်းပေးသည်။

ပင်ကိုယ်သဘာဝက ပျော်ရွှင်စွာနေတတ်သော ကိုနေဝင်း၏ အားနည်းချက်မှာ ကံငါးပါးအနက်မှ "သုရာမေရိယ"ခေါ် အရက်သေစာသောက်စားခြင်းပင် ဖြစ်သည်။

အရက်သေစာသောက်စားခြင်းကြောင့် အသိတရားကင်းမဲ့ကာ ဒေါသခေါ် ရန်သူ၏ အားပေးအားမြှောက်မှုကြောင့် အမှားတစ်ခုကို အမှတ်တမဲ့ ကျူးလွန်ခဲ့မိသည်။ ထိုအမှားကားနောက်ဘဝသို့ မကူးမီ ယခုဘဝ၌ပင် ခံစားခဲ့ရခြင်းဖြစ်သည်။

◆◆◆

ကိုနေဝင်းမှာ ဟင်းချက်အလွန်ကောင်းသူတစ်ဦးလည်းဖြစ်သည်။ သူချက်ပြုတ်သော ထမင်း၊ ဟင်းလျာများကို စားဖူးသူတိုင်းက ချီးမွမ်းပြောဆိုကြသည်။

"လူပျိုကြီးချက်တဲ့ ကြက်သားငပိချက်ကလေးကတော့ ကောင်းသဗျို့"

"ကိုနေဝင်း ပဲဟင်းဆီပြန်ကလေးကောင်းလှချည့်လား။ လျှာထဲမှာ စွဲသွားတာပဲ"

စသဖြင့် အမျိုးမျိုးချီးမွမ်းလေ့ရှိပါသည်။

ရပ်ကွက်ထဲ၌ ဘုန်းကြီးဆွမ်းကပ်လျှင်လည်း ရင်းနှီးသော နေအိမ်များ၌သွားရောက် ချက်ပြုတ်ပေးလေ့ရှိသည်။

ကိုနေဝင်းမှာ ကံငါးပါးအနက်လေးပါးကို လုံခြုံအောင် ထိန်းသိမ်းနိုင်ခဲ့သော်လည်း အရက်သောက်ခြင်းကိုတော့ မထိန်းနိုင်ခဲ့ပေ။ ထမင်းဟင်းချက်လျှင်လည်း အရက်ကလေးတမြမြနှင့်ဖြစ်သည်။ အရက်မူးသဖြင့် သူချက်သောဟင်းအိုး ပျက်စီးသွားသည်ကိုတော့ မကြားဘူးခဲ့ပါ။

လူပျိုကြီး ကိုနေဝင်းမှာ စက်ဘီးစီးတတ်သော်လည်း ဘယ်ကိုသွားသွား ခြေလျင်သွားလေ့ရှိသည်။ ကိုနေဝင်း အရက်မူးပြီး ပြန်လာသောနေ့များတွင် အရပ်ထဲမှ ကလေးများက သဘောကျကြသည်။ လက်ခုပ်တီးပြီး ရယ်ကြသည်။ အကြောင်းမှာ ကိုနေဝင်း တစ်ယောက် ရေချိန်ကိုက်လာသဖြင့် ရှေ့သို့ ခြေလှမ်းတစ်လှမ်းသွားပြီးပါက နောက်သို့ တစ်လှမ်းပြန်ဆုတ်သောကြောင့် ဖြစ်ပါသည်။ ကလေးများက ရယ်ကြ၊ လှောင်ကြသော်လည်း ကိုနေဝင်းက စိတ်မဆိုးပါ။ ကလေးများနှင့်ပင် ဝင်ကစားချင် ကစားနေလိုက်ပါသေးသည်။

သည်မျှ သဘောကောင်းသောသူဖြစ်သော်လည်း အရက်မူးလွန်သောကြောင့် ဒေါသဖြစ်ပေါ်လာသောအခါ ရက်စက်ခြင်းသို့ ကူးပြောင်းသွားခဲ့သည်။

◆◆◆

ကိုနေဝင်းတို့၏ နေအိမ်၌ အတူနေ မိသားစုမှာ စုစုပေါင်း ၁၆ဦးခန့်ရှိသည်။ ထိုမျှ ကြီးမားသော မိသားစုစားအိုးကြီးအား ဝိုင်းလုပ် ဝိုင်းစားစနစ်ဖြင့် စုပေါင်းချက်ပြုတ်ကြရသည်။

အလုပ်ဟူ၍ ဘာမျှ မယ်မယ်ရရမရှိသော ကိုနေဝင်းမှာ နံနက်ပိုင်း ချက်ပြုတ်ချိန်ရောက်ပါက မီးဖိုချောင်တွင် မိသားစုနှင့်အတူ ဝိုင်းဝန်းကူညီ ချက်ပြုတ်ပေးလေ့ရှိပါသည်။

တစ်နေ့...

ထိုနေ့က ကိုနေဝင်း၏ အဒေါ်ဖြစ်သူ ကွယ်လွန်ခဲ့သော ၁၅နှစ်မြောက်နေ့ဖြစ်သဖြင့် မိသားစု သားသမီးများစုပေါင်းကာ ဆွမ်းဟင်းလျာများ ချက်ပြုတ်ကြသည်။

"ဦးလေး ငါးတွေ ကိုင်ပေးပါဦး"

တူမများက အကူအညီတောင်းကြသည်။

"အေးပါဟ၊ ငါလုပ်နေကျတွေပါ"

ကိုနေဝင်းကြီးမှာ ထိုနေ့နံနက်က လက်ဖက်ရည်နှင့် မစဘဲ ယမကာနှင့်စထားပြီးဖြစ်သည်။

ကိုနေဝင်းတို့၏ နေအိမ်၌ ကြောင်မကြီး ရွှေဝါ ရှိသည်။ ကြောင်မကြီးမှ ကြောင်သားငယ်ကလေးများနှစ်ကြိမ်မွေးဖွားခဲ့ပြီးဖြစ်သည်။

ယနေ့လည်း ကိုနေဝင်း၏ အနီးတွင် ကြောင်ငယ်လေး ငါးကောင်မှာ ငါးညှီနံ့ကြောင့် ဝိုင်းနေကြသည်။ ချူညံနေကြသည်။ ယခင်က ထိုသို့ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြသည့်မှာ မထူးဆန်းသော်လည်း နေ့နံနက်တွင် ထူးထူးခြားခြား ကြောင်ငယ်လေးတစ်ကောင်မှ ကိုနေ လက်ထဲရှိ ငါးကြီးတစ်ကောင်အား လစ်ဝင်ဆွဲကာ ပြေးပါတော့သည်။

နဂိုက အရက်မူးနေသည့်ကြား ဒေါသကို မထိန်းနိုင်သော ကိုနေဝင်း သည် မီးဖိုပေါ်တွင် အသင့်ရှိနေသည့် ကျိုက်ကျိုက်ဆူပွက်နေသော ရေနွေး ကို ခပ်ကာ ကြောင်ကလေးအား က်ပါတော့သည်။

ကြောင်ကလေးမှာ ရေနွေးပူ ဟောင်သဖြင့် စူးရှစွာ အော်ဟစ်ပြီး ငါး ကြီးကို ပစ်ချထားခဲ့သည်။ ကြောင် ကလေး၏ ညာဘက် ခြေထောက်တွင် အရေခွံများ လန်ကာ အသားစ နီနီရဲရဲ ပေါ်နေသည်ကို တွေ့ကြရသည်။

တူဖြစ်သူ မောင်မျိုးနိုင်က ကြောင်ကလေးအား နီးစပ်ရာ ဆေးခန်း သို့ ပို့ဆောင်ပေးခဲ့သည်။

ထိုနေ့ညနေပိုင်းတွင် ကိုနေဝင်း အရက်ပုလင်းနှင့် ဆက်ရက်မင်း စိမ်တွေ့နေသည်မှာ ရေနွေးပူလောင် သွားသော ကြောင်ကလေးကိုပင် သတိမရတော့ပါ။

◆◆◆

ယနေ့သည် ကိုနေဝင်း၏ ဝင့် ကြွေးတံ့တင် ပြန်လည်ပေးဆပ်ရမည့် နေ့ဖြစ်သည်။ ထိုသို့ ပြန်လည်ပေးဆပ် ရမည်ကိုတော့ သူကိုယ်တိုင် ကြိုတင် သိခဲ့ပါ။

မန္တလေးမြို့၏ အရှေ့ဘက် အပိုင်ခန့်အကွာတွင် "လက်ကောင်း" ဟုတာကျေးရွာကလေး ရှိပါသည်။ မန္တလေး-မေမြို့ (ပြင်ဦးလွင်)ကားလမ်း ဘေးတွင် ရှိသည်။

ထိုရွာကလေးသို့ ကိုနေဝင်းနှင့် သူ၏ မိတ်ဆွေတစ်ဦးတို့ နံနက် ၉နာရီ ခန့်တွင် ဆိုင်ကယ်တစ်စီးနှင့် သွားခဲ့ကြ သည်။ မိတ်ဆွေဖြစ်သူက အလုပ်နှင့် သွားခြင်းဖြစ်ပြီး ကိုနေဝင်းက ခရီးဖော် လိုက်သွားခြင်းသာဖြစ်သည်။

မိတ်ဆွေက ဆိုင်ကယ်ကို မောင်းပြီး ကိုနေဝင်းက နောက်မှ ထိုင်လိုက်သွားခဲ့သည်။

လက်ကောင်းကျေးရွာသို့ ရောက် ပြီး ကိုနေဝင်းမှာ တစ်နေ့လုံး ထိုင်ကာ အရက်သောက်နေမိသည်။ မည်မျှ သောက်သည်မသိ၊ ညနေ အိမ်ပြန်ခါနီး တော့ အမူးလွန်နေပြီဖြစ်သည်။

"ကိုနေဝင်း…ဆိုင်ကယ်နဲ့ လိုက် နိုင်ပါ့မလား"

"လိုက်နိုင်ပါတယ်ဗျာ"

"ခင်ဗျား သိပ်မူးနေပြီ၊ လိုင်းကား နဲ့ လိုက်ခဲ့ပါလား"

"ခင်ဗျားသာ မောင်းစမ်းပါ။ ကျွန်တော် လိုက်နိုင်ပါတယ်"

ပြောမရသည့်အဆုံးတွင် မိတ် ဆွေက ဆိုင်ကယ်နောက်တွင် ကိုနေ ဝင်းအား တင်ကာ မန္တလေးသို့ ပြန်ခဲ့ ကြသည်။

ဆိုင်ကယ်မောင်းသူအား ကိုနေ ဝင်းက နောက်မှ သိုင်းဖက်ကာ လိုက် ပါလာခဲ့သည်။ မျက်စိကတော့ မဖွင့်ပါ။ သို့သော် နောက်မှ ထိုင်လိုက်လာသော ကိုနေဝင်း၏ ညာဘက် ခြေထောက်မှ ခြေဖမိုး၊ ခြေချောင်းကလေးများမှာ မြင် မကောင်းအောင် ပွန်းပဲ့နေသည်ကို မန္တလေးရောက်မှ သိခဲ့ရသည်။

ခြေထောက်ရှိ ခြေချောင်းလေး များမှာ အသားစများ လန်ကာ သွေးများ နီရဲနေသည်။ ဖိနပ်မှာလည်း လမ်းတွင် ကျကျန်ရစ်ခဲ့သည်။ တစ်လမ်းလုံး ကတ္တရာလမ်းနှင့် ပွတ်တိုက်ခဲ့မိသဖြင့် အရေခွံများ လန်ကာ အသားစများ ထွက်နေခြင်းဖြစ်သည်။

နောက်ထပ် ဆက်မောင်းပါက ခြေထောက်မှ အရိုးများပင် ပေါ်မည် လား မသိပါ။ အရက်မူးလွန်နေသော လူပျိုကြီးမှာ ဘာမျှမသိပါ။

"ဝင့်ဆိုတာ နောက်ဘဝ မကူး ဘူးဆိုတာ သိပ်မှန်တာပဲ"

တူ၊ တူမများ၏ ကရုဏာဒေါသ နှင့် ပြောသည်ကိုလည်း ကိုနေဝင်း မကြားပါ။ ဆေးခန်းတစ်ခုထဲမှာ လောကကြီးကို ခေတ္တမေ့နေပြီဖြစ်ပါ သည်။

◆◆◆

ယခုဖြစ်စဉ်မှာ ၁၉၉၃ ခုနှစ်က အမှန်တကယ်ပင် ဖြစ်ခဲ့သော ဖြစ်ရပ် ဖြစ်ပါသည်။

ကိုနေဝင်းမှာ ဝင့်ဆင်းရဲသို့ ရောက်စေတတ်သော ကံအကြောင်း တရားသုံးပါးဖြစ်သည့် လောဘ၊ ဒေါသ နှင့် မောဟတို့အနက် မောဟကြောင့် ဒေါသဖြစ်ခဲ့ရသည်။ ဘဝမကူးမီမှာပင် ကိုယ်ပြုသောကံ ကိုယ့်ထံသို့ ပြန်လာ ခဲ့ခြင်းဖြစ်သည်။

စာဖတ်ပရိသတ်များအားလုံး သင်ခန်းစာယူဖွယ် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

* * *

မြင်းလင်းဆွေ(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com


# စမတစ်ထောင် ဆရာတော်နှင့် ဂန္ဓာရီပစ္စည်းများ


ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

တစ်နေ့တွင် ကျွန်ုပ်နှင့် ခမ္မမိတ်ဆွေနှစ်ဦးဖြစ်သော သမ္မန္တပဒ္ဓတိ ဆရာကြီး ဦးအောင်မြင့်နှင့် မောင်ညီအေး (ပန်းတော)တို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ဂန္ဓာရပညာ ဝါသနာပါတာချင်းတူသဖြင့် မော်ဘီ စမတစ်ထောင်ကျောင်းရှိ စမဘုန်းဘုန်း၏ ဂန္ဓာရနွယ်ဝင် ပစ္စည်းများကို လေ့လာရန်နှင့် ဆရာတော်အား ဖူးတွေ့ရန် သွားကြခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် စမဘုန်းဘုန်းထံမှ ထူးခြားဆန်းကြယ်သော ပစ္စည်းများအကြောင်း ဆောင်းပါးရေးပေးရန်ဖြစ်ပါသည်။ ဆရာတော် နာယကအဖြစ် ထုတ်ဝေသော











www.burmeseclassic.com

www.burmeseclassic.com







…မျှဒိပ်"ဂျာနယ်တွင် ဂမ္ဘီရဆိုင်ရာ ဆောင်းပါးပါဝင်မှု နည်း…ခြင်းကိုလည်း အားဖြည့်ပေးရန် ရည်ရွယ်ပါသည်။

စမတစ်ထောင်ကျောင်းသို့ ရောက်သောအခါ စမ…ဘုန်းကို ဝိဇ္ဇာတန်ဆောင်းတွင် ဖူးတွေ့ရသည်။ ဘုရား…ကျောင်းဆောင်ရှေ့တွင် စားပွဲတစ်လုံးချထားပြီး၊ ထိုစားပွဲပေါ်တွင် ငွေဖလားတစ်လုံးနှင့် ပျဉ်ချပ်ပြားတင်ထားသည်။ စမဘုန်းဘုန်းသည် ကုလားထိုင်ပေါ်တွင် ထိုင်ပြီး ဂုနေ့သားသမီးများ၏ အခက်အခဲကို မေတ္တာ စေတနာဖြင့် ဖြေရှင်းပေးနေတာ တွေ့ရသည်။

"ဆရာတို့…ဂမ္ဘီရနွယ်ဝင် ပစ္စည်းတွေ လေ့လာလို့









www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com




ရအောင် ထုတ်ပြထားတယ်။ ဓာတ်ပုံရိုက်လို့လည်း ရတယ်"

"မှန်ပါ့ ဘုရား။ ဓာတ်ပုံ ကြိုရိုက်ထားပါမယ်။ ပြီးမှ ဆရာတော် ရှင်းပြပေးပါ ဘုရား"

ဓမ္မမိတ်ဆွေနှစ်ဦးလည်း ဆရာတော်ထံ ချဉ်းကပ်၍ လောကီကိစ္စ မေးမြန်းကြသည်။ ထို့နောက် အလှူဒါနပြုရာ ဆရာတော်မှ လက်မခံဘဲ ပြန်စွန့်သည်။ စာရေးဆရာတွေ အပေါ် နားလည်စာနာသည့်သဘောပြသည်။

လှူရှင်းသွားသောအခါ ဆရာတော်၏ တပည့် ကိုမြတ်မင်းမှ ဂမ္ဘီရပစ္စည်းအကြောင်း ရှင်းပြရန် စမဘုန်းဘုန်းအား




လျှောက်ထားသည်။ ဆရာတော်မှ အလယ်တွင် အကန့်ပါသော အုန်းသီးခွံအကြောင်းအား ရှင်းပြသည်။

"အုန်းသီးမှာ ကေမုခ်၊ ဒွိမုခ်ဆိုတာ ရှိတယ်။ (တစ်ပေါက်အုန်း၊ နှစ်ပေါက်အုန်း)။ အိမ်တစ်အိမ်မှာ ကန်တော့ပွဲ စွန့်တော့ အုန်းသီးကို အုန်းထမင်းချက်မယ်ဆိုပြီး ခွဲလိုက်တာ အလယ်မှာ ကန့်လန့်ကြီးဖြစ်နေတာ တွေ့ရတယ်။ ကာယသိဒ္ဓိအတွက် ဖဲ့ဖဲ့ပေးလို့ ဒါပဲ ကျန်တော့တယ်။ လွန်ခဲ့တဲ့ ၁၅ရက်ခန့်က ဗိုလ်ကြီးတစ်ယောက်လာပြောတယ်။ ကချင်ပြည်နယ်ဘက်ကို သွားတာ အဲဒီအုန်းကန့်လန့်ပဲ့ဆောင်သွားတာ တုတ်၊ ဓား၊ လက်နက် အန္တရာယ် လုံးဝ မကြုံတွေ့ခဲ့ရဘူး။ အတော်စွမ်းတယ်လို့ လာပြောသွားတယ်"

ဟု မိန့်ပြီး စာရေးသူတို့အား အနည်းငယ်စီ ဖဲ့၍ အဆောင်အဖြစ် ပေးလိုက်ပါသည်။

အုန်းအမြုတေစာရင်းဝင်သည့် အမြုတေ(အမတေ) ဆိုတာ ရဖို့ ခဲယဉ်းသည်။ ခက်ခဲသော အရာဖြစ်၍ ဂမ္ဘီရ စာရင်းဝင်သည်။


"ဒီနွယ်ဝင် ပစ္စည်းကတော့ ကျိုက်ထီးရိုးမှာ အဓိဋ္ဌာန် ဝင်နေစဉ် တောဝင် ထင်းခုတ်သူတွေနဲ့ လိုက်သွားတာ



သစ်ပင်တစ်ပင်မှာ နွယ်ကွင်းထိုး(သစ်တံခါး)ပုံစံဖြစ်နေလို့ ခုတ်နိုင်းပြီး ဆောင်ထားတာ။ ဗေဒင်ဟောတဲ့အခါ အဖု အကျိတ်သမားတွေကို ဒီတောင်ဝှေးနဲ့ ရိုက်၊ ထိတို့ပေးလိုက်တာ ပျောက်တယ်လို့ လာပြောကြတယ်။ ဂမ္ဘီရတောင်ဝှေး တိုလေးပေါ့"

ဟု ဘုန်းဘုန်းမှ ဆက်လက်ရှင်းပြပါသည်။ ထို့ပြင်-

"ဒီကျောက်လုံးတွေကတော့ ကျောက်မဒေတွေပါ။ ကျောက်တုံးကြီးကို ခွဲလိုက်တဲ့အခါ တွေ့ရတာ။ (ကျောက်လုံးမှာ ကြက်ဉ၊ ဘဲဉပုံတွေ ဖြစ်သည်။ ကျိုက်မရောတွင် တွေ့ခဲ့ရသော နဂါးဉများနှင့် တူသည်။) စီးပွားရေးဆိုင်ရာတွေ






www.burmeseclassic.com

www.burmeseclassic.com






ကောင်းတယ်။ အိမ်အေးချမ်းတယ်။ ရေစိမ်တိုက်ရင် ရောဂါတွေ ပျောက်တယ်။ မျက်လုံးခတ်ရင် မျက်စိနာပျောက်တယ်။ ရေမန်းအဖြစ် အသုံးပြုနိုင်တယ်။ သောက်ရေအိုးထဲ ထည့်ထားလို့ ရတယ်။ တူနှင့် ရိုက်ခွဲတောင် မကွဲတဲ့ ကျောက် (ကျောက်အမြုတေ)ဖြစ်တယ်"

ဟု ရှင်းပြပါသည်။

"မြသပိတ်ပုံစံ (ကြေးသပိတ်)လေးကရော ဘယ်လို
လာတာလဲ အရှင်ဘုရား"

"သာသနာပြုချိန် နံနက် ၆နာရီခန့်(မိုးမလင်းသေးပေ
မှာ အမျိုးသမီးတစ်ဦးရောက်လာတယ်။ ဆံပင်က ဒူးလော





www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဒါနဲ့ ကျုပ်က ဘာဖြစ်လို့ အစောကြီး လာတာလဲ လို့ မေးပြီး ကျောင်းသားတစ်ယောက်ကို လှမ်းနှိုးတယ်။ အဲဒီအခါ သူမက "နှိုးလို့ မရဘူး။ ကျွန်မပြန်မှ နိုးမှာ။ ဘုရားတည်တဲ့နေရာကို လာချင်နေတာ ကြာပြီ။ ကျွန်မ နာမည် မြနန်းနွယ်လေ"တဲ့။ နောက် သူပြန်တော့မှ ကျောင်းသားကို နှိုးပြီး လိုက်ကြည့်ခိုင်းတာ အစပျောက်သွားတယ်။ အဲဒီ မြနန်းနွယ်ဆိုသူက သာသနာ့ငါးထောင် ရည်စူးပြီး မြသပိတ်မှာ ကျပ်တန်ငါးရွက်လှူသွားတယ်။ ကျုပ်လည်း နံနက် ၈နာရီမှာ ရေချိုးတယ်။ သတိရပြီး မြသပိတ်ထဲ




သွားကြည့်တော့ ငါးရာကျပ်တန် ငါးရွက်ဖြစ်နေတယ်။ အဲဒါ ဆရာဘ၀ အသက် ၃၀လောက်က ရေကြည်အိုင်ဘက်မှာ ဘုရားတည်နေတဲ့အချိန်ကပါ"

"ဒီကြေးသပိတ်ရပုံကိုလည်း ရှင်းပြပါဦး ဘုရား"

"ကျုပ် ရေချိုးပြီး လမ်းလျှောက်ထွက်တော့ သစ်ပင်ပေါ်က ဖောက်ဆို အသံကြားပြီး ပြုတ်ကျလာတာကို လက်နဲ့ ဖမ်းလိုက်တော့ မည်းမည်းအလုံးတစ်ခုဖြစ်နေတယ်။ လက်နဲ့ ပွတ်ကြည့်လိုက်တော့ ခုလို ကြေးသပိတ်ပုံလေးဖြစ်နေတယ်။ ညကျတော့ အိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ နံနက်က တွေ့ရတဲ့ အမျိုးသမီးဖြစ်နေတယ်။ အိပ်မက်ထဲမှာ ပိုချောနေတယ်။ သာသနာပြုဖို့အတွက် ဆောင်ထားလို့ ပြောပြီး ပျောက်သွားတယ်"

ဟု ပြောပြသည်။ နောက်ထပ် အချွန်ကလေးတစ်ခုမှာ အုန်းသီးထဲမှ ရသော အုန်းအမတော်တစ်ခုဖြစ်ကြောင်း ရှင်းပြသည်။ အလုံးမဟုတ်ဘဲ၊ ထူးခြားစွာ အချွန်ဖြစ်နေသည်။ လမ်းခရီးသွားတိုင်း ဆောင်သွားတာ အန္တရာယ်ကင်းကြောင်း၊ သာသနာပြုကိစ္စ အဆင်ပြေကြောင်း ရှင်းပြပါသည်။

စမတစ်ထောင် ဆရာတော်သည် ရှေးဟောင်းဘုရား




ပြုပြင်၊ ဘုရားသစ်တည်သော သာသနာပြုဆရာတော်တစ်ပါး ဖြစ်သည်။

•••

အုန်းမဒေဆိုတော့ (၁-၇)အန္တောတတ်မိနေသည်။ အုန်းမဒေကို အလုပ်အကိုင်၊ လူမှုရေး၊ စီးပွားရေး အဆင်ပြေအောင် အဆောင်အဖြစ် အသုံးပြုနိုင်သည်။ မဒေ-မန္တေဆိုတာ စာထဲမှာတော့ အမြုတေဟု ရေးထားသည်။ လိုရာကိစ္စပြီးမြောက်စေသော သဘာဝပစ္စည်းတစ်ခုဖြစ်သည်။ ဖန်တီးလုပ်ယူ၍ မရပေ။

သို့သော် ရန်ကုန်မြို့ထဲတွင် ဝါးအမြုတေ၊ နွယ်ကွင်းဆိုး





www.burmeseclassic.com

www.burmeseclassic.com

အုန်းအမြူတေဆိုပြီး လိမ်ရောင်းတာတွေ ရှိသည်။ အတုသည် အစွယ်မရှိ။ အတုနှင့် အစစ် ကွဲပြားနားလည်ဖို့ လိုသည်။ အစစ်ကို အရောင်းအဝယ်ပြုလို့ မရ။ ကိုယ်နှင့် ထိုက်မှ ရသည်။ အရောင်းအဝယ်ဖြစ်သော အမြူတေအစစ် မရှိသေးပေ။

နောက်ထပ် အလုံးအမျိုးမျိုးတွေ့ရပါသေးသည်။ ဂျိုးမန္တေ၊ ကျီးမန္တေ၊ တစ်တီတူးမန္တေ၊ နွားမန္တေတို့ ဖြစ်သည်။ နွားဝမ်းထဲမှ ရသော နွားမန္တေကို ဆောင်ထားခြင်းဖြင့် လက်ထဲမှာ ငွေမပြတ်ဟု သိရပါသည်။

နွားပုံစံဖြစ်နေသော ကျောက်သားတစ်ခုကို အမျိုးသမီးတစ်ယောက်မှ ဘုန်းဘုန်းအား လာပေးစဉ် ဘုန်းဘုန်းမှ ထိုနွားမန္တေ၏ အကျိုးကျေးဇူးများကို ပြောပြလိုက်ရာ ထိုအမျိုးသမီးသည် ၎င်းမန္တေအား ပြန်ယူသွားခဲ့သည်။ နောက်မှ ပုဂ္ဂိုလ်တစ်ပါးက ပြောသဖြင့် ဘုန်းဘုန်းအား ပြန်လာပေးသွားခဲ့သည်။

မန္တေသည် တုတ်၊ ဓား၊ သေနတ်၊ လက်နက်အမျိုးမျိုး ပြီးသည်ဟု ဆိုကြသည်။ အချို့ မန္တေကိုင်ပြီး သေနတ်ဖြင့် စမ်းသည်။ သေနတ်ကျည်ဆန် မထွက်ဟု သိရ၏။ ဒါနဲ့ ဟုတ်ပြီ အရောင်းအဝယ်လုပ်မယ်ဆိုပြီး စမ်းတော့ သေနတ်မပြီးဘဲ ဒဏ်ရာရသွားသည်။

၃၂လုံးပါသော ကျောက်ပုတီးမှာ စမတွေ ပေါ်နေသည်။ စမတောင်က အဘိုးကြီးတစ်ဦးပေးတုန်းက "ဝ" တစ်လုံးပဲ ပေါ်သည်။ အခု စ၊ ခ၊ ဗ၊ ဝ ပေါ်နေတာ တွေ့ရသည်။ သစ်သားနှစ်ပေါက်လည်း မြင်ရသည်။ ဝါးနှစ်ပေါက်ပေါ်သော်လည်း သစ်သားနှစ်ပေါက်မှာ ရှားသည်။ စမတောင်မှ ရသော ပေါက်ရွက်များမှာ ဘောလ်ပင်နှင့် ရေးထားသကဲ့သို့ ထင်ရှားလှ၏။ သစ်သားပြားတွေမှာ စေတီပုံ၊ ကျိုက်ထီးရိုးစေတီပုံ၊ စမပုံတွေ ပေါ်နေတာတော့ အလွန်ရှင်းသည်။ လုပ်ကြံဖန်တီးယူ၍ မရသော ဂမ္ဘီရဆန် ပစ္စည်းများဖြစ်သည်။ ရွှေဖြစ်အောင် ထိုးလို့ရတဲ့ ဓာတ်သားလည်း ပြသည်။ ဆရာ



တော်မှ ဖိုထိုးတာ ဝါသနာမပါ၍ ဆက်မထိုးဟု ဆိုပါသည်။

စမဘုန်းဘုန်းသည် စမသိဒ္ဓိရှင် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ပုတီးစိပ်၊ အဓိဋ္ဌာန်၊ သမထအလုပ်များ ပြုလုပ်ရင်း ပုဂ္ဂိုလ်များမှ ပေးသော ဂမ္ဘီရပစ္စည်းများ ဖြစ်သည်။ စမဆန်းထူးဘဝကပင် ထူးဆန်းသော ပစ္စည်းများကို ပိုင်ဆိုင်ခဲ့သည်။

စမဘုန်းဘုန်းသည် မင်္ဂလာဒုံမြို့နယ်၊ ပုလဲတွင် စနွာမုနိစေတီတော်ကို အောင်မြင်စွာ တည်ထားကိုးကွယ်ပြီး ဖြစ်၏။

လောကီ၊ လောကုတ္တရာ နှစ်ဖြာ မျှတစွာ ဆောင်ရွက်နိုင်ပါစေသတည်း။

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂဝိဇ္ဇာ ဆရာအောင်

# အစွမ်းထက်တဲ့ ထန်းလျက်ယတြာ

"ဖွင့်ခါစတုန်းက ဟုတ်မလိုလိုနဲ့၊ နောက်တော့ ဘယ်လိုဖြစ်တယ် မသိဘူး၊ ဆိုင်ကို လူသိပ်မဝင်တော့ဘူး ဆရာ။ လာပေးစားသူတွေလည်း လျော့လာတယ်။ ကြာရင် ကျွန်မရဲ့ "ကောင်းထက်လျှံ" မြန်မာထမင်းဆိုင်တော့ ပြုတ်လိမ့်မယ် ထင်ပါရဲ့"

ရန်ကုန်တစ်ဖက်ကမ်းရှိ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးကား ကျွန်ုပ် မကြာခဏဆိုသလို အားပေး စားသောက်ရာ ဆိုင်ကလေးတစ်ဆိုင်ဖြစ်ပါ၏။ ဟင်းမျိုးစုံစွာ ရ၏။ ချက်ပြုတ်ထားသည်မှာလည်း အစပ်အဟပ်တည့်သ၏။ အဓိက မှာယူစားသောက်သော ဟင်းအပြင် အရန်ဟင်းများလည်း ပေးပါသေး၏။ တို့စရာ အသီးအနှံ အရွက်တွေကလည်း လတ်လတ်ဆတ်ဆတ် ဖွယ်ဖွယ်ရာရာ။ ငါးပိရည်ကျိုကလေးမှာလည်း လော်ထောင်း ငရုတ်သီးစပ်စပ်ကလေးဖြင့် မွှေးကြိုင်လှ၏။ ချက်ထားသော ဆန်ကလည်း အကောင်းစား ပေါ်ဆန်းရှယ်။ တစ်ခါတစ်ရံ တောင်ပျံဆန်။ သည့်တော့လည်း စားကောင်းသောက်ကောင်းကို ခုံမင်လှသော ကျွန်ုပ်အဖို့ အဆိုပါ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးအပေါ် ဓာတ်ကျသည်မှာ ဘာဆန်းမှာတဲ့နည်း။

ဤဆိုင်၏ ပိုင်ရှင်ကား အသားအရေစိုစိုပြည်ပြည်နှင့် နုံ့သွားလှစွာသော ဒေါ်ခင်စန်းရီ ဆိုသူဖြစ်၏။ ဆိုင်ရှင် ဒေါ်ခင်စန်းရီမှာ သူ့ဆိုင်သို့ လာရောက် စားသုံးကြသူအပေါင်းအား ပြေပြစ်စွာ ဆက်ဆံ၏။ စေတနာသဒ္ဓါတရား ထက်သန်၏။ ရောင်းချသော ဈေးနှုန်းကလည်း အများကြီးမဟုတ်။ ချိုသာသော ဈေးနှုန်းဖြစ်ရကား စားပျော်၏။

သို့သော်ငြား၊ အဆိုပါ ဆိုင်ကလေးသည် လူပါးလာသည်ဟု ဆိုခြင်းကြောင့် ကျွန်ုပ်လည်း အံ့အားတသင့်ဖြစ်ရပါချေ၏။ အမြဲတမ်း ဖောက်သည်လိုဖြစ်နေ၍ ခင်မင်ရင်းစွဲရှိပြီး ယခုလိုမျိုး ဖွင့်ဟပြောဆိုလာခြင်းအတွက် စိတ်မကောင်းဖြစ်ရပါ၏။

"အရောင်းအဝယ်ကောင်းအောင် ဘယ်လိုများ လုပ်ရပါ့မလဲ ဆရာရယ်"

ညည်းညည်းညူညူဖြင့် ထပ်မံ ပြောဆိုလာတော့ ကျွန်ုပ်လည်း နေသာ၍ မဖြစ်တော့ပါချေ။ ဆိုင်အခြေအနေကို သုံးသပ်ကြည့်တော့ အပြစ်ဆိုဖွယ်ရာ မတွေ့ရ။ ဆိုင်၏ အပြင်အဆင်က ခေတ်မီ၏။ သန့်ရှင်း သပ်ရပ်၏။ သို့တိုင် ဘာကြောင့်များ လူပါးရလေသနည်း။

"မနက်ဆို ဆိုင်စဖွင့်တာနဲ့ ပရိတ်ကြီး ၁၁သုတ် တရားခွေကို ဖွင့်တယ် ဆရာ။ ဆွမ်းခံ ကိုယ်တော်တွေ ကြွလာရင်လည်း လှူတာပါပဲ"

ကောင်းသောကိစ္စတွေ ဖြစ်ပါ၏။ တစ်ဖန် ဆိုင်၏ နံရံများ၌ မင်္ဂလာရှိသော ပိုစတာများကို ကျွန်ုပ် ကပ်ခိုင်း၍ ကပ်ထားသည်ကိုလည်း တွေ့ရ၏။ ထိုစဉ်မှာပင် ကျွန်ုပ်အာရုံထဲ လက်ခနဲဖြစ်သွား၏။

"ကိုင်း… ဘာမှမပူနဲ့တော့ ဒေါ်ခင်စန်းရီရေ။ အံ့သြလောက်အောင် ပြောင်းလဲသွားစေမယ့် ယတြာလေးတစ်ခု ပေးလိုက်မယ်။ ယုံယုံကြည်ကြည်နဲ့ လုပ်ကိုင်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

အကျိုးရှိမှာ အမှန်ပဲ"

"ပြောပါ ဆရာရယ်၊ ယုံယုံကြည်ကြည်နဲ့ကို လုပ်မှာပါ"

"ဟုတ်ပြီ။ လုပ်ရမယ့် ယတြာကတော့ အစွမ်းထက်တဲ့ ထန်းလျက်ယတြာပါပဲ။ ဆိုင်မှာ ရှိနေတဲ့ ဘုရားကျောင်းဆောင်မှာ နေ့စဉ် ထန်းလျက်ခဲကို ဆွမ်းတော်တင်ပေးရမယ်"

"ဟုတ်ကဲ့"

"ရဟန်း သံဃာတွေကို ဆွမ်းလောင်းတဲ့အခါမှာလည်း ထန်းလျက်ခဲ ပါပါစေ"

"စိတ်ချ ဆရာ"

"ကိုယ့်ဆိုင်ကို ဧည့်သည်တွေ လာတဲ့အခါ ဧည့်ခံတဲ့အထဲ ထန်းလျက်ခဲ ပါပါစေ"

"ပါရစေ့မယ် ဆရာ"

"အသက်ကြီးတဲ့ အဘိုးအဘွားတွေကို လှူတဲ့အခါမှာလည်း ထန်းလျက်ခဲပါဖို့ မမေ့နဲ့"

"ဟုတ်ကဲ့"

"ပြီးတော့ ဆိုင်က စားပွဲတိုင်းမှာ ထန်းလျက်ခဲကို အချိုတည်းရအောင် ဖန်ပုလင်းကလေးနဲ့ အမြဲတမ်း တင်ထားပါ။ ဒါဆိုရင်ဖြင့် ခင်ဗျားရဲ့ ဆိုင် ရောင်းကောင်းသွားမယ်ဆိုတာ မှတ်လိုက်ပါတော့ ဒေါ်ခင်စန်းရီရေ။ ခရီးဝေးသွား... အခါ ရောင်းကောင်းပါတယ်ဆိုတဲ့ ဆိုင်ကြီးတွေကို လေ့လာကြည့်ပါ။ စားပွဲပေါ်မှာ ထန်းလျက်ပုလင်း ချထားတာ... တွေ့ရပါလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ။ ကျွန်မ ဆရာပြောတဲ့အတိုင်း... သည်နေ့က စပြီး ထန်းလျက်ယတြာကို လုပ်ပါတော့မယ် ဆရာ"

အမှန်တကယ်လည်း ထန်းလျက်ယတြာကို ယုံကြည်... စွာဖြင့် လုပ်သည်။

ယုံကြည်မှုက အကျိုးပေးလာသည်ထင့်။

နောက်ရက် နောက်ရက်များ၌ ဒေါ်ခင်စန်း... "ကောင်းထက်လျှံ" မြန်မာထမင်းဆိုင်လေးသည် လာရော... စားသောက်ကြသူများ၊ လပေးစားသူများ၊ ချိုင့်ခွဲစားသူများ... စည်ကားနေလေတော့၏။ သည့်အတွက် ဒေါ်ခင်စန်း... ရွှင်တပြုံးပြုံး။

* * *

အင်္ဂလိပ်စာဆရာ...

# ရှမ်းမလေးခေတ်နန်း

အမှတ် (၉၀၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ) ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၁ -၇၃၀၄၇၃၀၃

| | |
|---|---|
| နေ့စဉ် - | နံနက် (၇:၃၀) နာရီ မှ (၉:၀၀) နာရီ<br>ညနေ (၄:၃၀) နာရီ မှ (၈:၀၀) နာရီ |
| စနေ-တနင်္ဂနွေ - | နံနက် (၈:၃၀) နာရီ မှ (၁၂:၀၀) နာရီ<br>ညနေ (၄:၃၀) နာရီ မှ (၈:၀၀) နာရီ |



'က လေး ခေါ် မ လာ ရ ပါ ။'



www.burmeseclassic.com

www.burmeseclassic.com

# အသည်းကြီးရောဂါ ပျောက်ကင်းချမ်းသာစေနိုင်သော နည်းကောင်းလေးတစ်ခု

အေးရွှေ (ဗီးကုန်း)

လွန်ခဲ့သည့် ၂၀၁၀ ခု၊ ဩဂုတ်လက ပြည်မြို့ ပွင့်လှ သိမ်ကုန်းနေ တူမဖြစ်သူ ရွှေရည်ဦး ကျန်းမာရေးမကောင်းသဖြင့် ဖုန်းဆက်ခေါ်၍ ရောက်သွားခဲ့ပါသည်။

တူမဖြစ်သူမှာ ရင်ခေါင်ကြီး တောင့်တောင့်ကြီးဖြစ်နေပြီး အသက်ရှူမဝဘဲ အောင့်အောင့်နေကြောင်း ပြောပါသည်။ ထမင်းလည်း ဟုတ်တိပတ်တိ မစားနိုင်သောကြောင့် ပိန်နေသည်ကို တွေ့ရပါသည်။ သို့အတွက် အထွေထွေရောဂါ အထူးကု ဆရာဝန်ကြီးတစ်ဦးထံသွားပြီး ပြသစစ်ဆေးခံရာ ဓာတ်မှန်ရိုက်ခိုင်းသဖြင့် ရိုက်ရာ အသည်းကြီးနေကြောင်း သိရပါသည်။

သို့အတွက် လိုအပ်သလို ဆေးကုသမှု ခံယူခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း တူမဖြစ်သူအား ဆေးဝါးမှန်မှန်သောက်ရန် မှာကြား၍ လုပ်ငန်းတွေရှိသဖြင့် ဇီးကုန်းသို့ ပြန်ခဲ့ပါသည်။ တူမဖြစ်သူထံ တော်တော်နှင့် မရောက်ဖြစ်တော့ပါ။ ဖုန်းဖြင့်သာ ကျန်းမာရေးကို မေးစမ်းနေရပါသည်။ မေးတိုင်းလည်း တစ်ခါမျှ စိတ်ချမ်းသာဖွယ်ရာ မကြားရဘဲ ဆေးစားနေဆဲဖြစ်ကြောင်း သိရပါသည်။

သည်လိုနှင့် နောက်ထပ် သုံးလလောက်အကြာတွင် ကျွန်တော် တူမဖြစ်သူ ရွှေရည်ဦးထံ ထပ်မံရောက်ရှိသွားပါသည်။ ကျွန်တော်ရောက်သွားချိန်တွင် ရွှေရည်ဦးကို ဝဝဖြိုးဖြိုးနှင့် ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာတွေ့လိုက်ရပါ၏။ ကျွန်တော်လည်း တူမကို မြင်ရတော့ အံ့သြသွားပါသည်။

"ဒါနဲ့ သမီး ဆေးစားနေရဆဲဆို"

ကျွန်တော်လည်း အံ့သြတကြီး မေးမိပါသည်။ ထိုအခါ တူမဖြစ်သူ ရွှေရည်ဦးက…

"လေးလေးဆီ ဖုန်းဆက်တုန်းကတော့ ဟုတ်တယ် လေးလေးရဲ့"ဟု ဖြေပါ၏။

"အခု ဘာနဲ့ ကောင်းသွားတာလဲ"

"ဘာနဲ့ ကောင်းသွားတာလဲဆိုတော့ ဒီလို လေးလေးရေ။ တစ်နေ့ ရွှေရည့်အမေက သမီးကျန်းမာရေးညံ့နေတာ ဘုရားသွားပြီး ပန်း၊ ရေချမ်း သက်စေ့လှူရင်း ယတြာချေကြမယ်ဆိုတာနဲ့ ပြည်ဆံတော်ဘုရားကို ညနေစောင်းသွားကြတယ်။ ရွှေရည်က ဗုဒ္ဓဟူးသမီးဆိုတော့ ဗုဒ္ဓဟူးအရပ်ဖြစ်တဲ့ တောင်အရပ်မှာ ဘုရားကို အမွှေးတိုင်တို့၊ အလင်းတိုင်တို့၊ ပန်းတို့ ဆီမီးတို့ ပူဇော်ပြီး "သောဘဂဝါ ဣတိပိသောဘဂဝါ" ဆိုတဲ့ ပုတီးစိပ်ကို စိပ်ရင်း အဓိဋ္ဌာန်ဝင်တယ်။ ပုတီးသက်စေ့ စိပ်တာပေါ့။ သမီးအသက်က (၁၈)နှစ်ဆိုတော့ (၁၈)ပတ်ပေါ့။

အဓိဋ္ဌာန်ပြီးလို့ သတ္တဝါတွေ မေတ္တာပို့ အမျှအတန်းဝေပြီး ထ,မယ်လည်းလုပ်ရော ယောဂီရောင် အဝတ်တွေ ဝတ်၊ သျှောင်တစောင်းထုံး၊ သဘက်လေး ခေါင်းမှာ ပေါင်းပြီး လွယ်အိတ်လေး လွယ်ထားတဲ့ ဘကြီးတစ်ယောက်ရောက်လာတယ်။ နောက်ပြီး သူကပဲ စပြီး ရွှေရည်ဖြစ်တာတွေကို မပြောရဘဲနဲ့ "ငါ့သမီး…အားမငယ်နဲ့၊ သမီး ခံစားနေရတဲ့ ဝေဒနာကို အဘပြောသလိုလုပ်၊ လုံးဝ ပျောက်သွားလိမ့်မယ်"လို့ ပြောပါတယ်။ သမီးလည်း အံ့သြလွန်းလို့ ငေးကြည့်နေမိပါတယ်။ နာမည်ကိုတော့ မပြောခဲ့ပါဘူး။

ဒီတော့ ရွှေရည်က "ဟုတ်ကဲ့၊ လုပ်ပါ့မယ်"လို့ ဝန်ခံလိုက်ပါတယ်။ အဲဒီတော့ ယောဂီ ဘကြီးက "ကောင်းပြီလေ၊ ဒါဆိုရင် မှတ်ထားပေရော့"ဆိုပြီး နည်းလေးကို ပြောပြပါတော့တယ်။

နည်းကတော့ မွေးနေ့နံနက် ၇နာရီခွဲမှာ ဘူးသီးနုန တစ်လုံးကို ဈေးမဆစ်ဘဲ ဝယ်ပြီး ဘုရားကို လှူဒိုင်းပါတယ်။ ၁၀နာရီထိုးတော့ စွန့်ပြီး လူနဲ့ သုံးရက် သုံးည အတူတူထား ရပါတယ်။ သုံးရက် သုံးညပြီးတာနဲ့ မီးဖိုမှာ အညာက နေပြ ကြိုးနဲ့ချည်ဆွဲထားရပါတယ်။ ဘူးသီးပိန်တာနဲ့ ရောဂါပျောက် မယ်လို့ ပြောခဲ့ပါတယ်။ ရွှေရည်လည်း ဒီနည်းက ငါစားနေ တဲ့ ဆေးတွေနဲ့တော့ မပတ်သက်ဘူး။ စားရတာ မဟုတ် ပြင်ပက လုပ်ရတဲ့ နည်းဆိုပြီး တန်းလုပ်တော့တာပါ လေးလေးရယ်။ ဟုတ်တယ် လေးလေးရေ ယောဂီ ဘကြီး ပြောသလိုပဲ၊ ဈေးမဆစ်ဘဲ ဝယ်တဲ့ ဘူးသီးကို ဘုရား နေမွန်းတည့်တော့ စွန့်၊ ကိုယ်နဲ့ သုံးရက် သုံးညထား မီးဖိုမှာ ဆွဲထားလိုက်တာ အဲဒီအချိန်ကစပြီး ရွှေရည် အသည်း ကြီးရောဂါလည်း တစ်စတစ်စ သက်သာလာတယ်။ ဘူး လည်း လုံးလုံးပိန်၊ သမီးရောဂါလည်း လုံးလုံးပျောက်သော တာပဲ"ဟု ရွှေရည်ဦးက ဝမ်းသာအားရ ပြောပြပါ၏။

"ဟာ…ဟုတ်လား၊ သမီး"

"ဟုတ်တယ် လေးလေးရဲ့။ မေမေနဲ့ သမီး အတူ ဘုရားသွားကြတာ"

"အံ့သြစရာပဲနော်။ အဲဒီအတိုင်းမှန်ရင်တော့ ဆောင်း ရေးပြီး ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကို ပို့လိုက်ဦးမှပဲ။ တိုက် သူတွေ လုပ်ကြည့်လို့ ရတာပေါ့"

ကျွန်တော်က ဝမ်းသာအားရ ပြောလိုက်ပါသည်။ အသည်းကြီးဝေဒနာရှင်များအတွက် ထူးဆန်းအံ့ဖွယ် ပျောက် ကင်းနိုင်သော ဂမ္ဘီရနည်းလေးဖြစ်သဖြင့် အနည်းဆုံး သို့တပင် ရစေတော့ဟူသည့် စေတနာဆန္ဒဖြင့် တ ရေးသားအပ်ပါသည်။□

* * *

ဓအးရွှေ(ဒိ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"သောက်ကွာ၊ အားရပါးရ သောက်စမ်း"

ကျွန်တော်နှင့် အရက်ဝိုင်းတွင် ဆုံတွေ့တိုင်း အမြဲတမ်း ပြောဆိုတတ်သည့် အစ်ကိုကြီးရဲ့ စကားသံ။ အစ်ကိုကြီးရဲ့ အကျင့်စရိုက်ပဲလားမသိ၊ အစ်ကိုက သည်စကားကို မပြောင်းမလွဲဘဲ အမြဲတမ်း ခံတွင်းတွေ့နေဟန်တူသည်။

ပြောရလျှင် အစ်ကိုကြီးနှင့် ကျွန်တော်က ဘယ်ဘဝက အထုံရေစက်ပါခဲ့သလဲ မသိ။ အရက်ဝိုင်းတစ်ခုတွင် မမျှော်လင့်ဘဲ ဆုံတွေ့ရာမှ မိတ်ဆွေရင်းချာပင်မက၊ ညီလို အစ်ကိုလို ဖြစ်လာခဲ့ကြသည်။

ကြည့်လေ။ အချိန်မှန်မှန် အရက်ဆိုင်လာပြီး အရက်သောက်တတ်သည်က လွဲ၍ အစ်ကိုကြီးဘဝကို ကျွန်တော် မမေးမမြန်းခဲ့သလို၊ အစ်ကိုကြီးကလည်း ကျွန်တော့်ဘဝကို မစူးစမ်းခဲ့။ ကျွန်တော်နှင့် အစ်ကိုကြီးက နေညိုချိန်ရောက်လျှင် ရပ်ကွက်အစွန်ရှိ တိတ်ဆိတ် ငြိမ်သက်သည့် အရက်ဆိုင်အိုလေးတွင် တာဝန်တစ်ခုထမ်းဆောင်နေရသလို ဆုံတွေ့နေကြခြင်းဖြစ်သည်။

"ညီလေး"

"ပြောလေ အစ်ကိုကြီး"

"မင်း . . . အချစ်ကို ဘယ်လို အဓိပ္ပာယ်ဖွင့်လဲ"

ကျွန်တော် အရက်သောက်လို့ ကောင်းနေစဉ် ဖြတ်ဝင်လာတဲ့ အစ်ကိုကြီးရဲ့ ရှားရှားပါးပါး မေးခွန်း။ ကျွန်တော် ရုတ်ခြည်းပင် အံ့အားသင့်သွားမိသည်။ ကျွန်တော် အံ့အားမသင့်လို့ မဖြစ်။ ကျွန်တော်နှင့် အစ်ကိုကြီး ရင်းနှီးခင်မင်ခဲ့သည်က တစ်နှစ်သားပင် သီသီစွန်းရော့မည်။ အစ်ကိုကြီးထံမှ ရှားပါးစွာ ကြားလိုက်ရတဲ့ စကားသံ။ ကျွန်တော် တစ်ခါဖူးမှ မကြားခဲ့။

"အချစ်လား အစ်ကိုကြီး"

"အေး၊ ဟုတ်တယ် . . . ဟုတ်တယ်။ အချစ်လေကွာ၊ ဟားဟားဟား . . . ရယ်စရာ သိပ်ကောင်းတာကွ"

အစ်ကိုကြီးရဲ့ မေးခွန်းကို ကျွန်တော် စကားတောင် မစရသေး။ အစ်ကိုကြီးက သူ့ဘာသာသူ ထပ်ဆင့်ပြောရင်း သဘောကျပြီး ရယ်မောနေသည်။

"အစ်ကိုကြီးပြောတဲ့ အချစ်ဆိုတာကို ကျွန်တော် လုံးဝ နားမလည်ဘူး အစ်ကိုကြီး"

"ဟေ . . .၊ မင်း . . . မင်း တကယ်ပဲ နားမလည်တာလား။ မသိချင်ယောင်ဆောင်နေတာလား။ ပြောစမ်းကွာ၊ ပြောစမ်း"

ကျွန်တော့်ရဲ့ ပဟေဠိဆန်တဲ့ စကားကို ကြားတော့ အစ်ကိုကြီး အံ့ဩတကြီးဖြစ်သွားပုံရသည်။ ပြီး အစ်ကိုကြီးက ကျွန်တော့်ကို ကမ္ဘာပေါ်တွင် အထူးဆန်းဆုံး သတ္တဝါလို စူးစမ်းတဲ့ အကြည့်နဲ့ ကြည့်နေသည်။ အစ်ကိုကြီးပြောလည်း ပြောစရာ။ ကျွန်တော့် ဘဝမှာ ဘယ်တုန်းကမှ မိန်းမ တစ်ယောက်ကို မချစ်တတ်သလို၊ ဘယ်မိန်းမမှလည်း ကျွန်တော့်ကို ချစ်နိုင်ဖို့ မရည်စူးခဲ့ဘူးဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော် အသိဆုံးပင် ဖြစ်သည်။

"အံ့ပါ့ကွာ။ မင်း တကယ်ပဲ အချစ်ကို မခံစားတတ်ဘူးလား"

"ဟုတ်တယ် အစ်ကိုကြီး။ အဲဒါကြောင့် ကျွန်တော့်နှလုံးသားကို လွတ်လွတ်လပ်လပ်နေခဲ့တာ"

ကျွန်တော့်စကားကို ကြားတော့ အစ်ကိုကြီးမျက်မှောင် အလိုလိုကျုံ့သွားသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ် ညီလေး။ မင်းလို ငါ မချစ်တတ်ခဲ့ရင် သိပ်ကောင်းမှာ၊ ခုတော့ကွာ"

အစ်ကိုကြီးက မချင့်မရဲပြောရင်း စားပွဲခုံပေါ်က အရက်ပုလင်းကို ဖွင့်ပြီး ငှဲ့သောက်နေသည်။ ကျွန်တော် အစ်ကိုကြီးအဖြစ်ကို ကြည့်ပြီး ဘယ်လို ဝေခွဲပိုင်းခြားရမှန်း မသိတော့။ ဘာကြောင့် အစ်ကိုကြီးအချစ်နှင့် ပတ်သက်သည့် မေးခွန်းတွေ ထူးထူးခြားခြားမေးနေပါလိမ့်။ ကျွန်တော် စကားမဆက်ဘဲ အစ်ကိုကြီးအခြေအနေကို ကြည့်လိုက်မိသည်။ အစ်ကိုကြီးက ယခင်ကလို စားကောင်းရဲ့ သောက်ကောင်းရဲ့ သောက်နေသည် မဟုတ်တော့။ အလဲအကွဲသောက်မည့်ပုံစံ။

"အစ်ကိုကြီး သိပ်များနေပြီနဲ့တူတယ်"

"နည်းသေးတယ် ညီလေး။ အစ်ကိုကြီးဘဝက ဒီ့ထက်သောက်ဖို့တောင် ရှိသေးတာ"

ကျွန်တော် အစ်ကိုကြီးအခြေအနေကို ကြည့်ပြီး ဘာစကားဆက်ရမှန်း မသိတော့။ ကျွန်တော် အရက်ကို ကြိုက်လို့ သောက်ခဲ့ပေမယ့် အတိုင်းအတာနှင့် သောက်ခဲ့သည်။ သည်အတိုင်းသာ ဆက်သောက်နေလျှင် အစ်ကိုကြီး ရှေ့ဆက်ရမည့် ဘဝခရီးက မလွယ်။

"အစ်ကိုကြီး"

"ပြောလေ ညီလေး"

"ဆက်သောက်မနေပါနဲ့ အစ်ကိုကြီးရယ်။ ကျွန်တော်ပြောတာကို အစ်ကိုကြီး မကြိုက်ရင် ကျွန်တော့်ကို ရိုက်ချင် ရိုက်ဗျာ"

ကျွန်တော့်စကားကို အစ်ကိုကြီး ကြားတော့ အရက်ဆက်မသောက်


www.burmeseclassic.com

www.burmeseclassic.com

ရုပ်တန့်သွားသည်။ ပြီး ရီဝေနေသည့် မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

“ညီ···ညီလေးကို အစ်··· အစ်ကိုကြီး လေးစားသွားပြီ။ အစ်ကိုကြီးဘဝကို ခုလို စာနာမဲ့ ညှာတာမဲ့ သူက ညီလေးတစ်ယောက်ပဲ ရှိတာကွ။ အစ်ကိုကြီး လက်ကျန်လေးတော့ သောက်ပါရစေကွာ”

အစ်ကိုကြီးက ပြောပြောဆိုဆို လက်ကျန်အရက်ကို မော့သောက်ပြီး စားပွဲခုံမှ ဒယီးဒယိုင်ဖြင့် ထသည်။ ပြီးတော့မည့် အစ်ကိုကြီးကို ကျွန်တော် ကူတွဲရင်း အရက်ဆိုင်လေးထဲမှ ထွက်ခဲ့သည်။

ခက်နေသည်က အစ်ကိုကြီး နေထိုင်သည့်နေရာ။ အစ်ကိုကြီးက သူ့ဘဝကို လျှို့ဝှက်ထားသည်။ ကျွန်တော်နှင့် စတင်ရင်းနှီးကတည်းက ဘယ်မှာ နေသည်။ ဘာလုပ်သည်ကို တစ်ခွန်းတစ်ပါဒမျှ မဟာခဲ့။

“ညီလေး···အစ်···အစ်ကိုကြီးကို လိုက်ပို့မလို့လား။ ဒီလမ်းအတိုင်းသွား။ အစ်ကိုကြီး ပြန်နေကျလမ်းကို အစ်ကိုကြီး သိတယ်”

အစ်ကိုကြီးက မူးယစ် ရီဝေနေသော်လည်း ပြန်နေကျလမ်းကိုတော့ မှတ်မိသည်။ အစ်ကိုကြီး နေထိုင်ရာသို့ ကျွန်တော်လိုက်ပို့ရင်း အံ့ဩသွားမိသည်။ ကြည့်လေ၊ ရပ်ကွက်အစွန်နှင့် အတန်ခြားသည့် လယ်ကွင်းစပ်ရှိ တဲစုအိမ်လေး။ ခနိုမိုးက မလုံ့တလုံ၊ ကြမ်းခင်းဝါးက ကျိုးတိုးကျဲတဲနှင့် ခချော်ချွတ်တဲအိမ်လေး။

ကျွန်တော့်အစ်ကိုကြီး မှီတွယ်နေထိုင်ရာ တဲအိမ်ကလေး။ အစ်ကိုကြီးက တစ်ယောက်တည်း အထီးကျန်နေသည်။ တဲအိမ်လေးခေါင်းရင်းတွင် စာအုပ်မျိုးစုံ တစ်ပုံကြီးနှင့် စာရေးစားပွဲခုံပုပုလေး။ ပြီး ကြမ်းခင်းပေါ်တွင် ပြန့်ကြဲကြေမွနေသည့် စာရွက်များနှင့် ဆေးပေါ့လိပ်တိုတွေ။

စာအုပ်ပုံကြားမှ ကျွန်တော် အမှတ်မထင်တွေ့လိုက်ရတဲ့ မြင်ကွင်း။ ကျွန်တော် စိတ်ဝင်စားသွားမိသည်။ အစိတ်စိတ်အမြွှာမြွှာကွဲနေသည့် မှန်ကြားမှ ဓာတ်ပုံလေး။ ဖုန်မှုန့်တွေ အလိမ်းလိမ်းကပ်နေသည်။ အစ်ကိုကြီးရဲ့ဘဝ လက်တွေ့မြင်ကွင်း။ ကျွန်တော် အစ်ကိုကြီးဘဝကို ဘယ်လိုစဉ်းစားရမှန်း မသိတော့။

ပြီးတော့ ကျွန်တော့်ကို အစ်ကိုကြီး တခုတ်တရ မေးခဲ့ဖူးတဲ့ အချစ်ဆိုတဲ့ အဓိပ္ပာယ်။ ဒါဆို အစ်ကိုကြီးရင်ထဲတွင် ဘယ်လိုအချစ်မျိုးတွေနှင့် ပတ်သက်ခဲ့တာလဲ။ ခုလို မြို့ပြနှင့် အတန်ဝေးကွာပြီး ခေါင်သီလှတဲ့ လယ်ကွင်းစပ်က တဲစုအိမ်လေး။ အစ်ကိုကြီးဘဝ ရှင်သန်ခွင့်ရအောင် ကြိုးစားရုန်းကန်နေရတာလား။ ဒါမှမဟုတ်၊ အစ်ကိုကြီးရဲ့ အထီးကျန်ဘဝကို စိတ်အနားသတ်နေတာလား။

ကျွန်တော် အစ်ကိုကြီးကို အိပ်ရာဘေးရှိ ကုလားထိုင်အိုလေးပေါ်သို့ နေရာချပြီး အခြေအနေကို ကြည့်နေမိသည်။ သို့တိုင် ကျွန်တော့်စိတ်တွေက စာအုပ်ပုံကြား မှန်အစိတ်စိတ်ကွဲနေသည့် ဓာတ်ပုံလေးဆီသို့ အကြည့်ရောက်နေမိသည်။

နက်မှောင်ရှည်လျားတဲ့ ဆံနွယ်တွေကြားမှ တစ်ပွင့်ပန်းပန်ထားသည့် အမျိုးသမီး။ အလှတွင် အယဉ်ဆင့်ပြီး ဘယ်လိုပဲ ကြည့်ကြည့် အပြစ်မမြင်ရက်သည့် အမျိုးသမီး။ ကော့ရွန်းသည့် မျက်တောင်ကြီးနှင့် စင်ရော်တောင် မျက်ခုံး။ ဖြောင့်စင်းသည့် နှာတံနှင့် ပါးလျှပိရိသည့် နှစ်လွှာနှုတ်ခမ်း။ ထူးခြားသည်က အမျိုးသမီး၏ ရွှန်းလဲ့လဲ့ အပြုံး။

“

နက်မှောင်ရှည်လျားတဲ့ ဆံနွယ်တွေကြားမှ တစ်ပွင့်ပန်းပန်ထားသည့် အမျိုးသမီး။ အလှတွင် အယဉ်ဆင့်ပြီး ဘယ်လိုပဲ ကြည့်ကြည့် အပြစ်မမြင်ရက်သည့် အမျိုးသမီး။ ကော့ရွန်းသည့် မျက်တောင်ကြီးနှင့် စင်ရော်တောင် မျက်ခုံး။ ဖြောင့်စင်းသည့် နှာတံနှင့် ပါးလျှပိရိသည့် နှစ်လွှာနှုတ်ခမ်း။ ထူးခြားသည်က အမျိုးသမီး၏ ရွှန်းလဲ့လဲ့ အပြုံး

”

ဘာကြောင့်။ အစ်ကိုကြီးက ဒီအမျိုးသမီးဓာတ်ပုံအား မချိတ်မဆွဲတဲ စာအုပ်ပုံကြားထဲ ဖုန်အလိမ်းလိမ်းနှင့် ပစ်ထားခဲ့ပါလိမ့်။

ကျွန်တော်အတွေးတွေ တစ်ပုံတစ်ပင်ကြီးနှင့် အစ်ကိုကြီးမျက်နှာကို ကြည့်လိုက်မိသည်။ အစ်ကိုကြီးမျက်နှာက ကျွန်တော်နှင့် စတွေ့တုန်းကလို မဟုတ်တော့။ ဖောသွပ်သွပ်၊ ဖြူရော်ရော်။ အမြဲတမ်း ညှိုးလျှ ရီဝေနေသည့် မျက်လုံးတွေ။

အစ်ကိုကြီးက ကုလားထိုင်ပေါ်

www.burmeseclassic.com

တွင် မှိန်းနေရာမှ ရုတ်တရက် တွေ့လိုက်ရတဲ့ မှန်ကွဲ ဓာတ်ပုံလေးကို ကြည့်ရင်း ဆွေးရိပ်သမ်းနေသည့် မျက်နှာ။ ရုတ်တရက် တင်းမာခက်ထန်သွားသည့် မျက်နှာက ထပ်ဆင့် ဖုံးလွှမ်းနေသည်။

"ညီ…ညီလေး အဲဒီဓာတ်ပုံကို လွှင့်ပစ်လိုက်ကွာ။ အစ်ကိုကြီး ရင်ထဲမှာ တင်းမခံနိုင်တော့ဘူး"

အစ်ကိုကြီးထံမှ မကြားစဘူး ကြားလိုက်ရတဲ့ ခက်ထန်သွားသည့် စကားကြောင့် ကျွန်တော် မှန်ကွဲ ဓာတ်ပုံလေးကို ကြည့်ပြီး နှမြောနေမိသည်။

"လွှင့်ပစ်လိုက်စမ်းပါ ညီလေးရ။ အစ်ကိုကြီးရဲ့ ဘဝတစ်ခုလုံး ဟောဒီ အပြုံး၊ ဟောဒီ အလှတရားတွေနဲ့ အစ်ကိုကြီး နှလုံးသားကို မြှူဆွယ်ပြီး အရှုံးလုပ်ခဲ့တာကွ၊ အရှုံးလုပ်ခဲ့တာ"

မှန်ကွဲ ဓာတ်ပုံလေးကို ကြည့်ပြီး ရုတ်ခြည်း အက်ကွဲရှတတဲ့ အသံကြီးနဲ့ ပြောရင်း စားပွဲခုံကို လက်သီးဖြင့် ထုလိုက်တဲ့ အသံ။ ကျွန်တော် မှန်ကွဲ ဓာတ်ပုံလေးကို ယူပြီး လွှင့်ပစ်လိုက်သည်။

"မြသရဖီ…မြသရဖီ၊ မင်း ခုထိ ငါ့နှလုံးသားထဲကနေ မထွက်နိုင်ဘဲ ငါ့ကို ရက်စက်နေတုန်းပဲလား။ ပြောစမ်း။ ပြောစမ်း…ဟားဟားဟား"

အစ်ကိုကြီးက သူရူး တစ်ယောက်နယ် တတွတ်တွတ်ပြောဆိုရင်း စာရွက်တွေကို ဆုပ်ချေပြီး ခေါင်းငိုက်စိုက်ကျသွားသည်။ ကျွန်တော် အစ်ကိုကြီးကို ဘယ်လိုခေါ်ခေါ် တုံ့ပြန်ထူးသံ မကြားရတော့။ အသက်ကို မျှင်းမျှင်းရှူရင်း လောကကြီးနှင့် ခဏတာ ကင်းပြတ်သွားသည့် အစ်ကိုကြီး အဖြစ်။

ကျွန်တော် အစ်ကိုကြီးကို




ကုလားထိုင်မှ ဆွဲထူမပြီး အိပ်ရာပေါ်သို့ တင်ကာ စောင်ခြုံပေးရင်း တဲစုအိမ်လေးမှ ဆင်းလိုက်မိသည်။ ကျွန်တော် အစ်ကိုကြီး နေထိုင်သည့် တဲအိမ်လေး အပြင်ရောက်တော့ ညအမှောင်ထုက လွှမ်းခြုံလာသည်။ အစ်ကိုကြီး တဲအိမ်ကလေးက လွဲ၍ ကျန်တဲစုအိမ်ကလေးများတွင် မီးရောင်လက်လက်ကို မြင်ရသည်။ အစ်ကိုကြီးကတော့ ညအမှောင်ထဲတွင် အရက်ဒဏ်ကြောင့် ဘယ်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမည်မသိတော့။

•••

ကျွန်တော် အစ်ကိုကြီး တဲအိမ်လေးကို ပထမဆုံးရောက်သည်မှ စ၍ အစ်ကိုကြီးမျက်နှာကို တစ်လှည့်၊ မြသရဖီ ဆိုသည့် အမျိုးသမီးမျက်နှာကို တစ်လှည့်စီ မြင်ယောင်နေမိသည်။ အစ်ကိုကြီးအဖြစ်ကို ပြန်တွေးမိတိုင်း အစ်ကိုကြီး ခံစားမှုကို တစိမ့်စိမ့်တွေးတောကာ အပြေရှာနေမိသည်။

နေညိုလျှင် ပြီလေသလား မသိ ကျွန်တော့်မသိစိတ်က အစ်ကိုကြီးနှင့် ဆုံနေကျ အရက်ဆိုင်လေးဆီသို့ စိတ် ရောက်နေမိသည်။ သို့တိုင် ကျွန်တော် ရက်အတန်ကြာ မရောက်ဖြစ်ခဲ့။ အစ်ကို ကြီးကို လိုက်ပို့ခဲ့သည့်ညက အပြန် မှတ်မှတ်ရရ ကျွန်တော့်ခြေထောက် တွင် ခလုတ်တိုက်ပြီး ကွဲသွား၍ ဘယ် မှ မသွားနိုင်တော့။

ကျွန်တော် ခြေထောက်သက်သာ မှ အရက်ဆိုင်လေးဆီသို့ ခြေဦးလှည့် မိသည်။ ကျွန်တော်နှင့် အစ်ကိုကြီး အမြဲတမ်း ထိုင်နေကျ ဆိုင်ထောင့်စွန်း ရှိ စားပွဲခုံလေးတွင် ဝင်ထိုင်လိုက်သည်။ ရုတ်တရက် ကျွန်တော့်နှာခေါင်းဝဆီ ဆေးပေါ့လိပ်အနံ့ကို ထူးထူးခြားခြား ရလိုက်မိသည်။ ကျွန်တော် ပတ်ဝန်း ကျင်သို့ ကြည့်လိုက်မိသည်။ ဘယ်သူ မရှိသေး။ အရက်ဆိုင်ပိုင်ရှင် ကိုအောင က ဒီနေ့ အစောဆုံးလာတဲ့ ဖော် သည်ပါလားဟု အသံမဲ့ အကြည့်မျိုး ကျွန်တော့်ကို ကြည့်နေသည်။

ဆေးပေါ့လိပ်နံ့က ဝေ့ကာ ဝိုက် ကာ ပေါ်လာပြန်သည်။ ကျွန်တော် ဖျတ်ခနဲ အစ်ကိုကြီးကို သတိရသွား သည်။ သည်ဆေးပေါ့လိပ်အနံ့က အစ်ကိုကြီး ခုံခုံမင်မင်သောက်နေကျ ဆေးပေါ့လိပ်အနံ့။ ကျွန်တော် ဖြန်း ကြီး ရင်ခုန်သွားမိသည်။ ကျွန်တော် နှင့် အစ်ကိုကြီး မဆုံတွေ့ခဲ့သည့် ရက် များအတွင်း အစ်ကိုကြီး ဘာတွေ ဖြစ် နေပြီလဲ။ ကျွန်တော် အရက်ဆိုင် ထဲမှ အပြေးကလေးထွက်လာမိသည်။

နေလုံးညိုညိုက လယ်ကွင်း တောအုပ်လေးကို မေးတင်ခို သည်။ ကျွန်တော့်ခြေထောက် အစ်ကိုကြီးနေထိုင်ရာ တဲစုအိမ် ဆီသို့ အပြေးအလွှားသွားနေမိသည်။

www.burmeseclassic.com

"ဩော်··· မင်းရောက်လာပြီပဲ။ မင်း မလာခင်ရက်များက မင်းအစ်ကိုကြီးက ခဏခဏခေါ်ရှာတယ်။ ဦးလေးတို့လည်း မင်း ဘယ်မှာနေမှန်းမသိလို့ လက်ပိုက်ကြည့်နေရတာ"

ကျွန်တော့်ကို မချိတင်ကဲ မျက်နှာဖြင့် ကြည့်ပြီး ပြောဆိုနေသည့် အစ်ကိုကြီး တဲအိမ်လေးဘေးက ဦးလေးကြီးတစ်ယောက်ရဲ့ အသံ။ ကျွန်တော် အစ်ကိုကြီး တဲအိမ်လေးပေါ်သို့ တက်ကြည့်လိုက်မိသည်။ တဲအိမ်လေး အိပ်ရာပေါ်တွင် လဲလျောင်းနေသည့် အစ်ကိုကြီး။

ကျွန်တော် အစ်ကိုကြီးအနားသို့ အပြေးသွားပြီး ကြည့်လိုက်မိသည်။ ယခင်ကဆို ကျွန်တော့်ကို တွေ့လျှင် "ဟေး···ညီလေး"ဟု အစ်ကိုကြီးက အရင်ဆုံး လက်ပြပြီး ခေါ်နေကျ။ ယခုတော့ မခေါ်နိုင်တော့ပေ။ အေးစက်တင်းမာနေသည့်ခန္ဓာကိုယ်နှင့် ငြိမ်သက်နေရှာသည့် အစ်ကိုကြီး။ လောကကို အရှုံးပေးသည့်အကြည့်ဖြင့် အစ်ကိုကြီးရဲ့ နောက်ဆုံးအကြည့်။ ကျွန်တော် တုန်ယင်စွာဖြင့် အစ်ကိုကြီးရဲ့ မျက်လွှာကို ညင်သာစွာ ပိတ်ပေးလိုက်မိသည်။

"ညက တစ်ညလုံးလိုလို ထူးထူးခြားခြားသောက်နေတာကွဲ့။ ဦးလေး ပြောလို့ မရဘူး။ ဒီမနက်ကျမှ ဘာအသံမှ မကြားရလို့ ဦးလေးလာကြည့်တော့ ခုလိုအဖြစ်မျိုးနဲ့ တွေ့ရတာပါပဲကွယ်"

ကျွန်တော် အစ်ကိုကြီး၏ အေးစက်နေသည့် လက်ဖဝါးကို ဆုပ်ကိုင်ရင်း အားကုန်ခေါ်လိုက်မိသည်။

"အစ်ကိုကြီး···အစ်ကိုကြီး"

ကျွန်တော် ဘယ်လိုခေါ်ခေါ် အစ်ကိုကြီးက ကြားနိုင်လိမ့်မည် မဟုတ်တော့။

"ငါ ဘယ်ဘဝရောက်ရောက်

> “
>
> အစ်ကိုကြီး
> အရက်မူးလွန်တိုင်း
> ဆွေးမြည့် နာကြည်းစွာဖြင့်
> မြသရဖီအပေါ်
> ခံစားချက်ပြင်းပြင်းရှရှနှင့်
> ပြောဆိုခဲ့သည့်
> စကားသံကို
> ကျွန်တော် ကြားယောင်သွားမိသည်။
> အစ်ကိုကြီး မြသရဖီအပေါ်
> အဘယ်ကြောင့်
> အမုန်း အငြိုးတွေ
> ပွားခဲ့ပါလိမ့်။
>
> ”

မြသရဖီကို ဘယ်တော့မှ မမေ့နိုင်ဘူးကွ။ ငါ့နှလုံးသားကို ဖျက်ဆီးပစ်ခဲ့တာ သူ···သူကွ"

အစ်ကိုကြီး အရက်မူးလွန်တိုင်း ဆွေးမြည့် နာကြည်းစွာဖြင့် မြသရဖီအပေါ် ခံစားချက်ပြင်းပြင်းရှရှနှင့် ပြောဆိုခဲ့သည့် စကားသံကို ကျွန်တော် ကြားယောင်သွားမိသည်။ အစ်ကိုကြီး မြသရဖီအပေါ် အဘယ်ကြောင့် အမုန်း အငြိုးတွေ ပွားခဲ့ပါလိမ့်။

"မင်းအစ်ကိုကြီးက ဒီတဲစုအိမ်လေးမှာ နေပေမယ့် ဘယ်သူ့ကိုမှ အပေါင်းအသင်းမလုပ်ဘူးကွ။ သူ တစ်ယောက်တည်းပဲ နေတာ။ မင်းနဲ့ ခေါ်ပြောနေတာ တွေ့ရတော့ အံ့ဩစရာဖြစ်နေမိတာ"

တဲစုအိမ်လေးက ဦးလေးကြီး စကားသံနဲ့အတူ ကျွန်တော် အစ်ကိုကြီးကို ကြည့်လိုက်မိသည်။ အစ်ကိုကြီးက ဝိညာဉ်ဘဝဖြင့် သူ ခါးသီးစွာ မုန်းတီးခဲ့သည့် မြသရဖီထံ ရောက်နေပြီလား။ ဒါမှမဟုတ် မြသရဖီကို နာကြည်းချက်ဖြင့် ဝေးရာသို့ သွားနေပြီလား။

ကျွန်တော် တဲစုအိမ်လေးက ဦးလေးကြီးအကူအညီဖြင့် အစ်ကိုကြီးရဲ့ နောက်ဆုံးခရီးဖြစ်တဲ့ သုသာန်လေးတွင် အစ်ကိုကြီးကို မြှုပ်နှံခဲ့သည်။ ဘယ်အရပ်က လာ၍ ဘယ်ကို သွားမည် မသိ။ ဦးတည်ချက်မဲ့စွာဖြင့် အထီးကျန်နေခဲ့ရသည့် အစ်ကိုကြီးဘဝ။ ခုတော့ သုသာန်တစ်စပြင်တွင် ထာဝရ ခိုလှုံနေမည့် အစ်ကိုကြီး။ ကျွန်တော် အစ်ကိုကြီးရဲ့ မြေပုံမို့မို့လေးကို ကြည့်ပြီး ရင်ထဲတွင် နှုတ်ဆက်စကားဆိုမိသည်။

"နေရစ်ခဲ့တော့ အစ်ကိုကြီးရေ။ အစ်ကိုကြီး ဖြစ်လေရာ ဘဝတိုင်း မြသရဖီလို မိန်းမမျိုးနဲ့ ထပ်ပြီး မတွေ့ရ မကြုံရပါစေနဲ့လို့ ကျွန်တော် ကူပြီး ဆုတောင်းပေးပါတယ် အစ်ကိုကြီးရယ်၊ ဆုတောင်းပေးပါတယ်"

ကွင်းလေ တဖြူးဖြူးနှင့် တောအုပ်ကလေး ဖုံးလွှမ်းနေသည့် သုသာန်မှ ကျွန်တော် ကျောခိုင်းပြီး ထွက်လာမိသော်လည်း အစ်ကိုကြီးအရိပ်က ကျွန်တော့်နှလုံးသားထဲတွင် ကပ်ငြိပါနေဆဲဖြစ်သည်။

◆◆◆

"ဖြစ်ရလေ မောင်ရယ်၊ မောင့်ကို သရဖီ မတွေ့တွေ့အောင် ရှာဖွေခဲ့ပါတယ်။ ခုလို ဘဝမျိုးနဲ့ မောင့်ကို တွေ့ရ မြင်ရလိမ့်မယ်လို့ သရဖီ လုံးဝ မထင်ခဲ့တာ အမှန်ပါ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com


ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျနေသည့် မျက်ရည်စကိုပင် မသုတ်နိုင်ခဲ့။ မချိတင်ကဲစိတ်ဖြင့် ကြွေကြွေကွဲကွဲပြောနေရှာသည့် မြသရဖီ။ ကျွန်တော် မြသရဖီအဖြစ်ကို မနှစ်သိမ့်၊ မဖေးကူဘဲ ငေးငိုင်ကြည့်နေမိသည်။ ကျွန်တော့်စိတ်ထဲတွင် အစ်ကိုကြီး၏ ခံပြင်းမှု၊ နာကြည်းမှု ဝေဒနာတွေကို အမိပ္ပာယ်ဖွင့်ဆိုနေမိသည်။

အစ်ကိုကြီး၏ မြေပုံမို့မို့လေးကို ကြည့်ပြီး ရှိုက်ကြီးတငင်ဖြင့် ငိုကြွေးနေရှာသည့် မြသရဖီ။ ဒီလောက်ချော၊ ဒီလောက်လှပသည့် မြသရဖီကို အစ်ကိုကြီး ဘာကြောင့် ခွင့်မလွှတ်နိုင်ဘဲ အငြိုးအတေးတွေ ကြီးမားခဲ့ရတာလဲ။ ကျွန်တော် မြသရဖီကို ကြည့်ပြီး အစ်ကိုကြီးဘက်က ဝေဒနာကို ခံစားကြည့်မိသည်။

"မောင်...သရဖီကို သိပ်ချစ်ခဲ့တယ်ဆိုတာ သရဖီ သိပါတယ် မောင်။ ဒါပေမယ့် မောင့်ကို ရှင်းပြခွင့် မရတဲ့အတွက် သရဖီ့ဘဝကို သရဖီ စိတ်နာတယ်။ မောင် သရဖီအပေါ် သိပ်ချစ်တတ်တဲ့ နှလုံးသားရှိတယ်ဆိုတာ အစက သရဖီ မယုံကြည်ခဲ့ဘူး။ အမှန်တော့ မောင် သရဖီ ထင်ထားသလို မဟုတ်ခဲ့ဘူးဆိုတာ မောင် အနစ်နာခံပြီး ပေးဆပ်ခဲ့တဲ့ သစ္စာတရား သက်သေကြောင့် သရဖီ မောင်နဲ့ ဘဝချင်းဆုံဖို့ လာခဲ့တာပါ။ ခုတော့ မောင်ရယ်၊ သရဖီ ဘယ်လိုဖြေသိပ်လို့ ရနိုင်ပါ့မလဲ"

မြသရဖီကတော့ သူ့ရင်ထဲက ခံစားချက်ကို တမလွန်ရောက် အစ်ကိုကြီး သိအောင် ပွင့်အန်နေခဲ့ဖြစ်သည်။ နေလုံးက ညိုလေပြီ၊ ဆည်းဆာရောင် လွှမ်းမိုးမှုနှင့်အတူ ကျွန်တော် မြသရဖီနှင့် အစ်ကိုကြီးကို ကျောခိုင်း၍ ထွက်လာမိသည်။ အစ်ကိုကြီးသာ မြသရဖီကို ပြန်တွေ့ခဲ့လျှင် မည်သို့ခံစားနေရမည်ကို ကျွန်တော် မခွဲခြားတတ်တော့ပါ။

ကျွန်တော် လက်ရှိ ခံစားနေရသည်က တစ်စပြင်လေးနှင့် အတန်လှမ်းသည့် ကားလမ်းမပေါ်တွင် ကားလေးတစ်စင်းနှင့် စောင့်မျှော်နေဟန်တူသည့် လူတစ်ယောက်အရိပ်အရောင်ကို ဝိုးတဝါးတွေ့လိုက်ရခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ဘယ်မိန်းမကိုမှ




မချစ်တတ်သလို ဘယ်မိန်းမကမှလည်း ကျွန်တော့်ကို မချစ်ခဲ့ပါ။ ကျွန်တော့်ကို အစ်ကိုကြီး တခုတ်တရ ပြောပြခဲ့ဖူးသည့် အချစ်၏ အနက်အဓိပ္ပာယ်များကို ကျွန်တော် ရိုးသားစွာ သရုပ်ခွဲမိသည်။

မြသရဖီလို မိန်းမမျိုးကိုမှ အချစ်ကြီး ချစ်ခဲ့မိသည့် အစ်ကိုကြီး၏ ဖြူစင်နှလုံးသားကို လျှို့ဝှက်စွာ ထုံးဖွဲ့ခဲ့သည့် နှုတ်ခမ်းနှစ်လွှာမှ အချစ်၊ အမုန်း စကားများ။ ထိုအချစ်၊ အမုန်းကို အလွယ်ကလေးပြောဆိုတတ်ကြသော်လည်း အချစ်၏ သာယာမှုကို မခံစားရဘဲ အမုန်းဝေဒနာနှင့် လူ့ဘဝကို ကျောခိုင်းထွက်ခဲ့ရသည့် အစ်ကိုကြီး။

ကျွန်တော် မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုရမည် မသိတော့ပါ။ ခုတော့ ကြိုးမဲ့စွန်လို လေနှင်ရာ လွင့်ပါပြီ။ တစ်သက်မှာ တစ်ခါသာ အချစ်ကြီး ချစ်ခဲ့မိသည့် အစ်ကိုကြီးရဲ့ အထီးကျန် ခါးသီးမှုက အချစ်မှားလား။ ဒါမှမဟုတ် အချစ်ကို အလွယ်သုံးပြီး ပခုံးပြောင်းကာ ကစားတတ်တဲ့ မြသရဖီလို အချစ်မျိုးလား။

ကျွန်တော် အစ်ကိုကြီးကို လှမ်းကြည့်လိုက်မိသည်။ ဝိုးတဝါး မြင်တွေ့နေရဆဲဖြစ်သည့် သုသာန်လေး။ သည် သုသာန်လေးထဲမှာ အစ်ကိုကြီး ခုထိ ရင်း မြသရဖီကို ဘယ်အထိ နာကြည်းချက် တစ်လှေကြီးဖြင့် စောင့်မျှော်နေမည်လား။ ကျွန်တော် မတွေးတတ်တော့ပါ။ ကျွန်တော်ကတော့ အစ်ကိုကြီး ဘယ်ဘဝရောက်ရောက် မြသရဖီအပေါ် ထားခဲ့မိတဲ့ အမုန်းအမှတ်အငြိုးတွေ ကျေနိုင်ပါစေဟုသာ ဆုတောင်းရင်း...

* * *

ဇေရွှန်း...



www.burmeseclassic.com

www.burmeseclassic.com

# ဇော်ဂျီဇီးကွက် စီးပွားတက်

မင်းထက်ကျော် (B.Sc)



လွန်ခဲ့သော သုံးလေးနှစ်ခန့်က စာရေးသူသည် လေးမြို့သို့ ရောက်ခဲ့၏။ မဟာမြတ်မုနိဘုရားကြီးအား ရင်း ပန်းပုပစ္စည်းအရောင်းဆိုင်မှ ဇော်ဂျီ ဇီးကွက်ရုပ်တစ်ခု အား ငါးထောင်ကျပ်ပေး၍ ဝယ်ခဲ့သည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ ဗေဒင်ပရိသတ် တစ်ဦးမှ ဈေးဆိုင်အတွက် အဆောင်အဖြစ် လိုချင်သည်ဟု ပြောသဖြင့် ပြန်ရောင်းလိုက်သည်။

သူ၏ ဈေးဆိုင် ရောင်းမကောင်းဖြစ်နေတာ ကြာပြီ။ ဆရာပေးတဲ့ ဇော်ဂျီရုပ်လေး ရပြီးမှ အရောင်းအဝယ်ကောင်း ပြီး စီးပွားတက်လာတယ်ဟု ပြန်ပြောပါသည်။

ကျွန်ုပ်လည်း ဇော်ဂျီရုပ်လေးများကို အဆင်သင့်လုပ် ထားမည်ဟု စိတ်ကူးရှိသော်လည်း စောင်ချမ်း(ဇောင်ကျန်း သား) မရသေး၍ မလုပ်ဖြစ်ခဲ့ပေ။

အချို့ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပန်းချီပုံ၊ ဓာတ်ပုံ ဖော်ပြပေးထားသော်လည်း ထိုပုံများကို ဆောင်ပါက အစွမ်း ထက်၊ စီးပွားမတက်ဟု ဆိုကြပြန်သည်။ စာရေးသူကိုယ် တိုင် အိမ်မှာ ကပ်ထားသော်လည်း ထူးထူးခြားခြား အကျိုး ဖြစ်တာ မတွေ့ရပေ။

တစ်နေ့ ဓမ္မမိတ်ဆွေဖြစ်သူ ဆရာ ဦးမျိုးချစ် ဖုန်း ဆက်လာသည်။ စာအုပ်တစ်အုပ် လက်ဆောင်ပေးလို၍ ရွှေတိဂုံဘုရား ရာဟုထောင့်သို့ လာခဲ့ရန် ပြောပါသည်။ ထို့ ကြောင့်ပင် ဗုဒ္ဓဟူးနေ့တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိ သွားပါသည်။

ဦးမျိုးချစ်မှ စာအုပ်တစ်အုပ် လက်ဆောင်ပေးပါသည်။ ထိုစာအုပ်မှာ ကျေးဇူးတော်ရှင် သဗ္ဗာမပြောက် ကျော်အောင် စံထား ဆရာတော် ဦးဝါယာမာဘိဝံသ၏ ဂုဏ်တော်ပုတီးစိပ် နည်း" စာအုပ်ဖြစ်သည်။

"စစ်ကိုင်းမှ ဇောင်းကျန်းသား ရလာ၍ ပန်းပုဆိုင်တွင် အပ်ထားတယ်။ နောက်တစ်ခါ ယူလာမယ်"

ဟု ဦးမျိုးချစ် ပြောသည်။

နောက်တစ်ပတ်တွင် ဇော်ဂျီဇီးကွက်ရုပ်တု သုံးရုပ် ယူလာသည်။ ဆရာတော် ညွှန်ကြားသည့်အတိုင်း စနစ်တကျ ဆောင်ရွက်ပါ။ အကျိုးထူးကြောင်း ဦးမျိုးချစ် ပြောသည်။

စာရေးသူလည်း အိမ်ရောက်သောအခါ စာအုပ်ထဲတွင် ပါသည့်အတိုင်း ဆောင်ရွက်ရင်း သိဒ္ဓိတင်လိုက်သည်။ မိမိ အတွက် တစ်ရုပ်ထားပြီး နှစ်ရုပ်ကိုတော့ လိုချင်သူရှိရင် ပြန်ရောင်းမည်ဟု စိတ်ကူးလိုက်သည်။

ဇော်ဂျီရုပ်အား ဗေဒင်ဟောသည့် စားပွဲပေါ်တွင် တင် ထားလိုက်ရာ စီးပွားရေးအလုပ်ကိစ္စများ အလွန်အဆင်ပြေ လာပါသည်။ ကျန်သည့် ဇော်ဂျီရုပ်နှစ်ရုပ်ကို လိုချင်သူက သုံးဦးဖြစ်နေ၍ ဗေဒင်မေးသူ မိမိပရိသတ်အား ဦးစားပေး လိုက်သည်။

မင်္ဂလာဈေးတွင် ဈေးရောင်းသူ အမျိုးသမီးက တစ်ပတ်အတွင်း ဘာမှမထူးခြားပါကြောင်း အကြောင်းပြန် သည်။ စာရေးသူမှ တစ်လစောင့်ကြည့်ပါဟု ပြောရ၏။

သိပ်မကြာပါ။ သူမမှ • • •



www.burmeseclassic.com

www.burmeseclassic.com

"အလုပ်တွေ အရမ်းကောင်းလွန်းနေလို့ ဆရာ့ဆီကို ကျွန်မ မလာနိုင်သေးဘူး"

ဟု ပြောလာပါသည်။

ဆရာတော်မှ ထိုအစီအရင်ကို "အောင်ဇော်မင်း"ပူဇော်နည်းဟု ဆိုထားပါသည်။ ရုပ်တုကို ထုလုပ်ပြီး ဒီတိုင်းထား၍ မရပေ။ ကိုယ်တိုင် (သို့မဟုတ်) ဆရာဖြစ်သူမှ သိဒ္ဓိတင်ပေးဖို့ အရေးကြီးပါသည်။ နေအိမ်တွင် ဘုရားရုပ်ပွားတော် ပင့်ဆောင်ပူဇော်ပါက ဘုရားအနေကဇာတင်ပေးရသည်။ ဘုရားထီးတင်ပြီးပါကလည်း ဆရာတော်ကြီးများမှ အနေကဇာတင်ပေးရသည်။

မိမိပူဇော်မည့် ရုပ်ပွားတော်၊ ရုပ်တုတို့ကို အလေးထားယုံကြည်စွာ ဆောင်ရွက်မှသာ အကျိုးထူး ခံစားရမည်ဖြစ်သည်။ အင်းစမဖြစ်စေ၊ အဆောင်ရုပ်တုဖြစ်စေ သိဒ္ဓိဝင်အောင် ပြုလုပ်ဖို့ လိုအပ်သည်။ ဘာမှမလုပ်ဘဲ ဒီအတိုင်းထားရုံဖြင့် အစွမ်းသတ္တိ မပြနိုင်ပေ။

ဇော်ဂျီဦးကွက်ရုပ်တု ဆောင်ထားသော ဈေးဆိုင်များ ရောင်းအားကောင်းနေကြပါသည်။ ထို့ကြောင့် စာဖတ်ပရိသတ်များ စီးပွားတက်စေရန် ရေးသားဖော်ပြပေးလိုက်ရပါသည်။

**အောင်ဇော်မင်း ပူဇော်နည်း**

**(ဇော်ဂျီ-ဦးကွက် စီးပွားတက် အစီအရင်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စဥ့်ကိုင်၊ စဥ့်ကူးမြို့တွေမှာ ပေါက်တဲ့ ဇောင်းကျန်းသားကို ဦးကွက်ပေါ်တွင် ဇော်ဂျီဆေးကြိတ်နေပုံကို ထုပါ။ ဆန်ကောတစ်ချပ်တွင် စက္ကူချင်း၊ ဆန်ကွဲ ကြဲပြီးမှ အရုပ်ကလေးကို တင်ပါ။

ဇော်ဂျီ - ဦးကွက် - ဈေးခေါ်

၃၂ - ၃၂ - ၃၂

ထိုအရုပ်ကလေးကို ဆန်ကောထဲ ထည့်ပြီးသောအခါ ရှေ့တွင် စပယ် ၉ပွင့် (သို့မဟုတ်) စိန်ပန်း ၉ပွင့် (သို့) ဆတ်သားဖူး ၉ဖူး (သို့) ငှက်ဖူး ၉ဖူး စတဲ့ အင်္ဂါနံနဲ့ စပြီး ကြာသပတေးနံဆုံးတဲ့ (၃+၅)အတွဲ ပန်းတစ်မျိုးနှင့် မတ်စေ့ကိုးစေ့တင်ပြီး ပူဇော်ပါ။

ထိုဆန်ကောအောက်တွင် ဆန်ကာခံတစ်ခု ခံထားပါ။ ထိုဆန်ကာခံထဲသို့ ပေါက်ပေါက်ပွင့်များ ထည့်ပါ။ အားလုံးပြည့်စုံလျှင် အိမ်ဘုရားကျောင်းဆောင်ရှေ့ (သို့) ဈေးဆိုင်ထဲတွင် ထား၍ အောက်ပါ သုံးဂါထာဖြင့် ပုတီးစိပ်ပြီး သိဒ္ဓိတင်ပါ။

**(၁) သုဂတောငါးချက်ဂါထာ**

သုဂတော သုဂတဗ္ဗာနံ၊ သုဂတော သုန္ဒရံပိစ

သုဂတော နိဗ္ဗာနံယာတိ၊ သုဂတော တေနမောနမာ။

**(၂) ပဌမံဂါထာ**

ပဌမံ သကလကမ္မာ မေကပဒံ၊ ဒုတိယာဒိ

ပဒဿ နိဒဿ နတော၊ သမနိ ဒုနိမာ

သမဒ္ဒ သနိဒ ကမတော ဝိဘင်္ဂေ

ပဌမေန ဝိနာ။

**(၃) ဇိ ၁၀ချက်ဂါထာ**

ဇိနပါပံ - ဇိနံသေဋ္ဌော၊ ဇိနပါပံ - ဇိနံမေမှော။

ဇိနပါပံ - ဇိနံသံယော၊ ဇိနောရသံ - ဇိနံဂုရု။

ဇိနဘိင်္ဂံ - ဇိနံနမေ

သုဂတော ၅ချက်ဂါထာကို တစ်ဂါထာလုံးရွတ်ပြီး ပုတီးတစ်လုံးချ(တစ်ပတ်)။

ပဌမံဂါထာကို တစ်ဂါထာလုံးရွတ်ပြီး ပုတီးတစ်[illegible] (သုံးပတ်)။

ဇိ ၁၀ချက်ဂါထာကို တစ်ဂါထာလုံးရွတ်၊ ပုတီးတစ်[illegible] ချ(တစ်ပတ်)။

အားလုံးပေါင်း ၅ပတ်ကို မနက် ၅ပတ်၊ ညနေ ၅[illegible] စိပ်ပါ။ နဝင်းကိုက် ၉ရက် ၉ကြိမ်လုပ်ပါ။ အင်္ဂါနေ့[illegible] ၉နာရီ စတင်ဆောင်ရွက်ပါ။

ပုတီးစိပ်သောအခါ သစ်သီး၊ အလင်းတိုင်၊ အမွှေး[illegible] ပန်း၊ ရေတော် တင်လှူပါ။

ထိုသို့ ၉ရက် ဆောင်ရွက်ပြီးချိန်မှစ၍ ထိုဇော်[illegible] ကွက်အဆောင်သည် ဈေးဆိုင်၊ စီးပွားလုပ်ငန်းအ[illegible] ထာဝရအဆောင်ကောင်း ဖြစ်သွားပါပြီ။

ဆန်ကော၊ ဆန်ကာ၊ ပေါက်ပေါက်၊ ပန်းပွင့်[illegible] စွန့်နိုင်သည်။ ဒို့ထက်ပိုပြီး အစွမ်းထက်လိုပါက ဂါထာ[illegible] စီကို ဖယောင်းတိုင်တစ်တိုင်စီတွင် ရေးပါ။ ပြီးလျှင် [illegible] ပူဇော်ပြီး ပုတီးစိပ်၍ သိဒ္ဓိတင်ပါ။ စာဆိုနှင့်အညီ [illegible] တကယ် စီးပွားတက်လာပါမည်။

ဖယောင်းတိုင်တွင် ဂါထာရေးသောအခါ [illegible] အဖျားသို့ တက်ရေးပါ။ သိမ်ဝင်အပ်၊ သိမ်ဝင် ဘော[illegible] ဖြင့် ရေးရမည်။ ထိုနည်းကဲ့သို့ ပြုလုပ်ပါလျှင် အန္တ[illegible] အမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးကင်းမည်။ လာ[illegible] မည်။ ကျက်သရေရှိမည်။ မိမိအလိုဆန္ဒအားလုံး မုချ [illegible] လာမည်။ သိန်းသန်းချီ၍ လုပ်ဆောင်သော လုပ်[illegible] အောင်မြင်မည်။

ဖယောင်းတိုင်၏အဖျားမှ အရင်းသို့ လိုရာဆ[illegible] ရေးနိုင်သည်။ ရှေ့ဘက်တွင် ဂါထာရေးပြီး နောက်ဘက်[illegible] လိုရာဆန္ဒရေးပါ။ (ဥပမာ- ဈေးရောင်းဝယ်ကောင်းစေ [illegible] ရေးကိစ္စ အဆင်ပြေစေ)။

ဇော်ဂျီ-ဦးကွက် စီးပွားတက်အစီအရင်ကို [illegible] အဝယ်ကောင်းပြီး စီးပွားတက်စေရန် ယုံကြည်စွာဖြင့် [illegible] ထားရန် တိုက်တွန်းလိုက်ပါသည်။


* * *

-မင်းထက်ကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



၊ဥက္ကလာ၊

# အမှတ်တရဒေးစွန်ပါ

illustrationbyshweaungkyaw34@gmail.com

ကျွန်တော် ငယ်ငယ်က "ဒေးစွန် ဘုရားသမိုင်း ရုပ်ရှင်ကားကို ကြည့် တယ်။ အဲဒီဇာတ်ကားထဲမှာ ပါတဲ့ ကိုက်နန်းရှင်ရဲ့ လက်ပါးစေ သရဲတစ် ကောင်ဖြစ်တဲ့ "တာတေကြီး" နဲ့ "ကဝေ မမြလေး" တို့ကို ကြောက်ခဲ့မိတာ လည်း လွန်ရော။ ကြည့်နေရင်း လည်း ကြောက်တယ်။ ကြည့်ပြီးတော့ လည်း ကြောက်နေမိတယ်။

ပခုံးကြီး တစ်ဖက်စောင်းနဲ့ မျက်နှာရှည်ရှည်၊ အရုပ်မြင့်မြင့်၊ အရုပ် ဆိုးနဲ့ ည အမှောင်ထဲမှာ ပေါ်ပေါ်လာ တတ်တဲ့ "တာတေကြီးနဲ့ ကဝေပျံ မမြ လေးတဲ့ဟော့…" လို့ အသံစူးစူးဝါးဝါးနဲ့ အော်ဟစ် ခြိမ်းခြောက်ပြီး မိုးပေါ်က ပျံလာတတ်တဲ့ မမြလေးတို့ ဇာတ်ရုပ် တွေ ပေါ်လာပြီဆိုမှဖြင့် ကျွန်တော် ခေါင်းကို အမြန်ဆုံး ငုံ့ထားလိုက်မိပါ တော့တယ်။ ရင်ထဲမှာလည်း တဒိန်းဒိန်း နဲ့ အသည်းတုန် အူတုန်ဖြစ်နေရော။ ဒါပေမယ့် မကြည့်ဘဲ နေသလားဆို တော့ မဟုတ်ပြန်ပါဘူး။ တစ်ချက် တစ်ချက် မျက်လုံးဝှံ့လို့ ခိုးကြည့်မိ တယ်။ ခိုးကြည့်မိတဲ့အချိန်နဲ့အတူ တာတေကြီးရဲ့ မျက်နှာ (သို့) ကဝေပျံ မမြလေးရဲ့ မျက်နှာတွေကို တစ်ပြိုင် နက် မြင်နက်ဆို ကြုံခဲ့ရင်တော့ "အမ လေး" လို့ အသံထွက်အောင်ကို ကြောက်အားပိုခဲ့မိပါတယ်။ အဲဒီလိုနဲ့ ဇာတ်ကားသာ ပြီးသွားရော၊ ကျွန်တော့် ခေါင်းထဲမှာ "ဒေးစွန်ပါ" ရုပ်ရှင်ကား အမည်နဲ့ တာတေကြီး၊ မမြလေးတို့သာ စွဲကျန်ခဲ့ပြီး တခြား ဘာမှမသိတော့ပါ။

သို့သော် စဉ်းစားစရာတွေတော့ ကျန်ခဲ့ပါတယ်။ ဒါကလည်း မရဲတရဲ တွေးကြည့်ခဲ့ဖူးတဲ့ ကလေးတစ်ယောက် ရဲ့ အတွေးတွေပါ။ ဒေးစွန်ပါဘုရားဆို တာ တကယ်ရှိနေသလား။ သိုက်နန်း ရှင်လို့ ခေါ်တဲ့ ဥစ္စာစောင့်တွေရော

www.burmeseclassic.com

www.burmeseclassic.com

တကယ်ရှိနေပါသလား။ ပြီးတော့ တာတေကြီးလို သရဲတစ်ကောင်နဲ့ မမြလေးလို ကဝေပျံတွေဆိုတာကရော အဲဒီလောကမှာ တကယ်ရှိနေပါသလား ဆိုတဲ့ အတွေးများပဲ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော့်ရင်မှာ တစ်ဆင့်ကဲလို့ အသည်းပိုခဲ့မိတာက ငါကြီးလာရင် အဲဒီ ဒေးစွန်ပါဘုရားကို မရောက်ရောက်အောင် သွားမယ်ဆိုတဲ့ အတွေးများပဲ ဖြစ်ပါတယ်။ ရောက်ဖူးချင်လိုက်တာ၊ ဘယ်နေရာမှာပါလိမ့်လို့လည်း မှန်းဆ တမ်းတ အတွေးဝေရင်း မျှော်ကြည့်နေခဲ့မိတာ အကြိမ်ကြိမ်အခါခါ။ ဪ . . . ဒေးစွန်ပါ . . . ဒေးစွန်ပါ၊ ငယ်ငယ်တုန်းက ရောက်ဖူးချင်ခဲ့တဲ့ သည်နေရာ။

◆◆◆

"ဒေးစွန်ပါသွားမယ့်အုပ်စု ရှေ့မှာ ကားရပ်ပေးမယ်၊ ဆင်းနိုင်ပါပြီ။ မိမိတို့ ပစ္စည်းလေးတွေ မကျန်ခဲ့အောင် စစ်ဆေးပေးပါခင်ဗျာ"လို့ ဧည့်လမ်းညွှန် (ဒေါင်လေးပင်) ကားစပယ်ယာက အသံပြုလိုက်တော့မှ "ဪ. . ဒေးစွန်ပါဘုရားကို ရောက်တော့မှာပါလား"လို့ တွေးရင်း တစ်ခါမှ မရောက်ဘူးသေးတဲ့ ဘုရားကို ရည်မှန်းလို့ ကျွန်တော် တစ်ချက်ရင်ခုန်သွားတာ သတိထားမိလိုက်တယ်။ လက်က နာရီကို ကြည့်လိုက်တော့ ညနေ ၄နာရီခွဲ။ အချိန်တောင် တော်တော်လင့်ပါပေါ့လားလို့တွေးရင်း ကျွန်တော် ကားပေါ်က ဆင်းလိုက်ပါတယ်။

အောက်ရောက်တော့ ပတ်ဝန်းကျင်ကို တစ်ချက် သတိထားမိတာက ဒေးစွန်ပါဘုရားဆိုတာ ဘယ်မှာပါလိမ့်။ ကျွန်တော့်စိတ်ထင် ဒေးစွန်ပါဘုရားဆိုတာ ရန်ကုန်မြို့မှာ ရှိတဲ့ ဘုရားတွေလို ကားပေါ်က ဆင်းလိုက်တာနဲ့ လှမ်းမြင်နေရတဲ့ အနေအထားလို့ ထင်ထားတာ။ ခုတော့ မျက်စိတစ်ဆုံး တွေ့မြင်နေရတာက လယ်ကွင်းတွေရယ်၊ သစ်ပင်တွေ အုံ့ဆိုင်းနေတဲ့ ရွာလေးတွေရယ်၊ အနောက်ဘက်ကို မျှော်ကြည့်လိုက်ပြန်တော့ မှုန်ပျပျ လှမ်းမြင်နေရတဲ့ တောင်တန်းတွေရယ်၊ ဒါတွေပဲ ရှိပါတယ်။ အဲ. . ကားရပ်ပေးတဲ့ နေရာတစ်ဝိုက်မှာတော့ ဆိုက်ကားသုံးလေးစီး ရပ်ထားတဲ့ ဆိုက်ကားဂိတ်လေး ရှိပါတယ်။ ဒါနဲ့ "ဆိုက်ကားဆရာ. . ဒေးစွန်ပါဘုရားကို ဘယ်လမ်းက သွားရပါသလဲ"လို့ ကျွန်တော် မေးကြည့်မိပါတယ်။ ဆိုက်ကားဆရာက "ဆရာလေးတို့ ဒေးစွန်ပါဘုရားကို တစ်ခါမှ မရောက်ဘူးသေးဘူးနဲ့ တူပါတယ်။ ဘုရားရှိတဲ့ နေရာကတော့ တော်တော်အလှမ်းဝေးသေးတယ်။ အဲဒီဘက်မှာ ဘုရားရှိပါတယ်"လို့ မှုန်ပျပျ လှမ်းမြင်နေရတဲ့ တောင်တန်းတွေဘက်ကို လက်ညှိုးထိုး ညွှန်ပြရင်း. . .

"ဆရာလေးတို့ သွားမယ်ဆိုရင် ကျွန်တော်တို့ လိုက်ပို့ပေးပါ့မယ်"

လို့ ပြောလိုက်တော့ ကျွန်တော် ဝမ်းသာလိုက်တာ။

"ကျွန်တော်တို့က ငါးယောက်။ ဒီတော့ ဆိုက်ကားသုံးစီးဆို ရပါပြီ။ ကျေးဇူးတင်တယ်ဗျာ။ ဒါဆို သွားကြစို့ရဲ့"

လို့ ကျွန်တော်က ပြောရင်း ကားဂိတ် ခုံတန်းလေးမှာ ထိုင်နေကြတဲ့ ကျွန်တော့်ဇနီးရယ်၊ သမီးရယ်၊ ပြီးတော့ ကျွန်တော့်မရီးရယ်၊ တူမလေး တစ်ယောက်ရယ်ကို ကျွန်တော်လှမ်းခေါ်လိုက်ပါတယ်။

"ကဲ. . .သွားကြစို့ ဆိုက်ကားဆရာ"

"ကောင်းပါပြီ ဆရာလေး၊ ကောင်းပါပြီ။ ဟိုက်. . .ဟာ. . . ဒီကောင်တွေ ဘယ်ရောက်သွားပါလိမ့်။ ခုနလေးတင် ရှိပါသေးတယ်။ ခဏလေးနော် ဆရာလေး။ ကျွန်တော် [illegible] ကောင်တွေကို လိုက်ရှာလိုက်ဦးမယ် [illegible] ခဏနော်. . .ခဏ. . ."

ဆိုပြီး ဆိုက်ကားဆရာက [illegible] သလဲ ပြောပြောဆိုဆို ဆိုက်ကား [illegible] ရှိပြီး လူမရှိတဲ့ အဖြစ်ကို တွေ့လိုက် [illegible] တာမို့ သူ့လူတွေကို ရှာဖို့ ထွက်သွား [illegible] တယ်။ သိပ်မကြာလိုက်ပါဘူး။ ဆိုက် [illegible] ကားဆရာနဲ့အတူ လူငယ်နှစ်ယောက် [illegible] ပါလာပါတယ်။ သူတို့ရဲ့ မျက်နှာတွေ [illegible] ကျွန်တော်လှမ်းကြည့်လိုက်တော့ [illegible] ဖြီးဖြီးနဲ့ ရယ်ချင်နေတာကို . သည်း [illegible] မျိုသိပ်နေရတဲ့ ပုံစံမျိုး။

"ဘာလဲဗျ၊ ဘာဖြစ်လို့ပါလဲ"

လို့ ကျွန်တော်မေးလို [illegible] တော့. . .

"ဟားဟားဟား. . ."ဆိုပြီး [illegible] ကားဆရာက ရယ်ပါလေရော။

"ဒီကောင်တွေ ရယ်ရတာ [illegible] ဆရာလေးတို့ မိသားစုကို [illegible] ဒီကောင်တွေ ပြေးကြတာ ဆရာ [illegible] ရဲ့။ ဟားဟားဟား. . ."

ဆိုပြီး သုံးယောက်သား [illegible] တရ ရယ်နေပါတော့တယ်။

"နေပါဦး၊ ဆိုက်ကားဆ [illegible] ကျွန်တော်တို့မိသားစုက ဘာတွေ [illegible] နေလို့ ဒီလောက် ရယ်စရာကောင်း [illegible] တာလဲ၊ ပြောစမ်းပါ"

လို့ ကျွန်တော် စိတ် [illegible] ကအောက်နဲ့ မေးလိုက်တော့. . .

"ဝလို့ပါ ဆရာလေး။ ဝလို့ [illegible] တဲ့။ ကဲ. . .ကောင်း [illegible] ကျွန်တော်ကလည်း ဝ၊ ဇနီးက [illegible] ဝ၊ သမီးကလည်း ဝ၊ ပြီးတော့ [illegible] လည်း ဝဝ၊ ပိန်ပိန်ပါးပါးဆိုလို့ [illegible] တော့်တူမတစ်ယောက်တည်း။

"ကဲ - ဒါနဲ့ ပြေးကြရော [illegible]

လို့ ပြောပြီး ကျွန် [illegible] မိသားစုလည်း သူတို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

ယောင် ရယ်နေမိပါတော့တယ်။

"ဟုတ်ပါတယ် ဆရာလေးရေ။ ဘယ်လိုမှတော့ မထင်လိုက်ပါနဲ့။ ခရီးက ဝေးတော့ ဝဝဆိုရင် ကျွန်တော်တို့ ကြောက်နေမိတာ အမှန်ပါ။ ခု ဒီနှစ်ဆောက်ကိုတောင် ကျွန်တော် တောင်းတောင်းပန်ပန်နဲ့ ခေါ်လာရတာ။ ကျွန်တော်တို့အတွက် ပိုက်ဆံရမယ်ဆိုတာ မှန်ပေမယ့် ပင်ပန်းပါတယ် ဆရာလေးရယ်။ အသွားအပြန် ကျွန်တော်တို့ တစ်နေ့ လေးခေါက်ထက် ပိုမနင်းနိုင်ပါဘူး။ အပြန်ကြတော့လည်း လူကရချင်မှ ရတာ။ မကြိမ်းသေဘူးလေ။ ခု ဆရာလေးတို့မိသားစုကို ပို့ပြီး ကျွန်တော်တို့ ဒီအတိုင်း ပြန်ကြရမှာ ဆရာလေးရဲ့"

"ဟုတ်ပါရဲ့နော်။ ကောင်းပြီဗျာ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် ရောက်အောင် သွားမယ်ဆိုတဲ့ စိတ်နဲ့ လာခဲ့တာမို့ ရောက်အောင်တော့ သွားချင်ပါတယ်။ ကျွန်တော်တို့မိသားစုကို ပို့ပေးပါ။ ခင်ဗျားတို့ မနစ်နာရလေအောင် ကျွန်တော် ပိုက်ဆံပိုပေးပါ့မယ်။ ကဲ - အချိန်လည်း မရှိတော့ဘူး၊ သွားကြစို့ဗျာ။ ဝသော်လည်း သည်းခံကြပါ ဆရာလေးတို့ရေ. . ."

လို့ ပြောရင်း ရယ်မောသံတို့ နှင့်အတူ ဒေးစွန်ပါဘုရားရှိရာဘက်သို့ ခရီးဆက်ထွက်ခဲ့ကြပါတယ်။

"ဩော်. . . ဝခြင်းသည်လည်း ရယ်မောစရာကောင်းခဲ့ပါတကား"

◆◆◆

ဒေးစွန်ပါဘုရားတောင်ခြေကို ရောက်တော့ တောင်စွယ်မှာ နေကွယ်ခဲ့ပါပြီ။ ခရီးက အဝေးသား။ ဆိုက်ကားဆရာသုံးယောက်ကို မနက်စောစော လာကြဖို့ ပြောရင်း ဘုရားသို့ စတင်တက်ရန် ခြေလှမ်းစလိုက်ပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးကတော့ တိတ်ဆိတ်ငြိမ်သက်လျက်။ အတက်လမ်းလေးဆုံးတော့ ကျွန်တော့်ရင်မှာ အနည်းငယ် နွမ်းနယ်မောဟိုက်နေသလိုပဲ။ ဒါနဲ့ ပါလာတဲ့ ရေဘူးလေးကို ဖွင့်သောက်ရင်း ကျွန်တော်လှမ်းမြင်လိုက်ရတာက ဒန်းစင်လေးတစ်ခု။ "အို. . .အဆင်သင့်လိုက်တာ"လို့ တွေးပြီး ကျွန်တော် အပြေးကလေးသွားကာ အမောပြေ ဝင်ထိုင်လိုက်ပါတယ်။

"အင်း. . .ခုမှပဲ အမောပြေသွားတော့တယ်။ သမီးရေ. . . ဒီကိုလာ၊ ဒီမှာ လာထိုင်၊ လေလေးကလည်း တဖြူးဖြူးနဲ့ ကောင်းလိုက်တာကွာ"

လို့ ပြောပြောဆိုဆို ဒန်းကလေးကို လွှဲရင်း ကျွန်တော် သမီးလေးကို လှမ်းခေါ်နေမိပါတယ်။

သမီးလေးကလည်း ကျွန်တော့်ဆီကို အပြေးကလေး လှမ်းလာနေပါတယ်။ ဒါပေမယ့် ကျွန်တော့်နားလည်း ရောက်ရော. . .

"ဟင်. . .ဖေဖေ. . .ဖေဖေ. . ."

ဆိုပြီး ကျွန်တော့်ခေါင်းပေါ်ကို တအံ့တသြနဲ့ လက်ညှိုးထိုးပြနေပါတယ်။ မျက်စိမျက်နှာလည်း ပျက်လို့။ ဒါနဲ့ ကျွန်တော်လည်း ဘာ. . .ဘာပါလိမ့်လို့ တွေးရင်း ရုတ်တရက် ကျွန်တော် အပေါ်ကို မော့ကြည့်လိုက်တော့. . .

"အို. . .ဘုရား. . .ဘုရား. . ."

ဒန်းစင်ရဲ့ အထက်ဘက်မှာ ရေးသားထားတာက. . .

"သိုက်နန်းရှင်များ အတွက်သာ"

ဆိုတဲ့ စာတန်းလေးတစ်ခု။ အမူမဲ့ အမှတ်မဲ့မို့ ကျွန်တော် မသိခဲ့တာ အမှန်။ ကျွန်တော် ဖြန်းဆို ထလိုက်ပြီး လက်အုပ်ချီလိုက်ပါတယ်။

"တကယ်မသိခဲ့ရိုးအမှန်ပါ။ ခွင့်လွှတ်ပေးကြပါခင်ဗျာ"

လို့ အကြိမ်ကြိမ်တောင်းပန်ရင်း စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရပါတယ်။ ရင်ထဲမှာလည်း မကောင်းတော့ပါ။ အဲဒီအချိန်မှာ ဖျတ်ခနဲ သတိတရ အမှတ်ရလိုက်မိတာက "ဒေးစွန်ပါဘုရားသမိုင်း" ရုပ်ရှင်ကား။ ပြီးတော့ တာတေကြီး၊ မမြလေးနဲ့ သိုက်နန်းရှင်များ ဖြစ်ပါတယ်။ အမလေး. . .လေး. . .ကြက်သီးမွေးညှင်းတွေတောင် ထမိပါရဲ့။ ငါမှားသွားသလားဆိုတဲ့ အတွေးတွေနဲ့ ရင်လေးလိုက်ပါဘိ။

ကျွန်တော် အဲဒီနေရာလေးကနေ အမြန်ဆုံး လှမ်းထွက်ခဲ့ပါတယ်။ (ရောက်ရောက်ချင်း စောက်နဲ့ ထွင်းဆိုသလို အဖြစ်မျိုးနဲ့ ပထမဦးစွာ တွေ့ကြုံခဲ့တဲ့ အမှားတစ်ခုမို့ ခုချိန်ထိ တွေးမြင်မိတိုင်း ကျွန်တော် စိတ်မကောင်းဖြစ်ရဆဲပါ။)

ဘုရားပေါ် ရောက်တော့ မှောင်စပျိုးနေပါပြီ။ ဘုရားဝတ်ပြုအပြီး အမောအပန်းဖြေနေချိန်မှာ ကျွန်တော် သတိထားမိတာက ဘုရားပေါ်မှာ ကျွန်တော်တို့မိသားစု ငါးယောက်ပဲ ရှိနေတဲ့အကြောင်းပါ။ ဘုရားဖူးသူ တစ်ဦးတစ်ယောက်မှ မတွေ့ရ၊ မမြင်ရ ဆိုတော့ စိတ်ထဲမှာ တစ်မျိုးပဲ။ ပြီးတော့ မိုက်ကလည်း ဟာ၊ ထမင်းကလည်း ဆာစ ပြုနေပါပြီ။ ကျွန်တော်ထင်ထားတာက တခြားဘုရားတွေလို ဘုရားဈေးတန်းနဲ့ ထမင်းဆိုင်၊ ဟင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တွေနဲ့ စားသောက်စရာတွေ ရှိနေမယ်လို့ ထင်ထားတာ။ ခုတော့ တိတ်ဆိတ်နေတဲ့ ဘုရားပရိဝုဏ်ရင်ပြင်မှာ ဆည်းလည်းသံလေးတွေနဲ့ ပုရစ်သံ၊ လေတိုးသံ၊ အိပ်တန်းတက်တဲ့ ကျေးငှက်လေးတွေရဲ့ အသံ၊ ပြီးတော့ ကျွန်တော်တို့ စကားသံတွေက လွဲပြီး တခြား ဘာသံမှ မကြားရ၊ မမြင်ရဆိုတော့ "လာခဲ့မိတာ မှားပြီထင်ရဲ့"လို့ တွေးမိပေမယ့် "ဩော်. . .ငါသိပ်ဖူးမြင်

www.burmeseclassic.com

ချင်တဲ့ ဘုရား။ ငါးသိပ်ပြီးရောက်ချင်ခဲ့တဲ့ ဒီနေရာ၊ ခု ရောက်ပြီလေ။ ဘာလိုသေးလဲ။ တွေ့သမျှ ကြုံသမျှ ရင်ဆိုင်ရတာပ"လို့ တွေးရင်း ငေးမောနေမိချိန်မှာ ဘုရားမီးရောင်ပျပျနှင့်အတူ မြင်တွေ့လိုက်ရတာက ကျွန်တော်တို့ရှိရာ ဦးတည်ပြီး တန်းတန်းမတ်မတ်လျှောက်လှမ်းလာတဲ့ မသဲမကွဲ လှုပ်တုပ် လှုပ်တုပ်နဲ့ သဏ္ဌာန်တစ်ခု။

"အို···ဘာ···ဘာပါလိမ့်"လို့ မှန်းဆရင်း အတွေးတွေနဲ့ ကျွန်တော် ရင်ဖိုလိုက်မောမိပါရဲ့။

♦♦♦

ကပ္ပိယကြီးဆိုသူက သူ့ကိုယ်သူ မိတ်ဆက်ပြီး ကျွန်တော်တို့မိသားစုကို ဒေးစွန်ပါ ဆရာတော်ထံ ခေါ်သွားပါတယ်။

"ဒီနေ့တစ်ရက်ပဲ အားလို့ ရွာခဏပြန်သွားတာ။ ခု မိုးချုပ်မှပဲ ပြန်ရောက်တယ်"လို့ ပြောပြပါတယ်။

"ဘုရားဖူးအဖွဲ့တွေအားလုံး ဒီနေ့မနက်ပဲ ပြန်သွားကြလို့ ဘုရားပေါ်မှာ ရှင်းလင်းနေတာ ဖြစ်တယ်"လို့ သူပြောပြမှ "သြော်··· ဒါကြောင့်ကိုး"လို့ သဘောပေါက်ရပါတော့တယ်။ ဆရာတော့်ထံ ရောက်တော့···

"ဘယ်က လာသလဲ၊ ဘာအလုပ်အကိုင်တွေ လုပ်ပါသလဲ"

လို့ မေးတော့···

"တပည့်တော်တို့က ရန်ကုန်ကပါ ဘုရား။ ဒေးစွန်ပါဘုရားကို တစ်ခါမှလည်း မရောက်ဘူးပါဘူး။ ဖူးချင်လွန်းလို့ လာခဲ့ပေမယ့် လမ်းခရီးက မကျွမ်းတော့ ပဲခူးမှာတစ်ဆင့်၊ ပြီးတော့မှ တစ်ဆင့်ပြီး တစ်ဆင့်ဆိုတော့ ခရီးဖင့်သွားပါတယ်။ လာတုန်းကတော့ နေ့ချင်းပြန် ဘုရားဖူးဖို့ ဖြစ်ပါတယ်။ ခုတော့ အချိန်လည်း လင့်ခဲ့ပါပြီ ဘုရား"

"အေးလေ၊ ဒါကလည်း ကုသိုလ်တစ်မျိုးလို့ မှတ်ယူပါ ဒကာ။ ဖြစ်ချင်တိုင်း မဖြစ်တာ သံသရာပါ။ ကြုံတဲ့၊ ဆုံတဲ့ အချိန်လေးမှာ အကုသိုလ်စိတ်ကင်းဖို့ လိုပါတယ်။ ယူတတ်ရင် မြတ်မှာပါ ဒကာ"

လို့ ဆရာတော်က မိန့်ပြီး အာလာပ သလ္လာပ စကားတွေပြောဆိုဖြစ်ကြပါတယ်။ ဒီည ဘုရားအတွက် အင်ဂျင်မီးထွန်းလို့ ညလုံးပေါက် ဆီမီးပူဇော်ဖြစ်သလို၊ ဆရာတော်ဘုရားအတွက်လည်း နဝကမ္မငွေများ လှူဖြစ်ခဲ့ပါတယ်။ အလှူ့ဒါနအတွက် ဆရာတော်က သာဓုခေါ်ပြီး တရားဟောတယ်။ ဤအလှူဒါနအတွက် ရေစက်ချစေပါတယ်။ သြော်···ခုတော့လည်း ရင်ထဲမှာ ကြည်နူးမှုတွေနဲ့။

"ဒါနဲ့ ဒကာ၊ ဒကာမတို့ ထမင်းရော စားပြီးကြပြီလား"

လို့ ဆရာတော်က သတိတရ ကောက်ကာငင်ကာ မေးလိုက်တော့ "တပည့်တော်တို့ မစားရသေးပါ ဘုရား"

လို့ အမှန်အတိုင်းဖြေလိုက်မိပါတယ်။

"အို··ဆာလှရောပေါ့၊ ကပ္ပိယကြီး···"

"ဘုရား···"

"ဒကာတို့ကို ရှိတာလေးနဲ့ ထမင်းချက်ကျွေးလိုက်ပါ။ ဒီညအတွက် ဟောဟိုဇရပ်မှာပဲ တည်းပါ။ လိုအပ်တာတွေအားလုံး စီစဉ်ပေးလိုက်ပါ ကပ္ပိယကြီး"

"တင်ပါ့ ဘုရား"

"ကဲ···ကဲ···အနားယူကြပါလေ။ သာဓု···သာဓု···သာဓု···"

လို့ ဆရာတော်ဘုရားက မိန့်ကြားကာ နားစေခဲ့ပါတယ်။

♦♦♦

ကျွန်တော်တို့ ဆရာတော်ကို ဝတ်ဖြည့်ပြီး ကျောင်းပေါ်က ဆင်းလိုက်တော့ မရီးနဲ့ တူမလေးက ကပ္ပိယကြီးနဲ့ လိုက်သွားပြီး ထမင်းချက်ရန် ကူညီပါတယ်။ ကျွန်တော်တို့မိသားစုက ကျောင်းရှေ့မှာ ရှိတဲ့ ဇရပ်ထဲကို သွားပြီး အနားယူနေမိပါတယ်။ မကြာမီ ကပ္ပိယကြီး ရောက်လာပြီး ဖျာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်တွေ ပေးပြီး···

"အေးအေးချမ်းချမ်း နားနေပါ။ မကြာခင် ထမင်းလည်း စားရတော့မှာ ဖြစ်ကြောင်း ပြောဆိုပြီး ပြန်သွားပါတယ်"

အဲဒီညက စားခဲ့ရတဲ့ ထမင်းတစ်နပ်ကတော့ ကျွန်တော့်ဘဝ တစ်သက် ဘယ်အရာနှင့်မျှ မလဲနိုင်တဲ့ ထမင်းတစ်နပ်ဖြစ်ခဲ့ရပါတယ်။ ဘယ်သောအခါမှလည်း မေ့ပျောက်သွားနိုင် မည်မထင်ပါ။ ထမင်းပူပူ ဟင်းပူပူ ဆာလောင်နေတဲ့အချိန်မှာ စားလိုက်ရတော့ ကောင်းမှ ကောင်းပေါ့ဗျာ။ မိန်း ဟင်းကောင်းဆိုတာ မှန်ပါတယ်။ ဟင်းက ပတပ်စာဟင်းချိုလေးနဲ့ ငါးပိကျော်ဘာမှ ထွေထွေထူးထူး မပါပါဘူး။ သို့သော်လည်း တစ်သက်မမေ့နိုင်စရာဖြစ်ခဲ့ရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ပြီးတော့ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့ ဖြူစင်သော အလှတရားကို ကျွန်တော် ဒေးစွန်ပါဘုရားရဲ့ ဒီ တစ်ညမှာ ကိုယ်တွေ့ မြင်တွေ့ခဲ့ရတယ်ဆိုရင် မှားမယ်မထင်ပါဘူး။

ထမင်းစားသောက်ပြီး ခဏအနားယူတော့ ည ၉နာရီကျော်ကျော်လောက် ရှိပါပြီ။ အေးလေ၊ ပင်ပန်းခဲ့သည် သို့သော်လည်း ငြိမ်နှင့် အနားယူ၍ မ... သေးပါ။

"ကဲ···ဘုရားပေါ်ကို ဒုတိယ အကြိမ်မြောက် ပြန်တက်ကြဦးစို့"

ပါလာတဲ့ ပုတီးလေးတွေနဲ့ ကျွန် တော်က တနင်္ဂနွေထောင့်၊ ...



www.burmeseclassic.com

www.burmeseclassic.com

သောကြာထောင့်၊ သမီးလေးက တနင်္လာထောင့်၊ မရီးက စနေထောင့်နဲ့ တူမလေးက အင်္ဂါထောင့်၊ ကိုယ့်ထောင့် ကိုယ့်နေရာအသီးသီးမှာ နေရာယူကြပြီး ဘုရားရှိခိုး ပုတီးစိပ်ကြပါတယ်။ တောင်ပေါ်မှာ လေကလေးက လည်း တဖြူးဖြူးနဲ့မို့ အေးဆေးငြိမ်သက်နေတော့ အရသာပြုရတာ ကောင်းလှပါတယ်။ ပြီးတော့ ဘုရားရင်ပြင်တော်က သိပ်ကျယ်ကျယ်ပြန့်ပြန့်မရှိလေတော့ တစ်ဦးနဲ့ တစ်ဦး နီးနီးကပ်ကပ် လှမ်းမြင်နေရတာမို့ စိတ်ချလက်ချ ပုတီးစိပ်လို့ ရပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ပုတီးစိပ်ပြီးချိန်မှာ သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့နှင့်တကွ ယခုရောက်ရှိရာ အရပ်ဒေသတွင် ရှိကြကုန်သော သူတော်ကောင်း သူတော်မြတ်အပေါင်းတို့နှင့် ဂုဏ်ကျေးဇူးသခင်မိဘ ဆရာသမားသမီးအပေါင်း၊ ဒေးစွန်ပါဘုရားကြီးအား စောင့်ရှောက်ကြကုန်သော သမ္မာဒေဝ နတ်ကောင်း နတ်မြတ် နတ်ဒေဝါအပေါင်းတို့အား လည်းကောင်း၊ သိုက်နန်းရှင်အပေါင်းတို့ပါ မကျန် မေတ္တာပို့ပြီး အမျှပေးဝေပါတယ်။ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဘုရားပရဝဏ်အတွင်းကို လွင့်ပျံ့လာတဲ့ "မေတ္တာသုတ်ပရိတ်"တရားတော် ရွတ်ဖတ်သံကို ကြည်လင် ပြတ်သားစွာ ကျွန်တော့်နားမှာ ကြားလိုက်ရပါတယ်။

"အဲ…အဲ…မေတ္တာသုတ်ပရိတ် တရားတော် ရွတ်ဖတ်သံ မောင်ရေ၊ မေတ္တာသုတ် ပရိတ်တရားတော်အသံကို မောင် ကြားလာဟင်၊ ကြားလား"

လို့ ကျွန်တော့်ဇနီးက အနားကို လာပြီး တအံ့တသြနဲ့ မေးနေပါတယ်။

"ဟုတ်တယ်၊ မောင် ကြားနေပါတယ်"

"ဘယ်ကနေ ရွတ်နေတာလဲ မသိဘူး၊ ကြည်လင်ပြတ်သားလိုက်တာ"

"ဟုတ်ပါရဲ့ ဘယ်ကလဲ ဆိုတာ မောင် မသိဘူး။ သတိထားမိလို့ နားထောင်ကြည့်တော့ အရှေ့က လိုလို၊ အနောက်က လိုလို၊ ဘေးက လိုလိုနဲ့ ခန့်မှန်းရ မလွယ်ဘူး။ ဟော…ပြန်စပြန်ပြီ။ နားထောင်ရတာ စိတ်ချမ်းသာလိုက်တာ"

"မောင်"

"ဟင်"

"ဘုရားပေါ်မှာ မနွဲ့တို့မိသားစု ငါးယောက်တည်းနော်။ ပြီးတော့ ဆရာတော်ဘုရားကြီးနဲ့ ကပ္ပိယကြီးပေါင်းမှ ၇ယောက်တည်း။ တခြား ဘယ်သူမှ မရှိဘူး။ ဆရာတော်ရဲ့ ကျောင်းက ဘုရားနဲ့ နီးနီးလေးဆိုတော့ ဆရာတော်ဘုရားကြီးရွတ်တာမှန်ရင် မနွဲ့တို့ သိကိုသိရမယ်။ ပြီးတော့ ဒါ ဆရာတော်ဘုရားကြီးရဲ့ အသံမဟုတ်ဘူး။ ခုန တရားဟောတုန်းက အသံနဲ့ ခု အသံမတူဘူး။ ကပ္ပိယကြီးကလည်း ပင်ပန်းလို့ အိပ်ချင်ပြီဆိုပြီး အိပ်ရာဝင်သွားတာကြာပြီ။ ဒါ ကပ္ပိယကြီးရဲ့ အသံလည်း မဟုတ်ပြန်ဘူး။ ဒါဆို…ဒါဆို ဘယ်သူဖြစ်မလဲ မောင်"

"ဘယ်သူဖြစ်ဖြစ်ပေါ့ကွာ၊ ဘုရားကို လာလို့ တရားသံ ကြားရတာ စမ်းမြောက်စရာပါ။ ရွတ်နေတာက မေတ္တာသုတ်၊ မနွဲ့လည်း ရတယ်မဟုတ်လား။ လိုက်ရွတ်ပေါ့။ မေတ္တာပေးရင် မေတ္တာပြန်ရတတ်ပါတယ်။ တောင်တောင်မြောက်မြောက်တွေ မတွေးပါနဲ့။ သူတော်ကောင်း ပုဂ္ဂိုလ်တစ်ဦးပဲ ဖြစ်ပါလိမ့်မယ်။ ကလေးတွေသိရင် ကြောက်နေပါ့မယ်။ ကဲ…ကလေးတွေခေါ်၊ ဇရပ်ကို ပြန်ကြစို့"

◆◆◆

ဇရပ်ကို ပြန်ရောက်တော့လည်း အဲဒီ မေတ္တာသုတ်ရွတ်ဖတ်သံက ကြည်လင် ပြတ်သားစွာ ကြားနေရတုန်းပါပဲ။ တစ်ချက်တစ်ချက် အနီးအနားမှာ လာရောက် ရွတ်ဖတ်နေသလိုလို ခံစားရပြီး တစ်ခါတစ်ခါ အဝေးကြီးက လွင့်ပျံ့လာသလိုလိုနဲ့ တိတ်ဆိတ်နေတဲ့ ညအချိန်မှာ သာယာညှင်းပျောင်းစွာ စီးဆင်းနေလေရဲ့။ ပြီးတော့ ကျွန်တော်လည်း အဲဒီရွတ်ဖတ်သံနဲ့အတူ လိုက်လံ ရွတ်ဖတ်နေမိပါတယ်။ အဲဒီအချိန်မှာ အိပ်ရာပြင်နေတဲ့ ကျွန်တော့်မရီးက…

"ဟင်…မြွေ…မြွေ…မြွေတော့၊ မြွေ…"

ဆိုပြီး အလန့်တကြားပြောလိုက်သံကို ကျွန်တော်ကြားလိုက်ပါတယ်။ ဖြုန်းဆို လှမ်းကြည့်လိုက်တော့ ဟုတ်ပါရဲ့ မြွေလေးတစ်ကောင်။ နှစ်ပေသာသာလောက် ရှိမယ်ထင်ပါရဲ့၊ အဝါစင်းလေးတွေနဲ့ ဇရပ်ထဲကို အရှေ့ပေါက်က ဝင်လာတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်လည်း တံမြက်စီးတစ်ချောင်းယူပြီး မောင်းထုတ်လိုက်ပါတယ်။

မောင်းထုတ်ရင်း အမှတ်မထင် တွေ့လိုက်ရတာက မြွေလေးမှာ အမောက်လေးနဲ့။

"ဟာ…မြွေလေးက အမောက်လေးနဲ့ ထူးဆန်းလိုက်တာ။ မနွဲ့ရေ…လာကြည့်စမ်း၊ လာကြည့်စမ်း။ မြွေလေးက အမောက်လေးနဲ့…"

"ဟုတ်လားဟင်၊ ဘယ်မှာလဲ၊ ဘယ်မှာလဲ မောင်"

ဆိုပြီး ကျွန်တော့်ဇနီးက အပြေးကလေး အနားရောက်လာပါတယ်။ ဒီအချိန်မှာ မြွေလေးက ဇရပ်အောက်ကို လျှောခနဲ ဝင်ရောက် ပျောက်ကွယ်သွားခဲ့ပါပြီ။

"ထူးဆန်းလိုက်တာ မနွဲ့ရယ်၊ မောင့်တစ်သက် ဒီတစ်ခါပဲ အမောက်လေးနဲ့ မြွေကို တွေ့ဖူးပါတယ်။ အံ့သြ



www.burmeseclassic.com

www.burmeseclassic.com

စရာနော်"

လို့ ပြောလိုက်တော့ . . .

"မန္တလေး တွေ့ချင်လိုက်တာ"

လို့ မချင့်မရဲပြောပြီး တောင်တောင်မြောက်မြောက် တွေလို တွေ့ပြီး ရှာကြည့်နေပါတယ်။ အဲဒီအချိန်မှာ မှတ်မှတ်ရရ နာရီကို ကြည့်လိုက်တော့ ၁၂နာရီထိုးတော့မယ်။

"ကဲ - အိပ်ကြပါစို့၊ မနက်လည်း အစောကြီး ထရဦးမယ်။ မီးတွေလည်း လင်းနေတာပဲ။ အိပ်ကြပါ။ ဘာမှ ကြောက်စရာမရှိပါဘူး။ ဒါ ဘုရားနယ်မြေ၊ တရားနယ်မြေ၊ သံဃာ့နယ်မြေ။ အေးချမ်းတဲ့ နယ်မြေတစ်ခုမို့ အိပ်ကြပါစို့"

လို့ ပြောပြီး ကျွန်တော်လည်း ခေါင်းချလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော် အိပ်မပျော်ပါ။ အားလုံး အိပ်ပျော်နေတာ ကြည့်ပြီး ကျွန်တော် တစ်ယောက်တည်း တောင်တွေးမြောက်တွေးနဲ့ အတွေးတွေ ဝေနေမိပါတယ်။ ဩော် . . . ခုတော့လည်း မေတ္တာသုတ်ပရိတ်တရားတော် ရွတ်ဖတ်နေတဲ့ အသံက ဆိတ်သုဉ်းသွားခဲ့ပါပြီ၊ မြွေကိစ္စဖြစ်နေတာနဲ့ ဘယ်အချိန်ပြီးသွားမှန်း သတိမထားခဲ့မိပါ။ ပြန်စဉ်းစားကြည့်မိတော့ ဒီနယ်မြေသည် အထင်ကရ နယ်မြေတစ်ခုဖြစ်ပြီး ဂမ္ဘီရ ဆန်သော အငွေ့အသက်တွေနှင့် တောတောင်ရေမြေ သဘာဝတို့သည်လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ နစ်သက်စဖွယ် နေရာကောင်းတစ်ခုဖြစ်လိမ့်မည်ဟု ကျွန်တော့်စိတ်မှာ ယုံကြည်နေမိပါတယ်။ ဤနေရာ ဤဒေသအား ကလေးဘဝကတည်းက စိတ်ဝင်တစား ရှိခဲ့သည့် ကျွန်တော်။ ခုတော့ ရောက်ရှိခဲ့ပါပြီ၊ ရောက်သည်နှင့်အမျှ ကျွန်တော်တွေ့ကြုံ ခံစားခဲ့ရသော ဖြစ်ရပ်တို့သည်လည်း အံ့သြဖွယ်ရာ ထူးဆန်းမှုတို့နှင့် ရောယှက်နေသည်ကို တွေ့ မြင်ရမှာ ဖြစ်ပါတယ်။

✱ ဤနယ်မြေသည် ဘုရားဖူးသူတို့နှင့် အမြဲမပြတ်ရှိနေရမည်ဖြစ်သော်လည်း ကျွန်တော်တို့ မိသားစု ရောက်ရှိချိန်တွင် တစ်ယောက်တလေမှ မရှိရလေအောင် ရှင်းလင်းနေခြင်း။

✱ မေတ္တာ စေတနာတို့နှင့် ရောပြွန်းနေသော ထမင်းတစ်နပ်ကို ကြုံတောင့်ကြုံခဲ မြိန်ယှက်စွာ စားသောက်ခဲ့ရခြင်း။

✱ လူမမြင်ရသော်လည်း ကြည်လင်အေးမြလှသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို အကြိမ်ကြိမ်အခါခါ ကြားနာခဲ့ရခြင်း။

✱ မထင်မှတ်သောအချိန်တွင် ဖြစ်ပေါ်ခဲ့သော စိတ်ဆန္ဒနှင့်အတူ ကိုယ်တိုင် ဝင်ရောက် ထိုင်ခဲ့မိသော "သိုက်နန်းရှင်များအတွက်သာ" ဆိုသည့် ဒန်းစင်လေးတစ်ခု၊

✱ အဝါစင်းလေးတွေနှင့် တွေ့ခဲ့ရသော အမောက်လေးပါသည့် မြွေလေးတစ်ကောင်တို့သည် ကျွန်တော့်ဘဝအတွက်တော့ မမေ့နိုင်စရာ အတိတ်၏ ပုံရိပ်များပါတကား။

◆◆◆

"ဩော် . . . အတွေးတွေနှင့် ကျွန်တော် စီးမြောနစ်ဝင်နေလိုက်တာ မည်မျှအချိန်တွေ ကြာညောင်းသွားခဲ့သည် မသိ။ ခုတော့ လင်းကြက်တွန်သံသဲ့သဲ့ကြားရပါပြီ။ အရှေ့ဘက်ဆီမှ ရောင်ခြည်တို့သည်လည်း နီရောင်ပြေပြေသမ်းခဲ့ပြီထင့်။ ကျွန်တော်တစ်ယောက်တည်း ဘုရားရင်ပြင်ရှိရာသို့ ဖြည်းညင်းစွာ ဦးတည်လျှောက်လှမ်းလာခဲ့မိပါတယ်။ နှုတ်ဖျားမှလည်း မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ဆိုဖတ်လျက်ရှိပါတယ်။ တည်ငြိမ်သော နှလုံးသားတစ်စုံတွင် ကြည်နူးမှုပီတိအဟုန်တွေများစွာဖြင့် ဒေးစွန်ပါလေတော်မြတ်ကြီးအား အကြိမ်ကြိမ်အခါခါ ဦးတင် ပူဇော[illegible] ဖြစ်ခဲ့ရပေါ့။

ဒီအချိန်မှာ စေတီတော်နှင့် ကပ်လျက် ဆရာတော့်ကျောင်းသင်္ခမ်းဆီမှ ကြေးစည်ထုသံ သုံးချက်ကြားလိုက်ရ[illegible] တယ်။

"နောင် . . . ဒူဝေ . . . ဒူဝေ . . . ဒူဝေ"ဆိုတဲ့ သာယာနာပျော်ဖွယ်ကောင်း[illegible] လှတဲ့ ကြေးစည်သံလေးကို နားထောင်[illegible] ရင်း . . .

"အနန္တစကြဝဠာတွင် ရှိကြကု[illegible] သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ[illegible] အပေါင်းတို့ ဘေးရန်ကြောင့်ကြ ဆင်း[illegible] ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်း[illegible] ချမ်းသာကြပါစေ။ ကောင်းကျိုးလိ[illegible] ဆန္ဒမှန်သမျှ ပြည့်စုံကြပါစေ"

လို့ ကျွန်တော် အလေး[illegible] မေတ္တာပို့လျက် အရှေ့ကျွန်းဆီမှ ဖြည်း[illegible] ညင်းစွာ ထွန်းလင်း ထွက်ပေါ်လာသော နေဝန်းနီအား မမိတ်မသုန် [illegible] ကြည့်ရှုနေခိုက် . . .

"ဖေဖေ"

လို့ ခေါ်လိုက်တဲ့ သမီးလေး[illegible] အသံကို ကြားလိုက်ရတယ်။ ငဲ့[illegible] လို့ ကြည့်လိုက်တော့ ကျွန်တော်[illegible] ရင်ပြင်ဆီသို့ သမီးလေးက ပြေး[illegible] လာနေတယ်။ သမီးလေးရဲ့ နောက်[illegible] တော့ ကျွန်တော့်ဇနီးရယ်၊ မရီး[illegible] တူမလေးရယ်က ပါလာတဲ့ ပ[illegible] လေးတွေ ကိုယ်စီဆွဲလို့ . . .။

ကျွန်တော် သက်ပြင်းတစ်[illegible] ရှိုက်မိတယ်။ ဩော် . . . အချိန်[illegible] ထင့်၊ ကျွန်တော်တို့ အိမ်ပြန်[illegible] မည်ပ[illegible]

✱ ✱ ✱

အောင်မြင့်ဆိုင်[illegible]

(လွန်ခဲ့သော ၂၅နှစ်ခန့်က [illegible] ဘုရားဖူးအတွေ့အကြုံလေးကို [illegible] ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဌေးအောင်တို့ နေထိုင်သော နေပူကုန်းရွာကလေးက အုတ်တွင်းမြို့၏ အနောက်ဘက်တွင် ရှိလေသည်။ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီး ရှိ၏။ ထိုတောင်တန်းပေါ်မှ ချောင်းဖျားခံ၍ တောင်ကျချောင်းတစ်ချောင်းက နေပူကုန်းရွာ၏ မြောက်ဘက်ဘေးမှ ကွေ့ပတ်ရစ်ခွေ စီးဆင်းကာ မြေပြန့်တစ်လျှောက် ကွေ့ကောက်ဖြတ်စီးသွားပြီး အရှေ့ဘက် ၁၀မိုင်မျှ ဝေးသော စစ်တောင်းမြစ်အတွင်းသို့ စီးဝင်လေသည်။

ထိုတောင်ကျချောင်းသည် မိုးတွင်းပိုင်း၌ တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်များကြားမှ ရေများ စီးဆင်းကာ မြေပြန့်ဒေသရောက်သည်နှင့် ရေလုံးအင်အား ကြီးမားစွာ တဝေါဝေါ စီးဆင်းလာခဲ့လေသည်။ ရေကြီးနေချိန်တွင် ချောင်းကမ်းပြည့်မျှ ရေစီးအားသန်သန်စီးနေခြင်းကြောင့် လူ၊ ကျွဲ၊ နွားတို့ ဖြတ်မကူးနိုင်ကြပေ။ ဖြတ်ကူးလိုလျှင်လည်း ရေစီးအားကို မထိန်းနိုင်ဘဲ မျောပါ နစ်မြုပ်သွားရလေသည်။ သို့ရာတွင် ရေစီးအားမှာ နာရီဝက်၊ တစ်နာရီခန့်သာ ရေစီးအားသန်ပြီး အချိန်ကြာလာတော့ ရေများ လျော့သွားကာ ရေစီးအားလည်း ပျော့သွားခဲ့တော့၏။ ထိုအချိန်တွင် ချောင်းရေသည် ပေါင်လယ်လောက်သာ နက်တော့သဖြင့် အလွယ်တကူ ဖြတ်ကူးနိုင်လေသည်။

ရွာနံဘေးမှ တောင်ကျချောင်း ဖြတ်သန်းစီးဆင်းနေသဖြင့် မိုးတွင်းအခါ ရေကြီးပြီး ချောင်းရေလျှံလျှင် ချောင်းရေထဲ၌ အနည်အနစ်များ ပါရှိလာပြီး ရွာနံဘေး လယ်ကွင်းများထဲသို့ ဝင်ကာ ရေပြန်လျော့သွားသည်နှင့် နုန်းအနည်းအနစ်တို့ တင်ကျန်ခဲ့သဖြင့် လယ်မြေများမှာ နုန်းမြေများအဖြစ် သီးနှံများ ဖြစ်ထွန်းအောင်မြင်ကြလေသည်။

စပါး၊ ပဲ၊ ပြောင်း၊ နေကြာများ စိုက်လျှင် ဖြစ်ထွန်းအောင်မြင်ကြသည်။ ထို့အပြင် ဆောင်းနှောင်းပိုင်း ရေနည်းချိန်တွင် မိုးရွာ၍ ရေကြီးသည့် ညမျိုး၌ ချောင်းကမ်းဘေးတစ်လျှောက်တွင် မီးအုပ်ကိုယ်စီနှင့် ငါးထောင်၊ ငါးဖမ်းကြ၏။ အချို့က ယက်သဲ၊ တချို့က ငုံ၊ တချို့ ငါးမြှား၊ တချို့က ပိုက်ကွန်ပစ်၍ ငါးဖမ်းကြလေသည်။ မိုးနှောင်းပိုင်း ချောင်းရေကြီးသည့် ညများတွင် အောက်ဘက် စစ်တောင်းမြစ်ထဲမှ ငါးမျိုးစုံ တက်လာကြ၏။ ယက်သဲ့ ထောင်ပါက ငါးသဲလဲထိုး၊ ငုံထောင်လျှင် ငါးသဲလဲထိုး၊ ငါးခုံးမ၊ မြှားထောင်လျှင် ငါးကြီးများ ရ၏။ ပိုက်ကွန်ပစ်လျှင် ငါးစင်ရိုင်း၊ ငါးခုံးမ၊ ငါးရံ့၊ ငါးခူ၊ ငါးဘတ် စသည့် ငါးမျိုးစုံဖမ်းမိကြသည်။ မိုးလင်းပိုင်းရောက်လာလျှင် ငါးအသေးများ မပါတော့ဘဲ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးဘတ်လို အကောင်ကြီးများသာ အပါများလာသည်။

"ဟာ…ခွေးပုတို့ ညက ချောင်းကမ်းမှာ ပိုက်ကွန်ပစ်တာ ငါးခူတွေ အချိန်နှစ်ဆယ်လောက်ရသတဲ့ဟေ့"

"အို… ခွေးပုရတာ ဘာဟုတ်သေးလို့လဲ။ ဟိုရွာအရှေ့ပိုင်းက အောင်ကြီးတို့ကမှ အချိန်သုံးဆယ်လောက်ကို ရတာတဲ့ဟ"

"မင်းကတော့ သူများထက် ပိုပြောနေပြန်ပြီကွာ"

"မဟုတ်ဘူးဟ။ ငါ သူ့အိမ်ရောက်ခဲ့လို့ မြင်တွေ့ခဲ့တာလေ။ ညက ပိုက်ကွန်ပစ်တာ ပါသွားတဲ့ ပလိုင်းပြည့် လျှံပြီး သဲခုံမှာ သဲတွင်းတူးပြီး ထည့် ထားရတာတဲ့ကွ"

ဆောင်းနှောင်းပိုင်း ငါးတက်သ ညများတွင် ငါးရာကြကာ ရောင်းချ ၏။ တချို့က နေလှန်းထားကာ ခြောက်လုပ်ထားခဲ့ကြ၏။ တချို့ ဆားနယ်လှန်းထားပြီး ပြန်ထောင်း ငါးပိသိပ်ထားကြ၏။ မိုးတွင်းပိုင်းအ လယ်ထဲဆင်းချိန်၌ ငါးခြောက်ဖုတ် ငါးခြောက်ကြော်ကာ ထမင်းကြမ်း သွားကြရ၏။ တစ်ခါတစ်ရံ ရေချို ကို ဓားဖြင့် နုပ်နုပ်စင်း၍ ရေတတ်သီး ငါးပိကြော် ကြော်စားကြသည်။ နွေ ပိုင်းတွင် မိမိတို့ကိုယ်တိုင် ရှာဖွေ ရသော ငါးများနှင့် သိပ်ထားသော ငါးပိကို ငါးပိရည်ဖျော်ကာ အတို့အမြ အစုံနှင့်က ထမင်းမြိန်စွာ စားသော ကြလေသည်။

ဌေးအောင်တို့မှာက လယ် ရန် လယ်မြေတစ်ကွက်မျှ မရှိကြ လယ်သမားများမှ ကန်သင်းပေါက် နုတ်၊ ထယ်ထိုး၊ စပါးရိတ်၊ ကော လှိုင်း စည်းတုပ်လာကြလျှင် လိုက်လ ကြ ရသည်။ ထိုအလုပ်များ ပြီးသွားလျှ တော့ လုပ်စရာအလုပ်က မရှိကြတော့ ပေ။

တကယ်တော့ ဌေးအောင်တို့ ဟန်ဝင်းတို့ ညီအစ်ကိုမှာ သူတို့မိသား တွင် လုပ်နိုင်ကိုင်နိုင်ဖြစ်ကြ၍ မိသား စားဝတ်နေရေးကို ရှာဖွေပေးနေကြ များ ဖြစ်၏။ အလုပ်မရှိ၍ နားနေရလျှ ဝင်ငွေမရသဖြင့် ထမင်းနပ်မှန်နိုင်မည် မဟုတ်ကြချေ။

"အစ်ကိုကြီး ဌေးအောင်၊ ဘက်ရောက်လာတော့ အလုပ်တွေ လည်း ပါးရှားသွားပြီ။ ကျွန်တော် ဝင်ငွေရအောင် ဘာလုပ်ကြမလဲဗျ

ညီအစ်ကိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

သားစု စားဝတ်နေရေးအတွက် ပူပန်ဘာ ဝင်ငွေရရှိနိုင်မည့် အလုပ်တစ်ခုခုကို လုပ်ကြရန် တိုင်ပင်နေကြလေသည်။

"ဟာ . . . ညီလေး ဟန်ဝင်း၊ အစ်ကိုကြီး အခုမှ စဉ်းစားမိတယ်ကွ။ ကို့ရွာအနောက်ပိုင်းက ကိုမှတ်တို့သားအဖဟာ တောတက်ပြီး မီးသွေးဖုတ် ထင်းရောင်းတာ တော်တော်အဆင်ပြေတယ်တဲ့ကွ"

"ဟုတ်တာပေါ့ အစ်ကိုကြီးရာ။ ကျွန်တော်တို့ရွာမှာသာ ထင်းခွေပြီး ရောင်းစိုက်နိုင်ကြတာလေ။ မြို့မှာက ထင်းင်မှ မရှိတာ။ ချက်ပြုတ်သုံးစွဲဖို့ မီးသွေးကိုပဲ အားကိုးနေကြရတာလေဗျာ"

"ဒါပေမယ့် ညီလေးရာ၊ မီးသွေး တွေ့ကရာ သစ်သားကို ဖုတ်သွား ပို့ မရဘူးကွ။ အသားမာတဲ့ ပျဉ်းကတိုး ကို ကြို့သားတို့ကို ဖုတ်ကြရတာကွ။ တောထဲမှာက အဲဒီသစ်မာပင်တွေက နိုင်ငံတော်က သစ်ထုတ်သွားခဲ့တော့ ပါးနေပြီလေကွာ"

"ဟာ . . . အင်း ကိုကြီး ငွေအောင်၊ အစ်ကိုကြီးပြောမှပဲ ညီလေး သတိရတော့တယ်"

"ဘာကို သတိရတာလဲကွ"

"တစ်ခါက အစ်ကိုကြီးနဲ့ ကျွန်တော် တောထဲ တညင်းခူးဖို့ သွားခဲ့ကြတယ်လေ။ တညင်းပင်ကို လိုက်ရှာကြနဲ့ ပျဉ်းကတိုးတောကြီးထဲ ရောက်ခဲ့ကြတော့ နိုင်ငံတော်အတွက် သစ်တောနက သစ်ထုတ်ဖြတ်ယူသွားခဲ့တဲ့ ပျဉ်းကတိုးအရင်းပိုင်း ငုတ်တိုကြီးကို တွေ့ခဲ့ကြတယ်မဟုတ်လားဗျ"

"ဟုတ်တယ်လေ။ သစ်ငုတ်တိုတွေ တအားတွေ့ခဲ့ကြတာပဲ"

"အဲဒီတုန်းက အစ်ကိုကြီး ဘာပြောခဲ့လဲ၊ မှတ်မိသေးလားဗျ"

"ဟင် . . . ငါ ဘာများပြောမိခဲ့ပါလိမ့်ကွာ"

"ကြာသွားတော့ အစ်ကိုကြီး မေ့သွားပြီနဲ့ တူတယ်။ အဲဒီတုန်းက အစ်ကိုကြီးက အဲဒီ ပျဉ်းကတိုးငုတ်တွေကို ကြည့်ပြီး ဒီငုတ်ကြီးတွေ ခြောက်သွေ့သွားရင် တူးဖော်ပြီး မီးသွေးဖုတ်ရင် ပျဉ်းကတိုးမီးသွေးတွေ ရနိုင်တယ်လို့ ပြောခဲ့ဖူးတယ်လေ"

"အေး၊ ဟုတ်သားပဲ။ ငါ့ညီပြောမှ သတိရတော့တယ်ကွာ။ ဟုတ်တယ်ကွ။ အခုလောက်ဆိုရင် အဲဒီငုတ်ကြီးတွေ ခြောက်နေကြပြီ။ အဲဒီကို ငါတို့ညီအစ်ကိုသွားကြပြီး မီးသွေးဖုတ်ရင် မီးသွေးထမ်းသယ်ပြီး မြို့တက်ရောင်းနိုင်တာပေါ့ကွာ"

မြို့မှာက အိမ်တိုင်းလိုလို ထင်း မီးသွေးနှင့် ချက်ပြုတ်ကြသည်။ မုန့်ဟင်းခါးဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်များလည်း မီးသွေးလိုအပ်ကြသည်။ မီးသွေးတက်ရောင်းလျှင် ပါသမျှခဏလေးနှင့်ပင် ကုန်လေသည်။

သို့နှင့် နောက်နှစ်ရက်ခန့်အကြာတွင် မီးသွေးထမ်းခြင်း ရက်ခိုင်းထားသည်မှာ ရပြီဖြစ်၍ စားရိက္ခာ၊ တူ ပေါ်၊ လွှတို့ကို အပြည့်အစုံယူဆောင်ကာ မီးသွေးဖုတ်ကြရန် ပျဉ်းကတိုးတောထဲရှိ သစ်ငုတ်များရှိရာသို့ တောတက်လာခဲ့ကြလေသည်။

* * *

နံနက်စောစော ထွက်လာခဲ့ကြရာ ၁၀နာရီခန့်တွင် ပျဉ်းကတိုးတောထဲသို့ ရောက်ခဲ့ကြသည်။

"ဟာ . . . အစ်ကိုကြီးရေ၊ ကျွန်တော်တို့ ထင်တဲ့အတိုင်းပဲ။ သစ်ငုတ်ကြီးတွေကတော့ ခြောက်နေကြပြီဗျ"

"ခြောက်ပြီပေါ့ကွာ။ နှစ်တွေပဲ ကြာလှပြီပဲဟာ"

ညီအစ်ကိုနှစ်ယောက်လည်း သစ်ပင်ကြီးတစ်ပင်အောက်တွင် သူတို့၏ ပစ္စည်းများကို ချကာ ပျဉ်းကတိုးငုတ်ကြီးတစ်ခုကို စတင်ဖြတ်တောက်ကြတော့သည်။

သစ်ထုတ်ယူခဲ့ရာတွင် မြေပြင်မှ တစ်တောင်ခန့်မှ ဖြတ်ခဲ့သောကြောင့် ထိုတစ်တောင်ခန့် ငုတ်ကို လွှနှင့် ဖြတ်လိုက်၊ သပ်ရိုက်သွင်းကာ ခွဲယူလိုက်ဖြင့် ပျဉ်းကတိုးခွဲခြမ်းများ ရရှိလာကြသည်။ မြေကြီးကို တူး၍ မြေဝင်နေသော ငုတ်အခြောက်ကိုလည်း ခက်ခက်ခဲခဲ တူးဖော်ယူကြသည်။

ငုတ်လေးငါးငုတ်မျှ ပင်ပန်းကြီးစွာ ဖြတ်တောက် တူးဖော်လုပ်ခဲ့ကြ၍ ပျဉ်းကတိုးခွဲခြမ်းများ တောင်လိုပုံသွားတော့သည်။

"ကဲ - ငါ့ညီရေ၊ နေတောင် တော်တော်စောင်းသွားပြီကွ။ နားကြတော့မှပဲ။ ညစာချက်ပြုတ်ကြရအောင်ကွာ"

ထိုညက ထမင်းကျက်သည်နှင့် အိမ်မှ ယူလာခဲ့သော ငါးခြောက်ကို မီးဖုတ်ကာ ဆီဆမ်း၍ ရေနွေးကြမ်းနှင့် စားသောက်လိုက်ကြသည်။ နွေဘက်ဖြစ်၍ သစ်ပင်အောက်၌ပင် ညဘက် မီးဖိုထားကာ မီးဖိုဘေးတွင် အိပ်ခဲ့ကြလေသည်။

"အစ်ကိုကြီး တွင်းက ဘယ်လောက်နက်အောင် တူးရမှာလဲဗျ"

"လူခါးလောက်နက်ရင် ရပြီပေါ့ကွာ"

တွင်းတူးပြီးသောအခါ တွင်းအောက်ခြေသို့ သစ်ရွက်ခြောက်၊ ဝါးအခြောက်များ ခံထည့်၍ အပေါ်မှ ပျဉ်းကတိုးခွဲခြမ်းများကို စီပြီး ပုံသည်။ တွင်းပြည့်လုနီးအထိ ထည့်ပြီး အောက်ခြေကို မီးတို့ပေးလိုက်သည်။ သစ်ရွက်

www.burmeseclassic.com

ခြောက်၊ ဝါးအခြောက်များမှတစ်ဆင့် ခွဲခြမ်းများကို မီးစွဲလောင်လာလေသည်။

"ကဲဟေ့ . . . မီးရှို့ထားတုန်းမှာ နောက်ထပ် သစ်ငုတ်တွေ ဆက်ခွဲကြမယ်ကွာ။ ဒါမှ နောက်တစ်ဖိုစာ မီးသွေး ထပ်ဖုတ်နိုင်မှာကွ"

သူတို့ သစ်ငုတ်နှစ်ငုတ်ကို ဖော်ထုတ် ဖြတ်တောက်ပြီးသောအခါ မီးရှို့ထားသော ကျင်းထဲမှ ထင်းခြမ်းများ အားလုံး မီးလောင်ကျွမ်းသွားကြပြီဖြစ်သည်။

"ကဲဟေ့ . . . ပေါက်တူးယူပြီး နံဘေးက မြေကြီးတွေ ထည့်ဖို့ပေးဟေ့။ နေရာလပ် မရှိစေနဲ့။ အလုံဖို့ပေးကွ။ ဒါမှ လေလုံပြီး မီးငြိမ်းသွားမှာလေ"

နောက်တစ်နေ့နံနက်တွင် ကျင်းထဲ၌ မီးငြိမ်းသွားပြီး အေးနေပြီဖြစ်၍ ပေါက်တူးနှင့် ကော်တင်ကြသည်။ ဆန်ခါတစ်ခုရက်ကာ ဆန်ကာချကြသည်။ ထိုအခါ မီးသွေးခဲများ ရလာလေသည်။ ထိုမီးသွေးဖုတ်နည်းမှာ အုံးဖုတ်နည်းဖြစ်သည်။ အုံးမီးသွေးမှာ ဗလာရှို့ဖုတ်သော မီးသွေးထက် အသုံးခံလေသည်။

"ဟန်ဝင်းရေ . . . ဒီဖိုအားသွားရင် ထင်းခွဲခြမ်းတွေ ထပ်ထည့်ပြီး မီးသွေးဖုတ်ထားကြမယ်ကွာ။ ပြီးမှပဲ ညစာချက်ကြမယ်"

ထင်းခြမ်းများ စီထည့်ပြီး မီးရှို့ထားကြကာ ဟန်ဝင်းက ဆန်ဆေး၍ ထမင်းအိုးတည်နေသည်။

"ဒီညနေ ဘာဟင်းချက်ရမလဲ အစ်ကိုကြီး"

"မင်းက ထမင်းကျက်ရင် အောက်မြောင်ဘေးမှာ တောချဉ်ပေါင်ရွက် လိုက်ခူးထားကွာ။ အစ်ကိုကြီးက မြောင်ရေထဲက ငါးနည်းနည်းရအောင် ရှာမယ်"

မကြာမီ ရလာသော ငါးနှင့် တောချဉ်ပေါင်ဟင်းကို ချက်ကြသည်။ ကျက်သည်နှင့် ချဉ်ပေါင်အိုးကို အလယ်တွင် ချကာ ညစာစားကြသည်။ ငါးနိုင်းချင်းနှင့် ချက်ထားသဖြင့် မချဉ်လှတော့ဘဲ ချဉ်ပြုံးပြုံးနှင့် ငါးဖတ်များပါ ဆယ်ယူစားနိုင်ခဲ့ကြလေသည်။

ညလယ်လောက်တွင် ထင်းခွဲခြမ်းများ မီးလောင်သွားပြီဖြစ်၍ မြေကြီးများဖို့ကာ မီးငြိမ်းပေးထားခဲ့သည်။ မနက်လင်းလျှင် မီးငြိမ်းပြီး အေးနေသဖြင့် ပေါက်တူးနှင့် ယက်တင်ကာ ဆန်ခါချကြသဖြင့် မီးသွေးခဲများ ရလာလေသည်။

"ကဲ - ညီလေးရေ၊ ညနေမှာ ထမ်းခြင်းတွေထဲကို မီးသွေးတွေထည့်ပြီး နောက်နေ့မနက် ရွာပြန်ပို့ကြမှပဲကွာ"

ညီအစ်ကိုနှစ်ယောက်လည်း ညနေဘက်တွင် အချိန်ရသည်နှင့် အနီးအနားတောထဲသို့ တောလည်ထွက်ခဲ့ကြသည်။

"အခုလို ညနေစောင်းချိန်မျိုးမှာ သစ်ပင်၊ သစ်ခေါင်းတွေထဲ အောင်းနေတဲ့ ဖွတ်ကောင်တွေ အစာရှာဆင်းကြတဲ့ အချိန်ပဲကွ။ ဖွတ်သာရခဲ့ရင် ညစာကို ဖွတ်သားဟင်းချက်စားကြမယ်လေကွာ"

သူတို့ မြောင်ထဲအတိုင်း ဆင်းရှာလာခဲ့ကြသည်။

"ရှဲ . . . ရှဲ . . . ရှဲ"

"ဟာ . . . ဖွတ်ကြီးတစ်ကောင် မြောင်ထဲက သစ်ပင်ပေါ် ပြေးတက်သွားပြီ"

"ဟာ . . . ဟုတ်တယ်ဟေ့။ တော်တော်ကြီးတယ်ကွ။ ကျော့ကွင်းနဲ့ ကျော့ယူကြမယ်"

ဝါးနုတစ်လုံးကို ခုတ်ယူကာ . . .
အဖျားတွင် ကျော့ကွင်းချည်၍ သစ်. . .
အမြင့်နံဘေးတွင် တက်ကပ်နေသော . . .
ဖွတ်ကြီး၏ ခေါင်းကို ကျော့ကွင်း. . .
၍ ဆွဲချယူခဲ့သဖြင့် ဖွတ်ကြီး. . .
တစ်ကောင်ရခဲ့ကြသည်။

"ကဲ - မှောင်ခြေလည်း သန်း. . .
ပြီမို့ စခန်းကို ပြန်ပြီး ဖွတ်သား. . .
ချက်စားကြမယ်။ ပြီးမှ မီးသွေးခြင်း. . .
ထဲ မီးသွေးထည့်ကြမယ်ကွာ"

"ဟာ . . . အစ်ကိုကြီး၊ ဟို. . .
သစ်ပင်ကြီးနံဘေးမှ စိုက်ဝင်နေ. . .
ဆင်စွယ်မဟုတ်လား"

"အေးဟေ့၊ ဟုတ်တယ်။ . . .
စွယ်ပဲကွ။ ဒီဆင်စွယ်ဟာ ဆင်မန်. . .
ဖြစ်မယ်ကွ"

"အစ်ကိုကြီး . . . ဆင်မန်. . .
ဆိုတာက ဘယ်လိုအစွမ်းမျိုးကို . . .
တာလဲဟင်"

"ဆင်မန်စွယ်ဆိုတာက . . .
နှစ်ကောင်တွေ့ ကြလို့ တစ်ကောင်. . .
တစ်ကောင် ထိုးသတ်ကြဖို့ မာန်. . .
ကြတဲ့အခါ ဆင်တစ်ကောင်က . . .
သစ်ပင်ကို သူ့အစွယ်နဲ့ ထိုးပြီး . . .
စောင်ခဲ့တာပေါ့ကွာ။ ဒီလို မာန်. . .
ပြီး အားနဲ့ ထိုးလိုက်ရာမှာ ဆင်. . .
ဟာ သစ်ပင်မှာ ကျိုးပြီး စိုက်ကျ. . .
ခဲ့တာပဲကွ။ ကဲ - ငါ့ညီရေ . . . . . .
ညီအစ်ကိုနှစ်ယောက်တော့ ဒီတစ်. . .
မီးသွေးတက်ဖုတ်ကြရာမှာ ကံ. . .
ခဲ့ကြတာပဲဟေ့"

"ဟင် . . . ဆင်မန်စွယ်. . .
တာနဲ့ ကံကောင်းရောလား အစ်. . .
ရာ"

"မင်း ဘာနားလည်လို့လဲ. . .
ဆင်စွယ်ဟာ ရိုးရိုးဆင်စွယ်မျိုး . . .
ဘူးကွ။ ဒီလို ဆင်မန်စွယ်ဟာ အ. . .
ရခဲတယ်ကွ။ ရခဲ့ရင်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com

ဘယ်။ ဘာကြောင့်လဲဆိုရင် ဆင်မန်စွယ်ကို ဆောင်ထားရင် တုတ်ပြီး၊ အပြီး၊ ကျည်လွဲတယ်တဲ့ကွ။ တချို့ စ်ဗိုလ်ချုပ်တွေ၊ စစ်သားကြီးတွေဆို င် ဆင်မန်စွယ်တွေရှင် ကြေးကြီးပေး ယ်ကြတာလေ"

"ဟာ···ဟုတ်လား အစ်ကိုကြီး၊ ဆိုရင် ဒီဆင်မန်စွယ်က အလွန် န်ဖိုးကြီးတာပေါ့နော်"

"ဒါပေါ့ကွ။ ငါတို့ညီအစ်ကို ဆိုက်လို့ အခုလို မမျှော်လင့်ဘဲ တွေ့ ကြရတာပဲ"

ညီအစ်ကိုနှစ်ယောက်လည်း သစ်ပင်ကြီးတစ်ပင်တွင် ဆင်ဦးတစ် ကိုက်ခန့်အမြင့်၌ စိုက်ဝင်နေသော ဆင် မန်စွယ်ကို သစ်ပင်ပေါ် တက်ကာ ဆွဲ နုတ်ကြလေသည်။

"ဟာ···အစ်ကိုကြီး၊ ဆွဲနုတ်လို့ မရဘူးဗျ။ တော်တော်ဝင်နေတာပဲ"

"နေဦး···နေဦး၊ ဟောဒီမှာ သစ်သားချောင်းလုမ်းယူပြီး တဖြည်း ဖြည်းရိုက်နှဲပြီး ဆွဲနုတ်ကွာ။ တအား မရိုက်နဲ့၊ ကျိုးပဲ့သွားမယ်နော်"

ညီဖြစ်သူ ဟန်ဝင်းလည်း အသာ အယာ ရိုက်နှဲ၍ ဆွဲနုတ်ယူခဲ့လေသည်။ သူတို့ ရခဲ့သော ဆင်မန်စွယ်မှာ တစ် ထွာသာသာခန့် ရှည်လေသည်။

"ကဲ - စခန်းကို ခပ်သွက်သွက် ပြန်ပြီး ဖွတ်သားဟင်းချက်နဲ့ ညစာစား ကြတာပေါ့ကွာ။ ငါတို့ ဒီတစ်ခေါက် မီးသွေးတက်ဖုတ်တာ မီးသွေးလည်း ရ တယ်။ ငွေသိန်းနဲ့ ချီပြီးရနိုင်တဲ့ ဆင် စွယ်မန်လည်း ရခဲ့လေတော့ တို့ညီ အစ်ကိုနှစ်ယောက် ကံကောင်းတာပေါ့ ကွာ"

ရွာပြန်ရောက်၍ ဝယ်လိုသူတွေ ကြားသိကြလျှင် ဈေးများများပေးလာ သူကို ရောင်းပေးကြမည်ဖြစ်သည်။

စခန်းပြန်ရောက်လျှင် ဖွတ်သား ဟင်းချက်စားကာ မီးသွေးခြင်းများထဲ မီးသွေးများ ထည့်ကြသည်။ ပြီးလျှင် ဖွတ်သားဟင်းနှင့် ထမင်းမြိန်ရှက်စွာ စားကြ ရင်း ရွာပြန်ရောက်လို့ ဆင်မန်စွယ်ကို ရောင်းပြီးပါက ငွေသုံးလေးသိန်းမကာ ရလာကြမည်ကို မျှော်တွေးရင်း အိပ် စက်ခဲ့ကြလေတော့သည်။

* * *

ဘနီဒူး(ခေမချေတီ)


# အမြန်ဆုံး ပြန်ပေါင်းချင်တာလား
# အမြန်ဆုံး ကွာရှင်းချင်တာလား

- ကွဲကွာနေသော မိမိအိမ်ထောင်ဘက်နဲ့ ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံး ပြန်လည်ပေါင်းသင်းရစေဖို့။
- ဆက်လက်ပေါင်းသင်းနေထိုင်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ လက်ရှိအိမ်ထောင်ဘက်နဲ့ ခက်ခဲကြန့်ကြာခြင်း မရှိဘဲ အမြန်ဆုံး ကွာရှင်းပြတ်စဲရစေဖို့။

(ဂမ္ဘီရပညာနည်းလမ်းကောင်းများနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးပါရစေ။)

## ဆရာဦးပိုင်ဇေအောင်(ဝိဇ္ဇာဘွဲ့)
(လက္ခဏာဗေဒင်ဟောခန်း)

အမှတ်(၄၀)၊ B.1 မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊
(၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း - ၀၉-၇၃၁ ၄၇၀၂၄၊ ၀၉-၅၀ ၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တသုခပင်

ကျော်တင့်ဆွေ

မြေကောင်းရေကောင်းအရပ်ဒေသတွေမှာ အလေ့ကျပေါက်တဲ့ အပင်လေး ဖြစ်ပါတယ်။ အပင်သန်ရင် တစ်ပေခွဲနှစ်ပေအထိ မြင့်ပါတယ်။ အိမ်သုံးဆေးဝါးအဖြစ် ရှေးသမားစဉ်ဆက်ရဲ့ ဆေးနည်းတွေကို ဖော်ပြသွားမှာ ဖြစ်ပါတယ်။

## အရေပြားရောဂါကုသနည်း

အရွက်အချို့ကို ခူး၍ ရေဆေးကြောပြီး ကြိတ်ပါ။ ရရှိတဲ့ အရည်ကို အရေပြားကို လိမ်းပေးပါက သက်သာစေနိုင်ပါတယ်။ ထိခိုက်ဒဏ်ရာကြောင့် အနာအဆာဖြစ်ရင် အဆိုပါ အရွက်ညှစ်ရည်ကို လိမ်းပေးနိုင်ပါတယ်။ အနည်းငယ်မျှစပ်ပြီး ဘေးအန္တရာယ်မရှိပါ။ မကြာခဏ သုံးစွဲပါက အနာအဆာများ သက်သာပျောက်ကင်းစေနိုင်ပါတယ်။

## အဖျားအတွက် သောက်ဆေး

ရေဆေး သန့်စင်ထားတဲ့ အရွက်ကို ကြိတ်ပြီး ရ…
တဲ့ သတ္တုရည်ကို အိမ်သုံးဆားအနည်းငယ်မျှ ရောစပ်…
လက်ဖက်ရည်ဇွန်းနှစ်ဇွန်း တစ်ကြိမ်တိုက်ကျွေးပေး…
တယ်။ တစ်နေ့ နှစ်ကြိမ်၊ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်…
တိုက်ကျွေးပေးခြင်းဖြင့် တုန်၍တက်သော အဖျား…
ရောဂါအတွက် ဆေးနည်းကောင်းတစ်လက်ဖြစ်ပါတယ်…
ဒါ့အပြင် ထိုဆေးရည်မှာ အော့အန်ခြင်းနှင့် သွားနဲ့ပတ်သက်…
တဲ့ ရောဂါတွေကိုလည်း ကုသပေးနိုင်ပါသေးတယ်။

## မီးယပ်သွေးလွန်ခြင်း

ဒန္တသုခအပင်ဟာ အမျိုးသမီးများရဲ့ ကျန်း…



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ရောက်တဲ့ ဆေးဝါးအဖြစ် အသုံးဝင်ပါတယ်။ ထိုအရွက်တစ်ဆကို ရေသန့် လေးဆနဲ့ ပြုတ်ပါ။ ပြုတ်ဆေးရည် လေးပုံတစ်ပုံကျန်ရှိပါက ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါတယ်။ ပြုတ်ဆေးရည် လက်ဖက်ရည်ဇွန်းနှစ်ဇွန်းကို တစ်ခွက်စာအဖြစ် တိုက်ကျွေးပေးနိုင်ပါတယ်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်သောက်ပေးနိုင်ပါတယ်။

### ဆီးပူညောင်းကျ(ဂနိုရီးယား)ရောဂါ

ဒန္တသုခ ပဥ္စငါးပါးကို ရေနဲ့ သန့်စင်ဆေးကြောပြီး တစ်ဆကို ရေသန့်လေးဆနဲ့ ပြုတ်ပါ။ ပြုတ်ဆေးရည် လေးဆတစ်ဆကျန်က ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါတယ်။ ဆေးတစ်ခွက်စာပမာဏမှာ လက်ဖက်ရည်ဇွန်းနှစ်ဇွန်းကို တစ်ကြိမ်သောက်ရန်ပင် ဖြစ်ပါတယ်။ နံနက် တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်သောက်ပေးခြင်းဖြင့် ဂနိုရီးယားရောဂါ၊ ဆီးပူညောင်းကျရောဂါများအတွက် အသုံးဝင်စေနိုင်ပါတယ်။

### ဝဲစိုရောဂါ၊ ဝဲခြောက်ရောဂါ

ဒန္တသုခ ပဥ္စငါးပါး သတ္တုရည်ထဲတွင် ဆေးဒိန်းအမှုန့်အနည်းငယ်မျှကို ရောစပ်ပြီး နာတာရှည်ခံစားရတတ်တဲ့ ဝဲခြောက်ရောဂါ၊ ဝဲစိုရောဂါများကို ကုသလို့ ရပါတယ်။ ကလေးများ သန်ကောင်ရောဂါဖြစ်ရင် ကလေးချိန်အတိုင်း ဆေးပမာဏကို အသုံးပြုပေးနိုင်ပါတယ်။ ကလေးများနဲ့ လူကြီးတွေမှာ ခံစားရတတ်တဲ့ ဝမ်းကိုက်ရောဂါ၊ အော့အန်ခြင်းနဲ့ သွားနှင့်ပတ်သက်တဲ့ ရောဂါအတွက် အထူးပဲ ကောင်းမွန်ပါတယ်။

### တုပ်ကွေးရောဂါကုဆေး

ဒန္တသုခအရွက်တစ်ဆ၊ ရှိန်းနီတစ်ဆ၊ ကြောင်ပန်းရွက်တစ်ဆတို့ကို ရောစပ်၍ ဆေးလုံးများ လုံးထားပါ။ ထိုဆေးလုံးကို ဆေးအညွှန်းအတိုင်း စားသုံးပေးခြင်းဖြင့် တုပ်ကွေးရောဂါကို ကုသပေးနိုင်ပါတယ်။ အဖျားနဲ့ ပတ်သက်တဲ့ တုန်၍ ဖျားလေ့ရှိတဲ့ အဖျားကိုလည်း ကုသရာမှာ အသုံးဝင်ပါတယ်။ နာပိတ်တဲ့ ဝေဒနာရှင်တွေအတွက်တော့ ဆေးလုံးကို ကျောက်ပျဉ်မှာ သွေးပြီး နှာခေါင်းဝမှာ လိမ်းပေးနိုင်ပါတယ်။ ဒါ့အပြင် ချွေးအလွန်ထွက်ခြင်းကိုလည်း ရပ်တန့်စေနိုင်ပါတယ်။

### သွားကျန်းမာရေး

ဒန္တသုခအရွက်ကို ထုထောင်းကာ သွားရင်းသွားမြစ်ဝန်းကျင်တစ်ဝိုက် သိပ်ပေးခြင်းဖြင့် သွားကိုက်ခြင်း၊ သွားကျိုးခြင်း၊ သွားလှုပ်ခြင်းတို့ကို သက်သာစေကာ သွားမြစ်ဝန်းကျင်ကို ကြံ့ခိုင်စေနိုင်ပါတယ်။ သွားကျန်းမာမှုကို အထူးပင် အကျိုးပြုစေနိုင်ပါတယ်။ ဒီဆေးဟာ အန်စေခြင်းကိုလည်း ရပ်တန့်စေနိုင်ပါတယ်။

### ကလေးသူငယ်နာရောဂါကုဆေး

ဒန္တသုခအရွက်များကို ဆန်ပုန်းရည်နှင့် ကြိတ်ပါ။ အဆိုပါ ကြိတ်ဆေးတွင် ဆေးဒိန်း၊ ဆိတ်ဖူး၊ လင်းနေတို့ကို အချိုးကျထည့်ပြီး ထပ်မံကြိတ်ပါ။ ကလေးဆေးညွှန်းအတိုင်း တိုက်ကျွေးပေးပါက ကလေးသူငယ်နာအတက်ရောဂါ၊ ကလေးအတက်ရောဂါ၊ မျက်ဖြူလန်ခြင်းတို့အတွက် အသုံးပြုနိုင်ပါတယ်။

### အရေပြားရောဂါကုဆေး

ဒန္တသုခအရွက် သတ္တုရည်ကို ဂုံမှုန့်နဲ့ ရောစပ်ပြီး ပြည်ပုံနေသော အနာများပေါ် အုံပေးထားလျှင် ပြည်မှည့်လွယ်စေပါတယ်။ နောက်ထပ် ငန်းမန်းလိမ်းဆေးနည်းမှာ ဒန္တသုခရွက်၊ ပေါက်ပန်းဖြူရွက်နုကို ရောစပ်ကာ ကြိတ်ပြီး ရရှိတဲ့ အရည်ကို အနာပေါ် ဆွတ်ပေးခြင်းဖြင့် ငန်းမန်းကြီးခြင်းကို လျှော့ချပေးစေနိုင်ပါတယ်။

### လေနာ၊ လေဆန်၊ လေအောင့်ခြင်း

အိမ်တွင်း ကုသနည်းအဖြစ် ဒန္တသုခရွက်ကို လင်းနေပင်နဲ့ ကြိတ်ဆေးပြုလုပ်ပါ။ ထိုကြိတ်ဆေးကို ဝမ်းဗိုက်ပေါ်တွင် လိမ်းပေးခြင်းဖြင့် လေဆန်နာကို သက်သာစေနိုင်ပါတယ်။ သောက်ဆေးအဖြစ် သောက်ပေးပါက လေထိုးခြင်း၊ လေအောင့်ခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။◻

အာရောဂျ ပရမ် လာဘ

* * *

ကျော်တင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



# သုတေသီ ဆရာငြိမ်း
## သဘောတတ်ဖို့ ခက်နေလျှင်

မိမိ
ကိုဟန်မင်း
သည်က မမြတ်
ဦးကို အခြေ
ရင်းနှီးရသူတွေဖြစ်
မမြတ်မွန်ဦးက မိ
ကျောင်းနေဘက် သူ
ချင်။ ကျောင်းပြီးတော့ အသိ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့် လုပ်ငန်းခွင်တွေဆီ ရောက်သွားကြသည်။ ကိုယ့်မိသားစု အသိုက်အမြုံနှင့်ကိုယ်။

မမြတ်မွန်ဦးနှင့် အိမ်ထောင်ကျသူမှာ ကိုဟန်မင်းဖြစ်၏။ မမြတ်မွန်ဦးက မိတ်ဆက်ပေး၍ မိမိနှင့် ကိုဟန်မင်းတို့ မိတ်ဆွေတွေ ဖြစ်သွားကြသည်။ မမြတ်မွန်ဦးက မြန်မာစာကထိက(အငြိမ်းစား)၊ ခင်ပွန်း ကိုဟန်မင်းက နိုင်ငံခြားသင်္ဘောသား။ ပူပင်ကြောင့်ကြဖွယ် မရှိနိုင်သော အိမ်ထောင်စုတစ်စု။ ခက်သည်က နိုင်ငံခြားသင်္ဘောသားဟူသည် ပင်လယ်ပြင်တွင် ငွေကို ရှာနိုင်သလောက်၊ ကုန်းပေါ် ပြန်ရောက်လာသောအခါ ရလာသမျှငွေတို့သည် ကုန်ဖို့ချည်းဖြစ်လာတော့သည်။

ဆိုကြပါစို့။ ကိုဟန်မင်း ကုန်းပေါ် ပြန်ရောက်သည်။ သတ်မှတ်ချိန်ကျ၍ သင်္ဘောပေါ် ပြန်တက်ဖို့ရာ ကျန်းမာရေးချူချာလာသည့်အတွက် ဆေးရုံတက်လိုက်ရသည်။ သင်္ဘောထွက်သွားသည်။ မလိုက်ဖြစ်တော့။ ဆေးရုံတက်၍ ကုသရသော ဆေးဝါးစရိတ်၊ သားသမီးသုံးယောက်၏ ကျောင်းစရိတ်၊ အိမ်စရိတ်၊ လူမှုရေးစရိတ်တို့က အဆမတန် ထောင်းလာလေရာ အခြေအနေသိပ်မဟန်တော့။ ကျန်းမာရေးထူထူထောင်ထောင်ပြန်ဖြစ်လာသည့် ကိုဟန်မင်းအဖို့ သူ့မိသားစုအရေးအတွက် သင်္ဘောပြန်တက်မှကို ဖြစ်တော့မည့်အခြေ။

သို့ပါသော်ငြား၊ သင်္ဘောပေါ် တကယ်ပြန်တက်မည်ဆိုသောအခါ အထစ်အငေါ့ကလေးတွေက ဟိုနေရာ၊ သည်နေရာမှ ဝင်လာကြသည်။ အဆင်မချော။ သည်တော့ မောရသည်။

"ခက်နေပြီ ဆရာငြိမ်းရယ်။ သင်္ဘောတက်ရဖို့အရေး ရှောရှောရှူရှူမဟုတ်ရင် ပြဿနာပဲ။ ကျွန်တော်ကလည်း ရေမှာပဲ ငွေရှာတတ်တာ။ ကုန်းမှာဆို ဘာစီးပွားရေးမှ မလုပ်တတ်ဘူး။ မမွန်ခမျာလည်း သားသမီးတွေနဲ့ တကွဲတပြားမဖြစ်ချင်တော့ အလုပ်က ထွက်လိုက်တာ ဆရာငြိမ်းအသိပဲ။ ကျွန်တော်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူး"

ဆေးတံသမားဖြစ်သော ကိုဟန်မင်းသည် ဆေးချေးဝနေသော ဆေးဆုံအတွင်း ဗာဂျီးနီးယားဆေးမျှင်များ ထည့်ကာ ဇစ်ပိုမီးခြစ်ဖြင့် မီးညှိဖွာလိုက်ရင်း မသက်သာသောစကားကို ဆိုလာသည်။

"အဲဒီအတွက် ယုံကြည်မှုရှိရင် ကျွန်တော်ပေးမယ့် ယတြာလေးကို လုပ်ကြည့်ပါလား"

"လုပ်မယ် ဆရာငြိမ်း။ အဲဒီ ပညာရပ်ကို ကျွန်တော်ယုံကြည်တယ်"

သူ ယုံကြည်ခြင်းမှာ သေချာပါသည်။ အကြောင်းမူ တစ်ခါတုန်းက သူ့မိတ်ဆွေ ဆေးတံသမားတစ်ယောက် သူနှင့်အတူ လိုက်ပါလာပြီး တိုက်ခန်းအရောင်းအဝယ်ကိစ္စ အကူအညီတောင်းခဲ့ရာ မိမိက ယတြာတစ်ခုလုပ်ပေးဖူးသည်။ အောင်မြင်ခဲ့ပါသည်။

ထို့ကြောင့်လည်း ဤစကားကို သူဆိုသည်မှာ သေချာပါသည်။

"ပြောပါ ဆရာငြိမ်း။ ကျွန်တော် ဘာလုပ်ရမှာတဲ့လဲ"

"လုပ်ရမှာက သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူး ကိုဟန်မင်းရယ်။ ဗလာစာအုပ်မှ စာရွက်ကိုးရွက်ဖြဲပြီး စက္ကူသင်္ဘော ကိုးစီးရအောင် ချိုးပေါ့။ လုပ်တတ်တယ် မဟုတ်လား"

"လုပ်တတ်ပါတယ် ဆရာ ငြိမ်းရဲ့။ အိမ်က ကလေးတွေကို ကျွန်တော် လုပ်‚လုပ်ပြနေတာပဲဥစ္စာ"

"လုပ်တတ်တယ်ဆိုရင် အဲဒီ စက္ကူသင်္ဘောကိုးစီးရဲ့ ကိုယ်ထည်မှာ ကိုယ် တက်ရမယ့် သင်္ဘောနာမည်ကို ရေးပါ။ ပြီးရင် ကြေးလင်ပန်းပေါ် တင်လို့ ဘုရားမှာ လှူလိုက်ပါ။ လိုရာဆုတောင်းပါ။

နောက် ရှင်ဉပဂုတ္တ ရဟန္တာကိုယ်တော်မြတ်ကြီးကို ရည်စူးလို့ ဆွမ်းကိုးပွဲ ကပ်လှူရမယ်။ ဆွမ်းကိုတော့ နေ့တိုင်း ကပ်ရမှာနော်။ ၂၁ရက်ပြည့်ပြီဆိုတာနဲ့ ကြေးလင်ပန်းထဲက စက္ကူသင်္ဘောတွေကို ယူလို့ ရေစီးနေတဲ့ ချောင်း၊ ဒါမှမဟုတ် မြစ်ထဲကို သွားစွန့်လိုက်ပါ။ ထူးခြားလာပါလိမ့်မယ်"

"ကျေးဇူးပဲ ဆရာငြိမ်း။ အိမ်ရောက်တာနဲ့ လုပ်မယ်ဗျာ"

ကိုဟန်မင်းတစ်ယောက် အဆိုပါ ယတြာကလေးအား ယုံကြည်လေးနက်စွာဖြင့် လုပ်ခဲ့ပါ၏။ ထို့ကြောင့်လည်း အခုဆိုရင် ရပ်ဝေးရှိ ပင်လယ်ပြင်၌ သင်္ဘောမှ တာဝန်များအား ထမ်းဆောင်နေပါချေပြီ။ တစ်နေ့ မမျှော်လင့်ဘဲ မမြတ်မွန်ဦး ရောက်လာကာ ရပ်ဝေးမှ ကိုဟန်မင်း ပေးပို့လိုက်သည်ဆိုသော လက်ဆောင်များအနက် အထုပ်တစ်ထုပ်ကို ကျွန်ုပ်အတွက်ဆိုကာ ပေးလာပါချေ၏။

အထုပ်ကို ဝမ်းသာအားရ ဖွင့်လိုက်သောအခါဝယ် အကောင်းစား တီရှပ်နှစ်ထည်နှင့် ကျွန်ုပ် နှစ်သက်သော စာရေးကိရိယာများ ဖြစ်နေသည်ကို တွေ့လိုက်ရပါသတည်း။

* * *

သုတေသီဆရာငြိမ်း

www.burmeseclassic.com



# အလောင်းအစားနှင့်ကျား

www.burmeseclassic.com

www.burmeseclassic.com

မြပြင်ရွာကလေးသည် ညအမှောင်ထဲတွင် အိပ်မောကျလျက် ရှိနေချေသည်။ တစ်ရွာလုံးသည် အိပ်မောကျလျက်၊ တိတ်ဆိတ်လျက်ရှိသည်။ သို့ပါသော်လည်း ရွာအလယ်ရှိ ဦးဖိုးညွန့်တို့အိမ်ကလေးမှာ မီးရောင်တလက်လက်ဖြင့် ရှိနေသေးလေသည်။ အကြောင်းမူကား ထိုအိမ်တွင် ကာလသားတစ်စု ရွာထဲမှ ကြက်ခိုးကာ ချက်ပြုတ် စားသောက်နေကြသောကြောင့် ဖြစ်ပါသည်။

ထိုနေ့က ဦးဖိုးညွန့်တို့ ဇနီးမောင်နှံမှာ သံတွဲမြို့သို့ တက်၍ ဈေးရောင်းသွားကြရာ အချိန်မမီသဖြင့် သံတွဲမြို့တွင် ညအိပ်ရသည်ဖြစ်ရာ ကာလသားများအဖို့ စုဝေးစရာဖြစ်ခဲ့သသည်။ သူ့တွင် သားတစ်ဦးရှိလေ အမည်မှာ မောင်ထွန်းညွန့်ဖြစ်လေသည်။ မောင်ထွန်းညွန့်မှာ လူပေါင်းပေါင်းများသူဖြစ်၍ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်း များလေသည်။ နေ့ညနေက သူ့အဖေတို့ ပြန်မလာသည်ကို သိသည့် မောင်ထွန်းညွန့် ရွာတောင်ပိုင်းတွင် တွေ့ရသည့် ခင်ရွှေငိုအား…

"ဟေ့… ကိုရွှေငို၊ အိမ်မှာ အဖေတို့ မရှိကြဘူး။ အဲဒါနဲ့ တို့အိမ် လာပြီးအိပ်ပေးပါလား။ ပြီးတော့ နဲ့ ဖိုးပျော့တို့တစ်တွေကိုပါ ပြော။ အိမ်မှာ စုပြီး အိပ်ကြရအောင်"

"အေးအေး၊ ဒါနဲ့ ငါအကြံတစ်ခု ယ်"

"ဘာအကြံလဲဟ၊ ပြောပြစမ်းပါ

"ဒီလိုလေကွာ။ ညဘက်မှာ မင်းအိမ်စောင့်ရင်း ကြက်ခိုးချက်စားကြရအောင်။ ငါတို့ ဒီလို ညအိပ်မဆုံဖြစ်တာ အတော်ကို ကြာနေပြီ"

"အေး၊ ကောင်းတယ်ကွာ။ ဟိုကောင်တွေကို မင်းသာ ဖြစ်အောင် ပြောလိုက်။ ညကျရင် ကြက်ချက်စားဖို့ ဆီနဲ့ ငရုတ်၊ ကြက်သွန်တွေ ငယ်ထားလိုက်မယ်"

"စိတ်ချပါဟ။ ငါတို့ ဖြစ်အောင် လာခဲ့မယ်"

ဤသို့ဖြင့် သူတစ်ပါးတွေ အိပ်မောကျနေချိန်တွင် ထွန်းညွန့်တို့ ကာလသားတစ်သိုက် စုရုံးစုရုံးနှင့် အလုပ်ရှုပ်နေကြသည်။ မီးမွှေးသူက မွှေး၊ ငရုတ်၊ ကြက်သွန်ထောင်းသူက ထောင်း၊ ကြက်မွေးနုတ်သူက နုတ်ဖြင့် အလုပ်ရှုပ်နေကြသည်။

"ဟေ့ကောင်တွေ… ကြက်သားကို ထမင်းပါ ချက်ပြီး စားကြမလား"

"အေးပေါ့ကွ၊ ဒါနဲ့ နေဦး။ တစ်ခု လိုသေးတယ်"

"ဘာလိုသေးတာလဲကွ။ ဦးမြကြီးတို့အိမ်မှာ ကြက်သွားခိုးခဲ့ရုံတင်မက၊ ဒေါ်အေးသာတို့ အိမ်နောက်ဘက်က ဘူးစင်မှာ ဘူးသီးတစ်လုံးပါ ခူးလာခဲ့သေးတယ်"

"ဟ… ဒါကတော့ ကြက်သားနဲ့ ဘူးသီးဆိုတာ မိတ်ဖက်ပဲကွ"

"အင်း… မိုးလင်းလို့ကတော့ ကြက်ပျောက်လို့ ဆဲဆိုသံ၊ ဘူးသီးပျောက်လို့ ကြိမ်းဆဲသံတော့ တစ်ရွာလုံး ညံနေဦးမှာပဲ"

"အေး၊ ဟုတ်တယ်။ ဒေါ်အေးသာကြီး ထဘီကို ခါးစောင်းတင်ပြီး ဆဲသံဆိုသံ မကြားရတာ အတော်ကြာလှရောပေါ့"

"ဟေ့ကောင်တွေ… မိုးလင်းရင် မျက်နှာပိုးသေသေနဲ့၊ မဟုတ်သလို နေကြနော်။ မျက်နှာပိုးမသေဘဲ စပ်ဖြီးဖြီးဖြစ်နေလို့ကတော့ ခိုးမှုကွေ့ အကုန်ပေါ်ပြီး သူကြီးထိပ်တုံးနဲ့ နီးနေကြဦးမယ်"

"ဒါနဲ့ နေပါဦး ဖိုးပျော့ရ။ ခုနက မင်းပြောတာ ရှိသေးတယ်။ ဘာတဲ့… ဟို-တစ်ခုလိုသေးတယ်ဆိုတာ ဘာကို ပြောတာလဲဟ"

"အေး၊ ဟုတ်ပါရဲ့။ ငါက ပြောရင်းဆိုရင်း မေ့သွားလိုက်တာ။ ဟို ငါတို့ ထမင်းမစားခင် စားကောင်းသောက်ကောင်း တစ်ခွက်တစ်ဖလားလုပ်ကြမလားလို့ ပြောတာပါ"

"မင်းနှယ့်ကွာ။ ဒီအချိန် ဘယ်က အရက်သွားဝယ်လို့ ရမလဲဟ။ ပြီးတော့ ဆိုင်က ရွာစွန်ရွာဖျားမှာဆိုတော့ ညဥ့်နက်သန်းခေါင် အဝေးကြီးသွားရမှာ"

"အေး၊ ဒါလည်း ဟုတ်သားပဲကွ"

"အဲ… ဒါနဲ့ ငါ သတိရပြီကွ။ ငါတို့အိမ်မှာ တို့အဖေက စပါးရိတ်ချဖို့ ဆိုပြီး စိမ်ရည်ဖောက်ထားတာ ရှိတယ်ကွ။ ဆယ်အိုးကြီးများတောင် ရှိတယ်ကွ။ မသိမသာ တစ်အိုးလောက်တော့ ငါပြန်ထမ်းလိုက်ဦးမယ်"

"အေး၊ ဒါဆိုရင် ပိုလို့တောင်ကောင်းသေး။ ရွှေငို… အခုပဲ သွားယူလိုက်ကြကွာ။ ကြက်သားအိုးပဲ ဆူတော့မယ်။ ကြက်သားအိုးဆူရင် ချပြီး ထမင်းအိုးထပ်တည်မယ်ကွာ။ ထမင်းအိုး ကျက်အောင် စောင့်ရင်း စိမ်ရည်ကို ကြက်သားနဲ့ မြည်းရရင် မကောင်းပေဘူးလား"

"သိပ်ကောင်းတာပေါ့ကွာ"

ထိုစဉ်က သူတို့ရွာလေးမှာ တောစရိုက်၊ ရွာစရိုက် အလွန်ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလှသည်။ ရွာရှိ ကာလသားများက စုဝေး၍ ကြက်နီးကာ အပျော်ချက်စားကြသည်။ ရပ်ဝေလေ့ ရွာဝေလေ့မို့ တော်ရုံတန်ရုံနှင့် အရေးမယူကြ။ လူငယ်တို့ သဘာဝမို့ ခွင့်လွှတ်တတ်ကြသည်သာ။ သို့သော် ဒေါ်အေးသာလို အဒေါ်ကြီးက အာကျယ်အာကျယ်နှင့် ဆဲရေးလေ့ရှိသဖြင့် သူ့အသံကို တမင်ကြားလို၍ ကာလသားများက နောက်ပြောင် ကျီစယ်ကြခြင်းဖြစ်လေသည်။

ထိုစဉ်က အရက်သေစာရောင်းချမှုမှာလည်း ယခုခေတ်လို ပေါပေါများများမရှိလှ။ တစ်ရပ်လုံး၊ တစ်ရွာလုံးတွင် အရက်ရောင်းသည့် အိမ်တစ်အိမ်သာ ရှိခဲ့သည်။ အရက်ချက်ရောင်းသည့် အလုပ်ကို တော်ရုံတန်ရုံ လူများက ဘာသာတရားအရ မလုပ်ကိုင်လိုကြပေ။ ဆယ်စုံပေါက်ကြား တစ်ဦးတလေသာ ရှိလေသည်။ အရက်ရောင်းချတော့လည်း ရွာစွန်ရွာဖျားမှာသာ ဖြစ်သည်။ ရပ်ထဲရွာထဲမှာ မရောင်းချသည်သာမက နေဝင်ချိန် ၆နာရီထိုးသည်နှင့် အရက်ဝယ်မရတော့ချေ။ အရွယ်မရောက်သေးသူ လူပျို ကာလသားပေါက် ကလေးသူငယ်များကိုမူ အရက်လုံးဝ မရောင်းချကြပေ။ ယခုလို ဓာတုဗေဒ အရက်ချက်စက်ရုံများ မရှိသေးသဖြင့် အရက်မျိုးစုံကို ပေါပေါများများ ဝယ်ယူသောက်သုံးခွင့် မရကြချေ။ ကောက်ညှင်းဆန်၊ ကဆေး၊ ကန့်ချုပ်နီ၊ ထန်းလျက်၊ ကဇော်ကိုသာ ပေါင်းတင် ချက်လုပ်ကြသဖြင့် အခန့်မသင့်လျှင် နယ်ပိုင် ယစ်မျိုး ရဲများ ဖမ်းဆီးခြင်းကိုပင် ခံကြရသည်။

ယခုကာလတွင်မူကား ဓာတုဗေဒနည်းဖြင့် အရက်မျိုးစုံ၊ ဘီယာမျိုးစုံကို နေရာမရွေး၊ အချိန်မရွေး စားသောက်ဆိုင်များတွင်သာမက ကုန်စုံဆိုင်၊ ထမင်းဆိုင်၊ ကွမ်းယာဆိုင်များအထိ ရောင်းချနေကြပါသည်။ မသမာသူ စီးပွားရေးသမားအချို့၏ ဝိသမလောဘဖြင့် အရက်တုများကို ဖန်တီးရောင်းချနေခြင်း၊ လူငယ်များကို အသက်အရွယ် ကန့်သတ်မှုမရှိဘဲ ရောင်းချနေခြင်းတို့ကြောင့် နောင်မြန်မာ့လူငယ်များအရေးကို ရင်လေးမိပါသည်။

✦✦✦

"ကြက်သားကလဲကွ၊ ဦးမြကြီးအိမ်က ကြက်မို့လို့လား မသိ၊ တအားစားကောင်းတာပဲ"

"အေး၊ ကြက်သားတင်လားကွ၊ ရွှေဒိုတို့အိမ်က သူ့အဖေ စိမ်ထားတဲ့ စိမ်ရည်ကလည်း ကောင်းမှ ကောင်း။ ငါတော့ သောက်ကောင်းကောင်းနဲ့ သောက်လိုက်တာ မနည်း။ တွေသွားပြီကွ။ ထမင်းမစားနိုင်တော့ဘူး"

"အေး မင်းတင်လားကွ၊ ငါတို့



ပါ ရီတီတီဖြစ်ကုန်ကြပြီ။ ငါ့မျက်
တစ်ခုလုံး ထုံတုံတုံတောင် ဖြစ်နေ
ဟ"

"အေး၊ ဟုတ်တယ်။ ငါလည်း
စိမ်ရည်တန်ခိုးပြနေပြီ။ မျက်စိရေ
သိပ်မဖွင့်ချင်တော့ဘူး။ ကြက်သား
ရောချက်ထားတဲ့ ဒေါ်အေးသာ
ဘူးသီးက အဆိပ်ပြင်းတယ်ထင်တယ်

"အောင်မာ··မင်းမူးရင် မူးတယ်
ပြောပါလားကွ။ ဒေါ်အေးသာ ဘူး
က အဆိပ်ပြင်းတယ်လေး ဘာလေး
မင်းအဖေ စိမ်ထားတဲ့ စိမ်ရည်က
မမူးသလိုလိုနဲ့"

"ဟေ့ကောင်တွေ··· ငါ
သတိရတယ်"

"ဟေ··ဘာလဲကွ၊ မင်း
အလန့်တကြား"

"ဒီလိုကွ။ ငါတို့ စမ်းကြည့်
အောင်"

"ထွန်းညွန့်ရာ···မင်း
အရင်းမရှိ အဖျားမရှိ ဘာကို
ရမှာလဲ၊ ဘာလဲ မင်း မူးမူးနဲ့
ပိုင်းက မင်းကောင်မလေးဆီ
ချင်ပြန်ပြီလား။ အချိန်မရှိ
မလုပ်နဲ့ကွ။ မင်းယောက္ခမကြီး
လုံးစာမိနေဦးမယ်"

"မဟုတ်ပါဘူးကွ။ ငါက
ခေါ်ကြည့်မလို့"

"ဘာရယ်···၊ ကြ
ထွန်းညွန့်ရာ၊ ကျားခေါ်မယ်လို့

"ဒီလိုလေကွာ၊ တို့အ
အဘွား၊ တို့အဖေ၊ တို့အ
တို့တွေကို တားမြစ်ထားတာ
လေကွာ။ ဟိုကွာ··· ဘာ
ညာမလုပ်ရတို့ တားမြစ်ကြ
တယ်လေကွာ"

"မင်းစကားက ဘာ
ကောင် မူးမူးနဲ့ ပေါက်ကရ



www.burmeseclassic.com

www.burmeseclassic.com

ပြောနေပြန်ပြီ။ မူးရင် အိပ်ကွာ"

"ငါ စလောင်းဖုံးနှစ်ချပ်တီးပြီး ကျားကြီးခေါ်မလို့"

"ဟ…ဒါတော့ မလုပ်နဲ့ကွာ။ ဘယ့်နှယ့် ထွန်းညွန့်ရာ၊ သူများတွေကျ တော့ ထန်းရည်မူး ကျွဲခိုးပေါ်။ ခု မင်း ဘာက စိမ်ရည်မူးတော့ ကျားခေါ်ဆို သလို ဖြစ်နေပါပြီ မောင်ရာ"

"ဘာလဲ ဖိုးပျော့ရ၊ ဒီကောင် နေရင်းထိုင်ရင်း ကြောက်ချေးပါနေပြန် ပြီ။ စလောင်းဖုံးနှစ်ချပ်တီးလို့ ကျားလာ လာ မင်းနဲ့ ငါ အလောင်းအစားလုပ် ကြမယ်။ ကျားလာရင် မနက်ဖြန် မင်း တို့ကို အရက်သုံးလုံးဝယ်တိုက်မယ်။ ကျားမလာရင် မင်းက ငါတို့ကို အရက် ဝယ်တိုက်ရမယ်။ ဟုတ်ပြီလား"

"မကြဲကောင်း မကြဲစည်ရာ ထွန်းညွန့်ရာ။ ရေးထုံးလည်း မပယ်နဲ့၊ ရေးသုံးလည်း မလွယ်နဲ့တဲ့ကွာ။ လူကြီး တွေ စကားကို နားထောင်ပါကွာ။ တော်ကြာ မင်းလုပ်လို့ ကျားရောက် လာမှဖြင့် ငါတို့တွေတင်မဟုတ်ဘဲ၊ တစ်ရွာလုံး ဒုက္ခရောက်ကုန်ကြပါဦး မယ်"

"လာ…လာပေါ့ကွ။ လာရင် အဖေ့တူမီးသေနတ်နဲ့ ပစ်မှာပေါ့"

"အမလေး…မလုပ်ပါနဲ့ မောင် ရာ။ ရွာထဲမှာ အချိန်မတော် သေနတ် ပစ်တယ်ဆိုပြီး မင်းအဖေ အမဲလိုက် လိုင်စင်နဲ့ ကိုင်ခွင့်ရထားတဲ့ သေနတ် လေး သူကြီးဆီ ပြန်အပ်နေရပါဦး မယ်ကွာ"

"ဘာလဲ၊ မင်းက ကြောက်ချေး ပါနေပြီလားကွ"

"ကြောက်ချေးပါလို့ ပြောတာ မဟုတ်ပါဘူး ထွန်းညွန့်ရာ။ မဖြစ်သင့် တာ၊ မလုပ်သင့်တာ မလုပ်ဖို့ ငါက သူငယ်ချင်းကို တောင်းပန်နေတာပါ ကွ"

"မင်း မူးနေရင်လည်း အိပ်တော့ ကွာ"

"မအိပ်ဘူးကွာ။ ကဲ - ပြောနေ ကြာရေးမယ်၊ ငါ့ဆရာ တစ်ခါခေါ်လိုက် မယ်။ စလောင်းဖုံးနှစ်ချပ်တီး ကျားကြီး လာစေကွာ"

"ခွမ်း…ခွမ်း…ခွမ်း…ခွမ်း"

သူငယ်ချင်းများ တားနေသည့် အကြားမှ ထွန်းညွန့်က ရေတ်သီး ကြိတ်သည့် စလောင်းနှင့် ဟင်းချက် မြေအိုးစလောင်းဖုံးနှစ်ခုကို လင်ကွင်း တီးသလို တခွမ်းခွမ်းတီးခတ်နေတော့ သည်။ သူ၏ ခပ်ပြင်းပြင်း လင်ကွင်းကို တီးသကဲ့သို့ တီးလိုက်ရာ မကြာမီ စလောင်းဖုံးနှစ်ချပ်ကို ကြေမွကွဲသွား စေလေတော့သည်။

> ထွန်းညွန့်တို့တစ်သိုက်
> အရက် မူးမူးနှင့်
> မည်မျှ အိပ်ပျော်သွားကြသည်မသိ။
> ကျယ်လောင်သည့်
> ကျားဟိန်းသံကြောင့်
> လန့်နိုးလာကြသည်။
> ရုတ်တရက်တော့ အိပ်မှုန်စုံမွှားနှင့်
> အိပ်မက်ထဲတွင်
> တော၌ ကျားကြီးတစ်ကောင်နှင့်
> တွေ့၍ ကျားကြီးက
> ဟိန်းဟောက်သံလိုလိုနှင့်
> ကမိုက်ကစမ်းဖြစ်ကုန်ကြသည်

"ကဲ…မှတ်ပလား။ မင်းအဖေ ကျား လာရဲလား။ ထွန်းညွန့်တဲ့ကွ၊ တစ်ညွန့်တည်း ရှိတယ်"

"ကဲ…သူငယ်ချင်းရေ အားလုံး မူးနေကြပြီ ညဥ့်လည်း အတော်နက် လှပြီ။ ထမင်းမစားနိုင်တော့တဲ့အတူ အိပ်ကြပါစို့ကွာ"

•••

"အာဝု…အာဝု…အာဝု… ဝေါင်း…ဝေါင်း…ဝေါင်း…ဂရား… …ဂရီး…ဝေါင်း"

ထွန်းညွန့်တို့တစ်သိုက် အရက် မူးမူးနှင့် မည်မျှ အိပ်ပျော်သွားကြသည် မသိ၊ ကျယ်လောင်သည့် ကျားဟိန်းသံ ကြောင့် လန့်နိုးလာကြသည်။ ရုတ် တရက်တော့ အိပ်မှုန်စုံမွှားနှင့် အိပ်မက် ထဲတွင် တော၌ ကျားကြီးတစ်ကောင် နှင့် တွေ့၍ ကျားကြီးက ဟိန်းဟောက် သံလိုလိုနှင့် ကမိုက်ကစမ်းဖြစ်ကုန်ကြ သည်။

"ချွတ်…ချွတ်…ဂွတ်… ဂွတ်…ဂရား…ဝေါင်း…ဝေါင်း"

အိမ်ရှေ့ ဖိနပ်ချွတ်တွင် ကျား တစ်ကောင်၏ ခုန်တက် ပြေးလွှား ကုတ်ခြစ်သံက ဒေါသထွက်သည့် ဟိန်းသံနှင့်အတူ ပေါ်ပေါက်လာသလို၊ အိမ်မှာလည်း သိမ့်ခနဲ တုန်လှုပ်သွား သည်။ ကျယ်လောင်သည့် ကျားဟိန်း သံကြောင့် သူတို့သာမက၊ အနီး ပတ် ဝန်းကျင်ရှိ အိမ်သားများပါ လန့်နိုးကုန် ကြသည်။ ရေမ ကျားဝါစင်းကြီး တစ် ကောင်က အိမ်ရှေ့တံခါးကို ထွန်းထိုး ကုတ်ခြစ်နေသဖြင့် တံခါးမှာ တကျစ်ကျစ် မြည်နေလေသည်။

"ဟေ့ကောင်တွေ…ကျားကြီး တစ်ကောင်ဟိန်းသံကွ။ မကြားမိကြ ဘူးလား။ တို့အိမ်ပေါ် ရောက်နေပြီ"

"ဟေ…ဟုတ်လား၊ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com

နေရင်း ကျားဟိန်းသံကြားမိသလိုလို ပဲ"

"ကဲ . . . ထွန်းညွန့်၊ မအေပေး။ မင်းကို ငါ မပြောဘူးလား။ ကျားက တကယ်ရောက်နေပြီ။ ဖိနပ်ချွတ်ကို တက်ပြီး အိမ်တံခါးကို ကုတ်ခြစ် တိုး ဝင်ဖို့ ကြိုးစားနေပြီ။ နင့်နားမှာ မကြား ဘူးလား"

ရွှေဒိုက ငုတ်တုတ်ကလေး ထထိုင်ကာ ဒိုင်ဒိုင်ဖြစ်နေသည့် ထွန်း ညွန့်ကို အပြစ်တင်လိုက်သည်။ ခိုင်မာ သည့် ပျဉ်းကတိုးတံခါးနှစ်ချပ်ကြားမှ ဟနေသည့်နေရာမှ ထွန်းညွန့်က ချောင်းကြည့်လိုက်သည်။

"အမလေးဗျ . . .၊ နည်းတဲ့ ကျား ကြီးမဟုတ်ဘူး။ တံခါးကို ကုတ်ခြစ်ပြီး အိမ်ထဲကို ဝင်ဖို့ ကြိုးစားနေလိုက် တာ . . . ဟီး . . . ဟီး"

"ဟော့ကောင် . . . ခုမှ ကြောက် မနေနဲ့။ ရော့၊ ဒီမှာ လက်နှိပ်ဓာတ်မီး ယူသွား။ အိပ်ခန်းထဲက မင်းအဖေ တူမီးသေနတ်ကို ယူလာခဲ့။ ယမ်းမှုန့်နဲ့ ကျည်ဆန်တွေပါ တစ်ခါတည်းယူလာ ခဲ့၊ မြန်မြန်လုပ်။ မဟုတ်ရင်တော့ အားလုံး ကျားစာဖြစ်ကုန်လိမ့်မယ်"

"အမေရေ . . . ကယ်ပါဦး၊ ကျွန်တော်တို့တော့ ကျားကိုက်ခံရတော့ မှာပဲ၊ ဟီးဟီး . . . အီး . . . အီး"

ဖိုးပျော့နှင့် ငမော့တို့ နှစ်ကောင် က ကြောက်လွန်း၍ အော်ငိုနေကြ သည်။ ရွှေဒိုက ထွန်းညွန့်ယူလာပေး သည့် တူမီးသေနတ်ကို ယမ်းမှုန့်ထည့် ကာ ယမ်းထောင်ပြီးနောက် ကျည်များ ကို ထည့်လိုက်သည်။ ထို့နောက် သေ နတ်ကို မောင်းတင်ကာ ကျားရှိနေရာ သို့ ပျဉ်ထောင်များအကြားမှ ချောင်း ကြည့်လိုက်သည်။ ကျားကြီးမှာ ကျား ဝါစင်းကြီးဖြစ်သလို၊ ကိုးတောင်ခန့်ရှိ



သည်။ အဝါရောင်ပေါ်တွင် အမည်း ရောင် အစင်းကြီးများနှင့် ဖြစ်သည်။ ပျဉ်ထောင်ပျဉ်စီအိမ်ဖြစ်သည့်အပြင် ပျဉ်းကတိုးတံခါးမှာ ခိုင်မာ၍သာ တော် တော့သည်။ အိမ်မခိုင်လို့ကတော့ သူ တို့တစ်တွေ ကျားကိုက်ခံရမည်မှာ မလွဲ မသွေပင်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော် က မြို့ပြင်ရှုပတ်ဝန်းကျင်တောတောင် တစ်ဝိုက်တွင် ကျားအလွန်ပေါများခဲ့ သည်။ အရှေ့ဘက်ရှိ လင်းသာတောင် တန်းကြီးကို အမှီပြု၍ ကျားများ သောင်းကျန်းလေ့ရှိသည်။ အနေအစား မဆင်ခြင်၊ ပါးစပ်စည်း၊ လူစည်းဖောက် ပါက ကျားကိုက်ခံရလေ့ရှိသည်။ ယုတ်စွအဆုံး၊ လယ်ပြင်တဲများရှိ နွား များကို ဝင်ရောက် ကိုက်ချီသွားလေ့ရှိ ကြသည်။ ထို့ကြောင့် လူတိုင်းက တောခလေ့ တောင်ခလေ့ကို လေးစား လိုက်နာကြသည်။ စည်းနှင့် ကမ်းနှင့်

နေထိုင်သွားလာ လုပ်ကိုင်ကြရသည်မှာ အမှန်ပင် ဖြစ်သည်။

ယခုလည်း ပါးစပ်သရမ်း၊ လ[illegible] သရမ်းသည့် ထွန်းညွန့်တို့အဖို့ တကယ်[illegible] ပင် လက်တွေ့ ရင်ဆိုင်နေကြရပြီ[illegible] သည်။ မုဆိုးနောက်လိုက်လုပ်နေ[illegible] ရွှေဒိုက သူတို့တစ်တွေကို ကိုက်ခဲ[illegible] ကြိုးစားနေသည့် အိမ်အပြင် ဘ[illegible] ကျားဆီသို့ အိမ်အတွင်းမှ မှန်[illegible] တူမီးသေနတ်ဖြင့် ပစ်ခတ်လိုက်သ[illegible]

"ဒိုင်း"

"ဝုန်း . . . ဖရုန်း . . . ဝေါင်း . . . ဝေါင်း . . . ဂီး"

ရွှေဒို ပစ်လွှတ်လိုက်သ[illegible] တူမီးကျည်ဆန်က ကံကော[illegible] ထောက်မစွာ ကျားကြီး၏ ဦးခေါ[illegible] တည့်တည့်ကို ထိမှန်သွားခဲ့သ[illegible] ကျားကြီးမှာ အနီးကပ်၍ တံခါး[illegible] ပစ်ခတ်ခံရသဖြင့် ဦးနှောက်ပွ[illegible] ကျွမ်းတစ်ပတ်လည်ပြီး အိ[illegible] သဲတောတွင် ထွန့်ထွန့်လူး၍ အ[illegible] ငင်နေလေသည်။ ကျားကြီး ငြိ[illegible] သွားတော့မှ သူတို့ တံခါးဖွင့်ကာ [illegible] ကြည့်ကြသည်။ ထို့ပြင် ကျ[illegible] သေနတ်သံကြောင့် ရွာရှိ လူမ[illegible] ရောက်လာကြသည်။ အကြောင်[illegible] သိရသည့်အခါ ရွှေဒိုကို အမွ[illegible] ပြောဆိုကြသလို၊ စည်းဖောက် [illegible] ပြောင်မိသည့် ထွန်းညွန့်မှာ ရွာ[illegible] ၏ ဆဲဆို အပြစ်တင်ခြင်းကို ခံ[illegible] တော့သည်။


* * *

မောင်မြဒေး[illegible]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

လက်ကိုင်ဖုန်းမှ ဂီတသံစဉ်က ထွက်ပေါ်လာသည်။ ကျွန်တော်က လက်ကိုင်ဖုန်းမှ ဖုန်းပြောခလုတ်ကို ဖွင့်၍ . . .

"ဟုတ်ကဲ့ ပြောပါခင်ဗျာ။ ဘယ်သူများလဲလို့"

တစ်ဖက်ဖုန်းပြောသူထံမှ အသံထွက်ပေါ်လာသည်။

"ကျွန်တော်က စာရေးဆရာ တမ္ပဝတီလူထူးကဲပါခင်ဗျာ။ ခုပြောနေတာ ဆရာ သိဏ်းသန်းအောင်(မြင်းခြံ)လား"

"ဟုတ်ကဲ့ပါ။ သိဏ်းသန်းအောင် (မြင်းခြံ)ပါ။ ပြောပါ ဆရာ၊ ဆရာ့ဆီက ဖုန်းလာလို့ ဝမ်းသာပါတယ်"

"ဆရာလည်း ကျွန်တော့်ဆီ အလည်လာမယ်ဆိုပေမယ့် မရောက်ဖြစ်သေးဘူးလေ။ ခုတော့ ဆရာလာဖြစ်ဖို့ ကြုံလာပြီလို့ ပြောရတော့မလိုဖြစ်နေပြီ။ မြစ်သားမြို့ရဲ့ အထင်ကရဖြစ်တဲ့ တည်းတော်ရာ ကျောင်းတိုက်ရဲ့ နှစ် ၅၀ပြည့် မဂ္ဂဇင်းထုတ်ဖို့ ဆရာတော်က ကျွန်တော့်ကို တာဝန်ပေးထားလို့ ဆရာ့ဆီက စာမူလိုချင်တယ်လေ။ အဲဒါ စာမူလည်း ပို့ရင်း ကျွန်တော့်ဆီကို လာလည်ဖို့ ဆရာ့ဆီဖို့ ဖုန်းလှမ်းဆက်လိုက်တာလို့ ဆိုပါတော့ ဆရာ။ ဘယ့်နှယ်လဲ ဆရာ၊ စာမူယူလာပြီး မြစ်သားကို လာမယ်မဟုတ်လား"

"စာမူပို့တာကတော့ ဟုတ်ပါပြီလေ။ ဘယ်လိုသတ်မှတ်ချက်တွေ ရှိတယ်ဆိုတာလည်း သိချင်သေးတယ်၊ ဆရာ ပြောပြပါဦးလေ"

"ဘာသာရေးမဂ္ဂဇင်းဆိုတော့ ဘာသာရေးဆိုင်ရာ စာပေပုံစံအမျိုးမျိုးနဲ့ သင်ခန်းစာပေး ဝတ္ထုမျိုးဆို ရပါတယ် ဆရာရဲ့။ လွတ်လွတ်လပ်လပ်ရေးလို့ ရပါတယ်။ ဒါဆို ရတယ်မဟုတ်လား။ တစ်ပတ်အတွင်းဆို လာနိုင်ပါ့မလား။ လာမယ်ဆိုရင် ကျွန်တော့်ဆီ လှမ်းဖုန်းဆက်လိုက်ပါ။ ကားဂိတ်ကို ကျွန်တော် လာကြိုမှာပေါ့"

"ကောင်းပြီလေ။ ကျွန်တော် လာခဲ့ပါ့မယ်၊ စိတ်ချ။ ကျွန်တော်ကလည်း ဆရာတို့ မြစ်သားက စာရေးဆရာတွေနဲ့ ဆုံချင်နေတာနဲ့ အတော်ပဲပေါ့ဗျာ"

ဤသို့ဖြင့် ဆရာ တမ္ပဝတီ လူထူးကဲ ရှိရာသို့ ကျွန်တော်သွားဖြစ်ခဲ့ပါတော့သည်။ သို့ရာတွင် ယခင်ကလို မြင်းခြံ-မန္တလေး ကားစီးသွား၍ မြစ်သားမြို့ကို တိုက်ရိုက်မရောက်ပါလေတော့။ မန္တလေးအမြန်ယာဉ်ဖြင့် လိုက်၍ ပြင်စည်ကျေးရွာရောက်လျှင် ဆင်းနေရပါမည်။ ထို ပြင်စည်ရွာမှတစ်ဆင့် မြစ်သားသို့ ပြေးဆွဲနေသော ဟိုင်းလတ်ကားငယ်လေးများဖြင့် မြစ်သားမြို့သို့ ရောက်ရန် ဆက်လက်စီးခဲ့ရပြန်ပါသည်။ မြစ်သားမြို့ ကားဂိတ်ရောက်သည်နှင့် သံလမ်းကားဂိတ်အနီးရှိ "ကောင်းလိုက်" လက်ဖက်ရည်ဆိုင်တွင် ထိုင်လျက် ဆရာ လူထူးကဲထံသို့ ဖုန်းဖြင့် ကားဂိတ်အနီး "ကောင်းလိုက်"လက်ဖက်ရည်ဆိုင်မှ စောင့်နေကြောင်း အသိပေး အကြောင်းကြားလိုက်ရတော့သည်။ ယခင်က သူ့အိမ်သို့ မရောက်ဘူးသေးသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ကျွန်တော် လက်ဖက်ရည်သောက်ပြီး မကြာမီ ဆရာ လူထူးကဲ ဆိုင်ကယ်ဖြင့် ရောက်လာပါတော့သည်။

"ဆရာ သိဏ်းသန်းအောင် ရောက်နေတာ ကြာပြီလား။ ကျွန်တော် ကြိုရောက်မနေတာ အားနာလိုက်တာ ဆရာရယ်"

ဟု အားနာသည့်လေသံဖြ
ပြောနေသဖြင့် ကျွန်တော်က အား
ရန် လက်ကာပြပြီး . . .

"ကဲ - ဒါတွေ ပြောစရာမလို
ဘူး။ ကျွန်တော်တော့ လက်ဖက်ရ
သောက်ပြီးပြီ။ ဆရာသောက်မယ်
ထိုင်ဦးလေ"

"ကျွန်တော်က သောက်ပြီး
ဆရာ၊ ဒါဆို သွားကြစို့"

ထို့နောက်တွင် နှစ်ဦးသား ဆိ
ကယ်ဖြင့် ဆရာ လူထူးကဲတို့နေ
သို့ ရောက်လာခဲ့ကြတော့သည်။ အိ
သို့ ရောက်သည်နှင့် ဆရာတော
အပြုံးဖြင့် ဆီးကြိုနေပါသည်။ ဆ
လူထူးကဲမှ ကျွန်တော်နှင့် သူ့
မမာမာဝင်းနှင့် မိတ်ဆက်ပေးပါသ
နောက်ပိုင်းတွင် ဆရာတို့အိ
လင်မယားနှစ်ဦးတည်းသာ ရှိပြီး လွ
လပ်ပွင့်လင်း အနှောင်မဲ့ကင်းသ
နှစ်ကိုယ်တူ ချစ်စံအိမ်လေးတစ်
သိလိုက်ရပါသည်။ သားသမီးသုံးယော
ရှိသည့်အနက် သားတစ်ယောက်ဆ
သွား၍ ကျန်ရှိသည့်သားနှင့် သမီ
မလေးတွင် အလုပ်အကိုင်များ
ထောက်ပံ့နေသည်ကို သိခွင့်ရခဲ့ပါ
ဆရာ လူထူးကဲအိမ်ရောက်၍ ခေ
အနားယူပြီး မတတ်တတတ် ကွ
တာပညာရှင်နှစ်ယောက် တ
သလောက် အတိုင်အဖောက်ညီ
ပညာချင်း ဖလှယ်ခဲ့ကြသည်တွင် မြ
သားမြို့၏ အနောက်ဘက်
သလင်းလ၏ နေရောင်လက်
အမှောင်ဘက်သို့ပင် ဝင်လု
ရောက်နေချေပေါ့။

သူပိုင် လက်တော့ကွန်ပျူ
လေးခမျာလည်း လက်ဆော့လိုက်
သည့် နှစ်ဦးသား၏ လက်ချက်
ညည်းညူစွာပင် ဆက်လ



www.burmeseclassic.com

www.burmeseclassic.com

မလုပ်နိုင်တော့သဖြင့် နှစ်ဦးသား လက်လျှော့ကာ ရေမိုးချိုးကြလျက် ဆရာလူထူးကဲမှ စစ်ကဲကျောင်းတိုက်သို့ လည်းကောင်း၊ မဂ္ဂဇင်းထုတ်မည့် တည်းတော်ရာ မဟာစည်ကျောင်းတိုက်သို့ လည်းကောင်း ဆိုင်ကယ်ဖြင့် လိုက်၍ ညနေပိုင်းအချိန်တွင် ပို့ဆောင်ပေးခဲ့သဖြင့် ကျွန်တော့်အနေဖြင့် ကြိုတောင့်ကြံခဲ သီလအစဉ်မြဲသည့် ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ခွင့်ရခဲ့ပါသည်။

ထိုသို့ ဖူးမြော်ခဲ့ပြီးသည်နှင့် စေတနာလွန်ကဲသော ဆရာ လူထူးကဲက စစ်ကဲတံတား၊ ပန်းလောင်တံတား အလှများနှင့် ထူးကဲသည့် ပန်းလောင်မြစ်၏ ရေစီးဆင်းပုံအား လိုက်လံ ပြသခဲ့ပါသည်။ ပန်းလောင်မြစ်ရေ၏ စီးဆင်းပုံကား အံ့ဩဖွယ်ကောင်းလှပါဘိ။ စဉ်းစားကြည့်လေ။ မြန်မာနိုင်ငံအတွင်းရှိ မြစ်များအားလုံးက မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်းကြမြဲ။ စာရေးဆရာ လူထူးကဲ နေထိုင်သော မြစ်သားမြို့၏ အထင်ကရဖြစ်သည့် ပန်းလောင်မြစ်သည်ကား ထိုသို့မဟုတ်။ မြို့၏ တောင်ဘက်တွင် အရှေ့မှ အနောက်သို့ စီးဆင်းလာခဲ့ရာမှ မြို့အနောက်ဘက်ရောက်သော် တောင်မှ မြောက်သို့ စီးဆင်းလျက် မြစ်ငယ်မြစ်သို့ စီးဝင်ကာ ညီညာဖျဖျ မြစ်ရောဝတီဖြင့် ပူးပေါင်းရင်း မြောက်မှ တောင်သို့ လိုက်ပါကာ သမုဒ္ဒရာအတွင်းသို့ ဝင်ရောက်သွားခဲ့သည့် ထူးခြားသည့် မြန်မာပြည်၏ ထူးခြားသည့် မြစ်တစ်စင်းပင် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် ဆရာ လူထူးကဲအား အထူးကျေးဇူးတင်လိုက်ပါဘိခြင်း။ ယခင်က မရောက်ဘူးခဲ့သောဒေသ၏ အလှအား စိတ်ရှည်

“အလှအား စိတ်ရှည် လက်ရှည်ဖြင့်
ပို့ဆောင်ပြသခဲ့သော်လည်း
စိတ်လည်း မရှင်၊ ဘဝင်မကျ
ဖြစ်ခဲ့ရသည်က ကျွန်တော်၏
ဆိုးဝါးလှသည့်
အကျင့်ဆိုးကြောင့်ဟုသာ
ဆိုရပါမည်။ ပြောရလျှင်
ညနေ မှောင်ရီပျိုးပြီဆိုမှဖြင့်
စချင့်ပြန်ချင်သလိုလို၊
စိတ်အလိုကို လိုက်ခဲ့မိသော
ကျွန်တော့်မှာ အရက်ကိုသာ
တမ်းတမ်းတတ
ဖြစ်နေခဲ့ရပါတော့သည်”

လက်ရှည်ဖြင့် ပို့ဆောင်ပြသခဲ့သော်လည်း စိတ်လည်း မရှင်၊ ဘဝင်မကျဖြစ်ခဲ့ရသည်က ကျွန်တော်၏ ဆိုးဝါးလှသည့် အကျင့်ဆိုးကြောင့်ဟုသာ ဆိုရပါမည်။ ပြောရလျှင် ညနေ မှောင်ရီပျိုးပြီဆိုမှဖြင့် စချင့်ပြန်ချင်သလိုလို၊ စိတ်အလိုကို လိုက်ခဲ့မိသော ကျွန်တော့်မှာ အရက်ကိုသာ တမ်းတမ်းတတဖြစ်နေခဲ့ရပါတော့သည်။ သည်တော့လည်း မရက်နိုင်တော့ပါလေ။

“ကဲ - ဆရာကဲ စိတ်တော့ မဆိုးနဲ့ဗျာ။ ဒီအချိန်ဆိုရင် ကျွန်တော် အလုပ်တစ်ခုလုပ်နေကျမို့ ခွင့်လွှတ်ပေးပါ”

ဆရာကဲကလည်း အကင်းပါးလှပါသည်။ ရယ်ရယ်မောမောနှင့်ပင် ပြန်ပြောပါလေ၏။

“အချင်းချင်းတွေပဲလေ၊ ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ် ဆရာရဲ့”

ဆရာ လူထူးကဲ ပြောလိုက်သည့် စကားကြောင့် ကျွန်တော် စိတ်ချမ်းသာသွားလိုက်သည့် ဖြစ်ခြင်းရယ်လေ။

“ဒါဆိုလည်း ဒီလိုလုပ်ဗျာ။ မြစ်သားမြို့ စာရေးဆရာထဲက သောက်တတ် စားတတ်တဲ့ ဆရာတွေနဲ့ သောက်ရင်းစားရင်း စာကြောင်းပေကြောင်း ပြောကြတာပေါ့နော်”

“အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် ဆရာ သိဏ်းသန်းအောင်ရေ။ ကျွန်တော်တို့မြို့နယ်မှာ စာရေးဆရာက အားလုံး ခြောက်ယောက်ပဲ ရှိတာ။ နှစ်ယောက်က အမျိုးသမီးတွေ ဖြစ်နေတယ်။ ကျန်တဲ့ ယောကျ်ားသား လေးယောက်ကလည်း အသက်အရွယ်ကြီးတာနဲ့၊ မသောက်ကြတာနဲ့မို့ ဆရာကြိုက်နှစ်သက်တဲ့အလုပ်ကို ဆရာစိတ်ချမ်းချမ်းသာသာနဲ့ အားမနာတမ်းလုပ်ပါနော်။ ညီလာခံမှာလည်း တွေ့နေကျမို့ ဆရာ့အကြောင်းကို သိထားပြီးသားပါ။ ဆရာက စည်းကမ်းနဲ့ သောက်တတ်တဲ့ လူဆိုတာ ကျွန်တော်သိပါတယ်။ အဲ - ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်။ အိမ်က မိန်းမက ကျန်းမာရေး သိပ်မကောင်းတော့ ဟင်းချက်ရာမှာ ကျွန်တော်ကိုယ်တိုင် စီစဉ်ရမှာဆိုတော့ ဆရာ့ကို ဆိုင်လိုက်ပို့ပြီး ကျွန်တော် ခဏအိမ်ပြန်လိုက်မယ်။ ဆရာ အေးအေးဆေးဆေးသာ လုပ်ပါ။ နောက်ပြီးမှ ကျွန်တော်လာခေါ်မယ်။ ဘာမှအားမနာနဲ့။ ကျွန်တော့်ဘက်ကသာ အားနာနေမိတာ။ ဒါကိုတော့ ခွင့်လွှတ်ပါ ဆရာနော်”



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ၅နာရီကျော်ကျော်၊ နေဝင်ဖျိုးဖျ။ ယမကာသောက်ချိန်ကျနေပေါ့။ ကျွန်တော်က ကျေကျေနပ်နပ်ဖြင့်ပင် သူ့အား ကျေးဇူးတင်လိုက်မိပါသည်။ သို့ပေမယ့် စိတ်ထဲမှာတော့ တွေးလိုက်မိသေး၏။ "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့၊ ကင်းအောင်နေ"ဆိုဘိသို့ ရှောင်တာမျိုး မဖြစ်ပါစေနှင့်ဟူ၍သာ ဆုတောင်းနေမိသည်ကတော့ အမှန်ပင်။ စိတ်ထဲမှ တွေးလိုက်မိရင်း မြစ်သားမြို့နယ်မှ စာရေးဆရာများအား ဂုဏ်ပြုလိုက်မိပါသေးသည်။ နောက်ဆုံး၌ ယမကာကြိုက်တဲ့ ကျွန်တော်လူမိုက် မြစ်သားရောက်သခိုက်တော့ သောက်ဖြစ်အောင် သောက်လိုက်ရဦးပေမပေါ့ဟု ကိုယ့်စိတ်ကို ဖြေရင်း ဆရာကဲ ပို့ပေးခဲ့သော "ရွှေမြိုင်" စားသောက်ဆိုင်အတွင်းသို့ ဝင်ကာ ဘုရားမကြိုက်သည့် အမှားစရိုက်အား မိုက်မဲစွာ ကျူးလွန်ခဲ့မိပါတော့သတည်း။

◆◆◆

ညစာစားသောက်ပြီးကြသော်လည်း ကျွန်တော်တို့နှစ်ယောက် မအိပ်နိုင်ကြသေးဘဲ ထုတ်လုပ်မည့် ဘာသာရေးမဂ္ဂဇင်းအတွက် လက်တော့ကွန်ပျူတာလေးအား နှိပ်စက်ကြပြန်သည်။ ယစ်ရွှေရည်လေး မှီဝဲလာသော ငြင့်သည် ကျွန်တော့်အား ဆရာလူထူးကဲက အားနာလာပုံရသည်။

"ကဲ - ဆရာ သိတ်းသန်းအောင်ညဥ့်လည်း နက်ပြီဗျာ။ ဆရာ အိပ်ရေးပျက်နေဦးမယ်။ အိမ်အပေါ်ထပ်မှာ ဆရာ့အတွက် အိပ်ရာပြင်ထားတယ်၊ တက်ကြရအောင်"

မူလတန်းအဆင့်လောက်သာ ရှိသည့် ကွန်ပျူတာ ပညာလေးများဖြင့် နှစ်ယောက်သား ဖလှယ်နေကြရာမှ ဆုံးဖြတ်ချက်ချလိုက်ကြတော့သည်။

ဆရာကတော် မမာမာဝင်းမှာ အလွန်အေးသူတစ်ဦးမို့ ကျွန်တော်တို့အား ဘာမျှပြောဆိုခြင်း မရှိ၊ အလိုက်သိစွာ အိပ်နေရှာသည်။ အလိုက်မသိသူများကမူ ကျွန်တော်တို့နှစ်ယောက်သာ ဖြစ်ပေလိမ့်မည်။ ဆရာ လူထူးကဲက ကျွန်တော့်အား အိမ်ပေါ်ထပ် အိပ်ရာရှိရာသို့ လိုက်ပို့ပေးသည်။ ကျွန်တော်လည်း အတွန့်မတက်တော့ဘဲ အိပ်ရာဝင်လိုက်တော့၏။

အိမ်အပေါ်ထပ်ဝယ် ဘုရားမီးတစ်လုံးထွန်းထားသဖြင့် မှိန်ပျပျအလင်းရောင်က အခန်းလေးသို့ ဖြာကျနေသည်။ ကျွန်တော့်မှာ အရက်သောက်တတ်ပေမယ့် အိပ်ရာဝင်တိုင်း အမြဲ ဘုရားအား ဝတ်ပြုပြီးမှ အိပ်နေကျအတိုင်း ဘုရားအား ဦးခိုက်ကန်တော့ပြီးမှသာ အိပ်ရာသို့ ဝင်ရောက်အိပ်လိုက်ရတော့၏။



အိပ်ရာအပြောင်းအလဲဖြစ်သော်လည်း ယမကာအရှိန်ကြောင့် ခေါင်း... လိုက်သည်နှင့် မိန်းမောအိပ်ပျော်သွား... တော့သည်။ ကျွန်တော် မည်ရွေ့မည်မျှ... အိပ်ပျော်ခဲ့လေသနည်း မသိ၊ စိတ်အသိ... က ကျောထဲ ယားလာသဖြင့် မျက်စိ... မှိတ် ကုတ်သော်လည်း အယားက... မပြေ။ ထို့ကြောင့် အိပ်နေရာမှ ထ... လျက် အိပ်ရာခင်းပေါ်သို့ လက်နှိပ်ဓာတ်... မီးဖြင့် ထိုးကြည့်လိုက်၏။ အလို... မြတ်စွာဘုရား... အိပ်ရာခင်းပေါ်ဝယ် ကြမ်းပိုးတွေ ပြေးလွှားနေပါကလား... ကျွန်တော်က ကြမ်းပိုးများအား လက်... ဖြင့် လိုက်ခြေပစ်မည်အလုပ် ကိုယ့်... မျက်လုံးများကိုပင် ကိုယ် မယုံနိုင်... အောင် ဖြစ်သွားရသည်။ စဉ်းစားကြည့်... လေ၊ စောစောက ဓာတ်မီးဖြင့် ထိုး... ကြည့်လိုက်စဉ်က အိပ်ရာခင်းပေါ်တွင်... ကြမ်းပိုးတွေက မနည်းမနော။ ခုတော့... တစ်ကောင်တလေမျှ မရှိပါလေတော့... ကိုယ့်မျက်စိကို ကိုယ်ပြန်ပွတ်ကြည့်... လိုက်သည်။ အိပ်ရာခင်းပေါ်၌ ဘာ... ဘာမျှ မတွေ့ရ။ အမူးပြေသွားသဖြင့်... စိတ်ထင်ခြင်းသာ ဖြစ်လိမ့်မည်ဟု တွေး... လျက် အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်... တော့၏။ မျက်စိကြောင်သွားသည့်အထဲ... အောက်ထပ် အခန်းတွင်းမှ ထွက်ပေါ်... လာပြန်သည့် ဆရာ လူထူးကဲ၏... ဟောက်သံက မျက်လုံးမှိတ်မရအောင်... ပင်။ ထိုသို့ မျက်လုံးပွင့်နေဆဲ ပိတ်ထား... သော လေကားထိပ် အခန်းတံခါးဆီ... မီးခိုးလုံးများပမာ ဖြူဖွေးဖွေး အရိပ်... သဏ္ဍာန်တစ်ခု အိမ်အတွင်းသို့ တဖြည်း... ဖြည်းဝင်လာသည်ကို တွေ့လိုက်ရပြ... သည်။ ကျွန်တော့်အနေဖြင့် မကြောက်... တတ်ပေမယ့် ထူးထူးဆန်းဆန်း ဖြစ်... ကွင်းဖြစ်စဉ်မို့ အာရုံစိုက်ကြည့်နေလိုက်... မိသည်။ ထိုဖြူဖြူအငွေ့တ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ခြင်ထောင်ပတ်ပတ်လည်သို့ ဝေ့ဝိုက်ပြီးသကာလ ဝင်လာသည့် တံခါးပေါက်ဆီသို့ ရောက်ကာ ပျောက်ကွယ်သွားလေတော့သည်။ ထူးခြားသည်ကတော့ အမှန်ပင်။

ဘာပဲဖြစ်ဖြစ် မနက်မိုးလင်းမှ ဆရာ လူထူးကဲအား ပြောပြဦးမည်ဟု စဉ်းစားထားလိုက်ရင်း ဘုရားကို အာရုံပြုကာ မျက်စိမှိတ်၍ အိပ်ပျော်အောင် ကြိုးစားလိုက်ရတော့သည်။ နောက်တစ်ကြိမ် ပြန်လည်အိပ်ပျော်သွားသည့်ကိုပင် သတိမထားမိဘဲ ဖြစ်နေဆဲ နားစည်ထဲသို့ တဝီဝီ ခြင်အော်သံတွေက ကျယ်ကျယ်လောင်လောင်ပင် ဝင်လာတော့သည်။ စောစောက ကြမ်းပိုးကို ဓာတ်မီးဖြင့် ထိုးကြည့်စဉ်က ခြင်ထောင်အတွင်းသို့ တိုးဝင်လာကြခြင်းပေလား မပြောတတ်တော့။ ခေါင်းအုံးနံဘေးမှ ဓာတ်မီးဖြင့် ခြင်ထောင်ထဲသို့ ဟိုဟိုသည်သည် ထိုးကြည့်လိုက်သည်။ ကြည့်စမ်းပါဦးတော့၊ လာလိုက်သည့် ခြင်ကောင်တွေက အစုလိုက် အပြုံလိုက်။ ကြောက်ရွံ့ ထိတ်လန့်စရာပါပဲလား။ ကျွန်တော်က အနီးရှိ ယပ်တောင်ဖြင့် ခါယမ်းပစ်လိုက်သည်။

ထူးထွေသည့် အံ့ရာသော်ပါတကား။ ယပ်တောင်ကိုင်လိုက်မှ စောစောက တဝီဝီဖြင့် အသံပေးသောင်းကျန်းခဲ့သော ခြင်တွေ ဘယ်ရောက်ကုန်ပါလိမ့်။ အကောင်ရော အသံပါ ပျောက်ချင်းမလှ ပျောက်သွားသည်မှာ ထူးဆန်းနေတော့၏။ မဟုတ်မှလွဲရော ဆရာ လူထူးကဲနေသော အိမ်က သာမန်အိမ်မျိုးမှ ဟုတ်ပါလေစေ။ လူတင် ထူးကဲရုံမက၊ အိမ်ကပါ ထူးကဲနေပါရောလား။ ဂမ္ဘီရဝတ္ထုတွေ ရေးနေသော ဆရာ လူထူးကဲသည် ဂမ္ဘီရပညာတွေ တတ်နေချေသည်ပဲလား။ သူ၏

ကျွန်တော် ကောင်းကောင်းအိပ်၍ မရပါချေ။ အိပ်ပျော်လု ဆဲဆဲပင် ရှိသေး၊ အိမ်အပေါ်၌ ကြောင်စာရောင်းရန် ကြွက်မွေးထားဟန် တူပါသည်။ ကျွန်တော့်ခြေထောက်အား ကြွက်လာဆွဲသည်ကို ခံစားလိုက်ရ၏။ အိပ်ရာမှ မထချင်သဖြင့် လာဆွဲသော ကြွက်အား ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ခြေထောက်ဖြင့် ကန်သော်လည်း ဆရာကဲ လက်သပ်မွေးထားသော ကြွက်သရဲဖြင့် တွေ့နေရသည်လား မပြောတတ်ပါလေတော့။

ဂမ္ဘီရပညာဖြင့် မှုခင်းရေးသော ကျွန်တော် သိဏ်းသန်းအောင်အား အကဲစမ်းနေချေသည်ပဲလား မသိ။ သို့သော်လည်း သူတို့အိပ်ခန်းတွင်းမှ ဆရာကဲ၏ ဟောက်သံကတော့ မှန်မှန်ကြီး ထွက်ပေါ်နေဆဲပင် ဖြစ်ပါလေ၏။

လောကီပညာဆိုသည်က လူက အိပ်နေသော်ငြား၊ ပညာက သွားလာနေတတ်သည်ဟု ကြားဖူးနားဝရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော့်ကိုတော့ ဆရာကဲက သူ၏ ဂမ္ဘီရပညာဖြင့် အန္တရာယ်မပေးစကောင်း။ ပေးလျှင်တော့ ကျွန်တော် မှုခင်းစာရေးဆရာက ခေါင်းငုံ့မခံ။ အနည်းဆုံး မှုခင်းဇာတ်လမ်းဆင်၍ ပြန်ဆော်မည်ဆိုသည်ကို တော့ သူ အတွေးပေါက်လိမ့်မည်ဟု ထင်မိပါသည်။ ထို့ကြောင့် မျက်စိကိုမှိတ်၊ နားကို ပိတ်လျက် အိပ်ပျော်အောင် အိပ်ပစ်လိုက်ပါတော့သည်။

သို့သော် ကျွန်တော် ကောင်းကောင်းအိပ်၍ မရပါချေ။ အိပ်ပျော်လု ဆဲဆဲပင် ရှိသေး၊ အိမ်အပေါ်၌ ကြောင်စာရောင်းရန် ကြွက်မွေးထားဟန် တူပါသည်။ ကျွန်တော့်ခြေထောက်အား ကြွက်လာဆွဲသည်ကို ခံစားလိုက်ရ၏။ အိပ်ရာမှ မထချင်သဖြင့် လာဆွဲသော ကြွက်အား ခြေထောက်ဖြင့် လှမ်းကန်လိုက်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ခြေထောက်ဖြင့် ကန်သော်လည်း ဆရာကဲ လက်သပ်မွေးထားသော ကြွက်သရဲဖြင့် တွေ့နေရသည်လား မပြောတတ်ပါလေတော့။ ဟော့ဟော့ ရမ်းရမ်းကြွက်က ပိုလို့ပင် အတင့်ရဲလာသည်ထင့်။

မတတ်သာသည့်အဆုံး အိပ်နေရာမှ ငေါက်ခနဲ ထထိုင်ရင်း ကြွက်ကို ဓာတ်မီးဖြင့် လှမ်းထိုးကြည့် လိုက်မိပါလေ၏။ မှုခင်းနှင့် ဂမ္ဘီရ စာရေးဆရာ ကျွန်တော် သိဏ်းသန်းအောင်(မြင်းခြံ)၏ ဦးခေါင်းကြီးသည် ပုတ်လောက်ထိ ကြီးသွားသည်ဟု ထင်လိုက်ရတော့သည်။ ဟုတ်သည်လေ။ ကျွန်တော့်ခြေထောက်အား လာထိနေသည်က ကြွက်မဟုတ်။ မည်သည့်နေရာ၊ မည်သည့်အချိန်က ရောက်လာခဲ့မှန်းမသိသော ဆံပင်သျှောင်ထုံးထားသော အဘိုးအိုတစ်ယောက်က ကျွန်တော့်ခြေထောက်ကို ကိုင်ဆွဲနေသည်ပဲကိုး။

"ဟာ...အဘ...အဘ၊ ဘာဖြစ်လို့ ကျွန်တော့်ခြေထောက်ကို လာဆွဲနေတာလဲ။ အဘက ဘယ်က ရောက်လာတာလဲခင်ဗျာ၊ အောက်ထပ်မှာ..."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စကားအဆုံးထိပင် မပြောလိုက်ရ။ အဘိုးအိုလက်တစ်ဖက်က ကျွန်တော့်ခြေထောက်ကို ဆွဲကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် တံခါးပေါက်ဆီသို့ ညွှန်ပြနေသည်ကို တွေ့လိုက်ရပါလေ၏။ အစ ပထမတော့ ကျွန်တော် မတွေးတတ်ဘဲ ဖြစ်နေရသည်။ နောက်တော့မှ သူဆိုလိုခြင်းအဓိပ္ပာယ်ကို သဘောပေါက်လိုက်မိတော့၏။ အဘိုးအိုက ကျွန်တော့်အား အိမ်ပေါ်မှ နှင်ချနေခြင်းပါတကား။

အကြောင်းစုံ သိလိုသဖြင့် အဘိုးအိုအား မေးမြန်းမည်အလုပ်၊ ဝုတ်ခနဲဆိုသလို အဘိုးအိုမှာ ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ ကျွန်တော့်မှာ ကြောက်သည်လည်း မဟုတ်၊ လန့်သည်လည်း မဟုတ်သော်ငြား ထူးခြားနေသည်ကတော့ အမှန်ပင် မဟုတ်ပါလား။ အဘိုးအို ပျောက်ကွယ်သွားသည်နှင့် ကျွန်တော့်မှာ အတွေးနယ်ချဲ့ရင်း မိုးလင်းသည်အထိ မျက်လုံးတွေ ကြောင်ကာ အိပ်လို့မရဘဲ ဖြစ်နေရပါတော့သည်။

◆◆◆

ညက အဖြစ်အပျက်အား နံနက်စာဖြင့် ဧည့်ခံနေသော ဆရာ လူထူးကဲကို ပြောပြလိုက်မိပါသည်။ ဆရာ့မျက်နှာကြည့်ရသည်မှာ ထူးခြားမှု မရှိသလို ပြုံးယောင်ယောင်ဖြစ်နေပေမယ့် အားတုံ့အားနာတော့ ဖြစ်နေပုံရပါသည်။

"ကဲ - မနက်စာလေးတော့ စားလိုက်ပါဦး ဆရာ သိဏ်းသန်းအောင်။ နောက်တော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆွေးနွေးကြသေးတာပေါ့"

ဆရာ လူထူးကဲ အမျိုးသမီး မငင်းမှာ တည်ငြိမ်အေးဆေးသော်လည်း တာဝန်ကိုတော့ မလစ်ဟင်းအောင် ပြုစုစောင့်ရှောက်ရှာပါသည်။ ဤသို့ဖြင့် ကျွန်တော်လည်း စကားဆက်မပြောတော့ဘဲ သူတို့ကျွေးမွေးသည့် နံနက်စာအား စားသောက်ခဲ့ရတော့သည်။ စားသောက်အပြီးတွင် ဆရာ လူထူးကဲမှ စာအုပ်တစ်အုပ်အား ယူဆောင်လာရင်း···

"အဲဒီ ဂမ္ဘီရမဂ္ဂဇင်းထဲမှာ ပါတဲ့ ကျွန်တော်ဝတ္ထုလေးကို ဖတ်ကြည့်ထားပါဦး ဆရာ။ ဖတ်ကြည့်ပြီးရင်တော့ ဆရာ ညက ဖြစ်ခဲ့တဲ့ အဖြစ်ရဲ့ တချို့တစ်ဝက်ကို စာရေးဆရာပီပီ တွေးတတ်မှာပါ။ ဆရာ စာဖတ်နေတုန်း ကျွန်တော့်လူတွေကို "ပြည့်ဝ"လက်ဖက်ရည်ဆိုင်မှာ ဆုံကြဖို့ ဖုန်းနဲ့ အကြောင်းကြားလိုက်ဦးမယ်"

အမှန်စင်စစ် သူ့လူတွေ ဆိုသည်မှာ မြစ်သားမြို့နယ်မှ စာရေးဆရာများကို ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့်



ကျွန်တော်က ဘာမှပြန်မပြောတော့ဘဲ သူပေးလိုက်သည့် ဂမ္ဘီရစာအုပ်အား ဖတ်ကြည့်နေလိုက်မိတော့၏။ စာအုပ်မှာ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလထုတ် ဂမ္ဘီရမဂ္ဂဇင်းပင် ဖြစ်ပါလေ၏။ ဆရာ လူထူးကဲက သည်စာအုပ်ထဲမှာ ပါသည့် သူ့ဝတ္ထုကို ဖတ်ကြည့်ထားပါဟု ညွှန်းဆိုထားသည်ပဲလေ။ ထို့ကြောင့် ကျွန်တော်က သူ့ဝတ္ထုပါသည့် စာမျက်နှာအား လှန်ကြည့်လိုက်မိတော့သည်။ တွေ့လိုက်ရပါချေပြီ။ ဘာတဲ့၊ သူ့ဝတ္ထုအမည်လေးက "မေတ္တာမျှပူ အိမ်စောင့်ပေးတဲ့သူ"တဲ့လေ။ စာအုပ်ထဲပါ သူ့ဝတ္ထုပန်းချီကားလေးကလည်း သူ့အိမ်ပုံစံနှင့် တစ်ထပ်တည်းပါပဲကလား။ သည်အတိုင်းဆိုလျှင် ညက ကျွန်တော်တွေ့ကြုံခဲ့သည့် တစ်ညတာ အဖြစ်ဆန်းလေးနှင့် ပတ်သက်နေချေပြီပဲထင်၊ ထို သိလိုစိတ်က အလျှင်အမြန်ပင် သူ့စာမူလေးအား ဖတ်ကြည့်လိုက်မိလေတော့၏။

ဆရာ လူထူးကဲ ရေးထားသည့် စာမူထဲကအတိုင်းဆိုလျှင် ကျွန်တော် ညက တွေ့ခဲ့ရသည့် အဖြစ်ဆန်းကား အံ့သြဖွယ်ရာ မရှိပါလေတော့။ ဆိုရလျှင် သူ့နေအိမ်ဝယ် အစောင့်ပုဂ္ဂိုလ်တစ်ဦးရှိနေသည်မှာ အမှန်ပင်။ ညတုန်းဆီက ကျွန်တော့်ခြေထောက်အား လာရောက်ဆွဲသူမှာ ပုဂ္ဂိုလ်ထူးသာ ဖြစ်ပေလိမ့်မည်။ စဉ်းစား၍မရသည်က ထိုမြင့်မြတ်သည့် ပုဂ္ဂိုလ်အနေဖြင့် ကျွန်တော့်ခြေထောက်အား အိမ်အပြင်သို့ ဘာကြောင့် နှင်ထုတ်ရပါသနည်း။ ထိုအဖြေကို သိချင်သည်။ ခဏအကြာ ဆရာ လူထူးကဲ အနားသို့ ရောက်လာသည်။

"ဘယ်နှယ့်လဲ ဆရာ သိဏ်းသန်းအောင်။ ကျွန်တော်ရေးတဲ့ စာမူက တကယ်ဖြစ်ရပ်မှန်ပါ။ မနေ့ညက ဆရာ

www.burmeseclassic.com

ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ကို ကြည့်ပြီး သဘောပေါက်လိမ့်မယ် ထင်ပါတယ်နော်"

"အင်း…၊ ပရလောကသားတွေဟာ ကျွန်တော်တို့အနီးဝန်းကျင်မှာ ရှိနေကြတာပဲကိုး။ တစ်ခုပြောစရာရှိတာကတော့ အချို့က ကျွတ်လွတ်ပြီးလို့ ကောင်းရာမွန်ရာဘဝရောက်နေကြပေမယ့် တချို့ကျတော့လည်း ဘဝတစ်ပါးပြောင်းလုဆဲဆဲအချိန်လေးမှာ အစွဲအလမ်းအမျိုးမျိုးကြောင့် မကျွတ်မလွတ်နိုင်ကြဘဲ လူတွေဆီက နေပြီး ကုသိုလ်ကောင်းမှု အမျှပေးဝေခြင်းကို စောင့်မျှော်နေကြတာမျိုးလည်း ရှိတယ်"

"ဟုတ်တယ် ဆရာရဲ့။ လူတွေပေးဝေမယ့် ကုသိုလ်ကောင်းမှုကို သာဓုခေါ်နိုင်ဖို့ အန္တ၊ အသံ၊ ပြီးတော့ သူတို့ သက်ရှိ ပုံသဏ္ဌာန်ကို ပြလို့ တောင်းခံတတ်ကြတယ်။ ဒါတွေကို လူသားတွေက တစ္ဆေခြောက်တယ်လို့ ထင်ပြီး လန့်နေကြတာပဲ မဟုတ်လား။ ကျွန်တော့်အိမ်မှာ ရှိနေတာက မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးလို့ ပြောရင် ရမယ်ထင်တယ်နော်"

"ဟုတ်တယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲ မတင်မကျဖြစ်နေတာက ဘာကြောင့်မို့ ကျွန်တော့်ကို အိမ်ပေါ်က နှင်ချနေသလဲ ဆိုတာပါပဲ"

"ဒါကတော့ ဒီလိုရှိတယ် ဆရာသန်း။ ဆရာ့ကို အရင်က မတွေ့ဘူး၊ မမြင်ဘူးလို့ လူစိမ်းဖြစ်နေတာပေါ့။ ဒါကြောင့် သူ ဒီအိမ်ကို စောင့်ရှောက်ရမယ်ဆိုတဲ့ စိတ်နဲ့ ဆရာ့ကို ဆွဲချနေတာဖြစ်မှာပေါ့၊ ဟဲဟဲဟဲ…"

မည်သို့ပင်ဖြစ်စေ၊ မြစ်သားမြို့သို့ ရောက်ခဲ့ခြင်းမှာ ကျွန်တော့်အတွက်တော့ ရေးစရာ ဇာတ်လမ်းဇာတ်ကွက်ရရှိခဲ့တာ အမှန်ပင်ဖြစ်သည်။

◆◆◆

ကျွန်တော်တို့ "ပြည့်ဝ" ကဖေးရောက်တော့ အရင်ရောက်နေသည့် စာရေးဆရာ ကိုဝေလွင်ကို တွေ့လိုက်ရသည်။ ဆရာကဲနှင့် ကျွန်တော် ဝင်ထိုင်လိုက်သည်။ ဆရာကဲ မိတ်ဆက်ပေးသဖြင့် စာရေးဆရာ ကိုဝေလွင်က လက်ဆွဲနှုတ်ဆက်သည်။ ခဏကြာတော့ မင်းရဲထွန်းမြင့်(မြစ်သား)နှင့် ကိုတင်ထွန်းလှိုင်(မြစ်သား)တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာကြသည်။

လူကတော့ စုံသွားပြီ။ ကျန်စာရေးဆရာနှစ်ဦးမှာ ခရီးလွန်နေသူနှင့် အသက်ကြီးသူမို့ မလာနိုင်ကြပါ။

"ကျွန်တော်လာတုန်းက လက်ဖက်ရည်ဆိုင်မှာ ဒီလို ဝိုင်းဖွဲ့ စကားပြောကြရလိမ့်မယ်လို့ မထင်ခဲ့မိဘူးဗျ"

"ဒါဖြင့် ဘယ်လိုဝိုင်းမျိုးမှာ စကားပြောရလိမ့်မယ်လို့ ထင်ခဲ့လို့တုန်း"

ရယ်ရယ်မောမောဖြင့် မေးသူက ဆရာ မင်းရဲထွန်းမြင့်။

"ဩော်…ဒီလိုပါ၊ စာရေးဆရာတိုင်း ယမကာနဲ့ မကင်းကြဘူးမဟုတ်လား။ ဒါကြောင့် မြစ်သားက ယမကာကြိုက် စာရေးဆရာတွေနဲ့ ဝိုင်းဖွဲ့ဖြစ်လိမ့်မယ်လို့ အားခဲလာခဲ့တာ"

စာရေးဆရာ ယောကျ်ားသားတွေချည်းပဲမို့ ရယ်မောပျော်ရွှင်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်အတွင်းမှ လူများက ကျွန်တော်တို့ကို အာရုံကျနေကြသည်။ ကျွန်တော် လက်ပတ်နာရီငုံ့ကြည့်လိုက်တာကို ဆရာ လူထူးကဲ မြင်သွားပြီး…

"ကဲ - ဓာတ်ပုံဆရာ ကိုဝေလွင်ရေ ဒီအုပ်စုလေးကို မှတ်တမ်းတင်ပေးပါဦး"

ဟု ပြောလိုက်သည်။

ကိုဝေလွင်ကလည်း…

"ကျွန်တော်က အကုန်လုံးကို ရိုက်မှာနော်။ ခေါင်းကနေ ခြေထောက်အထိပဲ"

အားလုံး ရယ်မောပျော်ရွှင်နေကြသည်။ အရင်က မတွေ့ဘူး မမြင်ဘူးပေမယ့် အခုလို ဆုံကြပြန်တော့လည်း မိတ်ဆွေရင်းများပမာ ခင်မင်ဖြစ်ကြသည်။ ဒီဓလေ့မှာ ကျွန်တော်တို့ မြန်မာလူမျိုး၏ ချစ်စရာကောင်းသော ဓလေ့စရိုက်ပင် မဟုတ်လား။

ဆရာ လူထူးကဲနှင့် ဆရာ တင်ထွန်းတို့က မြင်းခြံကားဂိတ်ထိအောင် လိုက်ပို့ကြသည်။

လိုက်ပို့သူများကို လက်ပြ နှုတ်ဆက်ရင်း မြစ်သားမြို့လေးဆီမှ ပြန်လည်ထွက်ခွာလာပါတော့သည်။

စိမ်းစိုသော သစ်ပင်အုပ်တို့က မြစ်သားမြို့လေး၏ နောက်ခံ ပန်းချီကားတစ်ချပ်သဖွယ်…။

စိမ်းလန်းသော လယ်ကွင်းတွေနှင့် ကွေ့ကောက်စီးဆင်းနေသော ပန်းလောင်မြစ်တို့က မြစ်သားမြို့အား အလှဆင်ထားသည်မို့ ကြည့်လို့ မဝပါလား ဟု ခံစားတွေးတောရင်း ယခု ကျွန်တော်ရေးသည့် ဝတ္ထုဇာတ်လမ်းကို စိတ်ကူးထဲမှာပင် စာစီဖြစ်ခဲ့လေ၏

မေတ္တာရည်လျက်…

* * *

သီဟ်းသန်းအောင်(မြင်းခြံ)

(မြစ်သားမြို့နယ်မှ စာရေးဆရာများသို့ အမှတ်တရ)

www.burmeseclassic.com

(၁)

— ကျွန်တော့်နာမည်က မျိုးမင်း။ သူငယ်ချင်းတွေကတော့ "သံမဏိ"လို့ပဲ ခေါ်တယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ဝါသနာအပါဆုံးက ဘောလုံးကန်တာ။

ဘောလုံးကန်တဲ့ နေရာမှာ အတွဲအညီဆုံးက ကျွန်တော်တို့သုံးယောက်။ တစ်ယောက်က "မင်းညီ"၊ နောက်တစ်ယောက်က "ယာမိုး"။

အခု ကျွန်တော်ပြောပြမှာက ကျွန်တော်တို့ သူငယ်ချင်း ယာမိုးရဲ့ အကြောင်း။


(၂)

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်ထဲက မရမ်းကျေးရွာမှာ ကျွန်တော်တို့ နေထိုင်ပါတယ်။ ကျွန်တော်တို့ မရမ်းရွာမှာလည်း ဘောလုံးကွင်းရှိတာပါပဲ။ အဲဒီကွင်းက ကျွန်တော်တို့အတွက် လေ့ကျင့်ရေးကွင်းဆိုလည်း မမှားဘူး။

ကျွန်တော်တို့ ဘောလုံးကန်

# မောင်ယာမိုး နှင့် ဂမ္ဘီရမျော်

ပန်းတနော်(နောင်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ကစားတာက ဇရပ်ကွင်း စာဖြူစုမှာ။ ဇရပ်ကွင်း စာဖြူစုဆိုတာ ကျောင်းကုန်းမြို့နယ်ထဲက ရွာ။ ကျောင်းကုန်းမြို့နယ်နဲ့ ပန်းတနော်မြို့နယ်က နယ်မြေချင်းပေါ့။

ဇရပ်ကွင်း၊ စာဖြူစုက လူတွေကလည်း ကျွန်တော်တို့လို ဘောလုံးဝါသနာအိုးတွေ။ ဝါသနာတူ လူငယ်လူရွယ်တွေဆိုတော့ ခင်မင်ရင်းနှီးကြတာပေါ့။

ဘောလုံးကန်တာကတော့ စီးပွားဖြစ်မဟုတ်ပါဘူး။ အပျော်တမ်းသဘောပါ။ အပျော်တမ်းဆိုပေမယ့် လောင်းကြေးနဲ့။ လောင်းကြေးက ကြက်သားဟင်းနဲ့ ထမင်းကျွေးကြေး။

ကျွန်တော်တို့ ဘောလုံးကန်တာက နွေ၊ မိုး၊ ဆောင်း ရာသီမရွေးဘူး။ တစ်ခါတစ်ခါ မရမ်းမှာ ကန်တယ်။ တစ်ခါတစ်ခါ ဇရပ်ကွင်း စာဖြူစုမှာ ကန်တယ်။

မရမ်းကွင်းမှာ အန္တရာယ်မရှိဘူး။ ဇရပ်ကွင်း စာဖြူစုမှာက အန္တရာယ်ရှိတယ်။ အန္တရာယ်ဆိုတာ ဘောလုံးကွင်းက မြေမာ၊ ကွင်းပြောင်ဖြစ်နေလို့ မိုးတွင်းနဲ့ ဆောင်းမှာ ချော်လဲတတ်တာကို ပြောတာ။

အဲဒီနှစ်က ကျွန်တော်တို့ ဇရပ်ကွင်း စာဖြူစုမှာ ကစားရင်း ချော်လဲကြတယ်။ ဇရပ်ကွင်း စာဖြူစုက တစ်ယောက်က လက်ထောက်ကျပြီး လက်ခေါက်သွားတယ်။ တစ်ယောက်က ခြေချော်လဲပြီး ဒူးကွဲတယ်။

ကျွန်တော်တို့ မရမ်းဘက်က တစ်ယောက် ခြေထောက်တော်တော်နာသွားတယ်။ ဒါကြောင့် အဲဒီ မိုးရာသီမှာ ဘယ်ကွင်းမှာမှ ဘောလုံးမကန်တော့ဘူး။ မိုးကုန်မှ ကန်ကြမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြတယ်လေ။

ဆုံးဖြတ်ထားတဲ့ ကြားက ဇရပ်ကွင်း စာဖြူစုသားနှစ်ယောက် ဆိုင်ကယ်နဲ့ ပေါက်ချခဲ့တယ်။

"ဘောလုံးကန်ဖို့ လာခေါ်တာကွ"

ကျွန်တော်တို့ကလည်း ဘောလုံးကန်ချင်တာပဲ။ ဒါပေမယ့် မကန်တော့ဘူးလို့ ဆုံးဖြတ်ပြီးသားမဟုတ်လား။

"မကန်တော့ဘူးကွာ၊ မိုးကုန်မှ ကန်မယ်"

မင်းညီလိုပဲ ကျွန်တော်ကလည်း ဖြေတယ်။

"လူလည်း မစုံဘူးကွ။ ယာမိုး ရန်ကုန်သွားနေတယ်"

ယာမိုးရဲ့ ဦးလေး ကိုမောင်မောင်ဆွေက ဓာတ်ပုံဆရာ။ မရမ်းရွာမှာ ဓာတ်ပုံဆရာ မောင်မောင်ဆွေဆိုရင်

"
ယာမိုးက
ရန်ကုန်က ပြန်လာရမှာ။
ဓာတ်ပုံတွေကို
နေ့ချင်းပြီး ကူးယူပြီးမှ
ပြန်လာရတာဆိုတော့
တစ်ခါ တစ်ခါ ည ရှစ်နာရီခွဲ၊
ကိုးနာရီမှ ပြန်ရောက်တတ်တာ။
သူငယ်ချင်းတို့ . . .
မိုးကုန်တာနဲ့
တို့ ဘောလုံးပြန်ကစားကြတာပေါ့။
ခုတော့ ညစာစားပြီးမှ ပြန်ပါ
"

လူတိုင်းသိတယ်။ သူ့ဦးလေး ဓာတ်ပုံဆရာအတွက် ရန်ကုန်တက်ပြီး ယာမိုးက ကူညီတာ။

ဇရပ်ကွင်း စာဖြူစုက ဘောလုံးသမားတွေကို ကစားဖို့ လာခေါ်တဲ့ ကစားသမားနှစ်ယောက်က ကျွန်တော်တို့ကို ဆင်ခြေပေးပြီး ခေါ်ပါတယ်။

"ဒီတစ်ပွဲတည်း ကန်မယ်ကွာ။ နောက်ထပ် မကန်သေးဘဲ မိုးကုန်မှ ပြန်ကန်မယ်"

တဲ့။ တစ်ယောက်က မေးခွန်းကြီးနဲ့ . . .

"ယာမိုး ဒီနေ့ပြန်လာမှာ မဟုတ်လား"

"အင်း"

မင်းညီရဲ့ ဖြေသံ ဆုံးတာနဲ့ . . .

"ယာမိုး ပြန်လာတဲ့အထိ စောင့်မယ်ကွာ။ ယာမိုးလာရင် ကစားမှာ မဟုတ်လား"

ကျွန်တော်က တောင်းပန်ခဲ့ပါတယ်။

"ယာမိုးက ရန်ကုန်က ပြန်လာရမှာ။ ဓာတ်ပုံတွေကို နေ့ချင်းပြီး ကူးယူပြီးမှ ပြန်လာရတာဆိုတော့ တစ်ခါတစ်ခါ ည ရှစ်နာရီခွဲ၊ ကိုးနာရီမှ ပြန်ရောက်တတ်တာ။ သူငယ်ချင်းတို့ . . . မိုးကုန်တာနဲ့ တို့ ဘောလုံးပြန်ကစားကြတာပေါ့။ ခုတော့ ညစာစားပြီးမှ ပြန်ပါ"

သူတို့နှစ်ယောက်က ညစာစားပြီးပေမယ့် မပြန်သေးဘူး။ ညစာစားတဲ့အချိန်က စောလို့လားမှ မသိတာ။ စောဆို သုံးနာရီထိုးပြီးရုံ ရှိသေးတယ်။

ဇရပ်ကွင်း စာဖြူစုက ဘောလုံးသမားနှစ်ယောက်ကို ကျွန်တော်တို့ လက်ဖက်ရည်တိုက်တာက မရမ်းဈေးပိုင်းက ကိုအောင်မင်းတို့ မိသားစုရဲ့ "အောင်" လက်ဖက်ရည်ဆိုင်မှာ။

လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့အားလုံး လက်ဖက်ရည်သောက်နေ တုန်း ဆိုင်ထဲ ဝင်လာတဲ့သူက ယာမိုး။

"ယာမိုး…ပြန်လာပြီလား"

"အေး၊ မင်းတို့ ဘောလုံးကန်ဖို့ လာခေါ်တာလား"

ကျွန်တော်တို့အားလုံးက ရင်းနှီးတာ ကြာပြီဖြစ်လို့ မင်းနဲ့ ငါ ဆိုပြီး တရင်းတနှီးပြောကြဆိုကြတာ။

"အေး"

ဒီတစ်ခါ အေးလို့ ဖြေတာက ရေပ်ကွင်း စာဖြူစုက လူ။

"ဒီကောင်တွေက ဘာပြောလဲ"

ယာမိုးက ကျွန်တော်တို့ မင်းညီ တို့ကို ကြည့်ပြီး မေးတာ။

"မိုးကုန်မှ ကစားမယ်တဲ့"

အဲဒီစကားကြားတာနဲ့ ယာမိုးက ပျာပျာသလဲ ပြောတယ်။ သူ့အသံက ကျယ်ကျယ်။

"ဘယ်ဖြစ်မလဲ၊ တကူးတက လာခေါ်တဲ့ လူတွေကို အားနာဖို့ သိပ်ကောင်းတယ်။ မင်းတို့ ဆိုင်ကယ်နဲ့ လာတာမဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ပြန်နှင့်၊ ရေပ်ကွင်း စာဖြူစုက ဘောလုံးသမားတွေကို ကစားဖြစ်တယ်လို့ ပြော။ ကြက်သားဟင်းနဲ့ ထမင်းချက်ထား။ သံမဏိနဲ့ မင်းညီ၊ မင်းတို့က တခြားလူတွေကို ကစားဖို့ ခေါ်၊ အဆင်သင့် လုပ်ခိုင်းထား။ ငါ အိမ်ခဏပြန်မယ်။ ဒီဆိုင်မှာ ပြန်ဆုံမယ်။ ချက်ချင်းလုပ်ကြကွာ"

ဘောလုံးဝါသနာကြီးတဲ့ ယာမိုး။ ပန်းတနော်မြို့နယ် ကရင့်ယဉ်ကျေးမှု ဇာတ်သဘင်ဖြစ်တဲ့ "ပန်းမြို့တော် သိန်းဇော်"ဇာတ်ထဲမှာ လူရွှင်တော်လုပ်တဲ့ ယာမိုး။ အဲဒီ ယာမိုးက ကျွန်တော်တို့ကို ဒါရိုက်တာလုပ်ခဲ့တာ။

အဲဒါနဲ့ပဲ ကျွန်တော်တို့ သူငယ်



ချင်းတစ်စု ဘောလုံးကစားဖို့ ဒိန်းဒေါင်း စီးပြီး ရေပ်ကွင်း စာဖြူစုကို ထွက်ခဲ့ကြတာဆိုပါတော့။

(၃)

အဲဒီကာလက မရမ်းကနေ ရွာသာကြီးကို ညောင်တစ်ရာလမ်းက လာရတာ။ လမ်းက ပြေပြေပြစ်ပြစ်မရှိဘူး။ လမ်းမချောဘူး။ လမ်းကြမ်းတယ်။ ရွာသာကြီးရွာထိပ်ရောက်မှ ဝါးခယ်မ လမ်းဆုံအရောက် ဝါးခယ်မ-ရန်ကုန် ကားလမ်းအတိုင်းစီး၊ ဝါးခယ်မ လမ်းဆုံ ရောက်တော့ လက်ဝဲဘက်ကို ကွေ့။ လက်ဝဲဘက်ကို ကွေ့ရတာက အင်းမကို သွားဖို့။ အင်းမရောက်ပြီးမှ ကွင်းကြီး၊ အဲဒါတွေ ကျော်ပြီးမှ ရေပ်ကွင်း စာဖြူစုကို ရောက်မှာ။

အင်းမတံတားကို ကျော်ပြီး မုန့်ဟင်းခါးဆိုင်ကိုလည်း တွေ့ရော ဘာပြောကောင်းမလဲ၊ ညစာမစားခဲ့တဲ့ ကျွန်တော်တို့ ဒိန်းဒေါင်းကို ရပ်ထားပြီး မုန့်ဟင်းခါးစားလိုက်ကြတာများ တစ်
ပြီး တစ်ပွဲ။ မုန့်ဟင်းခါးကလည်း
ကောင်းတာကိုး။

အစားမက်နေတဲ့ ကျွန်တော်တို့ ကိုယ့်ကို ကြည့်နေတဲ့ လူတစ်ယောက် ကို အစက သတိမထားမိဘူး။ မင်းညီ က တံတောင်နဲ့ ထိုးပြမှ သတိထား တာ။ ကြည့်တာက လူကြီးတစ်ယောက် အသက်က ၆၀လောက် ရှိမယ်။ သူ လည်း ကျွန်တော်တို့လိုပဲ မုန့်ဟင်းခါး ဆိုင်မှာ မုန့်ဟင်းခါးစားနေတဲ့ လူ။ စာ နေတာ သူတစ်ဦးတည်းမဟုတ်ဘူး ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ် ယောက်လည်း ပါတယ်။ အသက် အရွယ်ကတော့ အဲဒီဦးကြီးထက် ငယ် နိုင်တယ်။

အကြည့်ခံရတာကို မနေနိုင်တာ က မင်းညီ။

"ဦးကြီး… ကျွန်တော်တို့ ကြည့်တာ သိတဲ့လူ ပါတယ်ထင်လို့ တူတယ်။ ကျွန်တော်ကတော့ ဦးကြီး ကို မသိပါဘူး။ ဦးကြီး ကျွန်တော့်ကို သိလား"

အဲဒီလူကြီးရဲ့ လေသံက အေး အေးလေးပါပဲ။

"မသိပါဘူး တူမောင်ရယ်။ ဦးကြီး ကြည့်မိတာ စိတ်မရှိပါနဲ့"

"ဟာ…ရပါတယ် ဦးကြီးရယ် ကျွန်တော်ပြောတာက ဒီလိုသဘော မဟုတ်ပါဘူး။ လူတူမရှား နာမည်တူ မရှားဆိုသလို လူမှားပြီး ကြည့်တယ် ထင်လို့ ပြောတာပါ"

လို့ မင်းညီက ဖြေရင်း ကျွန် တော်တို့ကို…

"မင်းတို့…ဦးကြီးကို သိလား"
လို့ မေးခဲ့ပါတယ်။
ကျွန်တော်တို့အဖြေက…
"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး"

"မတွေ့ဘူးပါဘူး"

"ဟော့အေး"

ဆိုတာတွေချည်း ဖြစ်ခဲ့တာပေါ့။ သံမဏိဆိုတဲ့ ကျွန်တော့်စိတ်ထဲမှာ ခံစားမိတာက တစ်မျိုး။ အကြောင်းတစ်ခုခုကို သိလို့ ဦးကြီးက ကြည့်တယ်လို့ ထင်တာ။ ထင်လို့ ဖွင့်ပြောခိုင်းခဲ့တာ။ ဖွင့်ပြောဖို့ တောင်းပန်ခဲ့တာ။

"ဦးကြီးက ကျွန်တော်တို့ကို လူချင်းမသိဘဲ ကြည့်လိုက်…ကြည့်လိုက်လုပ်တာဆိုတော့ ကျွန်တော်တို့နဲ့ ပတ်သက်ပြီး တစ်ခုခုကို မြင်လို့ဖြစ်ရမယ်။ မြင်တာ ပြောပြပါခင်ဗျာ"

ကျွန်တော့်စကားကြားတော့ ဦးကြီးက…

"ဦးကြီးမေးပါရစေ"

"မေးပါခင်ဗျာ"

"မောင်တို့ အခု ဘယ်သွားမလို့လဲ"

အဲဒီဦးကြီးက တဘက်ကြီးခေါင်းပေါင်းလို့။

"ဇရပ်ကွင်း စာဖြူစုသွားမလို့ပါ"

"ဘာသွားလုပ်မှာလဲ"

"ဘောလုံးသွားကန်ကြမှာပါ"

"ဘယ်တော့ကန်မှာလဲ"

"ဒီညနေ"

ဒီညနေလို့ ကျွန်တော့်ဖြေသံကြားတာနဲ့ မျက်နှာပျက်သွားတဲ့ ဦးကြီးကို ကြည့်ပြီး မင်းညီက…

"ဦးကြီးမြင်တာ ပြောပါခင်ဗျာ"

"တူမောင်တို့ ဒီညနေ ဘောလုံးကန်ချင်ရင် ဇရပ်ကွင်း စာဖြူစုကွင်းမှာ မကန်ဘဲ တခြားကွင်းမှာ ကန်ပါလား။ အဲဒီကွင်းမှာ ကန်ချင်ရင်တော့ မနက်ဖြန်မှဖြစ်ဖြစ် ကန်ပါလား"

ဆိုတော့ ယာမိုးက…

"ဘာဖြစ်လို့လဲ"

တဲ့။ ဦးကြီးက ယာမိုးကို ကြည့်ပြီး ဖြေတာက…

"မင်းတို့ထဲက တစ်ယောက်နေခဲ့ရမှာစိုးလို့"

အဲဒီမှာ ယာမိုးက…

"မဖြစ်နိုင်ဘူး လုံးဝ မဖြစ်နိုင်ဘူး။ ကစားမယ်။ ဒီညနေ ဇရပ်ကွင်း စာဖြူစုဘောလုံးကွင်းမှာ ဘောလုံးကန်မယ်။ တကယ်နေခဲ့ရမယ်ဆိုရင် ဟော့ကောင်တွေ…မင်းတို့ မနေခဲ့နဲ့၊ ငါနေခဲ့မယ်"

လို့ ပြောတယ်။

ဦးကြီးရဲ့ လေသံကတော့ အေးအေးဆေးဆေးပါပဲ။

"ဦးကြီး မြင်တာကို သတိပေးတာပါ။ မောင်တို့ နားထောင်တာ၊ မထောင်တာက ဦးကြီးနဲ့ မဆိုင်ပါဘူးကွယ်။ လူဆိုတာ သဗ္ဗေသတ္တာ ကမ္မသကာ မဟုတ်လား"

ဆိုတော့ ယာမိုးက…

"ဦးကြီးမြင်တာ မမြင်တာ မသိဘူး။ သိတာက ဒီညနေ ဇရပ်ကွင်း စာဖြူစုမှာ ဘောလုံးကန်ဖြစ်အောင် ကန်ဖို့ပဲ"

အဲဒီအချိန်မှာ တချို့က…

"ဒီညနေ ထမင်းစားသောက်ပြီး နောက်နေ့မှ ဘောလုံးကန်မယ်ကွာ"

"ခရီးပန်းလို့ ဒီညနေ မကန်ဘဲ မနက်ဖြန်မှ ကန်မယ်လို့ ပြောမယ်ကွာ"

"ဟုတ်တယ်ကွာ။ မနက်ဖြန်မှ ကန်မယ်"

"ယာမိုးရာ…မင်းက ခရီးပန်းလာတဲ့လူ။ ဒီည ဇရပ်ကွင်း စာဖြူစုမှာ စားသောက်ပြီး အိပ်၊ မနက်ဖြန်မှ ဘောလုံးကန်ရင် မကောင်းဘူးလား"

တဲ့။ ဘယ်သူတွေ ဘာပြောပြော ယာမိုးကတော့ ဒီညနေ ဇရပ်ကွင်း စာဖြူစု ဘောလုံးကွင်းမှာ ဘောလုံးကန်မယ်ချည်းပဲ။

"မင်းတို့ ဒီညနေ ဘောလုံးကန်ဖို့ လာတာမဟုတ်ဘူးလား။ ကန်မယ်၊ ကန်မယ်။ ယောက်ျားကွ။ မင်းတို့ ဒီညနေ ဇရပ်ကွင်း စာဖြူစု ဘောလုံးကွင်းမှာ ဘောလုံးမကန်ရဲဘူးလား။ ကျန်ခဲ့ရမယ်ဆို ငါပဲ ကျန်မယ်"

တဲ့။

ငါပဲ ကျန်နေခဲ့မယ်လို့ ယာမိုး အဲဒီနေရာမှာ ပြောခဲ့တာ နှစ်ခါတိတိ။

(၄)

ဒိန်းဒေါင်းစီးပြီး ခရီးဆက်ကြတော့ မရမ်းက ထွက်စတုန်းကလို သီချင်းဆိုတဲ့ လူလည်း မရှိတော့ဘူး။ ရယ်စရာမောစရာ စကားလည်း မပြောကြတော့ဘူး။ သီချင်းလည်း မဆို၊ ရယ်စရာလည်း မပြောပေမယ့် တိတ်တိတ်ဆိတ်ဆိတ်တော့ မဟုတ်ဘူး။

ဒီညနေ ဘောလုံးကန်မှာလား မကန်ဘူးနဲ့ ပြောရင်းဆိုရင်း ဇရ ထိုးရင်းနဲ့ ဇရပ်ကွင်း စာဖြူစုကို မင်းတို့ ခဲ့ကြတာ။

"ဟေ့…သူငယ်ချင်းတို့၊ ဆူညံဆူညံနဲ့ ဘာဖြစ်လာကြတာလဲ"

ဇရပ်ကွင်း စာဖြူစုက လူတွေရဲ့ အမေးကို…

"ဒီညနေ ဒီကွင်းမှာ ဘောလုံးကန်မယ်, မကန်ဘူးနဲ့ ငြင်းခဲ့ကြတာ"

လို့ ယာမိုးက လုဖြေခဲ့တာ ကျွန်တော် မှတ်မိပါသေးတယ်။

"ဘာဖြစ်လို့လဲ"

အဲဒီအမေးကိုတော့…

"ဒီလိုဟော့"

လို့ မင်းညီက နိဒါန်းချီး စကားကုန်ဖွင့်တော့တာပါပဲ။

"ဟာ…ဒါဆို အခု မကစားဘဲ မနက်ဖြန်မှ ကစားမလား"

အဲဒီလို ဇရပ်ကွင်း စာဖြူစုက

www.burmeseclassic.com

လူတွေက မေးပါတယ်။ ဒီအမေးကို လည်း ကျွန်တော်တို့ မဖြေခင် ယာမိုး ကပဲ…

"ကစားမယ်"

လို့ ခပ်ပြတ်ပြတ်ဖြေခဲ့ဖူးပါတယ်။

နောက်ဆုံးတော့ ဘောလုံးကစား ဖြစ်ခဲ့ကြတယ် ဆိုပါတော့။

ဘောလုံးပွဲ စပြီ။ စတယ်ဆိုတာ နဲ့ မိုးရွာတာပါပဲ။ သဲသဲမဲမဲ ရွာတာတော့ မဟုတ်ပါဘူး။ တဖွဲဖွဲရွာချခဲ့တာပါ။ ဆောင်းတွင်းမှာ နှင်းတွေ ဖွေးခနဲ ဖွေးခနဲ ကျလာတာမျိုး။

ဘယ်ဘက်မှ ဂိုးမရသေးပါဘူး။ ကစားတာ ၁၀မိနစ်ကျော်ကျော်ပဲ ရှိ သေးတာကို။ ယာမိုးက ရှေ့တန်းတိုက် စစ်မှူး။ ညာတောင်ပံက လူ။ အလယ် လူက မင်းညီ၊ ကျွန်တော်က ဘယ် ကျ ~ာင်ပံက တာဝန်ယူရတာ။

ဘောလုံးကို ကျွန်တော်ရတယ်။ လာ ~ ွင့်ရဖို့ မလွယ်ဘူး။ ပူးကပ်ပြီး ကော ~ က်နေတာက နှစ်ယောက်။ သူ ~ နဲ့ မလှမ်းမကမ်းမှာ ဘောကျွံလာ ရင် ဖျက်ဖို့ အသင့်ရှိနေတာက တစ် ယောက်။ ဒါကြောင့် မင်းညီဆီကိုပဲ ဘောလုံးလွှဲပေးလိုက်ရတယ်လေ။ မင်း ညီကလည်း လျင်ပါ့။ ဖျတ်ဖျတ် ဖျတ် ဖျတ်နဲ့ သူ့ဆီ ရောက်လာတဲ့ ဘောလုံး ကို သူ ကန်သွင်းဖို့ မပိုင်သေးဘူးဆို တာ သိတာနဲ့ ယာမိုးဆီကို ပို့ပေးတယ်။ ယာမိုးက ပြန်ပေးတဲ့ ဘောလုံးကိုမှ သူက အပိုင်ကန်သွင်းမှာ။ ယာမိုးဆီမှာ လည်း တစ်ဖက်လူတစ်ယောက်။

ဘောလုံးကွင်းက ချောလွန်း တော့ ဘောလုံးက ယာမိုးကို ကျော် ထွက်သွားတယ်။ အလွတ်မခံဘဲ ရ အောင် ယာမိုး ပြေးလိုက်ယူတယ်။ တစ်ဖက်လူကလည်း ပြေးလိုက်ယူ တယ်။ ဘောလုံးကို တစ်ဖက်လူက ရမလိုလိုဖြစ်တယ်။ ရမလိုလိုလို့ ပြော တာက ဘောလုံးကို ခြေထောက်နဲ့ အထိန်းလိုက်မှာ ဘောလုံးက ချောပြီး ထွက်သွားလို့ အဲဒီလူ ချော်လဲတာ မက်လက်၊ မိုင်းခနဲနေတာပဲ။

ယာမိုးလည်း လဲတယ်။ အဲဒီ တစ်ဖက်အသင်း ကစားသမားကို တိုက်မိပြီး လဲတာ။ လဲတာမှ မိုင်းခနဲ လဲတာ မဟုတ်ဘူး။ တစ်ဖက်လူက ဘောလုံးကွင်းမြေကြီးပြောင်ပေါ် ချော် လဲလို့ မိုင်းခနဲမြည်သံကြားရတာ။ ယာ မိုး ချော်လဲတာက အဲဒီလူရဲ့ ကိုယ် ပေါ်ကို။ ဒါကြောင့် အင့်ခနဲ…အီးခနဲ အသံပဲ ကြားရတာ။ ဘယ်သူက အင့် ပြီး ဘယ်သူက အီးတာလဲတော့ ကျွန်တော် မသိဘူး။ သူတို့ပဲ သိမှာ ပေါ့။

BURMESE CLASSIC .com

" 

သူဘယ်ဘက် နံရိုးနေရာတွေကို
ကျွန်တော်ကိုင်ကြည့်၊
နှိပ်ကြည့်တော့လည်း
ပုံမပျက်ဘူးလို့ ကျွန်တော်ထင်ခဲ့တာ။
သူ့မျက်နှာက ဘာမှ နာသလို လုပ်တာ
မတွေ့ရတာကိုး။
ဒါပေမယ့် ယာမိုးက လာပြောတယ်။
ငါ ခရီးပန်းလို့ သိပ်မကစားနိုင်ဘူး။
မကစားချင်ဘူး။
ငါ့အစား တစ်ယောက်ထည့်ပြီး
ဆက်ကစား။ ငါ ထိုင်နားပြီး
မင်းတို့ ကစားတာ ကြည့်မယ်

"

ပြန်ပြီး ပထမဆုံး ထလာတာက တစ်ဖက်အသင်းက နောက်တန်းလူ သူကို တိုက်မိပြီး လဲတဲ့ ယာမိုးကတော့ မထသေးဘူး။ ထပြီး တစ်ဖက်လူက နေရာပြန်ယူတော့မှ ယာမိုး ထလာ တယ်။ ဘယ်ဘက်ကို ကိုယ်တစောင်း လုပ်လို့၊ လက်က ဘယ်ဘက် နံရိုး နေရာတွေကို ဖိလို့။

"ယာမိုး ဘာဖြစ်တာလဲ"

"နည်းနည်းနာသွားတယ်"

"ရလား"

"ရတယ်"

ရတယ်ဆိုပြီး လမ်းလျှောက်ပြ တော့ ယာမိုးက အကောင်း။

"တော်တော်နာသွားတာလား"

ကျွန်တော်က သူ့ဆီကို ပြေး သွားပြီး မေးတာ။

"သိပ်မနာပါဘူး"

"ကစားနိုင်မှာလား"

သူ့ဘယ်ဘက် နံရိုးနေရာတွေကို ကျွန်တော်ကိုင်ကြည့်၊ နှိပ်ကြည့်တော့ လည်း ပုံမပျက်ဘူးလို့ ကျွန်တော်ထင် ခဲ့တာ။ သူ့မျက်နှာက ဘာမှ နာသလို လုပ်တာ မတွေ့ရတာကိုး။ ဒါပေမယ့် ယာမိုးက လာပြောတယ်။

"ငါ ခရီးပန်းလို့ သိပ်မကစားနိုင် ဘူး။ မကစားချင်ဘူး။ ငါ့အစား တစ် ယောက်ထည့်ပြီး ဆက်ကစား။ ငါ ထိုင် နားပြီး မင်းတို့ ကစားတာ ကြည့်မယ်"

ယာမိုးရဲ့ အရိပ်အခြေကို ကြည့် ပြီး မင်းညီက…

"ထမင်းဆာလို့လား"

"မဆာပါဘူး။ နည်းနည်းပင်ပန်း လို့ နားချင်တာ"

ကျွန်တော်က မေးခဲ့တယ်။

"တို့အားလုံး ပြန်ကြမလား"

တစ်ခါမှ ဒေါသမကြီးတဲ့ ယာမိုး က ဒေါသပါတဲ့ လေသံနဲ့…



www.burmeseclassic.com

www.burmeseclassic.com

"ဘောလုံးပွဲဖြစ်အောင် ငါ တော်တော်ပြောခဲ့ရတာ။ ပွဲအပျက်မခံဘူး။ ဆက်ကစား။ ငါ ဘေးဘက်က ထိုင်ကြည့်မယ်၊ မပြန်ဘူး။ ဒီမှာပဲ နေမယ်"

ဒီမှာပဲ နေမယ်ဆိုတဲ့ သူ့စကားက ဒီမှာ ဘောလုံးကွင်းဘေးမှာ ထိုင်နေပြီး ကြည့်မယ်လို့ ပြောတာလား။ ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ။ ကျွန်တော် မဝေခွဲတတ်ခဲ့တာ အမှန်ပါ။ နားထဲမှာ ပြန့်ပြီး ကြားယောင်တာကတော့ အင်းမ မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးစားကြတုန်းက ခေါင်းပတ်ကြီး ပေါင်းထားတဲ့ ဦးကြီးနဲ့ ပတ်သက်တဲ့ ဦးကြီးရဲ့ ဘေးက အမျိုးသမီးကြီး ပြောခဲ့တဲ့ စကား။

"တူလေးတို့က ဒီဦးကြီး စကားကို ယုံကြကွယ်။ ဒီဦးကြီးက မင်းတို့ကို စေတနာနဲ့ ဇရပ်ကွင်း စာဖြူစုမှာ ဒီညနေ ဘောလုံးမကန်ဖို့ သတိပေးတာက ရှေ့မှာ ဘာဖြစ်မယ်ဆိုတာ ကြိုတင်မြင်လို့။ သူ့စကား နားမထောင်ဘဲ ကစားရင်တော့ မင်းတို့ထဲက တစ်ယောက်ကျန်ခဲ့မှာ သေချာတယ်။ ဒီဦးကြီးက ဂမ္ဘီရမှော်အောင်ထားတာ ကြာပြီ။

ဒါကြောင့် ကျွန်တော်က…

"မကစားတော့ဘူးကွာ။ မပြန်ရင် ဒီမှာ ညအိပ်ပြီး မနက်မှ ပြန်မယ်"

လို့ ပြောနေတုန်း ဇရပ်ကွင်း စာဖြူစုက လူတွေ ရောက်လာပြီး ဘာဖြစ်တာလဲလို့ မေးတယ်။ မင်းညီက ရှင်းပြလိုက်တော့ သံမဏိပြောတာ မှန်တယ်။ ဘောလုံးမကန်တော့ဘဲ ရေချိုး၊ ထမင်းစားမယ်၊ မနက်ဖြန်မှ ဘောလုံးပွဲ ပြန်စမယ်လို့ ဝိုင်းပြောကြပါတယ်။ ဒါကို ယာမိုးက နည်းနည်းမှ လက်မခံပါဘူး။

"ဆက်ကစားကြ၊ ငါ ဘာမှမဖြစ်ဘူး။ မကစားရင် မင်းတို့ ငါ့ကို မခင်



လို့ မကစားတာ"

လို့ ဗိုလ်ကျအာဏာနဲ့ ကစားခိုင်းပါတယ်။

ဇရပ်ကွင်း စာဖြူစုက လူတွေကရော ကျွန်တော်တို့ကပါ သဘောကောင်းတဲ့၊ စိတ်ရင်းကောင်းရှိတဲ့၊ သူတစ်ပါးကို အချိန်နေရာဒေသမရွေး ကူညီတတ်တဲ့၊ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ယာမိုးကို မခင်မင်ဘဲ မနေချင်ကြပါဘူး။ ခင်မင်ချင်စရာကောင်းတာဆိုတော့ ခင်မင်တာပေါ့။ သူ့ကို အခင်အမင်မပျက်ချင်ကြတာနဲ့ ဘောလုံးပွဲကြီး ပြီးအောင်ကို ဆက်ကစားခဲ့ကြတာ။

ပြီးတဲ့အထိ ယာမိုးက ကွင်းဘေးမှာ ကိုယ်လက်အကိုက်အခဲပျောက်အောင်တော့ ဆေးစားထားပါသေးတယ်။ ကွင်းဘေးက ထိုင်ပြီး အားပေးနေတဲ့ အသံ ကျွန်တော်ကြားယောင်နေတုန်း…

"သံမဏိ… ဘောလုံးကို သေသေချာချာထိန်း"

"မင်းညီ သိပ်မခေါက်နဲ့"

ဒီလိုနဲ့ပဲ ဘောလုံးပွဲပြီးတော့ ကျွန်တော်တို့ မရမ်းက နိုင်တယ်။ နှစ်ဂိုးတစ်ဂိုးနဲ့။

"ဂိုး"ဆိုပြီး အားရပါးရ အော်ဟစ်အားပေးတဲ့ ယာမိုးရဲ့ စကားကိုလည်း ကျွန်တော်ကြားယောင်နေတုန်းပါပဲ။

(၅)

ကျွန်တော်တို့ ကြက်သားဟင်းနဲ့ ထမင်းမစားခဲ့ကြပါဘူး။ ဇရပ်ကွင်း စာဖြူစုက အပေါင်းအသင်း ကစားသမားတွေက ဟင်းအိုးကြီးနဲ့ ထမင်းအိုးကြီးကို ကျွန်တော်တို့ ဒိန်းဒေါင်းထဲ ထည့်ပေးလိုက်ကြလို့ ဖြစ်ပါတယ်။

"မင်းတို့စားဖို့ ဟင်းတွေ ယူထားဦးလေ"

"ရပါတယ် သံမဏိရာ။ မင်းတို့ပဲ ဝအောင် စားကြပါ။ တို့လည်း ကြက်သားဟင်း ထပ်ချက်ပြီး ဒီည ပျော်ပွဲစားမှာကွ။ ခရစ္စမတ်ကို အားလုံးလာကြဦးနော်"

အဲဒီလောက် သဘောထားကောင်းတဲ့ လူတွေ။

ဒိန်းဒေါင်းနဲ့ ပြန်လာတော့လည်း ယာမိုးက ဘာမှမဖြစ်သလိုပဲ။ အင်းမ ရောက်တော့ တိုက်နယ်ဆေးရုံကို ဝင်တယ်။ သူက မဝင်ချင်ဘူး။ ကျွန်တော်တို့က အတင်းပဲ ဝင်မယ်လုပ်လို့ မဝင်ချင်ဘဲ ဝင်ရတာ။

အကြောင်းစုံ ပြောပြတော့ ဆရာဝန်က ဆေးတစ်လုံးထိုးပေးတယ်။ ဘယ်ဘက် နံရိုးတွေကို စမ်းကြည့်တယ်။ ယာမိုးက မျက်နှာတောင် မရှုံ့ဘူး။ အောင့်တယ်၊ နာတယ်လည်း မပြောဘူး။ ဒါပေမယ့် ဆရာဝန်က ပြော



www.burmeseclassic.com

www.burmeseclassic.com

တယ်။

"နံရိုးတစ်ချောင်းကျိုးသွားတာ ဆေးရုံတက်ရမယ်"

"မတက်ဘူး၊ ဘာမှမဖြစ်ဘူး။ နရိုးမကျိုးဘူး"

ဘူးခံငြင်းတဲ့ ယာမိုး စကားကို ကျွန်တော် မမေ့သေးပါဘူး။ သူ့ကို မြင်ရတာလည်း အကောင်းအတိုင်းလို့ ထင်စရာရှိတာကြောင့် ကျွန်တော်တို့ သူ့စကားအတိုင်း မရမ်းကို ပြန်ခဲ့ကြရတယ်လေ။

ဒိန်းဒေါင်းက ရန်ကုန်-ပုသိမ် ကားလမ်းမကြီးကနေ ဝါးခယ်မ လမ်းဆုံကို ရောက်၊ ဝါးခယ်မ လမ်းဆုံကနေ ညောင်တစ်ရာကို ရောက်တဲ့အထိ ယာမိုး ဘာမှမဖြစ်ခဲ့သလိုပါပဲ။ ညောင်တစ်ရာနဲ့ မရမ်း ရေကာတာ လမ်းကြမ်းမှာတော့ ယာမိုး နည်းနည်းအသံထွက်လာတယ်။

BURMESE CLASSIC .com

"ဖြည်းဖြည်းမောင်းကွာ"

"ဘာဖြစ်လို့လဲ၊ မင်း နာလို့၊ အောင့်လို့လား"

"နည်းနည်းပါးပါးပါကွာ"

တဲ့။ နည်းနည်းပါးပါးဆိုတာ ဟုတ်မှာပါ။ များများစားစားဆို သူ ဘယ်ခံနိုင်မလဲလို့ တွေးပြီး ဒိန်းဒေါင်းကို ဖြည်းဖြည်းမောင်းပြီး ပြန်လာကြတာ။

မရမ်းရွာ ပြန်ရောက်တော့ ညရှစ်နာရီ။ ကျန်းမာရေးမှူး ဆရာ ဦးခင်ဝင်းက ပန်းတနော်ကို အစည်းအဝေးသွားတက်နေရလို့ ရွာမှာ မရှိဘူး။ ရှိတာက ဆရာမ ဒေါ်ထားထားလှိုင်။

ဒေါ်ထားထားလှိုင်က စိတ်ထားကောင်းတဲ့ ဆရာမ။ အပြုအစု အကုအသတော်တဲ့ ဆရာမ။ အပေါင်းအသင်းဆံ့လို့ တစ်ရွာလုံးက ခင်တာ။ ယာမိုးတို့မိသားစုကို သူ့မိသားစုလို သဘောထားခဲ့တာ။ ယာမိုးရဲ့ နံရိုးတွေကို သေသေချာချာ လက်နဲ့ ကိုင်စမ်းတယ်၊ ဖိစမ်းတယ်။ ဘယ်လိုစမ်းစမ်း ယာမိုးက နာတယ်လို့ မအော်ဘူး။ ဆရာမက ဆေးတစ်လုံးထပ်ထိုးပေးတယ်။ စားဆေးစားနိုင်းတယ်။ စားဆေးတွေ ပေးတယ်။ ပေးရင်း…

"ယာမိုး…နေနိုင်ရဲ့လား"

လို့ မျက်နှာကို အကဲခတ်ပြီး မေးတယ်။

"နေနိုင်ပါတယ် ဆရာမ"

ပြန်ဖြေခဲ့တဲ့ ယာမိုးရဲ့ လေသံကလည်း ပုံမှန်ပါပဲ။ ဒါပေမယ့် ဆရာမ ဒေါ်ထားထားလှိုင်က အင်းမတိုက်နယ် ဆရာဝန်က ပြောတယ်ဆိုတဲ့ "ဆေးရုံတက်ရမယ်၊ နံရိုးတစ်ချောင်းကျိုးတယ်"ဆိုတဲ့ စကားကြောင့်လား မသိဘူး။

"နင် မနေနိုင်ရင်၊ တစ်ခုခုဖြစ်ရင် ဘယ်အချိန်ဖြစ်ဖြစ် လာခေါ်"

လို့ မှာခဲ့တယ်လေ။

"ဟုတ်ကဲ့ပါ"

ဆိုပြီး အိမ်ပြန်လာတဲ့ ယာမိုး။ ရေမိုးချိုး အဝတ်အစားလဲပြီး ယူလာတဲ့ ကြက်သားဟင်းနဲ့ ထမင်းစားခဲ့သေးတယ်တဲ့၊ အဲဒီလို သူ့မိဘတွေက ပြောတာ။

ညဘက် အိပ်တော့ ကိုးနာရီကျော်ရုံလေး။ ဆယ်နာရီခွဲခါနီးမှာ အောင့်တယ် ပြောတာနဲ့ ဆရာမဆီ ခေါ်သွားကြ၊ ကျွန်တော်တို့ကို နှိုးကြ၊ ပြောရရင် တစ်ရွာလုံးလိုလို လှုပ်လှုပ်ရွရွဖြစ်ခဲ့ကြတာ။ သူ့ကို သတိထားနေကြတာကိုး။

နည်းနည်းနာတယ်ဆိုတဲ့ ယာမိုး ဒီတစ်ခါတော့ မျက်နှာညှိုးပြီ။ ဒီတော့ ဒိန်းဒေါင်းနဲ့ ပန်းတနော်ဆေးရုံကို ကျွန်တော်တို့ ပို့ကြရပြန်တာပေါ့။ အဲဒီကာလက ပြောခဲ့သလို လမ်းတွေ သိပ်မကောင်းသေးလို့ မရမ်းမှာ ကား… တွေ မရှိသေးဘူး။ ခုတော့ ဆိုင်ကယ် တွေ၊ ကားတွေ တဝီဝီနဲ့။

(၆)

အဲဒီညမှာပဲ ကျွန်တော်တို့… သူငယ်ချင်း မောင်ယာမိုး ကွယ်လွန်… ရှာပါတယ်။ ဟုတ်ပါတယ်။ အင်းမတိုက်… နယ် ဆရာဝန်ပြောသလို ဘယ်ဘက်… နံရိုးတစ်ချောင်းကျိုးလို့ သေရရှာတာ…

ဘောလုံးအလုမှာ တစ်ဖက်လူ… က အရင်ချော်လဲတယ်။ ချော်လဲပြီ… ဒူးထောင်သလိုဖြစ်နေမယ်။ ယာမိုး… သူ့ကို ခလုတ်တိုက်လဲမယ်။ အဲဒီလူ… ဒူးနဲ့ သူ့ဘယ်ဘက် နံရိုးကို ထိခိုက်… မယ်။ နံရိုးတစ်ချောင်းကျိုးမယ်။ ကျိုး… နံရိုးက အပြင်ကို ပေါက်မထွက်ဘူး… အသည်းကို ဖောက်ထွက်တယ်။ ကို… ခန္ဓာထဲက ကလီစာတွေကို ထိတ… ထင်ပါတယ်။ ဘယ်လိုဆိုတာ… တိတိကျကျ ကျွန်တော်တို့ မသိပါ…

သိတာက ဂူသွင်း မမြှုပ်… ခွဲကြည့်တော့ ကျိုးတဲ့ နံရိုးလေး… အသည်းကို ထိုးဖောက်မိနေတာ။

အင်း… မောင်ယာမိုး ဆုံး… ကြာပေမယ့် ကျွန်တော်တို့က… သတိရနေတုန်း

* * *

မန်းတာအမှာ့…




www.burmeseclassic.com

www.burmeseclassic.com

# စိုးယဉ်ထွန်း

## အတုံ့အလှည့်စေတနာ



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အတိတ်ဘဝ၏ ကုသိုလ်၊ အကုသိုလ်အကျိုးပေးမည့်အချိန်ကို ကြိုတင်ခန့်မှန်း၍ မသိနိုင်သော ပုထုဇဉ်တို့၏ ဖြစ်ထွေမှာ အလွန်မှ ထူးဆန်းပေသည်။ မိဘတွေက လုပ်စားကိုင်စား သားသမီးများ၍ ပေးဝေရင်းနှီးခြင်း မပြုခဲ့နိုင်။ မွေးချင်းညီအစ်ကို နှမသားချင်းများကပါ ကိုယ့်ဘဝလမ်းကို ခြေနှစ်ချောင်းအရင်းပြုလို့ လျှောက်လှမ်းကြသည်။

ငွေဘော်က သားအကြီးဆုံး။ နောက်မှ ညီ၊ နှမများကို အစစ ငဲ့ညှာရပြီး ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက် အလုပ်လုပ်ရသည်။ မိဘနှင့် ကျန်သည့် အငယ်များကို ကူညီထောက်ပံ့ခဲ့ရသည်။ မိဘများ မရှိပြန်တော့လည်း အစ်ကိုအကြီးဖြစ်၍ အစစအရာရာကို အနစ်နာခံပြီး အလျှော့ပေးရသည်။

ညီနှစ်ယောက်နှင့် ညီမတစ်ယောက်တို့က အိမ်ထောင်ကျပြီး အဖေနှင့် အမေက ထားခဲ့သည့်အိမ်ကြီးတွင် အခန်းဖွဲ့၍ နေကြသည်။ သူ့အိုးနှင့် သူ့ဆန်ဖြစ်လာကြတော့ ငွေဘော်က အထီးကျန်။ အိုးလည်း မရှိ၊ အိမ်လည်း မရှိသည့်အခြေ။

အသက်အရွယ်က နလုံးသားလှုပ်ခတ်မှုဖြစ်ပြီး နားလည်မှုများစွာနှင့် မစမ်းမြင့်ကို ဘဝဖော်အဖြစ် လက်တွဲလိုက်သည်။ သည်တော့ နေရေးက လိုလာသည်။ စားရေးက လက်နှစ်ဖက်ကောင်းနေသရွေ့ ခြေထောက်ကို တိုင်ပင်ပြီး ကြုံရာ၊ ရရာကို ကောင်းမွန်ရိုးသားစွာ သွားလာလုပ်ကိုင်လို့ နှစ်ဝမ်းနှစ်ခါး ဖူလုံသည်။ မစမ်းမြင့်ကလည်း ငွေဘော်၏ ရင်ဘတ်ထဲမှ စေတနာနလုံးသား၏ ကြင်နာမှုနှင့် မျက်လုံးထဲမှ ကရုဏာတို့ကို ဖတ်မိသူဖြစ်၍ ချိုးချန်မှု၊ စိစစ်မှုများနှင့် နှစ်ယောက်တစ်ဘဝဖြစ်အောင် နေသည်။ ညီတွေ၊ နှမတွေ၏ အိမ်ထောင်စုနှင့် ကြာရှည်ကြာမြင့်နေ၍ မကောင်းမှန်းကို သိသည်။ အတွဲအဖက်၏ သဘောကလည်း သူချင်း၊ ကိုယ်ချင်းသာ သည်းညည်းခံပေမည်။ အပိုအလျှံနှင့်ဆိုလျှင် လူ့သဘောအရ အဆင်မပြေမှုများ ဖြစ်လာနိုင်သည်။

"ကိုငွေ… အမြင့်တို့ တစ်နေရာရာမှာ နေရအောင်၊ ကလေးတွေကို အဝေးက ကြည့်တာ ကောင်းတယ်"

"ဟုတ်ပါတယ် မြင့်ရယ်၊ ကိုငွေလည်း အိမ်ရှာနေတယ်။ ဒီနေ့များ ဦးသံချောင်းပြောမလား မသိဘူး"

"အင်းပါ ကိုငွေရယ်။ အမြင့်ကို တစ်မျိုးမထင်နဲ့နော်"

"အေးပါကွာ။ ကိုငွေ နားလည်ပါတယ်။ ဦးသံချောင်းနဲ့ သွားတွေ့လိုက်ဦးမယ်"

လမ်းထိပ်၏ ဆိုက်ကားဂိတ်တွင် ရပ်ထားသော ဆိုက်ကားများထဲတွင် ဦးသံချောင်းကို ရှာကြည့်လိုက်သည်။

"ဟေ့… မောင်ငွေ၊ ကိုသံချောင်းလား။ ခဏစောင့်၊ သူ့ဆရာကို လိုက်ပို့တယ်၊ ပြန်လာတော့မယ်"

"ဟုတ်ကဲ့၊ ကိုကြီးကောင်း"

"ဟော… လာပြီကွ"

"ဟေ့… မောင်ငွေ၊ အတော်ပဲကွာ၊ အခုပဲ ငါ့ဆရာကို လိုက်ပို့ရင်း ပြောလိုက်တာ။ အဆင်ပြေတယ်ကွ။ အိမ်က နှစ်ထပ်အိမ်။ အဲ… တိုက်ကလေးပေါ့ကွာ။ လူငှားတွေ ပြောင်း၊ ပြောင်းသွားတာတော့ သုံးခါရှိပြီ။ မင်းတို့နေရင် အနည်းဆုံး တစ်နှစ်ထားမယ်။ အိမ်စောင့် ထိန်းသိမ်းပေါ့။ မင်းတို့ ပြောင်းမယ့်နေ့ကို ပြော၊ ငါ သော့ယူ… ပေးမယ်၊ ဟုတ်လား"

"ဟား… ကျေးဇူးပဲ ဦးသံချောင်း… ရေ။ လာ… လက်ဖက်ရည်ဆိုင်သွား… အောင်။ ကိုကြီးကောင်းလည်း လာဗျာ"

ဆိုက်ကားဂိတ်နှင့် မဝေးသော… လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး လက်ဖက်ရည်သောက်ရင်းမှ ကိုကောင်းက-

"သံချောင်း… မင်းဆရာရဲ့ တိုက်… မှာ မောင်ငွေတို့ကို ထားမလို့လား"

"အေးကွ၊ ငါ့ဆရာက ငါ့ကို နေ… ခိုင်းတာ။ ငါက တစ်ယောက်တည်း… သမား။ ဘယ်နေနေ ရတယ်၊ မောင်ငွေ… က နှစ်ယောက်ကွ။ ညီတွေ၊ ခယ်မ… တွေနဲ့ ယောက်ဖနဲ့ပါဆိုတော့ ကြာရှည်… မကောင်းဘူး။ အိမ်စောင့်ပေါ့ကွာ"

"အဟား… သံချောင်းရယ်၊ မင်း… အဲဒီတိုက်ကို ကြောက်လို့ပါ။ လူငှား… သုံးဦးပြောင်းတာလည်း သိရဲ့နဲ့"

"ရပါတယ် ကိုကြီးကောင်း… ကိုယ်ကောင်းအောင် နေဖို့ပဲ"

"အေးပါကွာ၊ အေးပါ"

ငွေဘော်က ကိုသံချောင်း… ကျေးဇူးတွေတင်၍ နောက်တစ်ရ… တွင် တစ်ခါတည်းပြောင်းမည်ဟု ပြော… လိုက်သည်။

◆◆◆

ငွေဘော်တို့ နေသည့် ရပ်ကွ… နှင့် အတော်လေး ဝေးသည်။ လမ်း… ရှင်းသည်။ ခြံနှင့် တိုက်အိမ်များ… အတော်များသည်။ ပျဉ်ထောင်အိမ်… မရှိသလောက်။ ခြံက ပန်းအလှပင်… သရက်ပင်၊ မရမ်းပင်နှင့် ပိန္နဲ… တစ်ပင်ရှိပြီး မြက်ရိုင်းများက အ… ပင် ရှည်နေပြီး အရှင်းအပြ… ပန်းပင်များကပါ မညီမညာဖြ…

"အေး၊ မင်းမြင်ရဲ့အတိုင်း…



www.burmeseclassic.com

www.burmeseclassic.com

တွေလို ဖြစ်နေတယ်။ မီးရော ရေပါ ရှိတယ်။ မင်းတို့ နေရလို့ နေပြီး အရောင်းအဝယ်ပေါ့ကွာ။ ဖြစ်လာရင် ဦးက မင်းတို့ကို ကြည့်မယ်"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် လုပ်စရာရှိတာကို လုပ်ပါ့မယ်"

"ကဲ - သံချောင်း၊ ငါ့ကို လိုက်ပို့ဦး။ ဟြော်…မင်းခြံရှင်းရင် လိုတာသုံး"

တိုက်ပိုင်ရှင် ဦးဇော်နိုင်က ငွေဘော်ကို လိုအပ်တာ ဝယ်နိုင်ရန် ငွေနှစ်သောင်းပေးသည်။ ငွေဘော်က မယူပါရစေနှင့်ဟု ငြင်းသည်ကို အတင်းပင်ပေးခဲ့သည်။

ကိုသံချောင်းက သူ့ဆရာ ဦးဇော်နိုင်ကို ဆိုက်ကားနှင့် လိုက်ပို့သည်။ လှေကားထိပ်တွင် ထိုင်နေသော မစမ်းမြင့်ကို ငွေဘော်က…

"မြင့်ရေ…ဦးက ငွေနှစ်သောင်းပေးခဲ့တယ်။ ရော့ အဲဒါက မင်းအပိုင်။ ကိုငွေက အိမ်ထဲမှာ ရှင်းပြီး နေရာချမယ်။ တို့လင်မယား အောက်ထပ်က အခန်းမှာပဲ နေမယ်၊ ဟုတ်လား"

"အင်းပါ ကိုငွေရယ်။ တိုက်ကကျယ်တဲ့အပြင် နှစ်ထပ်ကြီးတောင်။ သို့အစ်ကိုမောင်နှမတွေ စနေလိုက်ရရင် ကောင်းမယ်နော်"

"ဖြစ်လာမှာပေါ့ မိန်းမရယ်။ ကဲ-မင်း ဘာလုပ်မလဲ။ ရေချိုးခန်းနဲ့ အိမ်သာကို ကိုငွေ ရေဆေးပြီး သန့်ရှင်းရေးလုပ်မယ်။ မင်းက ဘုရားခန်းကို လုပ်ကွာ"

"ဟုတ်ကဲ့ ကိုငွေ"

လင်မယားနှစ်ယောက် တစ်နေကုန်ပင် တိုက်အတွင်းနှင့် အပေါ်ကိုပါ သန့်ရှင်းရေးလုပ်လိုက်ကြသည်။ ခြံထဲမှ ပန်းများ ခူးပြီး ဘုရားတင်၊ ရေချမ်းသဲ၊ မီးဖိုခန်းရှင်းပြီး ရေနွေးတည်နှင့် မိုးချုပ်သွားသည်။ ငွေဘော်က ထမင်းစားပြီး ခဏနေ၍ ဘုရားရှိခိုး အမျှဝေပြီး ပုတီးစိပ်ရန် ထိုင်၍…

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့သော တရားတော်များကို နှလုံးသွင်း၍ တစ်ထိုင်သော ခဏတာတွင် အဓိဋ္ဌာန်ပုတီးစိပ်ရန် နေရာထိုင်ခင်းများ ခေတ္တပေးပါ။ ပြုသမျှ ကောင်းမှုကို အမျှဝေပါသည်။ သာဓုခေါ်နိုင်ပါစေ"

ဟု ငွေဘော်က နေရာတောင်းပြီး ပုတီးစိပ်သည်။ မစမ်းမြင့်ကလည်း ဘေးမှ ထိုင်ပြီး ပုတီးစိပ်သည်။

နာရီဝက်မျှအကြာ ပုတီးစိပ်၍ မေတ္တာပို့ အမျှဝေပြီး နေရာထိုင်ခင်းကို ပြန်အပ်လျက် အိပ်ရာဝင်ကြသည်။ တစ်နေ့လုံး ပင်ပန်းထားသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြသည်။

◆◆◆

မနက်မိုးလင်းသည်တွင် မစမ်းမြင့်က နိုးပြီး ဘုရားအတွက် ရေချမ်းများ ကပ်လှူပြီး ငွေဘော်အတွက် အဆာပြေစားရန် လုပ်ကိုင်ပြီး ငွေဘော်ကို အိပ်ရာမှ နှိုးလိုက်သည်။

ခြံထဲတွင် ငွေဘော်နှင့် မစမ်းမြင့် မြက်ရှင်း၍ ပန်းပင်များကို ညှိနေစဉ်-

"ဟော့…ဟော့…သူငယ်၊ မင်းတို့က ဒီကလားကွ"

BURMESE CLASSIC .com

"ဗျာ…"

"ရှင်…"

ရပ်ထဲရွာထဲတွင် မြင်ရခဲသော ပုံသဏ္ဌာန်နှင့် လူကြီးတစ်ယောက်က ငွေဘော်နှင့် မစမ်းမြင့်တို့ကို ခြံဝမှ လှမ်း၍ မေးလိုက်သည်။

"မင်းတို့က ဒီတိုက်ကလားလို့ မေးတာပါ"

"ဗျာ…ဟုတ်ကဲ့ အဘ၊ ဒါပေမယ့် ကျွန်တော်တို့က ပိုင်ရှင်မဟုတ်ပါဘူး။ ခဏနေရင်း ခြံရှင်းတာပါ အဘ"

"အဘ…နေပူတယ်၊ ခဏဝင်ထိုင်ပါလား။ ရေနွေးလည်း ရှိတယ်။ ရေအေးလည်း ရှိတယ်လေ"

"အေးအေး၊ သမီးရယ်။ အဘက နယ်က ဘုရားဖူးလာတာ။ ဒီတိုက်က တယ်ကောင်းပါလားလို့ ကြည့်မိရင်းနဲ့ မေးလိုက်တာကွယ်။ အလုပ်များ ပျက်ကြမလား"

"မပျက်ပါဘူး အဘရယ်။ ကျွန်တော်တို့လည်း နားမလို့ပါ"

ဆံပင်ဖြူဖြူကို သျှောင်တစောင်းထုံးထားပြီး ပင်နီကြမ်း၊ လက်တိုအင်္ကျီ၊ ယောဂီရောင် ပုဆိုးနှင့် လွယ်အိတ်ကြီးကို လွယ်ထားသော ထိုဘကြီးကို မစမ်းမြင့်က နေရာထိုင်ခင်းပေးပြီး…

"အဘ…ရေနွေးကြမ်းသောက်မလား။ ရေအေးအေးသောက်မလား။ ထမင်းရော စားပြီးပလား အဘ"

"အေးကွယ်၊ အဖန်ရည်ကျဲကျဲလေးက အခုလို ပူတဲ့ ရာသီမှာ ဆီးဝမ်းထိန်းတယ်။ အင်း…အဘကြုံဖူးပါပြီ၊ ရန်ကုန်လို နေရာမှာ ဒီအရွယ်၊ ဒီအသိ ရှိတာ။ အဘ မနက်က မုန့်တစ်ပွဲစားခဲ့ပြီကွဲ့"

"ဟုတ်ကဲ့ အဘ။ မြင့်ရေ… အဘကို ထမင်းကျွေးရအောင် ပြင်လိုက်ပါကွာ"

မစမ်းမြင့်က ထမင်းနှင့် ဟင်းကို သေသပ်စွာ ပြင်၍ လင်ပန်းနှင့် ထည့်ကာ ခုံဝိုင်းလေး ခင်းပြီး သစ်ပင်ရိပ်အောက်မှာ ကျွေးကြသည်။ ငွေဘော်က ဘေးမှ ယပ်ခတ်ပေးရင်း ဘာလိုသေးလဲ၊ ထမင်းထပ်ယူပါဦးဟု ပြောသည်။ ဘကြီးက ပြည့်စုံပါပြီဟု ပြောပြီး ဆုများပေး၍ ထိုင်ရာမှ ထပြီး…

"လူလေးရော၊ သမီးရော အဘသွားမယ်။ စေတနာအကျိုးပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်ဖြစ် ကိုယ့်အလုပ် ကိုယ်လုပ်၊ အချိန်တန်ရင် ဖြစ်လာလိမ့်မယ်"

ပြောလည်း ပြော၊ ခြံဝမှလည်း ထွက်သွားသည်။

"ကိုငွေရယ်···အဘကို လမ်းစရိတ်ကလေးတောင် မပေးလိုက်မိဘူး"

"အေး၊ ဟုတ်ပါ့ကွာ"

ထိုညတွင်လည်း ဘုရားရှိခိုးပုတီးစိပ်၍ အိပ်ကြရာ အပေါ်ထပ်တွင် စကားပြောသံ၊ ညည်းသံများ ကြားရပြီး လှေကားမှ တက်သံ၊ ဆင်းလာသံများကိုပါ ကြားရသည်။ နံနက်လင်းတော့ မစမ်းမြင့်က···

"ကိုငွေ··· ညက အပေါ်ထပ်မှာ လူသံတွေ ကြားတယ်။ လှေကားကလည်း တက်လိုက်၊ ဆင်းလိုက်နဲ့"

"ကိုငွေလည်း ကြားတယ်။ မြင့်လန့်မှာစိုးလို့ မပြောတာ"

"အမြင့်က ကိုငွေ့နားကို ကပ်တာ အဲဒါကြောင့်ပဲ။ အိပ်ရေးပျက်မှာစိုးလို့ မနှိုးတာ။ ဒီမှာ ဘာတွေ ရှိလဲ မသိဘူး"

"သူတို့ဟာ သူတို့နေတာကွာ။ ကိုယ်တို့ကို ဘာမှမလုပ်ရင် ပြီးရော။ အဘမှာသွားတာ ကိုယ့်အလုပ် ကိုယ်လုပ်တဲ့၊ မြင့်ကြောက်လို့လား"

"ကိုငွေရှိတာပဲ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။ နောက်တစ်ည အခန်းထဲတွင် ထိုင်နေစဉ် လှေကားမှ ပြေးဆင်းလာသံနှင့် စူးစူးဝါးဝါးနံလိုက်သော နန္ဒင်းအနံ့နှင့် ညည်းသံကိုပါ ကြားလိုက်ရသည်။ ငွေဘော်က ခေါင်းညိတ်ပြလိုက်သည်။ မစမ်းမြင့်က ရှေ့ကို တိုးပြီးထိုင်လိုက်သည်။

•••

ခြံထဲတွင် ရှင်းလင်းသွားသည်။ သည့်နေ့ နောက်ဆုံးရှင်းရခြင်းဖြစ်သည်။ ပန်းအိုးများကလည်း သူ့နေရာနှင့် သူဖြစ်သွား၍ ကြည့်ကောင်းသွားသည်။ ဦးဇော်နိုင်က ကားကို ခြံဝတွင် ရပ်၍ ဟွန်းတီးလိုက်သည်။ ငွေဘော်က လက်ထဲမှ ဓားကို ချပြီး ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ကားကို ခြံထဲ မောင်းဝင်လာပြီး ဦးဇော်နိုင်က ကားပေါ်မှ ဆင်းရင်း···

"အင်း··· အခုမှ ခြံနဲ့ တူသွားတယ်။ အရင်ငှားနေတဲ့ လူတွေက ဘာမှတော့ မလုပ်ဘူး။ အပွင့်အရွက် အသီးကျတော့ ခူးကြတယ်။ ပြီးတော့ သရဲခြောက်လို့ဆိုပြီး အပြင်မှာလည်း ပြောတယ်။ တင်ထားတဲ့ စပေါ်ငွေလည်း ပြန်တောင်းကြတယ်။ အခု မောင်ငွေတို့ ဘာဖြစ်ကြသေးလဲ"

"ဘာမှမဖြစ်ပါဘူး ဦး။ အခုပဲ တစ်လပြည့်ပြီ ဦးရယ်"

"အေး၊ အရင်အိမ်ငှားတွေက ရောက်တဲ့ညမှာပဲ ခုတင်ပေါ်က ဆွဲချလို့၊ လှေကားက တွန်းချလို့နဲ့ အော်ဟစ်ဆူညံနေတာ။ ကလေးတွေက ငိုနဲ့ကွာ"

ငွေဘော်က တွေးလိုက်သည်။ သူတို့ကျတော့ ဘာလို မဖြစ်လဲ။ အနံ့ရတာ၊ အသံကြားတာလောက်ကတော့ ဘာမှမဖြစ်။ အရင်အိမ်ငှားများ ဖြစ်သလိုဆိုလျှင် မစမ်းမြင့်က နေရဲမှာ မဟုတ်ပေ။ ဦးဇော်နိုင်ကိုတော့ ဘာမှထပ်မပြောတော့ပေ။ ဦးဇော်နိုင်က နှုတ်ဆက်ပြီး ငွေနှစ်သောင်းထပ်ပေး၍ ပြန်ထွက်သွားသည်။ ငွေဘော်နှင့် မစမ်းမြင့်တို့က သစ်ခွစင်လေးကို ဆက်၍ ရိုက်နေကြသည်။

"ဟော့···အားကို၊ ဟော့··· အားကို"

ကုလားကြီးတစ်ယောက် ခြံဝမှ ခေါ်ရင်း လက်ပါ ပြလိုက်သဖြင့် ငွေဘော်က ခြံဝကို သွားလိုက်သည်။

"ကိစ္စရှိလား၊ ပြောပါ။ ဘာသ[...] ပေးရမလဲ၊ အထဲဝင်ပါ"

"အားကိုနော်···တပေါ်ကန်[...] ဒယ်။ နာ ဟိုပက်မှာ ခြံလုပ်ဒယ်[...] အားကို···ဒီမှာ အပိုးကြီးရှိတယ်[...] ဆံပင်ပူပူနဲ့ ရှယ်တဲ့ အိတ်နော် အင်[...] ကျီပဲ လာတယ်။ ဒီမှာ လူနေတယ်[...] မရဘူး။ အထဲမှာ မိုးမတစ်ယောက်[...] ကလေးမိဒယ်၊ မာလကားဒယ်။ အား[...] နော်··တပေါ်ကန်းဒယ်၊ နေပါ။ ကိစ္စ[...] ရှိတယ်၊ ဂျမနားကို ဂေါ်ပါ။ အား[...] ··နာတွားမယ်"

"ရေနွေးသောက်လေ ဂျမ[...] ဟုတ်လား"

"မွန်ဒယ် အားကို၊ တွာမယ်"

ငွေဘော်က မစမ်းမြင့်အနား[...] ပြန်ရောက်တော့ မျက်နှာက ပြုံး[...] သဖြင့်···

"ကိုငွေ··ကုလားကြီးက ဘာ[...] လာပြောတာလဲ"

"သူက ဂျမနားတဲ့၊ ဟိုဘက်[...] မှာ မာလီလုပ်တယ်။ ဒီခြံထဲမှာ အ[...] ကြီးတစ်ယောက် လွယ်အိတ်အကြီး[...] နဲ့၊ ဆံပင်ဖြူဖြူနဲ့ ရှိတယ်။ ဒီတို့[...] မှာ မိန်းမတစ်ယောက် ကလေးမွေး[...] သေသွားတာလည်း ရှိတယ်[...] အကြောင်းရှိရင် သူ့ကို ခေါ်ပါလို့[...] တာ"

"အမြင့်တို့ကို ကူညီမယ့် လူ[...] ကြီးပဲ"

"စေတနာပေါ့ မိန်းမရာ၊ ဒီ[...] မှာ ဦးလေးကို ပြောပြီး အလှူအတ[...] လုပ်ချင်တယ်။ အားလုံးကိုလည်း [...] ဝေချင်တယ်ကွာ။ ရှိတဲ့ ငွေ[...] သုံးဟာသုံးပါးလောက်ဆိုရင် အ[...] မယ်နော် မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုငွေသဘောလေ။ ဦးနဲ့ ဦးသံချောင်းကိုတော့ ပြောဦးမှ ထင်တယ်"

"အေးကွ၊ ပြောတော့ ပြောမယ်လေ"

အလုပ်သိမ်း၍ ရေမိုးချိုးပြီး ထမင်းစား ခဏနားရင်းမှ ငွေဘော်က-

"မြင့်ရေ• • •ဂျမနားပြောတာကို စဉ်းစားမိတယ်။ အဘက သူပြောတာနဲ့ ကိုက်နေတယ်"

"အင်းနော်• • •အမြင့်လည်း အခုမှ စဉ်းစားမိတယ်"

"အေးကွာ၊ ကဲ• • •ကဲ ဘုရားရှိခိုးမယ်။ ပုတီးစိပ်မယ်"

"ဟုတ်ကဲ့ ကိုငွေ"

BURMESE CLASSIC .com

•••

"လူလေး• • •ထ၊ ထ။ အဘနဲ့ လိုက်ခဲ့။ တူးဖို့၊ ကော်ဖို့လည်း ယူခဲ့။ သမီးကိုပါ အဘခေါ်ခဲ့မယ်"

လူးလူးလွန့်လွန့်နှင့် အိပ်ရာမှ ထလိုက်သည်။ မျက်လုံးက မဖွင့်နိုင်ပေ။ လေကားအောက် စတိုခန်းထဲမှ ဂေါ်ပြားနှင့် ပေါက်တူးကို ယူလိုက်စဉ် မစမ်းမြင့်က တိုက်တံခါးကို ဖွင့်လိုက်သည်။ တိုက်တံခါးမှ အထွက်တွင် နှစ်ယောက်သား တိုက်မိလိုက်သည်တွင်• • •

"ဟင်• • •မြင့်• • •"

"ကို• • •ကိုငွေ• • •အဘ• • •"

"အေး၊ ကိုငွေကိုလည်း အဘလာနှိုးတာ"

"ဟို• • •အဘကရော"

"မသိဘူး။ တူးဖို့ ကော်ဖို့ ယူလာဆိုလို့ ကိုငွေလည်း ဒါတွေ ယူလာတာ"

ခြံထဲသို့ ဆင်းလိုက်ပြီး ဘေးတွေကို လှမ်းကြည့်လိုက်ရာ ပိန္နဲပင်နားတွင် အရောင်ဖျိုးဖျိုးဖျပ်ဖျပ်နှင့် တွေ့လိုက်ရသဖြင့် ငွေဘော်နှင့် မစမ်းမြင့်တို့က သေချာကြည့်ရာ အဲဒီမှာ တူးဟု ပြောလိုက်သံကို ကြားပြီး ငွေဘော်က ပေါက်တူးနှင့် ပေါက်၍ ဂေါ်ပြားနှင့် ကော်တင်လိုက်ဖြင့် အတော်ကလေး ကြာတော့ သံသေတ္တာတစ်လုံးကို တွေ့လိုက်ရသည်။

"ဟား• • •မြင့်၊ သံသေတ္တာပါလား"

"ဟုတ်တယ် ကိုငွေ။ ဘာလဲ မသိဘူး။ ဘယ်သူတွေ ထားတာလဲ မသိဘူး"

မစမ်းမြင့်က ပေါက်တူးနှင့် ဂေါ်ပြားကို ယူ၍ ငွေဘော်က သံသေတ္တာလေးကို ထမ်းယူပြီး တိုက်ထဲသို့ ပြန်ဝင်လိုက်ကြသည်။ တိုက်တံခါးပိတ်ပြီး သံသေတ္တာမှ မြေကြီးများကို အဝတ်နှင့် ခါပွတ်ပြီး အဖုံးကို ဖွင့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားသည်။ မြင်လိုက်ရသည်များက မယုံနိုင်စရာ။

"ကို• • •ကိုငွေ• • •ပစ္စည်းတွေ ဟုတ်ရဲ့လား"

"အေး၊ မြင့်• • •မြင့်ရယ်၊ ဟုတ်ရဲ့လားကွာ။ ဒါတွေက ဦးတို့ မြှုပ်ထားတာလား မသိဘူး"

"ဟိုလေ• • •နောက်နေ့ကျရင် ကိုငွေ သွားပြောလိုက်ပါလား"

"ဒုန်း• • •ဒုန်း• • •"

"ဝေါ• • •ဖရောက်• • •ဖြောက်• • •ဖြောက်• • •"

"ကိုငွေ• • •အပေါ်က ဒုန်း• • •ဒုန်းနဲ့ အပြင်မှာလည်း လေတိုက်တာလား မသိဘူး။ အသံတွေ မြည်နေတယ်"

"အေးကွာ၊ မိုးကလည်း မလင်းသေးဘူး"

သံသေတ္တာထဲမှ ရွှေထည်လက်ဝတ်လက်စားများက အများကြီးဖြစ်၍ ငွေဘော်နှင့် မစမ်းမြင့်တို့မှာ ကြက်သီးထပြီး မကိုင်ရဲ မတွယ်ရဲဘဲ မိုးလင်းရန် ဆုတောင်းမိရင်း လင်မယားနှစ်ယောက် ထိုင်လျက်ပင် အိပ်ပျော်သွားကြသည်။

"လူလေးနဲ့ သမီး၊ လယ်ထွန်ပြီး မြေဆိုင်ခဲတွေက ရွှေတုံးတွေဖြစ်လို့ ရှင်ဘုရင်ကို သွားအပ်ရတာမျိုး မဟုတ်ဘူး။ အဲဒီ ပစ္စည်းတွေကို လူလေးနဲ့ သမီးတို့ဘဝအတွက်ပဲ လှူတန်တာလှူ။ လှူရင် အဘကိုရော၊ ဒီမှာ ရှိကြတာတွေကိုပါ အမျှဝေ။ ဘယ်သူ့မှ ပြောဖို့ မလိုဘူး။ အဘပြောတာ နားလည်လား။ အလှူလုပ်၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘ၊ ဟို• • •အဘ"

"ကိုငွေ• • •အဘ• • •အဘ"

"ဟင်• • •မြင့်၊ မိုးလင်းပြီ။ တို့ဘာဖြစ်တာလဲ။ အဘက ထပ်ရောက်လာပြီး ပြောသွားတယ် မြင့်ရဲ့"

"ဟုတ်တယ် ကိုငွေ။ မြင့် သိလိုက်တယ်။ ဘာဖြစ်လို့ ပြန်ပြီး အိပ်ပျော်သွားတာလဲ။ မိုးတောင် လင်းနေပြီ ကိုငွေ"

"ကဲ• • •ကဲ• • •မြင့်၊ ရေမိုးချိုး။ အဘပြောတဲ့အတိုင်းပဲ လုပ်မယ်။ အလှူလုပ်ဖို့တော့ ဦးကို ပြောပြီးမှ လုပ်မယ်။ ကိုငွေလည်း ရေချိုးမယ်၊ ဘုရားဝေယျာဝစ္စလည်း လုပ်ဦး"

"စိတ်ချပါ ကိုရယ်။ ဟို• • •ဒါကြီးကို ဘယ်လိုလုပ်မလဲ"

"ထား• • •ထား၊ ကိုငွေပဲ သိမ်းလိုက်မယ်"

•••

နောက်တစ်နေ့တွင် ဦးဇော်နိုင်ကို ကိုသံချောင်းမှတစ်ဆင့်ပြောပြီး သံဃာငါးပါးပင့်၍ ဆွမ်းကပ်ရာ ဦးဇော်နိုင်က အချိုပွဲနှင့် ငွေပါ ထပ်ထည့်သည်။ ငွေဘော်၏ ညီတွေရော၊ နှမတို့ပါ လာကြသည်။ ထိုညတွင် အတော်ညဉ့်နက်မှ



www.burmeseclassic.com

www.burmeseclassic.com

ငွေဘော်နှင့် မစမ်းမြင့်တို့မှာ အိပ်ရာဝင်ကြရသည်။ အိပ်ပျော်သွားစဉ်မှာပင် အပေါ်ထပ် လှေကားမှ ကလေးမွေးခါစလေးကို ပိုက်၍ဆင်းလာသော အမျိုးသမီးတစ်ယောက်။

"ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ သွားတော့မယ်နော်"

နန္ဒင်းနံ့များကြောင့် မစမ်းမြင့်က အိပ်ရာမှ လန့်နိုးသွားသည်။ ငွေဘော်က အိပ်ပျော်နေရင်းမှ မျက်နှာက ပြုံးပြုံးရွှင်ရွှင်နှင့် ဖြစ်နေ၍ မစမ်းမြင့်က မနိုးသေးဘဲ ကြည့်နေလိုက်သည်။ ခဏအကြာမှ ဖျတ်ခနဲဆို ငွေဘော်က နိုးသွားသည်။

"ဟင်...မြင့်၊ မင်း မအိပ်ဘူးလား။ ဘာဖြစ်လို့လဲ"

"အိပ်ပါတယ် ကိုငွေ။ အပေါ်ထပ်မှ ကလေးအမေက နှုတ်ဆက်တာရော၊ နန္ဒင်းအနံ့ကြီးကြောင့်ပါ နိုးသွားတာ။ ကိုငွေက အိပ်နေရင်းနဲ့ ဘာလို့ ရယ်ပြုံးနေတာလဲ၊ ပြောစမ်း။ ဒါတွေရပြီဆိုပြီး ငါတော့ သူဌေးဖြစ်ပြီ၊ ဘာညာလုပ်မယ်လို့ စိတ်ကူးယဉ်နေတာလား၊ ပြော...ပြောလေ"

မစမ်းမြင့်၏ လက်သီးဆုပ်နှင့် ရွယ်၍ မေးနေတာကို ကြည့်ပြီး ငွေဘော်က အသံထွက်အောင်ပင် ရယ်လိုက်သည်။

"ဘာလဲ...ပြော၊ ရယ်မနေနဲ့"

"အဟတ်...ဟတ် မိန်းမရယ်၊ မင်း...မင်းလက်သီးကြီးနဲ့ ရွယ်ထားလို့ သဘောကျပြီး ရယ်တာပါကွာ။ အိပ်မက်ထဲမှာ အဘရယ်၊ နောက်လေးငါးယောက်ပါ ပါတယ်။ ဒီနေ့လုပ်တဲ့ အလှူနဲ့ အမျှဝေတာကို သာဓုခေါ်ရတယ်၊ ဒီကလည်း သွားလို့ရပြီတဲ့။ အလှူလုပ်တဲ့အထဲမှာ ဒီပစ္စည်းကို ရောင်းပြီး ထည့်သုံးလို့လို့ ပြောတယ်။ ဟိုအိမ်ပေါ်ထပ်က မိန်းမကိုလည်း အဘက သွားနိုင်ပြီဆိုပြီး လွှတ်လိုက်တာပါ ပြောတယ်။ အဘက အရင် ဒီအိမ်ကြီး (ဟိုတုန်းက ပျဉ်ထောင်အိမ်ကြီး)က ဘုရင့်မြင်းထိန်းတော်ရဲ့ အိမ်တဲ့။ အဘ(မြင်းထိန်းတော်)ရဲ့ အဖေ၊ မန္တလေးနန်းမြို့ကို ကုလားဖြူတွေ သိမ်းတော့ ထွက်လာကြပြီး ဒီမှာ စုနေကြတာ။ ပါလာသမျှ ရတနာပစ္စည်းတွေကို စုပြီး မြှုပ်နှံထားရင်း သေကြေကုန်တော့ အဘနဲ့ တချို့က ပစ္စည်းစွဲပြီး စောင့်နေကြရတာ။ ဒီအိမ်ကြီးကို ဖျက်ပြီး တိုက်ဆောက်တော့ ပစ္စည်းပေးပြီး အလှူအတန်းလုပ်ခိုင်းမလို့ဟာ သရဲခြောက်တယ်..သရဲခြောက်တယ်ဆိုပြီး မနေရဲကြလို့ ဘယ်သူမှလည်း ပေးလို့မရ၊ အမျှဝေမယ့် လူကလည်း မရှိလို့ ဒီလိုပဲ နေ,နေရတာ နှစ်ပေါင်းကြာနေပြီတဲ့။ အခု ကိုငွေတို့ကျတော့ ဘုရားတရားနဲ့ စိတ်ထား 'စေတနာမှန်လို့ အဘကိုယ်တိုင်လာတာ။ ပြီးမှ ပစ္စည်းကို ပေးတာ။ ပစ္စည်းကလည်း နဂိုက ဘုရားကျောင်းကန်အတွက် ရည်စူးရင်ပေးလို့ မရသလို၊ အဘတို့လည်း မကျွတ်ဘူး။ နောင် ဘုရားပွင့်မှ ကျွတ်မှာ။ အခုတော့ ဒီပစ္စည်းနဲ့ အလှူလုပ်၊ အမျှဝေတယ်။ ကုသိုလ်ပြုပေးတာရော စေတနာကြောင့်ပါ အတုံ့အလှည့်ပြန်လိုက်တာ။ ကျန်တာတွေကို ရှေ့ဘဝအတွက် သုံးလို့ အဘက ပြောနေလို့ ရယ်ပြီး နှုတ်ဆက်ခဲ့မိတာပါကွာ"

"ဟင်း...ဒါဆိုရင် ပြီးရော။ နောက်လည်း အလှူလုပ်ရင် အဘတို့ကို အမျှဝေရမယ်။ ကိုငွေ... ဟိုလေ အပေါ်ထပ်က မီးနေသည်ကရော"

"အင်း...အဲဒါလည်း အဘက ပြောတယ်။ သနားစရာပါကွာ။ အဲဒီအမျိုးသမီး ဒီတိုက်ကို ဝယ်လိုက်တဲ့ အချိန်မှာ သူ့ယောက်ျားက နောက်တစ်ယောက်နဲ့ ဖြစ်တာကို သိသွားပြီး သူ့ယောက်ျားကို ဓားနဲ့ ထိုးသတ်လိုက်တယ်။ ပြီးတော့ သူက ကလေးမွေးခါ ဆိုတော့ ဒေါသကြောင့် သွေးတက်ပြီး ဆုံးသွားတာတဲ့။ သူ့ယောက်ျားက ဆေးရုံမှာ သေပြီး၊ ကျန်တဲ့ နောက်မိန်းမက အခဲမကျေတော့ လိုက်ပြီး ဒုက္ခပေးမှာ စိုးလို့ အဘက ဒီကနေပြီး ဘယ်ကိုမှ မလွှတ်တာ။ ဒီမှာနေတဲ့ လူတွေကို သူပဲ ဒုက္ခပေးတာ။ ကိုငွေတို့ကျတော့ အဘက ခွင့်မပြုလို့ ဘာမှမလုပ်တာတဲ့ မိန်းမရဲ့"

"ဟင်း...တွေ့လား။ အဘပြောတာ သိလား။ ယောက်ျားက ချမ်းသာရင် စည်းမစောင့်ဘူး"

"ဟာကွာ...မိန်းမရယ်၊ အဲ့ လင်မယားက ဆင်းရဲအတူ၊ ချမ်းသာအတူပဲ။ ဘုရားသွား၊ ကျောင်းတက် အလှူဒါနလည်း အတူပဲ လုပ်မှာပါကွ မြင့်ရဲ့ မေတ္တာ စေတနာကို ကိုငွေ အတုံ့အလှည့်ပြန်ထားရမှာပေါ့"

"အင်းပါ။ ကိုငွေမြင့်တို့ ကျောင်းကန်ဘုရားလည်း လှူမယ်နော်။ ပြီးတော့..."

"ပြောလေကွာ"

"ဆွေမျိုးညာတကာ..."

"ဟားဟားဟား...မိန်းမရယ် ဆွေမျိုးကိုလည်း ထောက်ပံ့ခြင်းပေါ့"

အိပ်ခန်းမျက်နှာကြက် တန်း မှ အိမ်မြှောင်က စုတ်ထိုးလိုက်သံ ခပ်ကျယ်ကျယ်ပင် ဖြစ်သည်။

* * *

နိုးယဉ်ဒွေး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

ကြော်ငြာနှုန်းထားများ

BURMESE CLASSIC .com

| | | | | |
|---|---|---|---|---|
| နောက်ကျောဖုံး | (၄ - ရောင်) | - | ၇" × ၁၀" | ၁၅၀,၀၀၀ ကျပ် |
| အရှေ့မျက်နှာဖုံးအတွင်း | (၄ - ရောင်) | - | ၇" × ၁၀" | ၁၀၀,၀၀၀ ကျပ် |
| နောက်ကျောဖုံးအတွင်းဘက် | (၄ - ရောင်) | - | ၇" × ၁၀" | ၈၀,၀၀၀ ကျပ် |
| အတွင်းတစ်မျက်နှာ | (၄ - ရောင်) | - | ၇" × ၁၀" | ၆၀,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ တစ်မျက်နှာ | (၁ - ရောင်) | - | ၇" × ၁၀" | ၁၅,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ မျက်နှာဝက် | (၁ - ရောင်) | - | ၅ . ၆" × ၄ . ၅" | ၈,၀၀၀ ကျပ် |

ဒီဇိုင်းပေးပြီး ဖလင်ကူးလိုပါလျှင် ဖြူ/ မဲအတွက် ဖလင်ကူးခ ပေးစရာမလိုပါ။

၄ ရောင်အတွက် ဖလင်ကူးခ သီးသန့်ပေးရမည်။

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

www.burmeseclassic.com

၁နွေ ၂လာ ၃ဂါ ၄ဟူး ၈ဟု

၅တေး ၆ကြာ ၇နေ

ဂမ္ဘီရဆန်းကြယ်

BURMESE CLASSIC .com

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

**တနင်္ဂနွေသားသမီးများ**

ကုသိုလ်ကံကောင်းနေသည့်လဖြစ်သည်။ ဘုန်းကံပွင့်လန်းနေသည်။ လာဘ်ရွှင်မည်။ ငွေဝင်မည်။ ငွေကုန်ကြေးကျလည်း များနေမည်။ ထို့ကြောင့်ငွေကိုချွေတာပါ။ ဘာပဲဖြစ်ဖြစ် ငွေဝင်မည်။ ထွက်ထားသောရွှေတချို့ပြန်ဝင်မည့်လဖြစ်သည်။ စက် ပစ္စည်းပျက်မည်။ ပြင်သုံးပါ။ ကောင်းကျိုးထူးမည်။ ကျန်းမာရေးကောင်းမည်။ သို့သော် သွေးအားနည်းတတ်သည်။ အလုပ် ကိစ္စအဆင်ပြေပါမည်။ အိမ်ထောင်ရှင်များ ယခုလ မိသားစု အေးချမ်းအောင်နေပါ။ စကားများတာ၊ ရန်ဖြစ်တာ၊ ဆူပူတာ ဖြစ်လျှင်လာဘ်ပိတ်မည်။ ငယ်ရွယ်သူတွေအတွက်တော့ ဒီလမှာ အချစ်ရေးစိတ်တိုင်းမကျတာလေးတွေကြုံမည်။ ဒါပေ မယ့် အချစ်ရေးအဆင်ပြေပါမည်။ ကံဇာတာအထူးကောင်းနေသည့်လပါ။ ဘဝအတွက်ထူးခြားတဲ့ အသိဉာဏ်ပညာဗဟု သုတတွေ တိုးမယ့်လပါ။

**ယတြာ။** ။ ယခု တစ်လလုံး စကားပြော ချိုသာပါ။ နံနက်စောစောထပြီး ဘုရားရှိခိုးပါ။ မေတ္တာပို့ပါ။ အထူး သဖြင့် စံပယ် (၈)ကုံး နေ့စဉ် ပူဇော်လှူဒါန်းခြင်းဖြင့် ကုသိုလ်ကံတွေ ထူးခြားစွာ ပွင့်လန်းနိုင်ပါသည်။ (၃၊ ၅၊ ၂)ဂဏန်းတွေ ကောင်းကျိုးထူးမယ့်လပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

ကံဇာတာ ကောင်းနေတဲ့လပါပဲ။ အတွေးအခေါ်တွေ ပြောင်းလဲမယ်။ အသိအမြင်တွေပြောင်းလဲမယ်။ ဘဝအတွက်ထူးခြားတဲ့ပြောင်းလဲမှုတွေနဲ့ တိုးတက်မယ့်ကာလပါ။ ပတ်ဝန်းကျင်က သင့်ကို အလွန်အထင်ကြီးနေလိမ့်မယ်။ ရွှေဝင်မယ်။ **စက်ပစ္စည်းဝင်မယ်။** ငွေကတော့ အကုန်အကျများမယ့်လပါ။ ဒါပေမယ့် ငွေဝင်မယ်။ ငွေကိုစနစ်တကျသုံးစွဲသင့်ပါတယ်။ **အလုပ်ကိစ္စမှာ** တိုးတက်မယ်။ သင့်ကြိုးစားမှုကြောင့် တိုးတက်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာအောင် **နေပါ။** ငယ်ရွယ်သူတွေ သင်တန်းတစ်ခုခုတက်ရမယ်။ ကောင်းပါတယ်။ ငယ်ရွယ်သူတွေ အချစ်ရေးမှာ မကြာခဏ စိတ်**ကောက်တာ၊** စိတ်အခန့်မသင့်တာတွေကြုံမယ်။ ဒီလထဲမှာ ခရီးတိုလေးတွေရော၊ ခရီးဝေးတချို့ပါ သွားရတတ်တယ်။ **ကျန်းမာရေးကို** အထူးဂရုစိုက်သင့်တဲ့လပါ။ အထူးသဖြင့် ဗိုက်အောင့်တတ်တယ်။ ဒါပေမယ့် ဆိုးဆိုးရွားရွားဖြစ်ဖို့မရှိပါ။ နေအိမ်ကို တန်ခိုးကြီးဘုရားပုံတော်၊ ရုပ်ပွားတော်တစ်ခုခုကြွလာမယ်။ ကံကောင်းခြင်းတွေကိုလည်း ဖြစ်စေနိုင်ပါတယ်။

ယတြာ။ ။ ဘုရားတစ်ဆူကို သွားပြီး ပန်းအန္တမ်းတွေ၊ ပန်းခြောက်တွေ၊ ဖယောင်းတိုင်ထွန်းထားတဲ့ အမှိုက်သရိုက်တွေ ရှင်းလင်းပြီး ကုသိုလ်ယူပါ။ ယခုလ ရေလှူပါ။ ရေကပ်ပါ။ (၄၊ ၅၊ ၆)ဂဏန်းတွေ ဆောင်ပါ။

## အင်္ဂါသားသမီးများ

ပျော်ပျော်နေပါ။ စိတ်လက်ပေါ့ပါးစွာနေပါ။ စိတ်ဖိစီးမယ်။ စိတ်ဖိစီးစရာတွေကို ရှာကြံပြီး တွေးနေမိတတ်တယ်။ **ပြင်လိုက်ပါ။** ကံကောင်းနေတဲ့လပါ။ မထင်မှတ်တာတွေလည်း ထပ်ကာထပ်ကာကြုံတတ်တဲ့လပါ။ ငွေဝင်မယ်။ အထူးဝင်မယ်။ ထပ်ကာထပ်ကာဝင်မယ်။ ရွှေလည်းဝင်မယ်။ ရွှေ အပေါင်းဝယ်ဖြစ်တတ်တယ်။ အလုပ်နှစ်ခုတွဲလုပ်ရတတ်တယ်။ အလုပ်ကံကောင်းနေပါတယ်။ အိမ်ထောင်ရှင်များ အိမ် ထောင်ရေးအထူးသာယာမယ့်လပါ။ စက်ပစ္စည်းထွက်မယ်/ပျက်မယ်။ စွန့်ထုတ်ပစ်လိုက်ပါ။ ကျန်းမာရေးဂရုစိုက်ပါ။ ရုတ် တရက် ကောင်ခါင်ခါ ညှဉ်းသွားတတ်တယ်။ ဒီတစ်လလုံး ဆိတ်သားရှောင်ပါ။ အစားမှားတတ်။ ဆေးမှားတတ်။ ငယ်ရွယ် သူတွေ အချစ်ရေးက အထူးသာယာမယ်။ အလွန်မျက်နှာပွင့်လန်းနေမယ်။ မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်တဲ့ ကာလပါ။ သတိထားစရာက အင်္ဂါသားသမီးတွေ မထင်မှတ်တဲ့ ပြဿနာတစ်ခုရင်ဆိုင်ရတတ်တယ်။ ပြဿနာဖြစ်ရင် တစ်ကြိမ်နှင့် မပြီးတတ်။ ကျန်းမာရေးနှင့် ပြဿနာ သတိထားပါ။ ကံဇာတာကတော့ မညံ့ပါ။ ရွှေလက်စွပ်လေးတစ်ကွင်း လက်ျာဘက် လက်သူကြွယ်မှာ ဝတ်ထားပါ။

ယတြာ။ ။စာကလေး (၆)ကောင် လွှတ်ပါ။ ဘုရားမှာ ရေလှူပါ။ ရေသပ္ပာယ်ပါ။ ရွှေကပ်ပါ၊ ပြီးရင် ခေါင်းလောင်းထိုးပြီး အမျှဝေပါ။ ဒီတစ်လလုံး (၂၊ ၄၊ ၅) ဂဏန်းတွေ ဆောင်ပါ။

## ဗုဒ္ဓဟူးနှင့်ရာဟုသားသမီးများ

ဗုဒ္ဓဟူးနှင့်ရာဟုသားသမီးများကံဇာတာအတူတူပဲ မှတ်ပါ။ ယခုလငွေအထူးဝင်မယ်/ထီပေါက်တတ်တယ်။ ကံဇာတာအလွန်မြင့်မားနေချိန်ပါ။ အရက်နှင့်ဘီယာ၊ ဝိုင်သောက်တာတွေ ရှောင်ပါ။ ငွေဝင်မယ်။ ကားဝယ်ချင်သူတွေ ကားသစ်ကားကောင်း ရတတ်တယ်။ ရဲရဲဝယ်ပေတော့။ ကျန်းမာရေးတော့ ဂရုစိုက်ရမယ့်ကာလ။ လေအောင့်တတ်တယ်။ သွေးတိုးတတ်တယ်။ အလုပ်ကိစ္စမှာ မကျေလည်မှုလေးတွေဖြစ်မယ်။ အစစသည်းခံပါ။ စိတ်ရှည်ပါ။ အိမ်တွင်းရေး မကျေလည်မှုတွေလည်းဖြစ်တတ်တယ်။ အစစ သည်းခံပါ။ ငယ်ရွယ်သူတွေ **အချစ်ရေး**ကံကောင်းမယ်။ အချစ်ရေး အစစ အဆင်ပြေမယ်။ စက်ပစ္စည်းကိစ္စတချို့ခေါင်းစားရတတ်တဲ့ကာလ။ **စက်ပစ္စည်း ကျပျောက်တာ၊** ပျက်တာ ဖြစ်မယ်။ ဒီလမှာ ကံဇာတာအလွန်မြင့်မားနေတဲ့အတွက် ကုသိုလ်ကောင်းမှုတွေ များများပြုပါ။ **အဓိဋ္ဌာန်ပုတီးတွေ** စိပ်ပါ။ မုချ ထူးခြားမယ်။

ယတြာ။ ။ အရက်ပုလင်း အဝင်မခံရ။ အရက်ဆိုင်၊ ဘီယာဆိုင်ထဲ ဝင်တာ ရှောင်ပါ။ ဘုရားမှာ ကံ့ကော် (၁၅) ညွန့်နှင့် နှင်းဆီ (၁၀)ပွင့် ဝေနေအောင် လှူပေးပါ။ (၇၊ ၂၊ ၆) ဂဏန်းတွေ ဆောင်ပါ။

## ကြာသပတေးသားသမီးများ

စိတ်အလိုမကျတာတွေ များနေတတ်ချိန်။ စိတ်ဖိစီးနေတတ်ချိန်။ ကိုယ့်ဒေါသကို ထိန်းပါ။ အတတ်နိုင်ဆုံး သီးသန့်နေပါ။ ဒီအချိန်မှာ ကိုယ့်ကိုမထိမ့်မြင်လုပ်တာတွေ ခံရတတ်တယ်။ ကိုယ့်အပေါ် ကျေးဇူးကန်းတာတွေ ခံရတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကံဇာတာမညံ့ပါဘူး။ ကိုယ်တိုင်ကလည်း အလိုလိုနေရင်း ဒေါသထွက်တာတွေ၊ စိတ်ကြီးတာတွေ၊ စကားကြမ်းတာတွေ ဖြစ်နေတတ်တယ်။ အိမ်မှာ ကိုယ်ကပဲ အစစ သည်းခံပေးပါ။ အလုပ်မှာလည်း ကိုယ်ကပဲ အစစ သည်းခံပေးပါ။ ငွေကုန်များမယ်။ ငွေဝင်တာ နည်းမယ်။ အလုပ်လုပ်ရတာ အဆင်မပြေတာတွေ ဖြစ်မယ်။ စိတ်ရှည်။ ကိုယ်က ကတိပေးတာတွေ တာဝန်ကျေပါစေ၊ စကားကို ချိုသာပါ။ စက်ပစ္စည်းဝင်မယ်။ ရွှေဝင်မယ်။ ကားစီးတာ၊ ကားမောင်းတာ ကားဆင်းတာ၊ တက်တာတွေ သတိထားပါ။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ပါ။ သွေးပေါင်ကျမယ်။ ဒီလထဲမှာ ထီ ကံတော့ပွင့်တယ်။ ထီထိုးပါ။ အချစ်ရေးမှာ ရန်ဖြစ်မယ်။ တကျက်ကျက်ဖြစ်မယ်။ အဝတ်အထည် လက်ဆောင်ကောင်းတွေ ရမယ်။ အစစ စိတ်ရှည်သည်းခံရင် အားလုံးအဆင်ပြေသွားပါလိမ့်မယ်။

ယတြာ။ ။ ငှက်လွှတ်ပါ။ ဘုရားမှာ ထီးနီ (၁၀)လက်လှူပါ။ ဖိနပ်လက်ဆောင် ဝင်လာရင် ပြန်စွန့်လိုက်ပါ။ ဒီတစ် လလုံး ဘုန်းတော်ကြီးတွေကို ကျကျနန ဦးတိုက်ကန်တော့ပြီး ကုသိုလ်ယူပါ။ (၇၊ ၅၊ ၀) ဂဏန်းတွေ ဆောင်ပါ။

## သောကြာသားသမီးများ

အစစ ဂရုတစိုက်လုပ်ရ ကိုင်ရမယ့်ကာလ။ သတိနဲ့ ပြောဆိုရမယ့်ကာလ။ အလုပ်ကိစ္စ၊ ငွေကိစ္စ အစစအဆင်ပြေမယ်။ စိတ်လိုက်မာန်ပါမလုပ်ပါနှင့်။ စိတ်ကိုအထူးတည်ငြိမ်အောင်ထားရမယ့်ကာလ။ ဘာကိုမှ စွတ်စွတ်ရွတ်ရွတ် မလုပ်နှင့်။ ငွေဝင်မယ်။ ငွေသုံးတာ ချွေတာပါ။ အလုပ်ကိစ္စ အဆင်ပြေမယ်။ မိသားစုကိစ္စ အဆင်ပြေမယ်။ ငယ်ရွယ်သူတွေ အချစ်ရေး အဆင်ပြေမယ်။ အနေအထိုင် ဆင်ခြင်ပါ။ အသွားအလာ ဆင်ခြင်ပါ။ ဒီလက မထင်မှတ်တာတွေ ဖြစ်တတ်ချိန်။ တန်ခိုးကြီးဘုရားတွေ ဖူးဖြစ်ချိန်ပါ။ ဘာသာရေးကို အားပြုပါ။ အထူးသဖြင့် ဒီလထဲမှာ အရက်ဆိုင်၊ ဘီယာဆိုင်တွေဘက် မရောက်ဖြစ်အောင် သတိထားပါ။ ရှောင်ပါ။ စကားပြော ချိုသာပါ။ ကတိပေးထားတာတွေ ကတိတည်အောင် ကြိုးစားပါ။ စိတ်ကို အထူးတည် ငြိမ်စွာထားပြီး အစစဂရုစိုက် လုပ်ကိုင်ရင် အစစအဆင်ပြေပါလိမ့်မယ်။

ယတြာ။ ။ ခြေသုတ်ခုံနှစ်ခု လှူပေးပါ။ ဘုရားတစ်ဆူဆူရဲ့ မြောက်ဘက်မုခ်မှာ ခင်းလှူပါ။ ဒီလတစ်လလုံး ပဌာန်းပူဇော်ပါ။ (၀၊ ၅၊ ၇) ဂဏန်းတွေ ဆောင်ပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

မထင်မှတ်တာတွေ ဖြစ်တတ်တဲ့လ။ ကျန်းမာရေးဂရုစိုက်ရမယ့်ကာလ။ ပြဿနာအားလုံးရှောင်ရမယ့်ကာလ။ အတတ်နိုင်ဆုံးတသီးတသန့်နေရမယ့်ကာလ။ အလုပ်ကိစ္စအဆင်ပြေမယ်။ အလုပ်အကိုင် အထူးတိုးတက်မယ်။ ငွေဝင်လမ်းလည်း အထူးကောင်းနေမယ်။ အိမ်တွင်းရေး အဆင်ပြေမယ်။ ငယ်ရွယ်သူတွေ အချစ်ရေး အဆင်ပြေမယ်။ ခရီးတိုလေးတွေ သွားဖြစ်မယ်။ ဟိုဟိုသည်သည် လမ်းသလားတာလေးတွေ လုပ်ဖြစ်မယ်။ လာဘ်ရွှင်မယ်။ ဒါပေမယ့် ဘယ်ကိစ္စမဆို စိတ်ဒွိဟဖြစ်စရာလေးတွေ ကြုံနေတတ်တယ်။ စိတ်ထဲမှာ လေးလံ ထိုင်းမှိုင်းတာတွေလည်း ကြုံနေမယ်။ ဟိုဟိုသည်သည် တွေးပြီး စိတ်ပူနေမိတတ်တယ်။ ဒီအချိန်မှာတော့ ကျန်းမာရေးပဲ ဂရုစိုက်ပါ။ နှလုံးအားနည်းတတ်တယ်။ စိတ်ပူစရာတော့ မလိုပါဘူး။ ဒီအချိန်မှာ ဘာသာရေး ဖိလုပ်ပါ။ ဘာသာရေးနဲ့ ကောင်းမှုအလုပ်တွေ ဖြည့်ဆည်းရင်း တိုးတက်တတ်ချိန်ပါ။

ယတြာ။ ။ ကျန်းမာရေးညံ့ရင် ညောင်ထောက်ပါ။ သံဃာတော်တွေကို သစ်သီးတွေ လှူပါ။ ဘုရားကို သစ်သီးဆွမ်း လှူပါ။ အထူးအားဖြင့် ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ တံမြက်လှဲပြီး ကုသိုလ်ယူပါ။ ထပ်ကာ ထပ်ကာ ပြုပါ။ (၁၊ ၆၊ ၅) ဂဏန်းတွေ ဆောင်ပါ။

အားလုံးသတ္တဝါချမ်းသာပါစေ
အောင်အတိတ်အောင်နိမိတ်ဆရာ
(၀၉ ၇၃၀ ၂၅၈၇၁/ ၀၁ ၅၅၉ ၁၇၇)



www.burmeseclassic.com